မင်းကွန်း

ဝိပဿနာဥာဏ

ဝဏ္ဏဓမ္မာဘိဝံသ







အမှတ်-၈၆-ရွှေတိဂုံဘုရားကြီးစေ့ ရန်ကုန်

၁၅၁၈၁၉

၂၉၄၊၃၆၄ ၈၈

မင်းကွန်း

ယဉ်ပါတိုင် သာသနာဖြိုး ဆရာကြီး–ဦးမြတ်ကျော်

၎ရုပ်

ဝိပဿနာဝိဂ္ဂ

ပဌမတွဲ

မင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီး

ထံသို့, နှတ်ပြင်ဆင်၍

မင်းကွန်းတိုက်အုပ်

မအူပင် ငါးကြီးဂရက် ဆရာတော်

“ အာရှင်ဝါယမ ”

ကြီးကြပ်ပြင်ဆင်သည်။

ဒုတိယအကြိမ်ပုံနှိပ်ခြင်း

သက္ကရာဇ် ၁၃၁၇-ခုနှစ်

သာသနာ့အလင်းစာပေဌာန

ရန်ကုန်

(မူပိုင်-မှတ်ပုံတင်ပြီး)

သာသနာ့အလင်းစာပေဌာန

အမှတ် ၁၆-ဘွဲ့ဘိဂုံဘုရားကြီးလျှောက်၊ ရန်ကုန်မြို့

ရန်ကုန်မြို့၊
ကြည့်မြင်တိုင်၊ ကွပ်ရွက်တော်။ အမှတ်-၉၀၊
ဒေတ်-စာပုံနှိပ်လုပ်ငန်း
တွင် ရိုက်နှိပ် သည်။

သာဂရဖြည့်-ဃိုးဒယားဖြည့်နှင့် မြန်မာဖြည့်-မြို့နယ် အရပ်ရပ်၌
ပဋိပတ္တိသာသနာတော်မြတ်ကို ပြုစုဟောပြတော်မူသော
မင်းကွန်း-ဓမ္မကထိက
ဆရာကြီး-ဦးမြတ်ကျော်ပုံ။

မာတိကာ။

ဦးရေ အကြောင်းအရာ စာမျက်နှာ

၁-ပဏာမ ပဗ္ဗဉ်-မာတိကာ

၁။ ကျမ်း၏ အကြောင်းအရာ နိဒါန်းကိုပြဆိုခြင်း ၁
၂။ ပဏာမ-အဘိယာစက စသည်ကိုပြဆိုခြင်း ၃
၃။ ရတနာသုံးပါးအား ဂိုဒိုးမှစသည်ကိုပြဆိုခြင်း ၆
၄။ ကိုးကားသောကျမ်းနှင့် ဆရာသုဘောထားကိုပြခြင်း.... ၉
၅။ မင်းကွန်းဆရာတော်ဘုရားကြီး၏ ဂုဏ်ကိုပြဆိုခြင်း ၁၁
၆။ အင်္ဂကထာနှင့် ကျမ်းများစွာရေးသားသည်ကိုပြခြင်း ၁၃
၇။ မြတ်စွာဘုရားနှင့် ရဟန္တာများ သာသနာပျိုပုံကိုပြခြင်း ၁၆
၈။ မင်းကွန်းဆရာတော်ဘုရားကြီး သာသနာပျိုပုံကိုပြခြင်း ၂၁

၂-ဝိစာရဏာ ပဗ္ဗဉ်-မာတိကာ

၉။ မဂ်ဖိုလ်တရားလိုလားသူတို့ စဉ်းစားရန်ကိုပြဆိုခြင်း ၃၂
၁၀။ သမထ ဝိပဿနာ၏ သဘောယလွတ်,မလွတ်ကိုပြခြင်း ၃၆
၁၁။ ဒေဝဒတ်, စက္ခုပါလနှင့် ဝိသာခါဝတ္ထုတို့ကိုပြခြင်း ၄၀
၁၂။ သဘောယဒိဋ္ဌိ၏အပြစ်အကျိုးရှိသည်များကိုပြဆိုခြင်း ၄၆
၁၃။ နိဗ္ဗာန်သွားနည်းမှန်ကို တွေ့အောင်ရှာတွေ့ရန် ပြဆိုခြင်း ၄၈
၁၄။ တရားဟောရာ၌ ပညတ်နှင့်ပရမတ်သဘောကိုပြခြင်း ၅၄
၁၅။ တရားရှိ,မရှိ မြင်ရုံနှင့် သိနိုင်ရုံကိုပြဆိုခြင်း ၅၆
၁၆။ တရားမှန်ရသည်၌ ဆင်ကျရိုးများရှိတတ်မှုကိုပြဆိုခြင်း ၆၁

၃-အာဒရိယ ပဗ္ဗဉ်-မာတိကာ

၁၇။ ဆရာအများပေါ်ပါဟန်နှင့်နည်းမှန်ကိုရုံစမ်းရန် ပြဆိုခြင်း ၆၄
၁၈။ သဒ္ဓါများကမှားတတ်သော သီဟအမတ်ကို ပြဆိုခြင်း ၆၈
၁၉။ ကလျာဏမိတ္တအင်္ဂါနှင့် ဆရာ၏ဂုဏ်အရေးကိုပြဆိုခြင်း ၇၁
၂၀။ တရားမှားကို ကရားမှန်ထင်သောဝဏ္ဏများကိုပြခြင်း ၇၄
၂၁။ မဂ်ဖိုလ်နိဗ္ဗာန်လိုလားသူတို့ မာနမထားရန်ကို ပြဆိုခြင်း ၇၇
၂၂။ အမှန်ကိုသိငြားလည်း တရားဘက်သို့ မလိုက်ပါမှုကို
ဆရာသိစ္ဆည်းဝတ္ထုဖြင့်ပြဆိုခြင်း.... ၈၁
၂၃။ ဆရာ၏ဆုံးမချက်ကိုနာခံသောပေါဒ္ဓိလဝတ္ထုကို ပြခြင်း ၈၃
၂၄။ တရားမရှိက ကျေးဇူးမသိတတ်သည်များကိုပြဆိုခြင်း ၉၁
၂၅။ တရားရှိက ကျေးဇူးသိတတ်သည်များကို ပြဆိုခြင်း ၉၇

၄-ဝိသောဓန ပဗ္ဗဋ္ဌ-မာတိကာ

၂၆။ သင်္ဘာဝါတို့၏ ဟိတ်ပါဂရုဓိအရကို သိရှိရန် ပြဆိုခြင်း ၁၀၅
၂၇။ ဒိဋ်ဌိတ်နှင့် တိဟိတ်မှာ၊ရဟန္တာမထိသည်ကို ပြဆိုခြင်း ၁၀၇
၂၈။ ပါရမီပြည့်ကြွလျက်၊နိဗ္ဗာန်မရနိုင်သည်ကို ပြဆိုခြင်း ၁၁၀
၂၉။ စာတတ်သူ,မတတ်သူများ တရားသဘောကိုပြဆိုခြင်း ၁၁၃
၃၀။ အနုရာယ် ၅-ပါးနှင့် ပဝေဏိယာဂ် တရားကို ပြဆိုခြင်း ၁၁၇
၃၁။ ပလိဗောဓနှင့်သပ္ပါယအသပ္ပါယသဘောကိုပြဆိုခြင်း ၁၂၂

၅-သီလ ပဗ္ဗဋ္ဌ-မာတိကာ

၃၂။ သိက္ခာ ၃-ပါး, သုဒ္ဓိ ၇-ပါးနှင့် သီလ ၃-ပါးတို့ကို ပြဆိုခြင်း ၁၃၂
၃၃။ အန္ဓဋ္ဌ,သီလ,ပဋ္ဌသီအရကိုအာဂုလိမာလဝတ္ထုဖြင့်ပြခြင်း ၁၃၆
၃၄။ သမထနှင့် သမာဓိအရကို အဖြိုက်မျှသိရန် ပြဆိုခြင်း ၁၄၀
၃၅။ ဒါန,သီသ,သမထနှင့်ဓမ္မာသောကဝတ္ထုကို ပြဆိုခြင်း ၁၄၄

၆-သဘာဝ ပဗ္ဗဋ္ဌ-မာတိကာ

၃၆။ ပရမတ်,ရုပ်နာမ်ခန္ဓာစသောသဘောများကိုပြဆိုခြင်း ၁၄၇
၃၇။ ဓာတ် ၁၈-ပါးနှင့် ပဋိစ္စသမုပ္ပါန်,သစ္စာတို့ကို ပြဆိုခြင်း ၁၅၀
၃၈။ ဗောဓိပက္ခိယတရားနှင့်အဓိပ္ပါယ်သဘောကိုပြဆိုခြင်း ၁၅၉
၃၉။ လက္ခဏာရေးသုံးပါးကို ဝိသဒ္ဓိမဂ်ကျမ်းဖြင့် ပြဆိုခြင်း ၁၆၄
၄၀။ ဉာဏ်သုံးပါးနှင့် ကာလသုံးပါးသဘောကို ပြဆိုခြင်း ၁၆၈
၄၁။ ကိလေသာအရနှင့် ဝိပ္ပလ္လာသ သဘောကို ပြဆိုခြင်း ၁၇၃
၄၂။ ကိလေသာဖြစ်ပုံအရကို ဥရုဝေဠုဝတ္ထုဖြင့် ပြဆိုခြင်း ၁၇၆

၇-သတိပဋ္ဌာန ပဗ္ဗဋ္ဌ-မာတိကာ

၄၃။ သတိပဋ္ဌာန်အကျိုး ၇-ပါးနှင့်တိက္ခမန္ဒုများကိုပြဆိုခြင်း ၁၈၃
၄၄။ အာနာပါနပဗ္ဗဋ္ဌ ရှုမှတ်ပုံများနှင့်ဝိနိစ္ဆယတို့ကိုပြဆိုခြင်း ၁၈၆
၄၅။ ဣရိယာပထ ၄-ပါးနှင့် သမ္ပဇည ရှုမှတ်ပုံများပြခြင်း ၁၉၃
၄၆။ ဝေဒနာနုပဿနာနှင့်ရှုမှတ်ပုံများကိုမှတ်သားရန်ပြခြင်း ၁၉၉
၄၇။ စိတ္တာနုပဿနာ ရှုမှတ်ပုံများကို မှတ်သားရန်ပြခြင်း ၂၀၂
၄၈။ ဓမ္မာနုပဿနာနှင့် ရှုမှတ်ပုံများကို မှတ်သားရန် ပြခြင်း ၂၂၀

ပဌမတွဲ မာတိကာ ပြီး၏။

နိဒါန်း

●

ဤကျမ်း၏ နိဒါန်းအကြောင်းကို ဖြဆိုခြင်း။

ပဌာ အခါ၊ **ဝိပဿနာဋီကာကျမ်း**ကို ရေးသား ရခြင်း ၏ အကြောင်းရင်းမှာ၊ မြတ်စွာဘုရား၏ သာသနာသည်၊ ကာလ အား ဖြင့် အနှစ် ၅၀၀၀-ဟူ၊ အမှတထာကျမ်းတို့၌ လာရှိရာ။ ၎င်းအတွင်း မှာ သာသနယုဂ ခေါ်သော အခါအားဖြင့် ၅-ပါး ရှိကြောင်းများကို၊ ဗုဒ္ဓဃောသ ပါဠိတော်၏အဖွင့်၊ သံဝဏ္ဏနာ အစဉ်ကထာကျမ်းကြီး၌ လာရှိပေသည်။

ဤသို့လာရှိသော ပါဠိတော်အရ၊**သာသနယုဂ**-ဟူသည်၊**၁-ဝိမုတ္တိ ယုဂ, ၂-သမာဓိယုဂ, ၃-သီလယုဂ, ၄-သုတယုဂ, ၅-ဒါနယုဂ** ဟု ၅-ပါးရှိလေရာ။ ၎င်းတို့၏ အနက်မှာ၊ ၁-ဗလသမာပါတ်ကို ဝင်စားမှု များသောအခါ၊ ၂-ဈာန်တန်ခိုးပြမှု များသောအခါ၊၃-ကိုယ်,နှုတ်စောင့် ရှောက်မှု အကျင့်များသော အခါ၊၄-စာပေကျမ်းဂန် သင်ကြားမှု များ သောအခါ၊ ၅-ပေးကမ်းလှူဒါန်းမှု များသော အခါဟု ဆိုလိုပေသည်။

ထို ၅-ပါးတို့တွင်၊ **ဝိမုတ္တိယုဂ**-ခေတ်အတွင်း တရားသာလျှင်၊ဝိပဿ နာ ကမ္မဋ္ဌာန်းကို အားထုတ်မှုများ၍၊ မဂ်ဖိုလ် နိဗ္ဗာန်ကို ရရှိသူများလေ ရာ၊**သမာဓိယုဂ**-ခေတ်၌ အနည်းငယ်မျှသာ မဂ်ဖိုလ်ရသူတို့ရှိ၍၊ **သီလ** ခေတ်, **သုတ**ခေတ်, **ဒါန**ခေတ် ဟူသော အခါတို့၌မူကား၊မဂ်ဖိုလ် ရသူ တို့ မရှိဟုဆိုရလောက်အောင်ပင် ကွယ်ပျောက်၍နေခဲ့ပေသည်။

ပဌာဆိုခဲ့သော ခေတ် ၅-ပါးတွင်လည်း၊ သာသနာနှင့်ကြုံ၍ ဝိမုတ္တိ ယုဂ ခေတ်နှင့် တွေ့ဆုံမှု၊ ပါရမီ ပြည့်ဝသူတို့ မဂ်ဖိုလ် ချမ်းသာကို လွယ်ကူစွာ ရရှိနိုင်လေရာ။ပဌာအခါသည်၊ ခေတ် ၅-ပါးလုံး တလျှည့် ကုန်ဆုံး၍၊ ဝိမုတ္တိယုဂ ခေတ်တွင်းသို့ တဖန် သက်ဆင်း ဝင်ရောက် လာ ကြောင်း ကို၊ ကောင်းစွာယုံကြည် မှတ်သားအပ်ပေသည်။

ဤကဲ့သို့လျှင်၊ ရှေး လွန်ခဲ့သော အနှစ် ၅၀-ခန့်မှ ပဌာအခါအထိ၊ ဝိမုတ္တိယုဂဆေတ် ပေါ်ပေါက်ရန် စ၍ ထူထောင်ခြင်း။ ၎င်း ခေတ်

အတွင်း တရားသဘောကို သိသာထင်ရှား၊ ဗုဒ္ဓဘာသာဝင် ရဟန်း, ရှင်,လူ အများတို့ အကျိုးစီးပွါး ခံစားရနိုင်ရန်၊ စိမံအားထုတ် ရွက်ဆောင်ခြင်း ပြုလာကြသော်လည်း၊ ခေတ် ၅-ပါး၏ အဓိပ္ပါယ်သဘော ကိုလုင်း၊ ဝိမုတ္တိယုဂ-ခေတ်အတွင်းသို့ သက်ဆင်းဝင်ရောက် လာသည် ကိုလုင်း၊ ကမ္မဋ္ဌာန်းဂိုဏ်း ကမ္မဋ္ဌာန်းဆရာတို့ များစွာရှိသည်တွင်၊ ပဒသ အခါထိ ဘယ်ဂိုဏ်း ဘယ်ဆရာတို့ကမှ ပေါ်ပြောရေးသားခြင်း မပြုဘူးခဲ့ကြပေ။

တဖန် ထို ခေတ် ၅-ပါးကို၊ **မာန်လည် ဆရာတော် ဘုရားကြီး** အမြွက်မျှ ရေးသားပါသော်လည်း၊ ၎င်းခေတ် ၅-ပါး၏ သရုပ်မျှနှင့်၊ သံဃ သမဂ္ဂိတို့ ပေါ်စက ရေးသားရသဖြင့်၊ သိလယုဂအဓိပ္ပါယ်မျှသာ အနည်းငယ် ပါရှိလေရာ။ မာန်လည် ၅-စောင်တွဲကျမ်း **ဖုဿဇေရ ဂါထာ**ကို၊ ကြည့်ရှုဘူးသူ အများတို့ မှတ်သားသိရှိ ကြပေလိမ့်မည်။

သို့ဖြစ်၍၊ ၎င်းခေတ် ၅-ပါးသဘော၊ ဝိမုတ္တိယုဂ၏ ခေတ်သဘော နှင့်၊ ၎င်းခေတ်အတွင်း၌ သက္ကာယဒိဋ္ဌိပယ်ရှင်း၊ ပဋိဋ္ဌသမုပ္ပါဒ်စက်ကို ချိုးဖျက်၍၊ သံသရာမှ ထွက်နိုင်ခြင်းစသော ဝိပဿနာကမ္မဋ္ဌာန်း အားထုတ်နည်းကို၊ အသီးသီးသော ပါဠို,အဋ္ဌကထာ, ဋီကာ,ဂဏ္ဌိ စသော ကျမ်းများနှင့်၊ ထင်ရှားသော ဆရာတော်ဘုရားကြီးတို့၏ အယူဝါဒကို၊ သဘာဝကျအောင် ညှိဆ၍ စာဒအရေပရပ်ကို နှိုင်းယှဉ်ပြလျက်၊ ကျေးဇူးရှင် **မင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီး၏ ဝါဒ** ကို ပဓာနထားပြီး၊ မင်းကွန်းမှကထိက၊နာနာဂန္ထကာရက များစွာသော မြို-ရွာခရိုင်၊နိုင်ငံဒေသအရပ်ဌာနတို့၌ဝိပဿနာနည်းလမ်းပြဖြစ်သော ကမ္မဋ္ဌာန်းဆရာကြီး **ဦးမြတ်ကျော်**သည်၊ **ဝိပဿနာဒီပကာ** မည်သော ဤကျမ်းကြီးကို၊ ကြိုးပမ်း တည်ထွင်၍ **စီရင်ရေးသား** ထိုက်ရပါသတည်း။

နိဒါန်းစကားကို ပြဆိုခြင်း ပြီး၏။



ဝိပဿနာဒီပကာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဗုဒ္ဓပဏာမနှင့် အဘိယာစက ပဋိညာဉ်တို့ကို

သိသာရုန် ပြဆိုခြင်း

က - ဂုဏ်တော် ၉-တန်၊ ဘဝဂ်လျှံ၊ ဇိနံနမာမိ။
ခ - မင်းကွန်းဟုခေါ်၊ ဆရာတော်၊ ပူဇော်ဦးနှိမ်၏။
ဂ - နိဗ္ဗာန်သွားရန်၊ နည်းလမ်းမှန်၊ ဇကနဓလိုရှိ။
ဃ - တပည့်မျှားဖျင်၊ သိလိုချင်၊ လူ,ရှင်တောင်းပန်ဘိ။
င - လိုင်းတက်မြို့မှာ၊ ကျောင်းတကာ၊ ထူးစွာတောင်းပန်၏။
စ - ဘာဝနာခဏ်း၊ ကမ္မဋ္ဌာန်း၊ ဖြောင့်တန်းဆိုမည်သိ။
ဆ - ဝိပဿနာ၊ ဖွင့်ဝိုကာ၊ သညာခေါ်ဆိုမှည့်။
ဇ - မြန်မာ့ဘာသာ၊ ဓိပ္ပါယ်လာ၊ ထင်စွာရေးလို၏။
ဈ - မင်းကွန်းထေရ၊ ဩဝါဒ၊ ရေးပြကျမ်းစုံညှို။
ည - နာနာစရိယာ၊ နည်းနယာ၊ မှတ်ကြလေကုန်ဘိ။
ဋ - ဓမ္မာဒိဋ္ဌာန်၊ အမြင်သန်၊ သိရန်ညွှန်ပဏ္ဍိ။

ဤအထက်ပါ သံပေါက်လက်ာများတွင်၊ က-အမှတ်ဖြင့် ဖြစ်သော ဗုဒ္ဓပဏာမနှင့်၊ ခ-အမှတ်ဖြစ်သော အာစရိယပဏာမများကို ပြဆိုသည့်၊ သံပေါက်လက်ာ ၂-ပိဒ်အရ၊ အဖြက်မှ သိရန် ဖြစ်သော အဓိပ္ပါယ်မှာ၊ ကျမ်းပြုဆရာတို့၏ ဓမ္မတာ၊ ကျမ်းရေးစဉ် အခါဝယ်၊

အခန့်ရာယ်အမျိုးမျိုးတို့ ကင်းရှင်းစေရန်နှင့်၊ ရေးသားသော ကျမ်းဂန် ပြီးဆုံးစေရန်ကို၊ ရည်သန်ရိုးရင်း နှလုံးသွင်းဖြင့်၊ အခန့်ရာယာ ဝိသောဓန ဖြစ်စေခြင်းငှါ၊ ဂုဏ်တော် ၉-တန်၊ ဘဝဂ်လျှံ၊ ဇိနံနမာမိ။ ။ မင်းကွန်းဟုခေါ်၊ ဆရာတော်၊ ပူဇော်ဦးနှိမ်၏။-ဟူသော သံပေါက်လက်ာများကို၊ ရှေးဦးစွာ ဆိုလိုက်ပေသည်။

သံပေါက်လက်ာ ၂-ပိုဒ်အရ၊ လိုအပ်သော အဓိပ္ပါယ်မှာ။ အရဟံစသော ဂုဏ်တော်မြတ် ၉-တန်တို့သည်၊ ဘဝဂ်သို့လျှံဒေသ ပြန့်နှံ့ဘက်၍၊ ငါးချက်,ငါးတန်, ငါးပါးမာရ်ကို၊ အလံလွှင့်ထူ အောင်တော်မူသော၊ သယမ္ဘူ။ထွဋ်ထား မြတ်စွာဘုရားနှင့်၊ မင်းကွန်း-ဓေတဝန် ဆရာတော်ဘုရားကြီးတို့ကို၊ ညွှတ်တွားစေတနာ၊ သုံးဖြာဖွါရ၊ ပဏာမဖြင့်၊ ဂါရဝရိုကျိုး၊ သဒ္ဓါဖြိုးလျက်၊ ရိုသေစွာဂိုဒိုးခြင်း ဖြစ်ပေသည်။

အထူးမှာ၊—ကျမ်းအခစဉ် ရေးသားကြသော ပဏာမ ဟူသည်။ ‘‘ပဏာမ ပုဗ္ဗက-ဂန္ဆံဝရမ္ဘာ၊ဝဏ္ဏပုဗ္ဗက-ဂန္ဆံဝရမ္ဘာ၊ အာသီသ ပုဗ္ဗက ဂန္ဆံဝရမ္ဘာ’’ဟူသော ၃-မျိုးတို့တွင်၊ ဤကျမ်းဒွဆိုခဲ့သည်ကို‘‘ပဏာမ ပုဗ္ဗက-ဂန္ဆံဝရမ္ဘာ’’ဟု မှတ်ယူကြပါလေ။

ဤကား ပဏာမအရ အဓိပ္ပါယ်ကို ပြဆိုခြင်းပေတည်း။

တဖန်၊နိဗ္ဗာန်သွားလမ်း ကမ္မဋ္ဌာန်းနည်းမှန်ကို၊ ဇကန်သိမြင်လိုကြသူ ရှင်;လူအများ တပည့်အသင်းသား အပေါင်းတို့နှင့်၊ ထပ်ဆင့်သေချာ၊ **မိဆိုလာနယ်**အပါအဝင်၊ **လှိုင်းတက်မြို့**တွင်နေထိုင်ကြသော၊အောက်လျှောက်လွှာ စာရင်းပါ ကျောင်းတကာအပေါင်းတို့က၊ ခေတ်ကာလ အားလျော်စွာ၊ဒေသနာဉာဏ်နည်းပါးကြသည့် သူငယ်သူငယ်မတို့ပါ၊ ‘‘ ရှင်းလင်းကဲ့ပြား၍ အဓိပ္ပါယ်ကို သိကြားနားလည် နိုင်စေခြင်းငှါ၊ ခဲ့ထွင်ကာရေးသားရန်အကြောင်းဖြင့် ကောင်းစွာတန်တန် တောင်းပန် ကြလေသောကြောင့်၊—

နိဗ္ဗာန်သွားရန်၊ နည်းလမ်းမှန်၊ ဇကန်အလိုရှိ။
တပည့်များဖျင်၊ သိလိုချင်၊ လူ,ရှင်တောင်ပန်း၏။
လှိုင်းတက်မြို့မှာ၊ ကျောင်းတကာ၊ ထူးစွာတောင်းပန်ဘိ။

ဟူသော သံပေါက်လက်ာ ၃-ပိုဒ်ကို ရေးသား လိုက်ပေသည်။

ဤကား အဘိယာစကအရ၊ အဓိပ္ပါယ်ကို ပြဆိုခြင်းပေတည်း။

လျှောက်ထား တောင်းပန်လွှာ

၁၂၉၀-ခုနှစ်၊ ဝါခေါင်လဆန်း ၁-ရက်နေ့

လွိင်ဆတ်မြို့နေ၊ကျောင်းဒါယကာ ဦးကြွက်စီ၊ ဦးဘိုးမင်း၊ ဦးဆောင်၊ ဦးဆင်၊ ဦးငြိမ်းတို့ ရှိသေစွာ လျှောက်ထား အသနားခံ၍ တောင်းပန်ပါသည် ဆရာကြီးခင်ဗျား။

သိသာတော်မူရန်မှာ၊ ဝိပဿနာ လက်စွဲကျမ်းငယ်၌ ပါရှိသော၊ သံပေါက်လက်ာတို့၏ အဓိပ္ပါယ်များကို မှတ်သားသိရှိလွယ်ရေးငှါး၊ ''ဝိပဿနာ ဦးကာ'' ဟူသော အမည်ဖြင့်၊ လွိင်းတက်မြို့အခါ၌ ဆုတောင်းပြည့် စေတီတော်ကြီး၏အနီး၊ သာသနာ့ ဝင်္ကပ်အောင် ကမ္မဋ္ဌာန်းတိုက်ကြီးတွင် စီရင်ရေးသားပါမည့် အကြောင်း၊ ရိုသေလေးမြတ်စွာ လျှောက်ထား အသနားခံ၍ တောင်းပန်ပါသည် ဆရာကြီးဘုရား။

ဦးကြွက်စီ၊ ဦးဘိုးမင်း၊ ဦးဆောင်၊ ဦးဆင်၊ ဦးငြိမ်း။

ယခုကဲ့သို့ တောင်းပန်ကြသည်ကို အရင်းခံ၍၊ ဒိဋ္ဌာန်သို့သွားလမ်း ကမ္မဋ္ဌာန်းကို၊ **ဝိပဿနာဦးကာကျမ်း** ဟူသောအမည်ဖြင့် ဤဆောင်ပုဒ်သုံးထောက်ချင့်၍၊ သင့်တင့်သော ဘာဝနာအခေတ်အခါ၊ ဖြောင့်တန်း ဆိုမည်သည်။ ။ဝိပဿနာ၊ ဖွင့်ဦးကာ၊သည်ခေါ်ဆိုမှည့်''။- ဟူသော သံပေါက်လက်ာ ၂-ပိုဒ်ကို ရေးသားလိုက်ပေသည်။

ဤကား ပဋိညာတအရ အဓိပ္ပါယ်ကို ပြဆိုခြင်းပေတည်း။

ထိုမှတပါး၊ အထက်၌ ရေးသားပြဆိုခဲ့သော သံပေါက်လက်ာနှင့် အဓိပ္ပါယ်များအရဖြင့်၊ယခု ရေးသားမည်ဖြစ်သော **ဝိပဿနာဦးကာကျမ်း**သည်၊ မြန်မာတို့၏ ဘာသာစကားဖြင့်၊ အဓိပ္ပါယ် ထင်ရှားစေလျက်၊ ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး၏ ဥပဒိသျ ဩဝါဒ အဓိပ္ပါယ်များကို ပခာနအမှုးထား၍၊ ပါဠိတော်, အဋ္ဌကထာ,ဋီကာ,ဂဏ္ဌိတို့နှင့် ညီညွတ်အောင် ရှင်းလင်းလျက်၊ အထူးထူးသော ဆရာတို့၏ အဖြာဖြာသော အယူဝါဒတို့ကို ထင်စွာမြင်ပြပြီးသွင်း၊ သင့်တင့်သည် ထင်သော အယူမှန်ကို၊ မြောင်းမှန်ဒိဋ္ဌိ အခြင်းသန့် ကြဉ်သော ပဉ္ဇိတအမည်ခံသူတို့၊ပဋိသန္ဓေဉာဏ်ဖြင့် ထိုက်နှိုင်ရန် ဝေဘန်ရေးသားမည်ဖြစ်ပါ၍၊ **မြန်မာ့ဘာသာ၊ ဓိပ္ပါယ်လာ၊ ထင်စွာရေးလို၏။** မင်းကွန်းထေရ၊ဩဝါဒ၊ရေးပြကျမ်းစုံညီး။ ။နာနာစရိယာ၊ နှည်းနယာ၊

မှတ်ကြမ်းလေ့ကျန်ဘိ။ ။ဓမ္မာဓိဋ္ဌာန်၊အမြင်သန်၊သိရန်ဉာဏ်ပဏ္ဍိ။ ။ ဟူသော သံပေါက်လက်ာ ၄-ပိဒ်ကို ရေးသားထိုက်သည်။

ဤကား ပဋိညာဉ်နှင့်ဆက်၍၊ ရည်ရွယ်ချက် အဓိပ္ပါယ်အရကို ပြဆိုထိုက်ခြင်းမျှားပေတည်း။

ပဏာမနှင့် အဘိယာစက စသည်ကို ပြဆိုခြင်းပြီး၏။

ရတနာ ၃-ပါးရှိခိုးမှု စသည်ကို ပြဆိုခြင်းအပိုင်း

၁-ပဏာမပဒ

ရတနာ ၃-ပါးနှင့် ဆရာတို့အား၊ ရှိခိုးမှုပဏာမ စသည်ကို ပြဆိုခြင်း

၁—ရတနာ ၃-ပါး၊ ဦးထိပ်ထား၊ ညွတ်တွား၀န္ဒနာ။

ဤသံပေါက်လက်ာသည်၊ဝိပဿနာလက်စွဲကျမ်းဂျီအစဦးရေးသား ပါရှိလေသည်။ ထိုသံပေါက်လက်ာ၏ အဓိပ္ပါယ်အရမှာ၊ ယခုအခါ၊ **ဝိပဿနာဋီကာကျမ်း**ကို ရေးသားမည်ဟု ဝန်ခံထားခဲ့သော ပဋိညာဉ် စကားအရ၊ နောက်ကပြဆိုပြီးသော ပဏာမကဲ့သို့ပင်လျှင်၊ ကျမ်းဂန် ရေးသားဆဲအခါတွင်၊အန္တရာယ်ကင်းစင်၍၊ အလျင်အမြန် ရေးသားသော ကျမ်းဂန် ပြီးဆုံစေခြင်းငှါ၊ဘုရားရတနာ,တရားရတနာ,သံဃာ ရတနာ ဟူသော ရတနာ ၃-ပါးတို့တွင်၊ အရေးကံစသော ဘုရားဂုဏ်၏ ဂုဏ်တော် ၉-ပါး။ သွာက္ခာတတာ စသော တရားတော်မြတ်၏ ဂုဏ်တော် ၆-ပါး။ သုပ္ပဋိပန္နတာစသော သံဃာတော်မြတ်၏ ဂုဏ်တော် ၉-ပါး။ ဤဂုဏ်တော်များတို့ကို ဦးထိပ်ထား၍၊ ညွတ်တွားရိုကျိုး၊ ရှိခိုးခြင်းကို ပြုသည်ဟု ပြဆိုပေသည်။

၂—မင်းကွန်းဇေတဝန်၊ ဆရာမွန်၊ အကျွန်ဦးနှိမ်ကာ။

ဤသံပေါက်လက်ာ၏ အဓိပ္ပါယ်အရမှာ၊ ဝိပဿနာ လက်စွဲကျမ်း ရေးသူ၏ ဆရာများစွာတို့တွင်၊ ဝိပဿနာယျာနိက သတိပဋ္ဌာန နယာယုဂနဒ္ဓနည်းဒေရဖြင့်၊ ပဓာနအလုပ်ကို လက်ဆုပ်လက်ကိုင်၊ ပိုင်ပိုင်လှလှ ရကြိုးရအောင်၊ ဆုံးမနည်းပေးတော်မူသော **စစ်ကိုင်းတောင်၊ မင်းကွန်း–ဂုကလေးချောင်၊ ဇေတဝန်ဆရာတော်ဘုရားကြီး** ကို။ မြောက်ချီးကြွမ်ကြွမ်၊ဦးနှိမ် ညွတ်လျှိုး ရိုခိုးခြင်းကို ပြုဆိုသည်ဟု ပြဆိုပေသည်။

၃-ဤမှတပါး၊ ဆရာများ၊ စိတ်ထား၌သေစွာ။

ဤသံပေါက်လက်ာ၏ အဓိပ္ပါယ်အရမှာ၊ ဆရာဟူသည်၊ဝိပဿနာ ကမ္မဋ္ဌာန်း ဘာဝနာနည်းလမ်းကို ညွှန်ပြသော-ပဓာနာစရိယာဆရာ၊ နေနည်း, ထိုင်နည်း, ပြောဆိုနည်း စသည်ကို ဆုံးမသော-ဩဝါဒါစရိယာဆရာ၊ဘုရားဟောဓမ္မကွန် ကျမ်းဂုန်ဒေသနာနည်းအရကို ကျနစွာသင်ပြသော-ဓမ္မာစရိယာဆရာ၊ ထိုသို့လျှင် အကျဉ်းမှတ်သားသောအားဖြင့် ၃-မျိုး ၃-စားရှိသည်တွင်၊ ကျေးဇူးရှင် မင်းကွန်းဓေတဝန်ဆရာတော် ဘုရားကြီးမှတပါး၊ ထိုအလားတူ ပဓာနာစရိယာ ဖြစ်တော် မူကြကုန်သော၊ ပဲခူးမြို့-ဆံတော်တွင်း ဆရာတော် ဘုန်းကြီး-ဦးကေလာသ။ ပျော်ဘွယ်မြို့-ဆရာကြီး ဦးစံဒွန်း။ မော်လမြိုင်မြို့-ကျိုက်သံလန်ဘုရားကြီး အနောက်စောင်းတန်း၊သီလရှင်ဆရာကြီး ဒေါ်ကုသလတို့ကိုဂုဏ်း။

ထိုမှတဖြာ၊ သာသနာ၌ ကောင်းစွာနေနည်း နိသျည်းကို၊သိပ်သည်းသေချာ ကျနစွာညွှန်ပြ၍၊ ဩဝါဒါစရိယာဖြင့် ဆုံးမတော် မူကြပေကုန်သော၊ ရန်ကုန်မြို့၊ ဗဟန်း-ကျောင်းတော်ရာ-ရွှေကျင်ဆရာတော်ဘုရားကြီး။ မော်လမြိုင်မြို့၊ မဟာမြိုင် ဆရာတော် ဘုရားတို့ကိုဂုဏ်း။ တဖန် အကြောင်းဖြစ်သော၊ ပရိယာတ္တိဓမ္မဒေသနာ နည်းအရေကို၊ ကျုန သေချာဖြောင့်မှန်စွာဖြင့်၊ ကရဏာဆန္ဒ လွန်ပြင်းလှလျက်၊ သွန်သင်ပြသ၍ ဓမ္မာစရိယာဖြစ်တော်မူကြပေကုန်သော၊ မန္တလေးမြို့၊ ဒုတိယရွှေကျင် သာသနာဝိုင် မဟာဝိသုဒ္ဓါရုမ ဆရာတော်ဘုရားကြီး။ရန်ကုန်မြို့၊တတိယရွှေကျင်သာသနာဝိုင် ကျိုက္ကစံဆရာတော်ဘုရားကြီး။ဧလောမြို့၊ရတနာပုံတောရ ဆရာတော်ဘုရားကြီးတို့ကိုဂုဏ်း။ ဦးခေါင်းညွှတ်ခါ၊ စေတနာဖြင့်၊ရိုသေစွာ ဂါရိုးခြင်းအမှုကို ပြုသည်ဟု ပြဆိုပေသည်။

ဤသို့လျှင်၊ရတနာသုံးပါးနှင့် ကျေးဇူးရှင် ဆရာတို့အား၊ညွှတ်တွားရိုကျိုး သဒ္ဓါဖြိုးမြဲ၊ ရိုသေလေးမြတ်စွာ ဂါရိုးပူဇော်ရခြင်းသည်၊ ''အန္တရာယ ဝိသောဓနံ၊ သစ္စာသမိသန္တိ အာစရိယာ'' အန္တရာယ ဝိသောဓနံ၊ ဘေးရန်အန္တရာယ်၊ကာကွယ်ကင်းရှင်း၊ကျမ်းပြီးခြင်းကို။အာစရိယာ၊ ရှေးဆရာကြီး အသီးသီးတို့သည်။ ပစ္စာသမိသန္တိ၊ အသာသာဆန္ဒဖြင့် လိုလားတောင့်တတော်မူကြလေကုန်၏။ ။ထိုသို့ညွှန်ပြသောဒေသနာအရ ကျမ်းရေးသားဆဲကာလ၌ အန္တရာယ်ကင်းပ၍ ကျမ်းပြီးဆုံးစေခြင်း

အကျိုးဒါနိသံသကိုသာ လိုလားတောင့်တလျက်၊ အထက်၌ ဘော်ပြခဲ့သော ရတနာ ၃-ပါးနှင့်၊ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးတို့အား၊ ဘယာ, လာဘ၊ကုလကြဉ်ထား၊ စင်ကြယ်သော သဒ္ဓါတရားဖြင့်၊ ညွှတ်တွား ရှိခိုးကြောင်း အဓိပ္ပါယ်မျှားဟု မှတ်သားအပ်ပေသည်။

၄-နိဗ္ဗာန်ရလို၊ မျှားထိုထို၊ လူဦလ်တောင်းပန်ရှာ။

၌သံပေါက်လက်ာ၏ အဓိပ္ပါယ်အရမှာ၊ နိဗ္ဗာန်ချမ်းသာကို၊ ရလိုကြသူ၊ ရှင်, လူအများတို့က၊ ဝိပဿနာအကျင့်တရား၏၊ မှန်ကန်သော အဓိပ္ပါယ်သဘောသွားကို၊ အကျဉ်းအားဖြင့် နှုတ်ဝယ်ဆောင်ထား နှင်ကြစေရန်၊ စိမံရေးသား ပေးသနားပါဟု ကြိမ်ဖန်များစွာ၊ လျှောက်ထား တောင်းပန်ရှာကြသည်ကို ပြဆိုပေသည်။

၅-မဂ်ဖိုလ်ဥာဏ်လောက်၊ အမြန်ရောက်၊သံပေါက် ရေးမည်သာ။

၌သံပေါက်လက်ာ၏ အဓိပ္ပါယ်အရမှာ၊ထိုသို့တန်တန် တောင်းပန်ကြသည်ကို၊ အကြောင်းခံ နှလုံးသွင်းလျက်၊ အကျဉ်းမျှ ဆောင်ထားသဖြင့်၊ဝိပဿနာတရားကို ကျင့်ကြံတတ်၍၊ မဂ်ဖိုလ်နိဗ္ဗာန်သို့ လျင်မြန်စွာ ပေါက်ရောက် ရရှိနိုင်စေခြင်းငှါ၊ မျှားစွာသော ပါဠိ, အဋ္ဌကထာ, ဋီကာ စသော ကျမ်းကြီးမျှားကို မပျင်မဆိတဲ့၊ တိုတိုကျဉ်းကျဉ်း ထိရင်းမျှ ဖြစ်သော သဘောသွားကို၊ သိရှိမှတ်သား၍ ကဲ့ပြားနားလည်စေရန်၊ သံပေါက်လက်ာမျှကို ရေးသားမည်ဟု ဆိုခဲ့ပေသည်။

ထို့ကြောင့်၊ ယခုပြဆိုခဲ့သော သံပေါက်လက်ာများနှင့်၊ အကျယ်ဖြစ်သော အဓိပ္ပါယ်သဘောသွားတို့ကို၊ ရေးသားပြီးသော ဝိပဿနာလက်စွဲကျမ်း၏ အစဦး၊ ရှေးဦးစွာပင့်ပြသော သံပေါက်လက်ာ ၅-ပိုဒ် အရဖြင့်၊ ရှိခိုးခြင်း-ပဏာမ၊ တောင်းပန်ခြင်း-အဘိယာစကနှင့်၊ ဝန်ခံခြင်း-ပဋိညာဉ်တို့ကို၊ ကျမ်းဂန်တို့၏ ရှေးထုံးစံအရဖြင့်၊ သိသာရန် ပြဆိုလိုက်သော စကားစုတို့ပေတည်း။

ရတနာ ၃-ပါးအား ရှိခိုးမှု စသည်ကို ပြဆိုခြင်းပြီး၏။

ကိုးကားသောကျမ်းများနှင့် ဆရာ၏ သဘောထားကို
မှတ်သားရန် ပြဆိုခြင်း

၆–သတိပဋ္ဌာန၊ ကျမ်းအရ၊ ဖွင့်ပြအရင်းမှာ။

ဤသံပေါက်လက်ာ၏ အမဓိပ္ပါယ် အရမှာ၊ **ဝိပဿနာလက်စွဲကျမ်း** သည်၊ အခက်းခက်းသော သုတ်, ဝိနည်း, အဘိမွှောဟု များစွာသော မွေကွန်ခဲတို့တွင်၊ သုတ္တန်ကျမ်း အဝင်၊ သုတ်မဟာဝါ ဝိဒူကတ်၊ မဟာသတိပဋ္ဌာန် ပါဠိတော်မြတ်၌လာသော၊ အဓိပ္ပါယ်သဘောသွား အရကို အရင်းအစ ပဓာနအမှုးထား၍၊ ဝိပဿနာ ကမ္မဋ္ဌာန်းတရား၌ အားထုတ် ရှုမှတ်ပုံနည်းလမ်းများကို ရှင်းလင်းကွဲပြားလျက်၊နားလည် သိကြားလွယ်စေရန် ရေးသားမည်ဟု ဆိုလိုရင်း အဓိပ္ပါယ် ဖြစ်ပေသည်။

၇–ဒုကထာပါဠိ၊ ဦးကာညို၊ ဂဏ္ဌိဉီစရာ။

ဤသံပေါက်လက်ာ၏ အဓိပ္ပါယ်အရမှာ၊ ဝိပဿနာလက်စွဲကျမ်း ငယ်၌ ကိုးကားသော ကျမ်းကြီးများမှာ၊မဟာသတိပဋ္ဌာန် ပါဠိတော် ကို အမှုးထား၍၊ အခြား များစွာသော ဆိုင်ရာ ပါဠိတော်တို့ကိုထုင်း။ အရှင်မဟာ ဇုဋ္ဌဃောသမထေရ်မြတ် ဖွင့်ဆိုအပ်သည့် ဝိသုဒ္ဓိမဂ်အဋ္ဌ ကထာ စသောကျမ်းကြီးများ၊ ကျေးဇူးရှင် မင်းကွန်းဓေတဝန် ဆရာ တော် ဘုရားကြီး ရေးသားအပ်သည့် ပေဠကောပဒေသ အဋ္ဌကထာ စသော ကျမ်းကြီးများ၊ အခြား ဦးကာ, ဂဏ္ဌိစသောကျမ်းကြီးများကို ကိုးကားဘော်ပြပါမည်။ တဖန် ထိုသို့, ကိုးကားဘော်ပြလျက်၊ ကျမ်း ဂန်ချင်း သဘောမသက်သကဲ့သို့ ဆန့်ကျင်ဘက်ထင်ရသော အချက် တို့တွင်၊ ပါဠိတော်အချင်းချင်း၊ ပါဠိတော်နှင့် အဋ္ဌကထာ၊အဋ္ဌကထာ အချင်းချင်း၊ အဋ္ဌကထာနှင့် ဦးကာ ကျမ်းဂန်လာတို့ မညီမညာဟု ထင်ဘွယ်ရာ အချက်ရှိသည့်တို့ကိုညီမျှအောင်သဘောပေါက်၍၊ကျမ်းဂန် ကြည့်သူတို့ အမှန်ကို သိစေခြင်းငှါ၊ ဆုံးဖြတ်ချက် ထည့်သွင်းကာဖြင့် ရှင်းလင်းစွာ ရေးသား မည်ဟု ဆိုလိုရင်း အဓိပ္ပါယ်များ ဖြစ်ပေသတည်း။

၈–ရှေးဆရာကြီး၊ ဘသီးသီး၊ စံမှီးနည်းယူခါ။

ဤသံပေါက်လက်ာ၏ အဓိပ္ပါယ်အရမှာ၊ ဝိပဿနာလက်စွဲကျမ်း ကို ရေးသားသောဆရာသည်၊မိမိဉာဏ်ထင်မြင်ချက်မျှဖြင့် တွေးတော

မှန်းဆ၍ မရေးသားဘဲ၊ ရှေးဆရာကြီး အသိုးသိုးတို့ ရေးထားသော နည်းလမ်းအစဉ်များကို ဖြိုဖြမ်းယူဆသော ဥပဒါသျများဖြင့်၊ ထောက်ထား အားပြုလျက်၊ မိမိ၏အသိညာဏ်နှင့်တွဲဘက်ပြီး၊ လိုရင်းအဓိပ္ပါယ် သဘောတို့ မပျက် မကွက် စေရန်၊ စိုးမံ ရေးသားမည်ဟု ဆိုလိုပေသည်။

၉–ကဲ့ရဲ့ချီးမွမ်း၊ ဤနှစ်လမ်း၊ မသန်းရှောင်ကြဉ်ပါ။

ဤသံပေါက်လက်ာ၏ အဓိပ္ပါယ်အရမှာ၊ ဝိပဿနာလက်စွဲကျမ်းကို ရေးသားရာ၌ သူတော်ကောင်းတို့၏လက္ခဏာကို၊ မြဲမြံနစ်ဝာ နှလုံးသွင်း ထား၍၊ ဟောပြောခြင်း၊ ရေးသားခြင်းများကို ပြုရမည်ဟု ကျေးဇူးရှင် မင်းကွန်းဧတဝဏ်ဆရာတော်ဘုရားကြီး အကြွမ်ကြွမ်မိန့်ကြားတော် မူသည်များကို အစဉ်မှတ်သား ယူစွဲ၍ထားခဲ့ပေသည်။

ထိုကဲ့သို့သော အဓိပ္ပါယ်သဘောများကြောင့်၊ သူတပါးတို့ ဟော ပြောရေးသားရာ၌ ချွတ်ချော် လွဲမှားသည်ကို၊ ကဲ့ရဲ့ပြစ်တင် လိုသော စိတ်ထားဖြင့်၊ ပြောကြား ရေးသားခြင်း ဟူသော-ပရဝမ္ဘနတရား။ မိမိပြောကြား ရေးသားသော အဓိပ္ပါယ်သဘောမျာ်းမှသာလျှင်၊ မရဏကန် အမှန်ပင်ဟု မာန်မာန ပူးဝင်သည့်စိတ်ထားဟူသော-အတ္တုက္ကံသန တရား။ ၎င်းနှစ်ပါးကို ပယ်ရှားလျက်၊ မွေ့မြဴစ္ဆာန်သက်သက်ဖြင့်၊ သဘော သင့်တင့်ရာကိုသာ ပုဂ္ဂလာဓိဋ္ဌာန်ကင်းကွာစေပြီး၊ ဖြောင့်မတ် မှန်ကန်စွာ ရေးသားမည်ဟု ဆိုလိုပေသတည်း။

၁၀–မင်းကွန်းဆရာ၊ သဝဏ်၊ ရေးပြဋ္ဌာန်းစာ။

ဤသံပေါက်လက်ာ၏ အဓိပ္ပါယ်အရမှာ၊ ပဒသုဓာ မြန်မာနိုင်ငံနှင့် တကွ ကမ္ဘာတဝှမ်းလုံးမှာ၊ ဗုဒ္ဓဘာသာတရားလိုက်စားသူတို့ တိုးပွါး များပြားလာပေသည်။ ထိုအကြောင်းအရာကိုလည်း၊ ဝိပဿနာကျမ်း ဆရာသည် လွန်ခဲ့သော ဂဂ–ခု၊ ၁၀–နှစ်ခန့်ကပင် နောင်မကြာမီ အခါ တွင်၊ ပဒသုဓာသို့ဖြစ်မည့်အင်ကို ဉာဏ်ထင်မြင်သောအားဖြင့်၊ ဝိပဿ နာ ဒီပနီကျမ်းကြီး၏ နိဒါန်းစကားဦး၊ထင်ရှားစွာ ရေးသား ထားခဲ့ကူး ပေသည်။

ပဒသုဓာကား၊ သာသနာ့ခေတ် အားလျော်စွာ၊ မြန်မာပြည်ကြီးဌ ဂိုဏ်းအသိုးသိုး၊ ဆရာအသိုးသိုးတို့ ဝိပဿနာနည်း အစုံစုံဖြင့် အမျိုးမျိုး ဟောကြား၍ ရေးသားလျက် ရှိကြလေသည်။ ထိုထိုဆရာ

မျှားနှင့် အားထုတ်နည်း တရား အစဉ်းစားတို့တွင်၊ ပဒေသာဝေးသားမည့် ဝိပဿနာလက်စွဲကျမ်းဌာန မူကား၊ စစ်ကိုင်းတောင်၊ မင်းကွန်း ဂူကလေးချောင်၊ကျေးဇူးရှင် ဓမ္မာစရိယဆရာတော်ဘုရားကြီး၏ ဆုံးမဟောကြားသော သတိပဋ္ဌာန် ဝိပဿနာ တရားနည်းလမ်းများကိုသာလျှင်၊ အစဉ်မမှား ရေးသားဖော်ပြလိမ့်မည်ဟု ဆိုလိုပေသည်။

ဤကား၊ ဝိပဿနာ လက်စွဲကျမ်းဌာ ကိုးကားသော ကျမ်းဂန်ကြီးများနှင့် ကျမ်းဆရာ၏ ရည်ရွယ်သော သဘောထားကို အဖွင့်မျှ သိရှိကြရန်၊ ရေးသားဖော်ပြလိုက်သော စကားစုတို့ပေတည်း။

ကိုးကားသောကျမ်းနှင့် သဘောထားကို ပြဆိုခြင်းပြီး၏။

မင်းကွန်းဓမ္မာစရိယဆရာတော်၏ ကျေးဇူးဂုဏ်ကို သိသာရုံပြဆိုခြင်း

၁၁–ဆရာတော်ဂုဏ်၊ အကျဉ်းချုံ၊ သိရုံပြမည်သာ။

၁၂ ပဋိပတ်လမ်း၊ ကျမ်းစုံပြမ်း၊ ထုံးတမ်းရှင်းလင်းကာ။

ဤသံပေါက်လက်ာများ၏ အဓိပ္ပါယ်အရမှာ၊ ကျေးဇူးရှင် မင်းကွန်းဓမ္မာစရိယဆရာတော် ဘုရားကြီးသည်၊ ထန်သည်းသော သမ္မာဆန္ဒလုံးလဝိရိယဖြင့်၊ သာသနာတော်၌ ရဟန်းကောင်းတို့၏ ပြုဘွယ်ကိစ္စဂန္ထဓုရ, ဝိပဿနာဓုရဟု နှစ်ဌာန ရှိသည်တွင်၊ ကောဇာသင်္ကရာဇ် ၆၇-ခုနှစ် အထိ၊ ဂန္ထဓုရကို ဆောင်ရွက်သော ကိန္နဖြင့် ပြုစုပေ၏။

တဖန် ၇၀-ပြည့်နှစ်အထိ၊ ၃-နှစ်မျှသော ကာလ၌ ပရိယတ္တိမွေ၏ ပါဠိ, အဋ္ဌကထာ, ဋီကာ, ဂန္ထင်္ဂို ကျမ်းစုံအောင် ရွက်ကြွေးပြီး၊ အဖုအထစ် မရှိ၊ ပဋိပတ် ဝိပဿနာနည်းကို ဉာဏ်တော်ဖြင့် မြင်သိလျက်၊ အကြွေးပတ္တိ၌ ဘော်ပြသော ဆရာအဆက်ဆက်တို့ထံမှ နာခံမှတ်သားထားခဲ့သော ဥပနိဿကို အဖို့တန်ကဲ့ သဟဲပြုပြီးသောကာလ၊ဝိပဿနာဓုရကို သမ္မပ္ပဓာန် လုံ့လဖြင့် ညီညွတ်စွာဖြည့်ကျင့်၍၊ အဆင့်ဆင့်သော တပည့်အများတို့အား ပဒေသာဝေးတိုင် ဟောကြား ပြသခြင်း ကျေးဇူးဂုဏ်တို့မှာ၊ အံ့ချီး၍ မကုန်နိုင်သော်လည်း၊ သိသာရုံမျှ ပြဆိုခဲ့ပေတော့သည်။

၁၃–ထောင့်နှစ်ရာဝယ်၊ ခုနစ်ဆယ်၊ ရက္ခိယဉာဏ်ထူးစွာ။

ဤသံပေါက် လက်ာ၏ အဓိပ္ပါယ် အရမှာ၊ ကျေးဇူးရှင် မင်းကွန်းဓမ္မာစရိယဆရာတော်ဘုရားကြီးသည်၊ ပရိယာတ္တိနည်း၊ပဋိပတ္တိနည်းဟူ ခြားသီးဌာန သာသနာတော်၌ ဆောင်ရွက်ရန်ကိစ္စနှစ်ပါး ရှိသည်တွင်၊

သက်တော် ၄၀-ကျော်မျှထိ၊ ပရိယာတ္တိကိုးအဝတွက် ကုံယ်တိုင်သင်ယူ လေ့ကျက်၍၊ တပည့်တပန်းတို့ အားလည်း စည်းကမ်းကျနစွာ သင် ကြားပို့ချတော်မူပြီး၊ ဒာရိယတော်သိသိကြီးသည်ကိုးရင်း။ သာသနယုဂ ခေတ် ကာလကိုးရင်း။ တွက်စစ်ထောက်ခာ သံဝေရသဖြင့်၊ ပဋိပတ္တိ မမြဲ ပဓာနအလုပ် ဝိပဿနာဂိုအားထုတ်လေရာ၊ မကြာမတင် အလျင် အမြန် ပါရမီရင့်သန်၍ ဝိပဿနာဉာဏ်အထူးကို၊ ဖွင့်မြူး နှစ်သက်လွန်စွာ ကောဇာသက္ကရာဇ် ၁၂၇၀-ပြည့် နှစ်တွင်ပင် လိုအင်ဆန္ဒ စုံပြည့်ဝ လျက်၊ အားရကြေနပ်တွယ် ဂိုလောက် အောင် ပင်၊ သိမြင် ရှိတော်မူခဲ့ ပေသည်။

၁၄—ထိုမှအစ၊ ဝေနေယျ၊ လာကြများသူငါ။
၁၅—လာသူနီးဝေး၊ ဓမ္မဆေး၊ တိုက်ကျွေးမြိုက်ရသော။

ဤသံပေါက်လက်ာများ၏ အဓိပ္ပါယ်အရမှာ၊ကျေးဇူးရှင် မင်းကွန်း ဇေတဝန် ဆရာတော် ဘုရားကြီးသည်၊ ပဋိပတ္တိခမ္မဟ္ဘသော ဝိပဿနာ ရုရ ပဒေနကိစ္စ၌၊ မိမိ၏အလိုဆန္ဒ ပြည့်ဝဖြိုးစီးသောအခါ၊ အနီးရှိသော ရဟန်း,သာမဏေ,သိလရှင်နှင့်၊ လူဝတ်ကြောင် တပည့် ဒကာ,ဒကာမ တို့အား၊ ဝိပဿနာ တရားကို ဟောကြားဆုံးမ၍၊ အားထုတ်ပုံ နည်း လမ်း များကိုပါ ပြသတော်မူခဲ့ပေသည်။

သို့သော်၊ ထိုအခါ၌ အစအဦးဖြစ်၍၊ မကြားဘူးသေးသဖြင့်၊ လက်စွဲ ကျမ်း အဋ္ဌကထာပို့ချိန် ပါရှိသော အတိုင်း၊ တပည့်ရင်း ဖြစ်သူ များက ပင်လျှင် တရားထူး တရားဆန်းဟု မှတ်ထင်လျက်၊ ဆရာတော်ဘုရား အား ကဲ့ရဲ့ပြစ်တင်သောစကားများကိုပင်၊ ပြောကြားလျှောက်ထားကြ လေ၏။ ဤသို့ ပြောကြားသော စကားရပ် တို့ဝယ်၊ သိမှတ်ရန် တချက် မှာကား၊ ဆရာတော် ဘုရားသည် သူတပါးတို့ မလုပ်သည်ကို၊ ထူးကဲစွာ လုပ်လေသည်ဟု ဆိုပေ၏။ ထိုအခါ ဆရာတော် ဘုရား ကြီးက ဖွင့်ပျသော မျက်နှာဖြင့်၊ အေး-သူတပါးတို့ မလုပ် မိသည်ကို လုပ်မိ၍၊ သူတပါးတို့မခံစားရသော အရသာများကို၊ ခံစားရသည်ဟု မိန့်တော်မူ၏။

၎င်းနောက် ၁၂၇၁-နှစ်သို့ ရောက်သော အခါ၊ မြို့လှ-ဆရာကြီး ဦးခင်မှစ၍၊ တစတစ သတင်းစကားကြားရ၍၊ အနီးအဝေးမှ လူ,ရှင်,

ရဟန်းတို့ လာရောက်ပြီး၊ တရားကို အားထုတ် ကြသဖြင့်၊ ပဒိုပတ် အကျင့်ဟူသော ဝိပဿနာတရားကို၊ ဟောကြားဆုံးမ နည်းလမ်းကို သွန်ပြပေးလျက်၊ ခမ္မရသဟူသောအမြိုက်ဆေးဖြင့်၊ ပရိသတ်တို့အား တိုက်ကျွေး ဝေဌ၍၊ သာသနာ၌ ရသင့်သော ချမ်းသာ သုခကို ရကြ လေရာ၊ အနှစ် ၃၀-ခန့်ကြာမြင့်သော ပဿုအခါတွင်၊ မြို့,ရွာ,ရပ်ကွက် တိုင်း၊ လူ, ရှင်, ရဟန်းတိုင်း လိုပင် ယုံကြည် သက်ဝင် လာ ကြ ၍၊ ဂမ္ဘဋ္ဌာန်းတိုက် ဌာနများပင်လျှင် ၃၀-ကျော်မျှ တိုးတက်တည်ရှိလျက်၊ အဆက်ဆက် ဖြစ်ထွန်းပွါးစီးပုံ အကြောင်းများကို၊ လက်စွဲကျမ်း၌ ပါသော အဖွဲ့ပုဒ်အရဖြင့်၊ အကျယ်တဝင့် သိသင့်လေတော့သည်။

ထို့ကြောင့်၊ ပဿု ပြဆို ခဲ့သော စကား အစဉ်ဖြင့်၊ ကျေး ဇူး ရှင် မင်းကွန်း ဓေတဝန် ဆရာတော်ဘုရားကြီး၏ ဂုဏ် တော် များ ကို၊ အမြွက်မျှသိရှိမှတ်သား၍၊ သဒ္ဓါတရားဖြင့် အားကိုးယုံကြည်ခြင်း တိုး ပွါးလျက်၊ အကျိုးတရားတို့ များပြားကြစေရန် ရည်သန်သောစေတနာ အဟုန်ဖြင့်၊ သိသာရုံ ပြဆိုလိုက်သော စကားစုတို့ပေတည်း။

ဆရာတော်၏ ကျေးဇူးဂုဏ်ကို သိသာရုံ ပြဆိုခြင်းပြီး၏။

ပေဋ္ဌကောပဒေသ အဋ္ဌကထာနှင့် များစွာသော ကျမ်းရေးသားသည်ကို ပြဆိုခြင်း

၁၆-ဗုဒ္ဓမတည္၊ ကျမ်းဂန်ပြု၊ များထုအံ့ဘွယ်ရာ။

ဤသံပေါက် လက်ဝါ၏ အဓိပ္ပါယ် အရမှာ၊ ကျေးဇူးရှင် မင်းကွန်း ဓေတဝန် ဆရာတော်ဘုရားကြီးသည်၊ အထက်၌ ဟော်ပြခဲ့သော ပရိ ယာတ္တိ သာသနာကို၊ နှစ်ကာလ ရှည်ကြာစွာဖြင့် ကိုယ်တိုင်သင်ကြား ခြင်း၊ သူတပါးတို့အား ပို့ချခြင်းဟူသော-ဂန္ထဓုရ။ ပဋိပတ္တိ သာသနာ ကိုလည်း နှစ်ကာလ ကြာရှည်စွာဖြင့်၊ မဟာသတိပဋ္ဌာန ပါဠိတော် အရ၊ ဝိပဿနာယျာနိက, သမထ-ဝိပဿနာ အစုံပါသော ယုဂနဒ္ဓနည်း အရဖြင့်၊ ဘာဝနာကိစ္စ၌၊ ပဓာနအလုပ်၊ ဝိပဿနာကမ္မဋ္ဌာန်းကို၊ ကိုယ် တိုင်အားထုတ်ခြင်း၊ သူတပါးတို့အားဟောကြားဆုံးမပြသအားထုတ် စေခြင်းဟူသော-ဝိပဿနာဓုရ။ ၎င်းကိစ္စ ၂-ပါးကိုသာ၊ ရှေးအခါ၌ ရောင့်ရဲစွာ ပြုစုတော် မူခဲ့ပေသည်။

ထိုကဲ့သို့ နေလာခဲ့ရာ၊ စစ်ကိုင်း မင်းကွန်းဌာန, မြို့လှဌာန, ရွှေကျင်ဌာနမှ သထုံဌာနသို့၊ ပြောင်းရွှေ့သီတင်းသုံးတော်မူသောအခါ၊ ကောဇာခုနှစ်၊ ၇၇-ခုနှစ်ဖြစ်ပေ၏။ ၎င်းနှစ်၌ကား ထူးခြားသော အမေးပုစ္ဆာများတို့ကို၊ ဖြေကြားရေးသားရန် ဆရာတော်ဘုရား၏ အထံသို့၊ ဆိုက်ရောက် ပေးပို့ လာပေသည်။ ထိုပုစ္ဆာများကား၊ မူလအခစဉ်၊ ပျဉ်းမနားမြို့ ဆရာကျယ်က၊ မံရွာမြို့-လယ်တီဆရာတော် ဘုရားကြီး ထံသို့ မေးမြန်းလျှောက်ထားသောပုစ္ဆာတို့ ဖြစ်ပေသည်။

ပဒခုကဲ့သို့ လျှောက် ထား ရာ၊ လယ်တီ ဆရာတော်ဘုရားကြီး ဖြေကြားခြင်းမပြုသဖြင့်၊ အတော်အသင့် ကာလလွန်မှ ပျဉ်းမနားမြို့ ဆရာကျယ်၏ ကပည့်များက၊ သထုံမြို့၌ မိတ်သင်္ဂဟ ဖြစ်ကြသော၊ မင်းကြီးဦးဘိုးစ အေရေးပိုင် ဦးကျော်ဇွန်းတို့ထံသို့ တဆင့်ပေးပို့ လျှောက်ထားရာ၊ ဂ-ချက်သောအမေးပုစ္ဆာ ပြဿနာများကို ဖြေကြားလိုသောဆန္ဒမရှိဘဲ၊ ရောင့်ရဲမျှတ ဣရိယာပထဖြင့်၊ ချမ်းမြစ္ဆာ နေထိုင်ရန်သာ စိတ်အကြံ ဖြစ်ရှိလေတော့သည်။

ဤကဲ့သို့ အမေးပုစ္ဆာကို ဖြေကြား၍၊ ကျမ်းဂန် ရေးသားရန် စိတ်အကြံမရှိသဖြင့်၊ ဦးဘိုးစ, ဦးကျော်ဇွန်း စသည်တို့က သဘောဉာဏ်ထောက်ချင့်၍ သင့်တင့်သော အကြောင်းပြလျက်၊ ပျဉ်းမနားမြို့က၊ ဆရာကျယ်နှင့် တကွသော၊တပည့်အသင်းသားတို့၏ စိတ်ဆန္ဒမှာ၊ပဒခုအခါ မြန်မာပြည်၌၊ပညာရှိသည်ဟုကျော်ကြား၍၊နေ,လအသွင်၊ဘုရားကလေးဘဆူကဲ့သို့ပင်၊ အလွန်လျင်ထင်ရှားလှသော၊ မံရွာမြို့၊ လယ်တီဆရာတော် ဘုရားကြီး သည် လည်း ဖြေ ကြား ခြင်း မရှိ၍၊ သထုံမြို့၊ မင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီး သည်လည်း၊ ဖြေကြားခြင်း မပြုခဲ့ပါသျှင်၊ မြန်မာပြည်တွင် သူတို့၏အမေးပုစ္ဆာများကို ဖြေကြားနိုင်သော ပညာရှင်ပင်မရှိတော့ပြီဟု မာနဖီသောအားဖြင့်၊ မှတ်သား တွေးထင်ဘွယ်ရာ ဖြစ်ကြပါလိမ့်မည်။

ထိုကဲ့သို့ဖြစ်မည်ကြောင့်၊ သာသနာတော်ကို ယုံကြည်ပါသော၊ဇုဋ္ဌဘာသာဝင်၊ လူ,ရှင်,ရဟန်းတို့၏ အကျိုး များရန်ကိုငင်း။ သာသနာတော်မြတ်၏၊ ဆုတ်ယုတ်ရန်, တိုးပွါးရန်ကိုငင်း။ ဖန်ဖန်ထောက်ထား၊ ငဲ့ညှာသနားသဖြင့်၊ ပျဉ်းမနားမြို့ ဆရာကျယ်၏ အမေးပုစ္ဆာများကို၊ ဟုတ်မှန်တိုင်းဖြေကြား၍၊ ကျမ်းရေးသားတော် မူပါမည့်အကြောင်း

ကို၊ဆရာတော်ဘုရားကြီး၏တပည့် ဒါယကာအပေါင်းတို့က၊ကောင်းစွာ တောင်းပန် လျှောက်ထား ကြလေသည်။

ဆရာတော်ဘုရားကြီးသည်၊ ယခုကဲ့သို့ အကြောင်းပြပြီး၊ အသိအသိး လျှောက်ထား ကြသည့်ကို၎င်း၊ နောင်သောအခါ သာသနာပြန့်ပွားစေ၍၊ စည်ပင်ထွန်းကားရာကို၎င်း၊ ပြန်လှန်စဉ်းစား ထောက်ထားရှုမျှော်တော်မူပြီးလျှင်၊ အထက်တွင်ပြဆိုခဲ့သော၊ ပျဉ်းမနားမြို့-ဆရာကျယ်၏ ဂ-ချက်သော အမေးပုစ္ဆာများကို၊ မုံရွာမြို့၊ လယ်တီ ဆရာတော် ဘုရားကြီး မဖြေဘဲထားပါလျက်၊သဇုံမြို့၊ကျေးဇူးရှင် မင်းကွန်းဓေတဝန်ဆရာတော်ဘုရားကြီးက "သင္ဘေတာဝိဓိ ဝိသင္ဘနာ၊အာရမ္ဘာဝိဓိ ဝိသင္ဘနာ" ဟူသော အမည်သညာဖြင့်၊ အကျဉ်း,အကျယ် ကျမ်းဂျ-သွယ်ကို၊ လွယ်လွယ်ပင် ရေးသား၍၊ ဖြေကြားတော် မူလိုက်လေတော့သည်။

အထူးမှတ်ချက်။ ။ဤအဖြေကျမ်းများကို ကြည့်ရှုလျှင်၊ အမေးပုစ္ဆာ၏ အဓိပ္ပါယ်ကို၎င်း၊ အဖြေ၏ အဓိပ္ပါယ်ကို၎င်း၊ မေးသူ၏ ဉာဏ်ကို၎င်း၊ ဖြေသူ၏ ဉာဏ်ကို၎င်း၊ လယ်တီဆရာတော်ဘုရားကြီး အဘယ့်ကြောင့် မဖြေသည်ကို၎င်း၊ မင်းကွန်းဆရာတော်ဘုရားကြီး အဘယ့်ကြောင့် ဖြေသည်ကို၎င်း၊ဉာဏ်၏အတိမ်အနက်နှင့်၊ ရေးသားချက်၏ သဘော အခက်အခဲများဖြင့်၊ အံ့အားသင့်ဘွယ်ရာများ ပါရှိသည်ကို၊ ကောင်းစွာသိမြင်ကြပေလိမ့်မည်။

ယခုကဲ့သို့ ပျဉ်းမနားဆရာကျယ်၏ အမေးများကို၊ ဖြေကြားတော်မူသည်မှ အစပြု၍၊ အခြားစပ်မိ အကြောင်းရှိရာများစွာသော စာအုပ်စာတမ်းများကို၊ တစတစရေးသား၊ ဂန္ထကာရက ဘက်ကိုလည်း၊ သာသနာနှင့် ဘာသာဝင်တို့ အတွက်၊ အားထုတ် ဆောင်ရွက်တော်မူပြန်လေသည်။ ထိုမှတပန် ရံခါရံခါ ဝိပဿနာကို မှတ်သောအခါ၊ ဉာဏ်တော်၌ ပေါ်လာသည်တို့ကား၊ အောက်၌ပါရှိသောအတိုင်းပေတည်း။ ဉာဏ်၌ပေါ်လာပုံတို့ကား၊သာသနာတော် တည်ထွန်းဖြစ်ပွားရာဌာန၊ အစမှအစဉ်ဆက်၍ မပျက်မကွက် ထင်ရှားရာတို့မှာ မန္တလေးဒေသ သိဟဠ္ဍနှင့်၊မြန်မာ့နိုင်ငံများဖြစ်ပေသည်။ထိုထိုဒေသဌာနတို့၌ တည်ရှိကြသော၊ သာသနာပြု မဟာထေရ်မြတ်တို့ဝင်၊ မန္တလေးဒေသရှိ မဟာထေရ်မြတ်ကြီးများနှင့်၊ သိဟိုဠ်ကျွန်းရှိ မဟာထေရ်မြတ်ကြီးတို့သာလျှင်၊ ဝိဇ္ဇာကတ်သုံးပုံ၏ အဖွင့်ဖြစ်သော၊ အဋ္ဌကထာ ကျမ်းကြီးများကို၊ စိရငေးသားတော် မူခဲ့ကြလေသည်။

ဤကဲ့သို့ ပါဠိတော်မူ၏ အဖွင့် သံဝဏ္ဏနာ၊ အဋ္ဌကထာ ကျမ်းကြီးများကို ရေးသားပြုစု၍ ဗုဒ္ဓမတညူ-ဟု၊ ကြီးထုလေးဘိ၊ ဘုရားရှင်၏ အလိုတော်ကို သိရှိမြော်မြင်နိုင်လေရာ၊ ပါဠိတော်ကျမ်းများစွာတွင်၊ ပေဋကောပဒေသခေါ်သော ပါဠိတော်တကျမ်းကိုကား၊ အဋ္ဌကထာဆရာများတို့ဖွင့်ဆိုရေးသားခြင်း မပြုကြဘဲ၊ ချန်လှပ်၍ထားခဲ့ပေသည်။ တဖန် စဉ်စားရန်မှာလည်း၊ မြန်မာပြည်သို့ သာသနာတော် သက်ရောက်သည်မှ၊ ယခုအခါသို့ ကျအောင်၊ သာသနာ့ ဝန်ဆောင် အခေါင်ပဏ္ဍိုင်၊ ပညာရှိ အကျော် အမော်၊ အဆက်ဆက် သာသနာအမှုကို၊ ပြုစုခဲ့ဘူးသော ဆရာတော်ဘုရားကြီးအများတို့လည်း၊ ရေးသားတော်မမူကြဘဲ၊ ရှောင်လွှဲ၍ ထားခဲ့ကြလေတော့သည်။

ထိုကဲ့သို့ ဖြစ်လေရာ၊ အခါသမယ ပုဂ္ဂလနှင့်၊ ကိစ္စကို ထောက်ဆဆင်ခြင်ပါလျှင်၊ အရှင်မဟာကဿပ မထေရ်မြတ်သည်၊ ပဌမ သင်္ဂါယနာတင်၍၊ သာသနာကို သုခ်သင်ပြုစုတော်မူခြင်း။ အရှင်မဟာယသ မထေရ်မြတ်သည်၊ ဒုတိယ သင်္ဂါယနာတင်၍၊ သာသနကို သုခ်သင်ပြုစုတော်မူခြင်း။ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်မြတ်သည်၊ အာဘိဓမ္မာကထာဝတ္ထုကျမ်းကို ဟောပြောလျက်၊ တတိယသင်္ဂါယနာတင်၍၊ သာသနာကို သုခ်သင် ပြုစုတော် မူခြင်း။ အရှင် မဟာဗုဒ္ဓဃောသမထေရ်မြတ်သည်၊ ဇဋကတ်သုံးပုံကိုသီဟိုဠ်ဘာသာအကျဉ်ရာမှ မဂဓောသာ အက္ခရာသို့ပြန်၍၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာနှင့်တကွ၊ များစွာသော ပါဠိတော်တို့၏ အဋ္ဌကထာကျမ်းတို့ကို၊ ကြိုးပန်းရေးသားလျက်၊ ဘုရားရှင်၏ သာသနာမှကို၊ ဗုဒ္ဓဘာသာဝင်တို့ အကျိုးများပြားစေရန်ဖြင့် အတန်တန် စီရင်ပြုစုတော် မူခဲ့ လေတော့သည်။

ယခုကဲ့သို့သော ဖြစ်ပေါ် လာရပုံများကို စဉ်းစား နှိုင်းချိန် ခဲ့သည်ရှိသော်၊ ရှေးရှေးသော သာသနာပြု ဆရာတော် ဘုရားကြီး တို့သည်၊ ခြားသီးဝေဘန် ပညာဉာဏ်ဖြင့်၊ အနာဂတံသ နောင်ကာလ၌၊ ပေဋကောပဒေသ၊ ပါဠိတော်ဓမ္မရကို၊ ဖွင့်ပြသံဝဏ္ဏနာ အဋ္ဌကထာကျမ်း၊ ကြိုးပန်းသမှု ဘုရားရှင်၏သာသနာကို ပြုစုပါလေဟု၊ မိန့်ချွေဖြက်ကြား ဗျာဒိတ် ထားသကဲ့သို့၊ ဉာဏ်အားထင်ထင်၊ ပေါ်လွင်သိမြင်၍ လာခဲ့လေတော့သည်။

ဤသို့ ဉာဏ်တွင် ထင်ဖြင့်၍ လာသောအခါ၊ လွန်စွာအားရ စိတ်နှင့် ပျလျက်၊ ရှေးမဟာထေရ် ဒေးဆက်ဆက်တို့သည်၊ ပေဋကော ပဒေသ

အဋ္ဌကထာ၊ သံဝဏ္ဏနာဖွင့်ရန် အချက်၊ ငါ့အတွက် ချင်းချန်ခဲ့ကြ ပေသည်ဟု၊ ယုံကြည်သော သဒ္ဓါဖြင့်၊ နှီးဆော်တိုက်တွန်းသော စေတနာသည်၊ လွန်စွာယိုစီး အားကြီးထက်သန်လှရကား၊ ပေဠကောပဒေသ အဖွဲ့သံဝဏ္ဏနာ၊ မဂဓဘာသာဖြင့်၊ အဋ္ဌကထာ ကျမ်းကြီးကို၊ ကောဇာသက္ကရာဇ် ၁၂၀၀-ခုနှစ်၌၊ ကြိုးပမ်းပြုစုတော် မူခဲ့ပေသည်။

တဖန်၊ ထိုအဋ္ဌကထာ ကျမ်းကြီး၏၊ မိုဉ်မြင်းအဖွဲ့ မြန်မာပြည် နိုသျကိုလည်း၊ ဝိပဿနာကမ္မဋ္ဌာန်းနည်း များပြားလှသဖြင့်၊ အဓိပ္ပါယ်သဘောမှန်ကို သိရ၍၊ ရှုကြည့်သူတို့ အကျိုးများစေရန်၊ ကိုယ်တိုင်ပင် ရေးသားပါဟု၊ ချမ်းသာကြီး ဆရာတော်, ပေါင်းတောင်ကူ ဆရာတော်၊ ရသေ့ကြီး ဦးခန္တီတို့က၊ အကြိမ်ကြိမ် တိုက်တွန်းတောင်းပန်ကြလေသောကြောင့်၊ ၁၂၉၂-ခုနှစ်၌ ထပ်မံရေးသား ပြုစုတော်မူရာ၊ မျက်နှာနံပါတ် ၅၀၀-ကျော်မျှစီဖြင့်၊ ပထမ,ဒုတိယ,တတိယ ၃-တွဲမျှ ရှိသည့်ပြင်၊ ၁၂၉၀-ပြည့်နှစ်ကပင်လျှင်၊ ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ၏ နိုသျကျမ်းကြီးကို စိရင်ရေးသားတော် မူခဲ့ပြန်လေသည်။

ထို့ကြောင့်၊ မဇ္ဈိမဒေသ သိဟဠနှင့်၊ မြန်မာ့နိုင်ငံသို့ ဆက်၍ ပြန့်နှံ့လျက်လာခဲ့သော၊ သာသနာ သက္ကရာဇ်အနှစ် ၂၄၀၀-ပြည့်အထိ၊ အတိုင်းမသိ များပြားလှသော၊ သာသနာ တန်ဆောင်၊ ထွန်းပြောင် ထိန်လင်းသည့် အဆက်ဆက်သော၊ မဟာထေရ်မြတ်ကြီးအများတို့၊ ပွင့်ဆိုရေးသားခြင်း မပြုခဲ့ကြသော၊ ပေဠကောပဒေသ ပါဠိတော်အလောကို၊ ရဲဝံ့စွာ အဋ္ဌကထာ ပြုသဖြင့်၊ ဗုဒ္ဓမတည္ထ ဟူသော ဂုဏ်ထူးများကို၊ မဇ္ဈိမဒေသနှင့်၊သိဟိုဠ်ကျွန်း အဋ္ဌကထာဆရာတို့၏အလား၊ မြန်မာပြည်ပွား တိုင်းရင်းသားမှလည်း၊ သာသနာ နောက်ပိုင်းနှား၌၊ အဋ္ဌကထာရေးသားနိုင်စွမ်းသော၊ သာသနာပြု မဟာထေရ်ကြီးတပါး၊ ပေါ်ထွန်းလာပါကလားဟု၊ အံ့အားချီးကျူး၊ ဂုဏ်အထူးကို၊ ဖွင့်မြွက်ဝမ်းမြောက်သင့်လှပေတော့သည်။

အထူးမှတ်သားရန်မှာ၊ လယ်တီဆရာတော် ဘုရားကြီး၊ မန္တလေးစံကျောင်းတိုက်၌ နေစဉ်၊ သိဟိုဠ်ရဟန်းတော်က မြန်မာရဟန်းများ ဋီကာမျှ မရေးနိုင်ဟု ဂုဏ်ပြိုင်ပြောရာ၊ လယ်တီဆရာတော်က၊ နောင် မကြာမီ သိဟိုဠ်ရဟန်းကဲ့သို့ ဋီကာကျမ်းရေးသားမည်ဟု ကြိမ်းပပြောကြားဘူးရာ၊ လယ်တီဆရာတော် မုံရွာ၌ နေသောအခါ၊ ပရမတ္ထဒီပနီ မည်သော ဋီကာကျမ်းကို ရေးသားပေ၏။ ပသုအခါ၌ကား၊ အဋ္ဌ

ကထာကျမ်းကြီးကိုပင်၊ ရေးစွမ်းနိုင်သော မြန်မာရဟန်းတော် ထွန်းပေါ်ခဲ့ရကား၊သီဟိုဠ်ရဟန်းဂဏ်ပြိုင်ပြောကြားသည်ကို မြန်မာရဟန်းများက၊လယ်တီဆရာတော် ဘုရားကြီးစကားကဲ့သို့၊ဥဒါန်းတွင်အောင်မှတ်သား၍ အားထားရန်အချက် ဖြစ်လေတော့သည်။

အထူးသတိပြုရန်မှာ၊ ဋီကာကျမ်းဟူသည်၊ ဝိဒူကတ် သင်ကြား၍ မှတ်သား ဉာဏ်ရှိသူများပင် လွန်စွာခဲယဉ်းသည် မဟုတ်၍၊ နောက်ကာလည်း ရေးဘူးကြ၏။ ပဓာနလည်းရေးကြရာ၊ အတော်ပင် များခဲ့ပေ၏။ အဋ္ဌကထာ ကျမ်းမှာမူကား၊ ရေးသားမည်ဟု စိတ်အကြံဖြစ်ဝန့်သူပင်၊ တိပိဋကပါရဂူဟု၊ ဂုဏ်ထူးယူကြသော ဆရာတော် အဆူဆူတို့တွင်၊ တထောင်မှာတပါး၊တသောင်းမှာတပါး၊ တသိန်းမှာတပါး တသန်းမှာတပါး၊ လွန်စွာမှ ရှားပါးလှလေရာ။ ပဓာနမှာမူ၊ အဋ္ဌကထာ ကျမ်းကြီးကိုပင် ရေးသား တော် မူသဖြင့်၊ ထိုဆရာတော် ဘုရား၏ ဉာဏ်ရည်ဉာဏ်သွားကို၊ ဘယ်ကဲ့သို့သော အတန်းအစားဟူ၊ သာသနာ့ ဉာဏ်မျက်စိရှိသော ပညာရှင်အများတို့၊အထူးပင် သတိထားသင့်လှပေတော့သည်။

ထူးခြားသော အချက်မှာကား၊ ရှေးအခါ ကျမ်းဂန် ရေးသားသော အစဉ်အလာ၌၊ တဦးက အဋ္ဌကထာရေး၊ တဦးက ဋီကာရေး, တဦးက ယောဇနာရေး၊ တဦးက နိဿျရေး, ဤကဲ့သို့ ရှိဘူးခဲ့ကြ၏။ ရှိပုံကား၊အရှင်မဟာဗုဒ္ဓဃောသက အဋ္ဌကထာရေး၊ နောက်ပုဂ္ဂိလ်က၊ ဋီကာရေး၊ နောက်ပုဂ္ဂိုလ်က ယောဇနာရေး၊ နောက်ပုဂ္ဂိုလ်က နိဿျရေးဟုရှိ၏။ သီဟိုဠ်ရေး သင်္ဃိဟ်ဋီကာကျော်ကို၊ မြန်မာပြည်က နိဿျယောဇနာရေး၏။

တဖန်၊ မြန်မာပြည် သာသနာ နောက်ပိုင်း၌၊ ကျမ်းဂန် အများဆုံးရေးသည်ကား၊ မဲဇွန်မြို့လယ်တီ ဆရာတော်ဘုရားကြီးဖြစ်၏။ ထိုလယ်တီ ဆရာတော် ဘုရားကြီး ဂိုဏ်းတပည့်တို့လည်း၊ ရှေးနည်း အတိုင်းပင်လျှင် လယ်တီဆရာတော်က၊ ပါဠိဘာသာနှင့် ဋီကာရေး၊ ၎င်းဆရာတော်၏ တပည့်တဦးက နိဿျရေး၏။ တဖန် ဆရာတော်က မြန်မာဘာသာ သံဒိပ်ရေး၊ တပည့်များက မြန်မာဘာသာ ဋီကာရေး၏။ တဖန် ဇွဲကျင်ဂိုဏ်း၊ တွံတေးဆရာတော် ဦးနာဂအရှင်က သဒ္ဒသံဒိပ်ပါဠိကိုရေး၊ ၎င်းဆရာတော်၏တပည့်က နိဿျရေး၏။ ဤသို့လျှင် တဦးစီသာရေးသားသော အစဉ်အလာ ရှိခဲ့ဘူးပေသည်။

ယာခု မင်းကွန်း ဆရာတော် ဘုရား၏ ဂိဏ်းဌ မူကား၊ ဆ ရာ တော် ဘုရားကြီး အဋ္ဌကထာပါဠိကိုရေး၍၊ တဖန် ၎င်းဆရာတော်ဘုရားကြီး သည်ပင်လျှင်၊ နိဿျများကို ရေးသားတော် မူခဲ့ပေသည်။ ထို့အတူ၊ **မြို့လှ-ဆရာကြီး ဦးချစ်အောင်၊ သတိပဋ္ဌာန် သံဒိပ်** ရေး၍၊ ၎င်းဆရာ ကြီးသည်ပင်၊ **သတိပဋ္ဌာန်ဋီကာ**ကို ရေးသားပြန်လေသည်။

တဖန်လည်း၊ ကျွန်ုပ်သည်၊ ဝိပဿနာသံဒိပ်ကို ရေး၏။ ကျွန်ုပ်သည် ပင်လျှင်၊ အထက် ဆရာများနှင့် နည်းဘူ၊ ဝိပဿနာ ဋီကာကျမ်းကို ရေးသားရလေတော့၏။ ဤသို့လျှင် ရှေးအစဉ်အလာများနှင့်မတူ။ ထူး ခြားသော အချက်များကို၊ မှတ်သားလိုသူတို့ သိရှိစဉ်းစား ကြစေရန်၊ ဘေဒပြလိုက်ရ ပါသတည်း။

ယဉ့ခုဆိုခဲ့သော စကားရပ်တို့သည်ကား၊ **ပုဂ္ဂလဝိဿဿာ၊ဇာနီတဇ္ဇော။** ။ပုဂ္ဂလဝိသေသော၊ ပုဂ္ဂိုလ်ထူးကို။ ဝါ၊ ဂုဏ်အထူးကို။ ဇာနိတဗ္ဗော၊ သိအပ်၏။ ။ဤသို့လာရှိသော ဒေသနာအရ၊ ယာခုခေတ် ကာလ၌၊ သာသနာကိစ္စ ဂုရုန္နစ်ပါးကို၊ ဘုရားရှင်၏ အလိုတော်နှင့်၊ သင့်တင့်ညီမျှစွာ၊ ပရိယာတ္တိသာသနာကို၊ ထူးကဲလွန်စွာ၊ အဋ္ဌကထာ ပြုစု ရေးသားနိုင်အောင် ရွက်ဆောင်အားထုတ်ခြင်း၊ ပဋိပတ္တိ သာသနာကို၊ သတိပဋ္ဌာန်နည်းဟူ၊ ခြားသီးတည်ထောင်၍၊ မြန်မာ့တိုင်းဘောင်တွင်၊ အလွန်လျှင် ထင်ရှားလှသည်ကို၊ သိရှိနိုင်ကြစေရန်၊ ရေးသားဘေဒပြ လိုက်သောစကားတို့ပေတည်း။

အဋ္ဌကထာနှင့် ကျမ်းများစွာ ရေးသားသည်ကို ပြဆိုခြင်းပြီး၏။

မြတ်စွာဘုရားနှင့် ရဟန္တာအရှင်များ သာသနာဖြိုသွားပုံကို မှတ်သားရန် ပြဆိုခြင်း

၁၇—ပဉ္စဝဂ္ဂီ၊ သမ္မဒ္ဒ၊ မိန့်ဟ ဒေသနာ။

၁၈—မောဂ္ဂလိပုတ္တ၊ ဧ-ဌာန၊ ဖြိုကြသာသနာ။

ဤသံပေါက် လက်ာမျဉ်း၏ အဓိပ္ပါယ်မှာ၊ မြတ်စွာ ဘုရားသည်၊ ပထမဝါ-မိဂဒါဝုန် တောခို၊ သိတင်းသုံးတော်မူ၍၊ ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ,မဟာနံ,အာသဇိ-ဟူသော၊ ပဉ္စဝဂ္ဂီ ရဟန်းတို့အား၊အရဟာတ္တ ဖိုလ်သို့ ရောက်စေပြီးလျှင်၊ ယသသူဌေး ရောက်လာသဖြင့်၊ ညဉ့်အခါ

တွင် တရားချီးမြှင့်လျက်၊ မင်္ဂလာစွပြီးဆုံးလေသော်၊ အဖေါ် ဖြစ်ကုန်သော၊ ဝိမလ,သုဗာဟု,ပဏ္ဏာဇိ,ဂဝမ္ပ-ဟူသော သူဌေးတို့နှင့်၊ တကျိပ် ဖြစ်ပြန်၏။ တဖန် ငါးကျိပ်ကုန်သော မိတ်ဆွေတို့ရောက်လာ၍၊ ၎င်းတို့လည်း ရဟန္တာ ဖြစ်ကြ ပြန်သဖြင့်၊ လူပြည် လောကတွင်၊ ထိုအခါ၌ ရဟန္တာ ၆-ကျိပ်တပါး ဖြစ်ကုန်၏။

စရထ ဘိက္ခဝေ စာရိကံ ဗဟုဇနဟိတာယ။ပ။ မာ ဧကေန ဒွေ အဂမိတ္ထ။ ။မဟာဝါပါဠိတော်

ဘိက္ခဝေ၊ရဟန်းတို့။ တုမ္ဟေ၊သင်ရဟန်းတို့သည်။ဗဟုဇနဟိတာယ၊ များစွာသော လူအပေါင်းတို့၏ အကျိုးငှါ။ စာရိကံ၊ ဒေသစာရိကို။ စရထ၊ လှည့်လည်ကြကုန်လော။ ဝါ၊ တရားဟော ထွက်ကြကုန်လော။ ။ပ။ ၎ကေနမဂ္ဂေန၊ တကြောင်း တည်းသော ခရီးဖြင့်။ ဒွေဒွေ ဟုတ္တာ၊ ၂-ပါး, ၂-ပါးတွဲ၍။ မာ အဂမိတ္ထ၊ မသွားကြလေကုန်လင့်။

ဤဒေသနာတော်၏ လိုရင်း အဓိပ္ပါယ် မှာကား၊ ချစ်သားရဟန်းတို့၊ ပဝတ္တအခါ များစွာသောလူအပေါင်းတို့၊ အကျိုးများစေခြင်း အကျိုးငှါ၊ မြို့,ရွာ,ဇနပုဒ်တို့သို့ လှည့်လည်၍ တရားဟောကြပါ။ တကြောင်းတည်း သော ခရီးဖြင့်၊ တပါးတည်း သွားကြလေ၊ ၂-ပါး, ၂-ပါးတွဲ၍ မသွားကြလေကုန်လင့်ဟု၊ လူအများတို့အား၊ တရားကို ကြားနာ သိရှိ ကြစေခြင်းငှါ၊လွန်စွာမှ အရေးကြီးလှသဖြင့်၊ မြတ်စွာဘုရားနှင့်တကွ၊ ၆-ကျိပ် တပါးသောရဟန္တာမြတ်ကြီးတို့သည်၊ခရီးတကြောင်းစီထွက်သွားပြီး၊ အသီးအသီး တရားဟောကြရန်၊ မြတ်စွာဘုရား မိန့်ကြား၍၊ အရပ် တပါးသို့ ၆-ကျိပ်သော ရဟန္တာကြီးတို့အား၊ သာသနာပြု တိုက်တွန်း စေလွှတ်တော် မူခဲ့ပေသည်။

ဒေသေထ ဘိက္ခဝေ ဓမ္မံ။ပ။ အာသဝံ နတာ ဓမ္မသ ပရိဟာယန္တိ။ ဘဝိဿန္တိ ဓမ္မသ အညာတာရော။ ဧတိ ဟုတ္တာ ပေသေတိ။

ဂုဏ်းပါဠိတော်

ဘိက္ခဝေ၊ ရဟန်းတို့။ ဓမ္မံ၊ တရားကို။ ဒေသေထ၊ ဟောကြကုန်လော။ ပ။ မွေသ၊ တရားမှန်ကို။ အာသဝံနတာ၊ မကြားနာရသော ကြောင့်။သတ္တာ၊သတ္တဝါတို့သည်။ ပရိဟာယန္တိ၊ မင်္ဂလိမ္မ ဆုတ်ယုတ် ကြလေကုန်၏။ မွေသ၊ တရားမှန်ကို။ သဝံနတာ၊ ကြားနာ ရသည့်

ရှိသော်။ အညာတာရော၊ သိလွယ်နိုင်သော သူတို့သည်။ ဘဝိသန္တိ၊ ရှိသည်ဖြစ်ကုန်လတ့ံ။ ဇာတိဟုတ္တာ၊ ဤသို့မိန့်တော်မူ၍။ ပသေတိ၊ တရားဟောရန် အမြန်စေလွှတ်တော် မူခဲ့လေ၏။

ဤဒေသနာတော်မြတ်၏ လိုရင်း သိမှတ်ရန်ဖြစ်သော အဓိပ္ပါယ်မှာ ကား၊ ချစ်သားရဟန်းတို့၊ လူများ အပေါင်း တို့အား တရားဟောကြ လေကုန်။ လူအပေါင်းတို့သည်၊ တရား မှန်ကို မနာ မကြား ရသော ကြောင့်၊ မဂ်ဖိုလ်တရားမှ ဆုတ်ယုတ်ကြကုန်၏။ တရားမှန်ကို နာကြား ရသည်ရှိသော်၊ သိလွယ် သိနိုင်သော သူတို့သည် ရှိသည်ဖြစ်ကုန်လတ့ံ။ ဤသို့မိန့်ကြား၍ မြတ်စွာဘုရားသည်၊ ရဟန်းများအား တရားဟောရန် အမြန်စေလွှတ်တော်မူပေသည်။

အထူးမှတ်ရန် အချက်ကား၊ ထိုဆိုခဲ့ပြီးသော ဒေသနာတော်များ အရ၊ တရားမှန် ကြားနာရလျှင်၊ မဂ်ဖိုလ်ကို ရလွယ်နိုင်သော သတ္တဝါ တို့ ရှိသည် ဖြစ်ကုန်လတ့ံ ဟူသည်၌၊ ငါးရပ်သော သာသနခေတ်ကို၊ တွက်စစ် ပိုင်းခြား ခဲ့သည် ရှိသော်၊ သာသနာတော် နှစ်အတွင်း တွင် လည်း၊ ဝိမုတ္တိယုဂ-ခေါ်သော ခေတ်ကောင်းနှင့် အခန့်သင့်တွေ့ကြုံပါမှ၊ ရလွယ်နိုင်သည်-ရနိုင်သည်ဟု ဆိုရပေ၏။ သာသနာတွင်းပင် ဖြစ်ပါ သော်လည်း၊ သမာဓိယုဂ-ခေတ်၌၊ အသင့်အတင့်မျှဖြစ်၍ သိလယုဂ-ခေတ်၊သုတယုဂ-ခေတ်၊ဒါနယုဂ-ခေတ်အခါ၌ကား၊မဂ်ဖိုလ်တရားကို ရနိုင်ရန်မှာ၊ လွန်စွာမှ ခဲယဉ်းလှကြောင်းကို၊ ကောင်းစွာ မှတ်ယူကြပါ လေ။

ယခုအခါသည်ကား၊ ဝိမုတ္တိယုဂ-ဟူသော ခေတ်ကောင်းနှင့် အခန့်သင့် တွေ့ကြ ရပြန် သဖြင့်၊ ပါရမီရင့်၍၊ အခါကို မြော်လင့် နေသူတို့ အတွက်၊ အ ချက် ကောင်း ကြုံ ခဲ့ လေ ရာ၊ မဂ်ဖိုလ် ချမ်းသာ၊ ရရာ လမ်းကြောင်း ဆရာကောင်းနှင့်၊ နည်းနိဿျ ကောင်းတို့ ရှိနိုင်သဖြင့်၊ သတိပညာနှင့် ရှာဖွေနိုင်သူများ၊ မဂ်ဖိုလ်တရားကို၊ လွယ်ကူစွာရရှိ ကြပေလိမ့်မည်။

ဤစာအုပ်၏ အဓိပ္ပါယ်များကို၊ နောက်မှ ထင်ရှားစွာ ရေးသားဖော်ပြမည် ဖြစ်ပါသတည်း။

တဖန်ပြဆိုခဲ့သောအတိုင်း၊ မြတ်စွာဘုရားက၊ ရဟန်းများကို သာသနာပြုရန် တရားဟော စေလွှတ် သကဲ့သို့၊ သာသနာ

၁၅၈၉

စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်

အနှစ် ၃၅၀-သို့ ရောက်သော ကာလ၌၊ အရှင်မဟာမောဂ္ဂလိပုတ္တ တိဿ မထေရ်ဖြတ်သည်၊ တတိယ သင်္ဂါယနာ တင်ပြီးသော အခါ၊ အောက်ပါမဟာထေရ်ဖြတ်ကြီးများ ကို၊ ဓတိုင်း, ဓ-ဌာနသို့၊ သာသနာ ပြုရန် စေလွှတ်တော် မူလေသည်။

၁-ဣသိ မဏ္ဍလိကာ မထေရ်သည်၊ ကောင်းကင်ခရီးဖြင့်၊ ကသဲပြည်၊ တရုပ်ပြည်သို့ကြွ၍၊ ဗျက်ဆီးသော နဂါးကို ကြည်ညိုစေ၍၊ အာသီ ဝိသောပမသုတ်ဖြင့် လူအပေါင်းတို့ကို၊ အဝိဇ္ဇာ ဟူသော အနှောင် အဖွဲ့မှလွတ်ငြောက်စေတော်မူ၏။ ၅စ်သောင်းကျွတ်၍ တသိန်းရဟန်း ပြုသည်။ ။ပါရာဇိကာ် အဋ္ဌကထာ

၂-တန်ခိုးကြီးသော မဟာ ရေဝတ မထေရ်သည်၊ မဟိံသတိုင်း။ ဝါ၊ အသကတိုင်း၊ ပေါတန်ပြည်။ ဝါ ပထန်ပြည်သို့ ကြွသွား၍၊ ဒေဝဒူတ သုတ်တို့ဖြင့်၊ နှိုးဆော်တိုက်တွန်း၍ လူအပေါင်းတို့ကို အဝိဇ္ဇာ အနှောင်အဖွဲ့မှ လွတ်စေ၏။ ။လေးသောင်းကျွတ်၍၊ လေးသောင်း ရဟန်းပြု၏။ ။ဌင်းအဋ္ဌကထာ

၃-တန်ခိုး ကြီးသော ရက္ခိတ မ ထေရ် သည်၊ ဝနဝါသိတိုင်း မဂို ပြည်သို့ ကြွသွား၍၊ ကောင်းကင်၌ ရပ်လျက်၊ အနမတဂ္ဂပရိယာယ သုတ်ကို ဟောတော်မူ၏။ ။ခြောက်သောင်း ကျွတ်၍၊ ခုနစ်သောင်း ရဟန်း ပြုသည်။ ။ဌင်းအဋ္ဌကထာ

၄-ယောနက ဓမ္မရက္ခိတ မထေရ်သည်၊ သုနာပရန္တတိုင်း၊ မြန်မာ ပြည်သို့ ကြွ၍၊ အဂ္ဂိက္ခန္ဓောပမသုတ်ဖြင့်၊ လူများကိုကြည်ညိုစေ၏။ ။ ခုနစ်သောင်း ကျွတ်၍၊ မင်းမျိုးယောကျ်ားတထောင်။ မိန်းမ ခြောက် ထောင် ရဟန်းပြု၏။ ။ဌင်းအဋ္ဌကထာ

၅-မြတ်သော မဟာဓမ္မရက္ခိတ မထေရ်သည်၊ မဟာ ရဋ္ဌမည်၊ ဝံသ တိုင်းပြည်သို့ကြွသွား၍၊ နာရဒဇာတ်ကို ဟောတော်မူ၍၊ လူများကို ကြည် ညို စေ ၏။ ။၅စ်သောင်း လေး ထောင် ကျွတ်၍၊ တသောင်း သုံးထောင် ရဟန်းပြုသည်။ ။ဌင်းအဋ္ဌကထာ

၆-မဟာရက္ခိတ မထေရ်ထည်၊ ယောနကတိုင်း၊ ဂျာမနီ၊ ဇာတလိ၊ ပြင်သစ်ပြည်သို့ ကြွသွား၍၊ ကာဠကာရာမသုတ်ဖြင့်၊ ယောနကတိုင်း သားတို့ကိုကြည်ညိုစေ၏။ ။တသိန်းခုနစ်သောင်းကျွတ်၍၊ တသောင်း ရဟန်းပြုသည်။ ။ဌင်းအဋ္ဌကထာ

၇-မစ္ဆိမ မထေရ်သည်၊ ဟိမဝန္တာ၁၊ တရုပ်ပြည်သို့ကြွ၍၊ ဝမ္မစကြာတရားကို ဟောကြားလျက်၊ လူနှင့် နတ်ဘီလူးတို့ကို ကြည်ညိုစေ၏။ ၅စ်ကုဋေကျွတ်၍ ငါးသိန်းရဟန်းပြုသည်။ ။ဌင်းအဋ္ဌကထာ

၈-တနိုးကြိုးကုန်သော၊ သောဏထေရ်, ဥတ္တရထေရ်တို့သည်၊ ကမ္ဘောဇတိုင်း၊ သထုံပြည်သို့ ကြွသွား၍၊ ဘီးလူးမ ငါးရာတို့ကို နှင်ထုတ်၍၊ ဖြဟ္မဇာလသုတ်ကို ဟောကုန်၏။ ။ခြောက် သောင်းကျွတ်၍၊ ယောကျ်ားသုံးထောင်ငါးရာ၊ မိန်းမတထောင်ငါးရာ ရဟန်းပြုသည်။ ။ဌင်းအဋ္ဌကထာ

၉-မဟိန္ဒထေရ်သည်၊ အမြတ်ဆုံးကျွန်းငယ်ဖြစ်သော သီဟိုဠ်ကျွန်းသို့ကြွတော်မူ၍၊ပေတဝတ္ထု၊ဝိမာနဝတ္ထု၊သမစိတ္တာသုတ်၊ အာသီဝိသောပမသုတ်ကိုဟောတော်မူ၍၊ လူ,နတ်,ဖြဟ္မာတို့ကို ကြည်ညိုစေ၏။ ။ နတ်,ဖြဟ္မာ အသင်္ချေယျ၊ လူပေါင်း ၂၅၀၀-မဂ်ဖိုလ် ရကြ၍။ နောက် ရဟန်းပြု၍၊မဂ်ဖိုလ်ရကြသည်မှာ၊အသင်္ချေယျဖြစ်ပေ၏။ ။ဌင်းအဋ္ဌကထာ

ဤသို့လျှင် ဘုရားရှင်နှင့်တကွ၊ရှေးအစဉ်က၊သာသနာပြုစေလွှတ်ပုံ၊ သာသနာပြုသွားပုံများကို၊ ယခုကာလ သာသနာပြုသူတို့ မှတ်သား၍ သတိထားရန် အချက်ပေတည်း။ ဤကျမ်းဌ အဖွင့်မှာပြဆို၏။ အကျယ်ကို သတိပဋ္ဌာန ဒီပနီဌ ကြည့်ရှုပါလေ။

ဦးလောကနာထ-သာသနာပြုပုံများ

ထိုအကြောင်းနှင့်စပ်၍ သတိချပ်ရန်မှာ၊ ယခုအခါ မြန်မာပြည်၌ လွန်စွာကြည်ညိုခြင်းခံရသော ဦးလောကနာထ-ဟု ခေါ်ဆိုသော၊ သာသနာပြု ပုဂ္ဂိုလ်သည်၊ သက္ကရာဇ် ၉၂-နှစ်အခါ၊ သာသနာပြုမသွားမီ ဦးဇဝနတိက္ခ-ဟု ခေါ်တွင် စဉ်က၊ နိုင်ငံခြားဌ သာသနာ ဖြစ်ထွန်းတည်တန့်အောင် ပြုနိုင်ရန်၊ အကြံဉာဏ်များစေးပါဟု၊ သူရိယသတင်းစာတွင် ကြော်ငြာလိုက်ပေသည်။

ဌင်းကြော်ငြာအရ၊ ဒေသန္တရ ဗဟုသုတ ဘာသာဝါဒများစွာ ကျွမ်းကျင်လျက်၊ ပိဋကတ်ဘက်ဌလည်း၊ ပါဠိအဋ္ဌကထာ ဋီကာစသော ကျမ်းဂန်တတ်ပုဂ္ဂိုလ်ဟု၊ ခေါ်ဆိုသမုတ်ခြင်း ခံရသော၊ ရန်ကုန် မြို့၊ အရှင် အာဒိစ္စဝံသ မထေရ် မြတ်က၊ နိုင်ငံခြားသို့ သာသနာပြု သွားလိုသူတို့အတွက်၊ ၁-ပိဋကတ်ဉာဏ်ရှိခြင်း၊ ၂-ဘာသာခြား စာ,စကား နားလည်ခြင်း၊ ၃-ငါးဝါထက် မငယ် - ဆယ်ဝါထက် မများ စေခြင်း၊ ၄-စ ရိတ် လုံလောက်ခြင်း၊ ဌင်း လေး ပါး နှင့် ပြည့်စုံ ရမည်။ ထိုလေးပါးတွင်၊ ပိဋကတ်ဉာဏ်ရှိမှ၊ အရာရာ သည်းခံနိုင်၍၊ ဥတု-အစာမမှန်သဖြင့်၊ ရောဂါဘေးရန် ဖြစ်စေ တတ်သည်များကိုလည်း၊ သိမြင်ရှောင်ရှား တတ်ပေမည်ဟု သူရိယသတင်းစာ၌ အကြံဉာဏ်ပေးလိုက်လေသည်။

ထိုအခါ ဝိပဿနာ အလုပ်ကို အားထုတ်ဘူး၍၊ နာမ်,ရုပ်တို့၏ အဖြစ်အပျက်မှန်ကို၊ ကောန်သိသောပဋိပတ္တိဉာဏ်ရှင်ခြင်းဟူသော အင်္ဂါတပါးပါဝင်နိုင်ပါလျှင်၊ သာ၍ပင်သင့်လျော်ကြောင်းဖြင့်၊ အရှင်အာဒိစ္စဝံသ၏ အကြံပေးချက် အင်္ဂါလေးပါးကို ထောက်ခံလျက်၊ ထပ်မံဖြည့်စွက်ရန် အကြံပေးပေ၏။ အကြောင်းမူကား၊ နိုင်ငံခြားဌ ပရိယတ္တိဉာဏ်ဖြင့် မမျှတသော ဥတုအစာတို့ အတွက်၊ ရောဂါဘေးရန်ကို သည်းခံရှာင်ရှားနိုင်သည်ထက်၊ ပဋိပတ္တိဉာဏ်ဖြင့်၊ ရောဂါဘေးရန်ကို သာ၍ပင်လျှင် သည်းခံရှောင်ရှားနိုင်ကြောင်း များကို၊ အထက်၌ ဘော်ပြ ခဲ့ပြီးသော ၉-တိုင်း, ၉-ဌာနသို့ သာသနာပြုကြသော မထေရ်တို့နှင်၊ ထောက်ချင့်နိုင်းယှဉ်ရန်၊ ဝေဘန်၍ ပြလိုက်ပေသည်။

သို့သော် ဦးလောကနာထသည်၊ ဆန္ဒဝိရိယတို့ ထက်သန်၍ ချီးမွမ်းရန်များရှိလျက်၊ မိမိတောင်းပန်သော အကြံပေးချက်များကို အဓိဋ္ဌာန်မထားခြင်း၊ အကြံပေးသူတို့နှင့် တိုင်ပင်မှု မရှိခြင်းတို့အပြင်၊ ရဟန်းဖြစ်သော်လည်း၊ ဝိနည်း၌ မကျွမ်းကျင်၊ မိမိစိတ်ထင်တိုင်း ပြုလုပ်သွားလေရာ၊ ထိုအခါက၊ များစွာသော ရှင်,လူ,ရဟန်းတို့၊ ပျားပန်းခတ်မျှ ဥက္ကောဋ္ဌေယျ၊ လှုပ်လှုပ်ရွရွဖြစ်၍၊ သူ့ထက်ငါ ကြည်ညိုခြင်း၊ ထောက်ပံ့ခြင်းစသည်များကို ပြုလုပ်ကြလေ၏။ ထိုအခါ ကျွန်ုပ်တို့ သည်ကား၊ ဦးလောကနာထ၏ သတင်းများ ကျော်ကြားသော်လည်း၊ စည်းကမ်းနှင့် အလုပ်နည်းလမ်းများကို ထောတ်ထားပါလျှင်၊ မကြာမီပင် သင်္ကြန်အမြောက်ကဲ့သို့ ဖြစ်သွားလိမ့်မည်ဟု၊ အရှင်အာဒိစ္စဝံသ မထေရ်မြတ်နှင့် ပြောကြား နေသော အတိုင်း၊ မဆိုင်းမတွ များလှသော ရဟန်းသာမဏေအပေါင်း၊ တပြိုတခေါင်းကြီးနှင့်၊ မြင်ကောင်း ကြားကောင်းရုံ အနေ့မာ၊ သောင်းပြောင်းရောရာ၊ ပရိသတ်များစွာဖြင့်၊ မြန်မာများနှင့် သွားလိုက်၊ တော်တော်ကြာ မြန်မာ မကောင်းပြောပြီး၊ ယိုးဒယားနှင့်သွားလိုက်၊ တော်တော်ကြာ ယိုးဒယားမင်းကောင်းပြောပြီး၊ သီဟိုဠ်နှင့်သွားလိုက်၊ အမျိုးမျိုး တိုက်ကြွေ့ လေသည်။ သို့သော်၊ ဘယ်နည်းနှင့်မှ ဟန်မကိုက်တော့ဘဲ၊ နောက်ဆုံး၌ကား၊ အကျိုးမထူးခြား၊ လိုက်သွားသူများ ဆင်းရဲပင်ပန်းလှခြင်း၊ ထောက်ပံ့သူများ စရိတ် ကုန်ခန်းလှခြင်း တို့ဖြင့်သာ အသားတင် ကျန်ရှိလေတော့သည်။ ၎င်းအကြောင်းများကို ရှေးကကူ၊ ပ်တို့ ဘော်ပြရေးသားခဲ့ပါလျှင်၊ အများကပင် အရူးအနှန်းဟု စွဲလမ်းပြောဆိုလျက်၊ နှိပ်စက်ဆူညံပြီး၊ ကံများပင်ပြုကြ ဦးမည်လားဟု၊ စဉ်စားမိလေတော့သည်။ ဤသို့ဝမ်းနည်းဘွယ်စကားကို ရေးသားရခြင်းသည်၊ ရှေးအခါ သာသနာနှင့်စပ်သော ကိစ္စအတွက်၊ အဆက်ဆက် သင်္ဂါယနာတင်ရအောင်ဖြစ်သော၊ အဓိကရဏ်းကြီးများ၊ ရိုက်ပုတ်သတ်ဖြတ် သေကြေကြအောင်ဖြစ်သော အဓိကရဏ်းကြီးများ၊ တိုင်းပြည်မှ နှင်ထုတ်ရအောင်၊ ထွက်ပြေးရအောင်ဖြစ်သော အဓိကရဏ်းကြီးများ၊ ဘိုးတော်လက်ထက်၌ အသွင်အပြင် ပြောင်းလဲ အောင်ပင် ဖြစ်သော အဓိကရဏ်း ကြီးများ၊ ဤသို့ စသည်ဖြင့်၊ သာသန အဓိ ကရဏ်း ကြီးများ၊ အမျိုးမျိုး ပေါ်ပေါက်ကြလျက်၊ သပိတ်မှောက်ခြင်း၊ ကံပြုခြင်းတို့ မရှိခဲ့ကြဘူးသော်လည်း၊ ကျွန်ုပ်တို့ သာသနာပြုသောအခါကြီး၌ကား၊ သတင်းစာခေတ်စားခြင်း၊ သာသနာကို နားမလည်သော အယ်ဒီတာတို့ ရေးသည်ကို၊ မသိသူတို့ယုံခြင်း၊ ဓမ္မာဓိဋ္ဌာန်ထက် ပုဂ္ဂလာဓိဋ္ဌာန်ကို လိုက်သူများခြင်း စသည်တို့ကြောင့်၊ ထစ်ခနဲဆို သပိတ်မှောက်လိုက်မည်၊ ကံပြုလိုက်မည်ဆိုသောသူတို့က၊ တွင်ကျယ်နေသော ခေတ်ဆိုးကြီးနှင့်၊ အကျိုးပေးကြိုကြိုက်လျက်၊ ပက်ပင်းပါ တွေ့ဆုံနေရသောကြောင့်ပေတည်း။ ယခုတဖန်၊ နောင်တရလာ လာကြရာ၊

မြန်မာပြည်၌ သာသနာနှင့်စပ်၍၊ အထပ်ထပ် မှားပြီးမှ နောင်တရခြင်းတို့ များလှခဲ့ပြီ ဖြစ်ကြ၍၊ လောကဓမ္မ၏သဘာဝကို နှိုင်းဆရန်၊ ဥာဏ်မရှိကြသူနှင့် ဥာဏ်ရှိသူတို့ ပြောသော်လည်း၊ မယုံကြည် မနာယူသူများတို့၊ နောင်အစဉ်မှားကြဦးမည်မှာ၊ဓမ္မသဘောပင် ဖြစ်သည်ဟု၊ တည်ကြည်သော သမာဓိပညာရှင်တို့ သိမြင်ရန် အချက်ပေတည်း။

ဤကား၊ သာသနာပြုလိုသူတို့ သတိမူရန် အချက်စုတို့နှင့်၊ မျက်မြင်ဝထွေ၊ များပါ ထင်ရှားစေလျက်၊ ပြန်လှန်စဉ်းစားနိုင်ရန် ထည့်စွက်ပြီး၊ အသီးအသီး နောင်ခါမမှားရအောင်၊ အမြွက်မျှ ဘော်ပြ ရေးသား လိုက်သော စကားတို့ ပေတည်း။

မြတ်စွာဘုရားနှင့် ရဟန္တာများ သာသနာပြုပုံကို ပြဆိုခြင်းပြီး၏။

မင်းကွန်းဇေတဝန်ဆရာကော်ဘုရား၊ သာသနာပြုပုံများကို ထင်ရှားစွာပြဆိုခြင်း

၁၉-ထိုနည်းအလား၊ ပမာထား၊ ဟောကြားစေလွှတ်ပါ။
၂၀-ကိုယ်တွက်လုံခြား၊ သူတပါး၊ နည်းများပေသင့်ရာ။

ဤသံပေါက်လကော်များ၏ အဓိပ္ပါယ်အရမှာ၊ အထက်၌ ပြဆိုခဲ့ပြီးသော၊ မြတ်စွာဘုရားနှင့်၊ ရဟန္တာ မထေရ်မြတ်ကြီးများ၊ သာသနာပြုရန် တပည့်သာဝကတို့အား ဟောကြားစေလွှတ်တော်မူသော အလား၊ ကျေးဇူးရှင် မင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီးသည်လည်း၊ အသီးသီးသောတပည့်တို့အား၊ စည်းကမ်းနည်းလမ်းများကို ကျနစွာ သင်ကြားပြီးမှ၊ သူတပါးတို့အား၊ နည်းပေးဆုံးမ ဆရာပြုလုပ်ရမည်ဟု မိန့်တော်မူ၏။

ထိုကဲ့သို့ မိန့်တော်မူသော၊ ဩဝါဒအရကို၊ ရိုသေကျိုးနွံစွာ လိုက်နာကြကုန်သော တပည့်တို့မှာ၊ ရှေးအခါဆေးအတတ်ကို ကျနစွာသင်ယူသွားပြီးမှ၊ ဆရာပြုလုပ်ကြသော သူတို့ကဲ့သို့ ဖြစ်ပေ၏။

ဥပမာကား၊ ရှေးအခါဆေးအတတ် သင်ကြသောသူတို့မှာ၊ ရှေးဦးစွာ ဆေးစာကျက်၍ရခြင်း၊ အဓိပ္ပါယ် မှတ်သား၍ ကဲ့ပြားခြင်း၊ ဆေးပေါ်တတ်ခြင်း၊ ဘယ်ရောဂါ-ဘယ်ဆေး တိုက်ရမည်ဟု၊ စာ၌ပါရှိသည်ကို သိရုံမျှနှင့်၊ ခဲ့ခွါ၍ ဆရာမလုပ်ရသေးပေ။ ဆရာကြီး ဆေးကုသွားရာသို့ ဆေးအိတ်လွယ်လိုက်ပြီး၊ ရောဂါဖြစ်ပုံကို မေးမြန်းခြင်း၊ သွေးစမ်းခြင်း စသည်များကို ပြုပြီးမှ၊ ဥတု,ရောဂါအား လျော်စွာ၊ သင့်ရာ ဆေး,ဓာတ်စာတို့ကို ပေးပုံ,ပေးနည်းအရ၊ ကာလ ရှည်ကြာ၊ နည်းနာ စုံလင်အောင်၊ ယူငင်ရရှိပြီးမှ၊ ဆရာကြီးနှင့် ခဲ့ခွါရလေသည်။

ဤဥပမာ အတူပင်လျှင်၊ ကျေးဇူးရှင် မင်းကွန်း ဆရာတော်ဘုရားကြီးသည်၊ မိမိ၏တပည့်များကို၊ တရားနာခြင်း၊ စာအုပ်ကြည့်ခြင်းဖြင့်၊ သဘော အဓိပ္ပါယ်ကို သိရှိရုံမျှနှင့် စိတ်မချရသေးပေ။ ကမ္မဋ္ဌာန်းခွင်သို့ ဝင်ပြီး ကိုယ်တိုင်အားထုတ်၍၊ပရမတ် နာမ်,ရုပ် သဘောတို့၏ဖြစ်ပြီးမှ ချုပ်ခြင်း၊ မဖြစ်ဘဲ ချုပ်ခြင်းတို့ကို၊ ဒိဋ္ဌသိမြင်ခြင်း၊ ဉာဏ်ပွင့်လင်း၍၊ သံသယာ ကင်းရှင်းခြင်း၊ တဖန် မေးမြန်းစစ်ဆေးခြင်း၊ ဆုံးဖြတ်ခြင်းတို့ ပိုင်နိုင်စေရန်၊အားထုတ်နေဆဲ ယောဂိတို့ရှိစဉ်၊ ဆရာနှင့်အတူနေကာ၊ နှစ်,လ များစွာ နည်းလမ်းစည်းကမ်းများကို၊ သင်ယူရရှိပြီးမှ၊သီးခြားဆရာ လုပ်စေရ၏။

ထိုကဲ့သို့ မဟုတ်သော သူများကို၊ ဆရာတော်ဘုရားကြီးက အသိအမှတ်ထားခြင်းမပြုပေ။လက်အောက်ရှိတပည့်ကြီးတစုတို့ကလည်း၊ မိမိတို့ထံ၌၊ တပည့်ခံ၍ တရားအားထုတ်ကြသောသူတို့ကိုလည်း၊ဆရာတော်ဘုရားကြီး၏ နည်းတူပင်လျှင်၊ အစဉ်အဆက် စည်းကမ်း နည်းလမ်းများ မပျက်မကွက်စေခြင်းငှါ၊ ကျနစွာသင်ကြားပြသ၍၊ ဆရာပြုလုပ်နိုင်ရန် သင့်တန်ပြီထင်မှ၊ တဖန်တရားပြ သီးခြားနေထိုင်ရေးကို၊ အားပေးတိုက်တွန်းမှ ပြုကြလေတော့သည်။

အဘယ့်ကြောင့် နည်းဟူမူကား၊ ပဒသုကာလ များစွာသော ဆေးဆရာတို့သည်၊စည်းကမ်းနည်းလမ်းကို ကျနစွာနည်းယူသင်ကြားခြင်းမရှိကြဘဲ၊ ဆရာကြီးနှင့်ခွဲပြီး၊ တသီးတခြားဆရာပြု၍ ဆေးကုလေရာ၊ များစွာသော လူအပေါင်းတို့မှာ၊အချိန်အခါမရောက်သေးဘဲ၊ဆေးလွဲ၊ ဓာတ်လွဲ၊ ဆရာလွဲကြောင့်၊ သေခြင်းဟူသော မရဏာပွဲသို့၊ မရှုမလှ ဆင်းရဲပင်းပန်းစွာဖြင့်၊ သနားဘွယ်ရာ ဝင်ရှာကြလေတော့သည်။ ထို့ကြောင့်၊ ဆေးဆရာများကို၊ ထောင်မှူး လူသတ် သမားဟု ပြောကြားခြင်း ပြုကြပေသတည်း။

ထိုနည်းအတူပင်လျှင်၊ပဒသုကာလ များစွာသော ကမ္မဋ္ဌာန်းဆရာတို့သည်၊ မိမိတို့ အဓိတန်ကဲ့ သဟဲပြုသော ဆရာကြီးများထံမှ၊ ကျနစွာနည်းခံ သင်ယူခြင်းမရှိဘဲ၊စာကြည့်၍ သိမှု၊ တရားနာ၍ သိမှု၊အဓိပ္ပါယ်အယူအဆ ခွဲပြရှင်းလင်း၍ သိမှု၊အနည်းငယ်စမ်းသပ် အားထုတ်ဘူး၍ သိမှု၊ ၎င်းစုမျှနှင့် တော်လှပြီထင်ပြီး၊ ဆရာကြီးပြုလုပ်လျက်၊ ကမ္မဋ္ဌာန်းအားထုတ်လိုသူများကို၊ တရားပေးပြသကြရာ၊ တပည့်ဖြစ်သူတို့မှာ၊ ပါရမီ အားလျော်စွာ၊အာရုံအမျိုးမျိုး ထင်လာတတ်လေသည်။ထိုအခါ

ဆရာမှာ နားမလည်ရှာသဖြင့်၊ကစင့်ကရဲ၊ လဲသူ လဲ၊လန့်သူ လန့်၊ ရူးသူ ရူး၊ နှမ်းသူ နှမ်း၊ပရမ်းပတာ ဖြစ်လျက်၊ ဆွေးမျိုးအဆက်ဆက်၊ ကြားဘူးသူ အဆက်တို့ပင်လျှင်၊ နောင်အစဉ် ပျက်စီး၍၊ တသိကြီး တတန်းကြီးတို့မှာ၊ အမှန်နည်းတွေသေလည်း၊ အမှားနည်းစိတ်ထင်၍ ပြုပြင်မရ၊ ဘဝများစွာ သံသရာတလျှောက်လုံးခွံ၊ယူကြုံးမရနိုင်အောင်ဆုံးရှုံးနစ်နာလှသဖြင့်၊ အလွန်သနားဘွယ် ဖြစ်ရလေတော့သည်။ ထို့ကြောင့်၊ ''ကုန်ရှုံး-တခေါက်၊ လင်ကုန်ရှုံး-တသက်လုံးမှောက်၊ဆရာရှုံးက-တသံသရာလုံးမှောက်'' တတ်သည်ဟု၊ ပြောစမှတ်ပြုကြပေသတည်း။

ပဒုမ္မာပြဆိုခဲ့သော အဓိပ္ပါယ်များသည်ကား၊ မူလဆရာကြီး၏ စည်းကမ်းနည်းလမ်းတို့ ဖြောင့်မှန်လျက်၊ နောက်ဆက် ဆရာ များကြောင့်၊ တပည့်တို့ ပျက်ပြားရပုံကို သိသာရုံပြဆိုခြင်းဖြစ်ပေ၏။ သို့သော်၊ မူလဂိုဏ်းတည်ဆရာကြီး၏ စည်းကမ်းနည်းလမ်းကိုက လွဲမှားနေသဖြင့်၊ တပည့်အဆက်ဆက်တို့ ပျက်ပြားရသည် မှာကား၊ လွန်စွာမှ များလှ၍၊ အရေးကြီးစွာ သတိထားရမည်ဟု၊ ဆရာတော်ဘုရားကြီး မိန့်ကြားခဲ့ပေသည်။

အတ္တာနမေဝ ပထမံ၊ ပဋိရူပေ နိဝေသယေ။
အထည မနုသာသေယျ၊ နကိလိဿေယျ ပဏ္ဍိတော။ ။

ဓမ္မပဒ ပါဠိတော်

ဘောန္တော သပ္ပုရိသာ၊ မင်္ဂဗိုလ် ရရန်၊ နည်းလမ်းမှန်ကို၊ ဇကန်လိုလားကြသော အိုသူတော်ကောင်းအများတို့။ ပဏ္ဍိတော၊ ကမ္မဋ္ဌာန်းတရား၊ နည်းလမ်းများကို၊ ဟောကြားလိုဘိ၊ ဆရာဟူသော ပညာရှိမည်သည်။ အတ္တာနမေဝ မိမိကိုယ်ကိုသာလျှင်။ ပထမံ၊ လက်ဦးအစ၊ ပဌမအခါ ရှေးဦးစွာ။ ပဋိရူပေ၊ သင့်တင့်လျောက်ပတ်၊ မှန်ကန် ဖြောင့်မတ်သော ဝိပဿနာတရားအကျင့်မြတ်၌။ နိဝေသယေ၊ လက်ဆုပ် လက်ကိုင်၊ ဝိုင်ဝိုင်လှလှ၊ နည်းနာရအောင်၊ ကျင့်ဆောင်သိမှီး၍ ထားသင့်ရာ၏။ အထပန္တော၊ ဖခားထုတ်သောနည်း၊ ဆရာ့နည်းကို၊ ရပြီးလေရာ၊ နောက်အခါမှ။ အညံ၊ဆည်းကပ်လာသူ၊ ရှင်,လူ,ရဟန်း၊တပည့်တပန်းအများ၊ သူတပါးကို။ အနုသာသေယျ၊ နည်းလမ်းမများ၊ စည်းကမ်းထားလျက်၊ သင်ကြားမှန်စွာ၊ ဆုံးမရာ၏။ ပဏ္ဍိတော၊ကမ္မဋ္ဌာန်းတရား၊ နည်းလမ်းများကို၊ဟောကြားလိုဘိ၊ဆရာဟူသော ပညာရှိမည်သည်။

အတ္တဘာနဉ္စ၊ ဆရာပြုလို၊ မိမိကိုယ်ကိုဂုဏ်း။ အညဉ္စ၊ ဆည်းကပ်လာသူ၊ ဂုဏ်,လူ အများ၊ သူတပါးကိုဂုဏ်း။ နကိလိဿယဟူ၊ ပစ္စုပ္ပန်,သံသရာ၊ နှစ်ဖြာညစ်နွမ်း၊ မဆင်းရဲ မပင်ပန်းစေရာသတည်း။

ဤသို့ရှိသော၊ ဒေသနာတော်မြတ်၏၊ သိမှတ်ရန်အဖွင့်မျှဖြစ်သော အဓိပ္ပါယ်မှာ၊ ပဒသုဒ္ဓါ များစွာသော ကမ္မဋ္ဌာန်း ဆရာတို့နှင့်၊ တပည့် ဖြစ်သူများတို့၊ သတိထားရန် အ ချက် များ ကို ပြဆိုခြင်း ဖြစ်ပေ၏။ ထို့ကြောင့်၊ ပဒသုဒ္ဓပြသော ဓမ္မပဒပါဠိတော်၏ အဓိပ္ပါယ် အရှုနှင့်၊ နောက်ကပြဆိုခဲ့သော သာသနာပြုရန်၊ ဂုဏ်းစွာ ဘုရားဂုဏ် စေလွှတ် တော်မူသော ရဟန္တာကြီး ၉-ကျပ်တို့၏ အစဉ်အလာကိုဂုဏ်း၊ ၉-တိုင်း ၉-ဌာနသို့ သာသနာပြုကြွတော်မူကြသော ရဟန္တာဓမ္မထေရ်မြတ်တို့၏ အစဉ်အလာကိုဂုဏ်း၊ ထောက်စာ ဆင်ခြင်၍၊ ကျေးဇူးဂုဏ် မင်းကွန်း ဓေတဝန် ဆံရာတော်ဘုရားကြီးသည် မိမိ၏တပည့်အဆက်ဆက်များ၊ မိဒါ၏တရားဌ စည်းကမ်းနည်းလမ်းတို့၊ ကျနမ်နာကန်စွာ၊ ဆရာပြုလုပ် ခါဖြင့်၊ ဝိပဿနာကမ္မဋ္ဌာန်းတရားကို ဟောကြားပြသ၊ ဆုံးမနည်းပေး ရမည်ဟု၊ အတည်အကျ ညွှတ်ဒနည်းလမ်း မမှားစေရန်၊ စည်းကမ်း များ ထားတော်မူခဲ့ပေသည်။

ပဒသု ပြဆို ခဲ့သော၊ စည်းကမ်း အချက်ကို၊ အဖွင့်မှ သိရန်မှာ၊ အဆထက်ဌ ပါရှိပြီးသော၊ ကျေးဇူးဂုဏ် ဆရာကြီးတို့တွင်၊ ဓမ္မာစရိယ အဝင် ဖြစ်သော၊ ဇလောဗြွှဲ၊ ရတနာပုံ တောရ ဆရာတော် ဘုရားကြီး သည်၊ ၇၆-ခုနှစ်က၊ မြွှေလွှဲ သီတင်း သုံးသော မင်းကွန်း ဆရာတော် ဘုရားကြီးထံသို့၊ ကျွန်ုပ်တရားနာယူရန်သွားရာ၊ ထိုအခါမှစ၍၊ တရား မှားကို လိုတ်သည်ဟုထင်မြင်၍ ကျွန်ုပ်ကိုပယ်ကြဉ်သကဲ့သို့၊ ဂုဏ်းကလို ဒေါင်ဝင် တိုင်ပင်ခြင်းစသော စကားများကို မပြောပေ။

ကျွန်ုပ်တို့သည်ကား၊ တပည့်တို့၏ ဝတ္တရားအတိုင်း နှစ်စဉ်သွား၍ ကန်တော့ ငြား သော် လည်း၊ ကမ္မဋ္ဌာန်း တရားနှင့် စပ်သည် များကို၊ မလျော်က် ထားဘဲ နေခဲ့ရာ၊ ၁၅-နှစ်မျှ ကာလ ကြာသွား ပေ၏။ ထို အတွင်းဌ ဆရာတော်ဘုရားကြီး၏ အစ်ကိုရင်းဖြစ်သော၊ ရန်ကုန်မြို့၊ မန္တလေးလမ်းနေ၊ ဆရာဦးဘိုးတုပ်က ကျွန်ုပ်တို့ ရေးသော ကျမ်းကို ကြည့်ရှုသဘောကျ၍၊ အခြေအနေကိုလည်းသိရသဖြင့်၊ ညီဖြစ်သော ဇလော ဆရာတော်နှင့်တွေ့သောဖာခါ အောက်ပါအတိုင်း လျှောက်ထား လေသည်။

ဆရာတော်၏ တပည့်မှာ၊ ရုန်ကုန်-မော်လမြိုင်-ယိုးဒယား စသည်များ၌၊ ဝိပဿနာတရား ဟောကြားပြသသဖြင့်၊ ထင်ရှား လှပါသော်လည်း၊ ဆရာတော်မှာ၊ မသိသကဲ့သို့ ဖြစ်နေရှာ၍၊ ဝမ်းနည်းဘွယ်ရာ ဖြစ်ပါသည်ဟု လျှောက်ထား လေ၏။ ဆရာတော် ဘုရားသည်၊ ၎င်း စကားကို အခြေခံမှတ်သားပြီး၊ ဆင်ခြင်စဉ်းစားခြင်း ကျမ်းစာများကို ကြည့်ရှုခြင်းအားဖြင့်၊ စိတ်ပြောင်းသွားလေရာ၊ ၁၂၄၀-ပြည့်နှစ်၌၊ ကန်တော့ရန်သွား၍၊ တွေ့ဆုံသောအခါ၊ ပဒသ္ဓနှစ်မှာ၊ ငါတို့ထံနေပြီး တရားပြပါဟု ကျွန်ုပ်အား မိန့်ကြားတော် မူပေသည်။

၍သို့ မိန့်တော် မူသောအခါ၊ ၁၅-နှစ်မျှ ကြာအောင်ပင်၊ ထင်မြင်နေသောစိတ်မှ၊ပဒသ္ဓပြောင်းလဲလာခြင်း၏အကြောင်းများကို၊ မိန့်ကြားတော်မူပါဟု လျှောက်ထားရပေ၏။ ထိုအခါ ဆရာတော် ဘုရားက၊ နောင်တော်ဆရာကြီး ဦးဘိုးတုပ် လျှောက်ဘူးသော စကားကို အခြေခံမှတ်သားပြီး၊ ကျမ်းများကိုကြည့်ခြင်း စဉ်းစားခြင်းဖြင့် စိတ်ပြောင်းသွားကြောင်း မိန့်တော်မူ၏။

တဖန်၊ ဆင်ခြင်စဉ်းစားပုံများကို၊ နာကြား လိုပါသည် ဘုရားဟု လျှောက်ထားလေရာ၊ ဝိပဿနာ ကမ္မဋ္ဌာန်း ဟူသော၊ နိဗ္ဗာန်သွားလမ်းသည်၊ အလုပ်စခန်းတို့တွင်၊ အဖြင့်ဆုံးသော အတန်းအစားဖြစ်ပေ၏။ ၎င်းလုပ်ငန်းကို၊ ဆုံးခန်း တိုင်ရောက်၊ ပေါက် မြောက် အောင်မြင်ရန် နည်းလမ်းမှာလည်း၊ အကောင်း ဆုံးသော စည်းကမ်း ဖမ်းချုပ် ရှိသင့်ပေသည်။ သိနိုင်ရန် သာဓကမှာ၊ လူတို့၏ လောကီပင်္ကည်း လုပ်ငန်းမှာ ပင်လျှင်၊ စံနစ်ခေါ်သော စည်းကမ်း ကျနမှ အကျိုးတရား ခံစားရလေရာ၊ စံနစ်စည်းကမ်းမဟုတ်သော်၊လောကီအလုပ်ပင်၊မဖြစ်ထွန်း မကြီးပွါးဘဲ၊ပျက်ပြားခြင်းများလှသဖြင့်၊ စည်းကမ်းမကျနသော လောကုတ္တရာ တရား ဝိပဿနာ လုပ်ငန်းမှာလည်း၊ ဆုံးခန်းတိုင်ရောက်၊ ပေါက်မြောက်ခြင်း မဖြစ်နိုင်ပေဟု စဉ်းစားဆင်ခြင်မိလေ၏။

၍သို့သောစဉ်းစားဆင်ခြင်ချက်ကိုနှိုင်းယှဉ်ပြန်ရာ ပဒသ္ဓအခါဖြန်မာပြည်၌၊ များစွာသော ကမ္မဋ္ဌာန်းဂိုဏ်း၊ ကမ္မဋ္ဌာန်းနည်း၊ ကမ္မဋ္ဌာန်းဆရာတို့ ရှိသည်တွင်၊ မင်းကွန်းဂိုဏ်းမှတပါး၊ အခြားသော ဂိုဏ်းတို့က၊ နည်းလမ်းပြသောဆရာတို့မှာ၊ ရဟန်းနှင့် ရဟေ့သာရှိလေရာ၊ ၎င်းတို့မှာလည်း မကြာမကြာ၊ ဝိသဘာဂအာဂုံနှင့် ပျက်စီး၍၊ နာမည်ဆိုးကြီး

များး ဖြစ်ခြင်း၊ မကြာမကြာ တရားပြောင်းခြင်း၊ စိတ်ဘောက်ပြန်ရူးနှမ်း ခြင်း စသည်ဖြင့်၊ မသင့်သော ကမ္မဋ္ဌာန်း နည်းများကို ကြားရ သော ကြောင့် စည်းကမ်းလည်းမမှန်ဟု ဆင်ခြင်ဉာဏ်ဖြစ်ပေသည်။

တဖန် မင်းကွန်း ဆရာတော်နှင့် တကွ၊ ၎င်းဂိုဏ်းက တရားနည်း ပြသော ဆရာတို့သည်၊ ရဟန်း, ရဿေ, သိလရှင်, လူပေဘာကျား, လူမိန်းမဟုဂိုပေ၏။ ၎င်းတို့တွင် သိလရှင်ကို ဆရာတင်၍၊ရဟန်း,သာ မဏော, ရဿေ, လူပေဘာကျားများပင်၊ တရားဝင်၍ အားထုတ်ကြရာ၊ ကာလကြာသော်လည်း၊ တရားပြောင်းလဲ မမြဲခြင်း၊ ဘောက်ပြန် ပျက် စီးခြင်း၊ ရူးနှမ်းခြင်း စသည် များကို၊ မကြားမသိရခြင်း၊ ကျမ်းဂန် ဒေသ နာ နှင့်၊ ဂြေးအခါဝင်ထွ၊ များကို ရှုကြည့်မိခြင်း စသည်ဖြင့်၊ စည်းကမ်းအချုပ်သင့်တင့်ခြင်း ဂိုသည်ကို၊မျက်စိနှင့်ပင် မြင်သိနိုင်လေ ရာ။ နည်းလမ်း ဖြစ်သော ဝိပဿနာ အလုပ်မှာလည်း၊ အဟုတ်အမှန် ဖြစ်ကြောင်းကို၊ ကောင်းစွာယုံကြည်စိတ်၊ ပြောင်းလာပေသည်။

ထိုကဲ့သို့အမိန့်ဂိုသောအခါ၊ဝမ်းသာရခြင်းဖြစ်ပါသော်လည်း၊စိစဉ် ထားသောလုပ်ငန်းခရီးမှာ၊ ဆရာတော်၏အလိုပြည့်စေခြင်းငှါ မလာ နိုင်ပါ၍၊ဝမ်းနည်းစွာနှင့် လျှောက်ထားသွားရပေ၏။ ၎င်းနောက်၊ဆရာ တော်ဘုရားမှာ၊ ကျမ်းစာကိုသာကြည့်ရှုပြီး စွမ်းနိုင်သမျှအမှတ်ပြုနှလုံး သွင်းရာ၊ မကြာမီမျက်စိရောဂါစွဲကပ်လာသဖြင့်၊ တွင်ကျယ်စွာ အား ထုတ်ခွင့် မရပေ။ ယခုတိုင် သိတင်းသုံး ဂိုနေ၏။ သတိပြုရန်မှာ၊ ဆရာ တော် ယခုကဲ့သို့ဒိဋ္ဌိတ်ဖြစ်သည်ကို၊ အပြစ်တင်ရန်မသင့်၊ ဣန္ဒြေနဲ့,ရင့် ကို ထောက်ချင့်ရခြင်း ဂိုပေသေးသည်။ သတိပေးရန်မှာကား အကြောင်း ကို ရှုကြည့်သိမြင်ကြသူများသည်၊''အကြီးကောင်းသော်လည်း အလာ နောင်းသည်''ဟူသကဲ့သို့၊ ရယူရန် လွယ်ကူသော အခါကို မလွန်ခင်၊ ''ခဏော ဝေ မာ ဥပဇ္ဈာ ဂါ''ဟူသော ဒေသနာအရဖြင့်၊ အထူးပင် သတိ ပြုသင့်လှပေတော့သည်။

ဤနေ ရာ၌ ထူးခြားသော အချက် များကား၊ အောက် ပါ အတိုင်း ဖြစ်ပေ၏။ ယခုအခါ သာသနာနောက်ဒိုင်းနှား၌၊ ထင်ရှားသော ဂိုဏ်း တို့ကို၊ အဟောအပြော သာသနာပြု စည်းကမ်းများထားကြသည်မှာ၊ ရွှေကျင်ဂိုဏ်း၊ လယ်တီဂိုဏ်း၊ မင်းကွန်းဂိုဏ်း၊ မိုးယိမ်းဥင်းဂိုဏ်းဟူ

ရှိပေ၏။ ထိုဂိုဏ်းတို့တွင်၊ ရွှေကျင်ဂိုဏ်းခွဲ၊ ပဝပ်လဲ့ဟောနည်းကို၊ လေသွား လေထား၊ အနိမ့် အမြင့် အဖြတ် အရပ်များ၊ ဦးစာရိတ္တကဲ့သို့ ပြုရမည်ဟု မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး မိန့်ကြားတော်မူပေ၏။

လယ်တိုဂိုဏ်းခွဲ အာဘိမွော ဟောနည်းကို ၊အဓိပ္ပါယ် သဒ္ဒါ သရုပ် ထုတ်ပုံ၊ တရားဆင်ပုံ၊ ဝတ္ထုသွင်းပုံများ ဆရာတော်ဘုရားအတိုင်း ဟောရန်နှင့်၊ တပည့်ငယ်ထဲမှာ မောင်ဝဏ္ဏိတ စည်းကမ်းကျသည်ဟု မိန့်တော်မူ၏။

ဓိဃိုးညွှင်းဂိုဏ်းခွဲ၊ ဝိပဿနာတရားဟောနည်းကို၊ ၇-ရက်ပါတ်၊ ၁၅-ရက်ပါတ်ထား၍၊ အစမှအဆုံးတိုင် လုပ်နည်း သဘော ဥပမာ ဝတ္ထု အစီ အစဉ် များမှာ၊ ဆရာတော် ဘုရားကြီးနှင့် တသားတည်း ကိုက်ညီအောင် ညှိနှိုင်းပြီးမှ တမျိုးတည်းသွားရန်၊ ဆရာတော်ဘုရားကြီးက စည်းကမ်းသတ်ထား၍ ဟောကြားရပေသည်။

မင်းကွန်းဂိုဏ်းခွဲမှကား၊ဝိပဿနာ တရားဟောနည်းကို၊အားထုတ်ပုံ,စစ်မေးပုံ,အာရုံပြောင်းပုံ,ဆုံးဖြတ်ပုံ သဘောဟူစေ၍၊ပေါဂိစိတ် ပြုပြင်ရန်၊အများတို့ သဒ္ဓါတရား ဖြစ်စေရန်မှာကား၊မိမိတို့ဉာဏ်မှိရာ၊ ဒေသနာ ဝတ္ထု သာဓကနှင့် ဥပမာများကို၊ ပုဂ္ဂိုလ်၏ အလိုဆန္ဒ အခါကာလများ ထောက်ထား၍၊ ထိုက်သည့် အားလျော်စွာ၊ ဟောကြားရမည်ဟု မိန့်တော်မူဘူးလေသည်။ ဤသို့လျှင်၊ တရားဟော သာသနာပြုများ၌၊ မဟူ ထူးခြား ကွဲပြားသည်တို့ကို၊ အလိုရှိသူတို့ သတိထား၍ မှတ်သားသိရှိကြစေရန်၊ အမြွက်မျှ ဘော်ပြလိုက်ပါသည်။

တဖန်၊ ထူးခြားသော အချက်တချမှာကား၊ သာသနာပြုလိုသူများသည်၊ မြတ်စွာဘုရား ဥရုဝေလတော၊ ၎င်းပြင် အာဠာဝကဘိလူးနှင့်၊ ကောသမ္ဗီပြည်၌ သာသနာပြုပုံ၊ အခွင့် ပုဏ္ဏာမထေရ်၊ မြန်မာပြည်၌ သာသနာပြုပုံ၊ ခွင်အသင်္ခိ-ဥပတိဿကို သာသနာပြုပုံ၊ ခွင်သာရိပုတ္တရာ၊ ငယ်ဆရာတပည့် ပဉ္စင်္ဂိတနှင့်၊ မိခင်ပုဏ္ဏားမကြီးကို သာသနာပြုပုံ၊ ဤသို့စသဖြင့်၊ ရှေးသူတော်ကောင်းတို့၏ထုံးကို နှလုံးသွင်း၍၊ အရပ် ဒေသ အခါကာလ ပုဂ္ဂိုလ်၏ အလိုဆန္ဒကို ထောက်ဆလျက် ပြုကြရ၏။

တဖန်၊အခစာအာဟာရ၊နေရာအာဝါသ စသည်တို့၌ သည်းမခံခြင်း၊ စိတ်တိုကျွတ်ဆတ်ခြင်း၊သဒ္ဓါကြည်ဖြူ၍၊ပစ္စည်းပေးလှူကူညီထောက်ပံ့

ကြသော၊ တပည့် ဒကာ,ဒကာမ တို့၏ ပစ္စည်း များကို လိုလားခြင်း၊ အကျိုးမရှိရာ၌ အလဟာသ အချည်းနှီးကုန်ခြင်း၊ ကျောင်စောသတင်း ဂုဏ်ကြီးအောင့် ဟိတ်ဟန်ထုတ်၍၊ လောကီ ပကာသနမှုတို့ကိုပြုခြင်း၊ ဤသို့ စသော သူတော်ကောင်းတို့ စက်ဆုတ် ရွံရှာသည့် အမှုများကို၊ အထူးသဖြင့် ရှောင်ရှား၍၊ တရားမှန်၏ တွင်ကျယ်ပြန့်ပွါး၊ သတ္တဝါတို့ အကျိုး များစေရန်ကိုသာ စိတ်ထားလျက်၊ ရိုးသား ဖြောင့်မတ်စွာနှင့်၊ တရားသဖြင့်သာလျှင်၊ အစဉ်အဆက်မပျက်ရအောင် ဆောင်ရွက်ပြုစုကြရမည်ဟု၊ မိန့်တော်မူပေသည်။

ဤကား၊ ရှေးက သာသနာပြုပုံ အလားဖြင့်၊ မင်းကွန်း ဆရာတော် ဘုရားကြီး သာသနာပြုပုံများကို၊သိရှိမှတ်သားကြရသဖြင့်၊ သာသနာပြုပုံ မလွဲမမှားစေမူ၍၊ နည်းယူလိုက်စား နိုင်ကြစေခြင်းငှါ၊ အတိတ်,ပစ္စုပ္ပန်လာ ဝတ္ထုသာဓကတို့နှင့်၊ အမြွက်မျှ ပြဆိုလိုက်သော စကားစုတို့ပေတည်း။

ဆရာတော်ဘုရားကြီး သာသနာပြုပုံကို ပြဆိုခြင်းပြီး၏။

ဂိုဒိုးမှုစသော ပဏာမ ပဒ္ဓကို ပြဆိုခြင်း အပိုင်း ပြီး၏။

ဆင်ခြင်မှုစသည်ကို ပြဆိုခြင်းအပိုင်း

၂-ဝိစာရဏာပဒ္ဓ

မင်္ဂိုလဥာဏ်ကို အမှန်လိုလားသော ရှင်,လူတို့အား စဉ်းစားရန် ပြဆိုခြင်း

၁-မင်္ဂိုလ်လိုလား၊၊ရှင်,လူများ၊ စဉ်းစားဆင်ခြင်ရာ။

ဤသံပေါက်လက်ာ၏ အဓိပ္ပါယ်အရမှာ၊ ယာခုအခါ သတ္တဝါတို့၏ ပါရမီ အားလျော်စွာ၊ သာသနာတွင် အခါကောင်းနှင့် တွေ့ကြုံရ၍၊ ရှေးလွန်ခဲ့သောအနှစ် ၃၀,၅၀-စသည်တို့၌ ဂိုကြသောသူတို့နှင့်၊ စိတ်နေ စိတ်ထားမဘူကြဘဲ၊ ထူးကဲစွာ ဖြစ်ပေါ်သည် များကို၊ စဉ်းစားဆင်ခြင်ရပေမည်။

အဘယ်ကဲ့သို့ စဉ်းစားဆင်ခြင်ရမည် နည်းဟူမူ၊ ရှေးက ရှင်,လူများတို့သည်၊ဘုရားဂိုဒိုး သိလယူ၊ကန်တော့ရာ၊အလှူရေစက်ချရာတို့၌၊ နိဗ္ဗာန်ကို ရပါလို၏ဟူ၍၊ ဆုတောင်းကြကုန်၏။ ရနိုင်ရန် ဘယ်လို အားထုတ်ရမည်များကို စဉ်းစားခြင်းမပြုကြ၊ မိဘရိုးရာဖြစ်သော၊ သာမည

ဒါန,သီလ ကုသိုလ်များနှင့်ပင်၊ နိဗ္ဗာန်တရားကို တဖြေးဖြေး ပါရမီ ပြည့်သောအခါ၊ အလိုလို ရလာလိမ့်မည်ဟု၊ ယုံကြည်နေကြပေ၏။ ဆရာဖြစ်သူဘို့ကလည်း၊ထိုကဲ့သို့ပင်ဆုံးမကြလေသောကြောင့်တည်း။

ယာသုခေတ်အခါ၌၊လူရှင်ရဟန်းဖြစ်လာကြသော၊ဗုဒ္ဓဘာသာဝင်တို့ သည်၊ခြေးလွန်ခဲ့သော အနှစ် ၃၀,၅၀-စသည်တို့က၊ စွဲယူခဲ့ကြသော သာမည ဒါန, သီလ စသော ကုသိုလ်များကို၊ ပြုရုံနှင့် နိဗ္ဗာန်ကို ဖရှိနိုင်ပေရာ။ အခြေခံမျာသာဖြစ်၍၊ စင်စစ်ရှိနိုင်ရန် အလုပ်များ၊ တခြား ရှိပေလိမ့်မည်ဟု ယုံကြည်လျက်၊ အဆက်ဆက်သော မိဘရိုးရာ၊ ဆရာသမားတို့၏ အဆုံးအမထက်၊ ထူးကဲသော စိတ်အကြံရှိသူတို့ များပြားလာပေသည်။

ထိုကဲ့သို့ စိတ်အကြံထူးသည်အရာ၊ မဂ်ဖိုလ်တရား ရနိုင်ရန်အကျင့် နည်းလမ်းများကို၊စုံစမ်းရှာဖွေ နေကြသူတို့သည်၊ တွေ့ရှိသော အကျင့် နည်းလမ်းများကို၊ ရွတ်တရက် လိုက်သွားခြင်း မပြုသေးဘဲ။ အမှန်နှင့် အမှားကို ခြားနားစွာသိရှိစေရန်၊ အဖန်ဖန် စဉ်းစားဆင်ခြင်ရမည်ဟု ဆိုလိုရင်းအဓိပ္ပါယ်များကို ညွှန်ပြလိုက်ခြင်း ဖြစ်ပေသည်။

၂-သမထလမ်း၊ ဈာန်အခက်း၊ စံမြန်း ဌပဒ္မဒ္ဂရာ။

၌သံပေါက်လက်ာ၏ အဓိပ္ပါယ်အရမှာ၊ မဂ်ဉာဏ်,ဖိုလ်ဉာဏ်ကို အမှန်လိုလားသူတို့၊ စဉ်းစားဆင်ခြင်ရာ၌၊အဿိက ပါရမီဆယ်ပါးကို ထောတ်ထား၍၊ဒါနတရားကစပြီး အားထုတ်ရသည်ဟူ၍ငင်း။ အဿိက သီဟာ ၃-ပါး၊ ဝိသုဒ္ဓိ ၇-ပါးတို့ကို ထောက်ထား၍ သီလတရားက စပြီး အားထုတ်ရသည်ဟူ၍ငင်း။ အဿိက သမထယျာနိက တရားကို ထောက်ထား၍၊ သမထကမ္မဋ္ဌာန်းကစပြီး အားထုတ်ရသည်ဟူ၍ငင်း။ အဿိက ဝိပဿနာယျာနိက တရားကို ထောက်ထား၍၊ ဝိပဿနာက စပြီး အားထုတ်ရသည်ဟူ၍ငင်း။ ၌သို့စသည်ဖြင့်၊များစွာပင် ကဲ့ပြားကြလေသည်။

ထိုကဲ့သို့ ဒေသနာတို့၌ လာရှိသည်တို့ကို၊အဿိက မိမိတို့၏ ဥပနိသျ ဆရာဆုံးမသည့်အတိုင်း မှတ်သားထားကြ၍သော်ငင်း။အဿိက မိမိတို့ ပြောသံကြားဘူး စာ၌ တွေ့ဘူးသည်မျာကို မှတ်သားထား၍သော်ငင်း။ လိုရင်းအဓိပ္ပါယ်ဖြစ် သဘာဝကို ဟထာဘူတ ကျနစွာယူဆသော၊

ဥပနိဿယဆရာ၏ အဆုံးအမကို မကြား မနာရဘဲ၊ အလွဲလွဲအမှားမှား စိတ်ထင်ရာကို မှတ်သားပြီး၊ ယူဆထားသောကြောင့်၎င်း။ တဦးနှင့် တဦး မတူခြားနား၊ ကဲပြားခြင်းဖြစ်ပေသည်။

ယခုကဲ့သို့၊ ဇာဒိဘာသာဝင် တူကြခြင်း၊ ဝိဒူကတ်မျှားကို သင်ကြားမှု တူကြခြင်း ဖြစ်ပါလျက်။ သဘောချင်း မသက်၊ ဆန့်ကျင်ဘက် အယူအဆများ၍၊ မတူခြားနား ကဲပြားကြရာ၌၊ အမှန်နှင့်အမှားကို ဆင်ခြင်စဉ်းစား အသိဉာဏ် ထင်ရှားအောင်၊ မှတ်သား၍ ထားနိုင်ကြစေရန်၊ အောက်၌ ဘေဒပြုသော ဒေသနာတရား၏ အဓိပ္ပါယ်သွားကို၊ သတိကြီးစွာထားသင့်ပေသည်။

ဥက္ခိတ္တာ ပုညတေဇေန၊ ကာမရူပဂတိ ဂတာ။
ဘဝဂ္ဂမ်ိဳ သမ္ပတ္တိ၊ ပုန အာယတိ္တ ဒုက္ခတိ။ ။သုတ်မဟာဝါ

ပုညတေဇေန၊ ကောင်းမှုရှိနိုစေ၌ အာနုဘော်သည်။ ဥက္ခိတ္တာ၊ ပင့်ကော်မြောက်တင်အပ်သည်ဖြစ်၍။ကာမရူပဂတိ၊ကာမသုဂတိဘံဝံ,ရူပဖြဟ္မဉ်ဘုံသို့။ဂတာ၊ ပြုခဲ့သော ကံအလျောက်၊ လားရောက်၍ နေကြကုန်သော၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်၎င်း။ ဘဝဂ္ဂမ်ိဳ သမ္ပတ္တိ၊ အထက်ဆုံးဘဝဂ်ဟု ဆိုအပ်သော ဘုံထွဋ် ဘုံဗျားသို့။ ဂတာ၊ ပြုခဲ့သော ကံအလျောက်၊ လားရောက်၍ နေကြကုန်သော၊ ပုထုဇဉ်ဗြဟ္မာကြီးတို့သည်၎င်း။ဒုဂ္ဂတိ၊ အမြဲနေရာ တူလွန်စွာသည့်၊ အပါယ်လေးရွာဟူသော ဒုဂ္ဂတိဘဝ ဘုံဌာနသို့။ ပုန အာယန္တိ၊ တဖန်တွန့်ခေါက်၊ အရှိန်ပျောက်ကာ၊ လားရောက် ဖြစ်ကြရပြန် လေကုန်၏။

ဤဒေသနာအရ၊ သမထကမ္မဋ္ဌာန်း တရားများသည်၊မင်္ဂလိနိဗ္ဗာန်သို့၊ ဇကန် ရောက်နိုင်သော မချုတရားများပီးမဟုတ်။ အကြောင်းမကင်းသော ပရိယာယ်တရားမျှ ဖြစ်သည်မှာ၊ လွန်စွာမှ ထင်ရှားလှသဖြင့်၊ ဒါန,သီလ တရားတို့မှာလည်း မချုတရားများပီး မဟုတ်ဘဲ၊ ပရိယာယ်တရားမျှသာ ဖြစ်ကြောင်းများကို၊ ကောင်းမွန်စွာ ဆင်ခြင်စဉ်းစား၍ မှတ်သားယုံကြည် သင့်လှပေသတည်း။

၃–ဝိပဿနာလမ်း၊ ကမ္မဋ္ဌာန်း၊ ဆုံးခန်းနိဗ္ဗာန်တာ။

၌ သံပေါက်လက်ာ၏ အဓိပ္ပါယ်အရဖြင့်၊ မချုတရား, ပရိယာယ်တရားများကို ပိုင်းခြားသိရှိစေရန်၊သဘောသွားပါဝေဘန်ပြဆိုခဲ့ပြီး၍၊

ဝိပဿနာ ကမ္မဋ္ဌာန်းနည်းမှသာလျှင်၊ မိမိတို့ဘဝ သံသရာ ကမ္ဘာအဆက်ဆက်က ပြုစု တောင့်တခဲ့ကြသော၊ ပါရမီဆုတောင်းအရ၊ အလိုဆန္ဒ ဖြိုးစိုး ထမြောက်လျက်၊ ချမ်းသာတကာတို့၏ အထွန့်အမြတ်ဆုံးဖြစ်သော၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့်၊ နိဗ္ဗာန်သို့ ရောက်နိုင်ကြောင်းကို၊ ကောင်းမွန်စွာ မှတ်သားရန် ပြဆိုပေသည်။

ဓမ္မော ဒုဝိဓော နိပ္ပရိယာယ ဓမ္မော ပရိယာယ ဓမ္မောတိ။ ။

ဓမ္မော၊ တရားသည်။ နိပ္ပရိယာယော ဓမ္မော၊ မရှု့တရားလည်း တပါး။ ပရိယာယော ဓမ္မော၊ ပရိယာယ်တရားလည်း တပါး။ ဤတိ၊ ဤသို့။ဒုဝိဓော၊ ၂-ပါး အပြားရှိ၏။ ။ဤတိဝုတ်အဋ္ဌကထာ

ဤသို့ မရှု့,ပရိယာယ် ၂-ပါးတို့တွင်၊ မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်တပါး၊ ၎င်း ၉-ပါးသည်၊ မရှု့တရားမည်၏။ တဖန် ဝဋ်ကင်းရန် နိဗ္ဗာန်ကို တောင့်တလျက်၊ ဒါနပြုခြင်း၊ သီလစောင့်ခြင်း၊ ဥပုသ်သုံးခြင်း၊ နွေသာ, ပန်း, စသည်ကို ပူဇော်ခြင်း၊ တရားနာခြင်း၊ တရားဟောခြင်း၊ ဈာန်ကို ဖြစ်စေခြင်း၊ ဤအလို စုံသည်၊ ပရိယာယ်တရား မည်၏။ ထိုပရိယာယ်တရား၌၊ ဝိပဿနာ မပါ။ ထို့ကြောင့် လောကုတ္တရာ-မရှု့အကျိုးတရား ဖြစ်၍၊ ဝိပဿနာ မရှု့အကြောင်းတရား ဖြစ်သည်ဟု၊ သံပေါက်၌ ပြဆိုခဲ့ပေသည်။

ထို သို့ပြဆိုခဲ့သော သံပေါက်လက်ာ၏ အဓိပ္ပါယ်များသည်ကား၊ မိမိ၏စိတ်အဆင်မျှဟူသော၊ **အတ္တနောမတိ**-ခေါ်ဆိုရသည့် သဘောမျိုးမဟုတ်။ လိုရင်းအချုပ်မှာ၊ မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောကြားသည့် ပါဠိတော်ကို ကိုးကားပြီး၊ ရေးသားထားသော သံပေါက်လက်ာသွားဖြစ်ပေ၍၊ စိဝစ်စဉ်းစားသော ဝိစာရဏာ ပညာရှင်အများတို့ ထင်မြင်ယူဆခြင်း မမှားစေရန်၊ .အောက်၌ ဘော်ပြသော ပါဠိတော် ဒေသနာ၏ ဓိပ္ပါယ်လာ သဘောသွားကို၊ အပန်ဖန် စဉ်းစားလျက်၊ မှတ်သား သိရှိအပ်ပေသည်။

ကတမော စ ဘိက္ခဝေ အသန်တ ဂါမိမဂ္ဂေါ၊ အယံ ဝိပဿနာ ဝုစ္စတိ ဘိက္ခဝေ အသန်တ ဂါမိမဂ္ဂေါ။ ။

သံယုတ်ပ ဋီတော်

ဘိက္ခဝေ၊အသင်္ခတဂါမ်မဂ်နှင့်၊ပြည့်နိဗ္ဗာန်ကို၊ဇကန်လိုလားသော၊အရိ ယာသား ရဟန်းများတို့။အသင်္ခတဂါမိမဂ္ဂေါ၊အသင်္ခတဂါမ်မဂ်နှင့်၊ပြည့်

နိဗ္ဗာန်သို့၊ ဇကနရောက်ကြောင်း၊ ကောင်းမွန်မြင့်မြတ်သော တရားဟူသည်။ ကတာမောစ၊ အဘယ်နည်းဟူမူကား။ ဘိက္ခဝေ၊ ပ၊ အိုခြင်းရဟန်းများတို့။ အယံ ဝိပဿနာ၊ ဤပရမတ် ရုပ်နာမ်၊ တရားမှန်ကို၊ ဇကနဆတ်ဆတ်၊သိမြင်အောင် ရှုမှတ်သော ဝိပဿနာ အလုပ်တခုကို။ အသင်္ခတ ဂါမိမဂ္ဂေါ၊ပ၊ကောင်းမွန်မြင့်မြတ်သော တရားဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုပညတ်၊ သမုတ်အပ်တော်မူခဲ့ပေသတည်း။

ဤဒေသနာတော်၏ အရေ၊ပဒရု ကာလသည်ကား၊ဝိပဿနာတရားမပေါ်ပေါက်ရသော၊ဝိမုတ္တိယုဂဇာတ်ဖြစ်ခြင်း။ ထိုခေတ်နှင့်ကြုံကြိုက်၍၊ တရားမှန်ကို ဘိရှိသူ ပြဿနိုင်သူ ဖြစ်ထွန်းခြင်း။ ထိုသို့ပြဿနိုင်သူ ဆရာရှိသဖြင့်၊ တွေ့အောင်ရှာ၍ ယုံကြည်စွာအားထုတ်လျှင်၊ နိဗ္ဗာန်ကိုရနိုင်ခြင်း။ ထိုသို့ရနိုင်သဖြင့်၊ပဒရုခေတ်မျိုးမှာ၊ပါရမီပြည့်သူများခြင်း။ထိုသို့များသဖြင့်လည်း၊ အလိုဆန္ဒ ပြင်းပြလျက်၊ ရှေးက မိဘရိုးရာ၊ ဆရာသမားတို့ ဆုံးမသော၊ သာဓုဇနပရိဝါဝယ် တရားမျှနှင့် အားမရဘဲ၊ ထူးကဲစွာ စိတ်ပြောင်းသွားသူ များပြားခြင်း။ ထို့ကြောင့်၊ ပဒရုပြဆိုခဲ့သော သဘောများကို မှတ်သား၊အဖန်ဖန်စဉ်းစား၍၊ဝိပဿနာတရားများကို ပွါးများရှုမှတ်သင့်လှပေသတည်း။

မဂ်ဉာဏ်ကို လိုလားသူတို့ စဉ်းစားရန် ပြဆိုခြင်းပြီး၏။

သမထ သဏ္ဌာယ မကင်းပုံ, ဝိပဿနာ သဏ္ဌာယ ကင်းပုံကို သိသာရုံ ပြဆိုခြင်း

၄-ချာန်သမထ၊ သဏ္ဌာယ၊ မြို့မျှမကင်းပါ။

ဤသံပေါက် လက်ဝါ၏ အဓိပ္ပါယ် အရေးမှာ။ သမထ ကမ္မဋ္ဌာန်းဖြင့်၊ အလုပ်စခန်း အဆုံးပေါက်၍၊ ချာန်အတိုင်ညာဉ် တရားကို ရစေကာမူ၊ သဏ္ဌာပဒါဒိဉ်ဟူသော ကိလေသာသည်၊ အနုမြို့မျှ မကင်းဝေးကွာနိုင်ပေ။ ထိုသို့သဏ္ဌာပဒါဒိဉ် မကင်းသဖြင့်၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်နှင့်၊ နိဗ္ဗာန်ကို မရနိုင်ဟု ဆိုခဲ့ပေသည်။

သဏ္ဌာပဒါဒိဉ်ဟူသည်၌၊ သ,ကာပ၊,ဒိဉ်-ဟု ၃-ပုဒ်ခွဲ၍၊သသ ကာပေါ သဏ္ဌာပေါ။ ။သသ၊မိမိ၏။ ကာပေါ၊ကိုယ်တည်း။ သဏ္ဌာပေါ၊မိမိ၏ကိုယ်။ ။က-ကို၊ဒွေးဘော်ပြုလေ။ ။တပန်၊သဏ္ဌာပေါ ဒိဉ် သဏ္ဌာပဒါဒိဉ်၊ ။သဏ္ဌာပေါ၊ မိမိကိုယ်၌။ ဒိဉ်၊ အယူတည်း။ သဏ္ဌာပယ ဒိဉ်။ မိမိကိုယ်၌ အယူ။

တနည်းကား။ ။သင်္ကော ကာယော သင်္ကာယော။ ။သင်္ကော၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသော။ ကာယော၊ ခန္ဓာ ၅-ပါးအပေါင်း တည်း။ သင်္ကာယော၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသော ခန္ဓာ ၅-ပါး အပေါင်း။ သင်္ကာယေ ဒိဋ္ဌိ သင်္ကာယ ဒိဋ္ဌိ။ ။သင်္ကယော၊ ပရမတ္ထအား ဖြင့် ထင်ရှားရှိသော၊ခန္ဓာ ၅-ပါး အပေါင်း၌။ဒိဋ္ဌိ၊ ငါ့ကိုယ်ဟု ဘောက် ပြန်စွဲယူခြင်းတည်း။ သင်္ကာယ ဒိဋ္ဌိ၊ပရမတ္ထအားဖြင့် ထင်ရှား ရှိသော၊ ခန္ဓာငါးပါးအပေါင်း၌၊ ငါ့ကိုယ်ဟု ဘောက်ပြန်၍ စွဲယူခြင်း။

ဤသို့ သဒ္ဒါအလို၊ဝိဂြိုဟ်ဝစနတ်၊ဗျုပ္ပတ်အရ၊မိမိ၏ကိုယ်ဟု စွဲလမ်း ယူမှုကို သင်္ကာယဒိဋ္ဌိဟုဆိုရပေသည်။အဘယ်တရားကို၊ငါ၏ကိုယ်ဟု စွဲယူပါသနည်းဟူမူ၊ ၁-ရူပက္ခန္ဓာ၊ ၂-ဝေဒနာက္ခန္ဓာ၊ ၃-သညာက္ခန္ဓာ၊ ၄-သင်္ခါရက္ခန္ဓာ၊ ၅-ဝိညာဏက္ခန္ဓာ။ ဤခန္ဓာ ၅-ပါးဟု မယူဘဲ၊ငါ့ကိုယ် ဟု စွဲယူခြင်းကို-သင်္ကာယဒိဋ္ဌိဟု ခေါ်ဆိုရပေသည်။ ။စွဲယူပုံကား—

ရူပံ အတ္တတော သမနုပဿတိ၊ ရူပဝန္တံ ဝါ အတ္တာနံ၊ အတ္တာနံ ဝါ ရူပံ၊ ရူပသ္မိံ ဝါ အတ္တာနံ။ ။စူဠဝေဒဋ္ဌသုတ်

ရူပံ ရုပ်ကို။ အတ္တတော၊ ကိုယ်ဟု။ သမနုပဿတိ၊ ရှု၏။ အတ္တာနံ၊ ကိုယ်ကို။ ရူပဝန္တံ ဝါ ရုပ်ရှိ၏ဟူ၍လည်း။ သမနုပဿတိ၊ ရှု၏။ အတ္တာနံ ဝါ၊ ကိုယ်၌လည်း။ ရူပံ၊ ရုပ်ဟု။ သမနုပဿတိ၊ ရှု၏။ ရူပသ္မိံ ဝါ၊ ရုပ်၌လည်း။ အတ္တာနံ၊ ကိုယ်ကို။ သမနုပဿတိ၊ ရှု၏။

ဤသို့ရုပ်၌ အစွဲအယူမှားခြင်း၊သင်္ကာယဒိဋ္ဌိ ၄-ပါးဖြစ်၏။ထို့အတူ ဝေဒနာ၌ သင်္ကာယဒိဋ္ဌိ ၄-ပါး၊ သညာ၌ သင်္ကာယဒိဋ္ဌိ ၄-ပါး၊ သင်္ခါရတို့၌ သင်္ကာယဒိဋ္ဌိ ၄-ပါး၊ ဝိညာဏ်၌ သင်္ကာယဒိဋ္ဌိ ၄-ပါး၊ ပေါင်း သင်္ကာယဒိဋ္ဌိ ၂၀-ဖြစ်၏၊ ၎င်းသင်္ကာယဒိဋ္ဌိကိလေသာသည်၊ သမထ ကမ္မဋ္ဌာန်းတရားကို အားထုတ်၍၊ စျာန်သမာပါတ်ကို ရစေကာမူ အနှုမြဲခန့်မျှ ကင်းကွာခြင်း မရှိသဖြင့်၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ် နှိပ်ဖျောက်နှင့်၊ မနိုးမကပ်၊ မစပ်မဆိုင်ပေ။

သို့သော် ထိုကဲ့သို့စျာန်ကိုရ၍၊ ရူပဗြဟ္မာဘုံသို့ရောက်သော ဗြဟ္မာ ကြီးကမူကား၊ နှိပ်ဖျောက်ချမ်းသာပင်ဟု အလွဲမှတ်ထင်၍၊ ဘုရားရှင်ကို လျှောက်ထားလေသည်။ **လျှောက်ထားပုံကား၊** ဖြတ်စွာဘုရား၊ကာမ ချမ်းသာများသည်၊ အသွား နှစ်ဘက် တပ်သော လှံမဖြင့်၊ ရင်ဝ

ရင်လယ်၌၊ ရူးစိုက်နေသကဲ့သို့ရင်း။ ဦးခေါင်း ဥသျှောင်၌၊ မီးတောက်မီးလောင်သကဲ့သို့ရင်း။ ရဟန်းမျှားသည်၊ သတိ ရှိသည်ဖြစ်၍၊ ကာမရာဂကို ပယ်ခြင်းငှါ သမထကမ္မဋ္ဌာန်းဖြင့်၊ ဈာန်ကိုရအောင် အားထုတ်သင့်ပါသည်ဘုရားဟု လျှောက်ထားလေသည်။

သတ္တိယာဝိယ သြမဋ္ဌေ၊ ဒယ္ဟမာနော၀ မတ္ထကေ။
ကာမရာဂံ ပဟာနာယ၊ သတော ဘိက္ခု၊ ပရိဗ္ဗဇေ။
သံယုတ်ပါဠိတော်

ဘဂျော်၊ ဘုန်းတော်ကြီးမား၊ ဖြတ်စွာဘုရား။ သတ္တိယာဝ၊ အသွားး ၂-ဘက်၊ ဖြဖြထက်လှ၊ ဆွန်းတောင်း လုံမဖြင့်။ သြမဋ္ဌောဝိယ၊ ရင်ဝရင်လယ်၌ ဟူးမိုက်၍နေသောသူကဲ့သို့ရင်း။မဇ္ဈကော၊ဦးခေါင်း ဥသျှောင်တခုလုံး၌။ ဒယ္ဟမာနော၀၊ တထိန်ထိန် တပြောင်ပြောင်၊ မီးတောက်လောင်၍နေသောသူကဲ့သို့ရင်း။ ကာမရာဂံ၊ ကာမဘုံ၌၊ စုံစုံမက်မက်၊ တသိန့်စိတ်သော ရာဂကို။ပဟာနာယ ရှောင်ခွါလွတ်ကင်း၊ပယ်ရှားခြင်းငှါ။ ဘိက္ခု၊ ရဟန်းသည်။ သတော၊ သတိ ရှိသည်ဖြစ်၍။ပရိဗ္ဗဇေ၊ သမထလမ်း၊ ဈာန်စခန်းကို၊ ကြိုးပမ်းအားထုတ် သင့်လှ ပေသတည်း။

ဤသို့ ရူပဋ္ဌကြီးလျှောက်ထားသောစကားအရ။ကာမရာဂကို ပယ်ရှား၍၊ ဋ္ဌဟ္ဗဉ္စကျမ်းသာမျှားကို ရရှိခံစားနိုင်စေခြင်းငှါ၊ သမထကမ္မဋ္ဌာန်း တရားကို၊ ဈာန်ရအောင် ပွါးများအားထုတ်ရသဖြင့်၊ဆိုခဲ့သောသက္ကာယဒိဋ္ဌိဟူသော အယူအစွဲ၊ ဖေါက်လွှဖေါက်ပြန်၊ မမှန်မှားယွင်း၊ သက္ကာယဒိဋ္ဌိ ငြောင့်တန်သင်းတို့၊ အနုမြူခန့်မျှ မကင်းသေးသည်ကို ထင်လင်းစွာ သိနိုင်လေတော့သည်။

၅-ဝိပဿနာမှ၊ သက္ကာယ၊ လုံးဝကင်းငြိမ်းရာ။

ဤသံပေါက်လက်ာ၏ အဓိပ္ပါယ်အရမှာ၊ဝိပဿနာအလုပ်ကို အားထုတ်မှ၊သက္ကာယဒိဋ္ဌိဟူသမျှတို့၊ အလုံးစုံကင်းငြိမ်း ရသည်ဟုဆိုလို၏။ အဘာ သို့ကြောင့်နည်းဟူမူ၊ သက္ကာယဒိဋ္ဌိ မကင်းလျှင်၊ ၁-အဟေတုကဒိဋ္ဌိ, ၂-အကာရိယဒိဋ္ဌိ, ၃-နတ္ထိကဒိဋ္ဌိ-ဟူသော ဒိဋ္ဌိကြီး ၃-ပါးတို့မကင်းနိုင်ပေ။ ၎င်းဒိဋ္ဌိကြီး ၃-ပါးတို့သည်၊ သက္ကာယဒိဋ္ဌိကို မှီနေသဖြင့်၊ သက္ကာယဒိဋ္ဌိကင်းကလည်း၊ ထိုဒိဋ္ဌိ ၃-ပါးတို့ကင်းရလေတော့သည်။

ဒိဋ္ဌိကြီး ၃-ပါးတို့၏ သဘောသည်ကား၊ အဟေတုကဒိဋ္ဌိသည်။ ကုသိုလ်ကံ, အကုသိုလ်ကံဖြစ်ရန် ပြုလုပ်ရသည်မရှိဟု အကြောင်းကို

ပယ်၏။ အကရိယာ ဒိဋ္ဌိသည်၊ ကုသိုလ်ကံ, အကုသိုလ်ကံ ကြောင့်၊ ကောင်း,မကောင်း ခံစားရသည်မရှိဟု အကျိုးကိုပယ်၏။ နတ္ထိကဒိဋ္ဌိသည်၊ ဆိုခဲ့သောအကြောင်း,အကျိုး ၂-ပါးလုံးကို ပယ်၏။ ထိုဒိဋ္ဌိကြီး ၃-ပါးကို စွဲယူကြသော၊ ခေါင်းဆောင် ဆရာကြီးများ သည်ကား၊ ပုရာဏ ကဿပသည်၊ အကြောင်းကံကို ပယ်သော၊ အကရိယာဒိဋ္ဌိ အယူရှိ၏။ အဇိတကေသကမ္ဗလသည်၊ခံစားရမှု အကျိုးကို ပယ်သော၊ အဟေတုကဒိဋ္ဌိအယူရှိ၏။မက္ခလိဂေါသာလသည်၊အကြောင်း,အကျိုး ၂-ပါးလုံးကို ပယ်သော၊ နတ္ထိကဒိဋ္ဌိအယူရှိ၏။ တဖန်၊ သဿတဒိဋ္ဌိ, ဥဒ္ဓေ္စာဒိဋ္ဌိ စသော ၆၂-ပါးသော ဒိဋ္ဌိများလည်း ရှိးပသေး၏။ ထိုဒိဋ္ဌိများသည်လည်း၊ သင်္ကာပဒဒိဋ္ဌိကို မှီတွယ်ရသဖြင့်၊ သင်္ကာပဒဒိဋ္ဌိရှိနေလျှင်၊ ၎င်းသဿတဒိဋ္ဌိစသော ဒိဋ္ဌိ ၆၂-ပါးတို့ မကင်းဧကွေးကြပေ။ သင်္ကာပဒဒိဋ္ဌိ ကင်းရှင်း ခဲ့ပါလျှင်၊ ထိုသဿတ စသော ဒိဋ္ဌိ ၆၂-ပါးတို့လည်း၊ တချက်တည်းပြိုးစီးငြိမ်းအေးရလေတော့သည်။ ထို့ကြောင့်၊ သင်္ကာပဒဒိဋ္ဌိစသော၊ ဒိဋ္ဌိအမျိုးမျိုးတို့ကို ပယ်ချိုးကင်းပြိမ်းကြစေခြင်းငှါ၊ ဝိပဿနာတရားကို အားထုတ်ရမည်ဟု ဆိုခဲ့ပေသည်။

ယခုပြဆိုခဲ့သော အဓိပ္ပါယ်များအရ၊ နောက်ကဋ္ဌဟ္မာကြီး လျှောက်ထားသော စကားဦး၊ မြတ်စွာဘုရား ဖြေရှင်းဟောကြားတော် မူပေသည်။

ဟောကြားပုံမှာ၊ အို ဗြဟ္မာ၊ အသွား ၂-ဘက်၊ ဖြတ်ထက်သော ဆွန်းတောင်း လုံးမဖြင့်၊ ရင်ဝရင်လယ်၌ ဟူးစိုက်၍နေသော သူကဲ့သို့၎င်း၊ ဦးခေါင်း ဥသျှောင်တခုလုံး၌၊တဟုန်းဟုန်းတပြောင်ပြောင်၊မီးတောက်လောင်၍နေသော သူကဲ့သို့၎င်း၊ အယူမှားခြင်း ဟူသော သင်္ကာပဒဒိဋ္ဌိကို ပယ်ရှားခြင်းငှါ၊ လူ့ဆွမ်းသာ၊ နတ်ဆွမ်းသာ၊ ဗြဟ္မာ့ ဆွမ်းသာကို ကြောက်ရွံ့ထိတ်လန့်ဘွယ်ရာဘေးဟု ရှုမြင်သော ရဟန်းသည်၊သင်္ခါရတို့ မြဲသည်ဖြစ်၍၊ ဝိပဿနာအလုပ်ကို အားထုတ်ရာသည်ဟု ဟောကြားတော်မူခဲ့ပေသည်။

သတ္တိယာဝိယ ဩမဇ္ဈော၊ ဒယျမာနော၀ မတ္တိကေ။
သင်္ကာယ ဒိဋ္ဌိ' ပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ။
သံယုတ်ပါဠိတော်

ဟောဗြဟ္မာ၊ အို ဗြဟ္မာ။ သတ္တိယာ၊အသွား ၂-ဘက်၊ ဖြတ်ထက်သော ဆွန်းတောင်း လုံးမကြီးဖြင့်။ ဩမဇ္ဈောဝိယာ၊ရင်ဝရင်လယ်၌ တဲ့တဲ့ကြီး ဟူး

စိုက်၍ နေသောသူကဲ့သို့ဂုဏ်း။ မည်ကော၊ ဦးခေါင်း ဥသျှောင် တခုလုံး၌။ ဒဿမာနော၀၊ တဟုန်းဟုန်း တပြောင်ပြောင်၊ မီးလောင်၍ နေသောသူကဲ့သို့ဂုဏ်း။ သက္ကာယဒိဋ္ဌံ၊ ခန္ဓာ ၅-ပါး၊ သဘောမျှားကို၊ လွဲမှားယွင်းရှိ၊ ငါ၏ကိုယ်ဟု စွဲဆိုကပ်ငြိသော၊ သက္ကာယဒိဋ္ဌိကို။ ပဟာနာယ၊ ရှောင်ခွါလွတ်ကင်း၊ ပယ်ရှားခြင်းငှါ။ ဘိက္ခု၊ လူ,နတ်,ဗြဟ္မာ၊ ချမ်းသာသုခ၊ ဟူသမျှကို၊ ဘေးဘယာပဒု မြင်အောင် ရှုသော ရဟန်းသည်။ သတော၊ မလစ်စေမူ၊ သတိပြုသည်ဖြစ်၍၊ ပရိဇ္ဇဓော၊ ကာမ,ရူပ၊ အရူပဟု၊ ရာဂကင်းရာ၊ ဝိပဿနာကို၊ ခါခါမနား၊ လွန်ကြိုးစား၍၊ပွါးများရှုမှတ်ရာသတည်း။

သက္ကာယ မကင်းပုံ,ကင်းပုံကို သိသာရုံ ပြဆိုခြင်းပြီး၏။

ဗျာန်နှင့် စပ်၍ ဒေ၀ဒတ် စက္ခုပါလနှင့် ဝိသာခါ ၀တ္ထုတို့ကို ပြဆိုခြင်း

၆—ဒေ၀ဒတ်ကို၊ ဗျာန်ရဆို၊ မဂ် ဖိုလ် ဝေးမည်သာ။

ဤသံပေါက်လက်ာ၏ အဓိပ္ပါယ်အရမှာ၊ ဒေ၀ဒတ်သည်၊ လောကီဖြစ်သော ဈာန် အဘိညာဉ် သမာပတ်ကို ရပါသော်လည်း၊လောကုတ္တရာ ဖြစ်သော မဂ်ဖိုလ်မှ အချိန်နှီးဖြစ်၍၊ ဝေးကြီး ဝေးရသည်ဟု ဆိုလိုပေသည်။ မိမိ ရရှိသော လောကီအဘိညာဉ် သမာပတ်ပင်လျှင်၊ မိမိ ရရှိရုန်၊ မဂ်,ဖိုလ်,နိဗ္ဗာန် အကျိုးတရားကို သတ်ဖြတ်၍ မိမိကို အပါယ်မျိုးဇာတ်၊ အင်စိသို့ ကပ်အောင်၊ ပို့ဆောင် တွန်းချခြင်း ပြုပေသည်။ စင်စစ်မှာကား၊ ၎င်းလောကီဈာန် အဘိညာဉ် သမာပတ်ကို အမှီပြုရသဖြင့်၊ စိတ်နေဖြင့်သွားခြင်းဖြစ်၏။

အဘယ့်ကြောင့်နည်းဟူမူကား လောကီတရားမည်သည်၊ မျက်မြင်အားဖြင့် ထင်ရှားခြင်း--ဒိဋ္ဌပဿကွဒ္ဒိ လောကီကျိုးမျှား ခံစားရခြင်းဖြစ်၍၊ သူတပါးကလည်း၊ မိမိအား ကြည်ညိုအားကိုးသဖြင့်၊ ဘုန်းတန်ခိုး ကြီးမြင့်ခြင်း၊ ထိုဘုန်းတန်းခိုးကို အားကိုးသဖြင့်၊ မြင့်သည်ထက်မြင့်အောင် ကြံစည် ပြုလုပ် ခြင်းမျှား ရှိတတ် လေရာ၊ အားကြီး လာသော အခါ၊ လွန်စွာ ဝန်လေး ကြီးမားသော အပြစ်မျှားကိုပင် ပြုရဲ၀ံ့သဖြင့်၊ မရှုမလှသော ဒုက္ခအမျိုးမျိုးနှင့် တွေ့ကြုံရပြီး၊ ဒေ၀ဒတ် ဆိုသော တန်ခိုးရှင်ကြီးမှာ၊ ယခုအခါ အဝီစိငရဲအိုးထဲ၌၊ ချိုးစွဲ၍ နေရလေတော့သည်။

၅၂လောကီ တန်ခိုးများသည်၊ သတ္တဝါတို့အား အကျိုးမဲ့ ဖြစ်ပွါး စေတတ် သည်သာ များ၍၊ မြတ်စွာဘုရားသည်၊ကဲ့ရဲ့ရှုတ်ချ ပယ်ရှား၍ ထားတော်မူ၏။ · အဘယ်ကဲ့သို့အကျိုးမဲ့ ဖြစ်စေသနည်းဟူမူ၊ မဂ်ဖိုလ် ဉာဏ် အခံမရှိသော၊ လောကီစျာန် တန်ခိုးသည်၊ မိမိလည်း အကျိုးမဲ့ ဖြစ်၍ တပည့်အများသူတပါးတို့အားလည်း၊အကျိုးမဲ့ဖြစ်စေတတ်၏။ ဒေဝဒတ်နှင့် ၎င်း၏ပရိသတ်များကိုထောက်၍သိပါလေ။ မဂ်ဖိုလ်ဉာဏ် အခံ ရှိသော လောကီ စျာန်သည်လည်း၊ မိမိ၌ အပြစ် ကင်းစေကာမူ၊ မြင်ရသူတို့၌ အပြစ်မကင်း တတ်သဖြင့်၊ ရာဇဂြိုဟ် စန္ဒကူး သူဌေးနှင့် ရှင်ပိန္ဒောလကို အကြောင်းပြုပြီး၊ သိက္ခာပုဒ်များပင် ပညတ်၍ ထား တော်မူရ၏။

ဒေဝဒတ်သည်၊ အဇာတသတ်၏ ပူဇော်သက္ကာရ၊ လာဘ်လာဘကို မြှင်ပြီး၊ သံဃာကို သင်းခွဲခြင်း၊ နာဠာဂိရိ ဆင်ကို အရက် ကိုးမောင်း တိုက်ပြီး၊ လမ်းခရီး၌ ဘုရားအား ထိုးစေခြင်း၊ ဂိဇ္ဈကူဋ် တောင်စောင်း က၊ ကျောက်မောင်းနှင့်လိမ့်ချ၍၊ ဘုရားရှင်၏ ခြေမတော်များ၌၊ သွေး စိမ်း တည်စေခြင်းစသော ကံကြီးကိုပြုလျက်၊ လောကုတ္တရာဘက်သို့ စိတ်သက်ခြင်း မပြုနိုင်ပေ။ ထို့ကြောင့် ယခုအခါ၌၊ သမထကို အား မထုတ်ဘဲ၊ ဝိပဿနာအလုပ်ကို အားထုတ်ကြစေရန်၊ အဖန်ဖန် တိုက် တွန်း ရပေသည်။

ဒုမကြောင်းမှာ၊ ရှေးအခါ ဘုရားရှင်ရှိသော ခေတ်မှာပင်၊ သမထ တန်ခိုးရှင်တို့၊ဝိပဿနာသို့ သက်ဝင်နိုင်ရန် ခဲယဉ်းလှလေရာ၊ ယခုအခါ မဂ်ဉာဏ် အခံမရှိသော စျာန်တန်ခိုး များကို ရရှိပါလျှင်၊ ဘုရား ရှင်၏ ဝိပဿနာ ပဋိပတ် တရားကြီးများကို ပျက်ပြားအောင် ပြုလိမ့်မည်ဟု ထင်မိပေသည်။

ထင်ရပုံမှာ၊ ယခုအခါ၌၊ မြို့, ရွာ, ရပ်ကွက်တိုင်း လိုပင်၊ သမထ ဂိဏ်းဝင်ဖြစ်သော လူ,ရှင်,ရဟန်းတို့မှာ၊ မိမိတို့ ကမ္မဋ္ဌာန်း တန်ခိုးဖြင့် ကြည်ညိုဖြတ်နိုးခြင်း၊ လှူဒါန်းပူဇော်ခြင်းစသော လာဘ်များ၍ အား ရှိ လာသောအခါ၊ ဝိပဿနာဘက်သို့ မလိုက်ပါဘဲ၊ ဂိဏ်းတော်ကြီး၊ ဘိုးဘိုးကြီး၊ ရက်ကန်းတောင်၊ ဦးအောင်စသော လောကီဂုဏ်ကြီး သည့်၊ဂိဏ်းမာန်မျိုးမျိုးထဲသို့ ယိုင်လဲ၍ သွားလေသည်များမှာ၊လွန်စွာမှ ထင်ရှားလှပေတော့သည်။

၇-စက္ခုပါလ၊ ဈာန်မကြွ၊ မုချရဟန္တာ။

ဤသံပေါက်လက်ာ၏ အဓိပ္ပါယ်အရမှာ၊စက္ခုပါလ မထေရ်သည်၊ လောကီဖြစ်သော ဈာန် အဘိညာဉ် သမာပတ် ဗာရာများကို မရသော်လည်း၊ ဝိပဿနာအလုပ်ကို အားထုတ်သော၊ လောကုတ္တရာဘက်မှာ မူကား၊ မဂ် ၄-ပါး၊ ဖိုလ် ၄-တန်ဖြင့်၊ နိဗ္ဗာန်ကို သိမြင်၍၊ သာသနာတော်တွင် အကျင့်တရား အဆုံးအပြီးသို့ ရောက်ရသော၊ မုချ စင်စစ် ရဟန္တာကြီး ဖြစ်၏ဟု ဆိုလို ပေသည်။ ထိုစက္ခုပါလ မထေရ်ကြီး ဝိပဿနာ အလုပ်ကို အားထုတ်သွားပုံမှာ၊ ပဌမအခါ ဤကျမ်းစာ ဤဝတ္ထုကို ကြည့်ရှုရသူများ၊ လွန်စွာမှ မှတ်သား နည်းယူရန် သင့်လှ ပေသည်။

အားထုတ်ပုံမှာကား၊ ဝိပဿနာ အလုပ်ခွင်သို့ ဝင်သည်မှစ၍၊ ဝါတွင်း ၃-လပတ်လုံး၊ လျှောင်းစက်ခြင်း ဇာဂရိယာပုထ်ကို အလျှင်းမပြုဘဲ၊သွားခြင်း, ရပ်ခြင်း ထိုင်ခြင်း,ဟူသော၊ ဇာဂရိယာပုထ် ၃-ပါးဖြင့် သာလျှင်၊ တွင်တွင်ကြီး အားထုတ်တော် မူခဲ့ပေ၏။ တနေ့သောအခါ၊ ကြီးကျယ်စွာသော မျက်စိရောဂါဖြစ်လာလေရာ၊ တပည့်ဒကာများက ဆရာကိုစေလွှတ်၍ ဆေးဝါးကုသပေသည်။

ထိုအခါဆရာက၊ မျက်စိအတွက် နှာခေါင်းခွံခတ်ရန် ဆေးများ ပေးထားပြီး၊ အိပ်၍ခတ်ရန် မှာကြားခဲ့ပေ၏။ သို့သော်၊ စက္ခုပါလ မထေရ်သည်၊ အနည်းငယ် ထိုင်၍ ခတ်လျက်၊ ဝိပဿနာ ဉာဏ်မှတ်ခြင်း အလုပ်ကိုသာမဆုတ်မယုတ်အားထုတ်တော်မူ၏။မျက်စိရောဂါမှာ မသက်သာ၍၊ ဆရာက ခတ်ပုံကိုမေးရာ၊ ဆိတ်ဆိတ်သာနေ၏သဖြင့်၊ မှာကြားတိုင်း မပြုဟုမှတ်ထင်ကာ၊ ဆေးကုသောဆရာသည်၊ လူနာကို စွန့်ခွါလျက်၊ နောင်တဖန်လာခြင်း မရှိတော့ပေ။

ဤသို့ ဆေးဆရာ စွန့်သွားသော အခါ၊ စက္ခုပါလ မထေရ်သည်၊ အဓိဆရာကင်းကွာ၍၊မိမိတကိုယ်တည်းသာဖြစ်လျက်၊ ဟဲ့စက္ခုပါလ သံသရာတွင် ကျင်လည် ခဲ့ရသော ဘဝတို့၌၊ မျက်စိနှစ်ကွင်း အလင်း မရဘဲ၊ ကွယ်ကာထားခြင်းတို့ များလှလေပြီ။ ယခုအခါ မျက်စိအတွက် ကြောင့်ကြလျက်၊ စိတ်ဝိတက် မဖြစ်သင့်ပေ။ ပဿာဒမျက်စိ လင်းခြင်း ထက်၊ ဉာဏ်မျက်စိလင်းသည်ကို အလိုရှိပါလေဟု၊ မိမိကိုယ်ကို မိမိ

ဆုံးမပြီး၊ ထန်သည်းသော ဆန္ဒဖြင့်၊ ဝိရိယာ မဆုတ်ယုတ်ဘဲ၊ လွန်ကဲစွာ ဒုဿဟတ် လေရာ၊ သန်း ခေါင် ကျော် အခါတွင်၊ မျက်စိ ကွယ်ခြင်း၊ ကိလေသာ ကုန်ခြင်းတို့ တပြိုင်နက်ဖြစ်ကြလေ၏။

ထိုစက္ခုပါလ မထေရ်သည်၊ လွန်လေပြီးသောအခါ ဗာရာဏသီ ပြည်၌ မျက်စိကုဆရာ ဖြစ်၍၊ ကောက်ကျစ်သော မိန်းမတပေါက်ကို ဆေးကုသရာ၊ ပျောက်လျှင် သားသမီးနှင့်တကွ ကျွန်ခံပါမည်ဟု ဂတိ ထားလျက်၊ ပျောက်သော် လိမ်လည်သဖြင့်၊ မသင့်သောဆေးကို ထပ်မံ ခတ်စေပြန်ရာ၊ မိန်းမမှာ မျက်စိကွယ်ရှာလေ၏။ ထိုကံကြွင်းပါလာ၍၊ ယခုအခါ စက္ခုပါလ မထေရ်မှာ၊ မျက်စိ ကွယ်သည်ဟု ဘုရားရှင် ဟောတော်မူ၏။

ထို့ကြောင့်၊ ဝန္ဒိလိုက် စေတတ်သော အကုသိုလ် ကံများကို၊ ယခု အခါ အထူးပင်ရှောင်ရှားလျက် နောက်ကံကြောင့်ပါလာသော ဝိပါက်၊ ဝေဒနာရောဂါတို့ အတွက်နှင့်၊ စိတ်အနှောင့်အယှက်ဖြစ်၍၊ ဝိပဿနာ အလုပ် မပျက်စေရန်၊ မြဲမြံစွာ သတိပြုလျက်၊ စက္ခုပါလ မထေရ်၏ ဝတ္ထုသွားကို၊ နည်းယူကာ ထောက်ထားပြီး၊ သမထကိုမလိုလားဘဲ၊ နည်းမှန်သော ဝိပဿနာတရားကိုသာ မနေမနား လုံ့လထား၍၊ ပွါးများ ရှုမှတ် သင့်လှပေသတည်း။

၈–ဝိသာခါမ၊ ဗျာန်မရ၊ မှတ်ကြ အရိယာ။

ဤသံပေါက်လက်ာ၏ အဓိပ္ပါယ်အရမှာ၊ ဝိသာခါကျောင်းအမကြီး သည်၊ လောကီ ဖြစ်သောဗျာန် အဘိညာဉ်ကို မရသော်လည်း၊ လောကုတ္တရာ ဖြစ်သော မဂ်ဉာဏ်ကိုမူကား၊ အသက် ၇-နှစ်အရွယ်ကပင် ရရှိထားသော၊ အရိယာ သောတာပန်မ ဖြစ်၏ဟု ဆိုလိုပေသည်။

ထိုဝိသာခါကျောင်းအမသည်၊ စက္ခုပါလ မထေရ်ကဲ့သို့၊ ဝိပဿနာ အလုပ်ကို အားမထုတ်ရဘဲ၊ သာကေတမြို့သို့ မြတ်စွာဘုရားကြွစဉ်က၊ တရားကိုကြားနာရုံမျှနှင့်၊ အဓိကာရဆုထူးရှိခြင်းကြောင့်၊ ဥဿဂါဒိုတည်ပုဂ္ဂိုလ်တို့ဉာဏ်ဖြင့်၊ မဟာသောတာပန် ဖြစ်ပေ၏။

ဤကဲ့သို့ သောတာပန် ဖြစ်၍၊ သာသနာတော်၌ အမြတ်ဆုံးသော ချမ်းသာအစစ်ကို ရရှိသဖြင့်၊ ဒေဝဒတ်ကဲ့သို့ လောကီဗျာန် အဘိညာဉ် ကိုပင် မရသော်လည်း၊ ရလိုသောဆန္ဒ မရှိပေ။ စက္ခုပါလ မထေရ် စသည်တို့သည်လည်း၊ ထို့အတူဖြစ်ကြလေ၏။ အဘယ်ကြောင့်နည်းဟူ

မှုကဲ့ဘး၊လောကီဖြစ်သော သမထဈာန်တရားတို့သည်၊ သာသနာပအခါ ၌သာ အခကောင်းဆုံး တရားဖြစ်၍၊ ထိုအခါ၌ ကြုံကြိုက် ကြသော သူတို့သာ နှစ်ခြိုက်စွာ အားထုတ်ရ၏။ သာသနာတွင်းအခါ၊ ဝိမုတ္တိ ခေတ်နှင့် ကြုံလာလျှင်၊ ဝိပဿနာကိုသာ အားထုတ်ရမည်ဟု၊ ယုံကြည် သိရှိသောကြောင့်ပေတည်း။

ထို့ကြောင့်၊ ဂြိုးအရိယာ ရဟန္တာတို့သည်၊ သမထဈာန်လမ်းကို အားမထုတ်ကြဘဲ၊ ဝိပဿနာ ကမ္မဋ္ဌာန်းကိုသာ အားထုတ် ကြကုန်၏။ ဝိပဿနာအားထုတ်၍၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ရသောအခါ၊ အလိုလို လောကီဈာန်ပါလျှင်၊ သင့်သောအခါတွင် အသုံးပြုကြ၏။ လောကီဈာန် မပါဘဲ၊ အရိယာဖြစ်သူတို့မှာ၊ တဖန် လောကီဈာန် ရရန်၊ သမထ ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်ကြသည်မရှိပေ။ လောကီဈာန်တရား အထုံမျှားလာခဲ့လျှင်၊ မဂ်ဉာဏ်ရသော အခါတွင်၊ အလိုလိုပင် ပါလာ လေတော့သည်။ သို့ဖြစ်၍၊ ယခုအခါ သမထနှင့် အချိန်မကုန်စေဘဲ၊ ဝိပဿနာ အလုပ်ကိုသာ စွဲမြဲစွာ အားထုတ် ကြစေရန်၊ အဖန်ဖန် တိုက်တွန်း ရပေသည်။

သတိပြုကြရန်မှာ၊ ယခုအခါ လွန်စွာ ဉာဏ်နည်းပါးကြသောသူတို့ သည်၊ အလွဲကိုမှတ်သား၍ ပြောကြား တတ်ကြ လေ၏။ ပြောပုံကား၊ အမှန်ကို သိသူများက၊ ယခုအခါ ဝိပဿနာတရားကို အားထုတ်လျှင်၊ အရိယာ သောတာပန် ဖြစ်နိုင်သည်၊ အားထုတ် ကြပါဟု တိုက်တွန်း ခဲ့သော်၊ ကမ္မဋ္ဌာန်းတရား အားထုတ်သူ ဆိုတာ မြို့ထဲ,ရွာထဲ,လူထဲမှာ နေရတာမဟုတ်။ တောထဲတောင်ထဲမှာ နေရတာ၊အရိယာသောတာပန် ဖြစ်လျှင်၊ သာ၍ပင် မြို့,ရွာ လူနေရာတို့၌ မနေကြ။ ရွာလူများနှင့် မရောနှောကြပါ။ ယခုအခါ ကမ္မဋ္ဌာန်းသမားတို့ အရိယာ သောတာပန်တို့ ဆိုတာ ရွာထဲ,လူထဲမှာ နေကြတာ၊ ဘယ်လို ဟာများ ပါလိမ့်ဟု၊ မဲ့,ရဲ့ ခေါင်းညိတ်၍ စောင်းချိတ်ခါ ပြောတတ်ကြလေ၏။

တရားသဘောမှာ၊ တရားကို အားထုတ်ဆဲ ကမ္မဋ္ဌာန်းသမားကို မဆိုထားဘိ၊ တမဂ်တဖိုလ် ရှိပြီးသော အရိယာပင် ဖြစ်စေကာမူ၊ အယူများကိုသာ ပယ်နိုင်သေး၏။ ရာဂစသော ကိလေသာများကို မပယ်နိုင်သေးပေ။ မပယ်သေးသောကြောင့်၊ အနာထပိဏ်သူဌေးနှင့်၊ ဝိသာခါတို့မှာ၊ မြို့ထဲ၌နေရုံသာမဟုတ်။ လင်,မယား,သား,သမီးတွေပင် ရှိကြလျက်၊ ရောင်းဝယ် လုပ်ကိုင်၍ နေထိုင် ကြလေ၏။ ဤမျှလောက်

ထင်ရှား ကျော်ကြားပါလျက်၊ လွန်စွာဗဟုသုတ အဆိုညာဏ်နည်းပါး သူတို့၊ အလွဲအမှားကို မှတ်သား၍ ပြောကြား ကြပေ၏။ အထူးသတိ ထားရန်ပေတည်း။

ဤနေရာ၌၊ ဝိသာခါ ကျောင်းအမကြီးနှင့်စပ်၍ အထူးသိမှတ်ရန်မှာ၊ ၇-နှစ် အရွယ်က၊ အရိယာ မဟာသောတာပန် ဖြစ်ရ၏။ အားခွန်ဗလ မှာ၊ ဆင်ပြောင် ၅-စီးအားကို ဆောင်နိုင်၏။ အဝတ်တန်းဆာမှာ၊ အဘိုး ၉-ကုဋေ ထိုက်၍၊ လှည်း ၉-စီးတိုက်မျှ ရှိသော မဟာလွတာ မည်၏။ဂင်းတန်းဆာကို ဆင်ပြောင် ၅-စီးအားဆောင်နိုင်၍ ဝတ်နိုင်၏။ ထိုတန်းဆာကို သိမ်းဆည်းရသော ကျွန်မသည်လည်း၊ ဆင်ပြောင် ၅-စီးအားကို ဆောင်နိုင်၏။ တန်းဆာကိုဝတ်ဆင်သောအခါ၊ဥဒေါင်း ပုံဟန်,ဟသ်ာပုံဟန်များဖြစ်ပေ၏။

ဝိသာခါ ကျောင်းအမသည်၊ သောတာပန် ဖြစ်သော်လည်း၊ ရေချိုး သောအခါ၊ တနေ့လျှင် ရွှေမှုန့် တလက်ဘက် လိမ်း၏။ ယာဇုအခါ ဓိန်းမ များကဲ့သို့၊ သနပ်ခါး,မျက်နှာချေနှင့်၊ ပေါင်ဒါ ခေါ်သော အမှုန့်မျိုး မဟုတ်ပေ။ ဤမျှသာ မကသေး၊ သား ၂-ကျိပ်၊ သျှိုး ၂-ကျိပ်မွေး၍၊ မြေးလေးရာ၊မြစ်ရှစ်ထောင်ရသော အသက် ၁၂၀-ရှိသည်တိုင်အောင်၊ မြေး,မြစ်တို့ အလယ်ခေါင်တွင်၊ ရွေးမရအောင်ပျိုမြစ်နုနယ်၍ ၁၆-နှစ် အရွယ်မျှသာ တည်ရှိနေရာ၊ ဇမ္ဗူဒိပါ၌ လွန်စွာကျော်ကြား၍ ထင်ရှားခဲ့လေတော့သည်။

ဝိသာခါ ဝိသတိ ပုတ္တာ၊နေတ္တကာ စတုရော သတာ။
ပနေတ္တာ အဋ္ဌ သဟဿာ၊ ဇမ္ဗူဒိပေ သုပါကဋာ။

ဓမ္မပဒအဋ္ဌကထာ

ဝိသာခါ၊ ဝိသာခါသည်။ဝိသတိပုတ္တာ၊ သား,သျှိုး နှစ်ဆယ်ရှိကုန်၏။ နေတ္တကာ၊မြေးတို့သည်။ စတုရောသတာ၊လေးရာရှိကုန်၏။ ပနေတ္တာ၊ မြစ်တို့သည်။အဋ္ဌသဟဿာ၊ရှစ်ထောင်ရှိကုန်၏။ဤတိ၊ဤသို့။ဇမ္ဗူဒိပေ၊ ဇမ္ဗူသောင်းကျွန်း၊ မြေအပြင်၌။ သုပါကဋာ၊ လွန်စွာကျော်ကြား၍၊ ထင်ရှားခဲ့ပေသတည်း။

ဤဝတ္ထုကို ထောက်ထား၍၊ မသိသူတို့ ပြောကြားသည် များကို၊ မယုံမှားကြဘဲ၊ ဝိပဿနာ တရားကိုသာ၊ ယုံကြည်ခြင်း သဒ္ဓါစိတ်ထားလျက်၊ ပွါးများ ရွှမ်းတင့်လှပေသတည်း။

ဒေဝဒတ်, စကြဝဠာနှင့် ဝိသာခါတို့ကို ပြဆိုခြင်းပြီး၏၊

သက္ကာယဒိဋ္ဌိ ရှိ, မရှိ၏ အပြစ်အကျိုးများကို ခွဲခြား၍ ပြဆိုခြင်း

၉-သက္ကာယဒိဋ္ဌိ၊ မကင်းဘိ၊ စွဲငြိပါယ်လေးရှာ။

ဤသံပေါက်လက်ာ၏ အဓိပ္ပါယ် အရမှာ၊ အထက်က ပြဆိုခဲ့သော၊ သက္ကာယဒိဋ္ဌိတရားတို့ စွဲငြိနေပါလျှင်၊ဘယ်မျှပင် တန်ခိုးရှိ၍၊ မိုးသီးထိ အောင် ပျံနိုင်စေကာမူ၊ မိမိအိမ် နှင့်တူသော အပါယ်လေးပါးသို့ လားရောက်ရပြန်၏ဟု ဆိုလို၏။ အဘယ်ကြောင့်နည်းဟူမူ၊ သက္ကာယဒိဋ္ဌိ အယူမကင်းသေးသောသူသည်၊ သုဂတိဘုံများမှာ၊ ခေတ္တသွားသောအိမ်နှင့်တူ၍၊ အပါယ်လေးဘုံမှာ၊ အမြဲအိမ်ပိုင်နှင့် ထူသည်ဟု ကျမ်းဂန်ရှိပေသည်။

စတ္တာရော အပါယာ သက ဂေဟ သဒိသာ။

စတ္တာရော၊ လေးပါးကုန်သော။ အပါယာ၊ အပါယ်ဘုံတို့သည်။ သတ္တာနံ၊ပုထုဇနသတ္တဝါတို့၏။သက ဂေဟ သဒိသာ၊မိမိအမြဲနေသော အိမ်ဂေဟာနှင့် တူလှပေကုန်၏။ ။ဤသို့ဓမ္မပဒအဋ္ဌကထာဋီလာသော အဓိပ္ပါယ်ကို ထောက်ထား၍ ''ပာနေ့သိကြား-နက်ဖန်ဖါး'' ဟူ၍ဂုဏ်း။ ''ပာနေ့ ဖြဟ္မာဖြစ်၍ နားကင်းကြီးနှင့် တဝင်းဝင်း၊ နက်ဖန်ဝက်စား ကျင်းမှာ တရှဉ်ရှဉ်'' ဟူ၍ဂုဏ်း ဆရာကြီးတို့က မိန့်ဆိုကြလေကုန်၏။

ထိုသက္ကာယဒိဋ္ဌိဖြစ်ပုံကို၊ မွေမိဋ္ဌာန်သဘောဖြင့် ပြောဆိုရပါလျှင်၊ ''ကမ္မသကတ သမ္မာဒိဋ္ဌိ'' မျှသာ ယူနိုင်ကြသေး၍၊ဇဋ္ဌဘာသာဝင် တို့၏စိတ်ဒွိပင် အလွန်စွဲလမ်း၍ နေကြသည်မှာ၊ တို့ဘာသာ,တို့ဘုရား, တို့တရား, တို့သံဃာ, တို့ဘုန်းကြီး စသည်ဖြင့်၊ စွဲလမ်းဘွယ် အာရုံသေးငယ်သောသူတို့မှာပင်လျှင်၊ လွန်စွာမှ များပြားလှသေးဖြစ်ပသဖြင့်၊ စွဲလမ်းဘွယ်အားကြီးသော၊ လောကီပစ္စည်းဂုဏ်၊ အာဏာဂုဏ်၊ ပညာဂုဏ်တို့မှာမူကား၊ ဆိုဘွယ်မရှိအောင်ပင် အစွဲများ၍၊ ဘာသာကဲ့ပြားလူမျိုးခြားတို့အား၊ ဂုဏ်ပိုင်စကားဖြင့် ပြောကြားတတ်၏။ မိမိတို့၏ ဘာသာတရားသည်၊ အဘယ်မျှ အကျိုးသတ္တိ ကြီးမား များပြားသည်။ အဟယ်အယူသို့ ထိရောက်မှ၊ဇဋ္ဌဘာသာဟုဆိုလောက်၏ စသည်များကိုကား စဉ်းစားခြင်းမရှိကြပေ။

စဉ်းစားရန်ကား၊ အခြားဘာသာဝင်ပုဂ္ဂိုလ်တို့၌လည်း၊ သက္ကာယဒိဋ္ဌိရှိ၏။ ဇဋ္ဌဘာသာဝင်ပုဂ္ဂိုလ်တို့၌လည်း၊သက္ကာယဒိဋ္ဌိရှိ၏ သက္ကာယ

ဒိဋ္ဌိရှိလျှင်လည်း၊ အပါယ်လေးပါးသို့ သွားရမည်ဟု ဗုဒ္ဓဘာသာတရား က ဆိုထားပြန်သဖြင့်၊ မိမိတို့က ဗုဒ္ဓဘာသာဟု မြင့်မြတ်သာလွန်သော ဂုဏ်ရှိသည့်အလား၊ ဘိန့်ပဝါကြွား၍ ပြောကြားသော့စကား၊ စိတ်နေ စိတ်ထားမျှားသည်၊ ဘိုးတော်ဘုရားလက်ထက်က၊ ကသဲကြီး၏အလား ဗုဒ္ဓဘာသာဒာယကစစ်ဖြစ်သူတို့ နားခွါခါးလှပေမည်။

ဘိုးတော် ဘုရားလက်ထက်က၊ ကသဲကြီးကား၊ အခ ချင်း ချင်း ဂုဏ်ပြိုင်၍၊ အသားယူလိုသောစကား ပြောကြသောအခါ။ မင်းက ငါ့ကို နယ်နယ်မှတ်သလား၊ ဘိုးတော်ဘုရား အမေးတော်ခံရသော လူကွဟု နေရာတိုင်း လူတိုင်းကိုပင် ပြောကြားလေ့ရှိပေ၏။ ထိုအခါ လူတယောက်က၊ ဘိုးတော်ဘုရား ဘယ်လို မိန့်တော်မူသလဲဟု မေး လေရာ။ အခါတပါးခွ၊ စစ်ပွဲနိုင်၍ပြန်လာပြီး၊ ညီလာခံတွင် စည်းဝေး ကြသောအခါ၊ ငါလဲပါလာတယ်၊ ထိုအခါ ဘိုးတော်ဘုရားက "သည် အနားက ကသဲကြီး၊ဟိုနားကိုတိုး"ဟုမိန့်တော်မူကြောင်းပြောလေ၏။

သင့်သောနေရာ မဟုတ်၍၊ နှုတ်ထုတ်သည်ကိုပင် ဂုဏ်လုပ်သော ကသဲကြီးအလား၊ ဗုဒ္ဓဘာသာ၏ အယူမှန်များကို၊ အလွဲသုံးစားသည့် အတုဗုဒ္ဓဘာသာများသည်၊ သင်္ကာယဒိဋ္ဌိကို မပယ်ရှားသမျှ၊ အပါယ် သို့လားရမည်ဖြစ်၍၊ အပါယ်ဖြစ် ဒိဋ္ဌိပြုတ်ရန်၊ ဝိပဿနာ အလုပ်ကို၊ အားထုတ် ရှုမှတ် သင့်ပေသတည်း။

၁၀-ဒိဋ္ဌိကင်းမှ၊ ပါယ်ခုက္ခ၊ ငြိမ်းရလွန်ချမ်းသာ။

ဤသံပေါက်လက်ာ၏ အဓိပ္ပါယ်အရမှာ၊အထက်က ပြဆိုခဲ့သော သင်္ကာယဒိဋ္ဌိ အယူလွဲတ်ကင်းမှ၊အပါယ်လေးပါးသို့ ကျရောက်ရခြင်း၊ ဆင်းရဲဒုက္ခဟူသမျှတို့၊ လွတ်ငြိမ်းခြင်းတည်းဟူသော၊ မဂ်ချမ်း သာ ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာကို၊တကယ်ဇကနရှိ၏ဟု ဆိုလိုပေ သည်။ထိုသို့သင်္ကာယဒိဋ္ဌိကင်းသော ချမ်းသာခြင်းဟူသည့်၊ ဇရာက် ဆုံး အတန်းအစားအားဖြင့်၊ ဝိသာခါကျောင်းအမကြီး ဗသည်တို့၏ အလား၊တမဂ်,တဖိုလ်ကို ရရှိဖြီးသော၊အရိယာမဟာသောတာပန်ဖြစ် ပေ၏။

ယခုကဲ့သို့ချမ်းသာမျိုးကိုရထားပါလျှင်၊ရောင်းရေးဝယ်ရေးအလုပ် အကိုင်ကြီးတို့၊ ဘယ်မျှများပြားစေကာမူ၊ စိတ်ခြောက်ခြားခြင်းမရှိ၊ ပကတိချမ်းသာအောင် နေတတ်လေသည်။နောင်ဘဝများ၌ အပါယ် လေးပါးသို့ လားရလိမ့်ဦးမည်လားဟု၊စိတ်၌ဖြစ်ပွါးခြင်းမရှိတော့ပေ။ ဒေဝဒတ်၏ ဗျာနိ တရား၊ကဏ်းမ-လင်ရှင်လူထွက်၏ ဗျာနိ တရားများ၊ မျက်မှောက်ဘဝတွင် ပျက်စီးသွားသကဲ့သို့။ မဂ်တရားတို့မည်သည်၊ ယခု မျက်မှောက်ဘဝ ပစ္စက္ခတွင် မဟုတ်သေး၊ နောင် ဘဝများစွာ ကျင်လည်ရသော်လည်း၊ ပျက်စီးခြင်း မဖြစ်နိုင်တော့ပေ။

ထို့ကြောင့်၊ ဝိသာခါ,အနာထပိဏ်တို့သည်၊ ဘုံစဉ်စံ ဝဋ္ဋဘိရတာ သောတာပန်ဖြစ်ကြ၍၊ နတ်ပြည်,ဗြဟ္မာပြည်တို့တွင်၊ အလိုရှိရာဘုံများ သို့သွေ့ပြောင်း သွားကာ၊ အေးငြိမ်းစွာ ခံစား စံစား၍ နေရသဖြင့်၊ နေကောင်း သေကောင်း ဖြစ်ပေသည်။ ပုထုဇနပုဂ္ဂိုလ်တို့ ကာမဂုဏ် ခံစားသဖြင့်၊ အပါယ်သို့ လားရသော်လည်း၊ အရိယာပုဂ္ဂိုလ်တို့မှာ၊ ကာမဂုဏ်ကို ခံစားသော်လည်း၊ အပါယ်သို့လားရခြင်းမရှိတော့ပေ။ အဘယ်ကြောင့် နည်းဟူမူ၊ ပုထုဇနပုဂ္ဂိုလ်တို့မှာ၊ သက္ကာယဒိဋ္ဌရှိနေခြင်း။ အရိယာပုဂ္ဂိုလ်တို့မှာ သက္ကာယဒိဋ္ဌ လွတ်ကင်းခြင်း တို့ကြောင့် ပေတည်း။ သို့ဖြစ်၍၊ ယခုအခါ သက္ကာယဒိဋ္ဌ လွတ်ကင်း နိုင်ရန်၊ ဝိပဿနာအလုပ်ကို၊ အပြင်းဒမထန အားထုတ်သင့်လှပေသတည်း။

သက္ကာယဒိဋ္ဌ အဖြစ်အကျိုးကို ပြဆိုခြင်း ပြီး၏။

မဂ်ဖိုလ်ဥဏ် လိုလားသူတို့ နိဗ္ဗာန်သွား နည်းမှန်ကို ရှာဖွေရန် ပြဆိုခြင်း

၁၁-မဂ်ဖိုလ်နိဗ္ဗာန်၊ရလိုပြန်၊နည်းမှန်တွေ့အောင်ရှာ။

၁၂-ဆရာမပြ၊နည်းမကျ၊မရမှတ်လေပါ။

ဤသံပေါက် လက်ဝါများ၏ အဓိပ္ပါယ်အရမှာ၊ မဂ်ဖိုလ်နိဗ္ဗာန်ကို တကယ်အမှန် ရလိုသောသူများသည်၊နိဗ္ဗာန်သွား နည်းလမ်းမှန် သွန်ပြ နိုင်သည့် ဆရာကောင်းကိုတွေ့ရှိအောင် ရှာဖွေကြပါ။ဆရာကိုယ်တိုင် မပြတဲ့၊ ကြားနာတူး၊ မှတ်သား ဘူးကာဖြင့်ဂုဏ်း။ စာအုပ်စာတမ်းကို

ကြည့်ရှုဆောင်ရွက်၊ အရ ကျက်ထားကာမျှဖြင့်ရင်း။ စမ်းသပ်အား ထုတ်နေပါလျှင်၊ တရားမှန်ကို သိမြင်ရှိခြင်း မဖြစ်နိုင်ဟု ဆိုလိုပေသည်။

မေးမြန်းဘွယ်ကား။စာအုပ် စာတမ်းများ၌၊ ရေးသားထားသောအတိုင်း၊ကြည့်ရှုအားထုတ်လျှင် ရနိုင်ကြောင်းပါရှိနေ၏ဟု မေးမြန်းဘွယ်ရှိပေသည်။ဖြေရန်မှာ၊ ရေးသည်ကားမှန်ပါ၏။ သို့သော်၊ ကမ္မဋ္ဌာန်းဆရာကိုပြရာ၌၊ဘုရားရဟန္တာမှစ၍ဆိုခဲ့ရာ၊အထက်အထက်ဆရာကို မရပါမှ အောက်ခံအောက် ဆရာများကိုရှာရမည်။ ပြသမည့် ဆရာကို မရနိုင်ပါမှ၊ စာကို ဆရာထားရမည်ဟု ဆိုသော အချက်ကို ထောက်၍ရင်း။ စာကိုကြည့်ရှုသူများ သဒ္ဓါတရား ဖြစ်ပွားစေရန်ရင်း။ စာကို သဘောကျလျှင်၊ ရေးသော ဆရာကို တွေ့အောင် ရှာဖွေစေရန်ရင်း။ အကြောင်းကို ညွှန်ပြသောအနေများဖြင့် ရေးသားကြပေသည်။

စင်စစ်မှာမူကား။ စာအုပ်စာတမ်းတို့သည် အမျိုးအမည်အားဖြင့်၊ ရာ ထောင်မက များပြားလှသော်လည်း၊ ပဃာတူတ သဘာဝ ကျနအောင် ရေးသားပြသနိုင်မှာ တကုတလေမျှကိုပင် တွေ့မြင်ရန် ခဲယဉ်းသည်များကို၊ ဤစာကြည့်ရှုသူ အမျိုး၊ သတိ ထားမိကြပေလိမ့်မည်။ တဖန် ပဃာတူတ သဘာဝ ကျနအောင်၊ ရေးပြနိုင်သော ကျမ်းစာများကို ရရှိစေကာမူ။ ဆေးစာကို ကြည့်ရှု၍၊ ရောဂါ ပျောက်စေမှု၊ ဆေးကုခြင်းငှာ မစွမ်းနိုင်ရှာသကဲ့သို့။ ကိလေသာရောဂါ ပျောက်စေရန်၊ နည်းမှန်အောင် ကျင့်ကြံခြင်း မဖြစ်နိုင်ပေ။ ထို့ကြောင့်ပင်လျှင်၊ ‘‘ငါးပိဇာတ်မှာ၊ ဆရာမပြ နည်းမကျ’’ ဟူ၊ ရှေးဆရာကြီးများ မိန့်ဟာ ဖွဲ့ကြားတော်မူခဲ့ကြပေသည်။

ယထာဘူတံ ဘိက္ခဝေ ဉာဏာယ သဒ္ဓာ ပရိယေသိတဗ္ဗာ။

မဟာပရိနိဗ္ဗာနသုတ်။

ဘိက္ခဝေ ငါ၏ချစ်သား အိုရဟန်းများတို့။ပဃာတူတံ၊ဟုတ်တိုင်းမှန်လှ နည်းနပါကို။ဉာဏာယ၊ ဟုတ်မှန်ထင်လင်း၊ ထိုးတွင်း၍ သိမြင်စေခြင်းငှာ။ သဒ္ဓာ၊ ဟုတ်တိုင်း မှန်လှ နည်းနပါကို၊ ကျန သေချာရှင်းလင်းစွာ ညွှန်ပြ နိုင်သောဆရာကို၊ပရိယေသိတဗ္ဗာ၊ထက်ဝန်းကျင်အရပ်၊ တွေ့ရှိအောင် ရှာမှီးအပ်၏။

ဤဒေသနာတော်၏ အခြံပ္ပါယ်အရမှာ၊ အိုချစ်သားရဟန်းများတို့၊ နိဗ္ဗာန်သွားရန် ဟုတ်မှန်သော နည်းကို သိစေခြင်းငှာ။ ဝါ သိလိုကြပါလျှင်၊ဟုတ်မှန်သောနည်းဖြင့် ကျင့်ကြံအားထုတ် သိရှိပြီးသောဆရာကို၊ အရင်ထက်ဝန်းကျင် လှည့်ပတ်၍၊ တွေ့ရှိအောင် ရှာမှီး၍၊ ဆည်းကပ်ရမည်ဆိုလို၏။

ထိုအခြံပ္ပါယ် အရကို၊ တဖန် ရှင်းလင်းအောင် ယူဆ ပါလျှင်၊ ပုဂ္ဂလာ ဓိဋ္ဌာန်,ဓမ္မာဓိဋ္ဌာန် ၂-ပါးတို့တွင်၊ မြတ်မြတ်ဓိဋ္ဌာန်ကို ပြဆို ပေသည်။ဤနေရာ၌ ဓမ္မာဓိဋ္ဌာန်ကိုဆိုသော်လည်း၊နိဿယ နိဿိတ မကင်းကောင်းသော အဝိနာဘာဝနည်း ဖြစ်ပေ၍၊ ပုဂ္ဂလာ ဓိဋ္ဌာန်လည်း မလွတ်နိုင်ပေ။သို့သော်၊ ပြဋ္ဌာန်းသော ပဒေသကိုသာယူရပေမည်။

ပဓာနဆိုသည်ကား။ ယထာဘူတဉာဏ်ကို အလိုရှိလျှင်၊ ယထာဘူတဉာဏ်ပြန်ိုင်သူထံ၌၊ဆည်းကပ်ရမည်ဆိုရာ၌၊ဓမ္မာဓိဋ္ဌာန်ကိုပဒေသဆိုသည်။ ဘုရား,ရဟန္တာ၊ပဋိသမ္ဘိဒါတတ် သာသနာပိုင်, ဓမ္မကထိက၊ ဤသို့ စသည်ဖြင့် ပုဂ္ဂိုလ်ကို ရည်၍ ဆိုရာ၌၊ ပုဂ္ဂလာဓိဋ္ဌာန်ကို ပဒေသဆိုသည်။ယသက္ကာလ အသုံးစကားအားဖြင့်၊ပုဂ္ဂိုလ်စွဲ,ဆရာစွဲ,ဂိုဏ်းစွဲ, ပညတ်စွဲဟု ပြောဆိုကြပေသည်။

သို့ဖြစ်၍၊ယထာဘူတဉာဏ်ကို အလိုရှိသူသည်၊ယထာဘူတဉာဏ်ရှိသူထံ၌ ဆည်းကပ်မှ၊ယထာဘူတဉာဏ်ကိုသိရှိပေလိမ့်မည်။ထို့ကြောင့် လူက ပြန်ိုင်လျှင် လူထံ၌ ဆည်းကပ်၊သိလှင်က ပြန်ိုင်လျှင် သိလှင်ထံ ဆည်းကပ်၊ကိုရင်က ပြန်ိုင်လျှင် ကိုရင်ထံ ဆည်းကပ်ရပေမည်။တဖန် သာသနာပိုင်ကြီး၊ ပိဋကတ် ၃-ပုံဆောင်ကြီး ဖြစ်စေကာမူ၊ ယထာဘူတဉာဏ်ကို မသိလျှင် မပြန်ိုင်လျှင်၊ဆည်းကပ်ရမည် မဟုတ်ပေ။ ။ ဤနေရာ၌၊ လူ, သိလှင်, သာသနာပိုင် ဆိုသော အမည် အသွင်တို့သည်ကား၊ပုဂ္ဂလာဓိဋ္ဌာန်ဖြစ်၍ လိုရင်းမဟုတ်လှ။ယထာဘူတဉာဏ်ကို သိခြင်း၊ ပြသနိုင်ခြင်းသည်သာ၊ မြတ်မြတ်ဓိဋ္ဌာန် ဖြစ်ပေသည်။ ထို့ကြောင့်၊ ယခုကဲ့သို့ နိဗ္ဗာန်ကို ညွှန်ပြနိုင်သည့် ဆရာကို ရှာဖွေကြရာ၊ ဥပတိဿ ကောလိတတို့၏ စိတ်သဘောထားပုံမျိုးကို၊ အတုခိုး နည်းယူရန် သင့်လှပေတော့သည်။

ဥပတိဿနှင့် ကောလိတတို့၏ အကြောင်းမှာ၊ ဌင်းတို့သည် ချစ်ကျွမ်းဝင်သော မိတ်ဆွေဖြစ်၍၊ လောကရေး မြေရေးတို့၌ ဆွေးနွေး

တိုင်ပင်လျက်၊ အဘူတကွ နေကြသဖြင့်၊ သိဉ္စည်းဆရာကြီး၏ တပည့် ခေါင်းဆောင်များ ဖြစ်ကြ၏။ သိဉ္စည်း ဆရာကြီးသည်၊ ဝဠုမှ ထွက် မြောက်ရန် နည်းကို မပြနိုင်သဖြင့်၊ ၂-ဦးတိုင်ပင်၍၊ တဦးတွေ့လျှင် တဦးကို ပြောစတန်းဟုဂတိတားပြီး၊ဥပတိဿ ဆရာရှာ ထွက်လေရာ၊ ရာဇဂြိုဟ်ပြည်တွင် ဆွမ်းခံ ဝင်သော၊ အရှင် အဿဇိနှင့် တွေ့၍၊ ကာယသိန္ဓေကို မြင်သဖြင့်၊ တရားထူးရှိမည်ထင်၍၊ အဘယ်ဆရာ၏ တပည့်ပါနည်း၊အယူကို ဟောကြားပါဟု လျှောက်ထားရာ။ငါတို့ရဟန်း ပြုသည် မကြာသေး၊ အနည်းငယ်သာသိ၏ဟု ဆိုရာ။သဘောအနက်ကို သာ အဖြေက်မျှ ဟောပါဟု လျှောက်သဖြင့်၊ အောက်ပါ ဂါထာကို ဟောပေသည်။

ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊
တေသံ ဟေတုံ တထာဂတော၊
အာဟ တေသဉ္စ ယော နိရောဓော၊
ဧဝံ ဝါဒီ မဟာသမဏော။ ။

ယေ ဓမ္မာ၊ အကြင် ဒုက္ခသစ္စာ တရားတို့သည်။ ဟေတုပ္ပဘဝါ၊ အကြောင်းဖြစ်သော သမုဒယ သစ္စာတရားသာလျှင်၊ အမြွန်အစ ဖြစ် ကြလေကုန်၏။ တေသံ၊ထိုဒုက္ခသစ္စာတရားတို့၏။ဟေတုံ၊ အကြောင်း ဖြစ်သော သမုဒယ သစ္စာကို။ တထာဂတော၊ ငါတို့ဆရာ ဂေါတမ မြတ်စွာဘုရားသည်။အာဟ၊ ဟောတော်မူ၏။ တေသဉ္စ ထိုဒုက္ခသစ္စာ, သမုဒယ သစ္စာ ၂-ပါးတို့၏လည်း။ယော နိရောဓော၊ အကြောင် ချုပ်ရာ ဖြစ်သော နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ တဉ္စ၊ ထိုနိရောဓ သစ္စာကိုဂင်း။ တာသဲ၊ ထိုနိရောဓသစ္စာ၏။ ဟေတုဉ္စ၊ အကြောင်းဖြစ်သော မဂ္ဂသစ္စာ ကိုဂင်း။ တထာဂတော၊ ငါတို့ဆရာ မြတ်စွာဘုရားသည်။ အာဟ၊ ဟောတော်မူ၏။ မဟာသမဏော၊ ရဟန်းမြတ် ဖြစ်တော် မူသော၊ ဂေါတမ မြတ်စွာဘုရားသည်။ဧဝံ ဝါဒီ၊ ဤသို့အယူဝါဒ ရှိတော်မူ၏။

ဥပတိဿသည်၊ ဤဂါထာကို ကြားရလျှင်၊ ဂါထာဝက်မျှနှင့်ပင်၊ သောတာပန်ဖြစ်၍၊ ဧရိကိုဆက်မဟောရန် တောင်းပန်ပြီး၊ ကောလိတ ထံသွားပြောရာ၊ ကောလိတကလည်း၊ ဥပတိဿ-က တဆင့် ဟော သော ‘‘ယေမ္မော ဟောတုပ္ပဘဝါ’’ စသော ဂါထာကို ကြားသော အခါ၊ သောတာပန် ဖြစ်ပြန်လေ၏။ ထို ၂-ဦးတို့သည်၊ သိဉ္စည်းဆရာ

ကြီးကို ပြောကြားခေါ်ငင်မရ၍၊ တပည့်များနှင့် မြတ်စွာဘုရား၊ထံသို့ သွားရောက်ကြရာ၊ မြတ်စွာဘုရားက၊ အောက်ပါ တရားကို ဟော ကြားပေ၏။

၎ထ ဘိက္ခဝေါ တိ ဘဂဝါ အဧဝါစ။ သွက္ခာတော ဝမ္မော စရထ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယာတိ။

ဘိက္ခဝေါ၊ရဟန်းတို့။ ၎ထ၊ လာကြကုန်လော" ဤတိ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အဧဝါစ၊ မိန့်တော်မူ၏။ ကိံ အဧဝါစ၊ အဘယ်သို့ မိန့်တော်မူသနည်း။ မဟာဝ၊ ငါဘုရားသည်။ ဝမ္မော၊ နှိပ်ွှာန်လမ်းသွား မြင့်မြတ်သောတရားကို။ သွက္ခာတော၊ ဖြောင့်မှန် ကောင်းမွန်စွာဟော ကြားတော် မူအပ်ပြီ။ သမ္မာ၊ကောင်းစွာ။ ဒုက္ခဿ၊ဝဋ္ဋဒုက္ခ, နာမ်ရုပ် ဆင်းရဲ၏။ အန္တကိရိယာယ၊ပရိနိဗ္ဗာန်အဆုံးကိုပြုခြင်းငှါ။ ဗြဟ္မစရိယံ၊ မြင့်မြတ်သော မဂ်အကျင့်ကို။ စရထ၊ကျင့်ကြကုန်လော။ ဤတိ၊ ဤသို့။ မဟာဝ၊ ငါဘုရားသည်။ အဧဝါစ၊ မိန့်တော်မူ၏။

ဤဒေသနာကို ဟောသောအခါ၊ အားလုံး ဇေါဘိက္ခု ရဟန်းဖြစ်ကြ၍၊ ဥပတိဿ, ကောလိတတို့၏ တပည့်များ၊ရဟန္တာဖြစ်ကြလျက်၊ ကောလိတမှာ၊ ၇-ရက်မြောက်မှ ရဟန္တာဖြစ်၍၊ ဥပတိဿမှာ ၁၅-ရက်မြောက်မှ ရဟန္တာဖြစ်၏။ ထိုအခါမှ၊ ဥပတိဿကို သာရိပုတ္တရာ၊ ကောလိတကို မောဂ္ဂလာန်ဟု ခေါ်ကြ၏။

ထိုသို့ တရားဟောပြီး ဆုံးသော အခါ၊ အရှင်သာရိပုတ္တရာက၊ သိဂ္ဂြိုဟ်း ဆရာကြီးကို ခေါ်မရကြောင်း၊ တပည့်များကိုသာ ခေါ်ရ၍ လာခဲ့ကြောင်း စသည်များကို၊ မြတ်စွာဘုရားအား ရှိသေစွာ လျှောက်ထားသဖြင့်၊ အောက်ပါ ဂါထာများကို ဟောကြားတော်မူပေသည်။

အာသာရေ သာရမတိနော၊သာရေစာ·သာရဒဿိနော။
ဧတေ သာရံ နာဓိဂစ္ဆန္တိ၊ မိစ္ဆာ သင်္ကပ္ပဂေါစရာ။ ။

ဘိက္ခဝေ၊ အိုငါ၏ချစ်သား ရဟန်းများတို့။ ပေါဟ်ွလာ အကြင် ပုဂ္ဂိုလ်တို့သည်။ အသာရေ၊ အနှစ်မဂ်ရှိသော တရားတို့ကို၊ သာရမတိ နော၊ အနှစ်ရှိသော တရားဟု ယူကြကုန်၏။ သာရေစ၊ အနှစ်ရှိသော တရားတို့ကိုလည်း။ အသာရဒဿိနော၊ အနှစ်မရှိဟု မြင်ကြကုန်၏။

တေ၊ပုဂ္ဂလာ၊ ထိုပုဂ္ဂိုလ်တို့သည်၊ မိန္တာ သက်ပ္ပဂေါစရာ၊ အမှားကို ကြံစည် ကြကုန်သည် ဖြစ်၍။ သာဓုံ၊ အနှစ်ရှိသော တရားကို။ နာမိ ဂန္တာန်၊ မသိနိုင်ကြလေကုန်သတည်း။

သာရေစ သာရတော ညတွာ၊ အသာရေစ အသာရတော။
တေ သာရံ အဓိဂစ္ဆန္တိ၊ သမ္မာ သင်္ကပ္ပဂေါစာရာ။

ဘိက္ခဝေ၊ ငါ၏ချစ်သား ရဟန်းများတို့။ ပေ ပုဂ္ဂလာ၊ အကြင်ပုဂ္ဂိုလ် တို့သည်။ သာရေစ၊ အနှစ်ရှိသော တရားတို့ကိုလည်း။ သာရတော၊ အနှစ်ရှိသော တရားဟု။ အသာရေစ၊ အနှစ်မရှိသော တရားကိုလည်း။ အသာရတော၊ အနှစ်မရှိသော တရားဟု။ ညတွာ၊ သိ၍။ သမ္မာ သင်္ကပ္ပ ဂေါစရာ၊ ဖြောင့်မှန်သော အကြံရှိကုန်သော။ တေ ပုဂ္ဂလာ၊ ထိုပုဂ္ဂိုလ် တို့သည်။ သာဓုံ၊ အနှစ် ရှိသော တရားကို။ အဓိဂစ္ဆန္တိ၊ သိကြလေကုန်၏။

ဤဂါထာ ၂-ပုဒ်တို့၏ အဓိပ္ပါယ်များမှာ၊ သိသာထင်ရှားပါ၏။

နည်းယူရန်အချက်သည်ကား။ ။မိဘရိုးရာ ဆရာအဆက်ဆက်က အစဉ်ပါလာသည်ကိုဖျက်၍၊ ဆရာကိုလဲ မကြည့်၊ တပည့်ကိုလဲ မထောက်ဆ၊ မိဘဆွေမျိုးကိုလဲ မညှာ၊ ဘုရားဟောဒေသနာအရ၊ ပုဂ္ဂလစွဲကို ပယ်ရှား၊ ဓမ္မသဘောမှန်အတိုင်းကိုသာ လိုက်ပါနိုင်သော စိတ်ဆားသဘောမျိုးကို၊ လွန်စွာမှ အတုခိုးနည်းယူရန် သင့်လှပေ၏။

ထိုဥပတိဿနှင့် ကောလိတ တို့သည်၊ သိဉ္စည်း ဆရာကြီး ထံမှ ထွက်မြောက်ရန် တရား မတွေ့လေလျှင် မနေနိုင်ကြဘဲ၊ တိုင်ပင်ဖြီး ရှာဖွေသဖြင့်၊ ရှင်အဿဇိနှင့် တွေ့မှ၊ ဥပတိဿ အလိုပြည့်၍၊ ဂတိ အတိုင်း ကောလိတပါလွတ်မြောက်ရသကဲ့သို့။ မြို့လှဆရာကြီး ဦးခင်နှင့် ဆရာကြီး ဦးစံဒွန်းတို့သည်၊ ၇၀-ပြည့်နှစ်ကစ၍၊ ၃-နှစ်မျှ ကာလ ကြာစွာ၊ မုံရွာမြို့ လယ်တီဆရာတော်ဘုရားကြီး၏ တပည့်၊ လယ်တီ ဦးနန္ဒိယ သိတင်း သုံးသော၊ မြို့လှ သဲဖြူတောကျောင်း၌ တရားကို အားထုတ်ကြ၏။

ထိုအခါ ဦးနန္ဒိယ လူတွက်သွားရာ၊ ဆရာခင်နှင့် ဦးစံဒွန်းတို့မနေနိုင်ဘဲ၊ တိုင်ပင်ဖြီး နည်းမှန်တွေ့လျှင် ပြောစတန်းဟု ဂတိထား၍၊ ဆရာခင် တရားရှာထွက်ရာ၊ မြန်မာပြည်၌ အမည်ထင်ရှားသိသာသော ကမ္မဋ္ဌာန်းကျောင်းများ၌ တရားသဘောကျ မတွေ့၊ ဦးနန္ဒိယာနည်းထက် မပိုဘဲ၊ ငွေလဲ အတော်ကုန်၊ ကာလလဲ အတော်ကြာလွန်မှ၊ မင်းကွန်း

ဆရာတော်နှင့် တွေ့ရ၊ သဘောကျ၍ အားထုတ်ပြီးမှ၊ အဆွေကြီး ဦးစံဒွန်းကို ပြောပြသော်၊ လိုက်သွား အားထုတ်လေ၏။ ဆရာကြီး ဦးစံဒွန်း ကွယ်လွန်၍၊ ဆရာခင်မှာ ရဟန်းပြုပြီး၊ ရေတာရှည် မြို့ဦး ကျောင်းဌ ယာခိုရိသေးသည်၊ ဥပတိဿ, ကောလိတတို့နှင့် တူလှပေစွ တကား။ **။အကျယ် ဝိပဿနာလက်စွဲ၌ ပါရှိလေသည်။**

ယခုအခါ၊ ဂိုဏ်းစွဲ ပုဂ္ဂိုလ်စွဲသန်သူ များသေးသော်လည်း၊ ရှေး အခါနှင့် စာလျှင်၊ ၇၀-ပြည့်နှစ်မှ၊ ၉၀-ခုနှစ်အထိ၊ တနှစ်ထက်တနှစ် အမှန်ကို သိကြ၍၊ ဂိုဏ်းစွဲ ပုဂ္ဂိုလ်စွဲများကို ပယ်ရှားနိုင်သော၊ သတ္တိ ကောင်း ပါရမီရှင်တို့လည်း၊ တစ,တစ ထွက်ပေါ်လာကြသဖြင့်၊ဆန့် ကျင်သောသူများကို၊ မြေတာတရား ဥပေက္ခာ နှလုံးထားလျက်၊ ဘုရား ရှင်၏ ဒေသနာအရကိုသာ၊ လိုက်နာရန် သင့်ကြပေတော့သည်။

နိဗ္ဗာန်သွားလမ်းမှန်ကို၊ ရှာဖွေရန် ပြဆိုခြင်း ပြီး၏။

တရားဟောရှု၌၊ ပညတ်နှင့် ပရမတ် ၂-ပါး.ကို ခွဲခြား၍ ပြဆိုခြင်း

၁၃-ကမ္မဋ္ဌာန်းခွင်၊ မပေါက်လျှင်၊ အထင်ဟောတတ်ရှာ။
၁၄-ကမ္မဋ္ဌာန်းခွင်၊ ပေါက်ရောက်လျှင်၊ အမြင်ဟောတတ်ပါ။
၁၅-အထင်ပညတ်၊ မြင်ပရမတ်၊ နှစ်ရပ် ခွဲစိတ်ဖြာ။

ဤသံပေါက်လက်ာများ၏ အဓိပ္ပါယ်မှာ၊ တရားဟော မွေကထိက ပုဂ္ဂိုလ်မည်သည်၊ ကမ္မဋ္ဌာန်းခွင်သို့ မဝင်ဘူး, အားမထုတ်ဘူး, ဉာဏ် မပေါက်ရောက်ဘူးလျှင်၊ တရားသဘောအစဉ်၌၊ အတွေး ဒေါသထင်ဖြင့်၊ ဒေသနာ အတိုင်းထင်ပြီး၊ ဆင်ခြင်ဆဝေးသော အကြံ အစည် ဉာဏ်များနှင့်သာ ဟောကြားတတ်ပေ၏။ ကမ္မဋ္ဌာန်းခွင်သို့ ဝင်ရောက်အား ထုတ်ဘူး၍၊ နာမ်ရုပ်၏ သဘော လက္ခဏာကို၊ ဉာဏ်ဖြင့် သိရှိပေါက် ရောက်ဟူးပါမှ၊ ဉာဏ်၌ ဖြင်သောအတိုင်း၊ အမှန်တရားသို့ ထိအောင် ဟောကြားတတ်ပေသည်။

တဖန် စဉ်းစားရန်မှာ၊ ဤသို့အတွေး အထင်-ပညတ်ဟော၊ အသိ အမြင်-ပရမတ်ဟော၊ ဟူသော တရားသဘောမှာလည်း၊ အမှန်ကိုရှာခဲ့ လျှင်၊ပုဂ္ဂိုလ်အပေါ်သို့ မတင်စေရ၊မမှီသဘောကိုသာယူဆရပေမည်။ အဘယ့်ကြောင့်နည်းဟူမူကား၊ ဘုရားရှင်၏ သာသနာသည်၊ အခုကို ဆိုခဲ့ပါလျှင်၊ သုံးပါးအားဖြင့်သာ၊ အနှစ် ၅၀၀၀-ဟု ဟာခုတည်း မှတ်

သားထားကြံသော်လည်း၊ ပညတ်ကာလ, ပရမတ်ကာလဟု နှစ်မျိုးရှိလေရာ။ပညတ်ကာလ၌ ပညတ်တရားသာပေါ်နိုင်၍၊ပရမတ်ကာလမှာ၊ ပရမတ် တရားများတို့၊ ခေတ်အခါအားလျော်စွာ ပေါ်ပေါက်နိုင်သောကြောင့်ပေတည်း။

တဖန်၊ကာလ ၂-ပါးကို၊ ခေတ် ၅-ပါးနှင့် ထောက်ထားပါလျှင်၊ သမာဓိခေတ်၌ အားသေး၍၊ သီလခေတ်,သုတခေတ်, ဒါနခေတ်တို့၌၊ လုံးလုံး ကွယ်ပျောက်လျက်၊ ဝိပဿီခေတ်နှင့် တွေ့ကြုံပါမှ၊ ပရမတ် ဆတ်ဆတ် တရားပေါ်ပေါက်၍၊ အသိအမြင်နှင့် ဟောဟတ် သော ပုဂ္ဂိုလ်များရှိနိုင်ပေသည်။ သို့သော် ခေတ်အခါနှင့်၊ တရားဟောတတ်သော ပုဂ္ဂိုလ်များ ရှိနိုင်ကြောင်း ဆိုရာ၌၊ ခေတ်ဆိုက်သော်လည်း၊ ပုဂ္ဂိုလ်ကလိုက်မှ တိုက်ရိုက်တရားကို သိအောင်၊ အားထုတ် သူသာ ဟောတတ်၍၊ ခေတ်ကို မလိုက်ဘဲ ရှောင်လွဲနေသော ပုဂ္ဂိုလ်တို့သာ များပြားလေရာ၊ ခေတ်အားလျော်စွာသာ ဟောကြားရာ၌၊ နာသူတို့ ခြားနား သိရှိရန်ခဲယဉ်းလှပေသည်။

ထိုစကားများအရ၊ ခေတ်,ကာလ ဟူသောသဘောများမှာ၊ လွန်ခဲ့သော မောင်းထောင် သာသနာပိုင်၏ အထက်က၊ ကာလကြာမြင့်စွာ တရားမဟောဘဲ နေခဲ့ကြ၏။မောင်းထောင်သာသနာပိုင် လက်ထက်မှ၊ ယခုထောင် တရားဟု စ၍ ဟောဂ်။ ၎င်းနောက်၊ မင်းတုန်း ဘုရင် လက်ထက်မှ ယခုလွဲတရားဟု ပြောင်း၏။ တဖန်၊ လယ်တီဆရာတော် လက်ထက်မှ အဘိဓမ္မာတရားဟု ပေါ်ပေါက်ပြန်၏။ထို့နောက်၊ ဂန္ဓာရုံ သိမ်တော် ဆရာတော် စသည်တို့က၊ ကမ္မဋ္ဌာန်းတရားဟု ဟောကြားရာ၊ ၎င်းတရားမှာ၊ သမထကမ္မဋ္ဌာန်း အစားစား ဖြစ်ပေသည်။

တဖန်၊ မကြာမီကမှ၊ မင်းကွန်းဓေတဝန် ဆရာတော်။ ထို့နောက်၊ ရိုးသားညွှင်း ဆရာတော်ဘုရားကြီးများ၊ ဝိပဿနာကမ္မဋ္ဌာန်းတရားဟု၊ ထင်ရှား ကြော်ကြားလျက်၊ ဟောကြားတော်မူကြပေသည်။ယခုကဲ့သို့ တရားဟောခြင်း ခေတ်ပြောင်းလာပုံများကို ထောက်ထား၍ ပုဂ္ဂိုလ်အား မထိပါးစေဘဲ၊သူ့ခေတ်နှင့် သူ့တရားဟု၊ မှတ်သားရန် ပြဆိုခဲ့ပေသည်။

အထူးမှတ်သားရန်မှာ။ ဤကဲ့သို့တရား ခေတ်ပြောင်းသည် ဆိုသော်လည်း၊ပရိယတ္တိတရားများ ပြောင်းလဲသည်မဟုတ်ဘဲ၊ ပရိယတ္တိတရား၌ ခေတ်အားလျော်စွာ၊ အယူအဆကဲ့ပြား၍၊ အမှုအကျင့်ခြားနားသော၊ ပဋိပတ္တိတရားများသာ ပြောင်းလဲသွားသော

သဘောဖြစ်ပေသည်။ထို့ကြောင့်၊ ပရိယတ်ဟူသော စာပါဠိပုဒ်၌၊ ပညတ်ခေတ် အနက်ပေးပုံနှင့်၊ပရမတ်ခေတ် အနက်ပေးပုံများကို၊ သဘောမှန် လိုလားသူတို့ အထူးပင် သတိထားသင့်ပေ၏။

သဗ္ဗေ သဒ်္ဒါ ဒုက္ခာ။ ။သဗ္ဗေ၊ခပ်သိမ်းကုန်သော၊သဒ်္ဒါရာ၊ သဒ်္ဒါရုတရားတို့သည်။ဝါ ရုပ်နာမ်မျှ၊သဒ်္ဒါရုတို့သည်။ဝါ၊ကံ, စိတ်, ဥတု,အာဟာရဟု၊အကြောင်းလေးခုတို့၊ပေါင်းစု၍ဖြစ်သော သဒ်္ဒါရုတရားတို့သည်။ဒုက္ခာ ဆင်းရဲကုန်၏။ ။ဤကား၊ပညတ်ခေတ်၌ အနက်ပေးပုံတည်း။ ခဲ့ပေးသော်လည်း သဘော မရောက်ပေ။ ၎င်းသဒ်္ဒါရုပုဒ်ကို၊ ပရမတ်သဘောနက် ဆိုက်အောင်ပေးလျှင်။ သဒ်္ဒါရာ၊ မြင်မှု, ကြားမှု,စားမှု,သောက်မှု,သွားမှု,ရပ်မှု,ကွေးမှု,ဆန့်မှု, စသော သဒ်္ဒါရုတရားတို့သည်-ဟုပေးရ၏။

ထို့ကြောင့်၊ ခေတ်ရောက်သော တရားကို ဟောလိုလျှင်၊ ခေတ်ရောက်သော တရားကိုကျင့်၍၊ ဉာဏ်ဖြင့်သိရှိမှ၊ အမြင်ကို ဟောကြား တတ်သည်ဟု၊ မုချ ဆတ်ဆတ် အမြဲမှတ်အပ်ပေသတည်း။

ပညတ်, ပရမတ် ၂-ပါး ဟောကြားပုံကို ပြဆိုခြင်းဖြီး၏။

တရား၌ မရှိ၊ မြင်ရုံနှင့် သိနိုင်မှုကို၊ ခေမာဝတ္ထုဖြင့် သတိပြုရန် ပြဆိုခြင်း

၁၆–တရားရသူ၊ အခြားလူ၊ မြင်မူသိနိုင်ပါ။

၁၇–ခေမာဝတ္ထု၊ သတိပြု၊ ကြည့်ရှုဆင်ခြင်ရာ။

ဤသံပေါက် လက်ဝများ၏ အဓိပ္ပါယ်မှာ၊တရား အားထုတ်ပြီးသူ၊ တရား ရပြီးသူများ မှန်လျှင်၊အခြားသူများကို မြင်လျှင်၊တရား ရ-မရ၊ တရား၌-မ၌ကို သိနိုင်၏။ အဘယ်သာဓကကို မှတ်ရပါမည်နည်းဟူမူ၊ ခေမာ၏ဝတ္ထုကို ကြည့်ရှုပါက သိရှိရပါလိမ့်မည်ဟု ဆိုလိုပေသည်။

ဝတ္ထုကြောင်းဖြစ်ပုံမှာကား။ခေမာမိဖုယားကြီးသည်၊ အယူသည်းနေစဉ်အခါ၊ ဖြတ်စွာဘုရားကိုပင်လျှင်၊ ရန်သူအသွင်ကဲ့သို့ မှတ်ထင်နေပေ၏။မှတ်ထင်ပုံမှာ၊ဖြတ်စွာဘုရားသည်၊ အသုဘတရားဖြင့်၊မတင့်တယ်၊ ရွံရှာ စက်ဆုတ်ဘွယ်ဟု ဟော၏။ခေမာ မိဖုယားသည်ကား၊ အမွှေ။ဒိပါကျွန်းအလုံး၌၊အလှဆုံးဟု ထင်လျက်၊မာန်တက်နေရာ၊ တရားနှာပင် မသွားပေ။

တနေ့သောအခါ၊ဝိဒွဲသာရမင်းကြီးသည်၊ခေမာမိဖုယားကျောင်းသို့ သွားစေရန်၊ပရိယာယ်ဖြင့်ကြံဖန်၍၊မင်းထံသို့သဘင်သည်များခေါ်ပြီး၊ ဝေဠုဝန် ဥယျာဉ်သည်၊နန္ဒဝန်ဥယျာဉ်ထက် သာယာကြောင်း သီချင်းများရေး၍ နန်းတွင်း နန်းပြင်သို့ ပေးရန် အမိန့်ရှိလေရာ၊ နတ်ပြည်ရှိ နန္ဒဝန် ဥယျာဉ်သည်ကား၊ နတ်တို့ကိုသာ ပျော်ရွှင်စေနိုင်၏။ ရာဇဂြိုဟ် ပြည်၌ရှိသော၊ဝေဠုဝန်မှာမူ၊ မြတ်စွာဘုရား၏ တန်ခိုးတော်၊ ဘုရင်၏ ဘုန်းတော်ကြောင့်၊လူရော နတ်ပါ ပျော်ရွှင်ဘွယ်ရာဖြစ်၍၊ နတ်များသည် နန္ဒဝန်ဥယျာဉ်ကို မေ့နေကြောင်း စသည်ဖြင့် ရေးသား ဆက်သွင်းရာ၊ အမားလုံးသီဆိုကြ၏။

ခေမာ မိဖုယားကြီး ကြားသောအခါ၊အဟုတ်ပင်မှတ်ထင်ပြီး သွားချင်သောစိတ် ဖြစ်သည်ကို သံတော်ဦးတင်ပြီး နံနက်ခင်း သွားလေရာ၊ မြတ်စွာဘုရားသည် သိတော်မူ၍ ဆွမ်းခံမကြွဘဲ၊နှိုင်္ဂတရုပ်ဖြင့် သူငယ်မကလေးအသွင် ဖန်ဆင်းပြီး တရားဟော, တရားနာနေဟန်၊ စီရံ၍ ထားတော် မူလေသည်။ တချို့က ယပ်ခပ်၊ တချို့က ရှိခိုး၊ တချို့က နှုးတုပ်၊တချို့က ဝပ်နေ၏။

ခေမာ မိဖုယားသည်၊ အပေါ်နောက်ပါတို့နှင့်၊ ဥယျာဉ်ကို လှည့်လည် ကြည့်ရှုစဉ်၊ သူငယ်မကလေးတွေကို တွေ့မြင်လေလျှင်၊ လူပြည့်တွင်မမြင်စဘူး၊လှပတင့်တယ်ပုံ ထူးလှသဖြင့်၊ ဘယ်မြို့သူ ဘယ်လူမျိုးဟု အနားသို့တိုး၍ ကြည့်ရှုလေရာ၊မျက်စိအောက်မှာပင် တချို့က ဒေါ်, တချို့က နာ, တချို့က အရေတွန့်, တချို့က ကုန်းကွ, တချို့က သေ, တချို့က ပုပ်ပွ, တချို့ကပိုးလောက်တက်၊မနှစ်သက် ခံရဘွယ်အသွင်ကို တွေ့မြင် ရသောအခါ၊ လွန်စွာမှ ငါထက်သာအောင်၊ လှပ တင့်တယ်နူနယ်မျိုးဖြစ်လှသော၊ ဆံတောက် ဆံရစ်ရှယ် ဖြစ်ကြသည့် သူငယ်မကလေးတွေပင့်လျှင်၊ ဤကဲ့သို့ ဖြစ်ရသေးသဖြင့်၊ မနွေးအမြန် ငါလဲဖြစ်ရမည်အမှန်ဟု ကြံဖန်တွေးဆ စိတ်ကျ၍ သွားပေသည်။

ထိုအခါမှမြတ်စွာဘုရားသည်၊အချိန်ကာလအခွင့်ရသဖြင့်၊ အသုဘတရားကို ဟောကြားတော်မူပေသည်။

အာတုရံ အသုစိ ပူတိ၊ ပဿ ခေမေ သမုဿယံ။
ဥဿိ ရန်္တံ ပဿိ ရန်္တံ၊ ဗာလာနံ အဘိနန္ဒိတံ။ ။

ခေမေ၊ ချစ်သွီး ခေမာ။ အာတုရံ၊ ဂူဖောင်-ဖြာ ဘေးရောဂါတို့ဖြင့်၊ ကျောနာ ခံခက်အောင်၊ ဘိစိမ်း နှိပ်စက်၍ နေထသော။ အသုစိ၊ ညှီနံ

ဟောင်ပုပ်၊ လွန်ဆိုးယုတ်၍၊ စက်ဆုတ်ရွံဘွယ်၊ မစင်ကြွယ်ထသော၊ ပူတိ ံ၊ဆင်းနုံ့လွန်ဆိုး၊ မစင်အိုးကဲ့သို့၊ ပုတ်သိုး နံစော်၍ နေထသော။ ဥဿရနံ့၊ ခွဲဂန်းတံထွေး၊ နဖါးချေးနှင့်၊ နှပ် မျက်ချေးမျိုး၊ အပုတ် အသိုး တို့သည်၊ ပွားတိုးဆူကြွ၊ အုံလုံးထ၍၊ အထက်ဖွါရ၊ အမာဝမှ နှံ့ညစ်၊ သွန်ခါလွဲသို့၊ အမြဲဒိုးဒိုး၊ ယိုစိုး ထွက်ကျ၍ နေထသော။ ပဿရနံ့၊ ကျင်ကြီး,ကျင်ငယ်၊အသွယ်သွယ်တို့သည်၊ ရွံဘွယ်ကောင်းလှ၊ အုံလုံးထ၍၊အောက်ဘက်ဖွါရ အမာဝမှ၊ နံ့ညစ်၊ သွန်ခါလွဲသို့၊ အမြဲဒိုးဒိုး၊ ယိုစိုးထွက်ကျ၍ နေထသော။ ဗာလာနံ့၊အပုတ်ဟူက၊ ငန်းငန်းထသည့်၊ ပဒင်မမဲရိုင်း၊ ဥဒ္ဒုင်းဒဗိုင်းသို့၊ စံနှိုင်းဟူပုံ၊ ငါးအာရုံဝယ်၊ ကာမဂုဏ် ကြိုက်၊ ပထုဇဉ်ကန်း၊ ပထုဇဉ်မိုက်တို့သည်။ အဘိနန္ဒိတံ၊ အမြဲမကွာ၊ လိုက်စား ရှာသဖြင့်၊ လွန်စွာစုံမက် နှစ်သက်မြတ်နိုး၍ နေအပ်သော။ တေ၊အသုဘ ကမ္မဋ္ဌာန်း၊အာရုံတန်း၍ စွဲလန်းနေရှာ၊သင်ချစ်သို့ဝေ မာ၏။သမုဿယံ၊ ရုပ်,ဝေဒနာ, သညာ,သင်္ခါရ,ဝိညာဏဟူ တက္ကတည် ငြား၊ခန္ဓာ ၅-ပါးဟူသော တရားအပေါင်းကို။ ဝါ၊သမုဿယံ၊ ဝိုးမျိုး ရှစ်ဆယ်၊ မှိတ္တယ ခိုဒေသာင်း ရွံဘွယ် ကောင်းလှသည့်၊ ခန္ဓာ ၅-ပါး အပေါင်းကို။ပဿာ၊သတိသမ္ဗောဇ္ဈင်၊အမြဲယှဉ်၍၊စေ့စေ့ငုငု၊အာရုံပြုလျက်၊ ကြည့်ရှု ဆင်ခြင် လိုက်ပါတော့လော။

ယောဂီပုဂ္ဂိုလ်များ၊ စိတ်ကျအောင် ဟောကြားရန်၊ ယပ်လွဲနက်အသွား၊ ရေးသား လိုက်ပေသည်။ ခေမာ မိဖုယားသည်၊ တရားအဆုံး၌ သောတာပန်အရိယာ ဖြစ်သွား ပေ၏။

ကျက်မှတ်လိုသူတို့အတွက် သံပေါက်လက်ဝမျှား

၁။ ဆင်းနုံ့လွန်ဆိုး၊ မစင်အိုး၊ပုတ်သိုး အတိသာ။

၂။ ခွဲဂန်း တံထွေး၊နဖါချေး၊ မျက်ချေး နှပ်တွေပါ။

၃။ ကျင်ငယ်,ကျင်ကြီး၊ အသီးသီး၊ ယိုစိုး ထွက်ကျလာ။

၄။ ခန္ဓာကိုယ်ယုတ်၊ အကောင်ပုတ်၊ စက်ဆုတ်ရွံစရာ။

၅။ ကာမဂုဏ်ကြိုက်၊ ပုဂ္ဂိုလ်မိုက်၊ နှစ်ခြိုက်လွန်မင်းစွာ။

၆။ မိန်းမ,ယောကျ်ား၊ ပညတ်ထား၊ မှတ်သား ခေါသညာ။

၇။ ခန္ဓာ ၅-ပါး၊အမှန်အား၊ထင်ရှားရှိသည်သာ။

၈။ အသုဘတရား၊ နှလုံးထား၊ ပွားများဆင်ခြင်ရာ။
၉။ မယ်ဓမ္မဒခား၊ မြတ်ဘုရား၊ ဟောကြားဒေသနာ။
၁၀။ ဤနည်းမခြား၊ ဂုဏ်,လူများ၊ မမှားကျင့်လေပါ။
၁၁။ အသုဘကမ္မဋ္ဌာန်း၊ စိတ်စွဲလမ်း၊ ဆုံးခန်းနိဗ္ဗာန်တာ။
၁၂။ ဓမ္မပဒ၊ ကျမ်းဂန်မှ၊ ဖွင့်ပြသေဇာဓျာ။

ဓမ္မာ မိဇ္ဈတ်ားပြန်သွားသော အခါ၊ လေသာပြူတင်းက ကြည့်ရှုနေသော၊ ဝိမ္မိသာရမင်းကြီး မြင်လျှင်၊ အလွန်အံ့ဩပြီး ရှေးကနှင့်မတူသဖြင့် ဓမ္မာမိဇ္ဈတ်ားတရားထူးရလာပြီဟု အမတ်များကိုပြောကြားလေ၏။ဝိမ္မိသာရမင်းကြီးသည် အရိယာသောတာပန်ဖြစ်၍၊ သူတပါး၏ အမှုအရာကို မြင်ရုံမျှဖြင့်၊တရားရ,ဓရကို သိနိုင်ပေသည်။ ဤကဲ့သို့ သိနိုင်ခြင်းသည်၊ သတိပဋ္ဌာန်၌ လာသော ကွဲခြင်း, ကုန်းခြင်း, ကွေးခြင်း,ဆန့်ခြင်း စသည်ဖြင့်၊အဋ္ဌကထာတန် ဖြစ်သည်ကို သိအောင်၊အသိအမှတ်ဖြင့် လေ့လာထားသော အကျင့်ကြောင့် ဖြစ်ပေ၏။

ထိုသဘောအရကို၊ထောင်ကျ၍နေသောအခါ၊အစာကိုမသုံးရဘဲ၊ စကြဲသွားခြင်းဖြင့် မျှတနိုင်ကြောင်းကို ထောက်ဆသင့်ပေ၏။ ပသုနည်းဖြင့် အားထုတ်ကြသူတို့မှာ၊ ပြီးပြောက်သော အခါကို မဆိုထားဘိ၊ အားထုတ်ဆဲ အခါမှာပင် ကွဲခြင်း, ကုန်းခြင်း, ကွေးခြင်း, ဆန့်ခြင်းကို မြင်သောအခါ၊ တရားပါသည့်, တရား မပါသည်ဟု မြင်ရုံနှင့် သိနိုင်ကြလေ၏။ တဖန် အားထုတ်ဆဲ သူတို့ မဆိုထားဘိ၊ အားထုတ်မှု မရှိသေးသော်လည်း၊ သဘောသိသူတို့ ဇာရိပသာပုထ်ကို မြင်ရုံနှင့် ရိပသိလေ၏။ ထို့ကြောင့် ဥပတိဿသည်၊ အရှင် အဿဇိ၏ ကွဲခြင်း, ကုန်းခြင်း, ကွေးဆန့်ခြင်းကို မြင်ရုံမျှနှင့်၊ ဤသူ တရားရှိလိမ့်မည်ဟု တွေးလေ၏။ တွေးသည့်အတိုင်း ဟုတ်၍၊ ''ပညာရှိဒေးတွေး၊ ပြေးကြည့်သည်ထက်မှန်'' ဟု ဆိုကြပေသည်။

ပဿေ ပဿတိ ပဿန္တိ၊ အပဿန္တိမိ ပဿတိ။

သံယုတ်ပါဠိတော်။

ဘိက္ခဝေ၊ ရဟန်းတို့။ လောကေ၊ လောကကြီး၌။ ပဿေ၊ မျက်စိမြင်သောသူသည်။ ပဿန္တိ၊ မျက်စိမြင်သောသူကို။ ပဿတိ၊ မြင်၏။

အပဿနာမှိ၊ မျက်စိ မမြင်သောသူကိုလည်း။ ပဿတိ၊ မြင်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဇဝံတာဃာ.ဤဥပမာအတူ။ သာသနေ၊သာသနာ၌။ ပဿော၊ တရားမျက်စိ အမြင်ရှိသောသူသည်။ ပဿန္တံ၊တရားမျက်စိ အမြင်ရှိသောသူကို။ ပဿတိ၊ မြင်နိုင်၏။ အပဿန္တံမှိ၊ တရားမျက်စိ အမြင်မရှိသောသူကိုလည်း။ ပဿတိ၊ မြင်နိုင်၏။

၌ဂါထာဝက်၏ အဓိပ္ပါယ်ကား။ နောက်ကပြဆိုခဲ့သော သဘော များကို လွန်စွာမှထင်ရှားစေ၏။လောက စကားပုံအားဖြင့်၊ ''မြွေကို-မြွေချင်းမှ ခြေမြင်'' ဟုဆိုကြပေ၏။ထိုစကားအရဖြင့်''စာတတ်သူကို၊ စာတတ်သူမှ သိ။'' ဤသို့ အစရှိသည်ဖြင့် ပြောဆိုကြသကဲ့သို့ တရား သမားကို တရားသမားမှသာ သိနိုင်ပေသည်။ ထိုသို့သိနိုင်ရာ၌၊ ပြဆို ခဲ့သော ဥပတိဿနှင့် ခေမာတို့ ဝတ္ထု၊အရ၊ ကွေးမှု,ဆန့်မှု ပြုသည်ကို မြင်ရုံနှင့် တရားရှိ-မရှိ သိနိုင်သည်ဟု ဆိုလေရာ၊ယခုအခါ တရား သမားတို့ စဉ်းစားရန်တည်း။

စဉ်းစားရန်ကား၊ ယခုအခါ များ စွာ သော နည်း လမ်း တို့ ဖြင့်၊ ဝိပဿနာ ကမ္မဋ္ဌာန်းကို သဘောကြေနပ်သော ဆရာထံ၌ နည်းခံ၍ အားထုတ်ကြကုန်၏။ ထိုသူများသည်၊သူတပါးတို့ ကြွ, လှမ်း, ကွေး, ဆန့် စသောအမှု ပြုသည်ကိုမြင်ရုံမျှနှင့် တရားပါ,မပါ၊တရားရှိ,မရှိကို သိနိုင်ခဲ့လား မသိနိုင်သလားဟုစဉ်းစားရာ၏။ အကယ်၍သိနိုင်ပါလျှင်၊ အဆက်တွင်ပြဆိုခဲ့သော ဝတ္ထု၊ဒေသနာတို့နှင့် ညီညွတ်သဖြင့်၊ သင့်တင့်ဟုတ်မှန်သည်ဟု မြဲမြံစွာ ယူသင့်ပေ၏။

အကယ်၍မသိနိုင်ပါလျှင်၊ အဆက်တွင် ပြဆိုခဲ့သော ဝတ္ထု၊ဒေသနာတို့နှင့် မညီညွတ်သဖြင့်၊ မသင့်တင့် မဟုတ်မမှန်သေးဟု အယူကိုပယ်စွန့်ပစ်ပြီးလျှင်၊ မှန်ကန်သော နည်းကိုသာ အရေးကြီးစွာဖြင့် အချိန်အခါ လွန်မသွားမီ၊ ဆရာကောင်းများထံ ဆည်းကပ်လျက်၊ မပြတ်မလပ်သော ဝိရိယခတ်တရားနှင့် မြင်ကာမျှသိနိုင်စေသော၊ ဝိပဿနာ အလုပ်များကို ကြိုးစား အားထုတ်သင့်လှပေသတည်း။

မြင်ရုံနှင့်သိနိုင်မှုကို၊ခေမာဝတ္ထုဖြင့်ပြဆိုခြင်းပြီး၏။

တရားမှန် ရသည်၌၊ ကောဏ္ဍညဝတ္ထုနှင့်ဆင်တူရိုးမှား
ရှိတတ်မှုကို ပြဆိုခြင်း

၁၈—ဥဒယဘဒ္ဒယ၊ မြိနိစ္စ၊ တည်မှမှန်သည်သာ။
၁၉—ဓမ္မစက္ကာ၊ ကောဏ္ဍည၊ ဟောပြဒေသနာ။
၂၀—ဆင်တူရိုးမှား၊ ရှိသည်မျှား၊ ခြားနားသိလေပါ။

၍သံပေါက်လက်ာ၏အဓိပ္ပါယ်မှာ၊ ပဒသုကျမ်း၌ပြဆိုရေးသားသော နည်းလမ်းများ အရဖြင့်၊ ဝိပဿနာ ကမ္မဋ္ဌာန်းကို အားထုတ်ကြသူတို့၊ မဂ်ဖိုလ်နိဗ္ဗာန်ကိုရသည်ဟု ထင်ခဲ့သော်၎င်း။ အခြားနည်းလမ်းတို့ဖြင့်၊ ဝိပဿနာကမ္မဋ္ဌာန်းကို အားထုတ်ကြ၍ မဂ်ဖိုလ်နိဗ္ဗာန်ကို ရသည်ဟု ထင်သော သူတို့သည်၎င်း။ မိမိတို့ ရသည်ထင်သော မဂ်ဖိုလ်နိဗ္ဗာန် တရားများ မှန် မမှန်သိရန်မှာ၊ ဥဒယဘဒ္ဒယာဉာဏ် အမြဲတည်မှ၊ မှန်သည်ဟု ယူသင့်ကြောင်းကို ပြဆိုပေသည်။

ထိုဆိုခဲ့သော အဓိပ္ပါယ်သွားကို၊ ကဲ့ပြားအောင် ရှင်းလင်းရန်များမှာ၊ ဥဒယဘဒ္ဒယာဉာဏ်၌ အမြဲတည်မှ၊ မဂ်တရား မှန်သည်ဟု ဆို့ရာ၌၊ အဘယ် ကဲ့သို့ သိရမည်နည်း ဟူမူ၊ မဂ်ဉာဏ်ကို အမှန်ရလျှင်၊ သောတာပတ္တိမဂ်ဖြစ်စေ၊ သကဒါဂါမိမဂ်ဖြစ်စေ၊ အနာဂါမိမဂ် ဖြစ်စေ၊ အရဟာတ္တမဂ်ဖြစ်စေ၊ မဂ်စိတ်, ဖိုလ်စိတ်, ပစ္စဝေက္ခဏာစိတ်၏ အဆုံး၌၊ ဥဒယဘဒ္ဒယာဉာဏ် အမြဲတည်သည်ဟု ကျမ်းဂန်များဆိုသဖြင့် မိမိအားထုတ်ခဲ့သော တရားကို နှလုံးသွင်းလျှင်၊ ခဏခြင်း ရုပ်နာမ်ဖြစ်ပျက်ထင်သော ဉာဏ်ပေါ်ရမည်။

ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မန္တိ။

ယံကိဉ္စိ၊ အလုံးစုံသော ရုပ်နာမ်သင်္ခါရ တရားသည်။ သမုဒယဓမ္မံ ဖြစ်ခြင်းသဘောရှိ၏။ တံသဗ္ဗံ၊ ထိုအလုံးစုံ ဖြစ်ခြင်းသဘောရှိသော ရုပ်နာမ်သင်္ခါရတရားသည်။ နိရောဓဓမ္မံ၊ ချုပ်ခြင်းသဘောရှိ၏။

၍သို့လျှင်၊ အရှင်ကောဏ္ဍည မထေရ်အား၊ မြတ်စွာဘုရား ဟောကြားတော်မူသော၊ မွေစက္ကပဝတ္တနာ သုတ္တန် ဒေသနာတော်မြတ်အရ၊ မဂ်မှန်လျှင် မိမိတို့ အားထုတ်ခဲ့သော တရားအတိုင်း နှလုံးသွင်းလျှင်၊ ခဏခြင်း ရုပ်နာမ်အဖြစ်အပျက်ထင်သော၊ ဥဒယဘဒ္ဒယာဉာဏ်ပေါ်လျှင်၊

မဂ်မှန်ဟု ဆုံးဖြတ် သိရှိ၍၊ မိမိကိုယ် မိမိယုံကြည်နိုင်သော အချက် ဖြစ်ပေ၏။ ထိုကဲ့သို့မှ မဟုတ်လျှင်၊အားထုတ်နည်း တရားလည်း မမှန်၊ မဂ်ဉာဏ်လည်းမမှန်ဟု သိနိုင်ရန်ခဲယဉ်းပေတည်း။

ထိုအကြောင်းနှင့်စပ်၍ သိမှတ်ရန် ပန္နုပ္ပန် ဝတ္ထုမှာ၊ လွန်ခဲ့သော ၉၁-ခုနှစ်က၊ ယိုးဒယားပြည် ဘန်ကောက်နယ် မိုင်းကန်မြို့မှာ၊ကျောင်း ပညာနှင့် မောင်နာဂစသော တပည့်များပင့်၍၊ ယခု ဘန်ကောက်မြို့ သိမ်ကျောင်း၌ သိတင်းသုံးသော၊ တပည့် ဖြစ်သူ ဘုန်းတော် ကြီး ဦးဥလာသနှင့်၊ ရန်ကုန်မှ ဝါဆိုလတွင် သွားရောက်၍၊ တရားဟော တရားပြလျက်နေပေ၏။

ထိုအခါ၊မြို့ထဲ၌ တရားဟောရာ၊မြန်မာပြည် ကျိုက်ထိုသား ဦးတိ-လောက၏တပည့် ကသိုဏ်းကို အားထုတ်သူသော မောင်ဘိုးသောင် ဆိုသူသည်၊ မိုင်းကန်မြို့သို့ ရောက်သောအခါ၊ မြန်မာပြည် မွေစေတီ ဂိုဏ်းဝင်၊ သကဒါဂါမိ အရိယာဟုကျေညာလျက်၊ ဆရာဘ ဆိုသူ သည်၊ ဘုရား, ကား ရောင်းရင်း၊ မိုင်းကန်မြို့သို့ ရောက်လာသဖြင့်၊ မောင်ဘိုးသောင်နှင့်တွေ့ကြ၏။

ထိုအခါ ဆရာဘ ဆိုသူက၊ ခန္ဓာငါးပါး၏ သရုပ်များကို ဟော ကြားပြီး၊ ၎င်းကို မှတ်သား၍၊ ပုဂ္ဂိုလ် သတ္တဝါဆိုတာ အမည်သာ၊ ခန္ဓာငါးပါးသာ အမှန်ရှိသည်ဟု ယူထားပါလျှင်၊ သောတာပန်ဖြစ် တော့၏။သောတာပန်အလုပ်ဆိုတာ၊ဆင်းရဲစွာကျင့်နေရခြင်း မဟုတ်၊ ခန္ဓာ နာမ်ရုပ်နှင့် ပုဂ္ဂိုလ် သတ္တဝါကိုခွဲ၍ သိရှိယူဆနိုင်ရုံမျှသာ၊ဝိသာခါ နှင့် အနာထပိဏ်တို့ကို ထောက်စာပါလေ စသည်ဖြင့် ပြောပြသော အခါ၊ သဘောကျပြီး အရိယာသောတာပန် ဖြစ်ပြီဟု အထင်ကြီး၍ နေလေသည်။ထို့ကြောင့် ကျွန်ုပ်တို့ဟောသော တရားကို ပုတ်ခတ်ပြော ကြားပေ၏။

၎င်းအကြောင်းကို သိ၍၊တနေ့တရားဟောရာ၌၊အထက်ပါ ချိန်ထိုး ရန်၊ မှန်, မမှန် သိနိုင်သည်များကို ဟောကြားရာ၊ အိမ်သို့ ပြန်လာပြီး၊ ဆရာဘ ဆုံးမသော နည်းအရ၊ ၃-ရက်မျှ နှုလုံးသွင်းရာ၊ ထူးခြားခြင်း မရှိလှသဖြင့် သံသယဖြစ်လေသည်။ ၎င်းနောက် ကျွန်ုပ်တို့ထံရောက်ပြီး အားထုတ်နည်း အမြွက်မျှကို ဆုံးမပါဟု တောင်းပန်၍၊ စကြံသွားပုံ

သွားနည်းကို ကျနစွာပြောကြားလိုက်သဖြင့်၊ထိုအခါ၊ တနေ့ ၂-နာရီ၊ ၃-ရက်မျှ အားထုတ်ရာ၊ထူးကဲသောဉာဏ်ဖြင်လာ၍၊ ပုတ်ခတ်ပြစ်မှားပြောကြား မိသည်များကို ထင်ရှားစွာ ဖေါ်ပြလျက်၊ ကျင်းဂန်ဦးဆိုသည့်အတိုင်း၊ ကျနကိုင်းရှိုင်းကာ၊ အလွန် ရှိသေစွာဖြင့် ဒူးကြိမ်ကြိမ်တောင်းပန်ကန်တော့၍ သွားဖျာပေသည်။ ၎င်းဆရာဘ ဆိုသူသည်၊ ယခုအခါ မြန်မာပြည် အထက်ပိုင်းဒွီ၊ အနာဂါမ်ဟု ကျေညာကြောင်းကြားရ၏။ စဉ်းစားကြရန်ပေတည်း။

ထို့ကြောင့်၊ ပြဆိုခဲ့သော ပစ္စုပ္ပန်အကြောင်းများကို ထောက်ထားလျက်၊ယခုအခါ တရားအမျိုးမျိုးကို အားထုတ်ကြသူများ၊ အနည်းဆုံး တမဂ် တဖိုလ် ရအောင် အားထုတ်သင့်၏။ အားထုတ်၍ ဆရာက မဂ်ရဖြို ပြောခြင်း မိမိက မဂ်ရဖြိုထင်ခြင်းမျှဖြင့် စိတ်ချ၍မနေသေးဘဲ၊ မိမိကိုယ်တိုင်၊ မှန်, မမှန်ဟု ဇကန်ဆုံးဖြတ်၍ သိနိုင်ရန်၊ ပြဆိုခဲ့သော အတိုင်းအားထုတ်ကြည့်၍ နာမ်ရုပ်အဖြစ်အပျက်မြင်သော၊ဥဒယဗ္ဗယဉာဏ်ပေါ်မှ အမှန်ဟု စိတ်ချနိုင်ရန်၊ သာကေဝတ္ထု၊သွားကို မှတ်သားကြပါလော။

တဖန် ဆင်ဘူရိုးများ ရှိတတ်သည်များ၍၊ခြားနားသိရန် သတိထားရမည့် အချက်တို့မှာ၊ ဆရာအားဖြင့်၎င်း၊ တရားနည်းအားဖြင့်၎င်း၊ များပြားလေရာ။ အစမှာ ဟုတ်မည် လိုလို ဘူမည် လိုလိုနှင့် အလယ်, အဆုံးမှာ မတူပေ။ထို့အတူ၊အလယ်၌ ဆင်သလိုရှိပြီး၊အစ,အဆုံး လွဲနေပေ၏။၍နည်းအားဖြင့် ဆင်တူရိုးများများလေရာ၊အချို့မှာ အတော်များစွာဘူပြီး၊ အနည်းငယ်မသိမသာမျှ ကွဲပြားနေသဖြင့်၊ လွယ်လွယ်နှင့်မထင်ရှား၊ ဉာဏ်နည်းသူ ဉာဏ်မစုံသူတို့၊ လွဲမှားရန် ရှိနေတတ်သေးပေသည်။

၍သဘောမျိုးသည်၊ မွေတာ ဖြစ်ပေ၍ ဘုရား ရှင်၏ လက်ထက်မှာပင်၊ ဘုရား၏တရားနှင့် ဒေဝဒတ်၏ တရားသည် မကွဲပြားလှသဖြင့်၊ အချို့မှာအထင်များ အချို့မှာဒေဝဒတ်၏တရားကပင် မှန်သည်ဟုယူကြပေ၏။၍သို့စသည်ဖြင့် နည်းအများ ရှိဘူးသကဲ့သို့ ပင်လျှင်၊ ယခုအခါတွင်လည်း၊ နည်းအများ ဆရာအများရှိလေရာ၊ဆင်ဘူရိုးများ မဖြစ်ပွားစေဘဲ၊ ကွဲပြား ခြားနားစွာ သိရှိရန်၊ အထူးပင် သတိထားသင့်လှပေသည်။

သတိထားရန်ကား။အချို့မှာ သတိပဋ္ဌာန်နည်းဟု အမည်မျှ တူသော်လည်း အားထုတ်ပုံ မတူသည်ကို မသိကြ၍ သွားလေရာ၊ ရောက်မှ မတူမှန်း သိပြီး ပြန်ရဖို့။ အချို့မှာ အမည်တူလျှင်၊ အလုပ်သဘောတူ ထင်ပြီး အားထုတ်ကြ၏၊နောက်မှ ထိုလားသောနည်းလမ်း မဟုတ်မှန်း သိရလေသည်။နည်းမတူပုံမှာ သတိပဋ္ဌာန်၌ ၄-ပါး ရှိလာရာ။ကျွန်ုပ်တို့က ၄-ပါးလုံး အားထုတ်ရန်။အချို့က ကာယာနုပဿနာတပါးတည်း။ အချို့က ဝေဒနာနုပဿနာ တပါးတည်း အားထုတ်ကြလေသည်။

ထို့အတူ၊ ဝိပဿနာဆိုသည်မှာလည်း လွန်စွာများ၍၊ကျွန်ုပ်တို့က **မှတ်**သည်၊အချို့က **သိ**သည်၊ အချို့က **ပွား**သည်၊ အချို့က **ရှု**သည်၊ အချို့က **ဆင်ခြင်**သည် စသည်ဖြင့်များလှသောကြောင့် သတိပဋ္ဌာန်ချင်း မတူ၊ဝိပဿနာချင်းမတူသည်များကို၊ ဆင်တူရိုးမှား မဖြစ်ပွားစေဘဲ၊ ခြားနားစွာ သိရှိမှတ်သား၍၊ ကွဲပြား နားလည်ကြရန်၊ အထူးပင် သတိထားသင့်ပေသတည်း။

အဉ္ဇန်တရားနှင့်၊ ဆင်တူရိုးမှားကို ပြဆိုခြင်း ပြီး၏။

ဆင်ခြင်မှုစသော ဝိစာရဏာပဒ္မကို ပြဆိုခြင်းအဝိုင်းပြီး၏။

ဆရာ့ဂုဏ်စသည်ကိုပြဆိုခြင်းအဝိုင်း

၃-အာစရိယပဒ္မ

ခေတ်ကောင်းအခါ၌ ဆရာအများပေါ်ဟန်နှင့် နည်းလမ်းမှန်ကို စုံစမ်းရန်ပြဆိုခြင်း

၁-ခေတ်ကောင်းကြံခြင်း။ နည်းအများ။ ထင်ရှားပေါ်သည်သာ။

၂-ဆရာအများ။ ပေါ်ပေါက်ခြင်း၊ မမှားတွေ့တတ်ပါ။

ဤသံပေါက် လက်ာများ၏ အဓိပ္ပါယ် အရမှာ၊ ခေတ်ကောင်း အခါကောင်းများနှင့်၊ ထင်ရှားတိုက်ဆိုက် ကြုံကြိုက်လာလျှင်၊ နည်းလမ်းတို့သည် များစွာ ပေါ်ပေါက်တတ်သည်။နည်းအများ ပေါ်သည်မှာလည်း၊ဂိုဏ်းအများ ဆရာအများပေါလာသောကြောင့်ဖြစ်လေရာ၊

ဆရာဒဓများ ပေါ်လာလျှင်လည်း၊ အမှားကို တွေ့တတ်သဖြင့်၊ သတိ ချပ်ရမည်ဟု ဆိုလိုပေသည်။

ထိုအဓိပ္ပါယ်ကို ဖွင်းလင်းရန်မှာ၊ ခေတ်ကောင်း အခါကောင်း ဟူသည်၊အလွန်ဆုံး အထက်ဆုံးဖြစ်သော၊အထွဋ်အထိပ်အခါကိုဆိုလျှင် ဘုရားပွင့်ပေါ်သည့် အခါမျိုး ဖြစ်ပေသည်။ ၎င်းဘုရားပွင့်မည့် အခါ နီးလာလျှင်၊ မပွင့်မီကပင်၊ လောကတွင် ဘုရားဖွင့် ပွင့်လိမ့်မည်ဟု ကြိုတင်၍ ကောလာဟလစကား ဖြစ်ပွားနှင့်ပေသည်။

အထက်ပါ၊ ကြွေးကြော် ပြောကြားသော၊ ကောလာဟလ စကားသည်၊ ၁-ကပ္ပ ကောလာဟလ၊ ၂-ဗုဒ္ဓ ကောလာဟလ၊ ၃-မင်္ဂလာ ကောလာဟလ၊ ၄-မောနေယျကောလာဟလဟူ၍ ၄-ပါးအပြားရှိ၏။ ထို ၄-ပါးတို့တွင်၊ တမ္ဘာကြီး ပျက်စီးခါနီးလျှင်၊ အနှစ် တသိန်းခန့် ကာလက၊ လောကဖြူဟာ နတ်သားတို့ ကြွေးကြော်ပေသည်။

ထိုအဘူ၊ ဘုရားပွင့်ခါနီးလျှင်၊ အနှစ်တထောင်ခန့် ကာလက၊ နတ်များကြွေးကြော်ပေသည်။ တဖန် မင်္ဂလာတရားဟောကြားခါနီးလျှင်၊ ၁၂-နှစ်ခန့်ကာလက၊ နတ်များ ကြွေးကြော်ပေသည်။ ၎င်းနောက်၊ မောနေယျ ပေါ်ခါနီးလျှင်၊ ၇-နှစ်ခန့် ကာလက၊ နတ်များ ကြွေးကြော်ပေသည်။ ဤသို့ကောလာဟလ ၄-ပါးဖြစ်ပေသည်။

ထို ၄-ပါးတို့တွင်၊ ဘုရားရှင်ပွင့်တော်မူမည့်၊ ဗုဒ္ဓ ကောလာဟလ အရ၊ယသုပ္ပက္ခ နိးကပ်သောကာလ၌၊ဗုဒ္ဓစစ်ဘုရားမပေါ်မီ၊အရပ်ရပ်၌ပင်၊ ဘုရားအမျိုးမျိုးတို့ ကြိုတင်၍ ပေါ်ပေါက်နှင့်ရကား ကျင့်အပ်သော နည်းလမ်းတရားတို့မှာလည်း သူတော်ကောင်းဖြင့် အစားစား ရှိလေရာ၊ မြေတာသဘောဖြစ်ပေ၏။ ။စင်စစ်မှာမူကား၊ သူရိယခေါ် သော နေမင်းထွက်ခါနီးလျှင်၊ အရုဏ်ဟု ဆိုရသော နေရောင် အရိပ် သည်၊ ကြိုတင် ပေါ်ရသည့်အလား။ ဘုရားစစ် ပွင့်ကာနီး၌၊ ဘုရားတူ ဘုရားပေဒင်တို့ များမြောင်စွာ ပေါ်လွင်လျက်၊ကြိုတင်၍ ဖြစ်လာခြင်း တို့သည်ကား၊ ဘုရားစစ် ဘုရားမှန်၊ ပွင့်ပေါ်ရန် ဖွဲ့ရပြေး အတိတ်၊ နိမိတ်ဩဘာ မင်္ဂလာဖြစ်သည်ပင်ဟု ဖွဲ့နောက် မြွေ်မြင် ကြသည့်၊ ပညာရှင် အများတို့ မှတ်သားရန် ဖြစ်ပေသည်။

ယခုကဲ့သို့ လောက၌၊ ဘုရားအများ နည်းအများ ပေါ်လာခဲ့သည် ရှိသော် မသိကြသူ ရှင်, လူအများတို့မှာ၊ အယောင်ယောင် အမှားမှား

နှင့်၊မမှန်သောတရားသို့၊ကျင့်ကြံ လိုက်သွားမိတတ်သည်မျှားမှာလည်း၊ ဓမ္မတာတရားမျိုးပင် ဖြစ်ပေ၍။ထိုကဲ့သို့သော ဘုရားမှား, တရားမှား, မျှားကို၊ သတိညာဏ် ရှေသွား၍၊ ပယ်ရှား တတ်သူတို့မှ အကျိုးမျှား ပေ၏။

အဘယ့်ကြောင့် နည်းဟူမူကား၊လောကဋ္ဌ ဖွေစစ်နှင့် ဖွေတူ နှစ်မျိုး တွင်၊ဖွေတူပေါမျှား၊ဖွေစစ်ရှားသကဲ့သို့ပင်း။အစစ်တွင်းထွက်ကျောက် နှင့်၊အတုချက်ကျောက်နှစ်ခုတွင်၊ အတုချက်ကျောက်ပေါမျှား၊ အစစ် တွင်းထွက်ကျောက် ရှားသကဲ့သို့ပင်း။ ဘုရားစစ်, ဘုရားမှန် ဟူသည်၊ လောကဋ္ဌတဆူတည်း၊ တရားနည်း ကမျိုးတည်းဖြစ်ခြင်း၊ ကြေဝ်ကြား အောင်လုံလမပြုခြင်း၊ဘုရားတူ,ဘုရားယောင်တို့မှာ၊လွန်စွာမျှားခြင်း၊ ကြေဝ်ကြားအောင် လုံလပြုခြင်းတို့ကြောင့် ပေတည်း။

ဤကဲ့သို့ ဖြစ်လေရာ၊ ဉာဏ်နည်းပါးသော သူတို့မှာကား၊ အမှန် အမှားကို မဆင်ခြင်နိုင်ဘဲ၊ကြေဝ်ကြားထင်ရှားရာကို လိုက်သွားတတ် သော အလေ့မျှားကြောင့်၊ အမှန်နှင့် မတွေ့နိုင်ဘဲ၊ အမှားဘက်သို့သာ ယိုင်လဲ သွားတတ်သည်က မျှားပြားလှသဖြင့်၊ အထူးပင် သတိထား ကြရလေတော့သည်။

ပဒုမ္မာကောလာဟာလဋ္ဌ၊ ဘုရားအမျှားပေါ်၍၊မသိ သူတို့ မှားကြသကဲ့သို့။ ပဒုမ္မ အခါဋ္ဌလည်း၊ ကမ္မဋ္ဌာန်း ဆရာအမျှား၊ ဝိပဿနာနည်းအမျှား ပေါ်ပေါက်နေသဖြင့်၊ ဗဟုသုတ နည်းပါး ရှာကြသော ရှင်လူအမျှားတို့မှာလည်း အမှားဘက်သို့သာ လိုက်ပါသွား တတ်ကြသဖြင့်၊ အမှန်နှင့် အမှားတို့ ခြားနားသည်ကို၊ ကွဲပြားအောင် သတိထားသင့်ကြပေ၏။

အဘယ့်ကြောင့် အမှားဘက်သို့ ရှင်,လူအမျှားတို့ လိုက်သွားတတ် ကြပါသနည်းဟူမူ၊ အထက်က ပြခဲ့သောအတိုင်း၊ အမှန်တရားသည် နည်းပါးခြင်း၊ ကျော်စော ထင်ရှားအောင် လုံလ ပယောဂ မပြုခြင်း၊ အမှားတရားသည် မျှားပြားခြင်း၊ ကျော်စော ထင်ရှားအောင် လုံလ ပယောဂပြုခြင်း ရှိတတ်လေရာ၊ ထိုကျော်စောထင်ရှားရာသို့ လိုက် သောကြောင့် ပေတည်း။

အထူးသတိထားကြရန်မှာ။''ဇကော ဗုဒ္ဓေါ ပဝတ္တတိ''စသည်ဖြင့်၊ လောကဋ္ဌ ဘုရားစစ်, ဘုရားမှန်ဟူသည်၊ တဆူတည်းသာ ပွင့်သည်၊

နှစ်ဆူမရှိဟု အင်္ဂုတ္တိရ ပါဠိတော်မျှားဌ လာရှိပေ၏။ ထိုအတူ နိဗ္ဗာန်လမ်းသို့ ဖြောင့်တန်းစွာသွားသော တရားမှန်သည်လည်း တကြောင်းတည်းသာရှိ၏၊ နှစ်ကြောင်းမရှိဟု သတိပဋ္ဌာန်ပါဠိတော်ဌ ဟောကြားပေ၏။

ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ။

ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤသတိပဋ္ဌာန် တရား ၄-ပါးသည်။ သတ္တာနံ၊ သတ္တဝါတို့၏။ ဝိသုဒ္ဓိယာ၊ ကိလေသာတို့မှ စင်ကြယ်စေခြင်းငှါ။ ဧကာယနော၊ တကြောင်းတည်းသော။ မဂ္ဂေါ၊ ခရီးပေတည်း။

ဤဒေသနာတော်မျှားကိုထောက်ထား၍၊ နိဗ္ဗာန်လမ်းသွား ဝိပဿနာကို ထိုလားသူတို့၊ ဆရာမမှား, နည်းမမှားစေရန်၊ ဒေသနာကျမ်းဂန်တို့နှင့်ဖြောင့်မှန်သောအဓိပ္ပါယ်သဘောမျှားကို ထင်ရှားစွာ ပြဆိုထိုက်ပေသတည်း။

၃-ဆရာအတွက်၊ ရုတ်တရက်၊ နှစ်သက်မယုံရာ။

ဤသံပေါက် လက်ာမျှား၏ အဓိပ္ပါယ်မှာ၊ ယခုအခါ သာသနာ၏ ခေတ်အားလျော်စွာ၊ ကမ္မဋ္ဌာန်း ဆရာတို့သည်၊ ဂိုဏ်းနှင့် နည်းလမ်း မျှားပြားသည့်အပြင်၊ ပုဂ္ဂိုလ် အားဖြင့်လည်း၊ ရဟန်း, သာမဏေ, ရဟေ့, သီလရှင်, လူပေသာကျား, လူမိန်းမဟု ရှိလေရာ။ အဲ့ဤမှာ ဆရာကောင်းမျှားထံ၌၊ နည်းခံရရှိ၍ မှန်ကန်သော်လည်း၊ ၎င်းတို့မှာ နည်းပါးလျက်၊ သာမည အတုအပတို့က မျှားတတ်လေသည်။

မျှားတတ်ပုံမှာ၊မှန်ကန်ကျနစွာ ဆရာထံ၌ နည်းခံ အားထုတ်မှုမရှိခြင်း၊ အားထုတ်သော်လည်း၊ သာမည်ပြောရုံ အားထုတ်ခြင်းဖြင့်၊

စာတို့, စာစကလေးတွေကို မှတ်သားပြီး၊ ဇာတ်သမား ပျက်ကလည်း ဆရာလုပ်၊ ပုလိပ်ထွက်ကလည်း ဆရာလုပ်၊ အရက်သမားကလည်း ဆရာလုပ်၊ ကစားသမားကလည်း ဆရာလုပ်၊ မှော်ဂျီး, နတ်ဂျီးစသည် တို့ကလည်း ဆရာလုပ်ကြလေသည်။

တပန်၊ကမ္မဋ္ဌာန်းတို့က်ဟု အမည်ကြော်ကြား၊ တော်တော်ကြာ စာသင်တိုက်ဖြစ်။ ဝိပဿနာတိုက် ဆိုကာ၊ မကြာမီ သမထ တိုက်ဖြစ်။ သမထတိုက် ပြောကာ၊ တော်တော်ကြာ မှော်ဂိုဏ်း, နတ်ဂိုဏ်းဖြစ်။ ဤသို့ စသည်ဖြင့် အလိမ် အမှားတွေ များသောကြောင့်၊ တွေ့သော ဆရာ၏အခြေအနေ၊ ထိုဆရာ၏ တဆက်, နှစ်ဆက် အထက်ဆရာများ၊ ထိုထိုဆရာများ၏ အရည် အချင်း တို့ကိုပါ စုံစမ်းနိုင်မှ၊ နည်းလမ်း တရားတို့ မမှားမယွင်းဘဲ၊ ဖြောင့်မှန်ခြင်း ရှိနိုင်ကြပေသတည်း။

ဆရာနှင့်နည်းမှန်ကို၊စုံစမ်းရန်ပြဆိုခြင်းပြီး၏။

သဒ္ဓါများက၊မှားတတ်ပုံနှင့်၊ ရှေ့သွားသူတို့သတိပြုကြရန် သိဟအမတ်ဝတ္ထုဖြင့်ပြဆိုခြင်း

၅- ပညာနည်းပါး၊သဒ္ဓါများ၊ လွဲမှားတတ်သည်သာ။
၆-တခါမှားလျှင်၊နောင်အစဉ်၊ ပြုပြင်ခက်လှပါ။

ဤသံပေါက်လက်ာများ၏ အဓိပ္ပါယ်မှာ၊ အသိ အလိမ်မာ, ဉာဏ် ပညာနည်းပါး၍၊ သဒ္ဓါတရား များပြားသော သူတို့မှာ၊ အလွဲအမှား ဖြစ်တတ်၍၊တကြိမ်တခါ လွဲမှားပြန်ပါသော်၊ နောင်အခါ အစဉ်ဆက် လက်၍၊အမှန်ဘက်သို့ ရောက်အောင်ပြု ပြင်ရန် ခက်လှသဖြင့်၊ သင့်တင့် သောစိတ်ထားလျက်၊ မမှားရန် သတိပြုရပေမည်။

ထိုဆိုခဲ့သော အဓိပ္ပါယ်ကို၊ အလွယ်နှင့် ရှင်းလင်းရန်မှာ၊ မြတ်စွာ ဘုရားလက်ထက်က၊ အဇာတသတ် ဝတ္ထုသွားဖြင့် မှတ်သား သိရှိအပ် ပေသည်။ ၎င်းအဇာတသတ်သည်၊ သဒ္ဓါများသော်လည်း၊ အသိဉာဏ် နည်းပါး၍၊ ဘုရား၏ရန်သူဖြစ်သော ဒေဝဒတ်ကိုကြည်ဖြူ၊တန်ခိုးနှင့်ချီ သဖြင့်၊ အလွယ်တကူ ဆွမ်းအုပ် ၂၀၀-ကိုလှူလျက်၊ ဒေဝဒတ်၏ စိမ်ချက်အတိုင်း၊ ဘခင်၏ အသက်ကို သတ်မိလေရာ၊ ဘုရား၏တရားကို

အနည်းငယ်နာရလျှင် အနာဂါမ်ပင် ဖြစ်နိုင်သော ပါရမီရှိပါလျက်၊ ယသုအခါ လောဟကုန်ရောင်ရဲခဲ့ တဲ့ခဲ့ခံရလေသည်။

ဤအဖြာတသတ်သည်၊ မိမိက သင်္ခါများ၍၊ ဘုရားဟု ကိုးကွယ်ထင်မှတ်သော ဆရာဒေဝဒတ်ကို မြေမျိုမှ၊ နောင်တ ပူဆွေးလျက်၊ "ပွတ်ထွက်ပြေးမှ-တောင်ဒိုမှန်းသိ" ဆိုသကဲ့သို့။ ဆရာဒေဝဒတ်နှင့် ဘုရားထံသို့ လာရောက်ဆည်းကပ်မှ၊သက်သာရာရလေသည်။ထိုအခါ မြတ်စွာဘုရားက၊ ဇာတဒဂ် ထားတော်မူလေသည်။

ဇာတဒဂ်ံ ဘိက္ခဝေ မမ သာဝကာနံ ပုထုဇနာနံ
ဥပါသကာနံ သင်္ခါနံ အယံ အစ္ဆာတသတ္တာ။

ဘိက္ခဝေ၊ရဟန်းတို့။ မမ၊ငါ့ဘုရား၏။သာဝကာနံ၊တပည့်ဖြစ်ကုန်သော။ပုထုဇနာနံ၊ ပုထုဇန်ဖြစ်ကုန်သော။ သင်္ခါနံ၊ သင်္ခါများကုန်သော။ ဥပါသကာနံ၊ ဥပါသကာတို့တွင်။ အယံ အစ္ဆာတသတ္တာ၊ ဤအဖြာတသတ်သည်။ အတ္ထိ၊ ရှိ၏။ ဇာတံ၊ ထိုအဖြာပါးသတ်သည်။ အဉ္ဇံ-အင်္ဂါ အမြတ်ဆုံးပေတည်း။

ယသုပြဆိုခဲ့သော အဖြာတသတ်သည်၊ ဒေဝဒတ်ကတန်ခိုးပြုပြီး ယုံစေ၍ ထီးနန်းဟူသော လောဟအာရုံနှင့်ဆွဲသဖြင့် အလဲသို့ လိုက်မိရာ၊ နောင်သိပါသော်လည်း၊ပြောင်းလဲပြုပြင်၍ မရနိုင်တော့ဘဲ၊ မင်္ဂလာဏ်ဖိုလ်ဉာဏ်နှင့်၊ နိဗ္ဗာန်ရမည့် အကျိုးတရားတွေပါ၊ပျက်စီးပြိုကဲ့လျက်၊ ဆရာ အကိုးကွယ်လွဲသဖြင့် အကျိုးကြီးနည်းကာ၊ လောဟကုန်ရောင်ရဲ အိုးကြီးထဲ၌၊တဲ့ခဲ့လောင်ကျမ်းပြီး၊ ပင်ပမ်းကြီးစွာနှင့် ခံ၍ နေရလေတော့သည်။

ဤဝတ္ထုသွားကို ထောက်ထား၍၊ယသုအခါလိုချင်သော လောဘနှင့် ယုံလွယ်ခြင်း သင်္ခါများသူတို့အားလည်း၊ ရဟန္တာဟု ကျေညာပြီး၊ ရဟန်း ဦးတာ ဖြစ်သွားသကဲ့သို့၊ နူးချာချာ ဘုရားလိမ်များ လှည့်စားတတ်သည်မှာ၊မင်းလုပ်လိုသူကိုလဲ မင်းဖြစ်စေ ရမည့်။ ရာထူးတိုးလိုသူကိုလဲ တိုးစေမည်။ငွေလိုသူကိုလဲ ရစေမည်။ဝိပဿလိုသူကိုလဲ ချစ်စေမည်။ အသက် ရှည်လိုသူကိုလဲ ရှည်စေမည်။ နိဗ္ဗာန်လိုသူများလဲ ရစေမည်။ အသီးသီးဝါကြွား၊ ညစ်ညမ်းသော ပြာကိုစားစေလျက်၊ ဘုရားဟု ဝန်ခံ၊ စားသူများ ဖေါက်ပြန်သော်၊ ဘုရားမှန်ယုံမှတ်သဖြင့် သန်းခေါင်ယံ အချိန်ကျ၊ မိန်းမသာ ဆွမ်းကပ်ရ၊ ချွန်စက ထောင်ပြည့်ဘွား၊

အသက်က ၃၀၀-နီးပါးဟု လိမ်စားနေသော၊ အမျိုးမျိုးသော ဘုရား ကို ကိုးကွယ်သူအများတို့၊ အထူးပင် သတိထားသင့်ပေသတည်း။

၇—ခေါင်းဆောင်ရှေသွား၊ ပုဂ္ဂိုလ်ကား၊ များများဆင်ခြင်ရာ။
၈—အမတ်သီဟ၊ သမ္မုဒ္ဓ၊ ဟောပြဒေသနာ။

ဤသံပေါက် လက်ဝများ၏ အဓိပ္ပါယ်မှာ၊ ခေါင်းဆောင် ရှေသွား လုပ်မည့် ကမ္မဋ္ဌာန်းဆရာများ၊ ရှိနေပုဂ္ဂိုလ်ကြီးများ အထူး ဆင်ခြင် ရမည်။ ၎င်းအကြောင်းကို ဖြတ်စွာဘုရားက၊ သီဟ အမတ်ကြီးကို ဟောကြားသောဒေသနာဖြင့်၊ သိသာ၏ဆိုလိုသည်။ ဟောကြားပုံမှာ၊ မိန္ဆာ အယူရှိသော သီဟ အမတ်ကြီး၊ ဘုရားထံ၌ တရားနာရ၍၊ ယုံကြည်ခြင်း သဒ္ဓါဖြစ်လာသော်၊အမြဲဆည်းကပ်သော ဥပါသကာ မှတ်ပါဟု လျှောက်၏။ ထိုအခါ ဖြတ်စွာဘုရားက။ ။ဝိစာရဏာ သီဟာ၊ ဝိစာရဏာ သီဟ ဟု မိန့်တော်မူ၏။

သီဟ၊ သီဟအမတ်ကြီး။ ဝိစာရဏာ၊ ဆင်ခြင် စဉ်းစား ဦးလော။ သီဟ၊ သီဟအမတ်ကြီး။ ဝိစာရဏာ၊ ဆင်ခြင် စဉ်းစားဦးလော။ ။ ဤသို့ ၂-ကြိမ်ထပ်၍ဆင်ခြင်စဉ်းစားပါဦးဟု မိန့်တော်မူ၏။အဓိပ္ပါယ်ကား၊သင်ကဲ့သို့ ထင်ရှားသော ပုဂ္ဂိုလ်များသည်၊ကိုယ့်တာသုကိုပြုခဲ့လျှင်၊ လွန်စွာပင် စဉ်းစား ဆင်ခြင်ရ၏။ အဘယ်ကြောင့် နည်းဟူမူ၊အမှီပြုသော နောက်လိုက်တို့ များသဖြင့်၊ ရှေသွားကောင်းလျှင်၊ နောက်ပါအများတို့ ကောင်းရာ၏။ ရှေသွား မကောင်းလျှင်၊ နောက်ပါအများတို့ လည်း မှားကြလေရာ၏။ ထို့ကြောင့် ဖြစ်ပေသည်။

၈ဝံ ဧစ တရမာနာနံ၊ ဇိမ္ဟံ ဂစ္ဆတိ ပုဂ်ဂေါ။
သဗ္ဗာ တာ ဇိမ္ဟံ ဂစ္ဆန္တိ၊ နေတ္တေ ဇိမ္ဟံ ဂတေ သတိ။

တရမာနာနံ၊ ဖြစ်ကိုကူးကြ ကုန်သော။ ဂဝံ၊ နွားအပေါင်းတို့တွင်။ ပုဂ်ဂေါ၊ ရှေဆောင် နွားလားသည်။ ဇိမ္ဟံ၊ကွေးကွေး ကောက်ကောက်။ စေဂ စ္ဆတိ၊အကယ်၍ သွားသည်ဖြစ်အံ့။ နေတ္တေ၊ရှေဆောင် နွားလား သည်။ ဇိမ္ဟံ၊ ကွေးကွေး ကောက်ကောက်။ ဂတေ၊ သွားသည်။ သတိ၊ ရှိသော်။ သဗ္ဗာ၊ အလုံးစုံကုန်သော။ တာ၊ ထိုနွားမ အပေါင်းတို့သည်။ ဇိမ္ဟံ၊ကွေ့ကွေ့ ကောက်ကောက်။ ဂ စ္ဆန္တိ၊ လိုက်ကြကုန်၏။

ဤသို့ ရာဇောဝါဒသုတ်၌ လာရှိသော ဒေသနာအရ၊ လူများလည်း၊ ထိုနွားများအတူပင်လျှင်။ ခေါင်းဆောင်ကမှားလျှင်၊ နောက်လိုက်များ

မှားကြရ၏၊ ခေါင်းဆောင်က မှန်မှသာလျှင်၊နောက်လိုက်များ မှန်ကြရ၏ဟု လာရှိပေ၏။ ။သို့ကြောင့် ''ခေါင်းဆောင် နွားလား၊ ကွေကောက်သွားက၊ နောက်နွား တသိုက်၊ ကွေကောက်လိုက်၏'' ဤသို့စသည်ဖြင့်၊ ဧရုးဆရာကြီးတို့ မိန့်ဆိုကြပေသည်။

ထိုဆိုခဲ့သော ဝတ္ထုသွားနှင့်၊ ဒေသနာအဓိပ္ပါယ်များအရ၊ ယခု ကာလ၌၊ ဝါဒအသီးသီးဖြင့်၊ ဂိုဏ်းဆရာကြီး၊ ကမ္မဋ္ဌာန်းဆရာကြီး ပြုလုပ်ကြသော ပုဂ္ဂိုလ်များမှာမူကား။ သာလွန်ပိုမို၍ ဆင်ခြင်စဉ်းစား သင့်ကြပေသည်။ အဘယ်ကြောင့်နည်းဟူမူ၊ ဧရှေဆောင် ဂိုဏ်းဆရာကြီး ကမ္မဋ္ဌာန်း ဆရာကြီးတို့က ဖြောင့်မှန်ပါမှ၊ နောက်လိုက် ဂိုဏ်းသား တပည့်များတို့ အမှန်ကို သိကြရပေမည်။ ဧရှေဆောင် ဆရာကြီးတို့က လွဲမှားပါလျှင်လည်း၊ နောက်လိုက် တပည့် အများတို့ မှားကြရမည်ကြောင့်တည်း။

ထို့ကြောင့်၊ ခေတ်အားလျှော်စွာ ဝိပဿနာတရားဘာဝနာက ခေါင်းဆောင် ဆရာလုပ်သူများသည်၊ အယူဝါဒကို လိုက်စားရာ၌၊ ဘယ်ဂိုဏ်း ဘယ်ဆရာ၏ ဥပနိဿယဟု၊ကျန်စွာ နည်းယူ မှတ်သား၍၊ မြဲမြံခိုင်ခံ့စွာ ဟောကြား ဆုံးမကြရာ၏။ ထိုကဲ့သို့ မဟုတ်ဘဲ၊ အချို့သော ပုဂ္ဂိုလ်များသည်၊ ''ငါးပွက်ရာ ငါးစာချ'' ဟူသကဲ့သို့။ ဟိုနည်းယူ-သည်နည်းမှတ်နှင့် ထင်ရှားကျော်ကြားသော ဂိုဏ်းဆရာကြီးအများသို့ ကပ်ရပ် ဧရှေပြောင်းပြီး၊ နည်းပေါင်း များလေ ကောင်းလေဟု စိတ်ထား၍၊ ဧရှေသွားခဲ့သော် သမာဓိပျက်ပြား၊ ယောင်သုံးဆယ်သမား ကဲ့သို့၊ ''ဆရာများလျှင် သားသေ'' ဟူသော ထုံးအလား၊ ခေါင်းဆောင်တို့ မဖြစ်ပွားရန်၊ အထူးပင် သတိထားသင့်ပေသတည်း။

သဒ္ဓါများ၍ မှားပုံနှင့် ရှေသွားသိဟအမတ် ဝတ္ထု ပြဆိုခြင်းပြီး၏။

ကလျာဏမိတ္တအင်္ဂါနှင့် ကမ္မဋ္ဌာန်းဆရာ၏ဂုဏ်ကို သိသာရုံ ပြဆိုခြင်း

၉-ကလျာမိတ္တ၊ခုနစ်မျှ၊ ပြည့်ဝ ဂုဏ်အင်္ဂါ။

၁၀-ကိုယ်တွက်ပြီး၌၊ တပည့်များ၊ ဧဟောကြား၊ ရသည်သာ။

ဤသံပေါက် လင်္ကာများ၏ အဓိပ္ပါယ်မှာ၊ ကလျာဏ မိတ္တဟူသော အမည်ကိုရသည့်၊ ကမ္မဋ္ဌာန်း ဆရာမည်သည်၊ ဂရုဘာဝနိယ စသော

ဂုဏ်အင်္ဂါ ၇-ပါးနှင့်ပြည့်စုံ၍၊ ကိုယ်တွက်တရား အားထုတ်၍ ပြီးစီးလုံလောက်မှသာ၊တပည့်အများသူတပါးတို့အား၊နည်းပေးဟောကြားရမည်ဟုဆိုလိုပေသည်။

ထိုအဓိပ္ပါယ် အရကို၊ ရှင်းလင်းပြဆိုရန်မှာ၊ ကလျာဏမိတ္တ မည်သော ကမ္မဋ္ဌာန်းဆရာ၌၊ ဂရုဘာဝနိပသာ စသော ဂုဏ်အင်္ဂါ ၇-ပါးနှင့် ပြည့်စုံရမည်ဟူသည်၊ အလွန်အားဖြင့် ရှိထိုက်သည်ကိုသာ ဆိုပေ၏။ ၎င်းအင်္ဂါ ၇-ပါးလုံးပြည့်စုံမှ၊ကမ္မဋ္ဌာန်းဆရာ ပြုလုပ်နိုင်သည်၊ ပြုလုပ်ရမည်ဟုဆိုသည်မဟုတ် အချုပ်မှာ နောက်ကပြဆိုခဲ့သော၊ ''အတ္တာနမေဝ ပထမံ'' စသောဂါထာအရ ကမ္မဋ္ဌာန်းကိစ္စ၌၊ကိုယ်တွက်ပြီးစီးက၊ ၎င်းနည်းအတိုင်းသာ၊ တပည့်များကို ဟောကြား ဆုံးမရမည်ဖြစ်၏။

ကြွင်းသော ဂုဏ်များသည်ကား၊ရှိပါလျှင် သာ၍ပင်ကောင်းမွန်လှပေ၏။အကယ်၍ မရပါလျှင်လည်း၊ လောကီနှင့် စပ်သော ဂုဏ်များသာဖြစ်၍၊ လိုရင်းမဟုတ်လှပေ။ နိဗ္ဗာန်သွားလမ်း ဝိပဿနာ ကမ္မဋ္ဌာန်းနည်းကို ဖြောင့်တန်း ရှင်းလင်းစွာ ညွှန်ပြ နိုင်သော၊ ပရမတ် လောကုတ္တရာဘက်နှင့် ဆိုင်သည့် အချက်တာရသာ၊ ဤနေရာ၌လိုအပ်ပေ၏။

ယခုပြဆိုခဲ့သော်၊ လိုရင်းဂုဏ်နှင့် ပြည့်စုံရုံမျှကို အားမရဘဲ၊ လောကီဂုဏ်ကြီးရာကိုသာ၊ အင်္ဂါနှင့် ပြည့်စုံညီညွတ်ရန် လိုက်လန် ရှာဖွေမည်ဆိုပါလျှင်၊ ယခုဘဝခါတွင် ရရှိနိုင်တော့မည် မဟုတ်ပေ။ အဘယ်ကြောင့် နည်းဟူမူ။ အထက်ပါ ဂုဏ်အင်္ဂါ ၇-ပါးနှင့် ပြည့်စုံသော၊ ကလျာဏမိတ္တ အစစ်ဟူသည်၊ မြတ်စွာဘုရားသာ ဖြစ်သောကြောင့် တည်း။

ဤနေရာ၌ မူလပဏ္ဏာသ အဋ္ဌကထာ၊ သလ္လေခ သုတ်၌ လာသော ဒေသနာ၏ ဥပမာအရကို ယူဆသင့်ပေသည်။ အဓိပ္ပါယ်ကား၊ ဘုရင်မင်းမြတ် ထုတ်ဆင့်သော အမိန့် စာချွန်တော်ကို၊ ဇနပုဒ်၌ စာရေးကဘတ်ပြသည်ရှိသော်၊ ဇနပုဒ်သားများက၊ စာသည် ဘုရင်၏ အမိန့်ဟုရှိသော်၊ ဘတ်သူမှာ ပြတ်သား ရှင်းလင်း ပါပေသည်ဟု၊ ချီးမွမ်းခြင်းစကားကိုဆို၏၊ ဘတ်သူ၏ အမိန့်ဟု မထင်ပေ။

ထိုဥပမာကဲ့သို့ပင်လျှင်၊အရှင်သာရိပုတ္တရာ စသော်သူတို့၏ထံ၌၊တရားကိုအားထုတ်၍၊မဂ်ဖိုလ်နိဗ္ဗာန်ကို ရသည်ရှိသော်၊ရှင်သာရိပုတ္တရာ

စသော ဆရာတို့ကဲ့သို့ ပို့ဆောင်ပေးကမ်းသည်မဟုတ်၊ မြတ်စွာဘုရားထာသာလျှင် ပေးကမ်းမို့ဆောင်သည်မည်၏။ တရားနည်းသည်၊ ဘုရား၏တရားဖြစ်၍၊ ရှင်သာရိပုတ္တရာ စသော ဆရာတို့သည်၊ တဆင့်ယူ၍ ညွှန်ပြခြင်းသာ ဖြစ်ပေ၏။သို့ဖြစ်၍ ကမ္မဋ္ဌာန်း ဆရာများအား၊ ဘုရားရှင်၏ တရားကို ရှင်းလင်း ကဲ့ပြားအောင် ဟောကြားနိုင်ပါပေသည်ဟု ချီးမွမ်းခြင်း ခံရရုံမျှသာရှိကြောင်း စသည်ဖြင့်၊ အကျယ်တဝင့် မွှင့်ပြလာရှိပေသည်။ ဥပမာ-ဥပမေယျကို စပ်၍ ကြည့်ကြပါလေ။

ပဒုမာပြဆိုခဲ့သော၊ လိုရင်း အချက်ကို သဘောဉာဏ် သက်ပါလျှင်၊ တရားဘက်တွင် ကြွမ်းကျင် သိမြင်သူ ဖြစ်ပါက၊ လူ, သီလရှင်တို့ထံ၌လည်း၊စာချ, ကျောင်းထိုင်, ဂိုဏ်းအုပ်, ဂိုဏ်းချုပ်, သာသနာပိုင်ကြီးများဖြစ်စေကာမူ၊ တပည့်ခံ နည်းယူ၍၊ အလွယ်တကူနှင့် ဝိပဿနာကမ္မဋ္ဌာန်း အလုပ်ကို၊ အားတုတ်ရန် ဝန်မလေးရာဘဲ၊ နှစ်သက် ဝမ်းမြောက်စွာ ရှိနိုင်ကြပေလိမ့်မည်။

ဤနေရာ၌ နည်းယူရန် ကောင်းသော အချက်များမှာ၊ ဂဂ-ခုနှစ်လောက်က၊ဆရာကြီး ဦးစံဒွန်း၊ပျော်ဘွယ်မြို၌ ကမ္မဋ္ဌာန်းဆရာ ပြုလုပ်ဟောပြောရာ၊ဒမ္မဏ္ဍိသော ရဟန်းတော်များက၊ လူ, ဆရာ့ထံ၌ ရဟန်းများ တပည့်ခံ၍၊ တရား အားမထုတ်ကောင်းဟု ပြောနေကြပေ၏။ ထိုအခါ သူကြီး ဦးပုက၊ မြို့ပေါ်ရှိ ကျောင်းကုန် ဆရာတော်များပင့်၍၊ သားရှင်ပြု အလှူကြီးပေးလေသည်။ ထိုအလှူ၌၊ မင်းကွန်းဆရာတော် ဘုရားကြီးနှင့်၊ကျွန်ုပ်တို့ပါရှိလေ၏။

ဂင်းအလှူ၌၊သံဃာတော်များအမိန့်အရဖြင့်၊ ကျွန်ုပ်ကပင်၊ပေါင်းလမထေရ်ကြီး တရားအားထုတ်ပုံကို ဟောပြ၍၊ အားလုံး သံဃာတော်များ သဘောကျသဖြင့်၊ နာယက ဆရာတော်ကြီးကပင်၊ မှန်ပေသည်ဟု မိန့်တော်မူသောအခါ ဆရာကြီး ဦးစံဒွန်းထံ၌ အချို့စာချ ကျောင်းထိုင် ဘုန်းတော်ကြီးများပင်လျှင် တပည့်ခံလျက်၊ ကမ္မဋ္ဌာန်းကို အားထုတ်ကြပေသည်။

ဂင်းနောက် ဂဂ-ခုနှစ်လောက်က၊ပျော်ဘွယ်အခွေ့ဆူးချဉ်ကုန်းရွာဦးဘ-ဒေါ်ဝေါ့ဖြူတို့သည်၊ သားရှင်ပြုရာ၌၊ ပျော်ဘွယ်နယ်ရှိ ကျောင်းထိုင် ဂိုဏ်းအုပ်စသော သံဃာတော်များနှင့်၊လူများကိုပါပင့်ဘိတ်ပြီး၊ ဂ-ဥဂာနခဲ့၍၊ ဂ-ရက်အလှူပေးလျက်၊ မင်းကွန်းဆရာတော်ကြီးမှစ၍၊ ကျွန်ုပ်တို့နှင့် တကွ၊ မင်းကွန်းဆရာတော်ဘုရားကြီး၏ တပည့်၊ ဇမ္မ

ကထိကများစွာတို့၊ သတိပဋ္ဌာန် နည်းလမ်း ဝိပဿနာ ကမ္မဋ္ဌာန်းကို ဟောရပေ၏။

ထိုအလှူပွဲ၌၊ ရှမ်းပြည်တောင်ပိုင်း ဟိုပုန်းတောရ ဘုန်းတော်ကြီး ပါ၍၊ ရဟန်းရောလူပါ ထုံးစံလှူဘွယ်အပြင်၊ မင်းကွန်းဂိုဏ်း တရား ကျမ်းစာတို့ကိုပါ၊များစွာလှူဒါန်းလိုက်သဖြင့် တဦးမှတဦး အဆင့်ဆင့် သိရှိ သဘောနှစ်သက်ကြ၍၊ ပျော်ဘွယ်ဌာနနှင့်၊ ဒေသ နယ်များပါ လွန်စွာမှ တိုးပွားကြလေတော့သည်။

ဤကဲ့သို့ မဟုတ်ဘဲ၊ လောကီ ဂုဏ်ပုဒ်ကိုသာ လိုလားနေသူများ သည် တရားမှန်ကို တွေ့ရှိနိုင်ရန်မှာ၊ လွန်စွာခဲယဉ်းလှပေ၏။ ထိုကဲ့သို့ သောသူများတို့သည်၊ ပသု ပြောကြားနေကြသည်ကား၊ သတိပဋ္ဌာန် တရားဆိုလျှင်၊ သထုံနယ်များ၌ မင်းကွန်းတရားဟူ၍၎င်း၊ ပျော်ဘွယ် နယ်များ၌ ဦးစံဒွန်း တရားဟူ၍၎င်း၊ ရန်ကုန်နယ်များ၌ ဦးဖြတ်ကျော် တရားဟူ၍၎င်း မော်လမြိုင်နယ်များ၌ ဒေါ်ကုသလ တရားဟူ၍၎င်း၊ ပျဉ်းမနား နယ်များ၌ ဦးချစ်အောင် တရားဟူ၍၎င်း၊ ကြို့ပင်ကောက် နယ်များ၌ ဆရာဖေ၊ တရားဟူ၍၎င်း၊ ဒုက်ဦး နယ်များ၌ ဒေါ်ကွန် တရားဟူ၍၎င်း၊ ပဲန္နယ်ကုန်းနယ်များ၌ ဒေါ်မှဲ့ တရားဟူ၍၎င်း။ ဤသို့ စသည်ဖြင့်၊ အရပ်တိုင်းလိုပင်၊ **မင်းကွန်း ဂိုဏ်းဝင် ကျေးဇူးရှင်** မင်းကွန်း ဆရာတော်ဘုရားကြီး၏ တပည့်များ ပြသသော ဥဒ္ဒေသများ ရှိခဲ့၍၊ ထိုပြသသူတို့၏ တရားဟု မှတ်ထင်ပြောကြားနေကြကုန်၏။ မြတ်စွာ ဘုရား၏ တရားဟု မထင်မှတ် မပြောကြားပေ။

ထို့ကြောင့်။ တရားသဘောမှန်ကို၊ ကောန်လိုလားသူများသည်။ အထက်ပါသလ္လေခ သုတ်၌ လာသော အဓိပ္ပါယ်ကို ထောက်ထား၍၊ သူငယ်မကလေး ဟောပြစေကာမူ၊ သဘာဝမှန်လျှင်၊ ဘုရားရှင်၏ တရားပင်ဟု မှတ်ထင်အားထုတ် သင့်ကြပေသတည်း။

ကလျာဏမိတ္တအင်္ဂါနှင့်-ဆရာ၏ဂုဏ်ကို ပြဆိုခြင်းပြီး၏။

တရားမှားကို တရားမှန်ထင်ကြသော၊အရှင်နာဂနှင့်-ဗာဟိယ ဝတ္ထုတို့ကို ပြဆိုခြင်း

၁၁-အဆုံးမရောက်၊ခုံလတ်လောက်၊ပြီးမြောက်ထင်တတ်ပါ။

၁၂-အမှားကိုပင်၊အမှန်ထင်၊အစဉ်စွဲယူကာ။

၁၃-အရှင်နာဂ၊ဗာဟိယ၊မှတ်ကြဝတ္ထုလာ။

ဤသံပေါက်လင်္ကာများ၏ အဓိပ္ပါယ်မှာ၊ တရားကိုအားထုတ်ကြသူ တို့တွင်၊အချို့မှာ တပိုင်းတစနှင့် ကိစ္စပြီးမြောက်၊ အဆုံးသို့ရောက်သည့်

ဟုမှတ်ထင်၍၊ အဆို့မှာ တရားကို အားထုတ်ခြင်းမရှိဘဲ၊ ရဟန္တာဖြစ်သည်ဟု ယုံကြည် စွဲယူတတ်ကြ၏။ ထိုအကြောင်းများကို၊ အရှင်နာဂ မထေရ်နှင့် ဗာဟိယတို့၏ ဝတ္ထုဖြင့် သတိပြု၍ကြည့်ရှုပြီးလျှင်၊ ယခုအခါတွင်လည်း၊ ဤနည်းအလား ရှိတတ်၏ဟု ဆိုလိုပေသည်။

ထိုအဓိပ္ပါယ်၏ အရကို ရှင်းလင်းရန်မှာ၊ ရှေးအခါ မဟာနာဂမည်သော မထေရ်ကြီး တရားအားထုတ်ရာ၊ သမာဓိ သမထ၊ ဝိပဿနာ ဥဒယဗ္ဗယ ဉာဏ်လောက်နှင့်၊ ရဟန္တာဟု မှတ်ထင်နေရာ။ တပည့်ဖြစ်သူ ရဟန္တာ ဓမ္မဒိန္န မထေရ်က၊ ပရိယာယ် ဉာဏ်ဆင်၍၊ ဆရာ၏စရိုက်အားလျော်စွာ၊ အထင်မှားချက် ပေါ်လာစေခြင်းငှာ အရိယာနှင့် စပ်သော ပုစ္ဆာများ မေးလျှောက်ရာ။ မဟာနာဂမထေရ်သည်၊ လျင်မြန်စွာ ဖြေကြားလေ၏။ ဖြေသူသည် ပြေသည်ဟုထင်၏။ မေးသူကား မပြေမှန်း သိသော်လည်း၊ ပြေသကဲ့သို့ နေ၏။

ထို့နောက် လောကီဈာန်ကိုမေးရာ၊ နိမလေးပါဆို၍၊ အရှင်ဘုရား ဆင်ပြောင်ကြီးသဏ္ဌာန် ဘုန်ဆင်းရုန် လျှောက်ရာ၊ လျင်မြန်စွာပင်ဘုန်ဆင်းလိုက်လေ၏။ ဘုန်ဆင်းပြီး၍ သင်ဒေလိုရှိသောဆင်ကို ဘုန်ဆင်း၍ကြည့်ဟုပြော်ရာ၊ အရှင်ဘုရား ဘုန်ဆင်းသောဆင်ကို ဒေါ်မြိုးဆန့်တန်း၊ နားရွက်ပေလိပ်၊ နှာမောင်းကို ကိုက်၊ ကရိက်သံ, ကြိုးကြာသံ ဟစ်ကြွေးလျက်၊ တဟုန်ထည်း ပြေးလာပြီးလျှင်၊ အရှင်ဘုရားကို ထိုးဟန် ဘုန်ဆင်းတော်မူပါဟု လျှောက်သဖြင့်၊ ဘုန်ဆင်းလိုက်၏။

ထိုအခါ၊ မဟာနာဂမထေရ်သည်၊ ပုထုဇဉ်၏ဂိတ်ဖြစ်၍၊ သတိလစ်ပြီး၊ မိမိဘုန်ဆင်းသော ဆင်ကိုပင်လျှင်၊ အဟုတ်ထိုးမည်ဟု မှတ်ထင်ရှာသဖြင့်၊ ကြောက်ရွံ့ကာပြေးခြင်းပြု၏။ ထိုအခါ၊ အရှင်ဓမ္မဒိန္နကံ၊ ရဟန္တာများကြောက်ရွံ့ပါသေးသလားဘုရားဟု ဆိုပြီး၊ သင်္ကန်းကိုခွဲလိုက်မှ၊ သတိရလျက်၊ ဒေါ်-ဓမ္မဒိန္နာ၊ ငါမှားချေပြီ။ ပသာဒခံ၊ ငါ၏ ကိုးကွယ်ရာဖြစ်ပါဟု တောင်းပန်ကာဖြင့်၊ တပည့်၏ခြေရင်းမှာ ရှိသေစွာ ထိုင်ရှာလေ၏။ အရှင်ဘုရား၏ ကိုးကွယ်ရာဖြစ်ရန် လာခဲ့ပါသည်ဟု သင်္ကာစေ၍၊ စကြိုကမဋ္ဌာန်းကို ပေးရာ၊ ၂-လမ်း, ၃-ဘဝါးဖြင့် ရဟန္တာဖြစ်လေ၏။ ဓမ္မဒိန္နာ၏ ပရိယာယ်နည်းမျိုးကို အတုခိုးရန် ကောင်းလှပေ၏။ ဤကား အဖြက်မျှ ဖြစ်၍၊ အကျယ်ကို **ဂန္ဓိရထ ပကာသနီ** ၌ကြည့်ရှုပါလေ။

ပဝခကဲ့သို့ အလျင် အဖြန်ဟု ဆိုရခြင်းသည်။ ခဏော ဝေ မာ ဥပဒ္ဓာဂါ။ ။ခဏော၊တရားအားထုတ်ရန်အချိန် ကာလ ကောင်းသည်။ ဝေဇ္ဇကန္တိန၊ အမှန်စင်စစ် အားဖြင့်။ တေ၊ အားထုတ်လိုသော သင့် အား။ မာဥပဒ္ဓာဂါ၊ လွန်၍ မသွားပါစေလင့်။ ။ဤဒေသနာအရဖြင့်၊ အခွင့်ကောင်း ကာလကောင်းရရန်ပင် လွန်စွာပင် ခဲယဉ်းလှ၍၊ထိုအခါ ကောင်း မလွန်စေရန် အဖြန်သွားပါဟု ဆိုပေသည်။

အခါကောင်း ဟူသည်၊ အမျှားနှင့်ဆိုင်သော၊ သာမည ဆိုလျှင်၊ ဘုရားဖွင် ပွင့်သော၊ သာသနာအတွင်း ဖြစ်ပေ၏။ ကိုယ်နှင့် ဆိုင်ရာ၊ ဝိသေသ အခါကိုသာယူပါလျှင်၊ ပဝခဘဝ၌၊ တလသာ နေရမည့်သူ သည်၊ ပဝခဘဝ၌ တလသာလျှင်၊ ကိုယ့်သာသနာ ကိုယ့်အခါကောင်း ဖို့ဘော့၏။ သာသနာနှစ် ၂၅၀၀-ကျန်သေး သော်လည်း ကိုယ်နှင့် မဆိုင်၊ဒုတိယဘဝ၌ ဘယ်ဘုံသို့ ရောက်ရမည် အမှန်မယူနိုင်ပေ။

အပါယ်သို့တကြိမ် ရောက်မိလျှင်လည်း၊ နောက်နောက်က အကုသိုလ်ကံဘွေ့ ဆက်ပြန်၍၊ တဖန်လူဘုံသို့ တက်ရန်မှာ၊ လွန်စွာမှ ခက် ကြောင်းကို၊ ကာဏာ ကစ္ဆပုပမာ သုတ္တန် ဒေသနာတော်များ အရဖြင့်၊ ခေါင်းနာနှင်းကြိုး၍၊ ဆတ်ဆတ်တုန် ကြက်သီးထမျှ၊လွန်စွာမှ ကြောက် စိုး ထိတ်လန့်ဘွယ်ကောင်းလှပေ၏။ တနှစ်နေရမည့်သူ နှစ်နှစ်နေရမည့် သူ စသည်ဘို့မှာလည်း၊ ထိုနည်းအတူပင်တည်း။

ထို့ကြောင့်၊ကိုယ်ရသောအခါကောင်းကို၊လွန်သွားမည်ကြောက်နေ သော ဗာဟိယ ရဟန်းသည်၊ အခါကို စွဲလမ်းသောအားဖြင့်၊ တရား ဟောရန်အခါမသင့်၍၊ ဆိုင်းလင့်ရန် မြစ်တားသည်ကိုပင်၊ သေရမည့် အခါကို ဆိုင်းထား၍မရသဖြင့်၊ အမြန်ဟောကြားပါဟု လျှောက်ကြား လေ၏။ အမရေဒေဝ ကိုရဲ့ အာတပံ၊ ကိုယ့်ကိုရှုကိုပဒေ့ အမြန်ပြုရ၏။နက် ဖြန်သေမည်ကို မသိနိုင်ဟူသော ဒေသနာနှင့် ညီမျှ၍၊နေ့မြင်, ညဘျောက်၊ ညမြင်, နေ့ဘျောက် ဆိုသော စကားနှင့်လည်း တသားတည်း ဖြစ်ပေသည်။

တွက်ခုက်ရန်အချိန်ကား၊ ဥတု ၃-ပါးတွင်၊ ၂-ဥတု လောကိတွက် လုပ်လျှင်၊၁-ဥတုတရားယူရန်အခါကောင်းဖြစ်၏။၁၂-လတွင်၊၁၀-လ လောကိတွက် လုပ်လျှင်၊ ၂-လတရားယူရန် အခါကောင်းဖြစ်၏။ နှားရက် မရသော လခစားသည်၊ အလုပ်ထွက်လျှင် အခါကောင်း ဖြစ်၏။ အလုပ်ရှိစဉ်၌၊နေ့အားမျှားသည် အခါကောင်းဖြစ်၏။ဤကဲ့သို့ကိုယ်နှင့်

ဆိုင်၍၊ကိုယ်ရနိုင်သော အခါကောင်း နေ့,ရက်၊လ,နှစ်များ လွန်မသွား စေရန်၊အမြန်အားထုတ်ကြပါဟု ဆိုလိုပေသည်။

တဖန် အထက်က ပြခဲ့သော အတိုင်း၊ အချိန် ကာလကောင်းကို အရပ်ဒေသနှင့် ပုဂ္ဂိုလ်အားလျော်စွာ ရပြန်ပါသော်လည်း၊ထန်သည်း သောမာနအတွက်က ခက်ပြန်၍၊ၛင်းမာနကိုဖြို ဖျက်ပယ်လွန်နိုင်မှ နိဗ္ဗာန် ရရန် နည်းလမ်းမှန်ကို တွေ့နိုင်ပေ၏။ အထူးအားဖြင့် မြန်မာလူမျိုးများသည်၊ မာနတရားအား ကြီး ပေ၏။ ထို့ကြောင့် ရှေးလူကြီးများက၊ "ကုလားမှာ လောဘ၊ တရုပ်မှာ ဒေါသ၊ မြန်မာမှာ မာနဟု ဆိုကြပေ၏။

ထိုမာနသည်၊ တံခွန်သဘွယ်၊ကောင်းကင်လယ်ရောက်၊ မြင့်မောက် တက်ကြွား၊ထောင်လွှားခြင်းလက္ခဏာအားဖြင့်တပါး ဖြစ်သော်လည်း၊ ဖြစ်တတ်သော သဘာဝ၊ ဝိသေသ လက္ခဏာအားဖြင့်သော်ကား၊ ဟိန မာန,မဏ္ဍိမမာန,ပဏိတမာနဟု ကျမ်းဂန်တို့၌ ၃-ပါးပြဆိုပေ၏။ၛင်းကို ယုတ်သောမာန၊ အလယ် အလတ်မာန၊ မြင့်မြတ်သောမာနဟု ဆို၏။ ပုဂ္ဂိုလ်အားဖြင့်ကား၊လောကီဂုဏ်သိမ်၊မွေးမြိန်နည်းပါး၊အောက်တန်း စားတို့၌ ဟိနမာနဖြစ်၏။ လောကီဂုဏ်သိမ်၊ အရှိန်မမျှား၊ အလယ် အလတ်တန်းစားတို့၌မဏ္ဍိမမာနဖြစ်၏။လောကီဂုဏ်သိမ်၊အရှိန်ကြီးမား၊ အထက်တန်းစားတို့၌ ပဏိတမာနဖြစ်၏။ ၎င်း ၃-ပါးတို့တွင်၊ အထက် တန်းစားမှာ သာလွန်၍ ခက်ပေသည်။

ထိုကြောင့်၊ မာနတရားရှိသူများတွင်၊ အောက်တန်းစားနှင့် အလတ် စား မာနသမားတို့ ဖြစ်တတ်သည်ကို မဆိုဘဲ၊အထက်တန်း အကြီးစား မာနသမားတို့ ဖြစ်တတ်ပုံများကိုသာ၊ ဝတ္ထုဒေသနာနှင့် ထင်ရှားစွာ ပြဆိုပေအံ့။ ။ဝတ္ထုမှာကား၊ပုဏ္ဏားငါးရာတို့၊ ဘုရားထံတရားနာ၍ သံဝေဂရပြီးရဟန်းပြုကြ၏။ထိုရဟန်းတို့မှာ၊ဗေဒင်ပညာ၌ ကောင်းစွာ တတ်ကြွ၍၊ ဝိဒူကတ်သုံးပုံကို သင်ယူရာ၊ လွယ်ကူစွာ တတ်မြောက် သဖြင့်၊ မာနရောက်ကြ၏။

မာနရောက်ပုံကား၊ မြတ်စွာဘုရားသည်၊ လိင် ၃-ပါး၊ ပုဒ် ၄-ပါး၊ ဝိဘတ် ၇ - သွယ် များ ကို မလွတ်စေဘဲ ဟောကြား၏။ ငါတို့လည်း ခက်ဆစ်မရှိ၊ပိဋကတ်သဘောကို အကုန်အစင်သိမြင်ပြီဟု မှတ်ထင်ပြီး၊ ဘုရားရှင်ထံသို့ဆည်းကပ်ခြင်းမပြုကြပေ။ထိုအခါ မြတ်စွာဘုရားသည် ပုဏ္ဏားတို့၏မာနကို ပယ်ရှားစေခြင်းငှါ ဟောကြားပေသည်။

ပဠဝသတာ ကိရ ဗြဟ္မဏော။ပ။ ပရိယတ္တိ နိဿာယ မာနံ ဥပ္ပါ ဒေသုံ။ပ။ မာန ဘဉ္ဇနတ္ထံ သဒ္ဒ ဓမ္မ မူလ ပရိယာယတ္တိ ဓေသနံ အာရာဘိ။

မူလပဏ္ဏာသအဋ္ဌကထာ။

ပဠဝသတာ၊ ငါးရာကုန်သော။ ဗြဟ္မဏော၊ ရဟန်းဖြစ်သော ပုဏ္ဏား တို့သည်။ ပ။ ပရိယတ္တိုံ၊ ပရိယတ္တိဘဏ်ကို။ နိဿာယ၊ မှီ၍။ မာနံ၊ မာနကို။ဥပ္ပါဒေသုံ၊ ဖဲ့ရ၊ဖြစ်ကြကုန်သတတ်။ပ။ဘဂဝါ၊ဖြတ်စွာဘုရား သည်။မာနဘဉ္ဇနဿံ၊မာနကို ချိုးဖျက်ခြင်းငှါ။သဒ္ဒဓမ္မမူလ ပရိယာယာနံ ဒေသနံ၊အလုံးစုံသော တရားတို့၏ အစမူလပရိယာယ်ဟူသော ဒေသနာ တော်ကို။ အာရာဘိ၊ ဟော တော်မူ၏။ ။ဂုဏ်းတို့ ဝတ္ထု၊ကြောင်းနှင့် ဒေသနာအကျယ်မှာ၊ ဂန္ထိရတ္ထဒီ ပါဠိလေတြီ။

ဂုဏ်းပြင်၊ မဟာသိဝ မထေရ်သည်၊ ၁၀-ဂိုဏ်းဂို့ရဟန်းများကို စာချ ဖို့။တပည့်၃-သောင်းရဟန္တာဖြစ်ကြ၏။ဂုဏ်းတို့တွင်၊ ငိတ္တပါတ်ဆောင် ရဟန္တာ တပါး ကောင်းကင်မှ ကြွ၍၊ ဆရာ့ထံသို့လာ၏။ ဆရာက မေးသော်၊ စာတဒိဒ္ဓ မေးလာကြောင်း လျှောက်၏။ အချိန်မဟုတ်ဟု ပယ်၍၊မျက်နှာသစ်ချိန်၊ပလာဂုသောက်ချိန်၊ ကုဋိသွားချိန်၊ဆွမ်းခံချိန်များ တောင်းသော်လည်း၊ အိပ် သည့်တိုင်အောင် အချိန်မရဟု ပယ်၍။ တပည့်က ''ဒါဖြင့် အရှင်ဘုရားမှာ သေဘို့အချိန်တောင် မရတော့ ဘူးလား''ဟု ပခုံစကားပြောပြီး၊ ကောင်းကင်ခရီးဖြင့် သွားလေ၏။

ထိုအခါ၊ မဟာသိဝ မထေရ်ကြီးသည်။ဒင်းတောင် ရသေးတာ၊ ငါ ခဏနှင့်ရအောင် အားထုတ်မည်ဟု၊ ကျောင်းမှထွက်၍ အားထုတ်ရာ။ ဝါကျွတ်တောင်ပရ၍၊ ကြွကြွချိုးပြီး ငိုယိုလေ၏။ ဤကဲ့သို့ ၁၆-နှစ်တိုင် တိုင်၊ဝါကျွတ်နေ့တိုင်း ထိုင်၍ငိုလေရာ။ ၁၉-နှစ်မြောက်သော ဝါကျွတ် နေ့ရောက်သောအခါ၊ကြွကြွချကာလိုက်လဲ့ပြင်းပြစွာငိုယိုမှ၊နတ်သွေးက ပြောင်လျောင်ပြောပြ၍၊ သတိရပြီး အားထုတ်သဖြင့်၊ရဟန္တာဖြစ်ရ၏။ ဤ မထေရ်ကြီးသည် မာနဆုံသည့်အတွက်၊ ၁၉-နှစ် ကာလပတ်လုံး ယူကြုံးမရ၊ လူလုံးမလှအောင်၊ သေလုနီးပါးသော ဆင်းရဲဒုက္ခကြီးကို ခံရလေသတည်း။ ''အကျယ်နိဗ္ဗာနမဂ္ဂဒ်ပါရှိပြီ။

နိဗ္ဗာန်လိုသူများ ဆရာ့ထံခစား၍ မာနပယ်ရှားရန် ပြဆိုခြင်းပြီး၏။

အာမှန်ဟု သိငြားလည်း ဂုဏ်ကြီးမားသူတို့ တရားဘက် မပါမှုကို သိဉ္ဇညီးဝတ္ထုဖြင့် ပြဆိုခြင်း

၁၇—ဂုဏ်ကိုလိုလ၁း၊ ရှင်လူမျာ၊း သိငြာ၊းမလိုက်ရာ။

၁၈—ဆရာသိဉ္ဇညီး၊ ပမာနညီး၊ စံမှီး ဝတ္ထု၊လာ။

ဤသံ ပေါက် လက်ာများ၏ အဓိပ္ပါယ်မှာ၊ လောကီ ဂုဏ်ကိုသာ အာရုံ ထား၍ လိုလားမှု ကြီးမားကြသော ရဟန်း, ရှင်, လူများသည်၊ လောကုတ္တရာ တရားနည်းလမ်းကို ဝိပဿနာကမ္မဋ္ဌာန်းအရ ညွှန်ပြနိုင်သူကိုလ၁င်း၊ နည်းလမ်းတရားကိုလ၁င်း၊ ဟုတ်မှန်၏ဟု သိရှိ ယုံကြည်စေကာမူ၊လွယ်ကူစွာ မလိုက်နိုင်ခြင်း၊လုံးလုံး မလိုက်နိုင်ခြင်းများ ရှိတတ်ပေ၏။ အမြဲက် အာ၊းဖြင့် သေ၁်ကာ၊း ဆရာ သိဉ္ဇညီး၏ ဝတ္ထု၊သွား၊ကို ကြည့်ပါဟု ဆိုလို၏။

ထိုသိဉ္ဇညီး၊ဆရာကြီး၏အကြောင်း၊မှာ၊ မြတ်စွာဘုရား၊သခင်သည်၊ လောကဒွိပင့်လိမ့်မည်ဟု နောက်ကပြဆိုခဲ့သော၊ ကောလာဟလဖြင့် ရာဇဂြိုဟ်ပြည်အတွင်း၌၊ သတင်း၊ဖြစ်ပွာ၊း၍ ကျည်ာပြောကြာ၊းနေရာတွင်၊ဘုရား၊စစ်, ဘုရား၊မှန် မပွင့်မီ၊ ကြိုတင်ပြီး ဘုရား၊လုပ်နေသော၊ ဝါကြီး ဘုရား၊ဖြစ်ပေ၏။ ထိုအခါ၊ ရာဇဂြိုဟ်ပြည်၌ သိဉ္ဇညီး ဆရာထက် ပိုမို၍ ပြောဟောတတ်သူ မရှိသဖြင့်၊ အ၍ကြီးက ဘုရား၊ဟုပင် ထင်မှတ်ကြ၏။ ဥပတိဿနှင့် ကောလိတ၁တို့မှာ တပည့်ကြီး၊များ ဖြစ်ကြ၏။

ထိုအခါ၊ မြတ်စွာဘုရား၊သည်၊ ရာဇဂြိုဟ်ပြည်၌ သီတင်း၊သုံး၊နေသဖြင့်၊ဥပတိဿနှင့် ကောလိတတို့သည်၊ ရှင်အသ၁ဇိထံမှ တရား၊ရပြီး၊ မိမိတို့သိဉ္ဇညီး ဆရာကြီး၊အာ၊း၊ လောကီ ကျေး၁ူး၊တရား၊ကို ပေး၊ဆပ်လိုသော စိတ်ထား၊ဖြင့်၊လောက၊သုံး၊ပါး၌၊ဂေ၊တမဟူသော၊အမည်ဖြင့်၊ ဘုရား၊စစ်,ဘုရား၊မှန်ပွင့်၍၊ တရား၊ထူး, တရား၊မြတ် ပေါ်ထွန်း၊လာ၊ပါပြီ၊ လျင်မြန်စွာ သွား၊ကြစို့ဆရာကြီး၊ဟု ပြော၊ကြာ၊း ခေါ်ဆောင် ကြလေ၏။ ထိုအခါ သိဉ္ဇညီး၊ဆရာကြီး၊က၊ ဂေ၊တမသည် ဘုရား၊မှန်၍၊ဟော၊သော တရား၊လည်း မှန်ပေ၏ဟု ဝန်ခံ ပြော၊ကြာ၊းပေသည်။

ထို့နောက်၊ သို့သော်် လောကဒွိ လိမ္မာသူနှင့် မိုက်သူ၊ ဘယ်ကမျာ၊း သနည်း၊ဟု မေး၊သော််၊ဥပတိဿက မိုက်သူကများ၊ပါသည်ဟု ပြော၍၊ ဒါဖြင့်၊ လိမ္မာသူ အနည်း၊ငယ်မျှသာ၊ ဂေ၊တမထံသို့ သွားထိုက်မည်။

ရိုက်သူအများတို့ ငါ့ထံ၌ရှိလိမ့်မည်။သင်တို့သွားထိုက သွားကြပါချေ။ ငါ့မှာကား တယ်သော အိုးကြီးအဖြစ်မှ၊ လောင်းသော အိုးငယ်မလုပ် နိုင်တော့ပြီဟု ဆိုလေ၏။

ထိုသိဒ္ဓတ္တည်း ဆရာကြီးသည်၊ မောဟမှေးယှက် မာနတက်ပြီး၊ လော ဘရမက်ကြောင့်၊ ဒေါသထွက်၍၊အောင့်သက်သက် မခံမရပ်နိုင်သဖြင့်၊ မသင့်သောစကားကို ပြောကြားမိလေရာ။ဥပတိဿနှင့် ကောလိတတို့ နောက်ပါတပည့်များနှင့်၊ဂေါတမ မြတ်စွာဘုရားထံသို့ ထွက်သွားကြ သောအခါ၊ ပြင်းထန်စွာ ဒေါသ အခိုးထွက်၍၊ တကိုယ်လုံး ပူလောင် လျက်၊ သွေးစိမ်းပွက်ပွက်၊ ပါးစပ်မှ အနံထွက်လေတော့၏။

ဌင်းသိဒ္ဓတ္တည်း ဆရာကြီးသည်၊ သံသရာမှ ထွက်မြောက်ကြောင်း တရားမှန်ဟု သိပါလျက်၊ ဆိုခဲ့သော မာန, လောဘတို့ နှောင့်ယှက်၍၊ ပစ္စုပ္ပန်မှာလည်း မရှုမလှ နစ်နာလျက်၊ သေသော အခါမှာလည်း၊ အပါယ်နရက်၌ မီးလောင်စာဖြစ်၍ နေရလေရာ၊ ကိုးကွယ်သူ တပည့် ဒကာတို့မှာလည်း၊ ''တလွေထဲစီး-တခရီးထဲသွား'' ဟူသော စကား ကဲ့သို့၊ ရှောင်လွှဲ၍ မသွားနိုင်တော့ဘဲ၊ မကွဲအတူ၊ ဆရာကြီးဖို့နောက် က ပါတော်မူကြပြီး၊ ''ငွေယူ-လူသတ်'' ဟူသကဲ့သို့ရင်း၊ ''ငွေကုန်-လူပန်း''ဟူသကဲ့သို့ရင်း၊ ၂-ဘက် ၂-လမ်းအနစ်နာခံရလျက်၊ ပစ္စုပ္ပန် တွင်လည်း၊ နဖူးကချွေး ခြေမ ရောက် ယိုစီးကျအောင်၊ လုပ်ဆောင် ရွာဖွေ၍ ကျွေးမွေးရ၏။ သေသော ကာလ၌လည်း၊ ထောက်ပံ့ရသော အခသဘောဖြင့်၊ လောလောပူသော ငရဲအိုးကြီး၌၊ မသိမသာ ဆိုးဝါး လှသည့်အဓိက်မျိုးတို့မှာ၊ ဇောက်ထိုးကြီး မီးစွဲလောင်ကြလေသတည်း။ **၅၂ကား အမြွက်မျှဖြစ်၏၊ ဓမ္မပဒအဋ္ဌကထာ၌ အကျယ်ရှိပြီ။**

၅၂ဝထူး၌၊ သိဒ္ဓတ္တည်းဆရာကြီး၏ တပည့်ဒကာအချို့မှာ၊ မသိ၍ဖြစ်ရ ပေ၏။ဆရာကြီးနှင့် တပည့်ဒကာ အချို့မှာကား၊''အသိကောက်လျက် အဝင်နက်'' ဟူသကဲ့သို့၊ သိလျက်သားနှင့်ပင် မာနကြီး၍၊ လောကီ ပစ္စည်းကိုငဲ့ခြင်း၊ အသက်ကြီး ဝါကြီးသော ဂုဏ်ကိုငဲ့ခြင်း၊ ဆရာက ကိုယ်းအပေါင်းနှင့် တပည့်တကာကို ငဲ့ခြင်း၊ တပည့်ဒကာတို့က ဆရာ နှင့်အပေါင်းအသင်းတို့ကို ငဲ့ခြင်း များကြောင့် ဖြစ်ကြရ၏။ထို့ကြောင့်၊ ''ငဲ့လျှင်စောင်း-စောင်းလျှင်မှောက်'' ဆိုသော စကားကဲ့သို့ ဖြစ်ရ လေတော့သည်။

ထိုဝတ္ထု၊ကဲ့သို့ပင်လျှင်၊ ယခုအခါတွင်လည်း၊ **ဝိမုတ္တိယုဂ** ခေတ် ဖြစ်သည့်အတိုင်း၊ တရားစစ် တရားမှန်ကို ရှာကြံသူများလေရာ၊ အချို့မှာ အမှန်နှင့် တွေ့ခြင်း မရှိကြ၊ အချို့မှာ တွေ့ရသော်လည်း၊ အမှန်နည်းဟု မသိကြ မယုံကြသူ များလည်း ရှိပေ၏။ အချို့မှာကား၊ နည်းမှန်ကို တွေ့ခြင်း နည်းမှန်ဟု သိမြင်ယုံကြည်ခြင်း ရှိပါလျက်၊ လောကီဂုဏ်ကို ငဲ့ကွက် မာနတက်၍၊ မှန်သော တရားဘက်သို့ မလိုက်နိုင်သေးသူတို့လည်း များစွာပင် ရှိနေကြပေ၏။

ဂင်းပုဂ္ဂိုလ်မျိုးများသည်၊ အထက်ပါဝတ္ထုသွားကိုထောက်ထား၍၊ ငါသေလျှင် ဘယ်ကိုသွားမလဲဟု၊ အိပ်ရာထဲ၌ပင်၊ နဖူးပေါ်ကို လက်တင်၍ ဆင်ခြင် စဉ်းစားကြရာ၏။ယခုလိုစဉ်းစားလျှင်၊**"ရိုးတီး ယားတား၊ သေ၍ သွားက၊ လေးပါးအပါယ်၊ နင်ရောက်မယ်"** ဟု၊ လယ်တီဆရာတော် မိန့်ကြားဘူးသည်များကို၊ သိရှိမှတ်သားဘူးက၊ သတိထားရန် ထင်ရှား ပေါ်ပေလိမ့်မည်။

သို့ဖြစ်ပေ၍၊ ဤ၊ဟျမ်းစာကို ကြည့်ရှုရသူများ၊ မိမိတို့ အတွက် အကျိုးရှိတို့ စဉ်းစားရန်မှာ၊ ဒုလ္လဘတ ရားငါးပါးကို ထောက်ထား၍ ထိုဒုလ္လဘများနှင့်ပင် တွေ့ကြုံစေကာမူ သာသနာတွင်း ကာလကလေးမှာပင်၊ ''ဝိမုတ္တိယုဂ'' ခေါ်သော ခေတ်ကောင်းနှင့် တွေ့ကြုံရန်မှာ၊ လွန်စွာမှ ခဲယဉ်းလှကြောင်းများကို၊ ကောင်းကောင်းကြီး ဆင်ခြင် စဉ်းစားလျက် အသက်အရွယ်နှင့် အခါကောင်းမလွန်မီတွင်၊ လောကီဂုဏ်ကို မငဲ့ညှာ မထောက်ထားဘဲ၊ ယုံကြည်သော ဝိပဿနာတရားကို၊ မနေ မနား လွန်ကြိုးစား၍ ပွားများရှုမှတ်သင့်ပေသတည်း။

အမှန်ဟု သိခြင်းလည်း တရားဘက်မပါမှုကို၊ သိစွဲဆဲ၊ ထွေ၊ဖြင့် ပြဆိုခြင်းပြီး၏။

ဆရာ၏ ဆုံးမချက်၌ လေးနက်စွာ နာခံရသည်ကို ပေါဋ္ဌိလဝတ္ထုဖြင့် ပြဆိုခြင်း

၁၉—ဆရာဆုံးမ၊ သြဝါဒ၊ နိစ္စမြဲစေပါ။

၂၀—ပေါဋ္ဌိလအား၊ သက်သေထား၊ အများသိစေ၌။

ဤသံပေါက် လက်ဝများ၏ အဓိပ္ပါယ်မှာ၊ ဝိပဿနာ အထုပ်ကို အားထုတ်ကြသော ပုဂ္ဂိုလ်တို့သည်၊ ပေါဋ္ဌိလ မထေရ်ကြီး အလား၊

ဆရာ ဆုံးမသည့် စကားကို၊ မမှား မယိမိုး တသစေမှ မတိမ်းစေဘဲ၊ အမြဲနှိုးကျိုးနွံရှိသေသော ဂါရဝဇော်ထားလျက်၊တပည့်တို့၏ဝတ္တရား အတိုင်း၊ ကိုင်းရှိုင်းလိုက်နာ၍ အားထုတ်ရမည်ဟု ဆိုလို၏။

ထိုပေါဠိလ မထေရ်ကြီးသည်၊ လွန်ခဲ့သောဘုရား ၇-ဆူတို့ လက်ထက်၌ အဋ္ဌကထာနှင့်တကွ၊ဝိဒူကတ် ၃-ပုံကိုဆောင်၍၊တပည့်ရဟန်း ၅၀၀-စီရှိသော ဂိုဏ်းကြီး ၁၈-ဂိုဏ်းတို့အား မှီခိုသင်ကြားခဲ့ပေ၏။ သို့သော် ပရိယတ္တိ မာနတရားကြောင့်၊ ဝိပဿနာကို အားမထုတ်သဖြင့်၊သံသရာ၌ မြုပ်တုံ ပေါ်တုံကျင်လည်ခဲ့ရပေ၏။ ။ဂင်းအကြောင်းကို ဘုရားရှင်သိမြင်၍ တွေ့တိုင်းပင်၊ တုန္ဆာပေါဠိလ, တုန္ဆပေါဠိလဟု မိန့်ဟ ဖြည်တွန်သည်ကို အလွန်ရှက်လှ၍၊ ရဟန်းများ တရားကျင့်သော တောကျောင်းသို့ လိုက်သွားပြီး၊မဟာထေရ်ကြီးထံ တောင်းရာ မပေးဘဲ၊ အောက်မထေရ်ထံသို့ လှဲလိုက်၏။ တဖန် အောက်မထေရ်ထံ တောင်းပြန်လဲ၊အထက်နည်းတူ လှဲပြန်၍၊နောက်ဆုံး၌ ရဟန်း ၃-ကျိပ်တွင်၊အောက်ဆုံး ၇-နှစ်ရွယ် သာမဏေထံသို့ ရောက်သွားလေ၏။

ယခုလို သာမဏေငယ်ကလေးထံ ရောက်လာသောအခါ၊ ရိုးသေစွာ ဦးချ လက်အုပ်ချီ၍။ **အဝဿယော ဟောဟိ သပ္ပုရိသ။** ။သပ္ပုရိသ သူတော်ကောင်း။ မေ၊အက္ခန်ပ်၏။ အဝဿယော၊ တည်ရာ,ဒိုရာသည်။ ဟောဟိ၊ ဖြစ်တော်မူပါလော-ဟု တောင်းပန်လေ၏။ ထိုအခါ သာမဏေငယ်က လောကအခွရယ်နှင့် မတန်သောစကားကို၊ အရိယာရဟန္တာတို့၏ ပရိယာယ်ဉာဏ်ဖြင့်၊ဂုဏ်သေးသိမ်သော တပည့်တော်ထံ၌၊ ဂုဏ်ကြီးမားလှသော မဟာထေရ် ဆရာတော်ကြီးက၊ တရားပေးသနားပါဟု မတောင်းသင့်ပါ။ တပည့်တော်ကသာ တောင်းသင့်သည်ဆို၏။ သူတောင်းစားထံ၌၊ စကြာမင်းကြီးက တလုပ် တဆုပ် ပေးကမ်းပါဟု တောင်းရမ်းသည်နှင့် တူသော စကားမျိုး ပေတည်း။

ဤကဲ့သို့ ပြောကြားလိုက်ရာ၊ ပေါဠိလ မထေရ်ကြီးမှာ၊စကြာမင်းနှင့် နှိုင်းသကဲ့သို့ ဖြစ်ပါသော်လဲ ဝမ်းမသာနိုင်ရှာဘဲ၊ ယခုအတိုင်းသာ ပရိယတ္တိဉာဏ်မျှနှင့် နေရပါလျှင်၊လောကတွင်သေတာကပင်ကောင်းသည်ထင်လျက်၊ ငြိုငြင် ပင်ပန်းလှသော စိတ်ဖြင့်၊ ထပ်ဆင့်၍တောင်းရပြန်၏။ ။နောက်တဖန် သာမဏော ငယ်ကလေးက၊ ဆရာတင်၍ တရားတောင်းလျှင် တပည့်ဖြစ်သူ ဆရာ့စကားကို ဖြေဝယ်မကျ နား

ထောင်မှ ဖြစ်နိုင်တယ်ဟု ဆိုလေရာ။ ပေါဋ္ဌိလ မထေရ်ကြီးမှာ လွန်စွာ ဝမ်းသာလျက်၊ မိုးထဲဆင်း၍ အသက်ပင် သေရစေကာမူ၊ နာယူပါမည်ဟု ဝန်ခံသောအခါ၊ လျှင်စွာသွား၍ ကျောင်းနား ရှိရာသို့ ဦးခေါင်းစောက်ထိုးဆင်းချေဟု ခိုင်းလေသော်၊ မတွေးမဆိုင်းပါဘဲ လျှင်စွာသွား၍ထိုးချဆဲမှာ၊ အမြန်လာခဲ့ဟု ဆိုပြန်သဖြင့်၊ မနှေးမဖင့်ဘဲ လျှင်စွာပင် ပြန်လာရပေသည်။

ထိုအခါမှ သာမဏေငယ်ကလေးက၊ ဘုရားရှင်နှင့် ရဟန္တာကြီးတို့၏ အလိုကျဖြင့်၊ သင့်တင့်ရန် ထောက်ချင့်ပြီး၊ အပေါက် ၆-ခုရှိသော တောင်ဗိုက်ကြီးတွင် ဝင်နေသော ဖွတ်ရိုင်းကို၊ မိလွယ်ရန် အပေါက်ငယ် ၅-ခုပိတ်ပြီး၊ အပေါက်ကြီးက ဘမ်းယူပုံ ဥပမာပြ၍၊ ကိုယ်ကာယဒွါရ စက္ခု၊ သောတ, ဃာန, ဇိဝှါ, ကာယ ၅-ဒွါရကို သတိဖြင့် ပိတ်ဆို့လျက်၊ မနောဒွါရမှ ထွက်သော စိတ်ရိုင်းကို ဘမ်းလေဟု ကမ္မဋ္ဌာန်း ပေးလေရာ။ ပေါဋ္ဌိလ မထေရ်ကြီးမှာ၊ မကြာမီ အာသဝေါကုန်ခန်းပြီး၊ ရဟန္တာကြီးဖြစ်သွားလေတော့သည်။

အထက်ပါ အဓိပ္ပါယ်ကို၊ အနည်းငယ် ရှင်းလင်းရန်မှာ၊ ကမ္မဋ္ဌာန်းတောင်းရာ၌၊ ရှုရှည်ပြောင်းထဲကိုဆင်းချေခိုင်းတာမဆိုင်းပါကလား၊ မသိသူများတို့ ယုံမှားဘွယ်ရှိပေ၏။ နည်းလမ်းမှန်သိသော၊ ကမ္မဋ္ဌာန်းဆရာတို့၏၊ စည်းကမ်းဟူသော ပဋိညာဉ် ခံဝန် ပြုလုပ်၍၊ နောင်အားထုတ်သောအခါ၊ နောက်မဆုတ် မလှုပ်သာအောင်၊ ဘမ်းချုပ်ထားရသော ပရိယာယ်များ ဖြစ်၏။ ၎င်းအကြောင်း ဂန္ဓိရဇာ ပကာသနီဋ္ဌ ပါရှိလေပြီ။

၍စည်းကမ်းများနှင့် စပ်၍၊ သိမှတ်ရန် နည်းလမ်းကို၊ အောက်ပါ ကမ္မဋ္ဌာန်းတောင်းပုံ, ပေးပုံအရဖြင့် အမြွက်မျှပြဆိုပေအံ့။ ။တရား အားထုတ်မည့်အခါ၊ ဆရာ့ထံသို့ သွား၍၊ ငါးပါးသီလ, ရှစ်ပါးသီလ တခုခု သီလကို ယူပြီးလျှင်၊ လက်အုပ်ချီကာ ရိုသေစွာထိုင်လျက်။ ။ အရှင်ဘုရား၊ တပည့်တော်အား သနားသဖြင့်၊ ကမ္မဋ္ဌာန်းတရား ပေးကောင်မူပါ၊ ဆရာဆုံးမသည့်အတိုင်း၊ မသွေမလွှဲ လိုက်နာခံ၍၊ ကျင့်ကြံနေထိုင် အားထုတ်ပါမည်။ ဆရာဘုရားကလည်း၊ တပည့် မှတ်မှတ် ဆုံးမတော်မူပါ၊ တပည့်ကလည်း၊ ဆရာမှတ်မှတ်၊ နားထောင်ပါမည်။ တပည့်တော်၏ ခန္ဓာကိုယ်နှင့် တကွ၊ အသက်ကိုပါ ဖြတ်စွာဘုရား

အားၚင်း၊ တရားတော် မြတ်အားၚင်း၊ သံဃာတော် မြတ်အားၚင်း၊ ဆရာသမားအားၚင်း၊အပ်နှင်း စွန့်လွှတ် လှူဒါန်းပါ၏အဓွၚ်ဘုရား။ ။ ဤသို့မြန်မာစကားဖြင့် တောင်းရ၏။ တပည့်က မဆိတတ်လျှင်၊ ဆရာက သိလယူသကဲ့သို့ တိုင်ပေးလေ။

ယဆကဲ့သို့၊ ပေဘဂိပုဂ္ဂိုလ်များကို ကြိုတင်၍၊ စည်းကမ်း ဟူသော ပဋိညာဉ်ခံဝန်ချုပ် လုပ်မထားလျှင်၊တရားအားထုတ်သော အခါတွင်၊ ထွေထွေ လာလာ မဆိုင်ရာများကို ပြောကြား ပြုလုပ် တတ်ကြသော သဘောများတို့၊ ဝါသနာစရိုက် အားလျော်စွာ ဖြစ်ပေါ်တတ်၏။ ထို အခါ၊ တရားနှင့် ဆိုင်လျှင်၊ အလုပ်အကျွေးနှင့် ဆရာများက၊ မြန်စွာ ဆောင်ရွက်ပေး၏။တရားနှင့် မဆိုင်လျှင်၊ ပိုင်နိုင်လွယ်ကူစွာ ဆရာက မြစ်တား၍ ရစေရန်ဖြစ်ပေ၏။ ထိုကဲ့သို့အားထုတ်ဆဲ ပေဘဂိတို့ ထွေထွေ လာလာ ပြောသည်ကို "ဇန်ဒါဗပယာများသည်" "ဗလိဗဇာများသည်" ဟု ဆိုကြ၏။ ယဆခေတ်သုံး စကားမှာ "ကျိုးများသည်" ဟု ဆိုပေ၏။

ၚင်းစကားများကို၊ ပျော်ဘွယ် ကျေးဇူးရှင် ကမ္မဋ္ဌာန်း ဆရာကြီး ဦးစံဒိန်း၏ အသုံး အနှုန်းမှာကား။ "ထွေလာ ကေလာ များသည်" ဟူ၍ၚင်း။"ကေကေ ကာကာများသည်" ဟူ၍ၚင်း ပြောဆိုပေသည်။ ပယဆလို သဘောများကြောင့်၊ သာမဏော ငယ်ကလေးက၊ ပေါ့ဒ်လ အပေါ်၌၊ တင်းကြပ်စွာ ပဋိညာဉ် တောင်းသကဲ့သို့၊ နောက် အဆက် ဆက်၊ ယဆထက်ထိ ဆရာများသည်လည်း၊ ပုဂ္ဂိုလ် အားလျော်စွာ၊ သင့်တင့်သော ပဋိညာဉ် ခံဝန်ချုပ် များကို၊ ပြုလုပ် ထားကြသည်ဟု မှတ်အပ်ပေသည်။

ဤတရားတောင်းပုံ၊ ၃-ပိဒ်ပိုင်း၍၊ အစ တောင်းမှု၌ ထင်ရှား၏။ အလယ်ဒိဒ်များ ယောဂိအထင် မှားသောအခါ, ဗုဒ္ဓဝေကဒ်တိ စသော၊ ဉာဏ်သဘောနှင့်ဟောရန် မရလျှင် ပဋိညာဉ်နှင့် ချုပ်ရန်ဖြစ်၏။ အဆုံး အသက်လှူသော အပိဒ်မှာ၊ ဉာဏ်ရင့် ဉာဏ်ဆိုးနှင့်တွေ့လျှင် အထင် မှားတတ်၍၊ ဂုဏ်တော်များနှင့် ဟောရန်ဖြစ်၏။ ဟောလျှင် အာရုံ အထင်ပြောင်း၏။ဤလိုအခါ ဆရာနားမလည်၍၊အန္တိစိတ်ဝေါဟာရပြား ရုံးနှိမ်းသွားတတ်၏။

ယဆအခါ၊အန္တိကမ္မဋ္ဌာန်းဆရာများတရားတောင်းလျှင်၊ ပယောဂ ဆရာကဲ့သို့ ကန်တော့ပွဲပေးရခြင်း၊ မှော်ဆရာ နတ်ဆရာကဲ့သို့ ဖျင်ဖြူ

ဗျင်္ဂနီ ခင်းရခြင်း၊ အဝတ် အဝတ်ညှိဖြူ ဝတ်ရခြင်း ပြောင်းလဲရ၏။ တရားစစ်သောအခါ၊ အခန်းထဲ၌ တယောက်ထဲစစ်ခြင်း၊ သမာဓိ ရှိ, မရှိ, ကိုင်တွယ် စဓိုးသင်ကြည့်ခြင်း၊ စသည်တို့ပြုလုပ်ကြ၏။ ထိုကဲ့သို့ သောဆရာများကို၊ ဤစာကြည့်မိသူတို့၊ သတိပြုရန်မျှ ဖြစ်ပေသတည်း။

ကမ္မဋ္ဌာန်းပေးပုံအမြွက်ကား။ ပေါဋ္ဌိလ မထေရ်ကြီးအား ပေးသော နည်းအရ၊ ၆-ဖွါရှိ၌ ကျဲရောက်သော၊ အာဝုံ ၆-ပါးကို၊ မြတ်စွာဘုရားဟောသော ဗာဟိယသုတ်တရားကို၊ သတိပဋ္ဌာန် ၄-ပါးနှင့်၊ ညီမျှအောင်ရှုမှတ်ရမည်။ သတိပဋ္ဌာန်အရ။ ကိုယ်အမူအရာ သဘော၊ ဝေဒနာ သဘော၊ စိတ်သဘော၊ ဓမ္မသဘောတို့ ဖြစ်ပေါ်သောအခါ၊ စိတ်၌ ထင်တိုင်းသာ မှတ်ရ၏။ ရှုမှတ်သောအခါ၊ အမည်ပညတ်မပါစေဘဲ မှတ်ရမည်၊

ဤကား သတိပဋ္ဌာန် ၄-ပါးရှုမှတ်ရန်၊ နည်းပေးပုံ အမြွက်ပေတည်း။

ဖွါရှ, အာဝုံ ရှုမှတ်ပုံကား။ မြင်လျှင် မြင်တယ်၊ ကြားလျှင် ကြားတယ်၊ နံလျှင် နံဘယ်၊ စားလျှင် စားတယ်၊ ထိလျှင် ထိတယ်၊ သိလျှင် သိတယ်။ဤသို့ စိတ်၌အာဝုံထင်သောအတိုင်းမှတ်ရ၏။မိန်းမမြင်တယ်၊ ယောကျ်ားမြင်တယ်၊မိန်းမသံ, ယောကျ်ားသံ။ဤသို့ စသည်ဖြင့်၊အာဝုံတို့၏ အမည် ပညတ်တို့ကို မမှတ်ရ။ **ဤကား၊အာဝုံ ၆-ပါးရှုမှတ်ရန် နည်းပေးပုံတည်း။**

အဓိပ္ပါယ်ကား။ အာဝုံ၌၊ သဘာဝ, အသဘာဝ-ဟု နှစ်မျိုးခွဲ၍၊ သဘာဝ အာဝုံကိုမှတ်ရ၏။အသဘာဝအာဝုံကို မမှတ်ရ။အာဝုံခွဲပုံမှာ၊ မြင်သောအခါ အဆင်းမျှသည်၊ သဘာဝမည်၏။ အဖြူ အနီ စသော အရောင်သည်၊အသဘာဝမည်၏။ ထို့အတူ၊ ကြားသောအခါ အသံမျှသည်၊ သဘာဝ။ အကြီး အသေးစသော သဘောသည်၊ အသဘာဝမည်၏။ နံသောအခါ အနံ့မျှသည် သဘာဝ။ အမွှေး အပုတ် စသော သဘောသည်၊ အသဘာဝမည်၏။ စားသောအခါ အရသာမျှသည်၊ သဘာဝ။ အချို အချဉ်စသော သဘောသည်၊ အသဘာဝမည်၏။ ထိသောအခါ အတွေ့မျှသည်၊သဘာဝ။အချော အကြမ်း စသော သဘော သည်၊ အသဘာဝမည်၏။ သိသောအခါ သဘောမျှသည်၊ သဘာဝ၊ အကောင်း အဆိုး စသော သဘောသည်၊ အသဘာဝမည်၏။ ဤသို့ ပြောပေးရမည်၊

တဖန်၊ ဝါရအားဖြင့်ကား၊ မျက်နှာသစ်သောအလှည့်၊ ယာဂု သောက်သော အလှည့်။ ထမင်းစားသော အလှည့်၊ ကွမ်းစား, ဆေးသောက်, ရေချိုးစသည်ဖြင့်၊ အာရုံဖြစ်သောအလှည့်၊ အကြိမ် အခါ ကာလများ ပိုင်းခြားရ၊ အလှည့် ကြိမ်ကြိုက်သော အာရုံ၊ အစ, အဆုံး အစဉ်မပြတ် မှတ်ရ၏။

ဥပမာ။ ထမင်းစားသောအခါသည်၊ စားသည်မှစ၍၊ ပြီးသည်တိုင် အောင်၊ ထမင်း အလှည့်၊ ထမင်း အကြိမ်ဖြစ်၍၊ ၎င်းစားခိုက်၌ပေါ်လာသော အမှုအရာ အာရုံကိုသာ၊ အစ, အဆုံးမှတ်ရ၏။ ၎င်းစားခိုက်တွင်၊ အဝေးမှ အသံကြားမှု စသည်များကိုမမှတ်ရ၊ ဆေးသောက်, ကွမ်းစား စသော အခါတို့၌လည်း၊ ထိုနည်းတူ မှတ်ယူလေ။

တပန်၊ အစဉ်ဆက်၍ ဖြစ်သော အာရုံ၊ အခိုက်အတန့် ရောက်လာသောအာရုံဟူ ၂-မျိုးရှိရာ၊ အခိုက်အတန့်အာရုံ၌၊ အားကြိုးလွန်ကဲခြင်း၊ အားသေး မလွန်ကဲခြင်းဟူ ၂-မျိုးခွဲရ၏။ ထို ၂-မျိုးတို့တွင်၊ အထက်က ပြခဲ့သည့် ထမင်းစားခိုက်၌၊ အဝေးအသံကို မလိုက်ရဆိုသည်မှာ၊ အားသေး မလွန်ကဲသော အာရုံဖြစ်၍၊ အသံကို လိုက်မမှတ်ဘဲ၊ ကြားမှု ကိစ္စပြီးသဖြင့်၊ အစဉ်ကို မလွှတ်ရပေ။

သို့ဖြစ်၍၊ အခိုက်အတန့် အာရုံဖြစ်သော်လည်း၊ အားကြိုးလွန်ကဲလျှင် ဝါရခေါ်သော အစဉ်အာရုံကို လွှတ်၍၊ မှတ်ရသောအခါလည်း ရှိပြန်လေသည်။ ဥပမာ၊ စကြိုသွားခိုက်မှာ၊ အစဉ် အာရုံ ဖြစ်သော်လည်း၊ ထိုသွားခိုက်၌၊ အဝတ်ပြင်၍ ဝတ်ချင်သော အာရုံ ဖြစ်ပေါ်တာ၏။ ထိုအခါ၊ သွားမှုအာရုံလဲမရပ်၊ ဝတ်မှုအာရုံကလဲ ပြုခဲ့လျှင်၊ အာရုံ ၂-ခု ပြိုင်ယှဉ်နေ၍၊ ငါး ၂-ကောင် ဘမ်းသကဲ့သို့၊ အာရုံကို မမိနိုင်ပေ။ ထို့ကြောင့်၊ သွားမှုကို ရပ်၍၊ ဝတ်မှုကို မှတ်။ ၎င်းကိစ္စပြီးမှ၊ သွားမှုကို မှတ်ရပြန်လေ၏။

တဖန်၊ ကမ္မဋ္ဌာန်းဝင်စပုဂ္ဂိုလ်များ၊ တခါတရံ မှတ်စရာ အာရုံမရှိဟူ ထင်တတ်၏။ ထိုအခါ ထွက်လေ, ဝင်လေကိုမှတ်၊ ထွက်လေ ဝင်လေကား၊ ရပ်နေသည်မရှိ၊ သတိပြုလျှင် ထင်ပေသည်။ တခါတရံ အာရုံရှုပ်ပွေများပြားသည်ဟု ထင်တတ်၏။ ထိုအခါ၊ မှတ်ကောင်းမှတ်ဖွယ်အာရုံတခုကိုသာစွဲ၍ မှတ်ရမည်။ အချို့က၊ အာရုံဟူသမျှ မှတ်ဆိုသောအရ၊

ဖြင်ဒါမှတ်လိုက်၊ ကြားတာမှတ်လိုက်၊ ယားဒါမှတ်လိုက်၊ နာဒါမှတ်လိုက်စသည်ဖြင့်၊ခန,ခန ပြောင်းလဲတတ်၏။ယခုလို မှတ်မှုသည်၊ အာရုံမစွဲ၊ စိတ်မတည်ကြည်၊ ပြန့်လွင့်နေသဖြင့်၊ ကမ္မဋ္ဌာန်းဗျာသင့်သည်ဟု ဆို၏။ထို့ကြောင့်၊ မိရာ အာရုံတခုကိုစွဲ၍ မှတ်ရလေသည်။

တပန်၊ မှတ်စအခါ၌၊ ထမင်းတလုပ်မှာ၊ အမှတ် ၄၀,၅၀-စသည်ဖြင့်၊ ရက်အနည်းငယ်ကြာမှ၊ အမှတ်စိပ် အမှတ်များလာသော သူတို့ကဲ့သို့၊ အမှတ်များများမှတ်ရန် မပြောရ။ ပြောရင်၊ ကလေးငယ်ငယ် လမ်းသွားစကို၊ ရောက်လွယ်အောင် အပြေးခိုင်းသော်၊ ပက်လက်မှောက်ခုံ လဲပြိုသကဲ့သို့ဂုင်း၊ ထမင်းခွန့်စ, သူငယ်ကို၊ ကြီးလွယ်အောင် များများခွန့်ခဲ့လျှင်၊ စပိုးနင့်သေသကဲ့သို့ဂုင်း၊ အမှတ်တွေ မမှတ်တတ်အောင် ပွေရှုပ် လုံးထွေးလျက်၊ စိတ်ညစ်ထွက်ပြေးတတ်လေသည်။

ထို့ကြောင့်၊ မှတ်စအခါ၌၊ ထမင်းစား မှတ်ပုံအဖြက်မျှ၊လက်သွား ထမင်းယူ၊ လက်မြှောက် ပါးစပ်ဟာ၊ ထမင်းခွန့်၊ထမင်းဝါး၊ ထမင်းမျိုချိုလိုနည်း သိရုံပြ၍၊ တစ, တစ အလိုလို အာရုံထင်မှ၊ တဖြေးဖြေးအလိုလို အမှတ်များလာလိမ့်မည်။ ရုပ်နာမ်ခွဲ ကမ္မဋ္ဌာန်းစစ်မှ၊ အမှတ်တိုးစေခြင်းငှါ၊' 'ရေလာမြောင်းပေး'' သဘောမျိုးကဲ့သို့၊ အမှတ်မပါသော အာရုံမှတ်ချက်များကို၊ ပရိသတ်နှင့်တရားစစ်၊ ရုပ်နာမ်ခွဲသော အခါ၊ တနုထည့် ၂-နုထည့်စသည်ဖြင့်၊ လမ်းခင်း သဲလွန်စ ပြုရ၏။ မှတ်၍ စိတ် ထင်ချက်၊ဉာဏ် ထင်ချက်များကို၊ဘယ်လို မထင်ဘူးလား ဟု လမ်းခင်း၍မပေးရပေ။

အချုပ်မှာ၊ဝင်စပုဂ္ဂိုလ်သည်၊စားမှသောက်မှ စသောအမှုအရာတို့၌၊ ရုတ်တရက် မိခဲ့၍၊ ရှေးဦးစွာ စကြံသွားသော ခြေလှမ်းကို မှတ်ရ၏။ ခြေလှမ်းမှတ်၍ အနည်းငယ် ပင်ပန်းလာသော အခါ၊ အခြား အာရုံတို့တစ, တစထင်၍၊အမှတ် ဖြင်လာလိမ့်မည်။ခြေလှမ်း မှတ်ပုံမှာ၊ ဘယ်ခြေလှမ်းလျှင် လှမ်းတယ်၊ ညာခြေလှမ်းလျှင် လှမ်းတယ်မှတ်။ တခါလှမ်း တခါမှတ်။တခါလှမ်းဝိုက်၊ ၂-ခါ, ၃-ခါ မမှတ်နှင့်၊ နောင် ဉာဏ်အားလျော်စွာ ထင်လိမ့်မည်။ ဘယ်ခြေ ညာခြေ ဆိုသည်ကို ထည့်

မမှတ်ရ၊သိရုံမျှ ပြောပြပေသည်။ ဘယ် ညာပါမှ မှတ်လွယ်လျှင်၊ ပါသော်လည်း မထောင်းတာလှ နောက်ခါ ပျောက်လိမ့်မည်။

ခြေလှမ်း မှတ်သောအခါ၊ မျက်စိက ခြေကိုကြည့်၍၊ အလှမ်းနှင့် အမှတ်၊ ထပ်မိအောင်၊ ကြွသည်က ချသည်တိုင် ခြေလှမ်း၌ စိတ်ငုံပြီး၊ လှမ်းမှု ချမှုသဘော ၂-ခု၌၊လှမ်းနှင့် တယ်နှင့် ရှေ့နောက် ညီမျှစေလျက်၊ လှမ်းတိုင်း,လှမ်းတိုင်း၊လှမ်းတယ် လှမ်းတယ်ဟု မှတ်ရလေသည်။လှမ်းတဲ့သဘောသည်၊ ရုပ်နာမ်အာရုံဖြစ်၏။ မျက်စိကို မစောင့်၍၊အဝေးကို မြင်လျှင်စိတ်လွင့်၍ သမာဓိမဖြစ်နိုင်သောကြောင့်၊မျက်စိကခြေလှမ်းကို ကြည့်မှု၊ စိတ်က ခြေလှမ်း၌ထားမှု မှတ်မှုသည်၊ဇာန်ဩဇာ သံဝရသီလမည်၏။ လှမ်းခိုက်အာရုံ၌ စိတ်တည်မှုသည်၊ သမာဓိမည်၏။ မှတ်သောအခါတိုင်း သိမှုသည်၊ပညာမည်၏။သို့သော်၊မှတ်စအခါ၌ သီလ,သမာဓိ,ထူထောင်မှုသာ ထင်ရှားသေး၍ ဘာဝိတာ ဗဟုလီကတာ ;ဆိုသောအရ၊ ဘာဝနာ ကံရင့်မှု၊ ပညာဟူသော-ဉာဏ်ထင်ရှားပေသည်။ ဝိပဿနာအလုပ်သည် ‘‘မုဆိုး စိုင်သင်’’ ဟူသကဲ့သို့၊ နောင်လေ့လာပါမျှားလျှင် အလိုလို ထင်ဖြင်လာသော သဘောမျိုးပေတည်း။

၌ကား၊ ကမ္မဋ္ဌာန်းပေးပုံ၊အဓိပ္ပါယ်ပြောပုံ၊ရှင်းလင်းပုံတို့နှင့်၊ရှုမှတ်ပုံနည်းများကို၊ အဖွင့်မျှ ပြဆိုခြင်းပေတည်း။

ဤကဲ့သို့ တရားတောင်း၍ တရားပေးပြီး၊ တပည့်များ တရားအားထုတ်ကြသောအခါ၊ ဆရာများက ဝတ္တရားအတိုင်း၊ တပည့်များအားပြုစုစောင့်ရှောက်ရာ၌၊ တပည့်များက လောကီဂုဏ်ကြီးလျှင်၊ ‘‘**ဝတ္တံ အပရိပူရေန္တော သီလံ နပရိပူရတိ**’’ဆရာ့ဝတ် မပြည့်စုံက၊ သီလ မပြည့်စုံ စသည်ကိုထောက်၍၊ဝတ်ကြီးဝတ်ငယ်ကို ပြုတတ်၏။ တရားအားထုတ်ဆဲ၌၊ စည်းကမ်းအတိုင်း ဆရာပြောသမျှ နားထောင်လျှင်၊ အခြားဝတ္တရား ပြည့်စုံတော့၏။ ။ပေါဠိလင်္ကာကို ကြည့်လော။

တဖန်၊ဆရာက လောကီဂုဏ်ကြီးပြန်လျှင်၊တပည့်က အားနာတတ်၏။ အားနာခြင်းမရှိရ၊ စည်းကမ်း ဝတ္တရားအတိုင်းပြုရ၏။ ဤနေရာ၌၊ ပဏ္ဍိတ သာမဏေ တရားအားထုတ်ဆဲမှာ၊ရှင်သာရိပုတ္တရာက ဆွမ်းခံကျွေး၍၊ မြတ်စွာဘုရားက အနှစ်ရာယ်မဖြစ်ရန်စောင့်ရှ၏။ဤနည်းအရ၊ ဆရာကြီးဦးစံဒွန်းတရားအားထုတ်ရာ၌၊ကျေးဇူးရှင်မင်းကွန်းဓေတဝန်

ဆရာတော်ဘုရားကြီး ဆွမ်းခံ ကျွေးတော်မူခဲ့ပေ၏။ ထို့ကြောင့်၊ တပည့်များသည်၊ ကျေးဇူးဝတ္ထုရားပြုလိုက၊ အားထုတ်ဖြီးလျှင်၊ သဘော အတိုင်းပင် ပြုရပါ၏။ တရား အားထုတ်ဆဲ၌၊ တရားစည်းကမ်း အရ၊ နားထောင် အားထုတ်ပါက၊ ဝတ္ထုရားဟူသမျှတို့ ဖြီးစီးပြည့်စုံကြသည်ဟု၊ ယုံကြည်စွာ မှတ်ယူအပ်လှပေသတည်း။

ဆရာ၏ ဆုံးမချက်၌၊ လေးနက်စွာ နာခံရသော၊ ပေါဠိလ ဝတ္ထုဖြီး၏။

တရားမရှိက၊ ကျေးဇူးမသိသည်ကို ဝက္ကလိစသော် ဝတ္ထုတို့ဖြင့်ပြဆိုခြင်း

၂၁—တရားမမြင်၊ ကျေးဇူးရှင်၊ ဂုဏ်အင်မသိပါ။
၂၂—ဝက္ကလိမှ၊ ပေါဠိလ၊ ကဿပဝတ္ထုလော။

ဤသံပေါက် လက်ဝါများ၏ အဓိပ္ပါယ်မှာ၊ တရားမှန်ကို မသိမမြင်သော် ဂုဏ်ရှိကြောင်း ညွှန်ပြမထင်၍၊ ကျေးဇူးမတင်တတ်။ ၎င်းအကြောင်းများကို၊ ဝက္ကလိဝတ္ထု၊ ပေါဠိလဝတ္ထု၊ အရှင်မဟာ ကဿပဝတ္ထု စသည်တို့၌ လာသောသဘောများကို ထောက်ထား၍ မှတ်သားသိရှိရမည်ဟု ဆိုလိုပေ၏။

ထိုအဓိပ္ပါယ်အရ၊ သဘာဝမှန်သော ဓမ္မာဓိဋ္ဌာန်ကို အမြင်သန်စေခြင်းငှါ၊ ဖြေလို၍ မေးသော "ကထေတုကမျတာ" ခေါ်သော ပုစ္ဆာအနေအားဖြင့်၊ ဘုရားကို စေတီရုပ်ထု ကွယ်သည်၊ တရားကို ပိဋကတ်စာကွယ်သည်၊ သံဃာကို ဘုန်းကြီးရဟန်းကွယ်သည်၊ ဆရာကို လက်ဆောင်ကန်တော့ပွဲ ကွယ်သည်ဟု ဆိုခဲ့ပါလျှင်၊ ယောဂျယျ အားဖြင့် မသိကြသူ များစွာသော ရဟန်း လူရှင် တို့က၊ ပြစ်တင် ကဲ့ရဲ့ကြမည် အမှန်ဖြစ်ပေသည်။ သို့သော်၊ အပ္ပကအားဖြင့် သိကြသူ အနည်းငယ်သော ရှင်, လူ, ရဟန်းတို့ကမူကား၊ ချီးမွမ်းကြပေလိမ့်မည်။

ယခုရေးသားခဲ့သော အဓိပ္ပါယ်များကို၊ ရုတ်တရက်မကွဲပြားလျှင်၊ မိုးယံးညှင်း ဆရာတော် ဘုရားကြီး ဟောကြားတော် မူသော်၊ သဲပုံစေတီတရားကို သတိထားသင့်ကြ ပေသည်။ ဟောပုံကား၊ လူတယောက်က သဲပုံစေတီကို ဘုရားဟု ပြောမယ်ကွဲ့၊ လူတယောက်က သဲပုံဟု ပြောမယ်ကွဲ့။ ထိုနှစ်ယောက်တွင် ဘုရားဟု ပြောသူသည်၊ သဲပုံနှင့်မကွဲပြားဘူးကွဲ့။ သဲပုံဟုပြောသူသည်၊ ဘုရားနှင့် သဲပုံကွဲပြား

သည်ကွဲ။ ခဲခြားထိသောကြောင့် ပြောဏ်။ သို့သော်၊ သဲပုံနှင့် ဘုရား မကွဲပြားသူက၊ ကွဲပြားအောင် မမေးဘဲ၊ ဘုရားကို သဲပုံပြောသည်။ ဘုရားကိုပုတ်ခတ်သည်နှင့် ရုတ်ပတ် နှိုင်ထက် စွပ်စွဲနှိပ်စက်ခဲ့ပါလျှင်၊ ထိုသူသည် တသက်လုံးပင် သဲပုံနှင့်ဘုရား မကွဲပြားဘဲ ထွေးလုံးကြီး သွားရလေတော့သည် ဟုရှိဟု မိန့်တော်မူဏ်။ ထိုတရားကို ထိုအခါ၌ ရန်ကုန်မြို့ကြီးတွင် ဘုရားနှင့် သဲမကွဲသူတို့က။ လူထဲ, ရှင်ထဲ, ပရိသတ်ထဲ၌၊ အကဲမောက်ထွား၊ ဟန်လုံးကြွားလျက်၊ တွင်ကျယ် ခေတ်စား နေသောကြောင့်၊ ဟောကြားဟန် တူလေတော့သည်။

ယော ခေါ ဝက္ကလိ ဓမ္မံ ပဿတိ သော မံ ပဿတိ။
ယော ဓမ္မံ နပဿတိ သော မံ နပဿတိ။ ။

(သုတ်မဟာဝါ, ဇုတိဝုတ်ပါဠိတော်။)

ဝက္ကလိ၊ ဝက္ကလိရဟန်း။ ခေါ၊ ဝင်စစ်။ ယော၊ အကြင်သူသည်။ ဓမ္မံ၊ တရားကို။ ပဿတိ၊ မြင်၏။ သော၊ ထိုသူသည်။ မံ၊ ငါဘုရားကို။ ပဿတိ၊ မြင်၏။ ယော၊ အကြင်သူသည်။ ဓမ္မံ၊ တရားကို။ နပဿတိ၊ မမြင်။ သော၊ ထိုသူသည်။ မံ၊ ငါဘုရားကို။ နပဿတိ၊ မမြင်။

နောက်က ပြခဲ့သည်နှင့် ဤဒေသနာ ဝတ္ထု အရေးကို နှိုင်းဆ၍ သိကြရာ၏။ သိကြရန်မှာ၊ ဝက္ကလိသည်၊ တရားကို အားမထုတ်ဘဲ၊ ဘုရားရှင်၏ လက္ခဏာကြီးငယ်၊ ရောင်ခြည်တော် ခြောက်သွယ်တို့ဖြင့်၊ တင့်တယ် သောရူပကာယကိုစွဲ၍ ကြည်ညိုသဖြင့်၊ တရားကိုမမြင်ဘဲနှင့်၊ ရူပကာယ အကောင်ပုပ်ကို ကြည်နူးစွာ ဖူးနေသဖြင့်၊ အကျိုးထူး မရှိဟု ပယ်တော်မူ၏။

သို့ဖြစ်ပါ၍၊ ယခုအခါ တနိုးကြီးဘုရား အမျိုးမျိုး၊ ပေါ်တော်မူ အမျိုးမျိုး၊ ရောင်ခြည်တော် လွှတ်သည်ဆိုရာ။ အမျိုးမျိုးသို့ သူထက်ငါ သွားကြသော ရဟန်း, ရှင်, လူ, အများတို့သည်၊ ဘုရားမတွေ့၊ ရောင် ဝေဝေနှင့်ဖြစ်ပြီး။ဘုရားစစ်ကို ဖုံးကွယ် ကာဆီးထားသော၊ ရုပ်ပွားနှင့် စေတ်ကြီးများကို မြင်ခဲ့ကြသည်ဖြစ်၍၊ ယခုလို ခေတ်အခါမှာ၊ ဘုရား စစ် ၉-ပါးဂုဏ်ကို အစုံပင် တွေ့မြင်နိုင်ပါသဖြင့်၊ လျင်မြန်စွာ ရှာဖွေ လျက် နှစ်သက်ကြည်လင်၊ စိတ်သဒ္ဓါရှင် ရှင်နှင့်၊ ဂုဏ်လုံး ဉာဏ် ထင်ပြီး၊ ဖူးမြင်ကြရာသတည်း။

တရားကို၊ပိဋ္ဌကတ်စာကွယ်သည်ဆိုသော စကား၏ အဓိပ္ပါယ်မှာ။ ရှေးအခါ ပေါဠိလ မထေရ်ကြီးသည်၊ လွန်ခဲ့ပြီးသော ဘုရား ၄-ဆူတို့ ထံ၌ တိပိဋကာ ပါရဂူဟူသော၊ ဂုဏ်ထူးကို ယူလျက်၊ တလူလူမာန် တက်ခဲ့ရာ။ယခု ဘုရားရှင် လက်ထက်မှာလည်း၊ ပိဋကတ် ဉာဏ်ကြီး ရှင် လုပ်ပြီး၊ ရိုးဘိုး ယားတားနှင့် တရားကိုသိမြင်သောအလား၊မာန ထား၍ ဗိုလ်းထိမှု ထောင်လွှားနေသည်ကို၊ဘုရားရှင်သိမြင်တော် မူသ သဖြင့်၊ မသင့်သော မာနကို ပယ်ချတော် မူခြင်းငှါ၊ တုန္ဆေပေါဠိလ၊ တုန္ဆေပေါဠိလဟု တွေ့လေတိုင်း မိန့်ဟာတော်မူပေ၏။

ဥပမာကား။ နွားအုပ်ကြီးကို အငှါးကျောင်းသူသည်၊ နွားများစွာ ကာလရှည်ကြာ စောင့်ရှောက် ထိန်းသိမ်း ရပါသော်လည်း၊ နွားနို့၏ အရသာကို မစားရဘဲ၊ မပြောပ လောက်သော၊ ကျောင်းခနှင့် နေရသကဲ့သို့။ ပိဋကတ် ၃-ပုံကို၊ အာဂုမ်နှုတ်တက်၊ဘုရား ၇-ဆူတို့လက် ထက်တိုင်၊ဆောင်ရွက်ဒိုချ၍ လာပါသော်လည်း၊ တရား၏အရသာကို မတွေ့၊ဆွမ်း, သက်နှံး, ကျောင်း, ဆေး လေးပါးသော ပစ္စည်းမျှကိုသာ ရရှိခဲ့သည်ဟုဆိုလိုပေ၏။

လောကဋ္ဌ ထန်းလျက်ချိုသည်ဟု အပြောနှင့်သိ၍၊ မစားလျှင် အရသာကို မတွေ့သကဲ့သို့ပေတည်း။

ထိုပေါဠိလ မထေရ်သည်၊ ပိဋကတ်၌ တရားကို မတွေ့၍၊ ရဟန်း ၃-ကျိပ်တို့ သိတင်းသုံးသော တောကျောင်းသို့သွား၍၊ သံဃထေရ် အား တရားတောင်းရာ၊ တရားမပေးဘဲ၊ အောက်မထေရ်ထံ လှဲလိုက် သဖြင့်၊ အဆင့်ဆင့်တောင်းရာ၊ သာမဏေငယ်ထံသို့ ရောက်မှ၊ ကြပ် တည်းစွာပဋိညာဉ်ချုပ်၍၊တရားအလုပ်ကို နည်းပေးမှရရှိလေတော့၏။ ၅၀ဝဏ္ဏ၊ပြင့်၊ ပေါဠိလ ရမည့်တရားကို၊ ပေါဠိလ သင်ကြား တတ်သိ သော၊ ပိဋကတ်စာများက၊ အဘယ်မျှ ကွယ်ကာထား၍၊ အဘယ်မျှ မြောက်မှားနေရသည်မှာ၊ဘုရား ၇-ဆူပတ်သင့်သော ကာလတိုင်တိုင်၊ ရှည် ကြာခဲ့တော့သတည်း။

ယခု ပြဆိုခဲ့သော ဝတ္ထုသွားကို ထောက်ထား၍ မိုးညှင်း ဆရာ တော်ဘုရားက မိန့်ကြားတော်မူပါလျှင်၊ ဘယ်နှယ်တုံး တို့လူများတို့၊ အခွက်ထာနှင့်တက္ခ၊ ပိဋကတ် ၃-ပုံဆောင်၍၊ တပည့်ရဟန်း ၅၀၀-စိန့်၊ဂိုဏ်းကြီး ၁၈-ဂိုဏ်း၏ ဆရာကြီးပေါဠိလတောင် ဘုရား ၇-ဆူ

ပွင့်သော ကာလ ကြာအောင်၊ စာထဲမှာ တရား ရှာမတွေ့နိုင်တော့၊ တော်ဘိုး တော်အ၊ စာတို စာစ ကလေးများနှင့်၊ သကျသီဟ ပထမ ကျော်၊ အဂ္ဂမဟာပဏ္ဍိတ အခေါ်ခံကြသူ၊ ပဒုံရှိ ရဟန်း ရှင်လူတို့၊ ဘုရားအဆူပေါင်း ၁၀၀-ကျော် ကာလကြာအောင်၊စာထဲမှာ တရား ရှာလို့ တွေ့နိုင်ကြပါမလား ဟရို့ ဟု မိန့်တော်မူရှာပေလိမ့်မည်။

သို့ဖြစ်ပါ၍၊ယခုအခါ ကျမ်းစာကိုသေလုမတတ်သင်ကြားချပို့ခြင်း ဓမ္မကထိကအကျော် ဆရာတော်အမျိုးမျိုး၏ နောက်သို့လိုက်၍၊ အမျိုး မျိုးသောတရားတို့ကို နာယူခြင်း၊ ကမ္မဋ္ဌာန်းဂိုဏ်း၊ ကမ္မဋ္ဌာန်းဆရာ အ မျိုးမျိုးတို့၏ နောက်သို့လိုက်၍၊ ကမ္မဋ္ဌာန်းအမျိုးမျိုးတို့ကို အားထုတ် ခြင်းတို့ဖြင့်၊သူထက်ငါ သွားကြသော ရဟန်း ရှင် လူအများတို့သည်၊ တရားမတွေ့ ရောင်ဝေဝေနှင့်ဖြစ်ပြီး၊ တရားစစ်ကို ဖုံးကွယ်ဆီးထား သော ကျမ်းစာနှင့် ဟောစာများကိုသာ တွေ့ခဲ့ကြသည်ဖြစ်၍၊ ယခုလို ခေတ်အခါမှာ၊ တရားစစ် ၆-ပါးဂုဏ်ကို အစုံပင် တွေ့နိုင်ပါသဖြင့်၊ လျင်မြန်စွာ ရှာဖွေလျက်၊ နှစ်သက်ကြည်လင်၊ ဇောသဒ္ဓါရှင် ရှင်နှင့်၊ တသက်လုံး ညှာထိုင်ပြီး၊အစဉ်မပြတ်၊စိတ်ဒဋ္ဌကပ်၍၊အထပ်ထပ်သိရှိ ဝမ်းမြောက်နိုင်ကြရန်၊ တရားမှန်ကို အားထုတ်ကြရာသတည်း။

သံဃာကို၊ဘုန်းကြီးရဟန်းကွယ်သည်ဆိုသော စကား၏အဓိပ္ပါယ် မှာ၊ရှေးအခါ ကိတာဂိရိဇနပုဒ်၌ နေကြသော ရဟန်းတို့သည်။ကြိုးချုန် ဇယ်တောက်၊ကျိုးသားရိုက်၊ထုတ်ဆီး၊ ပန်ချုန်ပြီး ပွဲက၊ နေ့ည မရှောင်၊ အိမ်ကိုလာ၊ ဒကာ,ဒကာမတို့နှင့် အတူနေ၊ ရွှေ ငွေပိုက်ဆံကိုအလှူခံ၊ ဆူညံကာ တသောသော၊ ဝိုင်းဖွဲကာ ရယ်မောလျက်၊ ပြောဆိုနေကြ သော ရဟန်းတွေကိုမှ၊ ရှင်ပျသောသဒ္ဓါဖြင့်၊မျှားစွာသော လူအပေါင်း တို့က၊ ကြည်ညိုကာ ကိုးကွယ် ဆည်းကပ်ခြင်းပြု၍ နေကြလေ၏။

ထိုရဟန်းတို့သည်၊ ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့၏ တ ပည့်ဖြစ်ကြလေရာ။ တနေ့သော အခါ၊ အရှင်မဟာကဿပ မထေရ် ရောက်လာ၍ ဆွမ်းခံလေသော်၊ လူများက သရေ့ လှောင်ပြောင်ပြီး၊ ဘယ့်နယ်ကိုယ်တော်ကြီးလဲ၊ နည်းနည်းမှ ကြည့်ညိုဘွယ်မရှိ၊ မျက်စိ မမြင်သလို အ,သလို ကျိုးသလို စကားလဲမဆို မျက်နှာကို မမြင်ရ၊ ဖြစ်ရပလေ၊တို့ကိုယ်တော်တွေမှ၊ ရှင် ရှင်ပျော်ပျော် မျက်နှာမေ့လျက်၊

ခေါ်လိုက် မေးလိုက်၊ နှစ်ခြိုက်ဘွယ်ရာ ပြောဆိုကာဖြင့်၊ မေးငေါ့ကာ နေကြ၍ တဖွဖွနီးမျှဆွမ်းမရဘဲ၊ ရွာထဲက ထွက်လာရာ၊ ဒါယကာ တဦးက ကြည်နူးစွာ ဆွမ်းကပ်ပြီးလျှင်၊ ဘုရားရှင်ကို လျှောက်ထားရန်၊ မှာကြားသောစကားဖြင့်၊ ရှင်သာရိပုတ္တရာနှင့်၊ ရှင်မောဂ္ဂလာန်တို့သည်၊ အခြံအရံတစုတို့နှင့်၊ သာသနာပြုရလေတော့သည်။

ပြဆိုခဲ့သော၊ ကိတာဂိရိ ရဟန်းများပမာ၊ ယခုအခါတွင် မြန်မာပြည် ရှမ်းပြည် စသည်တို့မှာလည်း ရှိကြလေရာ။ ကိတာဂိရိဇနပုဒ်၌ ရှိကြသောလူတို့သည်၊ ဇနပုဒ်ရဟန်းတွေ ဖုံးလွှမ်းထား၍၊ ရဟန္တာဖြစ်သော အရှင်မဟာကဿပ ကြီးနှင့်၊ ထိုအရှင်၏ သုပ္ပဋိပန္နတာ စသောကျင့်ဝတ်တရား၊ ပရိမဏ္ဍသံဃာ၏ ဂုဏ်တော်များကိုမမြင်၊ ကဲ့ရဲ့ ပြစ်တင်ကြသကဲ့သို့။ ယခုကာလ၌ ရှိသော လူများသည်လည်း၊ ဆိုခဲ့သောရဟန်းမျိုးက ဖုံးလွှမ်း ကာထားသဖြင့်၊ ယခုအခါ ရှိနေကြသော၊ လူပရိမဏ္ဍ၊ သံဃာ, သီလရှင်, ရသေ့, သာမဏေ, ရဟန်း ဖြစ်ကြသော၊ ပရိမဏ္ဍ အရိယာ သံဃာတော်မြတ်တို့ကို မမြင်နိုင်ကြဘဲ၊ ကဲ့ရဲ့ပြစ်တင်စကား ပြောကြားသော ရဟန်းရှင်လူတို့မှာ၊ လွန်စွာမှ များပြားလှပေ၏။

ဤကဲ့သို့သံဃာကို မမြင်ရအောင် ကွယ်ကာထားကြသော ရဟန်းများကိုရည်သန်၍။ ''စားပြီးအိပ်ခါ၊ ပြိတ္တာကရုံး၊ ညတိုင်းလူပျိုလှဲ၊ ဆွဲပွဲကတုံး'' ဟု ရှမ်းပြည်၌ဆိုကြကုန်၏။ တဖန်၊ထို့အတူပင်လျှင်၊ ''စားပြီးအိပ်နေ-ဘိက္ခဝေ၊ သေလျှင်ငတ်တုတ်-ဂိဇ္ဈကူဋ်'' ဟူ၍၊ မြန်မာပြည်၌ ဆိုစမှတ်ပြုကြကုန်၏။

သို့ဖြစ်ပါ၍၊ ယခုအခါ ရဟန္တာ ပေါ်လာတယ် ဆိုလျှင် သွားကြ၊ မစားဘဲကျင့်တယ်ကြားလျှင် သွားကြ၊ တရားဟော ဓမ္မကထိကကျော်တယ်ပြောလျှင် လိုက်ကြ၊ တရားပြ ကောင်းသော ကမ္မဋ္ဌာန်းဘုန်းကြီးပေါ်တယ် သတင်းရလျှင်၊ သူထက်ငါပင် အလျင်အမြန် သွားရောက်ဆည်းကပ်ကြသော ရဟန်းရှင်လူများစွာတို့သည်၊ သံဃာမတွေ့ပေသာင့်ငွေ့ငွေ့နှင့် ဖြစ်ပြီး၊ သံဃာစစ်ကို ဖုံးကွယ်ဆီးထားသော ရဟန်းများကိုသာ တွေ့ခဲ့ကြသည်ဖြစ်၍၊ ယခုလို ခေတ်အခါမှာ၊ သံဃာစစ် ကိုးပါးသောဂုဏ်ကို အစုံပင်တွေ့နိုင်ပါသဖြင့်၊ လျင်မြန်စွာ ရှာမှေ့လျှက်၊ နှစ်သက်ကြည်လင်၊ ဓောသဒ္ဓါရှင် ရှင်နှင့် တသက်လုံးညာဏ်ထင်ပြီး၊ အစဉ်မပြတ်အာရုံကပ်၍၊ ဒုဃထပ်ထပ်ဝင်းမြောက် ကိုးကွယ်နိုင်ကြရန်၊ တရားမှန်အလုပ်ကို၊ အသီးသီး အားထုတ်ကြရာသတည်း။

ဆရာကို ကန်တော့ပွဲကွယ်သည်ဆိုသောစကား၏ အဓိပ္ပါယ်မှာ၊ ရှေးအခါ။ သုနက္ခတ် ရဟန်းသည်၊ မြတ်စွာဘုရားကို ဆရာထား၍၊ ဆည်းကပ်နေသော အလုပ်အကျွေး တပည့်ဖြစ်ပါလျက်၊ တနေ့သော အခါ၊ အစေလက တက္ကုဒ္ဓန်း၊ လေးဘက်ထောက်၊ အလျားမှောက်၍၊ ပါးစပ်နှင့် ထမင်း ဟပ်စားနေသည်ကို မြင်သော အခါ၊ သည်လို ခေါင်းပါးသော အကျင့်ရှိမှ၊ဆရာအဖြစ် ဆည်းကပ်သင့်သော ဘုရားစစ်ဖြစ်မည် ဟုမှတ်ထင်ပြီး၊ ခရီးသွားဆဲပင်၊ ဘုရားရှင်၏ သပိတ် သင်္ကန်းမျှားကို၊ မြေ၌ချထားလျက် ထွက်သွားပေသည်။

တဖန်၊ဘုရားလက်ထက်မှာ၊ ဝါ,လ နှီးသောအခါ၊ ဘုရားထံဖြစ်စေ၊ ရဟန္တာများထံ ဖြစ်စေ၊ တရားတောင်း၍ အားထုတ်ကြရာ။ ဝါကျွတ်သောအခါ၊ မဂ်ဖိုလ် ဟူသော တရားနှင့် ဆရာကို ကန်တော့မည်ဟု ရည်ရွယ်အားထုတ်ကြပြီး၊ အသီးသီးတရားနှင့် ကန်တော့ခြင်း ပြုကြပေ၏။ မလာနိုင်ကြသော်လည်း၊ မဂ်ဖိုလ်ရက ကန်တော့ခြင်း ကိစ္စ၌၊ ဆရာတပည့်နှစ်ဦး နှစ်ဝ ပြီးစီးကြသဖြင့်၊ စိတ်အာလယ၊ ပြေငြိမ်းမှတ်၍နေကြလေသည်။

ဤဝတ္ထုမျှားကဲ့သို့ပင်၊ ယခုအခါတွင်လည်း ကရားမသိ၍၊ ဆရာ၏ကျေးဇူးဂုဏ်ရှိသည်ကို မမြင်ရသဖြင့်၊ မသင့်သော နှလုံးသွင်းကြောင့်၊ ဂိုဏ်းဆရာ တရားနည်း ၊ ပြောင်းသွားသည်မျှားလည်း ရှိတတ်လေ၏။ တဖန် 'နည်းလမ်းမှန်တွေ့သောအခါ၊ ဆရာကိုမပြောင်းဘဲ၊ ခိုင်မြဲသော သမာဓိတရားဓာတ်ဖြင့် ဝိပဿနာကိုရှုမှတ်၍၊ပရမတ်ဉာဏ်အမြင်သန်လျက်၊ မဂ်ဖိုလ်နိဗ္ဗာန်ကိုရပြီး၊ အသီးသီးဆရာ့ထံသို့ သွားကာ၊ တရားနှင့် ကန်တော့ကြလေ၏။ အချို့မှာ မသွားနိုင်သော်လည်း၊ ကျေးဇူးဂုဏ်စိတ်ထားလျက်၊ နှစ်သက် ရှေးရှု ပူဇော်ခြင်း ပြုကြ၍၊ ဆရာ တပည့် နှစ်ဦး နှစ်ဝ ပြီးစီးကြသဖြင့်၊စိတ်အာလယ ပြေငြိမ်းမှုတ၍ နေကြလေသည်။ ဆရာကလည်း မလာကောင်းလားဟု စိတ်မရှိ၊ တပည့်မျှားကလည်း မသွားရ မနေနိုင် မဖြစ်ကြ။ ။ဩဝါ ချမ်းသာ အေးမြလေစွတကား။

ယခုအခါလည်း၊ ရှေးထုံးစဉ်လာ၊သီတင်းဝါကျွတ်ပါလျှင်၊ တပည့်တို့ဝတ်၊ မချွတ်အမှန်၊ကန်တော့ရန်ဟု ထက်သန်စိတ်ထား၊မအာလ်သည်

များပြားသော၊ အခုံးဌက်ပျော်ခိုင်၊ ဟပေသာင်းတိုင် မီးခြစ်၊ ဘိလင်ဖြစ်မှဲ့ သေတ္တာ၊ ပရိက္ခရာသပိတ်၊ဆန်အိတ်ဆီပုံး နှိုင်သူအားမှန်းပြီးလျှင်၊ စုံစုံလင်လင်၊ ဆရာရှင်ဘို့၊ ပြင်ဆင်ပြီးခါ၊ တူရိယာနှင့် သူ့ထက်ငါ ပျော်နှင်လျက်၊နှစ်သက်အားရ၊ ကန်တော့ရန် ထွက်ကြလေသတည်း။

ထို့ကြောင့်၊ဤကဲ့သို့သောသူများကိုရည်၍ ''ကုလားတက်သံ တခေါင်ခေါင်နှင့်၊ ကြေးစည်သံ တနောင်နောင်နှင့်၊ သီလကြောင် နေတဲ့ရပ်ကို၊ မိုးယံးပတ်လို့ကွင်း'' ဟု၊ ရှေးဆရာတို့ မိန့်ဆိုကြပေသည်။

သို့ဖြစ်ပါ၍၊ ပသုအခါ တိုက်း ပကောင်း တိုက်း၊ တဆရာမကောင်း တဆရာပြောင်း၍၊ ထောင်သောင်းမက ရှာဖွေ ကြသော ရဟန်းရှင် လူဟူသမျှဘို့မှာ၊ဆရာမတွေ့ ယောင်ငေ့ဝေနှင့်ဖြစ်ပြီး။ ဆရာစစ်ကို ဖုံးကွယ်ဆိုးထားသော ကန်တော့ပွဲ ဆရာတွေ့ကိုသာ တွေ့ခဲ့ကြသည်ဖြစ်ပါ၍၊ ပသုလိုခေတ်အခါမှာ၊ဆရာစစ် ဂုဏ်ရှင်ကို၊ အစုံပင်တွေ့နိုင်ပါသဖြင့်၊ လျှင်မြန်စွာရှာဖွေလျက်၊ နှစ်သက်ကြည်လင်၊ ဓောသဒ္ဓါ ရွှင်ရွှင်နှင့် တသက်လုံးဉာဏ်ထင်ပြီး၊ အစဉ်မပြတ်အာရုံကပ်၍၊ အထပ်ထပ်မံးမြောက် ကိုးကွယ်နိုင်ကြရန်၊ တရားမှန်အလုပ်ကို၊ အသီးသီး အားထုတ်ကြရသတည်း။

တရားမရှိက ကျေးဇူးမသိသည်ကို ပြဆိုခြင်းပြီး၏။

တရားရှိက ကျေးဇူးသိသည်ကို၊သာရိပုတ္တရာ စသော ဝတ္ထုတို့ဖြင့် ပြဆိုခြင်း

၂၃–တရားထင်မြင်၊ကျေးဇူးရှင်၊ဂုဏ်အင်သိသည်သာ။

၂၄–ခေမာ သာရိ၊ဘခုထောင်ရှိ၊မျာ၊ဘိဝတ္ထု၊လာ။

ဤသံပေါက် လက်ာများ၏ အဓိပ္ပါယ်မှာ၊ တရားမှန်ကို သိကြ၍၊ ဘုရားဂုဏ် တရားဂုဏ် သံဃာဂုဏ် ဆရာဂုဏ်များကို မြင်ကြသဖြင့်၊ ကျေးဇူးတင်တတ်ပုံများကို၊ ခေမာဒေဝီဘဝား၊ အရှင်သာရိပုတ္တရာ၊ ဥရုဝေဠ ကဿပစသော ဝတ္ထုများကို ထောက်ထား၍၊ မှတ်သားသိရှိရမည်ဟု ဆိုလိုပေသည်။

ထိုစကားတို့တွင်၊ တရားသိပုံအဓိပ္ပါယ်ကား၊ ငါပသနာကမ္မဋ္ဌာန်းကို ဘုရားဟောသောစည်းကမ်းအရ၊နည်းလမ်းကိုကျနစွာအားထုတ်၍၊ အနည်းဆုံး နာမ်ရုပ် ၂-ပါးတို့၏ အဖြစ်အပျက်သဘောမှန်ကိုပင်၊

ညာဏ်ဖြင့် ၎ကန် သိမြင်သော ဥဒယဗ္ဗယညာဏ်သို့ ရောက်မှ၊ အသိသဘောဖြစ်၏။ယသကဲ့သို့ အသိသဘောသို့ရောက်လျှင်၊ ဂုဏ်တော်များကိုမြင်၏။ ထိုသို့ ဂုဏ်တော်ကို မြင်သော အခါ၊ ကျေးဇူးတင်သော သဘောဖြစ်လာပေ၏။ ကျေးဇူးတင်ဆိုသော စကားသည်၊ ကျေးဇူးဆပ်ထိုက်ခြင်း၊ ကျေးဇူးဆပ်ခြင်း သဘောများပေတည်း။

ဂုဏ်ပေးဘဲ မြင်ပုံကား၊ ၁-ကောင်းစွာ ဟောအပ်ခြင်း-သွက္ခာတဂုဏ်၊ ၂-ဝိပဿနာပညာ, မဂ်ပညာဖြင့် သိမြင်ခြင်း- သိန္ဒိဋ္ဌကဂုဏ်၊ ၃-အခါမလင့် အကျိုးပေးခြင်း-အကာလိကဂုဏ်၊ ၄-လာလှည့် ရှုလှည့် ဟု ခေါ်ဆောင်ခြင်း-ဧဟိပဿိကဂုဏ်၊ ၅-အားထုတ်သူတို့၏ စိတ်၌ ကပ်၍ ဆောင်ခြင်း-ဩပနေယျိကဂုဏ်၊ ၆-ပညာရှိတို့၏ စိတ်၌သာ အသီးသီးသိအပ် ခံစားအပ်ခြင်း-ဝိညူဟိ ပစ္စတ္တံဝေဒိတဗ္ဗဂုဏ်။ ဤဂုဏ်တော် ခြောက်ပါး သဘောများကို ထင်ရှားသိမြင်၍ လာပေသည်။

သိမြင်သည်ဆိုရာ၌၊ စာအတိုင်းမဟုတ်၊ သဘောမျှဖြစ်၍၊ ဉာဏ်မှာ မြင်သောအတိုင်း နှာ်ကပြောလျှင်၊အခြင်းအရာလက္ခဏာမှာ၊သဘောအမျိုးမျိုးဖြစ်ပေ၏။ ဖြစ်ပုံကား၊ သွက္ခာတဂုဏ်၌၊ မြတ်စွာဘုရားသည်၊ တရားကို ကောင်းစွာ ဟောအပ်၏ဟု စာအလိုအနက်ရ၏။ မြင်သော သူကပြောလျှင်၊မြတ်စွာဘုရားဟောတဲ့တရားဟာ တယ်မှန်ပါကလား၊ ဘုရားဟောတဲ့တရား တယ်မှန်ပါကလား၊သည်တရားဟာ သိတ်ဟုတ်ပါကလား။ ဤသို့ စသည်ဖြင့်၊ ဂုဏ်တော် တပါးခုပင်၊ ပုဂ္ဂိုလ်တဦးတည်းပင် အမျိုးမျိုးသဘောထင်မြင်၍၊ အမျိုးမျိုးပြောဆိုတတ်လေရာ။ အခြားတရားဂုဏ်၊ သံဃာဂုဏ်၊ ဆရာဂုဏ်များကိုလည်း၊ ထိုနည်းအတူပင်လျှင်၊ အမျိုးမျိုးထင်မြင် သိရှိ၍၊ အမျိုးမျိုး ပြောကြားလျက်၊ ချီးကျူးစကားကို ဆိုကြသည်ဟု မှတ်အပ်ပေ၏။

ဤနေရာ၌၊ တရားဂုဏ် ၆-ပါးတို့တွင်၊ ဧဟိပဿိက-လာလှည့်ဟူသော အစိုရင်ခံထိုက်၏ဟု အနက်ပေးရာ၊သူတပါးကို လာပါလာပါဟူသော ခေါ်ငင်ခြင်း အဓိပ္ပါယ်ရသဖြင့် တရားတော်ဟူသည်၊အသက်မရှိသော၊အဝိညာဏက သဘောမျိုးဖြစ်၏။ အဘယ်ကဲ့သို့ ခေါ်နိုင်ပါသနည်းဟု မသိသူတို့၏စိတ်၌ တွေးတောဘွယ်ဖြစ်ပေရာ၏။ထိုသဘောမျိုးမှာ၊ တရားသည် အဝိညာဏက သဘောမျိုးဖြစ်၍၊မပြောတတ်ပေ။ သို့သော်၊ တရားကိုကျင့်၍ သိသူက၊တရားဂုဏ်ကိုပြောသည်မှတ်လေ။

ပြောပုံကား၊ နောက်က ဆိုခဲ့သော ဝိပဿနာတရားမှန်ကို ကျင့်၍၊ အောက်ဥဒယဗ္ဗယညာဏ်၊ အဆက်မဂ် ညာဏ်များကို သိသူသည်၊ တရားတော်၏၊ ဖေါဖိပ သိက-ဟူသောဂုဏ်တော်၏အစွမ်းဖြင့်၊ ဤတရားသည် အလွန်ကောင်းပါသည်၊ မှန်ပါသည်၊ဟုတ်ပါသည်၊ လာစမ်းပါ၊ အားထုတ်ကြည့်စမ်းပါဟု ကျေးဇူးရှိဘူးသူ ခင်မင်ကျွမ်းဝင်သူအား၊ အထူးသဖြင့် သွားခေါ်လေသည်။

ထိုကဲ့သို့ခေါ် ရာ၌၊ ၎င်းခေါ်သောသူသည်၊ ရှေးက မခေါ်မပြောပေ။ ယခုတရားကို ကျင့်၍ သိသဖြင့်၊ တရားတော်၏ ဖေါဖိပသိကဂုဏ် အစွမ်းကြောင့် သွား၍ ခေါ်လေရာ တရားက အဝိညာဏကဖြစ်၍၊ တိုက်ရိုက်မခေါ်တတ်သေ်လည်း၊ သွယ်ဝိုက်သောနည်းအားဖြင့်၊ ခေါ်ငင်မှုကိစ္စကို ပဂ္ဂိုလ်ကပြုရာ၌၊ တရားတော်၏ ဖေါ် ပသိကဟူသော ဂုဏ်တော်၏ တန်ခိုးပေတည်း။

ဤနေရာ၌၊ သဘောနက်သဖြင့်၊ ထင်ရှားသော ဥပမာနှင့် သိရန် အာ ချက်မှာကား၊ လူတယောက်သည် အမှုဖြစ်၍၊ ထိုက်တန်သော အခကြေးငွေကို ပေးပြီး၊ ရှေ့နေကို ငှားရမ်းပြောစေရာ၊ ရှေ့နေက အမှုအား လျော်စွာပြောဆိုမှုနှင့်တူပေ၏။ ။တူပုံ ဥပမေယျသည်ကား၊ တရားသိသူက တရားမှန်ကြောင်း ဂုဏ်ကို ပြောခြင်းသည်၊ ရှေ့နေက အမှုမှန်ကြောင်း ဥပဒေအရေ ပြောသည်နှင့် တူ၏။ တရားသိသူသည်၊ ငွေရသော ရှေ့နေနှင့်တူ၏။တရားက အဝိညာဏကဖြစ်၍ မပြောတတ်ခြင်းသည်၊ငွေက အဝိညာဏကဖြစ်၍၊ မပြောတတ်သည်နှင့် တူ၏။ တရားအား ထုတ်သူကသိ၍ ပြောခြင်းသည်၊ ရှေ့နေက ငွေရ၍ ပြောသည်နှင့် တူ၏။ တရားသိသူက ကျေးဇူးရှိသူကိုသာ ပြောခြင်းသည်၊ရှေ့နေက ငွေပေးသူကိုသာ ပြောပေးသည်နှင့် တူ၏။

ထိုသို့ပြဆိုခဲ့သော၊ ဥပမာ,ဥပမေယျ၏၊ လိုရင်း အဓိပ္ပါယ် အချုပ် သဘောမှာ၊ရှေ့နေသည် ငွေမရလျှင်မပြော၊ငွေရမှပြောသောကြောင့် ရှေ့နေပြောသော စကားများကို လူအပေါင်းက၊ ငွေပြောသည်ဟု ဆိုသကဲ့သို့။ထို့အတူပင်လျှင်၊ တရားသည် ဂုဏ်မသိသူမပြော၊ ဂုဏ်သိမှ ပြောသောကြောင့်၊ သိသူကပြောသော စကားများကို ဘုရားရှင်နှင့် တကွ၊ အရိယာဂိုဏ်းဝင် သူတော်စင်တို့က၊ တရားပြောသည်ဟု မိန့်ဆိုကြပေ၏။

သို့ဖြစ်၍၊ထိုအဓိပ္ပါယ်မျိုးကို ရည်ရွယ်လျက်၊ ''ငွေများ တရားနိုင်'' ဟူ၍ဒုင်း၊ ''လူမတတ်သော်လဲ-လဘက်တတ်လိမ့်မည်'' ဟူ၍ဂုင်း၊ ရှေးလူကြီးများ ဆိုစမှတ် ပြုကြပေသည်။

ဤကား၊ ဇော်ဝိပဿိက ဟူသော ဂုဏ်တော်၏ အရဖြင့်၊ အမျိုးမျိုး သောဂုဏ်တို့ကိုပြောကြား၍ ကျေးဇူးရှိဘုရားသူများကို ခေါ်ဆောင်ခြင်း အဓိပ္ပါယ် သဘောပေတည်း။

ပဒေ ပြဆိုခဲ့သော၊ ဇော်ဝိပဿိက-ဟူသော ဂုဏ်တော်၏ အရဖြင့်၊ ခေါ်ဆောင် ဘူးသော ဝတ္ထု များသည်ကား၊ မြတ်စွာဘုရားသည်၊ သဗ္ဗညုတ ဉာဏ်တော်မြတ်ကို ရစဉ်၌၊ ကျေးဇူး များလှသော အာဠာဝရ ဥဒက ရသေ့ဘို့အား ကျေးဇူး ဆပ်သော အနေဖြင့်၊ သွား၍ တရား ဟောရန်၊ များစွာဆုံးဖြစ်တော်မူ၏။ နတ်များက သေလွန်ပြီးကြောင်း လျှောက်ထားသော အခါမှ၊ ထို့အောက် ကျေးဇူး ရှိဘူးသော ပဉ္စဝဂ္ဂီ ငါးဦးတို့အား၊ ကျေးဇူးဆပ်ရန် ရှေးဦးစွာ ကြွရောက်၍၊ ဝဠုဒကွမ္မ လွတ်မြောက်စေသော မဂ်ဖိုလ် တရားထူးဖြင့်၊ ကျေးဇူး ဆပ်ပေ၏။ ပဒေကာလကဲ့သို့၊ ပဉ္စဉ်းတို့နှင့် ကျေးဇူးမဆပ်ဟု မှတ်အပ်ပေသည်။

တဖန်၊ ဥပတိဿသည်၊ အရှင်အသဇိထံမှ၊ ပေမမွာဟေတုပ္ပဘဝါဒသောဂါထာဝက်မျှကို နာရရှုင်၊တရားမှန်ကိုသိမြင်၍၊ဂါထာ အဆုံးတွင်၊ ရဟံဆိုင်းရန်တောင်းပန်ပြီး၊ ကောလိတထံသို့ အပြေးသွား ပြောလေသည်။ ပဒေအခါလည်း၊ ဆရာကြီး ဦးခင်သည်၊ မင်းကွန်း ဆရာတော်ဘုရားကြီးထံမှ၊ သတိပဋ္ဌာန် တရားကိုနာရ၍၊ သဘောကျ သဖြင့် အားထုတ်သိရှိပြီး၊ ဂတိထားခဲ့သော မိတ်ဆေကြီး ဦးစံဖွန်းထံသို့ အမြန်ပင် သွားပြောပေသည်။

ထို့နောက် ဆရာကြီး ဦးစံဖွန်းက၊ မိမိဆရာဖြစ်ဘူးသော၊ လယ်တီ ဦးနှဲ့ပဒေခေါ်သော၊ ဆရာထွန်းထံသို့ အပြေးသွားပြောပြီး ခေါ်ဆောင်ရာ၊ ရုတ်ဘရက် မလိုက်ပါ၍၊ အကြိမ်ကြိမ် အခါခါ မငြင်းသာအောင်၊ အတင်း ခွဲဆောင်ခေါ်ယူမှ၊ အတူလိုက်လာပြီး၊ တရားကိုအားထုတ် လေတော့သည်။

ထိုမှ တပါးလည်း၊ ပဒေ ပြဆိုခဲ့သော တရားတော်၏၊ ဇော်ဝိပဿိက ဂုဏ်တော်အရ၊ ခေါ်ဆောင်ကြသည့်တို့တွင်၊ ကသုပဘုရားရှင် လက်ထက်က၊ ဃဋိကာရ အိုးထိန်းသည်၏ ခေါ်ဆောင်ပုံမှာ၊ လွန်စွာမှ မှတ်

သားဘွယ် ရှိလှပေ၏။ ခေါ်ဆောင်ပုံကား၊ ဃဋိကာရ ဥပသကာသည် အနာဂါမ်၊ဘုရား၏အလုပ်အကျွေးဖြစ်၏ လောကီဂုဏ်မရှိပေ။ဧာတိပါလသည်၊ မိဆွေဒိဋ္ဌဖြစ်၏၊ လောကီဂုဏ် ကြီးမားလှပေသည်။ အထူးခင်မင်သော မိတ်ဆွေဖြစ်ကြ၏။

သို့ဖြစ်၍၊ဃဋိကာရက ဧာတိပါလအား၊ကျောင်းတော်သို့ သွားရန် ခေါ်၏။ဧာတိပါလက ဦးပြည်းရဟန်းထံ မသွားလိုဟု ငြင်းပယ်လေ၏။၃-ကြိမ်တိုင် ခေါ်၍မရပေ။တဖန် ရေဆိပ်သို့ ခေါင်းဆေးရန် ခေါ်ပြန်၏။ ထိုအခါ လိုက်ပါ၍ ရေဆိပ်၌ ခေါ်ပြန်ရာ၊ ငြင်းဆန်သဖြင့်၊ ခါးတောင်းကြိုက်ကို ကိုင်၍ခေါ်ပြန်၏။ ခါးတောင်းကြိုက်ပြေ၍ ငြင်းပြန်လျှင်၊ ရေချိုးခေါင်းဆေးကြေးလ၏။ ရေချိုးခေါင်းဆေးပြီးသော်၊ ဘုရားကျောင်းတော်နှင့် နီး၏ဟု သွားရန် ခေါ်ပြန်ရာ၊ ဧှဲးနည်းတူ ငြင်းဆန် လေ၏။ပဉ္စလို ဘုရားခွင်ကို ပုတ်ခတ် ငြင်းဆန်လှလေသော်၊ ဃဋိကာရသည် ဧာတိပါလ၏ ဦးခေါင်း, ကြော, ရင်, ဆံပင်, ကို ပွတ်ပြီး၊ လုံကံဟု ခေါ်မှ လိုက်ပါမည်ဟု ဝန်ခံလေသည်။

အဘယ်ကြောင့် ဝန်ခံသနည်းဟူမူ။ ဃဋိကာရသည် လောကီဂုဏ် အားဖြင့် သေးသိမ် နှိမ့်ကျလှ၏။ ဤကဲ့သို့သောသူက၊ ငါ၏ ဦးခေါင်း, ကြော, ရင်, ဆံပင်, များကို ပွတ်သပ်ခြင်းသည့်၊ ထူးသော ဂုဏ်ရှိပေလိမ့်မည်ဟု ကြံစည်တွေးတောမိ၍ ဝန်ခံလ၏။ထို့နောက်၊ကျောင်းကို ရောက်၍ တရား နာရလျှင်၊ဧာတိပါလသည်၊ ရဟန်းပြု၍ သွားလေတော့၏။ ဂေါဘမ ဘုရားအလောင်းပေတည်း။

ဤဝတ္ထုကိုထောက်၍၊ဒီဟိပသိကဂုဏ်ပုဒ်ကို၊အဋ္ဌကထာကြီးများက။**ဓမ္မော**၊ဘုရားရှင်ဟောကြား၊မှန်သောတရားသည်၊**ဟိပသိဓကော** ရောင်ဆွဲလက်ကိုင်၊ ပိုင်ပိုင်နှင်းနှင်း မငြင်းနိုင်အောင်၊ ခေါ်ဆောင်ခြင်းဟူသော အဓိဂုဏ်ကို ခံထိုက်ပေ၏ဟု။ အနက် ပေးတော် မူကြပေ၏။ သဘော သက်ရောက်လှပေတော့သည်။

ဤကား၊ဧာဟိပသိက ဂုဏ်တော်၏အရဖြင့်၊အမျိုးမျိုးသော ဂုဏ်တို့ကိုပြောကြား၍၊ ကျေးဇူး ရှိဘူးသူများကို သွားရောက် ခေါ်ဆောင်သော ဝတ္ထုတို့ပေတည်း။

ထိုမှဘပါး၊ တင်ရှိသော ကျေးဇူး တရားတို့ကို၊ ထင်ရှားအောင် ပြောကြားဟူးသော ဝတ္ထုများကား၊ ခမာ မိဇယားသည်၊ တရားကို

မသိမမြင်သေးမှီ၊ဘုရားနှင့် ဆန့်ကျင်နေသော်လည်း၊ ကျောင်းတော်သို့ ရောက်၍၊ ဂါထာတပုဒ်နှင့် သောတာပန်ဖြစ်ပြီး။ တဖန် ဂါထာတပုဒ်ကို နာရသောအခါ၊ ရဟန္တာဝမ အဖြစ်သို့ရောက်သဖြင့်၊ နောက်ကာလက ဆန့်ကျင်လျက်၊ အလွဲထင်၍ လာရောက် ဦးတင်၊ ဖူးမြင်ခြင်း မပြုမိသော အပြစ်များကို၊ ထင်ရှားစွာလျော်ထားဝန်ချပြီး၊ သည်းခံတော်မူရန် တောင်းပန် ကန်တော့ရှာလေသည်။

တဖန်၊ ဥရုဝေဠ ကဿပနှင့်၊ စသည်များဖြောင်၊ ရှင်တထောင်တို့သည်လည်း၊ တရားကို မသိမမြင်မီ အခါက၊ များစွာသော ဆန့်ကျင်မှုတွေကို၊ ပြုလုပ်မိ, ပြောဆို မိပါသော်လည်း၊ တရားကို သိမြင်ပြီး၊ ရာဇဂြိုဟ်ပြည်ကြီးသို့၊ ဘုရားနှင့် အတူ လာကြသော အခါ၊ များစွာသော လူအပေါင်းတို့သည်၊ အရှင်ဂေါဘမ မပေါ်မီက၊ ဥရုဝေဠ ကဿပက ဘုရား ရဟန္တာ ပြုလုပ်နေရာ၊ အင်္ဂတိုင်း မာဂဓတိုင်းရှိ လူအပေါင်းတို့က၊ သောင်းသောင်းဖြဖြ၊ ကြည်ညိုကိုးကွယ်နေကြပြီး ဖြစ်၍၊ ရှင်ကြီးဂေါတမနှင့်၊ ဥရုဝေဠတို့၊ အတူတကွ လာကြရာ၊ မည်သူက တန်ခိုးကြီးသနည်း၊ မည်သူက ဆရာဖြစ်သနည်းဟု၊ အကဲခတ်ရန် လာကြကုန်၏။

ထိုအခါ၊ ဥရုဝေဠ ကဿပက၊ ပရိသတ်ကြီး၏ အလယ်မှ ထ၍၊ ထန်းတပျားခန့်မျှ ကောင်းကင်သို့ပျံနိုင်ဖြင့် ကြွလျက်၊ **ကျွန်ုပ်က တပည့် အရှင်ကြီးဂေါတမက ဆရာ** ဖြစ်ပါသည်ဟု လှည့်လည်ပြောကြားပြီး၊ ကောင်းကင်မှ ဆင်း၍၊ မြတ်စွာ ဘုရားအား ဂါရိုး ကန်တော့လေ၏။ ၍ကဲ့သို့လျှင်၊ ကောင်းကင်သို့ ထန်း ၇-ဆင့် မြင့်အောင်၊ ၇-ခါ ပျံနိုင်ဖြင့် ကြွလျက်၊ ၇-ကြိမ်တိုင်တိုင်ပြောကြားပြီး၊ လက်ျာရစ် ၇-ခါလှည့်လျက်၊ ၇-ကြိမ်တိုင်တိုင် ကောင်းကင်မှ ဆင်း၍၊ မြတ်စွာဘုရားအား ဂါရိုးကန်တော့ခြင်း ပြုပေသည်။

ယခုကဲ့သို့ပင်လျှင်၊ အရှင်သာရိပုတ္တရာသည်လည်း၊ အခါတပါးဌ ပုထုဇဉ် ရဟန်းများနှင့် ဆုံမိလျက်၊ အရှင်အဿဇိ၊ သီတင်းသုံးလျက် ရှိသော အရပ်ကိုမေးပြီး၊ ထိုအရှင် အဿဇိရှိရာအရပ်သို့ ခေါင်းထား

ပြီးနိဗ္ဗါလေရာ။ရောက်လာကြသော ပုထုဇဉ် ရဟန်းတို့ကား၊ အရှင်သာရိပုတ္တရာ၊ ပုဏ္ဏားတို့၏ အယူကို မစွန့်ကြောင်းဖြင့်၊ ဘုရားရှင်အား၊ လျှောက်ထားကြသဖြင့်၊ ရဟန်းများတို့၊ **သာရိပုတ္တရာသည်၊ ဆရာ၏ ကျေးဇူးကိုကြည်နူးမပြတ် သိတတ်ပေ၏**။ဖြင့်ဖြတ်သောကိုယ်အင်္ဂါ ဖြင့်၊ ရှိသေစွာ ကန်တော့သည်ဟု ဟောတော်မူ၏။

ယမှာ ဓမ္မံ ဒိဇာနေယျ၊ သမ္မာသမ္ဗုဒ္ဓ ဒေသိတံ။
သက္ကစ္စံ တံ နမဿေယျ၊ အင်္ဂီဟုတ္တံဝ ပြဟ္မဏော။ ။
(ဓမ္မပဒပါဠိတော်)

ဘိက္ခဝေ၊ ရဟန်းတို့။ ယမှာ အာစရိယာ၊ အကြင်ဆရာ့ထံမှ။သမ္မာသမ္ဗုဒ္ဓ ဒေသိတံ၊ ဖြတ်စွာဘုရားသည်၊ ဟောကြားတော်မူအပ်သော။ ဓမ္မံ၊သစ္စာ ၄-တန် တရားမှန်ကို။ ဒိဇာနေယျ၊ မျက်မှောက် ထင်လင်း၊ ထိုးထွင်း၍သိဖြင့်ငြားအံ့။တံ အာစရိယံ၊ထိုဆရာ ကို။ပြဟ္မဏော၊ပုဏ္ဏား သည်။အင်္ဂီဟုတ္တံဝ၊ မီးပူဇော်သကဲ့သို့။ သက္ကစ္စံ၊ ရှိသေစွာ။နမဿေယျ၊ ရှိခိုးကန်တော့ရာ၏။

ဤသို့ဟောကြားသော ဒေသနာအဆုံး၌၊ ရောက်လာသော ရဟန်းတို့သည်၊ သောတာပတ္တိဖိုလ် စသည်သို့ ရောက်ကြလေ၏။

လိုရင်းအဓိပ္ပါယ်ကား။ မီးပူဇော်သောပုဏ္ဏားသည်၊ ရှိသေစွာဖြင့် တသက်လုံး မပြတ်ရအောင်ပြု၏။ ထို့အတူ၊ အကြင်ဆရာ့ထံမှ၊ ဘုရား ဟောသောတရားမှန်ကို သိငြားအံ့၊ ထိုဆရာကို တသက်လုံးအမြဲမပြတ် ရှိသေစွာ ရှိခိုးရမည်ဆို၏။အရှင်သာရိပုတ္တရာသည်၊အရှင်အာသဇိထံ၌ တရားရသည်မှစ၍၊တသက်လုံး အရှိအသေပြု၏။ ထို့ကြောင့်၊ကျေးဇူး သိတတ်သောအရာ၌၊ ဤတရဂ် ထားတော်မူ၏။

အထူးမှာ၊ ကျေးဇူးရှင် မင်းကွန်းဆရာတော် ဘုရားကြီး၏တပည့်၊ အဆက်ဆက်တို့သည်၊ မိမိတို့တရားအားထုတ်ခဲ့ကြသော ဆရာများကို ကန်တော့လိုပါလျှင်၊ အဆက်ပါဂါထာ၌၊သဒ္ဓါအနက်ပြင်၍၊ ဆရာ၏အမည်ကိုတည့်ပြီး၊ အောက်၌ ဘော်ပြထားသော နည်းအတိုင်း၊ရွတ်ဖတ်နှလုံးသွင်း၍ ကန်တော့ကြပါလေ။

ယမှာ ဓမ္မံ ဒိဇာနာမိ၊ သမ္မာသမ္ဗုဒ္ဓ ဒေသိတံ။
သက္ကစ္စံ တံ နမဿာမိ၊ အင်္ဂီဟုတ္တံဝ ပြဟ္မဏော။ ။

အပ်ံ၊ ငါသည်။ ယမှာ အာစရိယာ၊ အကြင် မင်းကွန်း ဓမ္မတာဝန် ဆရာတော်ဘုရားကြီးထံမှ။သမ္မာသမ္ဗုဒ္ဓ ဒေသိတံ၊ဖြတ်စွာဘုရားသည်

ဟောကြားတော်မူအပ်သော။ ဓမ္မံ၊ သစ္စာ ၄-တန်၊ တရားမှန်ကို။ ငါဟာ နာမ်၊ မျက်မှောက်ထင်လင်း၊ ထိုးထွင်း သိမြင်ရပါ၏။ တံအာစရိယံ၊ ထိုင်းကွန်းဧတဝန် ဆရာတော် ဘုရားကြီးကို။ ပြဟ္မဏော၊ ပဏ္ဏားသည်။ အဂ္ဂိဟုတ္တံ ဝ၊ မီးပူဇော်သကဲ့သို့။ သက္ကစ္စံ၊ ရိုသေစွာ။ နမဿာမိ၊ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

သတိပြုကြရန်မှာ၊ တရားမှန်ကို သိသူမှသာလျှင်။ "တင်ခဲ့ပေဘူး၊ သူကျေးဇူးကို၊ ထိမ်မြှုံးမသို့၊ ဖွင့်ထုတ်ဆို၏" ဟု ရှေ့ဆရာတို့မိန့်သော အတိုင်း၊ ရတနာ ၃-ပါး၊ ဆရာသမားတို့၏ ဂုဏ်ကို မကွယ်မဝှက်ဘဲ၊ ဥစ္စာဝေဠ္ဍရှင်သာရိပုတ္တရာ စသည်ကဲ့သို့၊ ပြောဆို ပြုလုပ်နိုင်ပေသည်။

ထိုစည်းကမ်းကို လိုက်နာကြသော ဆရာတော်ဘုရားကြီး၏တပည့်တို့သည်လည်း။ "ဆရာ့ကျေးဇူး၊ ဂုဏ်အထူးကို၊ ထိမ်မြှုံး မထား၊ ထုတ်ဘော်ကြားလော" ဟူသော လက်ဘရေဖြင့်၊ မြို့လှ ဆရာကြီး ဦးချစ်အောင်၊လယ်ဘိ ဦးနန္ဒိယ ဆရာထွန်း၊နဲ့ကံဦး ဆရာလဲ့တို့သည်၊ အစဉ်ဆုံ ငြင်းဆန်ကြသော်လည်း၊ နောက်ကာလ၌ လယ်တိဦးနန္ဒိယ ဆရာထွန်းက၊ ဆရာတော်ဘုရားကြီးထံ၊ ဦးချစ်အောင်နှင့် ဆရာလဲ့တို့က၊ ဆရာကြီး ဦးစံဖွန်းထံ တရားအားထုတ်ကြပြီး၊ အသိး အသိး ကျမ်းဂန်ရေးသား၍၊ ဆရာတော်ဘုရားကြီးကို ကန်တော့ကြပေ၏။

ဆရာကြီး ဦးခင်၊ဆရာကြီး ဦးစံဖွန်းနှင့်၊ကျွန်ုပ်တို့သည်ကား။တရားကို နာစကပင်၊ သဘောကျ၍ အားထုတ်ကြပြီး၊ ဆရာကြီး ၂-ပါးတို့သည်ကား၊ ကျမ်းဂန် မရေးသားဘဲ၊ တပည့်တို့အား တရားပြလျက်၊ ဆရာတော်ဘုရားကြီးကို၊ မေမျှဇောဖြင့် ကန်တော့ကြလေ၏။ ကျွန်ုပ်သည်ကား၊ အရပ်ရပ်၌ တရားပြခြင်း၊ တရားဟောခြင်း၊ ကျမ်းဂန်အများ ရေးသားသဖြင့်၊ ဆရာတော်ဘုရားကြီး၏ ပဋိပတ္တိ သာသနာတရား၊ တိုးတက်ပွား၍၊ သတ္တဝါတို့ အကျိုးများကြစေရန်၊ အဝေးနိုင်ငံပါ လှည့်လည်သွားလျက်၊ မပျက်မကွက် ပဓာနထက်တိုင်အောင်၊ ဆောင်ရွက်အားထုတ်၍ နေခဲ့ပေသည်။

တရားမှန်ကို မသိပါလျှင်၊ရတနာ ၃-ပါး၊ဆရာသမားတို့၏ဂုဏ်များကို ဖုံးကွယ်ထားသဖြင့်၊ ကျေးဇူးတရားကို မဖြင်ကြပေ။ ဥပမာ၊ ထိုလ

ရှင်ကလေးထံ၌၊ ပထမကျော်ပုဂ္ဂိုလ်ကြီး ၂-ဦးတွင် တဦးက ပရိယာတ်သင်၏၊တဦးက ပဋိပတ်သင်၏။ ထိုသူ ၂-ဦးတွင်၊ပရိယာတ်သင်သူသည်၊ သီလရှင်ကို ဆရာပြောရမှာရှက်၍၊ ဂုဏ်ဒုံမသည်ထင်၏။ ပဋိပတ်သင်သူသည်၊သီလရှင်ကို ဆရာပြောရမှာ ဝမ်းသာ၍၊ဂုဏ်ဖြင့်သည်ထင်၏။

ဤသဘောသည်၊အားထုတ်သူမှာ ယုံကြည်ကြ၏။တရား၀င်စဉ်၊လူဆရာကဂုဏ်ငယ်လျှင်၊အရိအဆေ မပြုခြင်းဖြစ်၍၊အားထုတ်မိလျှင် ရိုသေလာ၏။သို့ဖြစ်၍ ယခုအခါသည်၊ ရတနာသုံးပါး ဆရာသမားဂုဏ်များ၊ မဖုံးမကွယ်ဘဲ ပေါ်လွင် သိရှိနိုင်ကြရန်၊ တရားမှန်ကို အမြန်အားထုတ်ကြရာသတည်း။

တရားရှိခိုး ကျေးဇူးသိသည်ကို ပြဆိုခြင်းပြီး၏။

ဆရာ့ဂုဏ် စသော အာစရိယပဒ္ဓကို ပြဆိုခြင်း အဝိုင်းပြီး၏။

သုဓိသင်ခြင်း စသည်ကို ပြဆိုခြင်း အဝိုင်း

၄-ဝိဓသာစနပဒ္ဓဲ

သတ္တဝါတို့၏ ဟိတ်ပါရမီအရာကို အမြွက်မျှ သိနိုင်ရန် ပြဆိုခြင်း

၁-ဝိပဿနာလမ်း၊ ကမ္မဋ္ဌာန်း၊ ရှင်းခဏ်းသိလေပါ
၂-ဒွိဟိတ်ပုဂ္ဂိုလ်၊ လူထိုထို၊ အဆိုမျှားသည်သာ။
၃-ပါရမီဥာဏ်၊ မရှိပြန်၊ အမှန်ပြောတတ်ရှာ။

ဤသံပေါက် လက်ဝါများ၏ အဓိပ္ပါယ်မှာ၊ ဝိပဿနာ ကမ္မဋ္ဌာန်းကို အားထုတ်သောအခါ၊ဒေသနာကျမ်းဂန်အရှုနှင့်၊သဘာဝခမ္မ ကျနသောနည်းလမ်း မှန်,မမှန်ကို၊ရှေးဦးစွာ ဝေဘန်ပိုင်ခြားခြင်း၌၊တရားခွဲ ယုံကြည်ဆုံးဖြတ် နိုင်စေခြင်းငှါ၊ သုဓိသင်ရှင်းလင်း၍ ထားရမည်။ အဘယ့်ကြောင့်နည်းဟူမူ၊ ယခုကဲ့သို့ ရှင်းလင်း မထားပါလျှင်၊ အားထုတ်ဆဲအခါ၊ အမျိုးမျိုးသော ကြောင့်ကြခြင်း ဟုတ်မှ ဟုတ်ပါ့မလား၊ ဖြစ်မှ ဖြစ်ပါ့မလားစသော ယုံမှားခြင်းတို့ ဖြစ်တတ်သောကြောင့် ပေတည်း။

ထိုကဲ့သို့ယုံမှားခြင်း ဖြစ်တတ်ပုံမှာကား။ ယခုအခါ မဂ်ဖိုလ်နိဗ္ဗာန်ကို အားထုတ်ပါဟု တိုက်တွန်းဟောပြောခဲ့လျှင်၊မဂ်ဖိုလ် နိဗ္ဗာန်ဆိုတာ တိဟိတ် ပုဂ္ဂိုလ်ကြီးများမှ ရနိုင်လေရာ။ ယခုအခါ ငါတို့ တတွေမှာ၊

ဒွိဟိတ်တွေ ဖြစ်နေကြတာ၊ မဂ်ဖိုလ်ဒွိဇ္ဈာန်ကို ဘယ်ကလာပြီး ရနိုင်ပါ မလဲ၊ ကိုယ်နှင့် ထိုက်တန်သလောက်သာ ပြုလုပ်ကြရကယ်၊ ကိုယ်နှင့် မထိုက်မတန်တာကို ပြုလုပ်လျှင်၊ ''ငွေတပဲနှင့် ငါးကြင်းခေါင်းကိုင်'' ဟူသောစကားကဲ့သို့၊နောင်အခါမနိုင်ဖြစ်တတ်သည်ဟု၊ များစွာသော ရဟန်း,ရှင်,လူတို့ ထင်မှတ် ပြောတတ်ကြပေ၏။

ယခုလို အားထုတ်သူတို့၏စိတ်ကို၊ တိုးတက်အောင် မတိုက်တွန်း မနှိုးဆော်ဘဲ၊ဆုတ်ယုတ် ပျက်ကွက်အောင် နှောင့်ယှက်ဖျက်ဆီးသူများ ကို၊ပါရမီဉာဏ် နည်းပါးသူ၊လောကမွေ့ ဗဟုသုတနည်းပါးသူ၊ ဆရာ ကောင်းတို့၏ အဆုံးအမ ဥပနိသျကို၊ မရရှိသူတို့ဟူ၍ မှတ်ယူအပ်ပေ ၏။အဘယ့်ကြောင့်နည်းဟူမူ၊ ဒွိဟိတ်ပုဂ္ဂိုလ် တရားကိုအားထုတ်လျှင်၊ တိဟိတ် ပုဂ္ဂိုလ်များကို ပြိုင်ဆိုင်သကဲ့သို့ဖင်း၊ အကုသိုလ် ဒုစရိုက်များ ပင် ဖြစ်ရဦးမည်ကဲ့သို့ဖင်း၊ ထင်နေသောကြောင့် ပေတည်း။

တရားကို အားထုတ် လိုသူတို့၏ စိတ်ကို ရှင်းလင်း စေရန်မှာကား။ ဖင်းနှောင့်ယှက်သူတို့ ပြောကြား ချက်၌၊ ဒွိဟိတ် ပုဂ္ဂိုလ်ဖြစ်၍ အား ထုတ်ရန် မလိုသေးပါလျှင်၊ကျွတ်ထိုက်သော တိဟိတ်ပုဂ္ဂိုလ်များအဖြစ် သို့ရောက်အောင်၊အထူး အားထုတ်ရခြင်း မရှိဘဲ၊လေတိုက်တိုင်း ကြိုး လာကြသော ဗူးသီး,ခရမ်းသီးများကဲ့သို့၊ အလိုလိုပင်တိဟိတ်ပုဂ္ဂိုလ် များအဖြစ်သို့ ရောက်ရှိလာလိမ့်မည်ဟူသော မှတ်ထင်များ ဖြစ်ပေသည်။

သဘောမှာမူကား။ အကယ်၍ ဒွိဟိတ်ဖြစ်ပါလျှင်၊ ယခုလိုအခါများ မှာ၊ မဂ်ဖိုလ်ချမ်းသာကို မရစေကာမူ၊ နောင်ဘဝများ၌၊ တိဟိတ် ပုဂ္ဂိုလ် အဖြစ်ကို ရရှိနိုင်ရန်၊ အလျင် အမြန် အားထုတ်သင့်လှပေ၏။ အဆုံးမှာ၊ ဤကဲ့သို့ ဒုလ္လဘ တရားများနှင့်၊ လွယ်ကူစွာ ပြည့်စုံ ကြရ ခြင်း၊ယခုကဲ့သို့ ဝိမုတ္တိခေတ်နှင့် ကြုံကြိုက်ရခြင်းသည်၊ တိဟိတ်ပုဂ္ဂိုလ် များသော ခေတ်ဟု ယုံကြည်လျက်၊ နှစ်သက်စွာ အားထုတ် သင့်ကြ ပေသည်။

သာသနံ ပုညဝန္တာသု၊ ပုညဝန္တာဝဝ လဒ္ဓရေ၊
အပ္ပပုညာ ကရဟစိ၊ မဂ္ဂဟိတု မဝိသယာ။ ။

တောန်တော သပ္ပုရိသာ၊ အိုသူတော်ကောင်း အပေါင်းတို့။ ပုညဝန်တ ဝဝသာ၊ ဣသရိယ, ဓမ္မ, ယသ, သိရိ, ကာမ, ပယတ္တဟု ခြောက်ဝ

ဘုန်းဟုန်၊ ကျေးဇူးဂုဏ်တို့နှင့်၊ ပြည့်စုံထင်ရှား၊ မြတ်ဘုရား၏။ သာသနံ၊ နေဝါလဝန်း၊ တင့်ရှုန်း ထွက်ပေါ်၊ သာသနာတော် မြတ်ကြီးကို။ ပုည၀န္တာ၁၀၊ ရှေးကုသိုလ်ကံ၊ စိမံဖန်တိုး၊ ပါရမီ ဘုန်းတန်ခိုး ကြီးကြ သောသူတို့သည်သာလျှင်။ ပဂ္ဂဟ်တုံ၊ ပဠယ ဓမ္မ၊ နှစ်၀လုံလောက်၊ ချီး မြှောက်ထောက် ခြင်းငှာ။ လဒ္ဓာရေ၊လဒ္ဓာနို့၊ ကောင်းစွာပိုင်ပိုင်၊ ရနိုင် ကြလေကုန်၏။ ပုည၀န္တာသ၊ပ၊ မြတ်စွာဘုရား၏။ သာသနံ၊ပ၊ သာသ နာတော်မြတ်ကြီးကို။ အပပုညာ၊ ရှေးကုသိုလ်ကံ၊ စိမံမထား၊ ပါရမီ ဘုန်းတန်ခိုးနည်းပါးကြသောသူတို့သည်။ကရဟစိ၊တရံတခါ အနည်း ငယ်မျှ။ ပဂ္ဂဟိဘုံ၊ပ၊ ချီးမြှောက်ထောက်ပံ့ခြင်းငှာ။အ၀ိသယာ၊ အလွမ်း ဝေးကွာ၊ မရောမရာခဲ့လေသောကြောင့်။ နလဒ္ဓာရေ၊နလဒ္ဓာနို့၊ ကောင်း စွာ ပိုင်ပိုင်၊မရနိုင်ရှာကြလေကုန်သတည်း။

ဤဒေသနာက်တော်အရှေ့နှင့်၊ နောက်ကပြဆိုခဲ့သောအဓိပ္ပါယ် ကိုထောက်ဆ ပြီး၊ပါရမီ ပြည့်စုံကြ၍သာလျှင်၊ဘုရားရှင်၏ သာသနာတော်ကြီးနှင့် တွေ့ကြုံချီးမြှောက်၊ထောက်ပံ့ နိုင်ခွင့် ရှိကြပေသည်ဟု ယုံကြည်စိတ်ချ၍၊ စွမ်းနိုင်သမျှ ပွားများရွှမ့တ်ရာသတည်း။

ဟိတ်ပါမိအရုံကို အမြွက်မျှ ပြဆိုခြင်းပြီး၏။

ဒွိဟိတ်နှင့် တိဟိတ်ဖြစ်အင်၌၊ ရဟန္တာပင် မသိနိုင်သည်ကို ပြဆိုခြင်း

၄-ရဟန္တာပင်၊ ဟိတ်ဖြစ်အင်၊ အစဉ်မသိပါ။

၅-နည်းလမ်းအရ၊ စမ်းကြည့်မှ၊ သိကြဟိတ်အလား။

ဤသံပေါက်လက်ာများ၏ အဓိပ္ပါယ်မှာ၊သတ္တ၀ါတို့၏ ပဋိသန္ဓေက ပါလာသော ဟိတ်တရားများကို၊ဤသူကား ဒွိဟိတ်ပုဂ္ဂိုလ်၊ ဤသူကား တိဟိတ်ပုဂ္ဂိုလ်ဟူ၍၊ သာမည ရဟန်းရှင်လူကို မဆိုထားဘိ ရဟန္တာ အရှင်မြတ်ကြီးများပင်လျှင် ဇကနဲအမှန် မသိနိုင်ပေ၊ ဒွိဟိတ်, တိဟိတ် ဟူသိလိုပါက၊ သမထကမ္မဋ္ဌာန်းကို ဖြစ်စေ၊ ဝိပဿနာ ကမ္မဋ္ဌာန်းကို ဖြစ်စေ၊ နည်းလမ်းမှန်အတိုင်း၊ ဆရာကောင်းများထံ၌၊ ကျန်ရှိသော်နှင့် တပည့်ခံပြီး၊ အသီးသီး အနည်းဆုံး ၇-ရက်ဖြစ်စေ ၁၅-ရက်ဖြစ်စေ၊ တကယ် အဟုတ် စမ်းသပ် အားထုတ်ကြည့်မှ၊ သိနိုင်ကြ၏ဟု ဆိုလိုပေသည်။

အဘာသင့်ကြောင့်နည်းဟူမူ၊ ဤပုဒ်တို့သိနိုင်သောဉာဏ်မည်သည်၊ ရဟန္တာဝတို့နှင့်ပင် မဆက်ဆန်၊ဘုရားရှင်တို့သာ သိရှိနိုင်သော၊ ဇာန်ဖြိယပရော ပရိယာတ္တိဉာဏ် ဖြစ်သောကြောင့်ပေတည်း။

အချို့ ရဟန္တာကြီးများပင်လျှင်၊မသိနိုင်ကြပုံကား၊ဘုရားရှင် လက်ထက်၌၊ မဟာပန်, စူလပန်ဟု ညီအစ်ကို ၂-ယောက် ရှိသည်တွင်၊ အစ်ကိုမဟာပန်သည် ရဟန္တာဖြစ်၍၊ ညီ စူလပန်သည် ပုထုဇန်ဖြစ်၏။ စူလပန်သည်၊ မဟာပန်ထံ၌၊ ဝါတွင်း ၃-လနေ၍။ ဂါထာတပုဒ်ကို ကျက်မှတ်ရာ၊ မရနိုင်သဖြင့်၊ ရဟန္တာဖြစ်သော နောင်တော် မဟာပန်က၊သင်သည် ကျွတ်ထိုက်သော၊ ပါရမီကံ မရှိ၊သာသနာတော်၌ နေရန် မသင့်၊ လူတို့၏ အကျင့်ကိုသာ အားထား ပြုလုပ်ပါလေဟု မောင်းမဲ ပြောဆိုပြီးလျှင်၊ အဖြန်ပင် ထွက်သွားရန် နှင်ထုတ်လိုက်ပေသည်။

ထိုဆိုခဲ့သော၊အဒိပတိရဟန္တာကြီးပင်လျှင်၊သတ္တဝါတို့၏ ဒိဋ္ဌိတ်, တိဟိတ် ဖြစ်အင်ကို၊ မသိနိုင်သည်မှာ လွန်စွာမှ ထင်ရှား လှပါလျက်၊ ယခုကာလ၌ များစွာသော ရဟန်းရှင်လူတို့က၊ တိဟိတ်မှဖြစ်နိုင်သည်၊ ယခုအခါ သူငါကစ၊ ဒွိဟိတ်တွေ ဖြစ်ကြသည်။ တရားကို အားထုတ်သော်လည်း၊ မဂ်ဖိုလ် နိဗ္ဗာန်ကို မရနိုင်၍၊ အားထုတ်ရန် မလိုသေး။ ရှေးမိုးအစဉ် ဒါနစသော ကုသိုလ်များကိုပြုက၊ အချိန်ကျလျှင် ရလိမ့်မည်ဟု ယုံကြည် ပြောဆိုနေကြပေ၏။

သို့ဖြစ်၍၊ဒွိဟိတ်, တိဟိတ်ဟု သိနိုင်ရန်၊နည်းလမ်းမှန်သောကမ္မဋ္ဌာန်းကို အားထုတ် စမ်းကြည့်ပါမှ၊ ဇကနမရ၍ ဒိဋ္ဌထင်ထင်၊ သိမြင်နိုင်ကြသဖြင့်၊သင့်တင့်သော ပေဿနိသော မနသိကာရတရားကို၊ မြဲမြံစွာစိတ်၌ ထားကြပြီး၊ဝိပဿနာကမ္မဋ္ဌာန်းကို ပွားများရှုမှတ်ရာသတည်း။

၆-ပဋိဘာဂ၊ သမထ၊ ထင်ကြတိဟိတ်မှာ။

၇-ဝိပဿနာကား၊ ဖြစ်ပျက်များ၊ ထင်ရှားတိဟိတ်သာ။

ဤသံပေါက်လက်ာများ၏ အဓိပ္ပါယ်မှာ၊ အထက်က ပြဆိုခဲ့သော အတိုင်း၊ စမ်းသပ် အားထုတ်ကြည့်ကြပါလျှင်၊ သမထဘက်ဆိုင်ရာ၊ တသုသသော ကမ္မဋ္ဌာန်းကို အားထုတ်က၊ ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ်များကို လွန်၍၊ ပဋိဘာဂနိမိတ် ထင်လျှင်၊ တိဟိတ်ဟု သိရပေ၏။ ဝိပဿနာကမ္မဋ္ဌာန်းကို အားထုတ်သူမှာ၊ရုပ်, နာမ်နှစ်ဖြာတို့၏၊ဖြစ်သော

လက္ခဏာ,ပျက်သောလက္ခဏာ ၂-ပါးတို့ကို ထင်ရှားစွာ သိမြင်လာမှ၊ တိဘင်္ဂတ်ပုဒ္ဂိုလ်ဟု မှတ်ယူရမည် ဆိုလိုပေသည်။

ထိုကမ္မဋ္ဌာန်း ၂-မျိုးတို့ကို စမ်းသပ်အားထုတ်၍၊ နိဗ္ဗိတ် ၂-မျိုးထင် သည်တို့တွင်၊ သမထ ကမ္မဋ္ဌာန်းကို အားထုတ်၍၊ ပဒိဘာဂ နိဗ္ဗိတ်ထင် ရှာ၌၊ဥပမာ၊ ပထဝီကသိုဏ်းကို ရှုသောယောဂီမှာ ရှေးဦးစွာ ပြေဖြင့် ပြုလုပ်ထားသော ကသိုဏ်းဝန်းကို၊ ပကတိမျက်စိဖြင့် မြင်ခြင်းသည်၊ ပရိကမ္မနိဗ္ဗိတ်မည်၏။ တဖန်၊ ထိုကသိုဏ်းဝန်းကို အဖန်ဖန် ရှုသဖြင့်၊ မျက်စိနှင့် မြင်ရသကဲ့သို့၊ စိတ်ထဲ၌မြင်ခြင်းသည်၊ ဥဂ္ဂဟနိဗ္ဗိတ်မည်၏။ ထို့နောက်၊ ၎င်းစိတ်ဖြင့် မြင်သော ကသိုဏ်းဝန်းကိုပင်လျှင်၊ အဖန်ဖန် ရှုပြန်၍၊ကြည်လင်သန့်ရှင်း ညစ်ကြေးကင်းသော၊ ကသိုဏ်းဝန်းသည်၊ ပဋိဘာဂနိဗ္ဗိတ်မည်၏။

ယခုပြဆိုသော နိဗ္ဗိတ်အကြောင်းများသည်၊ သမာဓိခေတ် ရောက်သော သာသနာတွင်း၌ရင်း၊သာသနာပ၌ရင်း၊အထူးထိုလားအားထုတ် ကြသော သမထ ကမ္မဋ္ဌာန်းမျိုး ဖြစ်ပေ၏။ ယခုအခါ သာသနာတွင်း ဝိပဿနာတွင်းသို့ ဆိုက်ရောက်နေသဖြင့်၊ အထူးဟော်ပြရန် မလိုလှပေ။ ထို့ကြောင့်၊အဖြွက်မျှသာ ရေးသားခြင်း ပြုလိုက်ပါသည်။

တဖန် ရုပ်နာမ်တို့၏ အဖြစ်,အပျက်ဟူသည်၊ဝိပဿနာ၌ဥဒယဗ္ဗယ ဉာဏ်ဖြစ်၏။ ၎င်းဉာဏ်၏ ထင်မြင်ချက်အဖွဲ့ကို၊ ဇေါတိပဿိကဒုတ် နှင့်စပ်၍၊အောက်အာစရိယပဗ္ဗ၌ အဖွဲ့မျှပြဆိုခဲ့၏။အကျယ်သဘော ကိုကား၊ အထက် ဝိပဿနာဉာဏ် အခန်းများ၌ ထင်ရှားသိရှိရာ၏။ ယခုအခါ၌ အနည်းငယ် သိရန်မှာ၊ ဥဒယဗ္ဗယဉာဏ်၏ သဘောသည်၊ ထင်လာသော ယောဂီပုဂ္ဂိုလ်အား ကိုယ်စိတ်တို့ အထူးသဖြင့် ပေါ့ပါးလျင်မြန်၍ လာတတ်၏။ အဘယ့်ကြောင့် နည်းဟူမူ။ ပညိန္ဒြေသည်၊ ကာယလဟုတာ၊ စိတ္တလဟုတာ စသော၊ စေတသိတ် ၂၅-ပါးတို့နှင့် ယှဉ်သည်ဟု အဘိဓမ္မာ လက်သန်း၊ သင်္ဂြိဟ်ကျမ်း၌ လာသော သဘောလေဖြစ်သောကြောင့်တည်း။

ဤကဲ့သို့ပြဆိုခဲ့သော သံပေါက်လကိ်ာများနှင့်၊ အဓိပ္ပါယ်သဘော သွားတို့၏ အရေဖြင့်၊ မိမိကိုယ်မိမိ တိဟိတ်ပုဒ္ဂိုလ် ဟုတ်, မဟုတ်ကို၊ ဤကျမ်း၌ ရေးသားခဲ့သော ဝိပဿနာနည်းကို၊ ၁၅-ရက်၊ သို့မဟုတ်၊

၇-ရက်မျှ အားထုတ်လျှင်၊ ဥဒယဗ္ဗယညာဏ် မထင်ခဲ့သော် ဒုက္ခိတ်။ ဥဒယဗ္ဗယညာဏ် ထင်ခဲ့သော် တိဟိတ်ဟု ဆုံးဖြတ် သိရှိနိုင်ကြောင်းကို ပြဆိုခဲ့ရာ၊စာကို ကြည့်၍၎င်း၊ပြသသူဆရာက နည်းလမ်း စည်းကမ်း မကျ၍၎င်း၊ ဉာဏ်မထင်ခဲ့ပါလျှင်၊ ကျန်စွာ နည်းလမ်းကို ညွှန်ပြနိုင်သည့် ဆရာမျှားထံတွင် အားထုတ်က၊ အမှန်ထင်လိမ့်မည်ဟု မှတ်ယူအပ်ပေသည်။

သို့ဖြစ်ပါ၍၊ ပဒဆုခေတ် ပဒဆအခါသည်၊ ဒုက္ခိတ်လေလော၊ တိဟိတ်လေလော၊ ကျတ်ထိုက်လေသလော၊ မကျတ်ထိုက် ဖြစ်သလောဟု၊ အချို့ရဟန္တာကြီးများသော်မှ မသိနိုင်သောအရာကို၊ တွေးတော စဉ်းစားခြင်း နှုန်းဖြင့် ဆိုင်းငံ့ခြင်းမပြုဘဲ၊ ဒုက္ခိတ်ဖြစ်နေလျှင်၊ တိဟိတ်ဖြစ်ရန် တိဟိတ်ဖြစ်သျှင်၊မဂ်ဖိုလ်ရရန် မှန်သော နည်းလမ်းအရ၊ညွှန်ပြနိုင်သော ဆရာများကို၊ အရေးကြီးစွာ ရှာဖွေလျက် မပျက်မကွက် အားထုတ်သင့်လှပေသတည်း။

၅၌-တိဟိတ်အလား၊ ရဟန္တာပင်မသိနိုင်သည်ကို၊ ပြဆိုခြင်းပြီး၏။

ပါရမီပြည့်စုံသော်ကလည်း နိဗ္ဗာန်မရနိုင်သည်ကို၊ အဇာတသတ်နှင့် သူဋ္ဌေးသား ဝတ္ထု၊ကို ပြဆိုခြင်း

၈-အနိယတ၊ နိယတ၊ ခွဲပြန့်စ်မျိုးလာ။

၉-နိယတမှ၊ သည်ဘဝ၊ မုချရနိုင်ပါ။

၅၌သံပေါက်လက်ာများ၏ အဓိပ္ပါယ်မှာ ပဒဆအခါသည်၊ဘုရားရှင်၏ လက်ထက်ကဲ့သို့၊ ဝိမုတ္တိယုဂခေတ်နှင့် တွေ့ဆုံကြ၍ ပါရမီပြည့်စုံက၊ နိဗ္ဗာန်ကို ရနိုင်သည်ဟု များစွာသော ရဟန်းရှင်လူတို့က မှတ်ထင်ကြသော်လည်း၊ ပါရမီပြည့်စုံသော ပုဂ္ဂိုလ်သည်၊ အနိယတ နိယတဟူ၊ နှစ်မျိုးကွဲ၏။ထိုနှစ်မျိုးတို့တွင်၊အနိယတ ပုဂ္ဂိုလ်မှာ ပါရမီ ပြည့်စုံသော်လည်း၊နိဗ္ဗာန်ကိုဒေမှန်ရမည်ဟု၊ဇောနမရ၍မယူရ၍၊ဤမဂ်ဖြင့်သောကြောင့်-အနိယတမည်၏။

ထိုမှတပါး၊ သာသနာနှင့်ဆုံ၊ဝိမုတ္တိခေတ်နှင့် ကြုံ၍၊ ပါရမီပြည့်စုံသူဖြစ်ခဲ့ပါလျှင်၊ ဇောနမရ၍မဟုတ် နိဗ္ဗာန်ကို ရနိုင်၍၊ မြဲမိုင်လေသောကြောင့်-

နိယတမည်၏ ထိုသို့ နှစ်မျိုးခွဲ၍၊ ပါရဒိပြည့်စုံသော်ငြားလည်း၊ နိဗ္ဗာန်တရားကို မရနိုင်သောသူများ ရှိသေးကြောင်းကို၊ကောင်းစွာယုံကြည်မှတ်သား၍၊ ပါရဒိ ပြည့်စုံက၊ နိဗ္ဗာန်ကို ရမည်ဟု ထင်သူများသည်၊ **နိယတ, အနိယတ** အဖြစ်ကို မသိနိုင်သဖြင့်၊အကယ်၍ အနိယတမျိုးဖြစ်ငြားအံ့၊နိဗ္ဗာန်ကို ယခုဘဝ၌ ရှိနိုင်ရန် **အမြန်အားထုတ်**သင့်ပေ၏။

ဥပမာကား။ ။ယခုအခါ ပညာကို သင်ကြားရာ၌၊ အလွတ်ပညာ, စာမေးပွဲဝင်ပညာဟု ၂-မျိုးရှိရာ၊ကျောင်းသား ၂-ဦးမှာ၊ ပညာအတန်းချင်းကား တူ၏။ သို့သော် တဦးက အလွတ်ပညာ၊ တဦးက စာမေးပွဲဝင်၍ တခုခုပညာ၌ အောင်လက်မှတ် ရ၏။ ထိုသူ ၂-ဦးတို့တွင်၊ အလွတ်ပညာသင်သူသည်၊ အလုပ်ကိုအလိုရှိ၍တောင်းလျှင်နေရာလွတ် ရှိ,မရှိအတွက် ရ,မရ နှစ်မျိုးနှင့်ဆက်ဆန်၍ စိတ်မချရ၊ နေရာရှိလျှင်ရနိုင်၏၊နေရာမရှိလျှင် မရနိုင်ပေ၊ အောင်လက်မှတ်ရှိသူမှာ အလုပ်ကိုတောင်းလျှင်၊ အမှန်ပင်ရနိုင်ပေ၏။

ဤဥပမာအတူပင်လျှင်၊ အနိယတ ပုဂ္ဂိုလ်သည်၊ ဖွားဘုရားရှင်တို့၏ လက်ထက်၌ ဗျာဒိတ်ကြားခြင်းကို မခံခဲ့ရ၍ ပါရဒိပြည့်စုံပါသော်လည်း၊ ယခုပစ္စုပ္ပန်ဘဝ၌၊ ကလျာဏမိတ္တနှင့် ဖေါင်းမိက ရနိုင်၏။ ပါပမိတ္တနှင့် ပေါင်းမိလျှင် မရနိုင်ပေ။ နိယတ ပုဂ္ဂိုလ်သည် မူကား၊ ဖွားဘုရားရှင်များထံမှ ဗျာဒိတ်ကြားခြင်းကိုခံခဲ့ရ၍၊ ပါရဒိပြည့်စုံသောကာလ၌၊ ပါပမိတ္တတို့နှင့်မတွေ့ရ၊တွေ့သော်လည်းမလိုက်၊ ကလျာဏမိတ္တနှင့် မလွဲနိုင်၊ တွေ့၍ ငကန်နိဗ္ဗာန်ကို ရနိုင်လေ၏။

သို့ဖြစ်၍၊ ယခုအခါသည်၊ အောင်လက်မှတ် မရှိသူများ၊ အကပ်ကောင်းအခန့်သင့်မှ၊ အလုပ်ကိုရနိုင်သကဲ့သို့။ အနိယတ ပုဂ္ဂိုလ်သည် ပါရဒိပြည့်စုံသော်လည်း၊ကလျာဏမိတ်ကောင်းနှင့် ဖေါင်းမိမှ၊ နိဗ္ဗာန်ကိုရနိုင်သဖြင့်၊ ဝိပဿနာ ကမ္မဋ္ဌာန်းနည်းလမ်း၌၊ ဖြောင့်တန်းစွာ ညွှန်ပြဆုံးမနိုင်သော၊ **ကလျာဏမိတ္တကို ရှိစေအောင်ရှာ**ဖွေ၍၊ **လျင်မြန်စွာအားထုတ်**ကြရာသတည်း။

၁၀-ပါရမီကံ၊ ပြည့်စုံပြန်၊ အမှန်မရပါ။

၁၁-ဇာတသတ်အား၊ သူဌေးသား၊ ထင်ရှားဝတ္ထုလာ။

ဤသံပေါက်လက်ာများ၏အဓိပ္ပါယ်ကား၊အထက်ကပြဆိုခဲ့သော်၊ အနိယတနိ,ယတ ဟူသော သဘောဒေါရ၊ ပါရဒိ ပြည့်စုံ ကြသော်လည်း၊နိဗ္ဗာန်ကို မရနိုင်ဆိုသည်မှာ၊ အဇာတသတ်နှင့်၊ မဟာဓနသူဌေး

သားစသော ဝတ္ထုများကို ထောက်ထား၍ မှတ်သားသိရှိရမည်ဟု ဆိုလိုပေသည်။

ထိုဝဏ္ဏများတွင်၊ အဓာတသတ်သည်၊ ပါရမီပြည့်စုံသဖြင့် ရဟန်းတို့၏ မျက်မှောက်ဒိဋ္ဌ အကျိုးခံစားရသည်ကို မေးလျှောက်၍၊ ဟောကြားသော သာမညဖလသုတ်ခေါ်သော တရားတော်၏ အဆုံးဒွိပင်၊ အနာဂါမ်ခေါ်သော ၃-ဂေါ်, ၃-ဖိုလ်ကို၊ အလွယ်နှင့်ရလေရာ၏။ ပဒသ္ဓမာကား ဒေဝဒတ်ဟူသော ပါပမိတ္တနှင့် ပေါင်းမိ၍၊ သူတော်ကောင်းဘာဝင်ကို သတ်မိသဖြင့်၊ ရှိရှိမည့် မဂ်ဖိုလ်နိဗ္ဗာန်မှလွဲလျက်၊ အဝိစိ ငရဲသို့ ရောက်စေတတ်သော၊ ကံကြီးကို ပြုလုပ်လေသောကြောင့်၊ ဆုံးဉာဏ်းနစ်နာရပေတော့သည်။

ပဒသ္ဓမာမူကား၊ ဆရာဇီဝကနှင့်လာ၍၊ သာမညဖလသုတ် ဒေသနာတရားကို နာကြားရပြီး အားကြီးသောသဒ္ဓါတရားသဖြင့်၊ ဘာဝင်၏ အလောင်းကို ကန်တော့သဖြိုဟ်ခြင်း၊ ဝါ၊ဘုရား၏ သာသနာကိုယုံကြည်စွာ ပြုစု အားထုတ်ပေသောကြောင့်၊ တကမ္ဘာပတ်လုံး၊ အဝီစိငရဲကြီးသို့ ကျရောက်မည့်အစား၊ အနှစ်ခြောက်သောင်းမျှသာ၊ လောဟကုမ္ဘီငရဲသို့ ကျရောက်မည်ဖြစ်၍၊ များစွာပင် သက်သာရာ ရှိရှိကြောင်းကို ဟောကြားလျက်၊ပုထုဇန်ထဲတွင်၊သဒ္ဓါအားကြီးသောအရာ၌၊ ဇာတဒဂ် ထားတော်မူခဲ့ပေသည်။

တဖန်၊ မဟာဓန သူဌေးသား လင်မယားတို့သည်၊ ပါရမီပြည့်စုံကြ၍၊ သူဌေးသားသည်၊ ပထမအရွယ်က တရားကို သတိရလျှင်၊ ရဟန်းဖြစ်နိုင်၍၊ မယားမှာ အနာဂါမ် ဖြစ်ရာ၏။ ဒုတိယ အရွယ်မှ သတိရလျှင်၊ သူဌေးသားမှာ အနာဂါမ်ဖြစ်၍၊ မယားမှာ သကဒါဂါမ် ဖြစ်ရာ၏။တတိယအရွယ်မှ သတိရလျှင်၊ သူဌေးသားမှာ သကဒါဂါမ်ဖြစ်၍၊မယားမှာ သောတာပန်ဖြစ်ရာ၏။ပဒသ္ဓမာကား၊ အရွယ်လွန်သည်တိုင်အောင်၊ ကာမဂုဏ် လိုက်စား၍၊ သူဌေး စည်းစိမ်များ ပျက်ပြားလျက်၊ ခွဲက်လက်စွဲ တောင်းစားရသဖြင့်၊ မဂ်ဖိုလ်မှလွဲကြောင်း ဟောတော်မူပေသည်။

သို့ဖြစ်ပါ၍ ပဒသ္ဓအခါ နိဗ္ဗာန်ချမ်းသာကို လိုလား သူများသည် ပါရမီပြည့်စုံငြားသော်လည်း၊ပါပမိတ္တနှင့်ပေါင်းမိက၊နိဗ္ဗာန်ကိုမရနိုင်ဘဲ၊ ငရဲသို့ပင် ကျရောက်ရခြင်း၊ ကလျာဏမိတ္တနှင့် ပေါင်းမိသဖြင့်၊

အသင့်အတင့်၊ လမ်းမှန်ကိုပင် လိုက်နာပြုကျင့်၍၊ အားထုတ်မိစေကာ၊ အရွယ်က လွန်သွားပါလျှင်၊ ရှိမည့် မင်္ဂလိ တရားတို့သည်လည်း၊ အရွယ်အချိန်အားလျော်စွာ၊ ဆုတ်ယုတ် သွားကြောင်းများကို၊ ထင်ရှား စွာသိရှိ မှတ်သားကြရန် ယုံကြည်သော သဒ္ဓါကို ရှေးထားလျက်၊ အချိန် ကာလ လွန်မသွားသေးမီ၊ တရားကို အားထုတ်သင့်ကြပေသတည်း။

ပါရမီဖွံ့လျက်၊ နိဗ္ဗာန်မရသော ဝတ္ထုကို ပြဆိုခြင်း ပြီး၏။

စာတတ်သူ, မတတ်သူများ၏ သဘောသွား အဓိပ္ပါယ်လာကို ထူးခြားစွာ ပြဆိုခြင်း

၁၂—**စာမတတ်က၊ နိဗ္ဗာန်၊ မရဆိုတတ်ပါ။**

၁၃—**တရားအရ၊ စာနှင့်ပြ၊ ဗုဒ္ဓဟောခဲ့ရှာ။**

၁၄—**တရားဆတ်ဆတ်၊ ပရမတ်၊ ပညတ်ကျမ်းဂန်စာ။**

ဤသံပေါက်လက်ာများ၏ အဓိပ္ပါယ်မှာ၊ ယခုအခါ၌ များစွာသော ရဟန်းရှင်လူတို့သည်၊ စာမတတ်လျှင် နိဗ္ဗာန်ကိုမရနိုင်ဟု ပြောဆိုကြကုန်၏။ စာဟူသည်၊ တရားနှင့်ပြ၍၊ ဘုရားရှင် ဟောတော်မူခဲ့ပေ၏။ ထို့ကြောင့်၊ တရားဟူသည်၊ ပရမတ်သဘော။ စာဟူသည်၊ ပညတ်သဘောဟု ဆိုလိုပေသည်။

ရှင်းလင်းရန်ကား။ "ဒေသနာတိ ပညတ္တိ" ဟူသော အဋ္ဌကထာ စကားအရ၊ ဒေသနာဟူသော ဝိဒူကတ်သုံးပုံ ဟူသည်၊ ပညတ်တရား များသာဖြစ်ကြပေ၏။ ထိုပညတ် ဟူသော ဒေသနာစာဖြင့်၊ သဘောမျှ ဖြစ်သော ရုပ်နာမ် ပရမတ်တရားကို၊ ထင်ရှား သိမြင်ဒေသင်ပြ၍ ဟော တော်မူရသဖြင့်၊ ပညတ်စာသည်-အကြောင်း၊ ပရမတ်တရားသည်-အကျိုးဖြစ်၍၊ စာမတတ်သော်လည်း တရားကျင့်တတ်လျှင်၊ မင်္ဂလိ နိဗ္ဗာန်တရားကို ရနိုင်၏ဟု မှတ်ယူအပ်ပေသည်။

ဤနေရာ၌၊ စာ မတတ်လျှင်၊ နိဗ္ဗာန်ကို မရနိုင်ဟု ထင်မှတ်ပြောဆိုကြသောသူတို့၏ အယူအဆမှာ၊ သာသနာကို ပြရာ၌၊ ပရိယတ္တိသာသနာ, ပဋိပတ္တိသာသနာ, ပဋိဝေဓသာသနာဟု သုံးပါးရှိရာ၊ ရှေးနောက် အစဉ် အလာမှတ်၍၊ ပရိယတ်တတ်ကျမ်းမှ၊ ပဋိပတ် ကျင့်တတ်၏။ ပဋိပတ်

ကျင့်တတ်မှ၊ ပဒိုဝေဓ အသိညာဏ်ဖြင့်၊ နိဗ္ဗာန်ကို မြင်နိုင်,ရနိုင်သည်ဟု ထင်သောကြောင့်ပေတည်း။

သဘောမှာကား၊ သာသနာဟူသည်၊ အဆုံးအဓမဖြစ်၏။ ၎င်းအဆုံးအဓသည်၊ပရိယတ္တိ သဘောဖြင့် ဆုံးမခြင်း၊ပဋိပတ္တိ သဘောဖြင့် ဆုံးမခြင်း၊ပဋိဝေဓသဘောဖြင့်ဆုံးမခြင်းဟု ဆိုလိုပေသည်။အဘယ့်ကြောင့်နည်းဟူမူ၊ ပရိယတ္တိကို မသင်နိုင်သူတို့အား၊ ပဋိပတ္တိဖြင့် ဆုံးမရ၍၊ ထိုဆုံးမသောအတိုင်း လိုက်နာအားထုတ်သူတို့၊ အလွယ်တကူနှင့်ပင် နိဗ္ဗာန်ကို ရသွားသူတို့ များစွာ ရှိလေသောကြောင့် ပေတည်း။

ထိုအဓိပ္ပါယ်အရ၊ ဘုရားရှင် လက်ထက် အခါက၊ များစွာသော တောထွက် ရဟန်းကြီးများ၊ ရဟန်းပြုသောအခါ၊သာသနာ၌ ဆောင်ရွက်ရန်ကိစ္စကို၊ ဘုရားအား လျှောက်ထားရာ။ ဂန္ထဓုရ၊ ဝိပဿနာဓုရတို့၏ သဘောကို ဟောပြသဖြင့်၊ရဟန်းကြီးများက၊ တပည့်တော်များကြီးပြီ ဖြစ်၍၊ဂန္ထဓုရကိုမတတ်နိုင်ပါ၊ ဝိပဿနာဓုရကို အားထုတ်ပါမည်ဟု လျှောက်ထား ကြလေသော်၊ သင့်လျော်သော ကမ္မဋ္ဌာန်းကို ပေး၍၊ အားထုတ်ကြသဖြင့် နိဗ္ဗာန်ကို ရသည်မှာ၊လွန်စွာမှ များပြားလှလေတော့သည်။

တနည်း အားဖြင့်၊ ပရိယာတ်ဟူသည်၊ ပဋိပတ် အားထုတ်နည်းကို သိရန်မှု ဖြစ်လေရာ။အဋ္ဌကထာဒိဋီပြသော၊ဥဂ္ဂဟ ပရိယတ်, ပရိပုစ္ဆာ ပရိယတ်, သဝနာ ပရိယတ်ဟု သုံးပါးလာသည်ကို ထောက်ထားပါလျှင်၊သင်ကြား၍ဖြစ်စေ၊ မေးမြန်း၍ဖြင်စေ၊ ကြားနာ၍ဖြစ်စေ၊ ကျင့်ရန် ပဋိပတ်နည်းကို သိရှိပါက၊ ပရိယတ္တိကိစ္စမှာ ပြီးစီးသည်ဟု မှတ်ယူ အပ်ပေသည်။

သဘောမှာမူကား။ ကျင့်နည်းကို သိသောပရိယတ်ကို၊ပညတ် ပရိယတ်စာ,ပရမတ် ပရိယတ်စာဟု နှစ်မျိုးမှတ်သား၍၊ ကျင့်နည်းကို သိသည်သာလိုရင်း ဖြစ်၍၊ စာမတတ်လျှင် နိဗ္ဗာန် မရဆိုသော စကား၊ စာမတတ်သေဉ်လည်း၊ နိဗ္ဗာန်ရသည်ဆိုသော စကားများမှာ၊ သူ့နေရာနှင့်သူ မှန်သည်ကို ယူဆပြီးလျှင်၊ မဆန့်ကျင်အောင် သတိပြုကြပါလေ။

ဘုရားရှင် လက်ထက်က၊ ပရိယတ်တတ်သော ရဟန်းသည်၊ ပရိယတ်မတတ်သောရဟန်းကို နှိပ်စက်မည်ကြံစည်ရာ၊ဘုရားရှင် ကြွလာ

ပြီး၊ ပရိယတ်ရဟန်းကို မေးမြန်း၍ဖြေကြားရာ။ ဆိတ်ဆိတ်နေလျက်၊ ပရိယတ် မတတ်သော ရဟန်းကို၊ မင်္ဂလိန္နှင့်စပ်၍ မေးမြန်းသဖြင့် ဖြေကြားရာ။ဘုရားရှင်က ကောင်းချီးနူမေဒ်၊ သာဝုသုံးကြိမ်မျှ ခေါ်တော်မူပြီး၊ ပရိယတ်ရဟန်းကို ကဲ့ရဲ့ရှုတ်ချလျက်၊ ပဋိပတ်ရဟန်းကို ချီးမွမ်းကြောင်း၊ မြွပဒဒ္ဒို လာရှိပေသည်။

စာသင်သော ပုဂ္ဂိုလ်များ သတိထားရန်မှာ၊ နိယျာနိကနည်း,ဘဏ္ဍာဂါရိကနည်း, အလဂဒ္ဒူပ နည်းဟု သုံးမျိုးရှိရာ။ သံသရာ ဝဋ်ဒုက္ခမှ ထွက်မြောက်ကြောင်း သိရန် သင်ကြားခြင်းသည်၊ နိယျာနိကနည်းမည်၏။မင်္ဂလိရပြီးသူများ စောင့်ရှောက်ရန် သင်ကြားခြင်းသည်၊ ဘဏ္ဍာဂါရိက နည်းမည်၏။ သူတပါးကို ဟိတ်ဟန်ဝါကြွား ပလွှားနှိပ်စက်လို၍ သင်ကြားခြင်းသည်၊ အလဂဒ္ဒူပနည်းမည်၏။ ထိုသုံးပါးတွင်၊ အဆုံးနည်း သင်ခြင်းမျိုး မဖြစ်ရန် အရေးကြီးလှပေ၏။

သဘောဖြစ်ပုံမှာကား။ ပရိယတ်သမားသည်၊ ထောင်လွှား မောက်ကြွားခြင်း သဘောရှိ၏။ ပဋိပတ်သမားသည်၊ နှိမ့်ချ ဖြောင့်မတ်ခြင်း သဘောရှိ၏။ဂုဏ်ကိုအထုတ်ပါဝဏ္ဏုအရဖြင့်လည်းသိအပ်၏။ကသိုပဘုရားရှင် လက်ထက်က၊ ကပိလ ရဟန်းကြီး၏ ဝဏ္ဏုအရဖြင့်လည်း သိအပ်၏။ အကြောင်းမှာ၊ သာဂတ,ကပိလဟု ညီအစ်ကို နှစ်ဦးရှိရာ၊ သာဂတသည် ရဟန္တာဖြစ်၍၊ ကပိလသည် ပုထုဇဉ်ဖြစ်၏။

ဂုဏ်ကပိလသည်၊ ဝိဒူကတ်ကို ဆောင်နှင်၍၊ အစ်ကို ပြောသည်ကို ပင်မရဘဲ၊ဝမ္မကို အမွေအဖြစ်၊အဝမ္မကို မွေအဖြစ်ဖြင့်၊ စာမတတ်သော သော အရိယာ ရဟန္တာများကို နှိပ်စက်ရန်းကား၊ အယူ မှားလျက် သာသနာ ပြုလေရာ။ ဘုရားနှစ်ဆူတို့၏ အကြား၊ အမေရော နှစ်မပါ အပါယ်သို့ လား၍၊ ယသဘုရားလက်ထက်၌၊ ရွှေဂေါးကြင်းကြီး ဖြစ်လာပြီး။ တဖန် ငရဲသို့သွားရမည် လျှောက်ထား၏။ ဂန္ဓိရဏ္ဌ၌ပါရှိပြီ။

ယသ ပြန်ခဲ့သော ပရိယတ်သမားတို့၊ အယူမှား ထောင်လွှား တတ်သည်မှာ၊ ပညတ်သန်သော ဥဂ္ဂဟ ပရိယတ်သမားများဖြစ်၏။ပရမတ်ဆန်သော ပရိပုစ္ဆာ ပရိယတ်, သဝနာ ပရိယတ်သမားများ မဟုတ်၍၊ ပရိယတ်သမားတို့ဝင်း ဝါကြွားတတ်သည် မဟုတ်ဘဲ၊ဘုရားလက်ထက်ကပင် ဝါကြွားမှု များတတ်သော၊ ဥဂ္ဂဟ ပရိယတ် သမားများသည်၊ ယသအခါများ၌၊ သာလွန်ပိုမို၍ပင် သတိထားသင့်ကြလေတော့သည်။

၁၅-စာမတာ်သူ၊ နိဗ္ဗာန်ယူ၊ လွယ်ကူများသည်သာ။
၁၆-ရှင်ဂုလပန်၊ နည်းပုံဇ၊ အမှန်သိအပ်စွာ။

၌သံပေါက်လက်ာများ၏ အဓိပ္ပါယ်မှာ၊ စာမတတ်သော သူတို့သည်၊ စာတတ်သော သူတို့ထက်၊ နိဗ္ဗာန်ကို ယူကြသူတို့ လွယ်ကူလျင်မြန်ခြင်းများသည်၊ အရေအာင့်က အားဖြင့်သည်း များပြားသည့်။ ၎င်းသဘောများကို၊ အရှင်ဂုလပန်၏ ဝတ္ထုသွားဖြင့်၊ မှတ်သား သိရှိရမည်ဟု ဆိုလိုပေသည်။

ထိုအဓိပ္ပါယ်ကို အနည်းငယ် ရှင်းလင်းရန်မှာ၊ ပထမ သံပေါက်၌ လိုရင်းကား။ ၌သာသနာတော်၌၊ စာမတက်သူက စာတတ်သူထက် နိဗ္ဗာန်ရ လျင်မြန်လွယ်ကူသည်၊အရေအတွက်များသည်ဆို၏။သို့သော်လည်း၊ များစွာသော ရဟန်းရှင်လူတို့သည်ကား။ စာတတ်သူက စာမတတ်သူထက်၊ လျင်မြန်လွယ်ကူသည်ဟု အယူရှိကြ၏။

၎င်းအဓိပ္ပါယ်ကို၊ ရှင်မောဂ္ဂလာန် ၇-ရက်ကြာ၍၊ ရှင်သာရိပုတ္တရာ ၁၅-ရက်ကြာကြောင်းဖြင့်၊ ယုံကြည်ရန်ကို၊ ဒေသနာ ဝတ္ထုသာဓက ဥပမာတို့ပါ ညွှန်ပြလျက်၊ ဂန္ဓိရဋ္ဌပကာသနီကျမ်း၌ အကျယ် ရေးသားထား၏။ ထူးသော အချက် အမြွက်မျှ၊ ဥပမာမှာ၊ လမ်းသွားသူ ၂-ယောက်တွင်၊ အသိမိတ်ဆွေများသူက နှုတ်ဆက်ရ၍ ကြာခြင်း။ အသိမိတ်ဆွေမရှိသူက နှုတ်ဆက်ရန်မရှိ၍ မြန်ခြင်းကို ပြဆိုခဲ့ပေ၏။

သို့သော်၊ထိုဥပမာအရကို အချို့သူတို့က၊လမ်း၌ မိတ်ဆွေရှိသော်လည်း၊ နှုတ်မဆက်ဘဲ သွားလျင် ဖြစ်နိုင်သကဲ့သို့။ ဗဟုသုတများသော်လည်း၊ မတွေးမကြံဘဲ အားထုတ် လျင်မြန်နိုင်ရာ၏ဟု ထင်တတ်ပေသည်။ ၎င်းထင်ချက်မှာ၊ ပြောသော်လည်း သဘော မဟုတ်နိုင်ပေ။ လမ်း၌ မိတ်ဆွေများနှုတ်မဆက်လျင် ဖြစ်နိုင်ပါ၏။ သို့သော်၊ လောကဝတ် သိသူတို့၏ ထုံးစံမှာ၊ ပျက်ကွက်ချေမည်ကား မလွဲပေ။

မွေသဘောမှာလည်း၊ပုဂ္ဂိုလ်၏ အလိုအတိုင်း ဖြစ်နိုင်ပါက၊အနတ္တမျိုး မဖြစ်နိုင်ရာ၊ သဘောမှာကား၊ ရှင်သာရိပုတ္တရာ ဂါထာဝက်နှင့် တမင်တဒိုလ်ရပြီး၊ ရှေ့သို့မဟောရန် တောင်းပန် တားဖြစ်ခြင်းကား၊ အထက်မင်ဖိုလ်ကိုအလိုမရှိ၍ မဟုတ်ပေ။ ကိုယ်လိုသော်လည်း၊ မွေသဘောဖြင့် မရနိုင်သည်ကို သိရှိ၍ဟု မှတ်အပ်ပေ၏။

ဤနေရာ၌၊ စာတတ်သူများက သိပြီးဖြစ်၍၊ ခဏနှင့်ရနိုင်၏။ စာမတတ်သူမှာ မသိသေး၍၊ ကြာမည်ဟု ဥပမာနှင့် ပြောတတ်ကြ၏။ ထိုစကားကို၊ သဘာဝတရားနှင့် မှတ်သားရန် ဥပမာကား၊ ဖြေနှင့် လိပ်ကဲ့သို့ဖြစ်ပေ၏။ဖြစ်ပုံကား၊ တောမီး လောင်လာသော အခါ၊ လိပ်က အဆွေဖြေ သင့်မှာခြေမရှိ အမြန်ပြေးပါ၊ ငါ့မှာ တက်လေးချောင်းနှင့် အပြင်းလွှဲမည်ဟု ပြော၏။ သို့သော်၊ ဖြေမှာ ရှောခနဲပြေး၍ လွတ်၏။ လိပ်မှာ ဒီးလော့်လေသည်။

ထို့ဥပမာနှင့် သဘောအလာကို ထောက်ပါလျှင်၊ ပညာ ဗဟုသုတရှိသူမှာ၊ ပရိယာယ်များလှ၏။ ထို့ကြောင့်၊ယောက်ျားများက မိန်းမတို့အား၊**မိန်းမ မာယာ-သဲကိုးဖြာ** ဟုဆို၏။ တရားဘက်ကကြည့်လျှင်၊ **ယောက်ျား မာယာ - နှမ်းကိုးဖြာ** ဟူ၍၎င်း၊ **ဘုန်းကြီး မာယာ-မုံညင်းစေ့ကိုးဖြာ** ဟူ၍၎င်း၊ ဆိုသင့်ပေ၏။ယခုပြောခဲ့သော သဘောများကို၊ ရှင်ဟူလပန် စာမတတ်ဘဲ၊မင်္ဂလိလ်ရ၍လျှင်မြန်သည်ကိုလည်း၊ကိုယ်တိုင် အားထုတ်ဘူးသူကိုလည်း ကြည့်ရှုပါလျှင်၊ စာတတ်သူထက် စာမတတ်သူမြန်ပုံ၊ ပေသာကျိုးထက် မိန်းမမြန်ပုံ၊ ရဟန်းထက် လူကမြန်ပုံတို့မှာ၊ များသောအားဖြင့်၊သဘာဝတရားအတိုင်းဖြစ်ကြောင်း၊ကောင်းစွာ သိရှိ မှတ်သား နိုင်သဖြင့်၊ ထူးခြားသော အဓိပ္ပါယ်တို့ ဖြစ်လေသတည်း။

စာတတ်သူ, မတတ်သူများ၏ ထူးခြားပုံကို ပြဆိုခြင်း ပြီး၏။

အန္တရာယ်ငါးပါးနှင့် ပဓာနိယဂ်တရားတို့ကို မှတ်သားရန်ပြဆိုခြင်း

၁၇-ငါးပါးအန္တရာယ်၊ မငြိတွယ်၊ တကယ်ရမည်သာ။
၁၈-ပဓာနိယ၊ ပြည့်စုံက၊ မုချရနိုင်ပါ။

ဤသံပေါက်လက်ာများ၏အဓိပ္ပါယ်မှာ၊ယခုအခါနိဗ္ဗာန်ကိုလိုလား၍၊ ကမ္မဋ္ဌာန်းတရားကို အားထုတ်ကြသော သူများသည်၊ ကမ္မန္တရာယ်စသော အန္တရာယ်ငါးပါး ကင်းလွတ်ခြင်း၊ ပဓာနိယဂ်တရား ငါးပါး

ပြည့်စုံခြင်းရှိမှ ရနိုင်သဖြင့်၊အနှစ်ရာယာမျှား ငြိတွယ်နေပါက၊ကင်းရှင်းရန် စိုးခဲ့၍ အားထုတ်ရမည်ဟု ဆိုပေ၏။

ထိုစကားများအရ၊အမိကိုသတ်ခြင်း,အဘကိုသတ်ခြင်း,ရဟန္တာကိုသတ်ခြင်း,ဘုရားကို သွေးစိမ်းတည်အောင်ပြုခြင်း,သံဃာကိုသင်းခွဲခြင်းဟူသော ပဉ္စာနန္တရိယ ငါးပါးသည်၊ ကမ္မနှစ်ရာယ် မည်၏။ မိစ္ဆာဒိဋ္ဌိစသော အယူမှားသည်၊ ကိလေသနှစ်ရာယ်မည်၏။ အဟိတ်, သုဂတိအဟိတ်, ဒွိဟိတ် ပဋိသန္ဓေသည်၊ ဝိပါကနှစ်ရာယ် မည်၏။ အရိယာပုဂ္ဂိုလ်များကို ပြစ်မှားခြင်းသည်၊ အရိယူပဝါဒနှစ်ရာယ် မည်၏။ ဝိနည်းပညတ်ကို လွန်ကျူးခြင်းသည်၊ အာဏာဝိတိက္ကမနှစ်ရာယ် မည်၏။

ယခုအခါ၊ ၎င်းကဲ့ငါးပါး တို့တွင်၊ မိဘကို သတ်ခြင်း ဟူသော ကမ္မနှစ်ရာယ်ကို မသိ၍ပြုမိစေကာမူ၊သိသောအခါ ကုသိုလ်ကိုပြုလျှင်၊ အဓာတသတ်ကဲ့သို့ပင် သက်သာခွင့်ကို ရနိုင်ပေ၏။ရဟန္တာကို သတ်ခြင်းဟူသည်မှာ၊ လွန်စွာ ဖြစ်နိုင်ခဲသဖြင့်၊ သံသယပင် မရှိသင့်ပေ။ လောဟိတုပ္ပါဒကံမှာ၊ ယခုအခါ လုံးလုံး မရှိပြီ။ သံဃာသင်းခွဲမှုမှာ၊ ရဟန်းနှင့်သာဆိုင်၍၊ လူတို့၌ လွတ်ကင်းလေတော့သည်။

ဝိပါကနှစ်ရာယ်အတွက်၌၊ ဒွိဟိတ်,တိဟိတ်မှာ၊ ရဟန္တာပင် မသိနိုင်သဖြင့်၊ ယုံမှားမရှိသင့်ပေ။ ကိလေသနှစ်ရာယ်မှာ၊ မိမိကစွဲလျှင်ငြိ၍၊ လွတ်လျှင် လွတ်နိုင်သဖြင့် လွယ်ကူလေ၏။ ဥပဝါဒနှစ်ရာယ်မှာ၊ အရိယာတို့ကို ပြစ်မှားခြင်းဖြစ်၍၊သိလျှင် တောင်းပန်ကန်တော့ကာ ကင်းရှင်းနိုင်၏။ တောင်းပန်ကန်တော့ခြင်း မပြုမှ တားမြစ်ပေ၏။

အထူးမှာ၊ဤကံ၌ ကန်တော့မှသည်၊လွန်ကျူးသောအပြစ်ကိုဟုတ်မှန်တိုင်း ဘေဒပြုရ၏။ အချို့က ယခုအခါ အရိယာမရှိ ထင်တတ်၏။ အရိယာကို ပုထုဇနမသိနိုင်ခြင်း၊သာသနခေတ်ကိုထောက်ဆခြင်းဖြင့်၊ ယခုအခါ အရိယာများရှိနိုင်၏။၎င်းကံကို လွန်ကျူးသူတို့များတတ်၍၊ ထိုကံ ဖြစ်တားမှ အတွက်ကိုသာ၊ အရေးကြီးစွာ ဂရုပြုရန်သင့်လှပေတော့သည်။

ဤအရိယူပဝါဒကံသည် အရေးကြီးလှသဖြင့်၊ ဆက်၍ ပြဦးအံ့။ ၎င်းကံနှင့်စပ်၍ သတိပြုအပ်သည်မှာ၊ယခုအခါများစွာသော လူ ရဟန်း အပေါင်းတို့သည်၊ မကောင်းသော ဒုက္ခဘေးဒဏ်တခုခုရောက်ငြားအံ့။

လွန်ခဲ့သော ကံကိုဂင်း၊ ယခုမျက်မြင် ဝတ္ထုပေါ်သို့ဂင်း၊မှားသော အား ဖြင့် စွဲယူထားကြကုန်၏။မိမိက သူတော်ကောင်း အရိယာကို မတရား ပြုသောကံကြောင့်၊ ဒိဋ္ဌမမွ ဒုက္ခတွေ့ပါကလားဟု အမှန်ကို မသိသဖြင့်၊ ထပ်ဘိ၍ပင် အကုသိုလ်ကံတို့ မကြာ မကြာ ဖြစ်ကြပြန်လေ၏။

မိလိန္ဒပဉ္ဉာ၌၊ သတ္တဝါတို့သည်၊ ကံကုန်၍ သေရခြင်းထက်၊ မိမိက မိုက်၍ဂင်း၊ဆေးဆရာက မိုက်၍ဂင်း၊ပစ္စက္ခ၌ မလိမ္မာမှုကြောင့်၊သေကြသူ များသည်ဟု မိန့်ဆိုပေ၏။ ထို့အတူ၊ ယခုအခါ များစွာသော လူရဟန်းတို့မှာ၊ နောက်ကံကြောင့် သင့်သော ဘေးဒုက္ခထက်၊ ယခုအခါ၊ သူတော်ကောင်း အရိယာကို၊ မတရားပြုမိသော အရိယာပဝါဒ ကံကြောင့် သင့်သော ဘေးဒုက္ခက များတတ်သည်။

၍အဓိပ္ပါယ်အရ၊ကုမာရကဿပကို ဟောကြားသော၀ဓိကသုတ်၌၊ နဂါးကြီးကို ပွေ့ပါသည်၊ ဘယ်လို လုပ်ရမလဲဟု လျှောက်ထားရာ။ နဂါးကြီးကိုပူဇော်လျှင်၊ ဓွေ, ငွေ,ရတနာကို ရမည်။ မကောင်းပြုလျှင်၊ ဘေးဒုက္ခ တွေ့မည်။ ထို့အတူ ရဟန်းအရိယာကို၊ ပူဇော် ဆည်းကပ်လျှင်၊လူ,နတ်,နိဗ္ဗာန် ၃-တန်သော ချမ်းသာကို ရမည်။မတရားပြုလျှင်၊ မျက်မှောက်၌ ဒဏ် ၁၀-ပါးသင့်၍၊ သေလျှင် ငရဲကျမည်ဟု ဟော ပေ၏။

ယော ဒဏ္ဍေန အဒဏ္ဍေသု၊ အပ္ပဒုဋ္ဌေသု ဒုဿတိ။
ဒန္ဓံသမံ မညတရံ ဌာနံ၊ ခိပ္ပမေဝ နိဂစ္ဆတိ။ ။
ဝေဒနံ ဖရုသံ ဇာနိ'၊ သရီရဿစ ဘေဒနံ။
ဂရုကံဝါဝိ အာဗာဓံ၊ စိတ္တက္ခေပဉ္စ ပါပုဏေ။ ။
ရာဇတော၀ါ ဥပသဂ္ဂံ၊ အဗ္ဘက္ခာနဉ္စ ဒါရုဏံ။
ပရိက္ခယဉ္စ ဉာတီနံ၊ ဘောဂါနဉ္စ ပဘင်္ဂုနံ။ ။
အထဿ အဂါရာနိ၊ အဂ္ဂိ ဒဟတိ ပါဝကော။
ကာယဿ ဘေဒါ ဒုပ္ပညော၊ နိရိယံ သော·ပ ပဇ္ဇတိ။ ။
(ဓမ္မပဒပါဠိတော်မောဂ္ဂလာန၀ဏ္ဏ၊)

အဓိပ္ပါယ်ကား၊ အကြင်သူသည်၊ဒဏ်မပြုသင့်သော အရိယာတို့၌၊ ဒဏ်ပြုခြင်းဖြင့်၊ မပြစ်မှားသင့်သော အရိယာတို့၌ ပြစ်မှား မိငြားဆဲ့။ ဒဏ် ၁၀-ပါးတို့တွင်၊ တပါးပါးသော်ဂင်း၊ အမျှားသော်ဂင်း၊ လျင်

စွာ ရောက်တတ်၏။ ၁-ကြမ်းတန်းသော ဗျာဒနာခြင်း။ ၂-ရောင်းဝယ်လောင်းစားတိုင်း ဥစ္စာရှုံးခြင်း။ ၃-ကိုယ်အင်္ဂါဗျက်စိုးခြင်း။ ၄-ကုန္ဓနာစွဲခြင်း။ ၅-စိတ်ဖေါက်ပြန် ရူးနှမ်းခြင်း။ ၆-မင်းဘေးသင့်၍ ဒုက္ခအမျိုးမျိုး ဖြစ်ခြင်း။ ၇-ကြမ်းကြုတ်စွာ စွပ်စွဲခံရခြင်း။ ၈-မိဘ, ဆွေကောင်း, မျိုးကောင်းများ၊ မတရား သေခြင်းဆိုးဖြင့် သေရခြင်း။ ၉-ဂိုဏ်းဥစ္စာများ ပျက်ပြားပြုန်းတီးခြင်း။ ၁၀-အိမ်စသော ပစ္စည်းများကို မီးလောင်ခြင်း၊ ထိုသူသေလျှင် ငရဲကျခြင်း။

၍ဒေသနာ ဒဏ် ၁၀-ပါးအရ ပဌကာလ၌၊ အရိယာခေတ် ဖြစ်၍၊ အရိယာတွေ ဂိုသေလည်း၊ အရိယာဟု မသိသူတို့က မတရားပြုကြ၍၊ မတရား ဘေးဒဏ်သင့်သူတို့ များလှပေ၏။ ။သင့်တတ်ပုံမှာ၊ ပုထုဇနက၊သတင်းစာ စသည်လုပ်ရန် ပုံနှိပ်တိုက်ထောင်၍၊ အရိယာပုဂ္ဂိုလ်က၊ စာအုပ်အဋ္ဌကထာရိုက်ခြင်း၊ ကော်မိရှင်ဖြင့် ရောင်းရန်အပ်ခြင်းပြုရာ၌၊ တိုက်ရှင်က လောဘကြီး၍ လိမ်ရိုက်, ပိုရိုက်, အပ်စာအုပ်မတရား လုပ်ခဲ့လျှင်၊ အရိယာ ပစ္စည်းရှင်က၊ မပြော သော်လည်း၊ ပြုသောသူမှာ ဥစ္စာပျက်ခြင်း၊ မိဘ,ဆွမျိုးတို့ မတရား သေခြင်းဆိုးနှင့်သေရခြင်း၊ စသော ဒဏ်များလက်ငင်း သင့်တတ်လေရာ၊ အရေးကြီးစွာ သတိပြုသင့်လှပေသည်။

အထူးမှာ၊အနှစ်ရာယ်ကြီး ၅-ပါးတွင်၊အဒိုယာကို မတရားပြုမှားသောက်သည်၊ သိသူများမှာ၊ ရှောင်ရန်လွယ်ခြင်း၊ ဖြေရန်လွယ်ခြင်းများကြောင့် ကံငယ်ဟု ဆိုသော်လည်း။ ယာခုအခါမှာ မဘိသူများပြားလှ၍၊ ထိုမသိသူများမှာ၊ မကြာ မကြာပြုမှား ပြုလွယ်ခြင်း၊ ပစ္စုပ္ပန်၌ အလျှင်အမြန် ဘေးဒဏ် သင့်ခြင်း များသောကြောင့်၊ အကြီးမားဆုံးကံ, ကြောက်ရွံ့ ထိတ်လန့်ဘွယ် အကောင်းဆုံး ကံကြီးဖြစ်၍၊ ခေါင်းနာဘန်းကြီးပြီး၊ ကြက်သီးထဘွယ် သင့်လှပေသတည်း။

အာဏာဝိတိက္ကမန်ရာယ်မှာ၊ ရဟန်းနှင့်သာ ဆိုင်၍၊ လူတို့အား လွှတ်ကင်းနိုင်ပေသည်။

ပဓာန် ယင်္ကတရား ၅—ပါး၌ "သဒ္ဓါဟောတိ တထာဂတသဗောဓိ" စသည်ဖြင့်၊ အင်္ဂုတ္တိရ်၌ လာသောအရ၊ ဂန္ဓာရဘုရား အကျယ်ပါရှိ၏။အထူးမှာ၊"အပ္ပါဗာဓောအပ္ပါတင်္ကော" ဟူသောအရ၊ အနာကင်းခြင်းဟု ဆိုသဖြင့်၊ သာမည ဗျာနာ ခေါင်းကိုက် စသော

အနာမျိုးကို၊ပဒေါနိ ယင်္ဂတရားအရ၊ မပြည့်စုံ ပျက်ကွက်သည်ဟု ထင်မှတ်တတ်ပေသည်။ ၎င်းသာမည အနာမျိုးကို ဆိုသည်ဟု မယူရပေ။ တရားကို လုံးလုံးအားထုတ်ခွင့် မရအောင်၊ နှောင့်ယှက် ကျင်နာသော ဝက်ရူး,ကြွက်ရူး,မြေ့ရူး စသောရောဂါ၊ မလှပ မထိုက်အောင် လဲနေသော၊ သေကောင်ပေါင်းလဲနာ၊ ဝါ၊ သေလွန်ပြောပါးနာ၊ အနာကြီးရောဂါ စသည်တို့ကို ယူရပေ၏။

သဘောကို ထောက်ဆရန်မှာ၊ ဝိပဿနာ ကမ္မဋ္ဌာန်းနှင့် စပ်သော အရာ၌၊သတိပဋ္ဌာန် ပါဠိတော်အရ။လေးဋ္ဌာနသော အာရုံတွင်၊ဝေဒနာကမ္မဋ္ဌာန်းဟုတပါး၌လေရာ၊၎င်းဝေဒနာ၌၊ဒုက္ခဝေဒနာသည်၊ကမ္မဋ္ဌာန်းဖြစ်ပေ၏။ဝေဒနာကမ္မဋ္ဌာန်းဖြစ်နိုင်သောဒုက္ခသည်လည်း သာမိသ ဒုက္ခ နိရာမိသ ဒုက္ခဟု၊ ကိလေသာနှင့်စပ်ယှဉ်သော ပညတ်ဒုက္ခ၊ကိလေသာနှင့်မစပ်ယှဉ်သော ပရမတ်ဒုက္ခ။ထိုဒုက္ခနှစ်ပါးလုံးပင်၊ ကမ္မဋ္ဌာန်းအာရုံဖြစ်၍၊ထိုဒုက္ခမျိုးကို ရှုမှတ်သဖြင့်လည်း၊ နိဗ္ဗာန်ကို ရနိုင်လေသည်။

၎င်းပြင်လည်း၊ရှေးအခါ ဥစ္စာကိုလိုချင်လျှင်၊ ခယ်မက ခိုးသူမျိုးကို ငွေပေးပြီး သတ်ခိုင်းခြင်းကို ခံရသော၊ တိဿရဟန်းကြီးသည်၊ မိမိ၏ပေါင် ၂-ဘက်ကို၊ ကျောက်ခဲနှင့် ထုချိုးလျက်၊ဝိပဿနာကို အားထုတ်လေရာ၊ မကြာမီ အရဟတ်တက်သော အချိန်မှာ၊ ကိလေသာ ကုန်ခန်း၍ ရဟန္တာ ဖြစ်ရသော ဝတ္ထု၊ သွားကို ထောက်ထား ခြင်းဖြင့် သိနိုင်ပေသည်။

ဥဘော ပါဒါနိ ဘိန္နိတ္ထာ၊ သညာပေဿာမိ ဓေါ အဟံ။
အန္ဆိယာမိ ဟရယာမိ၊ သ ရာဂ မရဏံ အဟံ။ ။

သတ္ထုကာ၊ ခိုးသားအပေါင်းတို့။ အဟံ၊ငါသည်။ ဥဘော ပါဒါနိ၊ အစုံရောယှက် ခြေ ၂-ဘက်တို့ကို။ ဘိန္နိတ္ထာ၊မထောက်နိုင်မှု၊ကျောက်နှင့်ထု၍။ ဓေါ၊သင်ခိုးသားတို့အား။ သညာပေဿာမိ၊ မပြေးနိုင်ရာယုံပါစေဆုံ။ အဟံ၊ ငါသည်။ သ ရာဂ မရဏံ၊ ကိလေသာ မကင်း၊ သေရခြင်းကို။အန္ဆိယာမိ၊အသက်စွန့်ရာ၊ကြောက်ရွံ့ပါ၏။ဟရယာမိ၊ မနေချင်ရာ ရှက်လှပါ၏။

ဧဝံ မေ စိန္တယိတွာန၊ သမ္မသိတွာန ယောနိသော။
သမ္မတ္တေ အရုဏကုဂ္ဂမိ၊ အရဟတ္တ.ပါပုဏိ။ ။

မေ၊ငါသည်။ဧဝံ၊ဤသို့။စိန္တယိတွာန၊တွေးတော ကြံစည်၍။ ယောနိသော၊သင့်သောနှလုံးသွင်းဖြင့်။ သမ္မသိတွာန၊ ဝေဒနာကို မြဲစွာမပြတ် ရှုမှတ်သည်ဖြစ်၍။အရုဏကုဂ္ဂမိ၊အရုဏ်တက်ချိန်သည်။ သမ္မတ္တေ၊ရောက်သည့်ရှိသော်။အရဟတ္တံ၊ရဟန္တာအဖြစ်သို့။ အ ပါပုဏိ၊ ဝမ်းမြောက်ကြည်သာ၊ ရောက်ရပါပြီတကား။

ထိုမှတပါးလည်း၊ တရားအားထုတ်နေဆဲ ရဟန်းကို ကျားကိုက်ရာ၊ ခြေဘဝါးကစ၍ စားသဖြင့်၊ ထိဝေဒနာကိုပင် ရှုမှတ်ရ၍၊ ဖနောင့်ရောက်လျှင် သောတာပန်၊ဒူးရောက်လျှင် သကဒါဂါမ်၊ ပေါင်ရောက်လျှင် အနာဂါမ်၊ရင်ညွန့်ရောက်လျှင် ရဟန္တာဖြစ်ကြောင်း၊သတိပဋ္ဌာန် အဋ္ဌကထာ ၎င်း၁၀၀၂မျှားဦ လာရှိပေသည်။

ဤသို့ဖြစ်၍၊သာမညရောဂါသည်၊ အပါဒေါဓအင်္ဂါသို့မရောက်၍၊ယခုအခါအနည်းငယ် သောရောဂါကို၊ ကြောင့်ကြခြင်းအာရုံမပြုဘဲ၊ ဝေဒနာကမ္မဋ္ဌာန်းဖြင့် စွဲမြဲစွာရှုမှတ် ကြရာသတည်း။

အန္တရာယ်နှင့် ပဓာနိယင်္ဂကို ပြဆိုခြင်းပြီး၏

ပလိဗောဓနှင့် သပ္ပါယတို့ကို၊ ပဏ္ဍိတ, မာတိကာ ဝတ္ထုတို့ဖြင့် ပြဆိုခြင်း

၁၉–ပလိဗောဓ၊ ဆယ်ပါးမှ၊ ကင်းပရှောင်ကြဉ်ရာ။
၂၀–ခုနစ်ဌာန၊ သပ္ပါယ၊ ညီမျှမှီဝဲပါ။
၂၁–ရှင်ပဏ္ဍိတ၊ ဖြစ်ပုံပြ၊ မှတ်ကြမာတိကာ။

ဤသံပေါက်လက်ာများ၏ အဓိပ္ပါယ်မှာ၊ တရားကို အားထုတ်ကြသောအခါ၊ ရှေးဦးစွာ ပလိဗောဓကြီး ၁၀-ပါးနှင့်၊ ပလိဗောဓငယ်များပါ၊ကင်းရှင်းရန် သုမိသင်၍၊ သပ္ပါယတရား ၇-ပါးနှင့်လည်းညီမျှစေရမည်။ ထိုကဲ့သို့ညီညွတ်မှ လိုသောတရားကို ရနိုင်မည့်အကြောင်းများမှာ၊ပဏ္ဍိတသာမဏေဝတ္ထု၊ မာတိကာ ဒကာမကြီး စတ္ထုတို့ဖြင့် ထိရမည်ဟု ဆိုထိုပေသည်။

အာဝါသော စကုလံ လာဧဘော၊ ဂဏ္ဍော ကမ္မဉ္စ ပဉ္စမံ။
အဒ္ဓါနံ ညာတိ အာမာဧဝေ၊ ဂဇ္ဈော ဣဒ္ဓိတိ ဧဝသ။ ။
ဝိသုဒ္ဓိမဂ်အဋ္ဌကထာ

အာဝါသော၊ နေရာကျောင်းဂုင်း။ ကုလံစ၊ အလုပ်အကျွေးဂုင်း။ လာဘောစ၊လာဘ်လာဘဂုင်း။ဂဏ္ဍောစ၊အပေါင်းအဖော်ဂုင်း။ ပဉ္စမံ၊ ၅-ခုမြောက်။ ကမ္မဉ္စ၊ အမှုသစ်ဂုင်း။ အဒ္ဓါနံစ၊ ခရီးသွားခြင်းဂုင်း။ ညာတိစ၊ ဆွေမျိုးဂုင်း။ အာဗာဓောစ၊ အနာရောဂါဂုင်း။ ဂဇ္ဈော်စ၊ စာသင်ခြင်းဂုင်း။ဣဒ္ဓိစ၊ပုထုဇန်တို့ တန်ခိုးပြခြင်းဂုင်း။ဣတိ၊ဤသို့။တော၊ ထိုပလိဗောဓတို့သည်။ ဒဿ၊ ဆယ်ပါးတို့ပေတည်း။

အဓိပ္ပါယ်ကား၊ ဤတရား ဆယ်ပါးသည်၊ ဝိပဿနာ၏ အနှောင့်အယှက်ပျက်ကွက်တတ်သောကြောင့်၊ပလိဗောဓမည်၏။ဂုင်းဆယ်ပါးသောကိစ္စများကို၊တရားအားထုတ်ဆဲ၌ ပြုလုပ်ခြင်းမရှိရန်၊တရားခွင်သို့ မဝင်မီ ကြိုတင်၍ စီမံထားရ၏။ အဓိပ္ပါယ် အကျယ်မှာ၊ ဝိပဿနာဒီပနီကျမ်း၌ပါရှိပြီးဖြစ်၍၊ ဤကျမ်း၌အဖြက်မျှရေးလိုက်ပေသည်။

အာဝါသော ဂဂါစရော ဘဿံ၊ပုဂ္ဂလော ဘောဇနံ ဥတု။
ဣရိယာပထောတိ သတ္တေ ဧတေ၊ အသပ္ပါယေ ဝိဝဇ္ဇယေ။ ။

အာဝါသော၊ နေရာကျောင်းဂုင်း။ ဂေါစရောစ၊ ဆွမ်းခံရွာဂုင်း။ ဘဿံစ၊ စကားပြောခြင်းဂုင်း။ ပုဂ္ဂလောစ၊ အတူနေ ပုဂ္ဂိုလ်ဂုင်း။ ဘောဇနံစ၊ အစာ အာဟာရဂုင်း။ ဥတုစ၊အပူ,အအေးဂုင်း။ ဣရိယာပထောစ၊ သွား,ရပ်,ထိုင်,အိပ်သော ဣရိယာပုထ်ဂုင်း။ဣတိ၊ဤသို့။သတ္တ၊ ၇-ပါးကုန်သော။ တေ အသပ္ပါယော၊ ထိုကမ္မဋ္ဌာန်းနှင့် မလျော်ပတ်သည်တို့ကို။ ဝိဝဇ္ဇယော၊ ရှောင်ကြဉ်ရာ၏။

အဓိပ္ပါယ်ကား၊ ဤတရား ၇-ပါးသည်၊ ကမ္မဋ္ဌာန်းအလုပ် ဆုတ်ယုတ်သော သဘောဖြစ်၍၊ မသင့် မလျော်သောကြောင့်၊ အသပ္ပါယမည်၏။ ကမ္မဋ္ဌာန်းအလုပ် တိုးပွားစေသော သဘောသည်၊ သင့်လျော်သောကြောင့်၊သပ္ပါယမည်၏။တရားအားထုတ်ဆဲ၌၊အသပ္ပါယ ၇-ပါးကို ရှောင်ကြဉ်၍၊ သပ္ပါယ ၇-ပါးကိုမှီဝဲရမည်။ အသပ္ပါယ ဖြစ်လျှင်၊ ဆင်းရဲ ကြာမြင့်တတ်၍၊ သပ္ပါယဖြစ်လျှင်၊ ချမ်းသာ လျင်မြန်တတ်၏။

ၵင်းအကြောင်းသည်၊ဝိပဿနာဒိပနီဌ ပါဂိုပြီးဖြစ်၍၊ဤကျမ်းဌ အဖြက်မျှ ရေးလိုက်ပေသည်။

အထူးအားဖြင့်ကား၊ သပ္ပါယဟူသည်၊ တရားအားထုတ်ဆဲ ဖြစ်သော ပေသာဂိပုဂ္ဂိုလ်၏ စိတ်ဌ၊ အလိုဆန္ဒဖြစ်ပေါ်ရာကို၊ ပြည့်စုံစွာရှုသုံးစွဲရခြင်းသည်၊သပ္ပါယကို မှီဝဲသည်မည်၏။ပေသာဂိပုဂ္ဂိုလ်၏ စိတ်ဌ၊ အလိုဆန္ဒဖြစ်ပေါ်ရာကို၊ တောင့်တခြင်း ဖြစ်ပါလျက် မရရှိဘဲ၊ အလိုမကျသော အရာများနှင့်သာ တွေ့ကြုံများ၍၊ ၎င်းကိုပင် သုံးစွဲရခြင်းသည်၊ အသပ္ပါယကို မှီဝဲသည်မည်ပေ၏။

ဤဆိုခဲ့သောအဓိပ္ပါယ်ယူဆပုံသဘောမှာ၊ယခုအခါ များစွာသော ရဟန်းရှင်လူတို့၏ သဘော အယူအဆနှင့်၊ များစွာမှ ကွာခြားသဖြင့်၊ ရုတ်တရက် ယုံကြည်ချက်မရနိုင်ပေ။ သို့ဖြစ်၍၊လောကကို မလိုက်ဘဲ၊ သဘာဝဆိုက်၍၊ တိုက်ရိုက်ဖြောင့်မှန်သောအားဖြင့် မှတ်သားဆင်ခြင်နိုင်ကြစေရန်၊ဘောဇ္ဈင်ခေါ်သော အစာဒမာဟာရနှင့်စပ်သည့်၊ဘောဇနသပ္ပါယတရားကို ရေးသား ပြဆိုပေအံ့။

တရားအားထုတ်ဆဲ ပုဂ္ဂိုလ်သည်၊ အထူး စားလိုသော စိတ်ဖြင့်၊ အာဟာရကို တောင့်တ ငြားအံ့၊သည်းခံပယ်ရှားရမည်။စားလျှင် လောဘဖြစ်သည်ဟု များစွာသော ရဟန်းရှင်လူတို့က၊ထင်မှတ်စွဲယူ၍ ပြောကြားတတ်ကြကုန်၏။ ယခုလိုပြောဆိုကြရာမှာ၊ အာဟာရ၌ အရသာထက်လျှင်၊ တဏှာလောဘများ၏။ အရသာ နူန့်လျှင်၊ တဏှာ လောဘနည်း၏ဟု ယူဆသောကြောင့် ဖြစ်ပေသည်။

ထိုကဲ့သို့ယူဆကြသဖြင့်၊ အချို့မှာ ဂုနီးသတ္တဝါအသား ရှောင်၏။ အချို့မှာ ရေသတ္တဝါအသားရှောင်၏။အချို့မှာကုနီးရော,ရေပါအသားဟူသမျှကို အကုနရှောင်၏။အချို့မှာ သစ်ဥ, သစ်ဗျ, သစ်သီး, သစ်ရွက်ကိုသာစား၏။ အချို့မှာ ၇-ရက်မှတခါ၊ ၁၀-ရက်, ၁၅-ရက်မှတခါစားသည်ဟုကျင့်၏။ အချို့မှာ အစာလုံးလုံး မစားဘဲ ကျင့်သည်ဆို၏။ ယခုကဲ့သို့ အယူရှိသူတို့သည်၊ အစာကိုများများရှောင်လေ၊ ကုသိုလ်များများရလေ၍၊ နိဗ္ဗာန်ကိုရ၏။ အသားနှင့် အစာကို မရှောင်လျှင်၊ ဝဏ်ဏဿစသော အကုသိုလ်များ၍၊ နိဗ္ဗာန်ကို မရနိုင်ဟု ယူဆကြ၏။

ယခုကဲ့သို့ ယူဆကြသည်မှာ၊ အချို့က ကောင်းတာကို ပယ်ရှားသော၊ သလွေခတရားထင်၏။အချို့က ဆားဟင်း,ဝဲငန်ပြာရည်မျှားနှင့် စားသဖြင့်၊ အပ္ပကိစ္စ တရားထင်၏။ အချို့က ရှေးသာသနာပ အခါ၊ ဘုရားလောင်းစသော ရသေ့မျှား ကျင့်ကြ၍၊ ကောင်းသော တရားဟု မှတ်ထင်ကြ၏။ သက်သတ်လွတ် စားသည်ကို တရား၊ အစားနည်းပါး ခြင်းလုံး,လုံးမစားခြင်းကို တရားဟုထင်ကြ၏။

ဇလေန ဘဝတိ ပက်ံ၊ ဇလေနဝ ဒိသုဏ္ဍတိ။
စတ္တေန ဘဝတိ ပါပံ၊ စတ္တေနဝ ဒိသုဏ္ဍတိ။ ။

ဓမ္မပဒ

ဇလေန၊ ရေကြောင့်။ ပက်ံ၊ ဆိုးညွှံသည်။ ဘဝတိ၊ ဖြစ်ပေါ်လာ၏။ တံ ပက်ံ၊ထိုဆိုးညွှံကို။ဇလေနေဝ၊ရေဖြင့်သာလျှင်။ ဒိသုဏ္ဍာဟိ၊စင်ကြယ်၏။စတ္တေန၊စိတ်ကြောင့်။ပါပံ၊ယုတ်မာသောအကုသိုလ်သည်။ဘဝတိ၊ ဖြစ်ပေါ်လာ၏။တံ ပါပံ၊ထိုယုတ်မာသော အကုသိုလ်ကို။ စတ္တေနေဝ၊ စိတ်ဖြင့်သာလျှင်။ ဒိသုဏ္ဍတိ၊ စင်ကြယ်လေ၏။

ဤဒေသနာတော်၏ အဓိပ္ပါယ်အရမှာ၊အကုသိုလ်ကိလေသာသည်၊ စိတ်ကြောင့်ဖြစ်သည်ဆိုသဖြင့် အထက်၌ပြဆိုခဲ့သော အစာကို ရှောင်ကြဉ်မှု၊ ပယ်ရှားမှု ပြုကြသည်မှာ၊ ရုပ်ကြောင့် ကိလေသာ ဖြစ်သည်ဟူသော၊ အဓိပ္ပါယ်မျိုးကို ယူဆရာကျနေသဖြင့်၊သဘာဝဓမ္မနှင့် မသင့်ဖြစ်နေပေ၏။

ရသံ ဘိက္ခဝေ နာတ္ဝာကံ တံ ပဇဟထ။
တံ ဝေါ ပဟိနံ ဟိတာယ သုခါယ ဘဝိဿတိ။ ။

ဘိက္ခဝေ၊ရဟန်းတို့။ ရသံ၊အရသာသည်။နာတ္ဝာကံ၊သင်တို့၏ဥစ္စာမဟုတ်။တံ၊ ထိုသင်တို့၏ ဥစ္စာမဟုတ်သော အရသာကို။ပဇဟထ၊ပယ်စွန့်ကြကုန်လော။ တံ၊ ထိုသင်တို့၏ ဥစ္စာ မဟုတ်သော အရသာကို။ ပဟိနံ၊ပယ်စွန့်ခြင်းသည်။ဝေါ၊ တုမှာကံ၊ သင်ချစ်သို့ ချစ်သားတို့အား။ ဟိတာယ၊ အကျိုး စီးပွား မျှားခြင်းငှါ။ သုခါယ၊ ချမ်းသာခြင်းငှါ။ ဘဝိဿတိ၊ ဖြစ်ရပေလိမ့်သတည်း။

ဤဒေသနာတော်၏ အဓိပ္ပါယ် အရမှာကား၊ ကမ္မဋ္ဌာန်း' အားထုတ်သော ယောဂီပုဂ္ဂိုလ်သည်၊ အရသာကို စွန့်ပယ်ရမည်ဟု လာရှိပေ၏။

အထက်၌ ပြဆိုခဲ့သော၊ အစာရှောင်ကြဉ်မှု ပြုကြသည်မှာ၊ အာဟာရကို ပယ်ကြပေ၏။ ၎င်းတို့၏သဘောမှာ၊ အရသာသည်၊ အာဟာရက ဖြစ်၍၊ အရသာကို မပယ်တတ်သဖြင့်၊ အာဟာရကို ပယ်ကြသောကြောင့်၊ သဘာဝမမှန်ခြင်း အဓိပ္ပါယ်ယူဆပုံတို့၊ လွန်စွာမှ ကွာခြားလေတော့သည်။

ယထာဘူတ ကျန၍၊ သဘာဝမမှ ဖြောင့်မှန်သော အဓိပ္ပါယ်ယူဆပုံမှာကား၊ ဝိပဿနာဉာဏ်နှင့်/ ယှဉ်သောစိတ်ဖြင့်၊ အရသာကို ပယ်ရ၏။ ထိုကဲ့သို့မပယ်တတ်လျှင် ဝက်သားစားက ဝက်သားအရသာ၊ ဆားမှကိုစားက ဆားအရသာ။ ရေမှကိုသောက်က ရေအရသာ ဟူသော ပကတိ အရသာထင်၏။ အရသာထင်လျှင် ရသတဏှာဖြစ်၏။

၎င်းရသတဏှာ၌၊ ဝက်သား အရသာ ထင်သော တဏှာက ကြီးသည်၊ ဆားအရသာ ထင်သော တဏှာက ငယ်သည်ဟု မဆိုရပေ။ ဥပမာကား၊ ကျောက်ခဲသည်၊ ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ ရေသို့ပစ်ချလျှင်၊ မြေသို့ ရောက်ကြသည်ချည်း ဖြစ်သကဲ့သို့။ တဏှာမည်သည်၊ ကြီးသည် ငယ်သည်မဟူ၊ အပါယ်သို့ ကျစေသော သဘောတို့မှာ တူမျှကြလေတော့သည်။

အရသာကိုပယ်ပုံအဖြက်ကား။ **"အသိတေ ဒိတေ ခါယိတေ သာယိတေ သမ္မဇ္ဈာန ကာရီ ဟောတိ"** ဟူသတိပဋ္ဌာန်၌လာသောအတိုင်း စားလျှင် စားတယ်၊ သောက်လျှင် သောက်တယ်၊ ခဲလျှင် ခဲတယ်၊ လျက်လျှင် လျက်တယ် ဤသို့မှတ်ရ၏။ ထိုသို့မှတ်လျှင်၊ အရသာကို ပယ်၍၊ အရသာ မထင်သောကြောင့်၊ ကိလေသာတဏှာ မဖြစ်နိုင်ပေ။ ယခုပြဆိုသောသဘောမျှားသည်၊ မယုံကြည်၍ အားမထုတ်သူ၌ မထင်ရှားသော်လည်း၊ ယုံကြည် အားထုတ် ရှုမှတ်သူမျှားမှာ၊ ဝက်သား စားလိုသော စိတ်ဆန္ဒ ဖြစ်၍ စားသော်လည်း၊ ညှန်ပြခဲ့သော နည်းအတိုင်း မှတ်စားလျှင်၊ ဝက်သားအရသာ မထင်၍၊ သာယာမှု-တဏှာ ကင်းစင်လေသည်။

တဖန်၊ အထက်က ပြဆိုခဲ့သော၊ သလ္လေခ တရားထင်၍၊ ခေါင်းပါးသောအကျင့်ဖြစ်ရန် အစာကို ပယ်သည်။ ကိစ္စနည်းသည်ဟု ယူရာ၌၊ ရသမျှနှင့်တင်းတိမ်ရမည်ဆိုသော၊ သန္တုဋ္ဌိတရားသဘောနှင့် ဆန့်ကျင်

၍၊ ကိစ္စပင် များနေပေ၏။ သလ္လေခ ဟူသည်၊ ရသမျှတည်းမှ မိမိက ညှဉ်တာကိုစား၍၊ကောင်းတာကို သူတပါးအား လှူဒါန်းခြင်း ဖြစ်ပေ၏။ ၎င်းပြင် ရသမျှနှင့် ပြီးနိုင်သော သန္တာန်မြို့ ကျင့်သူမှာ၊ ကြောင့်ကြကိစ္စ မရှိပေ။သက်သတ်လွတ် ရှောင်သူမှာ၊ဆားပုလင်း,ဆီပုလင်း,ပဲငန်ပြာ ရည်ပုလင်း၊ပဲဆန်စသော စားနေကြအစာများကို၊ကြံစည်ရ,ရှာဖွေရ, သွားရာသို့ယူရ၊ ပြင်ရ စသော ကိစ္စ များပြားပေသည်။

အထက်ပါ သဘောများအရ၊ ဤဇမ္ဗုက ဝတ္ထုကို သတိပြုကြရာ၏

ဇမ္ဗုကသည်၊ရာဇဂြိုဟ်ပြည်အနီး၊ကျင်ကြီး ကျင်ငယ်စွန့်ရာအရပ်၌၊ အဝတ်မရှိ၊ညှဉ်အခါ ကျင်ကြီးကိုစား၍၊နေ့အခါ၊ခြေတဘက်မြှောက်၊ ပါးစပ်ဟပြီး ကောင်းကင်သို့ မော်ကြည့်နေ၏။ သူတပါးက မေးလျှင်၊ အစာကိုမစား၊ လေကိုသာစား၏။ မြေပြိုမည်စိုး၍ ခြေတဘက်မြှောက်၏ဟု ပြော၍ ၁၅-နှစ်တိုင်တိုင် နေ၏။ အင်္ဂါတိုင်း၊ မဂဓတိုင်းသားတို့သည်၊သူတော်ကောင်း ထင်မှတ်၍၊လစဉ် လတိုင်း၊ထောပတ်,တင်လဲ, ပျားရည် စသည်တို့ဖြင့် ကန်တော့ကြ၏။ ဇမ္ဗုကသည်၊ သမန်းမြက်ဖျားဖြင့် ကော်၍၊ လျှာသို့တင်ပြီးလျှင်၊ သွားကြတော့ ကုသိုလ်ဖြစ်လောက်ပါပြီဟု ပြောရာ၊လူမျှားမှာ၊ သာ၍ပင် ကြည်ညိုကြလေ၏။

တညှဉ်၌၊မြတ်စွာဘုရားကြွလာ၊ မိုးသဲ့ရွာ၍ နေရာသန့်ပြန့်၏။ထိုနေရာသို့၊ နတ်သိကြား၊ ဗြဟ္မာတို့ ဆည်းကပ်၍၊ မိုးသဲ့လင်းသော် ညကအရောင်အလင်းကို ဇမ္ဗုကမေး၍၊ မြတ်စွာဘုရား မိန့်တော်မူပြီး၊ ဇမ္ဗုက သင်သည် ကဿပ ဘုရားလက်ထက်၌ ရဟန်းဖြစ်၍၊ကုလမစ္ဆရဖြင့်၊ ရဟန္တာအား၊ ဒါယကာလူသော ဆွမ်းထက်၊ မစင်ကို စားခြင်းက မြတ်သေး၏ဟု ပြစ်မှားသော ဝစီကံဖြင့်၊ ဘုရား ၂-ဆူ အကြားငရဲလားပြီး၊ ယခု ကံကြွင်း အတွက်၊ မစင်ကိုစား၍ နေရပါလျက်၊ အဘယ့်ကြောင့် လူမျှားကို လှည့်စားပြန်သနည်းဟု ဆုံးမ၍ ဇမ္ဗုက ကို ဇဟိဘိက္ခု ရဟန္တာဖြစ်စေ၏။

မာသေ မာသေ ကုသဂ္ဂေန၊ မာလော ဘုဇ္ဇေယျ ဘောဇနံ။
နာ သော သန်္ခတဓမ္မာနံ၊ ကလံ အဋ္ဌိတိ သောဠသိံ။ ။

ဗာလော၊သူမိုက်သည်။မာသေ မာသေ၊လတိုင်း လတိုင်း။ကုသဂ္ဂေန၊ သမန်းမြက်ဖျားဖြင့်သာလျှင်။ ဘောဇနံ၊ ဘောဇဉ်ကို။ ဘုဇ္ဇေယျ၊ စားငြားအံ့။ တထာပိ၊ထိုသို့ တလမှတခါ၊ သမန်းမြက်ဖျားဖြင့်စား၍ ကျင့်

သော်လည်း။သော ဗာလော၊ ထိုသူမိုက်သည်။ သခ်ါတာဓမ္မာနံ၊ သိအပ်သော တရားရှိကုန်သော။ ပဂ္ဂလာနံ၊ ပုဂ္ဂိုလ်တို့၏။ သောဋ္ဌသိ ံ ကလံ၊ နှစ်ရှဉ်းဆယ်ခြောက်စိပ် စိပ်၍ တဈိပ်ကိုမျှ။နှ အဿ တိ၊အဘိုးမထိုက်ပေ။ ။ဒေသနာဇေးဆိုးခွ၊ဇမ္ဗုကာ ကို ကနှတော့လေးကြသော၊ ပရိသတ် ရှစ်သောင်းလေးထောင်ကျတ်၏။

၍သို့စသည်ဖြင့်၊ ဓမ္မပဒဋ္ဌလာရှိသော ဝတ္ထုကို ထောက်ဆ၍၊ ယခုကာလ၌၊အဝတ်ဖြိုးခြံ အစားဖြိုးခြံ သူတို့ဂုဏ်း၊ လုံးလုံး မဝတ်၊ လုံးလုံး မစားသူတို့ဂုဏ်း၊ ထိုအကျင့်မျိုးကို သူတော်ကောင်း တရားထင်၍၊ အလွန်ပင်ကြည်ညို ကိုးကွယ်ကြသူတို့ဂုဏ်း။မိမိတို့ပြုသောကံ အကြောင်းကို၊ ဆိုးသည် ကောင်းသည်၊ ပြန်ပြောင်း စဉ်းစား အကျင့် နည်းလမ်းမမှားစေရန်၊အဖန်ဖန် သတိထားလျက်၊ဉာဏ်အဖြင် ထွားသင့်လှသော အချက်မျှားပေတည်း။

အချုပ်မှာ၊စားလိုသည်ကို အောင့်၍နေလျှင်၊သည်းခံခြင်းပယ်ခြင်းဟု ထင်ရှဋ္ဌကား၊ စားလိုခြင်း၊ စားခြင်းသဘောသည်၊ အရသာနှင့် ဇီဝဂါဝိညာဏ် ဟူသော၊ အကျိုး နာမ်ရုပ် တရားတို့ နောက်က အကြောင်းကြောင့် ဖြစ်သည်ကို၊ အောင့်၍သည်းခံပယ်လျှင်၊ကိုယ့်သဘောဖြစ်၍၊ သူအလိုအတိုင်းဖြစ်သောဒဇာကို၊မစားရလျှင်မဝသကဲ့သို့၊အာလယမပြေ၊တင်းမတိမ်ဖြစ်နေ၍၊ သမာဓိ မရသဖြင့်၊ဝိပဿနာဉာဏ်ပေါ်ခဲလှက်ဆင်းရဲလေ၏။ထို့ကြောင့်ဘောဇနဋ္ဌ၊အသပ္ပါယ ဖြစ်လေတော့၏။

တဖန်သိရှိရန်မှာ၊အလိုရှိရာကို စားရခြင်းသည်၊ အာဟာရဋ္ဌ မျှတအာလယပြေ၍၊ တင်းတိမ် အားရ၊ ကြောင့်ကြမရှိ၊ သမာဓိ ရသဖြင့်၊ ဝိပဿနာဉာဏ် ပေါ်လွယ်လျက်၊ချမ်းသာရလေ၏။ ထို့ကြောင့်၊ ဘောဇနဋ္ဌ၊ညီမျှသော၊ သပ္ပါယ တရားဖြစ်လေတော့သည်။ ယခုပြဆိုခဲ့သော အဓိပ္ပါယ် ယူဆပုံသဘောမျှားကို၊ အောက်ပါဝတ္ထုတို့ဖြင့် မှတ်သားအပ်လေ၏။

ဘုရားရှင်လက်ထက်က၊ပဏ္ဍိတသာမဏေ၊တရားအားထုတ်ဆဲမှာ၊ ဝိပဿနာဉာဏ် တက်လာသဖြင့်၊ ဆွမ်းခံသွားဆဲပင်၊ ဆရာဖြစ်သော အခှင် သာရိပုတ္တရာအား၊ ယနေ့ ဆွမ်းခံမသွားလိုကြောင်း၊ ငါးကြင်းသား စားလိုကြောင်း ရှိရှိအောင် ဆွမ်းခံခဲ့ပါဟု လျှောက်ထား၏။ ထို အခါ အခှင်သာရိပုတ္တရာက၊ သင့်ကုသိုလ်ကံကြောင့်ဌင်း၊ ငါ့ကုသိုလ်ကြောင့်ဇင်း၊ ရနိုင်ဘွယ် ရှိသင့်ရာ၏ဟု မိန့်တော်မူသည်။

ရင်းသဘောသည်၊ ပဏ္ဍိတ သာမဏေ၊ ကဿပဘုရားလက်ထက်၊ မဟာဒုက် ဖြစ်စဉ်က၊ ကဿပဘုရားရှင်၏ မြသင်္ဘိတ်ကိုရ၍၊ ငါးကြင်းသားနှင့်ဆွမ်းလှူခဲ့ခြင်းသည်၊အကြောင်းဖြစ်၏။ယခု ပဏ္ဍိတသာမဏေဘဝ၌၊တရားအားထုတ်ဆဲအခါ၊ ငါးကြင်းသားစားလိုခြင်း၊ ရှင်သာဂိပုတ္တရာ ငါးကြင်းသား ပါလာ၍ စားရခြင်းသည်၊ အကျိုးဖြစ်၏။ ယခုအခါ၊ သက်သတ်လွတ်သမားနှင့် လွန်စွာ ဆန့်ကျင်ပေသည်။

ထိုမှတဖြာ ရာဇဂြိုဟ်ပြည် အနီး၊ မာတိကာရွာကြီး၌ တရားအားထုတ်သောရဟန်းများ တရားမရနိုင်ဖြစ်နေ၏။မာတိကာဒကကြီးက၊ လျှင်မြန်စွာ အသိဉာဏ်နှင့် တက္ခ၊ အနာဂါမ် ဖြစ်၍၊ အဘိညာဏ်နှင့် ကြည့်သော ကာလ၌၊ စားဆူငရဲကို မစား၍၊ ဘောဇနသပ္ပါယ မမျှ၍၊ တရားမရနိုင်သည်ကို မြင်သဖြင့်၊အလံ့ဂိုသော အာဟာရကို ချက်ပြုတ်ဆွမ်းကပ်၍၊ စားချင်တာကို စားရသော၊ ဘောဇနသပ္ပါယ မျှတမှု၊ မဂ်ဖိုလ်ကို ရကြလေသည်။

ယခု ပြဆိုခဲ့သော၊ ဘောဇနသပ္ပါယ၊ အရိယာဖြစ်ရန် ကျင့်ကြံကြသော၊ တပည့် သာဝကတို့ကိုသာ ဘုရားရှင် ဟောကြားတော်မူသည် မဟုတ်သေး။ ဘုရားဖြစ်ရန် ကျင့်ကြံတော်မူသော၊ အလောင်းတော်မြတ်ကြီးသည် ပင်လျှင်၊ အာဟာရကို ရှောင်ကြဉ်သော အကျင့်မှ၊ ကိလေသာခေါင်းပါးမည် ထင်၍။ ၆-နှစ်တိုင်တိုင် ဘောဇဉ်ကိုဖြတ်၍၊ သစ်ရွက်,သစ်သီးတို့ကို မှီဝဲခြင်း။ တဖန်၊သစ်သီးရှာသော နေရာကျယ်သည်ကို၊လောဘများသည် ထင်ပြီး၊အရပ်ကို ပိုင်းခြားခြင်း၊ တောကို ပိုင်ခြားခြင်းဖြင့်၊ မှန်းသော အရပ်က ရမှ မှီဝဲမည်၊ မရလျှင်မမှီဝဲဟူ၍ ၎င်း၊လောဘနည်းမည် အထင်ဖြင့်၊ ချုံးကျဉ်း၍ ကျင့်ပေ၏။

တဖန်၊ထိုင်လျက်၊လက်လှမ်းမှီရမှ စားမည်။အိပ်လျက်၊ လက်ပေါ်ရောက်မှ စားမည်။ ပါးစပ်ထဲ ကျမှ စားမည်။ ဤသို့ အာဟာရကို ချုံးကျဉ်း၊ရှောင်ကြဉ်ပြီး၊ ဓိဋ္ဌာန်၍ပင် ကျင့်တော်မူရာ၊ သဗ္ဗညုတဉာဏ်ကို မတွေ့ဘဲ၊ အရိုးပေါ်အရေတင်မျှ၊ ကြိုးလို့ ညှိုးနွမ်းလျက်၊ ပင်ပန်းဆင်းရဲနေသော၊ဒုက္ကရအကျင့်မျှသာရှိနေသဖြင့်၊ သိကြားမင်းဆင်းပြီး၊ စောင်းကြိုးကို၊လျော့ဘိုးခြင်း၊တင်း၍တိုးခြင်း၊မလျော့မတင်း တိုးခြင်းများကို ပြုသော်၊ အလောင်းတော်က၊ မလျော့မတင်း တိုးတာကို သဘောကျ

သည်ဆို၍၊ အကျင့်ကိုလည်း၊ မလျော့မတင်း ကျင့်ရပါသည်ဟုလျှောက်မှ၊ အာဟာရ ဘောဇဉ်ကို မှီဝဲကျင့်၍ သဗ္ဗညုတညာဏ်တော်ကို ရသဖြင့်၊ သပ္ပါယကို ဟောတော်မူသည်။

ယခုကာလ အချို့ပုဂ္ဂိုလ်များလည်း၊ သဒ္ဓါများ ပညာနည်းပါးသဖြင့်၊ ဒုက္ကရအကျင့်မျိုးကို မြင့်မြတ်သည် ထင်ပြီး။ အစာနှင့်စပ်၍၊ အရပ်ကို မိန္ဒာန်ပိုင်းခြား၊ အိမ်ကိုမိဌာန် ပိုင်းခြားဖြင့် ကျင့်လျက်၊ တရားဘက်မှာပင်လျှင်၊ တရားတရားကို ဓိဋ္ဌာန်ခြင်း၊ အချိန်ကို ဓိဋ္ဌာန်ခြင်း၊ ဣရိယာပုထ်ကို ဓိဋ္ဌာန်ခြင်းစသည်ဖြင့်ကျင့်ကြလေရာ၊ မလျော့ မတင်းဟူသော မဇ္ဈိမပဋိပဒါနှင့်၊ လွန်စွာမှ ကွာခြားသဖြင့်၊ အထူးပင် စဉ်းစားသတိထားမှ မှောက်မှားခြင်း ကင်းလွတ်နိုင်ပေသတည်း။

တဖန်၊ ဤဘောဇနသပ္ပါယ၌၊ အထူးပင်သတိပြုကြရန်မှာ၊ သက္ကရောဇ် ၁၂၄၅-ခု၊ ၅၀-ပြည့်လောက်မှ၊ ၆၀-၈၀ ခုနှစ်နီးနီးသို့ရောက်အောင်သော ကာလအတွင်း၌၊ မြန်မာပြည်တွင် ဘုရားငယ်တဆူမျှ၊ ထင်ရှားကျော်ကြား လှသော၊ ဘုန်းတော်ကြီး ဦးသိလသည်၊ ရှေးအခါက၊ သက်သတ်လွတ် စားခြင်းသည်၊ လောဘတဏှာ၊ ကိလေသာနည်းပါးကုသိုလ်ပွားသည်။ သက်သတ်စားခြင်းသည်၊ လောဘတဏှာ၊ ကိလေသာများ၊ အကုသိုလ် ပွားသည်ဟု ယူ၍၊ ဒိဗ္ဗိလည်း ကျင့်၊ တပည့်ဒကာများကိုလည်း ဟောကြား ဆုံးမတော်မူခဲ့ပေသည်။

ဂုဏ်နောက် ဒုတိယရွှေကျင်သာသနာပိုင်၊ မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးနှင့်တွေ့ဆုံကာ အတူသာသနာပြုများ၍၊ လျှောက်ထားသောအခါ၊ အထက်ပါ ဘောဇနသပ္ပါယနှင့် စပ်သော၊ အဓိပ္ပါယ် သဘောသွား၊ ဝတ္ထုများကို ထောက်ထား၍၊ နောက်ကအယူကို ပယ်ရှားလျက်၊ ရောဂါအတွက်ဂုဏ်း၊ အလေ့များ၍ စားမဖြစ်သော်ဂုဏ်း၊ သက်သတ်လွတ်ကိုမှီဝဲရာ၏။ စားလျှင် အကုသိုလ်များ၊ မစားလျှင် ကုသိုလ်ပွားဟူသော အယူမှ ကင်းကြရာ၏။ ဆရာတော်မှာ၊ အလေ့ကြာ၍ သက်သတ်လွတ်ကို စားသော်လည်း၊ ရှေးအခါကဲ့သို့ အယူမရှိပြီဟူတွေ့ကြုံသော တပည့် ဒကာများကို မိန့်ကြားတော်မူခဲ့ပေ၏။

ထိုမှတပါးလည်း၊ ဥတုသပ္ပါယနှင့် စပ်၍၊ သတိပြုအပ်သည်မှာ၊ အရည၀တော၀ါ၊ ရုက္ခမူလ၀တော၀ါ၊ သုညာ၀ါရ၀တော၀ါ၊ ဟူသော

ဒေသနာတော်များ အရ၊ အချို့သော ပုဂ္ဂိုလ်များက၊ ကမ္မဋ္ဌာန်း အား ထုတ်ဆိုတာ၊ ဖြိုရွာနှင့်ဝေးကွာသော၊ တောကြီး, တောင်ကြီး၊ သစ်ပင် ကြီးများနှင့်၊ လိုဏ်ဂုဟအတွင်းတို့၌နေမှ၊ ဆိတ်ငြိမ်သည်ထင်ပြီး၊ အားကြီး သော သန္ဓိဖြင့်သာ နေထိုင်၍၊ သပ္ပါယ်ကို သိသော ဉာဏ်ပညာမရှိသ ဖြင့်၊ ဥတုနှင့် မသင့်၍ အကျင့်ပျက်ပြား၊ ညောင်းညာ ဖျားနာခြင်း စသော အနှောင့်ရှယ်များနှိပ်စက်လေရာ။တသက်မှာ လူစဉ်မမြိန်ခဲသော ရောဂါသည်ကြီးဖြစ်ပြီး၊ လောကီစီးပွား, လောကုတ္တရာစီးပွား နှစ်ပါး တို့မှ၊မရှုမလှ နစ်နာပျက်စီးကြသူတို့၊ လွန်စွာမှ များပြားသဖြင့်၊ အဆုံး ပင် သတိထားသင့်ပေသည်။

ဝနံ ဆိန္ဒထ မာရကံ့။ ။ဝနံ၊ကိလေသာဟူသော တောကို။ဆိန္ဒထ၊ ဖြတ်ကြကုန်လော။ ရကံ့၊သစ်ပင်ဟူသော တောကို။မာဆိန္ဒထ၊မဖြတ် ကြပါကုန်လင့်။ ။ဤသို့လာသော ဒေသနာ၌၊တော-ဟူသည်၊သစ်ပင် တောကိုမဆို၊ ကိလေသာကောကို ဆိုသဖြင့်၊ ဆိတ်ငြိမ်ရာ-ဟူသည် လည်း၊ အသံဆိတ်ငြိမ်ရာကို မဆို၊ကိလေသာ ကင်းဆိတ်သည်ကိုသာ ဆိုရပေသည်။ဤနေရာ၌ ခဲခြားလိုပါလျှင်၊ တော, တောင်, လိုဏ်, ဂုဟ, ဟူသော ဌာနများသည်၊ သမထ ကမ္မဋ္ဌာန်းအားထုတ်ရန်ဖြစ်၏။ ၎င်း သည်ပင်၊ အင်္ဂုတ္တရဥတုနှင့် ဗဟိဒ္ဓဥတု၊ သင့်,မသင့်ကို ထောက်ချင့်ပြီး။ သင့်မျှ၍ စိတ်ကြည်လင် တရားတွင်သော်၊သပ္ပါယ်ဖြစ်၏။ မသင့်မျှ၍ စိတ်မကြည်လင် တရားမတွင်သော်၊ အသပ္ပါယ်ဖြစ်၏။ ဝိပဿနာမှာ၊ နေရာမရွေး ဖြစ်နိုင်သည်ဟု မှတ်ယူပါလေ။

သို့ဖြစ်၍၊ ယခုအခါ အရိယာဖြစ်လိုသူများသည်၊ရှေးအခါ အရိယာ တို့ နည်းလမ်းအရကို၊မလွန်မယုတ် မယွင်းမမှားအောင် ကျင့်ဆောင် အားထုတ်ကြရာသတည်း။

ပလိဗောဓ-သပ္ပါယ်ကို ဝတ္ထုများနှင့် ပြဆိုခြင်းပြီး၏။

သုမင်သင်ခြင်း စသည်ကို ပြခြင်းအဝိုင်း ဝိသောဓနပဗ္ဗပြီး၏။

မင်္ဂလိုလန်ဒ္ဒဝန်ရဂု၊ ဘကျင့်သိက္ခာတို့ကို ပြခြင်းအပိုင်း

၅-သီလပဒ္ဒ။

သိက္ခာ ၃-ပါး၊ သုဒ္ဓိ ၇-ပါးနှင့် သီလ ၃-ပါးတို့ကို ပြကိုခြင်း

၁—သီလ သမာဓိ၊ ပညာရှိ၊ အဓိသုံးသိက္ခာ။
၂—မစုံလင်က၊ မင်္ဂမရ၊ ဆိုကြမျှားသည်သာ။

ဤသံပေါက်လက်ာများ၏ အဓိပ္ပါယ်မှာ၊ မင်္ဂလိုလန်ဒ္ဒဝန်ကို ရစေခြင်းငှါ၊ ဝိပဿနာကမ္မဋ္ဌာန်းတရားကို အားထုတ်ကြသောသူတို့သည်၊ သီလ, သမာဓိ,ပညာ ဟူသော အဓိသိက္ခာ ၃-ပါးလုံးကို၊ ပေါင်းရုံး၍ အားထုတ်ကြရမည်။ ၎င်းသိက္ခာ ၃-ပါးမပြည့်စုံလျှင်၊ မင်္ဂလိုလ်ကိုပင် မရနိုင်ကြောင်းဖြင့်၊ မျှားစွာသော ရဟန်းရှင်လူတို့က ပြောကြားကြသည်ဟု ဆိုလိုပေ၏။

ထိုအဓိပ္ပါယ်၏ အရကို၊ အမျှားတို့ ယူဆကြသည်မှာ၊ ဒေသနာတော်၌ သီလ,သမာဓိ,ပညာ၊ ၎င်း ၃-ပါးကို ကျင့်အပ်သောကြောင့်၊ သိက္ခာ ဟူ၍ဖြင်း။ ဆုံးမအပ်သောကြောင့်၊ သာသနာ ဟူ၍ဖြင်း။ ကျမ်းဂန်တို့၌၊ ၅၅၊ နောက်ဟူသော အစဉ်ထား၍ လာရှိပေ၏။ ထိုအစဉ် အတိုင်း၊သီလကို ရှေးဦးစွာ အားထုတ်ရမည်၊ သီလပြည့်စုံမှ သမာဓိကို အားထုတ်ရမည်၊ သမာဓိပြည့်စုံမှ ပညာကို အားထုတ်ရမည်။ အစဉ်ကို ကျော်၍ အားထုတ်လျှင် မရဟုဆိုလို၏။

ယခုကဲ့သို့ ယူရာ၌ သီလက အရေအတွက်မည်မျှဟူ၍ဖြင်း၊အဘယ်လို အဘယ်မျှ ပြည့်စုံ လုံခြုံရမည် ဟူ၍ဖြင်း၊ ဘယ်မျှ, ရက်, လ, နှစ် ဟူသော ကာလ ဒေသဝိုင်း အခြား တည်ရမည် ဟူ၍ဖြင်း၊ ပြဆိုခြင်းမရှိလေရာ။ အစဉ်အလာဟူသည် ပညတ်ဖြစ်၍၊ ၎င်းသီလမှာ ပညတ်ကို အာရုံပြုခြင်း၊ သမာဓိလည်း ပညတ်ကို အာရုံပြုခြင်းဖြစ်၍၊ ဝိပဿနာနှင့် မဆိုင်။

အထက်ပါသံပေါက်လက်ာ၌ ပညာဟူသည်၊ ဝိပဿနာ ပညာကို ဆို၍၊ အာရုံမှာ ပရမတ်သဘောကို ယူရပေ၏။ ဤကဲ့သို့ ပညာက၊ ပရမတ်အာရုံယူလျှင်၊သမာဓိ, သီလတို့ကလည်း၊ပရမတ်ကိုပင် အာရုံပြုကြရသဖြင့်၊ ဝိပဿနာအရာ၌၊ ၅၅,နောက် အစဉ်အလာ ဟူသော

ပညတ်သို့လိုက်၍၊တခုပြီးမှ တခုဟူသောကာလမခြားဘဲ၊စိတ်တချက်၌ တပြိုင်နက် ပြီးစီးပေ၏။

တဖန်၊နိဗ္ဗာန်သွားလမ်း ကမ္မဋ္ဌာန်းသည်၊သမထယျာနိက ဝိပဿနာယျာနိကဟု ၂-မျိုး၂-စား ရှိလေရာ၊ သမထယျာနိက နည်းလမ်းမှာ၊ ပညတ်ကမ္မဋ္ဌာန်း ၄၀-တွင်၊ တခုခုသော ကမ္မဋ္ဌာန်း ပညတ်အာရုံကို၊ ရှေးဦးစွာစိတ်သည် သမာဓိဖြစ်ရန် ယူ၍၊ နောက်မှ ဝိပဿနာဘက်သို့ တဖန်လိုက်ရပြန်လေသည်။

ဝိပဿနာယျာနိက နည်းလမ်းမှာကား သဇထ ပညတ်အာရုံကိုမယူဘော့ဘဲ၊သတိပဋ္ဌာန်၌လာသော အာရုံလေးပါး၊ဥဒါန်းပါဠိတော်စသည်တို့၌ လာသော အာရုံ ၆-ပါး၊ ၎င်း ပရမတ် အာရုံများကိုသာ ရှုမှတ်သွားရသဖြင့်၊ဝိပဿနာ၌၊သမာဓိ,သီလတို့သည်မတည် ပျက်ကွက်မရှိ၊ အတူပင်ပါကြ၏ဟု ဆိုသိုပေသည်။

၃-လူနှင့်ရဟန်း၊ သီလခက်း၊ ခွဲခြမ်းယူသင့်ပါ။

၅၏သံပေါက်လက်ာ၏ ၈ဝပ္ပါယ်မှာ၊နောက်ကပြဆိုခဲ့သောဝိပဿနာစိတ်တချက်၌၊ **သီလ,သမာဓိ,ပညာ** ၃-ပါးလုံး၊ တပြိုင်နက် တချက်တည်း ပါဝင်ပြီးစီးသော သဘောမှာ၊ ရဟန်းတော်များနှင့် မဆိုင်ဘဲ၊ လူနှင့်သာ ဆိုင်သည်ဖြစ်၍၊ သီလအရာ၌မူကား၊ လူနှင့် ရဟန်းကိုခွဲခြားယူရမည်ဟု ဆိုလိုပေသည်။ အဘယ့်ကြောင့် နည်းဟူမူ၊ လူများအတွက်မှာ၊ သီလအရာ၌၊ ကမ္မ ဆိုရာယ အခေါ်းတွင် ပြဆိုခဲ့ပြီ။ ရဟန်းတော်များ မှာကား၊ ဒေသနာကံ, နိဿဂ်ိကံ, ဝုဋ္ဌာနကံများသီးခြားရှိနေ၍၊ ထိုကံများစင်ကြယ်မှ၊ ပါတိမောက္ခသံဝရ သီလနှင့်ပြည့်စုံသည်ဟု ဝိနည်း၌လာသောကြောင့် ပေတည်း။

ယောစ တတ္ထ သံဝရတ္ထော အယံ အဓိသီလသိက္ခာ၊ ယောစ တတ္ထ အဓိစိတ္တသိက္ခာ၊ ယောစ တတ္ထ ဒဿနတ္ထော အယံ အဓိပညာသိက္ခာ။ ။ပဋိသမ္ဘိဒါမဂ်ပါဠိတော်။

တတ္ထ၊ ထိုတရားတည်းသော ဝိပဿနာစိတ်၌။ ယောစ သံဝရတ္ထော၊ အကြင် စောင့်ရှောက်သောအနက်။ အယံ၊ ဤစောင့်ရှောက်သောအနက်သည်။ အဓိသီလသိက္ခာ၊ အဓိသီလသိက္ခာမည်၏။ တတ္ထ၊ ၌။ ယောစ

အဝိက္ခေပဏ္ဍော၊ အကြင်မပြုန့်မလွင့်သောအနက်။ အယံ၊ ဤမပြုန့်မလွင့်သောအနက်သည်။ အဓိသီလသိက္ခာ၊ အဓိသီလသိက္ခာမည်၏။ တတ္ထ၊ ဒ္ဝိ။ ယောစ ဒဿနဏ္ဍော၊ အကြင်မြင်သောအနက်။ အယံ၊ ဤမြင်သောအနက်သည်။ အဓိပညာသိက္ခာ၊ အဓိပညာသိက္ခာမည်၏။

ဤဒေသနာတော်အရ၊ ရှုမှတ်သော ဝိပဿနာစိတ်၌၊ ကိုယ်,နှုတ်ကြောင့်ဖြစ်သော၊ အကုသိုလ်မဝင်စေရန်၊ လုံခြုံအောင် စောင့်ရှောက်သော-သီလ၊စိတ်မပြုန့်လွင့်ဘဲ မှတ်ဆဲအာရုံ၌ တည်သော-သမာဓိ၊မှတ်သောအတိုင်းမျှကို သိသော-ပညာ။ ၎င်း ၃-ပါးတို့ စိတ်တချက်၌ တပြိုင်နက် ပြီးစီးလေတော့သည်။

ဤကား။ သီလ-သမာဓိ-ပညာ၊ သိက္ခာ ၃-ပါးကိုပြဆိုခြင်းပေတည်း။

၄-သုဒ္ဓိ ၇-ပါး၊ဘစဉ်ထား၊မှတ်သားရဟန်းမှာ။
၅-ဝိနည်းတရား၊လူတို့အား၊မထား၎ဒဿနာ။
၆-သမာဒါန၊သမ္ပတ္တ၊ဆေ၁ ၃-မျိုးလာ။

ဤသံပေါက် လက်ာများ၏ အဓိပ္ပါယ်မှာ၊ သုဒ္ဓိ ၇-ပါး ဟူသော အစဉ်မှာ၊ ရဟန်းများအတွက်ဟု မှတ်ရမည်။ လူများအတွက် ဝိနည်း ဒေသနာတော်မထားဟုမှတ်ရမည်။သီလအရာမှာ ဝိပဿနာနှင့်မှတ်၍၊ သမာဒါနသီလ, သမ္ပတ္တသီလ, သမုဋ္ဌာန်ဒသီလ၊ ၃-ပါးမျှကိုသာ မှတ်ရမည်ဟု ဆိုလိုပေသည်။

ထိုအဓိပ္ပါယ်များအရ၊ သုဒ္ဓိ ၇-ပါးဟူသည်၊ ၁-သီလဝိသုဒ္ဓိ၊ ၂-စိတ္တဝိသုဒ္ဓိ။ ၃-ဒိဋ္ဌိဝိသုဒ္ဓိ။ ၄-ကင်္ခါဝိတရဏဝိသုဒ္ဓိ။ ၅-မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ။ ၆-ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ။ ၇-ဉာဏဒဿနဝိသုဒ္ဓိဟူ အစဉ်အားဖြင့် ၇-ပါးရှိ၏။ သဘောအားဖြင့်ကား၊ စောင့်ရှောက်မှု သီလစင်ကြယ်ခြင်း၊ သိမှုစိတ်စင်ကြယ်ခြင်း၊ အယူစင်ကြယ်ခြင်း၊ ယုံမှားစင်ကြယ်ခြင်း၊မင်ဟုတ်,မဟုတ် အသိအမြင်စင်ကြယ်ခြင်း၊အကျင့်၌ အသိအမြင်စင်ကြယ်ခြင်း၊မင်ဉာဏ်၏အသိအမြင်စင်ကြယ်ခြင်းများဖြစ်၏။

ထိုသုဒ္ဓိ ၇-ပါးတို့တွင်၊လူပုဂ္ဂိုလ်တို့အား ပဿနာစိတ်တချက်၌၊ နောက်ကပြဆိုခဲ့သော၊သီလ,သမာဓိ,ပညာ သိက္ခာ ၃-ပါးပါဝင်သည်

ဆိုသဖြင့်၊ သုဒ္ဓိတရားမှာလည်း၊ အဆုံးလောကုတ္တရာ သုဒ္ဓိတပါးမှ ကြွင်းသော၊ လောကီဝိသုဒ္ဓိ ၆-ပါးသည်၊ ဝိပဿနာစိတ်တချက်၌၊ တပိုင်နက် ကိစ္စအားဖြင့် ပါဝင်လေတော့သည်။

သီလအရာ၌၊ ရဟန်းမှာသာ ဆိုင်၍၊ လူတို့နှင့် မဆိုင်သည်ကား။ ဝိနည်းပညတ်၌လာသော သိက္ခာပုဒ်များသည်၊ အိမ်ရာ မထောင်သော ရဟန်းတို့သာကျင့်ကြံ၍၊ သာသနာတော်ကိုစောင့်ရှောက်နေရ၏။ လူတို့သည်ကား၊ ထိုသာသနာတော်ကို စောင့်ရှောက်ကြသော ရဟန်းတို့အား၊ ဆွမ်း,သင်္ကန်း, ကျောင်း,ဆေးဟူသော ပစ္စည်း ၄-ပါးတို့ဖြင့် ချမ်းသာစွာ စောင့်ရှောက်နိုင်ရန် ထောက်ပံ့ကြရ၏။

ဥပမာကား။ လောက၌၊ တိုင်းပြည် အုပ်ချုပ်သော မင်းက အတွင်း၀န်,အပြင်၀နစသော အမှုထမ်းတို့အား၊ ပြည်သူပြည်သားတို့ လောကီစီးပွါး ရှာဖွေနိုင်ရန် စောင့်ရှောက်စေ၍၊ ပြည်သူပြည်သားတို့က အခွန်တော်ပေး၍၊ အမှုထမ်းတို့ထောက်ပံ့ကြသကဲ့သို့။ သာသနာတော်၌လည်း၊ ရှင်ရဟန်းတို့အား သာသနာတည်ရန်၊ ဝိနည်းကို လူတို့လောကုတ္တရာစီးပွါးအတွက် စောင့်ရှောက်စေ၍၊ ရဟန်းတို့အား လူတို့က ပစ္စည်းလေးပါးဖြင့် ထောက်ပံ့ကြရကုန်၏။

ဝိနယေ ဋ္ဌိတေ သာသနံ ဋ္ဌိတံ။
ဝိနယောနာမ သာသနဿ အာယု။

ဝိနယေ၊ ဝိနည်းသည်။ ဋ္ဌိတေ၊ တည်သည် ရှိသော်။ သာသနံ၊ သာသနာသည်။ ဋ္ဌိတံ၊ တည်၏။ ဝိနယောနာမ၊ ဝိနည်းမည်သည်ကား။ သာသနဿ၊သာသနာ၏။အာယု၊အသက်မည်၏။ ။ဤသို့လာရှိသော အဋ္ဌကထာ စကားအရ၊ အာဂါရိယဟူသော-လူ၏ကိစ္စ၊ အနာဂါရိယဟူသော-ရဟန်း၏ကိစ္စ၊ သာသနာနှင့်စပ်သမျှသော အလုပ်ကို၊ မိမိနှင့်ဆိုင်ရာ တာ၀နဲကြေအောင် ရွက်ဆောင်ကြရလေသည်။

သာဂါရာ အနာဂါရာစ၊ ဥဘော အညောညံ နိဿိတာ။
အာရာဓံယန္တိ သဒ္ဓမ္မံ၊ ယောဂက္ခေမံ အနုတ္တရံ။ ။

အင်္ဂုတ္တိုရ်ပါဠိတော်

သာဂါရာစ၊ ဂရာ၀ါသ, ကိစ္စမြောင်းမြောင်၊ အိုးအိမ်ထောင်ကြကုန်သော လူတို့သည်ဌင်း။နာဂါရာစ၊ဂရာ၀ါသ,ကိစ္စခွါရှောင်၊ သာသနာ့

ဘောင်ခွံနေကြောကုန်သော ရဟန်းတို့သည်ငင်း။ ဥဘော၊ ရဟန်းရှင်လူ ၂-ဦးသောသူတို့သည်။အညောညနိသိတာ၊တဦးကိုတဦးမှီ၍နေကြရ လေကုန်၏။ ဝါ၊ အညောည နိသိတာ၊ တဦးကို တဦး မှီ၍ နေကြကုန် သော။ ဥဘော၊ ရဟန်းရှင်လူ ၂-ဦးသောသူတို့သည်။ ယောဂက္ခေမံ၊ ယောဂ ၄-ပါးတို့၏ ကုန်ရာဖြစ်သော။ အနုတ္တရံ၊ အတုမရှိ မြင့်မြတ် လေဘိသော။ သဒ္ဓမ္မံ၊ နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်း တို့၏ တရားကို။ အာရာပေန္တိ၊ နှစ်သက်ဖွယ်လန်း ကြိုးပမ်းအားထုတ်နိုင်ကြ လေကုန်၏။

တနည်းအားဖြင့်၊သိလသည်၊သမာဒါနသိလ·သမ္ပတ္တသိလ,သမုဒေဿ ဒသိလဟူ၍ ၃-ပါးရှိရာ၊ပကတိ ခံယူသောသိလသည်၊ သမာဒါနသိလ မည်၏။ ဝိပဿနာစိတ်၌ ပါဝင်သောသိလသည်၊ သမ္ပတ္တသိလမည်၏။ မဂ်စိတ်ခဏ၌ ပါသောသိလသည်၊ သမုဒေဿ ဒ သိလမည်၏။ ထိုသိလ တို့ကြောင့်၊ ဝိပဿနာယောဂီသည်။ သမ္ပတ္တသိလပြည့်စုံသဖြင့်၊ ဝိနည်း၌ ၃-ပါးလာသောသိလမျှားသည်၊လူတို့နှင့်မဆိုင်ကြောင်းကံကောင်းစွာ ကြည်သင့်ကြပေသတည်း။

ဤကွာ ၃-ပါး၊သုဒ္ဓိ ၇-ပါးဝိနည်းတရားနှင့် သိလ ၇-ပါးကိုပြဆိုခြင်းပြီး၏။

သိလ ၄-ပါး ဒုဇ္ဈန ၆-ပါးနှင့် ပဉ္စသိလကို အင်္ဂါလိမာလဝဏ္ဏဖြင့် ပြဆိုခြင်း

၇-သိလ ၄-တန်၊ခေါ်ဆိုပြန်၊ကျမ်းဂန်ပြသည်သာ။
ဂ-သမာဒါန၊ စောင့်သိလ၊ မုချမယူရာ။
၉-ဝိပဿနာခဏ၊ပြည့်စုံရ၊သိလသမ္ပတ္တာ။

၅၂သံပေါက် လက်ာများ၏ အဓိပ္ပါယ်မှာ၊ သိလတရားကို တနည်း အားဖြင့် ၄-ပါးပြားကြောင်း ကျမ်းဂန်များ၌ပြဆို၍၊ ထိုသိလတို့တွင် သမာဒါနသိလသည်၊ ဝိပဿနာအရာ၌ မုချမယူရဘဲ ဝိပဿနာရှုမှတ် သောခဏ၌ ပါဝင်သော သမ္ပတ္တသိလကို ယူရမည်ဟု ဆိုလိုသည်။

ထိုသိလများတွင်၊ သိလ ၄-ပါးဟူသည်ကား၊ ၁-ပါတိမောက္ခသံဝရသိလ။ ၂-ဣန္ဒြိယသံဝရသိလ။ ၃-အာဇီဝပါရိသုဒ္ဓိသိလ။ ၄-ပစ္စယသန္နိဿိတသိလဟူ၍ ၄-ပါးလာရှိပေ၏။ ၎င်းသိလသည် ဝိနည်းဒေသနာဌ်လာ၍၊ ရဟန်းတော် များနှင့်သာ မရ ဆိုင်သည်ဟု မှတ်ယူအပ်ပေ၏။

အဘယ့်ကြောင့် နည်းဟူမူကား၊ ပါတိမောက္ခသံဝရ သိလသည်၊ ရဟန်းတို့ ကျင့်ရသော ဝိနည်းသိက္ခာပုဒ် ၂၂၇-ပါးဖြစ်၍၊ အာဇီဝပါရိသုဒ္ဓိသိလသည်၊ ထိုသိက္ခာပုဒ်များနှင့် ညီညွတ်စွာ ရှိသော ပစ္စည်းများဖြစ်စေသဖြင့်၊ ပစ္စယသန္နိဿိတ သိလသည်၊ ယခုအခါ ပုတီးစိတ် ခေါ်သော ဆင်ခြင်မှု ဖြစ်သောကြောင့် ပေတည်း။ ၎င်းဆင်ခြင်မှု ခေါ်သော ပစ္စဝေက္ခဏာသည်၊ ရှေးအခါ စိတ်၌သာ ဆင်ခြင်ရ၏။

ယခုအခါ မကြာသေးမီ ခုလပ်ပဝေဏီလောက်က၊ လက်သစ်ဆရာတို့ ညာဏ်ဖြင့် **ပုတီးစိတ်**ဟု အမည်ပေး၍၊ ပုတီးကို အသုံးပြုလာရာ၊ ယခုအခါ သိလမှာ များစွာမသုံးတော့ဘဲ၊ ကမ္မဋ္ဌာန်းဆရာတို့က၊ နည်းသစ်ထွင်၍၊ ပုတီးကို သုံးလာကြ၏။ ထိုကြောင့် ပုတီးလုံး ဒူးကြီး, အငယ် အစားစား၊ ပုတီးကွင်း အကျဉ်း, အကျယ် အမျိုးမျိုးဖြင့်၊ ပွါးတိုး ခေတ်ထလာခဲ့ရာ။ ယခုအခါ အဆိုသောဒေသမှာ **ပုတီးကွင်း၊ ကမ္မဋ္ဌာန်းဂိုဏ်း**ဟူ၍ပင်ပေါ်လာပြန်သဖြင့်၊ ထိုလက်သစ်ဆရာတို့အား၊ ဘုရားဟောပင် မဟုတ်သော်လည်း၊ ပုတီးနှင့် ထမင်းစားရသော သူများက ကျေးဇူးတင်ဘွယ် ဖြစ်ပေတော့သည်။

ယဇ္ဈပြဆိုခဲ့သော ပုတီးစိတ်သည်၊ ဝိနည်းသိလဖြစ်၍။ ကမ္မဋ္ဌာန်းအား မထုတ်သော ရဟန်းများ၊ ကျောင်း, သင်္ကန်း, ဆွမ်း, ဆေး ဟူသော၊ ပစ္စည်း ၄-ပါးအမည်ပညတ်များကို၊ စိတ်ဖြင့်သာ ဆင်ခြင်ရပေ၏။ ကမ္မဋ္ဌာန်းကို အားထုတ်သဲ့ရဟန်းမှာ၊ ပုတီးစိတ်ရန် ဆင်ခြင်ရန်မရှိ၊ ဆရာ တပည့်နှင့်စပ်သော ပြုဘွယ်ဝတ်များပင် ပြီးစီးလေတော့၏။

ထို့ကြောင့် ''ဝတ္တံ အပရိပူရေန္တော သိလံ နပရိပူရတိ'' ဝတ်တရားနှင့်မပြည့်စုံလျှင်၊ သိလမပြည့်စုံဟုဆိုသော စကားအရများကို၊ **မဟာဝိသုဒ္ဓါရာမ ဆရာတော် ဘုရားကြီး**က ဝိနည်းသည်ပညတ်ကို ဆင်ခြင်၏။ ဝိပဿနာသည်၊ ပရမတ်ကိုဆင်ခြင်၏။ သို့ဖြစ်၍၊ ဝိပဿနာအားထုတ်ဆဲ၌၊ ပစ္စဝေက္ခဏာကိစ္စ, ဝတ်ကြီး, ဝတ်ငယ် ကိစ္စများ၊ အထူးမပြု

မလုပ်ရတော့ဘဲ၊ ဝိပဿနာ စိတ်ထဲ၌၊ ငြိမ်းစဲ ပြီးစီးသည်ဟု မိန့်တော်မူခဲ့ပေသတည်း။

အထူးမှာ၊ လူတို့၌ ခံယူဆောက်တည်ရသော၊ သမာဒါနခေါ်သည့် ပညတ်သီလသည် မုချမဟုတ်၊ ဝိပဿနာစိတ်၌ပါသော၊ သမ္မာတ္တသီလသည်သာလျှင်၊ ပရမတ်အာရုံ၌ယှဉ်၍၊ ကိုးပြီးစီးနိုင်၏။ ရဟန်းတော်တို့မှာကား၊ သမာဒါန ပညတ်သီလသို့ ပါဝင်သော၊ ပါတိမောက္ခသံဝရခေါ်သော ပညတ်သည်ပင်လျှင်၊ မုချ အနေမျိုးသို့ ပါဝင်သဖြင့်၊ အသက်ကို စွန့်၍ပင်၊ လုံခြုံအောင် ရှောင်ကြဉ်ရလေသည်။

ပါတိမောက္ခံ ဝိသောဓေန္တော၊ အပ္ပေဝ ဇီဝိတံ ဇဟေ။
ပညတ္တံ လောကနာထေန၊ နဘိန္ဒေ သီလသံဝရံ။ ။

ပါတိမောက္ခံ၊ ပါတိမောက္ခ၊ ဖြတ်သီလကို။ ဝိသောဓေန္တော၊ သုဓ်သင်္ကလိသော ရဟန်းသည်။ ဇီဝိတံ၊ အသက်တည်နေ၊ ဇီဝိတိန္ဒြေကို။ အပ္ပေဝ ဇဟေ၊ စွန့်သော်လည်း စွန့်လိုက်ရာ၏။ လောကနာထေန၊ လူတို့ထွဋ်ထား၊ ဖြတ်စွာဘုရားသည်။ ပညတ္တံ၊ မိန့်မှာသတ်မှတ်၊ ပညတ်တော်မူအပ်သော။ သီလသံဝရံ၊ စောင့်ရှောက်နိုစ္၊ ဖြတ်သီလကို။ နဘိန္ဒေ၊ မချိုးမဖျက်ရာသတည်း။

ဤသို့လာရှိသော၊ ဝိနည်းဒေသနာတော်များအရ။ သီလနှင့်စပ်သော အကျင့်တို့၌၊ လူနှင့်ဆိုင်ရာ ရဟန်းနှင့်ဆိုင်ရာကိုလည်း၊ ပညတ်နှင့်ဆိုင်ရာ ပရမတ်နှင့်ဆိုင်ရာကိုလည်း၊ သေချာစွာ မှတ်သား၍ အယူအဆ မမှားအောင်၊ သတိကို ထားရာသည်။

ဤကား၊ သီလ ၄-ပါး၊ အကျင့်သိက္ခာများကို ပြဆိုခြင်းပေတည်း။

၁၀—သီလအရ၊ ခြောက်ဌာန၊ စောင့်ထလုံခြုံစွာ။
၁၁—စက္ခု၊ နှဖူး၊ အတူပေ၊ ကြွင်းလေးပါးခုမှာ။

ဤသံပေါက်လက်ဝမျာ်း၏ အဓိပ္ပါယ်မှာ၊ နောက်က ပြဆိုခဲ့သော၊ သီလ ၄-ပါးတို့တွင်၊ ဥာဏ်ယသံဝရသီလအရ။ စက္ခု၊ နှဖူး, သောတ၊ နှာခေါင်း, ဃာနိ၊ နှုတ်ခမ်း, ဇိဝှါ၊ နှုတ်, ကာယ၊ နှဖူး, မနိ၊ နှလုံးဟူသော၊ ဥာဏ် ၆-ပါး၊ တံခါး ၆-ပေါက်တို့ကို၊ လုံခြုံစွာ စောင့်ရှောက်ရမည်ဟု ဆိုလိုပေသည်။

ထိုအဓိပ္ပါယ်အရ။ ၆-ဌာနသော ဥာဏ်ကို စောင့်ရှောက်ရန် နည်းမှာ၊ ရှေးအခါ ကမ္မဋ္ဌာန်းဆရာအချို့က၊ မျက်စိကိုမှိတ်ခြင်း၊ အဝတ်ပုဝါတို့နှင့်ချည်နှောင် ဝိတ်စည်းထား၍၊ ရူပါရုံကို မမြင်ရခြင်းဖြင့်၊ စက္ခု၊ နှဖူး လုံခြုံသည်ဟု ထင်မှတ်ယူဆ၍၊ နည်းပေး ဟောပြောကြ၏။ ထိုဆရာ

တို့၏ ယူဆချက် အရဖြင့်၊ သောတ, ဃာနတို့ခွ၊ အပေါက်သဏ္ဌာန် ထင်ရှားခြင်း၊ ယောင်မှားရန်ဖြစ်သော်လည်း၊ ဇိဝှါခြေ, ကာယိခြေ, မနိခြေ တို့ကို ဘယ်ကဲ့သို့၊ အဝတ်များနှင့် ပိတ်ဆို့သည် များကို စဉ်းစားကြရာ၏။

ပဓာလို ဇာခြေကို လုံခြုံအောင် စောင့်ရှောက် ပိတ်ဆို့ရန် နည်းမှာ။ သတိ ကဝါဒေန ထကေတာဗ္ဗံ။ ။သတိကဝါဒေန၊ မှတ်ခြင်း သတိ တည်းဟူသော တံခါးရွက်ဖြင့်။ ထကေတာဗ္ဗံ၊ ပိတ်ဆို့အပ်၏။ ဤသို့ လာသော ဒေသနာကို ထောက်၍ငင်း။သတိယာ သံဝရော၊သတိ သံဝရော။ သတိယာ၊ မှတ်ခြင်း သတိဖြင့်။ သံဝရော၊ စောင့်ရှောက်ခြင်း။ သတိ သံဝရော၊ မှတ်ခြင်းသတိဖြင့် စောင့်ရှောက်ခြင်း ဟူသည်ကို ထောက်၍ငင်း၊ သတိဖြင့် မှတ်ရလေသည်။

သတိဖြင့်မှတ်၍ ပိတ်ဆို့ရပုံကား။ **"ဇထ တုမ္မေ ဘိက္ခဝေ ဇာခြေ ယေသု ဂုတ္တဒွါရံ ဝိဟာရထ"** ဘိက္ခဝေ၊ ရဟန်းတို့။ ဇထ၊လာကြကုန်။ တုမ္မေ၊ သင်တို့သည်။ ဇာခြေယေသု၊ စက္ခုစသား၊ ဇာခြေ ၆-ပါးတို့၌။ ဂုတ္တဒွါရံ၊လုံခြုံသော တံခါးရှိကြလေအောင်။ဝိဟာရထ၊ ပိတ်ဆို့၍ နေကြကုန်လော။ဤဒေသနာဖြင့်၊စက္ခုစသော ဇာခြေ ၆-ပါးတို့ကို၊လုံခြုံအောင် ပိတ်ဆို့၍ နေကြသည်ဟု ဆိုလိုသော အဓိပ္ပါယ်ပေတည်း။

"ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဗာဟိယ ဘဝိဿတိ" ဗာဟိယ၊ချစ်သားဗာဟိယ။ ဒိဋ္ဌေ၊ မြင်ဆဲခဏာ၌။ ဒိဋ္ဌမတ္တံ၊ မြင်ဇ်ုံဟု အမှတ်ပြုရုံမျှသည်။ ဘဝိဿတိ၊ ဖြစ်ရာ၏။ ။ဤသို့လာသော ဥဒါန်း ပါဠိတော်၊ ဗာဟိယ သုတ်တို့ကို ထောက်ဆ၍၊မြင်ဆဲ ခဏ, မြင်တယ်။ကြားဆဲ ခဏ, ကြားတယ်။ နံဆဲ ခဏ, နံတယ်။ စားဆဲခဏ, စားတယ်။ ထိဆဲခဏ, ထိတယ်။ သိဆဲ ခဏ,သိတယ်ဟု မှတ်ရ၏။ ထိုသို့မှတ်ခြင်းသည်။ ဇာခြေယသံဝရသိလ-သမ္ပတ္တိရတိသိလ၊ ပြည့်စုံခြင်းတို့ပေတည်း။

၁၂—သီလငါးပါး၊ လူတို့အား၊ တည်ငြိုးမင်္ဂလာ။
၁၃—အင်္ဂုလိမာလ၊ ထုံးနည်းပြ၊ မှတ်ကြယုံကြည်စွာ။

ဤသံပေါက်လင်္ကာများ၏၊အဓိပ္ပါယ်မှာ။လူပုဂ္ဂိုလ်တို့အား ငါးပါး သီလအာကျင့်တရားများ အခိုက်အတန့်မျှတည်လျှင်ပင်၊ မင်္ဂလာ ဖိုလ်ညာဏ်ကို ရနိုင်ကြောင်း၊ အင်္ဂုလိမာလထုံးကို၊ နှုတ်သွင်း၍၊ သံသယ-ဖွဲ့ဟာကင်းရှင်းလျက်၊ ယုံကြည်ခြင်း ဖြစ်ရမည်ဟု ဆိုလိုပေသည်။

ထိုအဓိပ္ပါယ်အရ၊ယခုကာလ၌၊မျှားစွာသောရဟန်း,ရှင်,လူတို့ကာ၊ လူတို့မှာငါးပါးသီလကိုလ,နှစ်မျှားစွာ၊မကြိုးမပေါက်မပျောက်မကျားစေရဘဲ၊ သီလဝိသုဒ္ဓိကြီးဖြစ်နေမှ၊ မဂ်ကို ရသည်ဟု ထင်ကြ၏။

သဘာဝမွေအားဖြင့်ကား။လွန်ခဲ့သော ကာလမျှားက လွန်ကျူးခဲ့မိသော၊ ပါဏာတိပါတ စသည့် အကုသိုလ် ကံငယ်တို့အတွက်၊ သီလပျက်ကွက်သဖြင့်၊ မဂ်ဖိုလ်ကိုမတားဆီးနိုင်။ဝိပဿနာ ရှုမှတ်ဆဲခဏ၌ ငါးပါးသီလ လုံခြုံလျှင်ပင်၊ မဂ်ဖိုလ်ကို ရနိုင်လေတော့သည်။

ယုံကြည်စွာ မှတ်သားရန်၊သာကေဝတ္ထုမှာ၊ ဘုရားရှင်လက်ထက်က၊ အင်္ဂုလိမာလ ခိုးသား ဒါးမြှီ ဖိုလ်ကြီးသည်၊ ပါဏာတိ ပါတစသော၊ အကုသိုလ်တွေကို၊ ရှေးအခါက လွန်ကျူး မိခဲ့သော်လည်း၊ တရားကို နာရသော အခါ၊ ကြားဆဲ၌, ကြားဖူးယ်ဟု မှတ်သော ဝိပဿနာစိတ်၌၊ ငါးပါးသီလ မလွန်ကျူး တည်တန့်လုံခြုံ၍၊ မဂ်ဖိုလ် ရရှိလေ၏။

ဂုဏ်ပြင်၊သံကိစ္စသာမဏေငယ်ကို၊ဖမ်းဆီးကြသော ခိုးသားငါးရာတို့သည်သည်း၊ ရှေးက ငါးပါးသီလကို လွန်ကျူး ကျော်နင်းလျက်၊ ပျက်ကွက်ကြလေရာ၊ သာမဏေငယ်၏ တရားကို နာရသော အခါ၊ ကြားဆဲ ခဏ၌,ကြားတယ်ဟု မှတ်သော ဝိပဿနာစိတ်၌၊ငါးပါးသီလ မလွန်ကျူး မပျက်ကွက်၊ တည်တန့်လျက် မဂ်ဖိုလ်ကို ရကြလေ၏။ ထို့ကြောင့်၊ရှေးကပြစ်မှားမိသော အကုသိုလ်မျှားကို၊ဝိပဿနာတရားဖြင့်၊နောင် အကျိုးမဖြစ်ပွားရအောင်၊ အားထားရှုမှတ်ကြရာသတည်း။

ဤနေရာသီလတို့ကို၊ အင်္ဂုလိမာလ ဝတ္ထုဖြင့် ပြဆိုခြင်းပြီး၏။

သမထနှင့် သမာဓိအရကို၊ အမြွက်မျှသိရှိရန် ပြဆိုခြင်း

၁၄–သမထတရား၊ ခေါ်ဆိုပြား၊ မျှားပြား မည်သည်ဉာ။

၁၅–သမာဓိအရ၊ ခဏိက၊ ယူဆ ဝိပဿနာ။

၁၆–ဝိသုဒ္ဓိမဂ်၊ ကျမ်း၀န်ထွက်၊ နှစ်သက်ယုံကြည်စွာ။

ဤသံပေါက် လက်ဝါမျှား၏ အဓိပ္ပါယ်မှာ၊ သမထတရား ဟူသည်၊ အမည် သညာ အားဖြင့် ၄၀-မျှ အပြားရှိ၍ မျှားလှပေ၏။ ဝိပဿနာအရာ၌၊သမာဓိအရမျှကို ယူခဲ့ပါလျှင်၊ ခဏိက သမာဓိဟူသော အမည်ဖြင့်၊ တခုတည်း ဖြစ်ကြောင်းကို၊ ထိုဝိသုဒ္ဓိမဂ် ကျမ်း၌ လာသည်ဟု ဆိုလိုပေ၏။

ထိုအခါပ္ပါယ် အရဂ်ိ၊ ပသုကာလ၌၊ များစွာသော ရဟန်းရှင်လူတို့ က၊သီလ, သမာဓိ,ပညာ ဟူသော၊ သာသနာ ၃-ပါး, သိက္ခာ ၃-ပါး ကိုပြုရာ၌၊ သမာဓိအရဖြင့်၊ ခဏိကယူသည်ကို၊ သဘောမကျနိုင်ကြ၍၊ ဥပစာရ သမာဓိ, အပ္ပနာ သမာဓိကို ယူကြ၏။

ယခုကဲ့သို့ ယူဆသူတို့မှာ။ **။သမာဓိ' အဘိက္ခဏေ ဘာဝေထ။ သမာဟိတော ဘိက္ခဝေ ယထာဘူတံ ဇာနာတိ ပဿတိ။ ။**

ဘိက္ခဝေ၊ရဟန်းတို့။ သမာဓိ'၊သမာဓိကို။ ဘာဝေထ၊ပွါးစေလို၏။ ဘိက္ခဝေ၊ ရဟန်းတို့။ သမာဟိတော၊ စိတ် တည်ကြည်သည် ရှိသော်။ ယထာဘူတံ၊ဟုတ်တိုင်း။ ဇာနာတိ၊သိ၏။ ပဿတိ၊မြင်၏။ ဤပါဠိတော် အရ၊ စိတ်ဘည်ကြည် ငြိမ်သက်သော သမာဓိဖြစ်လျှင်၊အလိုလိုသိခြင်း, မြင်ခြင်း ဝိပဿနာဉာဏ် ပေါ်လာနိုင်၏ဟု ဆိုရာ၌၊ သမထ သမာဓိကို ယူကြပေ၏။

မှတ်ချက်။ ။ဂျင်းပါဠိတော်''ဘာဝေထ''ဟူသောပုဒ်သည်၊ပဉ္စမီ အနက်၌သက်လျှင်၊ ဗဟုဝုစ်-ထ ဝိဘတ်။ သတ္တမီအနက်၌ သက်လျှင်၊ ဇကဝုစ်-ဇထ ဝိဘတ်ဖြစ်၏။ဂျင်းနှစ်မျိုးတို့တွင်၊သဒ္ဒါကိုကျမ်းကျင်သည် ဆိုကြသော ဆရာတော်အများတို့ပင်၊ ပဉ္စမီဗဟုဝုစ်-ထ ဝိဘတ်ထင်၍၊ ဘာဝေထကို၊ ပွါးကြကုန်လောဟု အနက်ပေးကြလေ၏။

ကျွန်ုပ်တို့သည်ကား။ **ကျေးဇူးရှင်-မင်းကွန်းဇေတဝန်ဆရာတော် ဘုရားကြီး**က၊ သတ္တမီဇကဝုစ်, ဇထ ဝိဘတ်ဟု မိန့်တော်မူသဖြင့်။ ဘာဝေထ၊ပွါးစေလို၏ဟု အနက်ပေး၏။ ပဉ္စမီဝိဘတ်သည်၊ အာဏာ. ဖြင့် တိုက်တွန်းခြင်း၊ စေခိုင်းခြင်းအနက်ကို ရ၏။ သတ္တမီဝိဘတ်သည်၊ သူဆန္ဒ အလိုအတိုင်းဖြစ်စေရန် ခွင့်ပြုခြင်းအနက်ကိုရ၏။

သဘောမှာကား၊မြတ်စွာဘုရားသည် သာဝကတို့အား၊ဤဘာဝနာ တရားသည် သတ္တဝါတို့အား၊ အကျိုးစီးပွါးများ၍ ပြုလုပ်စေလိုသော သမ္မာဆန္ဒတော်ဖြင့်၊ပြုစေလို, လုပ်စေလိုသော သဘောမျှသာ ဖြစ်၏။ သို့သော်၊ သူတို့စေတနာဆန္ဒအတိုင်းပင်ဟု၊အလိုကို ခွင့်ပြုခြင်းမျှဖြစ်၏။ မလုပ်လျှင် မနေကောင်း မနေရသော ဘေဘျိုးဖြင့်၊အတင်းတိုက်တွန်း ခြင်း၊ ခိုင်းစေ ခြင်း မျိုး မဟုတ်ဟု၊ ကျေးဇူးရှင် မင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီး အာဘော် ရှိပေသည်။

ဤစကားသည်၊ ဝိပဿနာနှင့်မဆိုင် မစပ်ပါသော်လည်း၊ သဒ္ဓါအရာကို အရေးယူကြသူတို့ သတိမူရန် ပြဆိုလိုက်ပါသည်။ သဘော အနက် သင့်,မသင့်ကို ထောက်ချင့်၍ သင့်သည်ထင်သော အနက်ကိုသာ မိမိတို့သဘောဥာဏ် နှစ်သက်သည်အရဖြင့်၊ ယူဆကြရာသတည်း။ ။ဤကား မှတ်ချက်စကားတည်း။

ယခုပြဆိုခဲ့သော ဘာဝေထ-ဟူသော ပုဒ်၏ အနက်၊ပွါးများခြင်းဟူမှတ်သားကြရာ၊ အဘယ်ကဲ့သို့ ပွါးများပါသနည်း။ ၎င်းပွါးများခြင်းဟူသော ဘာဝနာသည်လည်း၊ သမထဘာဝနာ၊ ဝိပဿနာ ဘာဝနာဟူ နှစ်မျိုးရှိပြန်လေရာ၊အနက်သဘောမှာအဘယ်ကဲ့သို့ခြားနားပါသနည်းဟူသောအမေးစကားကိုထား၍၊သမထနှင့်ဝိပဿနာ သဘောသွားကို၊ ကွဲပြားဆိုရှိရန် လိုပေသည်။

ဘာဝေထာတိ ဥပ္ပါဒေတိ၊ ဘာဝေထာတိ ဝေဓေတိ။ ။

အဋ္ဌကထာ

ဘာဝေထာတိ၊ ဘာဝေထ-ဟူသည်ကား။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။ ဘာဝေထာတိ၊ ဘာဝေထ-ဟူသည်ကား။ ဝေဓေတိ၊ပွါးစေ၏။ ။ဤသို့လျှင်၊ ဘာဝေထ-ပုဒ်ကို၊ ဖြစ်စေခြင်း-ဥပ္ပါဒအနက်၊ ပွါးစေခြင်း-ဝဏ္ဏနအနက်ဟု နှစ်မျိုး ဖွင့်ပြတော်မူပေသည်။ ထိုနှစ်မျိုးတို့တွင် ဖြစ်စေခြင်း ဥပ္ပါဒသည်၊သမထ ဘာဝနာအနက်။ ပွါးစေခြင်း ဝဏ္ဏနသည်၊ဝိပဿနာ ဘာဝနာ၏ အနက်ဟုမှတ်။

အဓိပ္ပါယ်ကား။ သမထဘာဝနာ ဟူသည်၊ ပွါးစေခြင်း ဟူသော အနက်ကိုမရ၊ ဖြစ်စေခြင်း ဟူသော အနက်ကိုသာ ရ၏။ ဘာဖြစ်စေသနည်းဟူမူ၊ အသိဉာဏ် ဖြစ်စေ၏။ ဘာကိုသိသနည်းဟူမူ၊ အာရုံကိုသိ၏။ အဘယ်သို့ သိသနည်းဟူမူ၊ ယောဂိပုဂ္ဂိုလ်ရှုသော တရုတည်းအာရုံမှာ၊ မျက်စိနှင့် မြင်သော အခိုက်တမျိုး၊ စိတ်နှင့်မြင်ခိုက် အကြမ်းတမျိုး၊ ရှုပဓံများလျှင်၊ ထိုအာရုံကိုပင် စိတ်နှင့်မြင်သော၊ ကြည်လင်သိမ်မွေ့ခြင်းတမျိုး၊ ဤကား ဖြစ်စေခြင်းအဓိပ္ပါယ်။

ဝိပဿနာ ဘာဝနာဟူသည်၊ ပွါးစေခြင်း, တိုးစေခြင်း အနက်ကို ရနိုင်၏။ ဘာတိုးပွါးစေသနည်းဟူမူ၊အသိဉာဏ် တိုးပွါးစေ၏။ ဘာကိုသိသနည်းဟူမူ၊ အာရုံကိုသိ၏။ အဘယ်သို့သိသနည်းဟူမူ၊ အမျိုးမျိုးသော အာရုံကို ရုံမှတ်ခြင်းများလျှင်၊ အလိုလိုပင် တိုးပွါး များပြား၍ လာလေတော့သည်။

အလိုလိုတိုးပွါးလာသည်ဆိုသောသဘောမျာကား။ **။အသိတေ ဒိတေ, ခါယိတေ, သာယိတေ, သမ္ဖဿနကာရီ ဟောတိ။**

အသိတေ၊ စား သည် ရှိ သေ၏။ ဒိတေ၊ သောက် သည် ရှိ သေ၏။ ခါယိတေ၊ ခဲသည်ရှိသေ၏။ သာယိတေ၊ လျက်သည်ရှိသေ၏။ သမ္ဖဿနကာရီ၊ စားတယ်, သောက်တယ်, ခဲတယ်, လျက်တယ်ဟု သိအောင် အမှတ်ပြုလွယ်ရှိသည်။ ဟောတိ၊ ဖြစ်၏။

ဤသတိပဋ္ဌာန် ဒေသနာတော်အရ။ ယောဂိပုဂ္ဂိုလ် ထမင်းစားသော အခါ၊ စားသောအမှုအရာ ပြုလုပ်သည့်သဘောများကို ရှုမှတ်ရာ၊ အစမှာ ထမင်းတလုပ်၌၊ ၅-ကြိမ်မျှ မှတ်နိုင်သော်လည်း၊ တနေ့ထက် တနေ့ အမှတ်တိုးလာ၍၊ အစနေ့ ၅-မှတ်၊ နောက်နေ့ ၇-မှတ်၊ နောက်နေ့ ၁၀-မှတ်၊ ဤသို့စသည်ဖြင့် ၁၀-ရက်၊ ၁၅-ရက်မျှကြာလျှင်၊ ထမင်းတလုပ်၌ ၅-မှတ်မှ၊ အမှတ် ၅၀-မျှ တိုးလာပေ၏။

ထိုသို့အမှတ်တိုးပွါးလာခြင်းသည်၊ အာရုံတိုးပွါးလာ၍ဖြစ်၏။ အာရုံတိုးပွါး၍ အမှတ် တိုးပွါးသည်ရှိသော်၊ အသိဉာဏ်တိုးပွါးလာ၏။ ယခု ကဲ့သို့ အာရုံ, အမှတ်, အသိတို့ တိုးပွါးလာသော်လည်း၊ ကိစ္စမှာ ထမင်း တလုပ်မျှသာ ဖြစ်၏။ ယင်းကဲ့သို့ ထမင်းတလုပ်ကိစ္စ၌၊ မှတ်စ နေ့မှာ ၅-ခါလောက် မှတ်နိုင်၍၊ ၁၀-ရက်, ၁၅-ရက်လောက် ကြာသောအခါ၊ အကြိမ် ၅၀-မျှ အမှတ် တိုးပွါးလာရာ၌၊ ဆရာကလည်း သင်ကြား ပေးသည် မဟုတ်၊ အားထုတ်သူ ကလည်း ကျက်မှတ်ထား သည် မဟုတ်ဘဲ၊ အလိုလို တိုးပွါးလာသော သဘော ဖြစ်ပေသည်။

ထို့ကြောင့် သမာဓိဖြစ်လျှင်၊ ဉာဏ် အလိုလို ပေါ်သည်ဆိုသော စကားမှာ၊ ခဏတ္တယဖြစ်သော၊ ရုပ်နာမ် ပရမတ် အာရုံ၌၊ တည်သော ခဏိကသမာဓိဖြစ်မှ၊ ခဏတိုင်းဖြစ်သော ရုပ်နာမ်ကိုသိသည့် ဝိပဿနာ ပညာဉာဏ် အလိုလို ပေါ်လာသည်ဟု မှတ်။ ခဏတ္တယ မဖြစ်သော ဇုဒ္ဓနိမိတ်, အသုဘနိမိတ်, အင်္ဂကနိမိတ် ပညတ်အာရုံ၌၊ တည်သော ဥပစာရ သမာဓိ၊ အပ္ပနာသမာဓိမျိုး ဖြစ်ရုံမျှနှင့်၊ ခဏတိုင်းဖြစ်သော ရုပ်နာမ်ကိုသိသည့်၊ ဝိပဿနာ ပညာဉာဏ် အလိုလို ပေါ်လာနိုင်သည် မဟုတ်ကြောင်းကို၊ ကောင်းကောင်းကြီး သိမှတ်ကြရာ သတည်း။

သမထနှင့် သမာဓိအရကို ပြဆိုခြင်းပြီး၏။

ဒါန, သီလ, သမထနှင့် ဓမ္မာသောကစသော ဝတ္ထုကိုကို ပြခြင်း

၁၇-ဒါန, သီလ၊ သမထ၊ မရဏာဝးကိုးရာ။
၁၈-ဓမ္မာသောက၊ ရှင်တိဿ၊ မှတ်ကြဝတ္ထုလော။
၁၉-ဒေဝဒတ်အား၊ ပမာထား၊ အများသီလေပါ။
၂၀-ဝိပဿနာမှ၊ နိဗ္ဗာန၊ မုချရမည်သာ။

၍သံပေါက်လက်ာများ၏အဓိပ္ပါယ်မှာ၊ ဒါနမှု, သီလမှု, သမထမှု တို့ကို ပြုရုံမျှနှင့် အားကိုးရာကို မရနိုင်။ ထိုအကြောင်းများမှာ၊ ဓမ္မာသောကမင်းကြီး၊ တိဿရဟန်းကြီးနှင့်၊ ဒေဝဒတ်တို့၏ ဝတ္ထုများကို ထောက်ထား၍ မှတ်သားသိရှိကြရာ၏။ဝိပဿနာအလုပ်ကို အားထုတ်မှသာလျှင် နိဗ္ဗာန်ချမ်းသာ ဇကန်မချ၊ လိုလားသော အားကိုးရာကို ရနိုင်၏ဟု ဆိုလိုပေသည်။

ထို အဓိပ္ပါယ်များကို၊ ထင်ရှားစွာ မှတ်သားသိရှိရန်မှာ၊ နိဗ္ဗာန်ချမ်းသာကို ရနိုင်ရန်အလုပ်မှာ၊ သမ္မပ္ပဓာန်အင်္ဂါ ၄-ပါးနှင့်ညီမျှမှ ရနိုင်ကြောင်းများကို၊ ဖြတ်စွာဘုရား ဟောကြားတော်မူသော၊ ဓမ္မဒေသနာများရှိလေရာ။ ဒါန, သီလ, သမထတို့မှာ၊ ပရိယာယ်တရား များသာဖြစ်ကြလေသည်။

ထိုအဓိပ္ပါယ်များအရ၊သမ္မပ္ပဓာန် ၄-ပါးဟူသည်ကား၊ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ခြင်း ၁-ပါး၊ မဖြစ်သေးသော အကုသိုလ်တရားတို့ကို မဖြစ်စေခြင်း ၁-ပါး၊ မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်အောင်ပြုခြင်း ၁-ပါး ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို ပွါးများစေခြင်း ၁-ပါး။ ၍သို့ ၄-ပါးဖြစ်၏။

၎င်းအင်္ဂါ ၄-ပါးတွင်၊မပြုလုပ်ဘူး,မဖြစ်ဘူးသောကုသိုလ်ဟူသည်၊ ဝိပဿနာအလုပ် တရားသာ၊ သတ္တဝါ အပေါင်းတို့အား ရှိနေ ကျန်နေတော့၏။ ဒါန,သီလ,သမထ တို့မှာ ကမ္ဘာနှင့် ပြေစာ ဆိုဘိသကဲ့သို့၊ မရေ့မတွက် သာအောင်ပင်၊ များစွာ ပြုလုပ် ခဲ့ဘူးကြကုန်၏။ ထိုအကြောင်းကို၊ယသုအခါတိ, မြေ့, ပက်ကျို, သန်း, ကြမ်းပိုးဖြစ်နေကြသော သတ္တဝါတို့ပင်သော်လည်း၊ တကမ္ဘာမှာ အနည်းဆုံး ဗြဟ္မာကြီးတခါဖြစ်ဘူးကြကုန်၏ဟု၊ အဋ္ဌကထာဌ လာရှိပေသည်။

ယသုကဲ့သို့၊ ဗြဟ္မာကြီးဖြစ်နိုင်ရန်မှာလည်း၊ သမထကမ္မဋ္ဌာန်းဌ၊ ဆုံးခန်းတိုင်မြောက်၊ ပေါက်ရောက်မှ ဖြစ်နိုင်လေရာ။ယသုအခါ၊ လူကောင်း

ရှင်ကောင်း၊ ရဟန်းကောင်းဖြစ် နေကြသော သူတို့မှာမူကား၊ တိ, မြော့,ပက်ကို, သန်း,ကြမ်းပိုးတို့နှင့် ထောက်ထားပါလျှင်၊ဗြဟ္မာကြီး ဖြစ်ခဲ့ဘူးကြသော ဘဝတွေမှာ၊ သာလွန်ပိုမို၍ များပြားခဲ့ကြောင်းကို၊ ကောင်းစွာယုံကြည်သင့်ကြပေသည်။

ဤကဲ့သို့လျှင်၊ သမထကမ္မဋ္ဌာန်း၊ ဈာန်လမ်းတရားသည်ပင်၊ ပေါက် ရောက်အောင် အားထုတ်ရရှိခဲ့ဘူးကြသော၊အကြိမ်ပေါင်းဘဝပေါင်း များများ၊မရေမတွက်နိုင်အောင် များပြားခဲ့ပါမူကား။ သာမည ဖြစ်သော၊ ဒါနတရား သီလတရားတို့မှာ၊ သာလွန်ပိုမို၍ပင် အားထုတ်ခြင်းများခဲ့ ကြသဖြင့်၊မိရိုးဘလာကုသိုလ်မျှကိုစင်စစ်အားမကိုးရဟုဆိုခဲ့ပေသည်။

ထိုသို့အားမကိုးရဆိုသည်မှာ၊မလုပ်ကောင်း၍မဟုတ်။ဥပမာအား ဖြင့်၊ဝဘူလတောင်သို့ရောက်သောသူသည်၊ ပြည့်တန်သော ပတ္တမြား ရတနာကြီးကို ရနိုင်ပါလျက်၊ဒါးသွေးကျောက်မျှကို ကောက်မိမှားလာ သောသူကဲ့သို့ဇင်း၊ ဆင်ဖြူတော်ကြီးဝင်မည့်လာဘ်ကို၊ချည်ဝင်ကလေး မျှနှင့် ကြွမ်းကြေနေရသောသူကဲ့သို့ဇင်း မဖြစ်စေလို။

ထို့အတူပင်လျှင်၊ နိဗ္ဗာန်ချမ်းသာကြီးကို ရနိုင်သော အခါကောင်း ကြီးနှင့်၊အခန့်သင့်ကြုံကြိုက်တိုက်ဆိုင်၍ နေကြပါလျက်။ လူချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာ့ချမ်းသာမျှလောက်ကို ရရှိစေနိုင်သော၊ ဒါနပြုမှု သီလဆောက်တည်မှု၊သမထကမ္မဋ္ဌာန်းကို အားထုတ်မှုမျှနှင့်၊တင်းတိမ် အားရ၍၊ အဘိုးထိုက်တန်လှသော၊ ဘဝဖြတ်ကြီး ပျက်စီး ဆုံးရှုံး၍၊ လုံးလုံး နစ်နာချက်ကြီးများ မဖြစ်ပွား စေရအောင်၊ လွန်၍ မသွား စေရအောင်၊ အထူးသတိထားရန်ဖြစ်ပေသတည်း။

မဏိ မဓေါ ပဿန္တောပိ၊ တိဏံ ခါဒံ ဂဒ္ဆတိ။
လဒ္ဓကာလောဒုပ္ပညောပိ၊ကာမံဘုဉ္ဇံ ဂဒ္ဆတိ။ ။

ဘောန္တော သပ္ပုရိသာ၊ အိုစာကြည့်သူအပေါင်း သူတော်ကောင်း တို့။ မိဓေါ၊ကြောင်းကျိုးမဖြင်၊ တောသမင်သည်။မဏ်ဍံ၊အလှုံတောက် ကြွား၊ကျောက်ပတ္တမြားကို။ ပဿန္တောပိ၊သစ်ပင်မြက်ခင်း၊ စားကျက် တွင်းခို၊ လက်ငင်း ထင်ထင်၊ ပက်ပင်းပင် တွေ့မြင် ရပါသော်လည်း။ တိဏံဝ၊မမျိုးမစိုက်၊ဘိုးမထိုက်သည့်၊မျိုးလိုက်စုံမက်၊သစ်မှိုက်မြက်ကို သာလျှင်။ ခါဒံ-ခါဒန္တောပိ၊ မမှန်းမာန်ကြွား၊ သုံးခံစားလျက်။ ဂဒ္ဆတိ၊

စိန်သော ကျောက်သော၊စိတ်မစောဘဲ၊ မြို့ငတောရပ်မြေ၊ ရှောင်သွားလေ၏။

ဇဝံတထာ၊ထိုနည်းအလား၊ပမာထား၍၊ မခြားတမူ၊အလားတူသာ လျှင်။ ဒုပ္ပညော၊ကာလကိစ္စ၊ ကျိုးဖလကို၊ မရှုမမြင်၊ မိုက်ကန်းလှသော၊ အန္ဓပုထုဇဉ်သည်။ လဒ္ဓကာလောပိ၊ ဗုဒ္ဓုပ္ပါဒါနဝမဟု၊ဒုလ္လဘရောက်၊ ဝမ္မကျောက်ကို၊ကောက်ဘို့ကာလ၊အခွင့်ကောင်းရပါလျက်လည်း။ကံ့ ပံဝ၊လူမျိုးအလိုက်၊ အလွန်ကြိုက်သည့်၊ နှစ်ခြိုက်ပျော်ပါး၊ ကာမဂုဏ် အယုတ်တရားကိုသာလျှင်။ဝါ၊ခွေး ဝက်က စ၊ရနိုင်ကြသည့်၊ ရူပသဒ္ဒ၊ စ သည် အာရုံ၊ ကာမဂုဏ် အ ယုတ် တ ရား စု ကို သာ လျှင်။ ဘုဉ္ဇ-ဘုဉ္ဇန္တော၊ မမုန်းမာန်ကြွား၊ သုံးခံစားလျက်။ ဂန္ဆတိ၊ မဂ်ဖိုလ်နိဗ္ဗာန်၊ စိတ်မသန်ဘဲ၊ လေးတန်ပါယ်ဖြေ၊သွားရောက်လေ၏။

၍သို့ပြဆိုခဲ့သော ဒေသနာ အဓိပ္ပါယ်အရ။ ဒါန, သီလ, သမထ လောကီမျှကိုပြုလုပ်၍၊ အားကိုးရာ မရဘဲ၊ အပါယ်သို့ ရောက်သော ဝဏ္ဏ၊မျှားမှာ။မစ္ဆိမဒေသ၊ ပါဠလိပုတ်ပြည်ကြီးသခင် ဂကရာဇ်ဘုရင်ကြီး ဖြစ်တော်မူသော၊ သိရိမွှာသောကမင်းကြီးသည်၊ မြို့ရွာပေါင်း ရှစ်သောင်းလေးထောင် တို့၌၌၊ ရေတွင်း, ရေကန်, စေတီ, ကျောင်း စသည်၊ရှစ်သောင်းလေးထောင်စိလျှ၏။

တဖန် အရှင်မဟိန္ဒ၊အရှင်သမ္ဘိတ္တာ ရဟန္တာ ၂-ပါးတို့၏ ဟခင်၊ တတိယသင်္ဂါယနာတင်၍၊ ဘုရားသခင်လောကနိုးနိုးဘုန်းတန်ခိုးကြီး ကြသော၊ အရှင်မဟာ မောဂ္ဂလိပုတ္တတိဿ၊ ရဟန္တာကြီးကို အမျှး ထား၍၊ထောင်သောင်းမကသောရဟန္တာအပေါင်းတို့ကို၊ကောင်းစွာ ဆည်းကပ်ကိုးကွယ် လျှဒါနိုးခြင်းကို ပြုစုပါလျက်၊ ဒုတိယ ဘဝမှာ၊ စပါးကြီးဖြေပြီတွာဖြစ်ရလေသည်။

၎င်းပြင် ဘုရားရှင် လက်ထက်၌၊ နွှင်းဘက်မရ၊ ဓ-သန်း ကျော်မျှ သော သိကျွာပုဒ်တို့ကို၊လုံခြုံအောင်စောင့်ရှောက်ထိန်းသိမ်းသော၊ သီလ ဝိသုဒ္ဓိအစစ် ဖြစ်ကြီးဖြစ်တော်မူသော အရှင်တိဿရဟန်းတော်သည်၊ သေသောအခါ သူသက်နိုးမှာပင်၊သန်းကြီးမကြီးဖြစ်ရလေတော့သည်။

ထိုမှတရပ်၊ ရှင်ဒေဝဒတ် သည်လည်း၊ ဈာန်ယာဉ်စီး၍၊ တန်ခိုး ဘိညာဉ်ရှင်ကြီး ဖြစ်ပါလျက်၊ အသက်ရှိဆဲမှာပင်၊ မြေခွဲ ဝါးမျိုပြီး၊ အဝီစိငရဲကြီး၌၊မီးစွဲ၍လောင်ကျွမ်းလေတော့သည်။ထိုပုဂ္ဂိုလ်တို့သည်

မိမိတို့ အားကိုး အားထား ပြုလုပ် ခဲ့ကြသော၊ ဒါန,သီလ, သမထ ကုသိုလ်ကြီးများက၊အပါယ်ကိုမတားနိုင်သဖြင့်၊ဘဝမခြားဘဲ၊ဒါနရှင် သီလရှင် သမထရှင်ကြီးတို့မှာ၊ ပျက်စီးခြင်းမလွှအောင်၊ ဆုံးရှုံးနစ်နာ ချက်ကြီးလွှသော၊ဆင်းရဲဒုက္ခများ ခံစားရလေတော့သတည်း။

သတိဖြစ်ကြရန်မှာ။ ဤကဲ့သို့ သဘာဝဓမ္မကို၊ ဟုတ်မှန် တိုင်း သိကြရန်၊ ထင်ရှားသော ဝတ္ထုသာဓကတို့နှင့် ထုတ်ပြသည်ကို၊မဆင် ခြင်ကြ မဆိုနိုင်ကြသော၊ ဉာဏ်အခွင့်တို့သည်ကား၊ဒါနကို ပယ်သည်၊ သီလကို ပယ်သည်၊သမထကို ပယ်သည်၊ ဒေသနာ ပရိယတ်စာကို ပယ်သည်ဟု၊ နားမလည်ကြသဖြင့်၊ ကဲ့ရဲ့ပြစ်တင်ကြ၏။ အထက်ပါ ဝတ္ထုများကို ထောက်ဆလျှင်၊ ယခုကာလ၊ ဒါန, သီလ, သမထနှင့် တင်းတိမ် နေကြသူတို့ ခေါင်းနှာန်း ကြီး၍၊ ကြက်သီး ထဘွယ် ကောင်းလှ၏။ ထို့ကြောင့် ဝိပဿနာအားထုတ်ဆဲ၌ အနှောင့်အယှက် မဖြစ်ရန်၊ခေတ္တမျှဆိုင်းရပ်ခါဖြင့်၊ဝိပဿနာကိုစွဲပြီးလျှင် စိတ်ရှိတိုင်းပင် ဒါန,သီလ,သမထ တို့ကို အားထုတ်ကြစေကုန်သတည်း။

ဒါန,သီလ,သမထတို့ကို ပြဆိုခြင်းပြီး၏။

အကျင့်သိက္ခာတို့ကို ပြဆိုခြင်းအဝိုင်း သီလပဒ္ဓပြီး၏။

ရုပ်နာမ် သဘောဝသည်တို့ကို ပြဆိုခြင်းအဝိုင်း

၆-သဘာဝ ပဒ္ဓ

ပရမတ်,ရုပ်နာမ်,ခန္ဓာ စသော သဘောများကို ပြဆိုခြင်း

၁-ပရမတ်တရား၊ သဘောများ၊ ဝိုင်းခြားသိကြပါ။
၂-ရုပ်နာမ်နှစ်ပါး၊ အကျဉ်းအား၊ မှတ်သားရှေးဦးစွာ။
၃-ခန္ဓာငါးပါး၊ အမည်များ၊ ထင်ရှားသိသင့်ရာ။
၄-အာယတန၊ ဆယ်နှစ်ဝ၊ ခွဲပြသေအချာ။

ဤသံပေါက် လက်ာများ၏ အဓိပ္ပါယ်မှာ။ဝိပဿနာကိုအားထုတ်ရာ၌၊ ပရမတ်တရား သဘောများကို သိကြရမည်။ ထိုတရား.တို့တွင် အကျဉ်းအားဖြင့် ရုပ်နာမ် ၂-ပါး၊ အလတ်အားဖြင့် ခန္ဓာ ငါးပါး၊ အကျယ် အားဖြင့် အာယတန ၁၂-ပါး။ ၎င်းတို့ကို သရုပ်သဘော အားဖြင့် ခွဲခြားသိရမည် ဆိုလို၏။

ထိုတရားတို့တွင်၊ ပရမတ်ဟူသည်၊ သရုပ်အားဖြင့် စိတ် ၁-ပါး၊ စေတသိက် ၁-ပါး၊ ရုပ် ၁-ပါး၊ နိဗ္ဗာန် ၁-ပါး၊ ဤသို့ ၄-ပါးဖြစ်၏။ ထို ၄-ပါးတို့တွင်၊စိတ်သည် အာရုံကို သိခြင်းသဘောရှိ၏။ထို့ကြောင့်၊ အာရမ္မဏံ စိန္တေတိ စိတ္တံ။ ။အာရမ္မဏံ၊ အာရုံကို။ စိန္တေတိ၊ သိတတ်၏။ ဤတိုတသ္မာ၊ထို့ကြောင့်။စိတ္တံ၊စိတ်မည်၏။ ဤသို့လျှင် သိခြင်းလက္ခဏာ အားဖြင့် ၁-ပါး အဘိုရှိသော်လည်း၊သရုပ် အရေအတွက် အားဖြင့် အကျဉ်း ၈၉-ပါး၊ အကျယ် ၁၂၁-ပါး အပြားရှိသည်ဟု မှတ်သားအပ်ပေသည်။

စေတသိက်သည်၊ စိတ်၌ ဖြစ်ခြင်း သဘော ရှိ၏။ ထို့ကြောင့်၊ စေတသိ ဘဝံ စေတသိကံ။ ။စေတသိ၊စိတ်၌။ဘဝံ၊ ဖြစ်သည်တည်း။ စေတသိကံ၊ စိတ်၌ဖြစ်သည်။ ဤသို့လျှင် ဖြစ်ခြင်း သဘော အားဖြင့်၊ ၁-ပါး အဘိုရှိသော်လည်း၊သရုပ်အရေအတွက်အားဖြင့်ကား ၅၂-ပါး အပြားရှိသည်ဟု မှတ်သားအပ်ပေသည်။

ရုပ်သည် ဘောက်ပြန်ခြင်း သဘောရှိ၏။ထို့ကြောင့်၊ ရုပ္ပတိတိရုပံ။ ရုပ္ပတိ၊ ဘောက်ပြန်တတ်၏။ ဤတိတသ္မာ၊ ထို့ကြောင့်။ ရုပံ၊ရုပ်မည်၏။ ဤသို့လျှင်၊ဘောက်ပြန်ခြင်းသဘောအားဖြင့် ၁-ပါး အဘိုရှိသော်လည်း၊ သရုပ် အရေအတွက်အားဖြင့် ၂၈-ပါး အပြားရှိသည်ဟု မှတ်အပ်ပေသည်။

နိဗ္ဗာန်သည်၊ တဏှာမှထွက်မြောက်ခြင်းသဘောရှိ၏။ ထို့ကြောင့်၊ ဝါနတော တဏှာယ နိက္ခန္တာတိ နိဗ္ဗာနံ။ ။ဝါနတော၊ တားမြစ်တတ်၍၊ ဝါနဟု-ဆိုအပ်သော။ တဏှာယ၊ တဏှာမှ။ နိက္ခန္တာ၊ ထွက်မြောက်သည်တည်း။ဣတိတသ္မာ၊ထို့ကြောင့်။နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏။ဤသို့လျှင် ၁-ပါးတည်းဟု မှတ်အပ်ပေ၏။

ပရမတ် ဟူသည်၊ မဘောက် မပြန် မြဲတ်သော သဘောရှိ၏။ ထို့ကြောင့်၊ပရမော ဥတ္တမော အဝိပရိတော အတ္ထောတိ ပရမတ္ထော။ ။ ပရမော ဥတ္တမော၊မြဲတ်သော။ အဝိပရိတော၊ မဘောက်မပြန်သော။ အတ္ထော၊အနက်တည်း။ဣတိတသ္မာ၊ ထို့ကြောင့်။ ပရမတ္ထော၊ပရမတ္ထ မည်၏။ ဤသို့လျှင် ၁-ပါးအဘိုဟု မှတ်အပ်ပေ၏။

ယခု ပြဆိုခဲ့သော၊ ပရမတ္ထတရား ၄-ပါးကို၊ အကျဉ်း သရုပ်အားဖြင့်၊မှတ်သားလွယ်စေခြင်းငှါ၊လယ်တီဆရာတော်ဘုရားကြီးက၊

စိတ်, စေတသိက်၊ ရုပ်, နိဗ္ဗာန် လေးရပ်၊ ပရမတ်ဟု ရေးစပ်တော်မူခဲ့ပေ၏။ တဖန် ဤပရမတ်တရား လေးပါးသည်၊ သရုပ် ပရိယာယ်မျှ ဖြစ်သေး၍၊ မူလ ဖြစ်သော ပရမတ်ကို သိစေခြင်းငှါ။ သိ, ပယ်, ဆိုက်, ပွါး၊ ၄-ပါးကိစ္စ၊ အဖိုင်ရ၊ မူလပရမတ်ဟု ရေးစပ်တော်မူပြန်လေသည်။

ဤပရမတ္ထတရား ၄-ပါးတို့တွင်၊စိတ်,စေတသိက်, ရုပ်၊ၛင်း ၃-ပါးသည်၊ လောကီ ပရမတ်ဖြစ်၍၊ နိဗ္ဗာန် တပါးသာ လောကုတ္တရာဖြစ်လေရာ။ လောကီပရမတ် ၃-ပါးကို ပယ်သတ်မှ၊ လောကုတ္တရာပရမတ်သို့ရောက်၍၊နိဗ္ဗာန်တိုင် ပေါက်မြောက်သောအခါ၊အရိယာတို့သဘောမှာမူကား၊ စိတ်,စေတသိက်,ရုပ် ၃-ပါးတို့တွင်၊ တပါးပါး၌၊ ဝိပဿနာနှင့်တကွ မဂ်စိတ် ကျသော်၊သိ-ဟူသော အနက်အဓိပ္ပါယ်အရ၊ ဒုက္ခသစ္စာကို ပိုင်းခြားခြင်းကိစ္စ တပါး။ ပယ်-ဟူသော အနက်အဓိပ္ပါယ်အရ၊သမုဒယသစ္စာကို ပယ်ခြင်းကိစ္စ တပါး။ဆိုက်-ဟူသော အနက်အဓိပ္ပါယ်အရ၊ ယသုလက်ရှိ ပိုင်းခြားသော ဒုက္ခသစ္စာ၌၊ ဘဝတဖန် ခန္ဓာ နာမ်ရုပ်၊ အသစ် ဖြစ်ခွင့် မရ၊ ချုပ်ငြိမ်းကြသော၊ နိဗ္ဗာန်မျက်မှောက် ပြုခြင်းကိစ္စ တပါး။ ပွါး-ဟူသော အနက် အဓိပ္ပါယ်အရ၊ ပယ်သော သမုဒယ သစ္စာ၌၊ ပရိယုဋ္ဌာန် ကိလေသာ၊ သမထဖြင့် ငြိမ်းသော ရသ။အနုသယ ကိလေသာ၊ဝိပဿနာဖြင့် ပယ်သော ရသ။ တူမျှသော မဂ္ဂသစ္စာကို ပွါးခြင်းကိစ္စ တပါး။ ဤသို့ ဒုက္ခသစ္စာကို ပိုင်းခြားခြင်း ကိစ္စ၊ သမုဒယသစ္စာကို ပယ်ခြင်း ကိစ္စ၊နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း ကိစ္စ၊ မဂ္ဂသစ္စာကို ပွါးခြင်း, ကိစ္စ။မဂ်ကိစ္စ ၄-ချက် တဝိုင်နက်ဖြစ်သည်ကို ရည်၍။ သိ, ပယ်, ဆိုက်, ပွါး၊ ၄-ပါး ကိစ္စ၊ အဖိုင်ရ၊ မူလပရမတ်ဟု၊ စပ်ဆိုပေသည်။

ရုပ်,နာမ် ၂-ပါး ဟူသည်ကား။ ပရမတ်တရား ၄-ပါး တို့တွင်၊ နိဗ္ဗာန်ကို ချန်ထား၍၊ စိတ် ပရမတ်နှင့်၊ စေတသိက် ပရမတ်သည်၊ အာရုံသို့ ရှေးရှုညွတ်ခြင်း သဘောရှိ၏။ထို့ကြောင့်၊နမတိတိ နာမံ။ ။ နမတိ၊ အာရုံသို့ ရှေးရှု ညွတ်တတ်၏။ ဇာတိတသ္မာ၊ ထို့ကြောင့်။ နာမံ၊ နာမ် မည်၏။ ဤသို့လျှင် နာမ် တရားသည်၊ အာရုံသို့ ညွတ်ခြင်း သဘောအားဖြင့် ၁-ပါးအတို့ ရှိသော်လည်း၊ သရုပ် အရေ အတွက် အားဖြင့်၊ စေတသိက် ၅၂-ပါး၊ စိတ်ကို ၁-ပါးယူ၍၊ ၅၃-ပါးဖြစ်၏။

ရုပ်သည် နောက်ကပြဆိုခဲ့သောအတိုင်း၊ ဘောက်ပြန်ခြင်းသဘောရှိ၍၊ ၂၈-ပါး ဖြစ်သတည်း။

ခန္ဓာ ၅-ပါး ဟူသည်ကား။ သဘောအားဖြင့်၊ အဘိတ်, အနာဂတ်, ပစ္စုပ္ပန်၊ ၃-တန်သော ကာလတို့၌ ဖြစ်သော၊ သဘောမျှား ပေါင်းစုနေခြင်း ဖြစ်ပေ၏။ သရုပ် အားဖြင့်ကား။ ရူပက္ခန္ဓာ, ဝေဒနက္ခန္ဓာ, သညက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာဟူ၊ ၅-ပါး ရှိပေ၏။ ၎င်း ၅-ပါးဟူသည်၊ ရုပ်နာမ် ၂-ပါးကိုပင်လျှင် ၅-ပါးဟု ခေါ်ဆိုပြန်သဖြင့်၊ ရုပ် ၂၈-ပါးကို၊ ရူပက္ခန္ဓာ။ နာမ် ၅၃-ပါးတွင်၊ ဝေဒနာစေတသိက်ကို၊ ဝေဒနက္ခန္ဓာ။ သညာစေတသိက်ကို၊ သညက္ခန္ဓာ။ ဝေဒနာ,သညာမှ ကြွင်းသော စေတသိက် ၅၀-ကို၊ သင်္ခါရက္ခန္ဓာ။ စိတ် ၈၉-ပါးကို၊ ဝိညာဏက္ခန္ဓာ။ ဤသို့လျှင်၊ ရူပက္ခန္ဓာ ၁-ပါး၊ နာမက္ခန္ဓာ ၄-ပါးကို ပေါင်း၍၊ ခန္ဓာ ၅-ပါးဖြစ်သတည်း။

အာယတန ဟူသည်ကား။ ရှည်လျားကြောမြင့်ခြင်း၊ ယိုစိမ်းခြင်း သဘောရှိ၏။ သရုပ်အားဖြင့်၊ စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတန, မနာယတန အစ္ဆရာတို့က ၆-ပါး။ ရူပါယတန, သဒ္ဒါယတန, ဂန္ဓာယတန, ရသာယတန, ဖောဋ္ဌဗ္ဗာယတန, ဓမ္မာယတန ဗာဟိရ ၆-ပါး။ ဤသို့အားဖြင့် ၁၂-ပါး ဖြစ်ပေ၏။

အထူးမှာ။ ။ရုပ်နာမ် ၂-ပါးတွင်၊ စိတ်ကို မနာယတန။ ဧစေတသိက်နှင့် သုခုမရုပ်ကို၊ ဓမ္မာယတန။ အာပေါမှကြွင်းသောဓာတ်ကြီး ၃-ပါးကိုဖောဋ္ဌဗ္ဗာယတနကောက်၍၊ ကြွင်းသော အာယတနမှာ၊ ရုပ်တခုစီသာဖြစ်၍၊ လွယ်ကူစွာဖြင့် မှတ်ယူ သိရှိနိုင်ကြရာသတည်း။

ပရုမတ်-ရုပ်, နာမ်, ခန္ဓာ စသည်ကို ပြဆိုခြင်းပြီး၏။

ဓာတ် ၁၈-ပါး၊ ပဋိစ္စ သမုပ္ပါဒ်တရားနှင့် သစ္စာ ၄-ပါးကို
မှတ်သားရန် ပြဆိုခြင်း

၅—ဓာတ်ဆယ့်ရှစ်ပါး၊ အကျယ်အား၊ ခြားနားသိလေပါ။
၆—ပဋိစ္စဓာတ်၊ သမုပ္ပါဒ်၊ ထွက်ရပ်လမ်းကိုရှာ။
၇—ထွက်လမ်းမြင်၊ မျှားလူရှင်၊ ဝဋ်တွင်မျောရမှာ။
၈—သစ္စာ ၄-ရပ်၊ ပရမတ်၊ ဝပ်အပ်သိမြင်ရာ။

ဤသံပေါက်လက်ဝမျှား၏ အဓိပ္ပါယ်မှာ။ ပရမတ် တရားတို့ထွင်၊ အကျယ်အားဖြင့်၊ ဓာတ် ၁၈-ပါးနှင့်၊ ပဋိစ္စသမုပ္ပါဒ်စက်မှ၊ ထွက်လမ်း

ကို ရှာရမည်။ထွက်လမ်း မမြင်လျှင်၊ သံသရာဝဋ်တွင် မျောကြရမည်။ ထို့ကြောင့် သစ္စာ ၄-ပါးကို သိရမည်ဆိုလို၏။

ထိုတရားတို့တွင် ဓာတ်ဟူသည်၊ မိမိ၏သဘောကို ဆောင်ခြင်း ဖြစ်၏။ ထို့ကြောင့် အတ္တနော သဘာဝံ ဓာရေတိတိ ဓာတု။ ။ အတ္တနော၊ မိမိ၏။ သဘာဝံ၊ သဘောကို။ ဓာရေတိ၊ ဆောင်တတ်၏။ ဤတိတသ္မာ၊ ထို့ကြောင့်။ ဓာတု၊ ဓာတ်မည်၏။ ၎င်းဓာတ်သည်၊ မိမိ သဘောကို ဆောင်ခြင်း ၁-ပါး အားဖြင့်ရှိ၏။ သစ္စာ အရေ အတွက် အားဖြင့်သော်ကား၊ ၁၈-ပါး အပြားရှိပေ၏။

ဓာတ် ၁၈-ပါးဟူသည်ကား။စက္ခု၊ သောတ, ဃာန, ဇိဝှါ, ကာယ, မန ဟူသော ဒွါရ ၆-ပါး၊ ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ, ဓမ္မ ဟူသော အာရုံ ၆-ပါး၊ စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာနဝိညာဏ်,ဇိဝှါ ဝိညာဏ်,ကာယဝိညာဏ်,မနောဝိညာဏ် ဟူသော ဝိညာဏ် ၆-ပါး။ ဤသို့လျှင် ဓာတ်သည် ၁၈-ပါးဖြစ်၏။ သဘောမှာ၊ ပရမတ္ထတရားကို၊ ဝိပဿနာ အာရုံအရ ဝေဘန်ခဲ့သော်၊ အကျဉ်းအားဖြင့်၊ နာမ်,ရုပ် ၂-ပါး။ အလတ်အားဖြင့်၊ ခန္ဓာ ၅-ပါး။ အကျယ်အားဖြင့်၊ အာယတန ၁၂-ပါး။ ဓာတ် ၁၈-ပါးဖြစ်၏။

တဖန် ၎င်းဓာတ် ၁၈-ပါးကို၊ပရမတ္ထတရားနှင့် ဝေဘန်ခဲ့ပါလျှင်၊ နောက် အာယတန၌ ပြဆိုခဲ့သောအတိုင်း၊ စက္ခုစသော ရုပ်အာယတန ၅-ပါး။ရူပ စသော ရုပ်အာယတန ၅-ပါးသည်၊ စက္ခုစသော ရုပ်ဓာတ် ၅-ပါး၊ ရူပစသော ရုပ်ဓာတ် ၅-ပါးပင်ဖြစ်၏။တဖန် စက္ခုဝိညာဏ်ဒွေး စသော၊ ဒွေပဉ္စ ဝိညာဏ်စိတ် ၁၀-သည်၊ စက္ခု ဝိညာဏ်, သောတ ဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ်ဟု ဝိညာဏ ဓာတ် ၅-ပါး။ ပေါင်း ဓာတ် ၁၅-ပါးဖြစ်၏။

ကြွင်းသောဓာတ် ၃-ပါးတို့တွင်၊ ပဉ္စဒွါရာဝဇ္ဇန်းနှင့်၊ သမ္ပဋိစ္ဆိုင်း ဒွေး ၎င်း ၃-သည်၊ မနောဓာတ် မည်၏။ ဝိညာဏကွန်ဒွာမှ တပါး၊ ဝေဒနာ, သညာ, သင်္ခါရ ဟူသော နာမ်ခန္ဓာ ၃-ပါး၊ သုခုမရုပ် ၁၆-ပါးနှင့် အသင်္ခတနိဗ္ဗာန်၊၎င်း ၂၀-သည်၊မမ္မဓာတ်မည်၏။ ကုသိုလ်စိတ် ၂၁-ခု၊အကုသလဝိပါက်ဥပေက္ခာသန္တီရဏ ၁-ခု၊ကုသလဝိပါက် သောမနဿသန္တီရဏ ၁-ခု၊ကုသလဝိပါက် ဥပေက္ခာသန္တီရဏ ၁-ခု၊ ပေါင်း အဟိတ် ဝိပါက် ၃-ခု၊ ကာမာဝစရဝိပါက် ၈-ခု၊ မဟဂ္ဂုတ် ဝိပါက် ၉-ခု၊ လောကုတ္တရာ ဝိပါက် ၈-ခု၊ မနောဒွါရာဝဇ္ဇန်း ၁-ခု၊

ဟာသိတုပ္ပါဒ် ၁-ချ၊ပေါင်း အဟိတ် ကြိုယာ ၂-ချ၊ ကာမာဝစရကြိုယာ ၈-ချ၊ မဟဂ္ဂုတ်ကြိုယာ ၉-ချ။ ပေါင်း ၁၆-ပါးသော စိတ်သည်၊မနောဝိညာဏဓာတ် မည်၏။ ဤသို့လျှင် သရုပ် အရေ အတွက် အားဖြင့်၊ ဓာတ် ၁၈-ပါး ဟူ၍ မှတ်သားအပ်ပေသည်။

အမှာစကားများ။ ။ဤပဋိစ္စသမုပ္ပါဒ် အခက်ဦး၌၊ ဆိုင်ရာမျှ မဟုတ်ဘဲ၊ မေး၍ အဖြေ ပေးဘူး သည်ကို ကြည့်ရှုသူတို့ သဘာဝတရား၌၊ ဗဟုသုတ များစေခြင်းငှါ၊ ဤအခက်ဦး၌ ထည့်သွင်း ဘော်ပြလိုက်ပေအံ့။ သက္ကရာဇ် ၁၂၄၇ ခုနှစ်၊ တော်သလင်း လလောက် (မြန်မာ့အလင်း သတင်းစာတွင်) ရန်ကုန်မြို့၊ မိုးရထား စာရင်းစစ်ဝန် ဦးဘစိန် ကြီးမှူးသော အဘိဓမ္မာသင်္ချာအသင်းကြီးက မေးမြန်းလိုက်၏။

အမေးပုစ္ဆာကား။ ၁-ပဋိစ္စသမုပ္ပါဒ်အရ၌၊ ပြထားသည့် သင်္ချာပုံစံများ၊ အဘိဓမ္မာနည်းနှင့် ညီကြောင်း အကျယ်ဖြေရန်။ ၂-ၾင်းပြင် ပဋိစ္စသမုပ္ပါဒ် စက်လည်ပုံ၊ စက်ရပ်ပုံများ ကြေနပ် လောက်အောင် ဖြေရန်။ ဤကား အမေး။

ထိုအမေး ၂-မျိုးတွင်၊ ပုံစံပြသည်မှာ၊ သရုပ်ဖြစ်၍၊ စက်လည်ပုံ၊ စက်ရပ်ပုံမှာ၊ သဘော ဖြစ်ပေ၏။ အချုပ်ကား၊ အဘိဓမ္မာ သည်၊ သရုပ်နည်း, သဘောနည်းဟု ၂-မျိုးရှိရာ။ ပဋ္ဌာန်းနည်းမှာ၊ သဘော ဟုတ်သည်ကို၊ သင်္ချာ သရုပ်ထုတ်၍၊သိရှိမှတ်သားရန်ဖြစ်၏။

ပဋိစ္စသမုပ္ပါဒ်နည်းမှာကား။ ဟုတ်မှန်သော သဘောဖြင့်၊ ပဋိစ္စသမုပ္ပါဒ်၊ အကြောင်း မဆက် မစပ်၊ ရပ်အောင် ပြတ်အောင် ဖြတ်ရန်၊ သတိပဋ္ဌာန်မဂ္ဂင်ဟူသော အကျင့်ဖြစ်ပေ၏။

ထို့ကြောင့်၊ သဘော ဟုတ်, မဟုတ်ကိုသာ စစ်ဆင်၍၊ သဘော ဟုတ်သည်၌၊သင်္ချာသရုပ်ကိုထုတ်၍ ယှဉ်ရ၏။ သင်္ချာသရုပ်ကို ပြပြီးမှ၊ ၎င်းသင်္ချာအရ၊ သဘောက လိုက်ရသည်မဟုတ်ပေ။ ၎င်းအကြောင်းများကို အောက်ပါစကားဖြင့် သိရှိပါလေ။

ယထာ အတ္ထော တထာ သဒ္ဒါ၊
သဒ္ဒါ အတ္ထော နုမဒ္ဓိတော။
အတ္ထော နတ္ထော် နု သဒ္ဒေဟော၊
အတ္ထော တထောတု သဒ္ဒါဇ္ဈ။ ။

ယထာ၊ အကြောင် အခြင်းဖြင့်။ အတ္ထော၊ အနက် သင့်၏။ တထာ၊ ထိုအနက်သင့်သော အခြင်းဖြင့်။သဒ္ဒါ၊သဒ္ဒါသင့်ရ၏။သဒ္ဒါ၊သဒ္ဒါကို။

အထွော၊ အနက်သို့။ အနုဗဒ္ဓိတော၊ အစဉ် လိုက်စေအပ်၏။ အထွော၊ အနက်ဟုတ်သလော။ နထွော၊ အနက် မဟုတ်သလော။ ဣတိ၊ ဤသို့။ နသန္ဓေဟော၊ မယုံမှားလင့်။ အထွော၊ အနက်သည်။ တထောဝု၊ မှန်သည်ရှိသော်ကား။သန္ဓေါ၊သန္ဓါသည်။ဥဓု၊ဖြောင့်မှန်စွာလိုက်ရ၏။

ဤသို့ ကျေးဇူးရှင် မင်းကွန်း ဓေတဝန် ဆရာတော် ဘုရားကြီး၊ အနက်ပေးသော ဒေသနာစကားအရ။ ပုံစံပြသော သင်္ချာဌ၊ သဘာဝ ညီသည် မညီသည် ကိုကား၊ မရှု မပြောသာပေ။ ဟုတ်မှန်သော စက်လည်ပုံ၊စက်ရပ်ပုံ သဘောသွားကိုသာ၊ အသင်းသားတို့ စဉ်းစား နိုင်ရန် အောက်ပါအတိုင်း အမြွက်မျှ ဖြေကြားပေအံ့။

စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ဝေဒနာပစ္စယာ တဏှာ၊တဏှာ ပစ္စယာ ဥပါဒါနံ။ပ။သမုဒယော ဟောတိ။ ဝိဘင်းပါဠိတော်

စက္ခု၊ဥစပဋိစ္စ၊ မျက်စိကြောင့်ငင်း။ ရူပေစ ပဋိစ္စ၊ အဆင်းတို့ကြောင့်ငင်း။ စက္ခုဝိညာဏံ၊ မြင်ခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တိဏ္ဏံ၊ မျက်စိ, အဆင်း,မြင်ခြင်း ၃-ပါးတို့၏။ သင်္ဂတိ၊ပေါင်းဆုံခြင်းသည်။ဖဿော၊ ဖဿမည်၏။ ဖဿပစ္စယာ၊ ဖဿကြောင့်။ ဝေဒနာ၊ ဝေဒနာသည်။ သမ္ဘဝတိ၊ဖြစ်၏။ ဝေဒနာပစ္စယာ၊ ဝေဒနာကြောင့်။ တဏှာ၊ တဏှာသည်။ သမ္ဘဝတိ၊ ဖြစ်၏။တဏှာပစ္စယာ၊ တဏှာကြောင့်။ ဥပါဒါနံ၊ ဥပါဒါန်သည်၊ သမ္ဘဝတိ၊ ဖြစ်၏။ ပ။သမုဒယော၊ အကြောင်းသည်။ ဟောတိ၊ဖြစ်၏။ ။ဤကား စက်လည်ပုံတည်း။

အဓိပ္ပါယ်ကား။မြင်သောခဏာဌ၊မျက်စိ,အဆင်း,မြင်ခြင်း,အတွေ့, ခံစားခြင်း အကျိုးတရားငါးပါး တပြိုင်နက်ဖြစ်၏။ ၎င်းအကျိုးတရား ငါးပါး ဖြစ်လျှင်၊ ပကတိ ပုဂ္ဂိုလ်တို့အား၊ ဝေဒနာပစ္စယာ တဏှာ ဟူသော ဒေသနာအရ၊ ဝေဒနာကြောင့် တဏှာဖြစ်သည် ဆိုသဖြင့်။ တဏှာဖြစ်ခဲ့သော်၊ ဥပါဒါန်,ကံ,အဝိဇ္ဇာ,သင်္ခါရ-ဟူသောအကြောင်း ကရားငါးပါးတို့လည်း တပြိုက်နက်ဖြစ်ကြပြန်၏။

ဤသို့ ပစ္စုပ္ပန်အကျိုးတွင် မရပ်၍၊ ပစ္စုပ္ပန် အကြောင်းနှင့် စပ်၍ ဖြစ်ပေါ်လျှင်၊ နောင် ဘဝ-ဟူသော အနာဂတ် အကျိုးတရား ငါးပါး

ဖြစ်ပေါ်လိမ့်ဦးမည်။ ထိုသို့ ဖြစ်သော သဘောမျိုးကို၊ ပဋိစ္စသမုပ္ပါဒ် စက်လည်သည်ဟု မှတ်ယူပါလေ။

စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ။ ဝေဒနာပစ္စယာ တဏှာ၊ တဿာယေဝ တဏှာယ အသေသဝိရာဂ နိရောဓော ဥပါဒါန နိရောဓော ။ပ။ နိရောဓော ဟောတိ။

စက္ခုဉ္စပဋိစ္စ၊ ၎င်း။ ရူပေစပဋိစ္စ၊ ၎င်း။ စက္ခုဝိညာဏံ၊ သည်။ ဥပ္ပဇ္ဇတိ၊ဖြစ်၏။ တိဏ္ဏံ၊သုံးပါးတို့၏။ သင်္ဂတိ၊သည်။ ဖဿော၊ ဖဿ မည်၏။ဖဿပစ္စယာ၊ဖဿကြောင့်။ဝေဒနာ၊ဝေဒနာသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဝေဒနာ ပစ္စယာ၊ ဝေဒနာကြောင့်။ တဏှာ၊ တဏှာသည်။ သမ္ဘဝတိ၊ ဖြစ်၏။ တဿာယေဝ တဏှာယ၊ ထိုတဏှာ၏ သာလျှင်။ အသေသဝိရာဂ နိရောဓော၊ အကြွင်းမဲ့ကို မဂ်ဖြင့် ချုပ်ခြင်းကြောင့်။ ဥပါဒါန နိရောဓော၊ ဥပါဒါန်ချုပ်၏။ ပ။ နိရောဓော၊ ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

အဓိပ္ပါယ်ကား။ ဖြင်သော ခဏာဒိ၊ မျက်စိ, အဆင်း, ဖြင်ခြင်း, အတွေ့,ခံစားခြင်း အကျိုးတရားငါးပါးဖြစ်ရာ။ သတိဖြင့် ဖြင်တယ်ဟု မှတ်လျှင်၊ ဇာဒ္ဒ အနိဋ္ဌ လွတ်ကင်း၊ တဏှာ မဖြစ်ခြင်းကြောင့်၊ တဿာယေဝ တဏှာယ၊ အသေသ ဝိရာဂ နိရောဓော၊ ဥပါဒါန နိရောဓော ဟူသော ဒေသနာအရ။တဏှာ ချုပ်လျှင်၊ ဥပါဒါန်ချုပ်သည်ဆိုသဖြင့်၊ တဏှာ, ဥပါဒါန် ချုပ်ခဲ့သော်။ အဝိဇ္ဇာ, ကံ, သင်္ခါရ–ဟူသော အကြောင်းတရားငါးပါးလုံး တပြိုင်နက် ချုပ်ရ၏။

ဤသို့ပစ္စုပ္ပန် အကျိုးတွင်ရပ်၍၊ ပစ္စုပ္ပန်အကြောင်း မစပ် မပေါ်ရသဖြင့်၊ နောင် ဘဝ-ဟူသော၊အနာဂတ်အကျိုးတရား ငါးပါးတို့ မဖြစ်နိုင်တော့ပေ။ ထိုသို့ မဖြစ်သော သဘောမျိုးကို၊ ပဋိစ္စသမုပ္ပါဒ်စက် ရပ်သည်ဟု မှတ်ယူပါလေ။

စက်လည်ပုံ သဘောမှာ။ ဖြင်သော ခဏာဒိ၊ဖြင်တယ်ဟု သတိဖြင့် မမှတ်လျှင်၊ဇာဒ္ဒါရုံဖြင်က၊သာ၍ လောဘ သုခဝေဒနာဖြစ်၏။ အနိဋ္ဌာရုံ ဖြင်က၊ မနှစ်သက်၍ ဒေါသ ဒုက္ခဝေဒနာဖြစ်၏။မဇ္ဈတ္တာရုံဖြင်က အမှန် မသိ၍၊ မောဟ ဥပေက္ခာဝေဒနာဖြစ်၏။

ဂင်းဝေဒနာ ၃-ပါးသည်၊ ပံညတ်ကို အာရုံပြုသော ကိလေသာနှင့် ယှဉ်သည့်ဝေဒနာဖြစ်၍၊ တဏှာ စသော အကြောင်းနှင့် စပ်သဖြင့်၊ တဏှာပစ္စယာ ဥပါဒါနံ-ဟူသော ဒေသနာအရ၊ ပစ္စုပ္ပန် အကျိုးနှင့်၊ ပစ္စုပ္ပန်အကြောင်းစပ်၍ စက်လည်သည်မည်၏။

စက်ရပ်ပုံ သဘောမှာ။ မြင်သော ခဏ၌၊ မြင်တယ်ဟု သတိဖြင့် မှတ်လျှင်၊ ဇာဉ္ဉာရုံ မထင်၍၊ သာယာခြင်း မရှိသဖြင့်၊ လောဘ သုခဝေဒနာ မဖြစ်။ အနိဋ္ဌာရုံ မထင်၍၊ မနှစ်သက်ခြင်း မရှိသဖြင့်၊ ဒေါသ ဒုက္ခဝေဒနာ မဖြစ်။ မဇ္ဈတ္တာရုံထင်၍၊ အမှန်သိသဖြင့်၊ ဥပေက္ခာဝေဒနာဖြစ်၏။

ဂင်းဥပေက္ခာဝေဒနာသည်၊ ပရမတ် နာမ်ရုပ်ကို အာရုံ ပြုသဖြင့်၊ ကိလေသာနှင့်မယှဉ်၊ ဉာဏ်နှင့်ယှဉ်သော ဝေဒနာဖြစ်၍၊ တဏှာစသော အကြောင်းနှင့် မစပ်သဖြင့်၊ တဿာယော တဏှာယ အသေသဝိရာဂ နိရောဓာ ဥပါဒါန နိရောဓော-ဟူသော ဒေသနာအရ။ ပစ္စုပ္ပန်အကျိုး နှင့် ပစ္စုပ္ပန်အကြောင်း မစပ်၍၊ စက်ရပ်သည်မည်၏။

ရှင်းလင်းရန်မှာ။ အဝိဇ္ဇာပစ္စယာ သင်္ခါရာ စသော ဒေသနာတော် အရသည်၊ ကာလ ၃-ပါး၌ ဖြစ်သော၊ အကြောင်း, အကျိုး တရားတို့ လည်ပုံ ရပ်ပုံကိုပြ၏။ ယခုအဖြေ၌ကား၊ စက္ခုဒ္ဒ ပဋိစ္စ ဂျပေစ ဥပ္ပဇ္ဇတိ-စသောဒေသနာတော်အရ၊ ပစ္စုပ္ပန် ကာလဖြစ်သော တရားက ဖြတ်ရသဖြင့်၊ ပစ္စုပ္ပန်ကာလ၌ လည်ပုံ ရပ်ပုံကို ပြလိုက်ပေသည်။

သဘောမှာကား။ အဝိဇ္ဇာသည် အတိတ် အကြောင်း၊ တဏှာသည် ပစ္စုပ္ပန် အကြောင်း ဖြစ်ရာ။ ဝိပဿနာ ကျင့်မှုဟူသော ပဋိစ္စသမုပ္ပါဒ်စက်ဖြတ်ရန်မှာ၊ ပစ္စုပ္ပန်ကာလ၌ဖြစ်သော တဏှာနှင့်၊ အရင်းမူလ သက်ဆိုင်၍၊ အတိတ် ကာလ၌ ဖြစ်သော အဝိဇ္ဇာနှင့်ကား၊ အရင်းမူလ မသက်ဆိုင်ပေ။ ထို့ကြောင့် ဤနေရာ၌၊ အဝိဇ္ဇာ,တဏှာဝသေန ဒွေမူလာနိ-ဆိုသည်ကို သတိပြုသင့်လှပေတော့သည်။

စက်ရပ်အောင် ဖြတ်ခြင်း ဆိုသည်မှာ။ ဆက် စပ်တတ် သောဌာန၌၊ မဆက် မစပ် ရအောင် ပြုရလေရာ၊ အလွှာ ၄-ချ၌၊ အစပ် ၃-ပါးကို မှတ်သားအပ်ပေ၏။

အစပ် ၃-ပါးဟူသည်၊ အတိတ် အကြောင်း ၅-ပါး၏ အဆုံးဖြစ်သော ကံနှင့်၊ ပစ္စုပ္ပန် အကျိုး ၅-ပါး၏ အစဖြစ်သော ဝိညာဏ်။ ၎င်း ၂-ပါးတို့၏အကြားခွဲ တစပ်ဖြစ်၏။

ပစ္စုပ္ပန် အကျိုး ၅-ပါး၏ အဆုံးဖြစ်သော ဝေဒနာနှင့်၊ ပစ္စုပ္ပန် အကြောင်း ၅-ပါး၏ အစဖြစ်သော တဏှာ။ ၎င်း ၂-ပါးတို့၏အကြားခွဲ တစပ်ဖြစ်၏။

ပစ္စုပ္ပန် အကျိုး ၅-ပါး၏ အဆုံးဖြစ်သော ဝေဒနာနှင့်၊ ပစ္စုပ္ပန် အကြောင်း ၅-ပါး၏ အစဖြစ်သော တဏှာ။ ၎င်း ၂-ပါးတို့၏အကြားခွဲ တစပ်ဖြစ်၏။

ပစ္စုပ္ပန်အကြောင်း ၅-ပါး၏အဆုံးဖြစ်သော သင်္ခါရနှင့်၊အနာဂတ် အကျိုး ၅-ပါး၏ အစဖြစ်သော ဝိညာဏ်။ ၎င်း ၂-ပါးတို့၏ အကြားခွဲ တစပ်ဖြစ်၏။ ဤသို့လျှင် အစပ် ၃-ပါး၏ ဖြစ်ပုံသဘောသွားကို၊ သိ၌ မှတ်သားကြပါလေ။

ထိုအစပ် သုံးပါးတို့တွင်၊ အတိတ်နှင့် ရောသောအစပ်၊အနာဂတ် နှင့် ရောသောအစပ်များက ဖြတ်ရသည်မဟုတ်၊ပစ္စုပ္ပန်အကျိုး,ပစ္စုပ္ပန် အကြောင်း၊၎င်း ၂-ရပ်တို့ ဆက်စပ်တတ်သော ဌာနကသာ၊ဝိပဿနာ ဟူသော သတိအမှတ်ဖြင့် ဖြတ်ရလေသည်။

စက်ဖြတ်ပုံ၊ ဝိပဿနာ မှတ်နည်းသည်ကား။ ဂန္ဆနော၀ါ၊ ဂန္ဆာမိတိ ပဇာနာတိ။

ဂန္ဆနော၀ါ၊သွားသော်မူလည်း။ ၀ါ၊ သွားစဉ်, သွားဆဲ,သွားတုံး, သွားခိုက်။ ဂန္ဆာမိတိ၊ သွား၏ဟူ၍။ ပဇာနာတိ၊ သိ၏။ ၀ါ၊ သိအောင် မှတ်ရ၏။ ။သတိပဋ္ဌာန်ပါဠိတော်။

ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဗာဟိယ ဘဝိဿတိ။ ဗာဟိယ၊ ချစ်သားဗာဟိယ။ ဒိဋ္ဌေ၊ မြင်သောအခိုက်အတန့် ခဏကာလ၌။ ဒိဋ္ဌမတ္တံ၊ မြင်၏ဟု အမှတ် ပြုရုံမျှသည်။ဘဝိဿတိ၊ ဖြစ်ရာ၏။ ။ဥဒါန်းပါဠိတော်-ဗာဟိယသုတ်

ကြွင်းသော ဒွါရဆာရုံတို့၌လည်း၊ ဤနည်းတူပင်တည်း။

ထိုပါဠိတော်များအရ၊စက်ဖြတ်ပုံ ဝိပဿနာနည်းကိုပြရာ၊ များစွာသော ကမ္မဋ္ဌာန်း ဆရာတို့က၊ ရှုခြင်း, ပွါးခြင်းဟု အနက် ပေးကြ၍၊ ယခုမှာ မှတ်ခြင်းဟု အနက် ပေးသဖြင့်၊ အမှတ် ဟူသည်၊ သညာ၏ အနက်ဟု အချို့က ထင်တတ်ကြပေရာ၊ အောက်ပါ ဒီကာကို ကြည့်ရှုပါလေ။

သတိ ဟိ ဓာရဏာတိ နိဒ္ဒိဋ္ဌာ၊ ဓာရဏာဉ္စေတ္ထ သလ္လက္ခဏံ။ အထဝါ ဥပဓာရေတဗ္ဗန္တိ သတိ ပုဗ္ဗင်္ဂမာယ ပညာယ ဥပလက္ခဏတ္ထံ။

ဟိသစ္ဒံ၊ မှန်၏။ သတိ၊သတိကို။ ဓာရဏာတိ၊ ဓာရဏ အနက်ဟူ၍။ နိဒ္ဒိဋ္ဌာ၊ ညွှန်ပြအပ်၏။ စ၊ဆက်၍ ဆိုဦးအံ့။ ဇ္ဈေ၊ ဤသတိကို။ ဓာရဏာ-အနက်ဟု ညွှန်ပြ ရာ၌။ ဓာရဏာ၊ ဓာရဏ ဟူသည်။ သလ္လက္ခဏံ၊ ကောင်းစွာ မှတ်ခြင်းတည်း။

အထဝါ၊ တနည်းကား။ ဥပဓာရေတဗ္ဗန္တိ၊ မှတ်အပ်၏ ဟူသည်။ သတိ ပုဗ္ဗင်္ဂမာယ၊ သတိ ပြဠွာနိုးသော။ ပညာယ၊ပညာဖြင့်။ ဥပလက္ခဏတ္ထံ၊ မှတ်အပ်၏။

ဤသို့လျှင်၊ ဝိသုဒ္ဓိမဂ် မဟာဋီကာ၌ ဆုံးဖြတ်၍ ပြဆိုခြင်းကြောင့်၊ မှတ်ခြင်းဟူသည်၊ သညာ၏ အနက်မဟုတ်၊ သတိ၏ အနက်ဖြစ်ပေ၍၊ သတိ ပဋ္ဌာန် နည်းဟူသော ဝိပဿနာဉာဏ် အမှတ်ဖြင့်၊ ပစ္ဆုပ္ပန် အကျိုးနှင့် ပစ္ဆုပ္ပန်အကြောင်း မစပ်ရအောင်၊ ချိုးဖြတ်ခြင်း, ဖျက်ဆီး ခြင်း ပြုလုပ်သည် မှတ်လေ။

အထူးမှာ။ အာဘိဓမ္မောနည်းဖြစ်သော ဝိထိသဘောနှင့် ယှဉ်ပါလျှင်၊ အမှတ်ဟူသည်၊ ဝုဋ္ဌောဏ် အနက်ဖြစ်၍၊ ဝါရ ၄-မျိုးတို့တွင်၊ ဒွါရဒ္ဒ ထင်ခိုက်၊ အာရုံကိုသာ မှတ်သဖြင့်၊ ဝိပါက်ဝိညာဏ်ဟူသော အကျိုး နာမ်ရုပ်၊ ပရမတ်သဘောမျှကို ပိုင်းခြားသော ဝေါဋ္ဌဗ္ဗန ဝါရဟူ၊ မရွှေ့ မှတ်အပ်ပေသည်။

တပန်၊ ဤနေရာ၌၊သွားခိုက် သွားတယ်၊ မြင်ခိုက် မြင်တယ်စသည် ဖြင့် မှတ်မှုသည်၊ပညတ် မဟုတ်လောဟု တွေးတောရန် ဂှိပေ၏ ပညတ် ဖြစ်သော်လည်း၊ ကိလေသာ၏အာရုံဖြစ်သော၊ အဝိဇ္ဇမာန ပညတ်မျိုး မဟုတ်၊ ပရမတ်အာရုံဖြစ်သော၊ ဝိဇ္ဇမာနပညတ်မျိုးဖြစ်ပေ၏။ ပရမတ် သည်၊ ပညတ်နှင့် ကင်း၍ မဖြစ်နိုင်ဆိုသော စကားကို၊ သတိထားသင့် ပေ၏။

ထိုသဘောမျိုးမှာ၊ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် ၄-မျိုးတို့ တွင်၊ဖြစ်ခိုက်အာရုံကိုထင်သောအတိုင်း မှတ်ရသော၊ဒွစ္စုပ္ပန်လက္ခဏာ ရသော၊ပစ္စုပဋ္ဌာန်ဖြစ်၏။

တဖန်၊ သမ္မာဇည ၄-ပ ါးတို့တွင်လည်း၊ အာရုံ ထင်သော အတိုင်း မှတ်သော၊ ဂေါစရသမ္မာဇညဖြစ်၏၊ထင်ခိုက် အာရုံမဟုတ်ဘဲ၊ ဖြစ်တတ် သော သဘောကို သရုပ်တင်၍ ဆင်ခြင် သုံးသပ်မှု မျိုးသည်၊ ပစ္စုပ္ပန် လွတ်ကင်း၊ပညတ်အတွင်းဖြစ်သော၊အာသမ္မောဟ သမ္မာဇညဖြစ်ပေ၏။ ထို့ကြောင့်၊အောက်၌ပြဆားသောဒေသနာတော်များဖြင့်၊စက်လည်ပုံ, စက်ရပ်ပုံ, သဘောသွားကို၊ မှတ်သားသိရှိကြပါလေ။

အတိတေ ဟေတဝေါပဉ္စ၊ ဇဒါနိ ဖလပဉ္စကံ။
ဇဒါနိ ဟေတဝေါပဉ္စ၊ အာယတိ ဖလပဉ္စကန္တိ။

အတိတေ၊အတိတ်၌။ဟေတဝေါပဉ္စ၊အကြောင်း ၅-ပါးငင်း။ဇဒါနိ ယသုပစ္စုပ္ပန်၌။ ဖလပဉ္စကံ၊ အကျိုး ၅-ပါးငင်း။ ဇဒါနိ၊ယသုပစ္စုပ္ပန်၌။ ဟေတဝေါပဉ္စ၊အကြောင်း ၅-ပါးငင်း။ အာယတိ၊နောင်အနာဂတ်၌။ ဖလပဉ္စကံ၊ အကျိုး ၅-ပါး ငင်း။ **။လက်သန်း အဋ္ဌကထာ စက်လည်ပုံတည်း။**

ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဗာဟိယ ဘဝိဿတိ။ ။ဗာဟိယ၊ ချစ်သား ဗာဟိယ။ ဒိဋ္ဌေ၊မြင်ဆဲခဏာ၌။ ဒိဋ္ဌမတ္တံ၊ မြင်၏ဟု အမှတ်ပြုရုံမျှသည်။ ဘဝိဿတိ၊ ဖြစ်ရာ၏။

ဥဒါန်းပါဠိတော် ဗာဟိယသုတ် စက်ရပ်အောင်ဖြတ်ပုံတည်း။

၍ အထက်၌ ပြဆိုခဲ့သော စက်လည်ပုံ, စက်ရပ်ပုံ, ရပ်အောင် ဖြတ်ပုံ သဘော ဂုဏ်းချက်များကို၊ အခြား သူတို့၏ ဂုဏ်းချက်များနှင့် နှိုင်းယှဉ်၊ အသင်းသားတို့၏ ဉာဏ်နှင့်လည်း ဆင်ခြင် စဉ်းစားပြီး၊ ဂုဏ်းပြထားသော သဘော မှန်သည်ထင်လျှင်၊ စိတ်စေ,တသိက်,ရုပ် တို့နှင့်၊ ရသင့်သော ယှဉ်ဘက် သင်္ခါ သရုပ်များကို ထုတ်လျက်၊ စပ်ယှဉ်၍ ယူကြပါလေ။

ထို သို့သျှင် ပြဆိုခဲ့သော အဒိပ္ပါယ် သဘောသွားများကို၊ အသင်း သားတို့၏ ဉာဏ်ဖြင့်၊ အံဝဖန်ဝန် စဉ်းစားဆင်ခြင်ပါလျက်၊ မဂ္ဂင်းလင်း ဂိုနေပါလျှင်၊ ဂုဏ်းအချက်ကို ထုတ်နုတ်၍ ထပ်ခံ မေးမြန်း ခဲ့သော်၊ သင့်လျော်သော ဒေသနာ များနှင့်၊ သိသာ ထင်ဂျား ကွဲပြား စေရန်၊ ဝမ်းမြောက် ဝမ်းသာနှင့် ဖြေကြားမည်ဖြစ်ပါကြောင်းကို၊ ကောင်းမွန် စွာ မှာထားခြင်းပြုထိုက်ပါသတည်း။

စာကြည့်သူများ သတိပြုရန်မှာ။ ဤအထက်ပါ အဖြေလွှာကို ရေးသား ပေးပို့လိုက်ရာ၊ ယခုအခါထိ ရန်ကုန်မြို့ အာဘိဓမ္မာသင်္ချာ အသင်းကြီးထံမှ ပြန်ကြားစာ မရရှိသဖြင့်၊ အာဘိဓမ္မာသင်္ချာ အသင်းသားတို့၏ အာဘိဓမ္မာဉာဏ် သဘောသွားနှင့်၊ စိတ်နေစိတ် ထားကို ပညာရှိအများတို့ မှတ်သားသိမြင်ရာသတည်း။

သစ္စာ ၄-ပါး သဘောမှာ၊ အမှန်သဘောကို-သစ္စာဆို၏။ ၄-ပါး အရ၊ ဒုက္ခ, သမုဒယ, နိရောဓ, မဂ္ဂဟု ဆိုပေ၏။ ၎င်း ၄-ပါးကို၊ မရဏ ပရမတ်တရားဟုမှတ်သားအပ်ပေ၏။ထိုမရဏ ပရမတ် ၄-ပါးကို၊ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် ဟူသော ပရိယာယ် ပရမတ်နှင့် ဝေဘန်ရပေ၏။

ထိုသို့ ဝေဘန် ခဲ့သော်။ လောကီစိတ် ၈၁-ခု၊ လောဘကြွင်းသော စေတသိက် ၅၁-ခု၊ ရုပ် ၂၈-ခု၊ ၎င်းတရားစုသည်၊ ဒုက္ခသစ္စာမည်၏။ လောဘ စေတသိက်သည်၊ သမုဒယသစ္စာ မည်၏။နိဗ္ဗာန်သည်၊နိရောဓ သစ္စာမည်၏။ မဂ်စိတ် ၄-ခုနှင့် ယှဉ်သော သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ-ဟူသောမဂ္ဂင်တရားကိုယ် ၈-ပါးသည်၊ မဂ္ဂသစ္စာမည်၏။

တဖန်၊ ၎င်းသစ္စာ၌၊ လောကအားဖြင့် မှန်သော၊သမုတိသစ္စာ၊ မြေအားဖြင့် မှန်သော၊ ပရမတ္ထသစ္စာတို့ကို လွန်မြောက်၍၊ အရိယာသစ္စာနယ်သို့ ပေါက်ရောက်သော အမှန်ကို သိမြင်မှ၊ အမှား ဟူသမျှတို့ လွတ်ကင်းရလေသတည်း။

ဒဋ္ဌာတ် ၁၈-ပါးနှင့် ပဋိစ္စသမုပ္ပါဒ် သစ္စာ ၄-ရပ်ကို ပြဆိုခြင်းပြီး၏။

ဗောဓိပက္ခိယတရား သဘောများကို ယောဂိတို့
မှတ်သားရန် ပြဆိုခြင်း

၃-ဗောဓိပက္ခိယ၊ ခေါ်ဆိုကြ၊ ယူဆ သဘောမှာ။
၁၀-သင်္ချာမှတ်သား၊ပညတ်ထား၊များပြား မည်သည်သာ။
၁၁-ကမ္မဋ္ဌာန်း၊အလုပ်၊သဘောချုပ်၊နာမ်ရုပ် နှစ်ခုသာ။
၁၂-စိတ်တချက်တွင်၊အကုန်ပင်၊ပါဝင် ဝိပဿနာ။

ဤသံပေါက်လင်္ကာများ၏ အဓိပ္ပါယ်မှာ၊ ဗောဓိပက္ခိယ တရားဟူသည်၊ သဘောမျှကိုသာ ယူရပေ၏။ အမည်သည်သာ အားဖြင့်သာ

များပြားပေသည်။ ကမ္မဋ္ဌာန်းကို အားထုတ်ရာ၌၊ နာမ် ရုပ် ၂-ပါးသာ ရှိသဖြင့်။ ၎င်းဗောဓိပက္ခိယတရားတို့သည်၊ ဝိပဿနာစိတ် တချက်၌၊ ကိစ္စသဘောအားဖြင့်၊ အကုန်ပင်လျှင်၊ ပါဝင်ပြီးစီးသည်ပဟု ဆိုလိုပေ၏။

ထိုဗောဓိပက္ခိယတရားတို့၏ သဘောအားဖြင့်ကား။

ဗောဓိယာ ပဓာနာ၊ ဘဝါတိ ဗောဓိပက္ခိယာ။ ။ဗောဓိယာ၊ မဂ်ဉာဏ်၏။ ပဓာနာ၊ အပင်းအသင်း၌။ ဘဝါ၊ ဖြစ်သည်တို့တည်း။ ဤတိတသ္မာ၊ ထို့ကြောင့်၊ ဗောဓိပက္ခိယာ၊ ဗောဓိပက္ခိယတရားတို့ မည်ကုန်၏။

အဓိပ္ပါယ်ကား။ ။ဗောဓိပက္ခိယ-ဟူသည်၊ မဂ်ဉာဏ်ကို ရရန်၊ အပင်းအသင်း၊ အဖေါ်သဟဲ၊ သဘောတရားမျှ ဖြစ်ပေ၏။ ၎င်းဗောဓိပက္ခိယ၏ သရုပ်မှာကား၊ သတိပဋ္ဌာန် ၄-ပါး၊ သမ္မပ္ပဓာန် ၄-ပါး၊ ဣဒ္ဓိပါဒ် ၄-ပါး၊ ဣန္ဒြေ ၅-ပါး၊ ဗိုလ် ၅-ပါး၊ ဗောဇ္ဈင် ၇-ပါး၊ မဂ္ဂင် ၈-ပါး။ ဤသို့ ၃၇-ပါး ရှိပေ၏။

ဆိုခဲ့သော ဗောဓိပက္ခိယတရားတို့၏၊ အစိတ်စိတ်ဖြစ်သော သရုပ်သင်္ခါ အမည်သညာမျှားသည်၊ ဂန္ဓိရဇ္ဇပဘာသနိကျမ်း၌ ပါရှိပြီးဖြစ်၍၊ ဤကျမ်းဌကား၊ သဘောအထူးမျှကိုသာ ရေးသားပေအံ့။

ဒေသနာတော်၌၊ သတိပဋ္ဌာန်,သမ္မပ္ပဓာန်စသည်ဖြင့်၊ အာမည် ၇-ပါးတို့ ရှေ့နောက် အစဉ်ထား၍ ဟောကြားတော်မူရာ၊ မဂ်ဉာဏ်ကိုရရန်၊ ဗောဓိပက္ခိယ သဘောပါဝင်သော၊ ဝိပဿနာကို အားထုတ်ကြသော အခါ၊ သတိပဋ္ဌာန် အရင်အားထုတ်၍၊ နောက်မှ ဒေသနာ၌ လာသော အစဉ်အတိုင်း၊ သမ္မပ္ပဓာန် စသည် အားထုတ်ရသည်ဟု အယူများကြကုန်၏။

သဘောမှာကား။ ဒေသနာ၌ လာသောအရ၊ အများတို့မှတ်ထင်ကြသောအတိုင်း၊ သတိပဋ္ဌာန် ပြီးမှ သမ္မပ္ပဓာန် အားထုတ်ရမည်။ သတိပဋ္ဌာန်မှာ ဘယ်လို အားထုတ်၍၊ သမ္မပ္ပဓာန်မှာ ဘယ်လို အားထုတ်ရမည် စသည်ဖြင့်၊ကိုယ့်အလိုနှင့် အားထုတ်ရသောတရားမဟုတ်ပေ။

သတိပဋ္ဌာန်ဟူသည်၊ ဝိပဿနာအလုပ်အစ၌ သတိကိုထူထောင်ရသည်ဆို၏။ သမ္မပ္ပဓာန်ဟူသည်၊ ဝိရိယထင်ရှားသည်ဆို၏။ ဣဒ္ဓိပါဒ်ဟူသည်၊ အဓြေဖြစ်သည်ဆို၏။ ဣန္ဒြေဟူသည်၊ အစိုးရသည်ဆို၏။

ဗိုလ်ဟူသည်၊ အားကောင်းသည်ဆို၏။ ဗောဇ္ဈင်ဟူသည်၊ သိရန်အင်္ဂါဆို၏။ မဂ္ဂင်ဟူသည်၊ မဂ်ဉာဏ်ရရန် ခရီးလမ်း အဆုံးရောက်သောအင်္ဂါမျှားဟုဆိုပေသည်။

အစဉ်ဖြစ်ပုံသဘောမှာ၊ အားထုတ်စဉ်၊ ဖြစ်ခိုက် နာဝိရုပ်ကို၊ မမွေ့အောင်မှတ်ရသော သတိပြုမှုထင်ရှားး၍၊ အမှတ်ပြုသော သတိက၊စ, ရသဖြင့်၊ ထိုအခါ၌ သတိပဋ္ဌာန် ၄-ပါးဟုဆိုရ၏။ထို့နောက်၊ ၎င်းဖြစ်ခိုက်ရုပ်နာဝိကိုမှတ်သော သတိစပ်၍၊ မိချက်ပိုင်နိုင်လာသောအခါ၊ လွန်စွာမှတ်နိုင်မှု ပိုမိုများပြားလာသဖြင့်၊ ထိုအခါ၌၊ သမ္မပ္ပဓာန်ဟု ဆိုရပြန်၏။

တဖန် ဖြစ်ခိုက် ရုပ်နာဝိကိုပင်၊ ဘာဝိတာ, ဗဟုလီကတာ-အရမှတ်၍၊အချိုးကျမှန်းပြီး ဆန္ဒစသည်တို့၊အခြေတည်တန့်မှု ရလာသဖြင့်၊ ထိုအခါ၌ ဣဒ္ဓိပါဒ်ဟုဆိုပြန်လေ၏။ထို့အတူ ဖြစ်ခိုက်နာဝိရုပ်ကို၊မလွတ်မမွေ့စေဘဲ၊ သဒ္ဓါစသည်ကို စွဲမြဲစိုးပိုင်၊ နိုင်နိုင်နင်းနင်း မှတ်မှုထင်ရှားးခြင်း ဖြစ်လာသဖြင့်၊ ထိုအခါ၌ ဣန္ဒြေဟုခေါ် ဆိုရပြန်လေသည်။

၎င်းနောက်၊ ဖြစ်ခိုက်နာဝိရုပ်ကိုမှတ်မှုအတွက် နောက်ကလိုပျင်းရိခြင်း မဘက်ဘဲ၊ သဒ္ဓါစသည်တို့ တိုးတက် အားကောင်းလာ သဖြင့်၊ ထိုအခါ၌ ဗိုလ်ဟု အမည်ပြောင်းခေါ်ပြန်၏။ တဖန် ဖြစ်ခိုက်နာဝိရုပ်ကို အဖန်ဖန်မှတ်၍၊ မဂ်ဉာဏ်ရရန် မြင်နိုင်လောက်ရှိအောင်၊သတိ စသော တရား ၇-ပါးတို့ ပြည့်စုံလာသဖြင့်၊ ထိုအခါ၌ ဗောဇ္ဈင်ဟု ဆိုပြန်၏။

ထို့နောက်၊ ဖြစ်ခိုက် ရုပ်နာဝိ ကို၊ အဖန်ဖန်မှတ်၍၊ အသိဉာဏ်စပ်လျက် မဂ်ဉာဏ်ရရန်၊ သမ္မာဒိဋ္ဌိစသော တရား ၈-ပါးတို့၊ ထင်ရှားပြည့်စုံလာသဖြင့်၊ ထိုအခါ၌ မဂ္ဂင်ဟု ခေါ်ပေသည်။ လိုရင်းမှာ ဖြစ်ခိုက်ပစ္စုပ္ပန် ရုပ်နာဝိကို၊အဖန်ဖန်ရှုမှတ်၍၊အမှတ်မျှား၊အသိဉာဏ်တိုးပွါး၍၊ အထင်ထူးခြားသော သဘောကိုစွဲ၍၊ အမည်ပြောင်းလဲ ခေါ်ဆိုခြင်းမျှ ဖြစ်ပေ၏။

စင်စစ်မှာ၊ တရား တမျိုးပြီး တမျိုး ပြောင်းပေးရခြင်း။ ပုဂ္ဂိုလ်ကသည်ဟာပြီး ဟိုဟာ၊ တိုးတက် အားထုတ်မည်ဟု ကြံစည် ပြုလုပ်ခြင်းဖြင့် မဖြစ်နိုင်။ ဥပမာအားဖြင့် ယက္ခသံယုတ်၌၊ ဘုရားရှင်ဟောသော ပဋိသန္ဓေ တည်ပုံနှင့် တူလှပေ၏။

ပထမံ ကလလံ ဟောတိ၊ ကလလာ ဟောတိ အဗ္ဗုဒံ။
အဗ္ဗုဒါ ဇာယတေ ပေသိ၊ ပေသိ နိဗ္ဗတ္တတေ ဃနော။
ဃနာ ပသာခါ ဇာယန္တိ၊ကေသာ လောမာ နခါဒိစ။ ။

ပထမံ၊ ရှေးဦးစွာ။ ကလလံ၊ ရေကြည်သည်။ ဟောတိ၊ ဖြစ်၏။ ကလလာ၊ရေကြည်မှ။ အဗ္ဗုဒံ၊အမြှုပ်သည်။ ဟောတိ၊ဖြစ်၏။ အဗ္ဗုဒါ၊ အမြှုပ်မှ။ ပေသိ၊ သားတစ်သည်။ ဟောတိ၊ ဖြစ်၏။ ပေသိ၊ သားတစ်မှ။ ဃနော၊အမာလုံးသည်။ ဟောတိ၊ဖြစ်၏။ ဃနာ၊အမာလုံးမှ။ ပသာခါစ၊ ဦးခေါင်း,ခြေ,လက်၊ခက်မအရာ ငါးခုတို့သည်ဂင်း။ကေသာ,လောမာ, နခါဒိစ၊ ဆံပင်, မွေးညှင်း, ခြေသည်း, လက်သည်း တို့သည်ဂင်း။ ဇာယန္တိ၊ ဖြစ်ကုန်၏။

ဤ ဒေသနာအရ၊ ကလလ ရေကြည်မှစ၍ ခုနစ်ဌာန အမည်ခေါ် သော်လည်း။ ရင့်သောအဓိက်ကိုစွဲ၍၊ အခေါ်ကွဲသကဲ့သို့။ သတိပဋ္ဌာန်မှ စ၍၊ခုနစ်ဌာနခေါ်သော်လည်း၊ သတိရင့်သော အဓိက်ကိုစွဲ၍၊သမ္မပ္ပဓာန် စသည်ဖြင့် ခေါ်ရလေ၏။ ရေကြည်မှစ၍၊ ခြေသည်း, လက်သည်းထိ၊ ခုနစ်သတ္တဝါဟာ ရက်ဖြင့်၊ အင်္ဂါစုံသောအခါ၊ မွေးဖွားရန် ကိုယ်ဝန်ရက် စေ့သကဲ့သို့။ သတိပဋ္ဌာန်မှစ၍၊ မဂ္ဂင်ထိ ခုနစ်ဌာန အမည်ရသောအခါ၊ မဂ်ဉာဏ်ပေါ်ရန် အင်္ဂါစုံသဖြင့်၊ ဗောဓိပက္ခိယဟု ခေါ်၍၊ သူငယ် ဖွားသည်နှင့်၊ မဂ်ဉာဏ်ပေါ်မှု တူလေသည်။

ဥပမာတနည်းအားဖြင့်၊ ဌက်များ အတောင်အလက် စုံသောအခါ၊ သစ်ပင်အသိုက်မှ လွတ်ရာသို့ ပြန်သွားသကဲ့သို့။သတိသည်ရင့်၍၊မဂ္ဂင် ထိ ဗောဓိပက္ခိယ အင်္ဂါစုံသောအခါ၊ မဂ်ဉာဏ်ဖြစ်၍၊ပုထုဇန်အနွယ် ကိုဖြတ်လျက်၊ အရိယာတို့၏ ဇာတ်သို့ပြောင်းကူးပြီး၊ နိဗ္ဗာန်ဟူသော အဲ့ဝါရုံအထူးဖြင့်၊ ရွှင်မြူးဝမ်းသာစွာ၊ အပါယ်လေးရွာသို့ ကျရောက် ခြင်းမှ၊လွတ်ငြိမ်းရပေပြီဟု၊ဟိန်းချလောက်သော၊ဝိမုတ္တိသုခကို ခံစား စံစား၍ နေရလေတော့သတည်း။

တသ ဧဝံ ဇာမံ အရိယံ မဂ္ဂံ ဘာဝယတော စတ္တာရော ဝိ
သတိပဋ္ဌာနာ ဘာဝနာ ပါရိပူရိံ ဂစ္ဆန္တိ။

ဥပရိပဏ္ဏာသပါဠိတော်

ဧဝံ၊ ဤသို့ ဟောတော်မူတိုင်း။ အဋ္ဌကထာကံ၊ အင်္ဂါရှစ်ပါး ရှိသော။ အရိယံ၊ ဖြူစင်မြင့်မြတ်သော။ ဇာမံမဂ္ဂံ၊ မြင်ခိုက်,မြင်တယ် မှတ်သော၊

ဝိပဿနာစိတ်တချက်၌၊ တပြိုင်နက်ပါဝင်သော ဤမဂ္ဂင်တရားအပေါင်းကို။ ဘာဝယတော၊ ပွားသော။ ဝါ၊ မြင်ခိုက်, မြင်တယ်မှတ်သော။ တာသ၊ ထိ ယောဂိပုဂ္ဂိုလ်အား။ စတ္တာရောပိ သတိပဋ္ဌာနာ၊ ၄-ပါးသော သတိပဋ္ဌာန်တရားတို့သည်လည်း။ ဘာဝနာပါရိပူရိံ၊ ဝိပဿနာဘာဝနာ၏ ပြည့်စုံခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။

ဤဒေသနာတော်ကိုမှီ၍၊ စတ္တာရောပိ သတိပဋ္ဌာနာဟူသောနေရာ၌း၊ စတ္တာရောပိ သမ္မပ္ပဓာနာ-စသည်ဖြင့်၊ ဗောဓိပက္ခိယတရားတို့၊ ဝိပဿနာစိတ်တချက်၌၊ တပြိုင်နက်တည်း သဘော ပါဝင်ပြီးစီးသည်ကို ဟောတော်မူ၍။ နိဂုံးအချုပ်၌ကား၊ ဤနည်းသည်၊ ပညတ်အာရုံ သမထ မပါသဖြင့်၊ ဝိပဿနာ ယျာနိကနည်းလမ်းဟူ၍ဂင်း။ ပရမတ်ရုပ်နာမ် အာရုံ၌တည်လျက်၊ ခဏ်ကသမာဓိအမည်ရသော၊ သမထကိစ္စသည်လည်း အတူပါသဖြင့်၊ ယုဂနဒ္ဓနည်းလမ်းဟူ၍ဂင်း ဟောတော်မူသည်။

တသိ မေ ဒွေ ဓမ္မာ ယုဂနဒ္ဓာ ဝတ္တန္တိ သမထော စ ဝိပဿနာ စ။ "ဥပရိပဏ္ဏာသ ပါဠိတော်

၎င်း၊ ဤသို့ဟောတော်မူတိုင်း။ အဓွန်ကြီး၊ အင်္ဂါ၅စ်ပါး၌သော။ အရိယံ၊ ဖြူစင်မြင့်မြတ်သော။ ဣမံမဂ္ဂံ၊ မြင်ခိုက်, မြင်တယ်မှတ်သော၊ ဝိပဿနာစိတ်တချက်၌၊ တပြိုင်နက်ပါဝင်သော ဤမဂ္ဂင်တရားအပေါင်းကို။ ဘာဝယတော၊ ပွါးသော။ ဝါ၊ မှတ်သော။ တသ၊ ထိုယောဂိပုဂ္ဂိုလ်အား။ သမထောစ၊ မြင်တယ်ဟုမှတ်ဆဲ၌တည်သော၊ ခဏ်ကသမာဓိခေါ်သော သမထသည်၎င်း။ ဝိပဿနာစ၊ မြင်တယ်ဟုမှတ်ဆဲ၌၊ မြင်တာကိုသိသော ပညာဉာဏ် ခေါ်သော ဝိပဿနာသည်၎င်း။ ဒွေ၊ နှစ်ပါးကုန်သော။ ဓမ္မေဓမ္မော၊ ဤတရားတို့သည်။ ယုဂနဒ္ဓာ အစုံတို့သည်။ ဝတ္တန္တိ၊ တပြိုင်နက် ဖြစ်ကြလေကုန်၏။

ဤသို့ ဘုရားရှင် ဟောကြားတော်မူသော ဒေသနာများအရ၊ နိဗ္ဗာန်ချမ်းသာကို လျင်မြန်လွယ်ကူစွာရနိုင်ရန်၊ ဖြတ်လမ်း, လမ်းတို့, လမ်းဖြောင့်ကလိုက်လိုကြသောသူတို့သည်၊ ယခုပြဆိုခဲ့သောဝိပဿနာယျာနိက-ယုဂနဒ္ဓနည်းအရဖြင့်၊ လျင်မြန်စွာအားထုတ်သင့်ကြပေသတည်း။

ဗောဓိပက္ခိယ တရားသဘောများကို ပြဆိုခြင်းပြီး၏။

လက္ခဏာရေး ၃-ပါးကို၊ ဝိသုဒ္ဓိမဂ်ကျမ်းများအရဖြင့် ထင်ရှားစွာ ပြဆိုခြင်း

၁၃–လက္ခဏာယာဉ်၊ ၃-ပါးလျှင်၊ အမြင်ရှုရပါ။
၁၄–အာရုံအစဉ်၊ မပြတ်ထင်၊ မမြင်အနိစ္စာ။
၁၅–ဇရိယာပထ၊ ဖုံးလွှမ်းကြ၊ ဒုက္ခမထင်ပါ။
၁၆–အဆိုင်အခဲ၊ တရုတဲ၊ မကွဲအနတ္တာ။

ဤသံပေါက်လကၤာများ၏ အဓိပ္ပါယ်မှာ၊ ဝိပဿနာဌာန်၊ အနိစ္စ, ဒုက္ခ, အနတ္တဟူသော လက္ခဏာရေး ၃-ပါးကို၊ ဉာဏ်ဌာန်မြင်သောအတိုင်းသာ ရှုရ၏။ အာရုံဌာန် မပြတ်အစဉ်ထင်နေ၍၊ အနိစ္စကို မမြင်။ ဇရိယာပုထ် ဖုံးလွှမ်းနေ၍၊ ဒုက္ခကို မမြင်။ ဓာတ်သဘောတို့ အဆိုင်အခဲ တရုတလုံးထဲ ထင်နေ၍၊ အနတ္တကိုမမြင်ဟု ဆိုလိုပေသည်။

ထိုအဓိပ္ပါယ်များကို မှတ်သားရန်မှာ၊ လွန်ခဲ့သော မကြာသေးမီ၊ ခုလပ်ပဝေဏီဖြစ်သော သီလခေတ်, သုတခေတ်, ဒါနခေတ် ဟူသော ပညတ်အခါဌာန်၊ ရုပ်နာမ်-အနိစ္စ, ဒုက္ခ, အနတ္တဟူ၍ၜင်း။ ခန္ဓာ-အနိစ္စ, ဒုက္ခ, အနတ္တဟူ၍ၜင်း။ နှုတ်ဖြင့် ရွတ်ခြင်း၊ စိတ်ဖြင့် ဆင်ခြင်ခြင်းမျှနှင့်၊ ကံ့ကြိုးမည်ဟု အဋ္ဌကထာပြောကြားထင်မှတ် ပြုတတ်ကြပေ၏။

အဋ္ဌကထာလည်း၊ ဒါနပြုရာ၌၊ လက္ခဏာရေး ၃-ပါးတင်ရသည် ဆိုသဖြင့်၊ အလှူဝတ္ထုလည်း-အနိစ္စ, ဒုက္ခ, အနတ္တ။ အလှူခံပုဂ္ဂိုလ်လည်း-အနိစ္စ, ဒုက္ခ, အနတ္တ။ အလှူပေးပုဂ္ဂိုလ်လည်း-အနိစ္စ, ဒုက္ခ, အနတ္တဟူ၍၊ ကြားနာဘူး၊ မှတ်သားသိရှိဘူး၊ ဆရာဘုန်းကြီးများ သင်ကြားပေးဘူးသော အတိုင်း၊ ရွတ်ဖတ်ခြင်း, ဆင်ခြင်ခြင်းပြုကြပေ၏။

အဋ္ဌကထာမူကား၊ ဓာတ်ကြီး ၄-ပါ. ပေါက်လျှင်၊ ကိန္နဲပြီးသည်ဟူ၍ၜင်း။ ဓာတ်ကြီးတပါးပါး ပေါက်လျှင်၊ ကိန္နဲပြီးသည်ဟူ၍ၜင်း။ စာဆိုသည့် အတိုင်း တွေးကြံပြီး၊ ပထဝီ-ခက်မာ နူးညံ့ခြင်းသဘော၊ တေဇော-ပူခြင်း အေးခြင်းသဘော၊ အာပေါ-ပေါင်းဖွဲ့ ယိုစိမ်းခြင်း သဘော၊ ဝါယော-ထောက်ကန် လှုပ်ရှားခြင်း သဘောဟု တွေးတော ဆင်ခြင်၍၊ ဓာတ်တခုစီ ခွဲပြီး၊ အနိစ္စ, ဒုက္ခ, အနတ္တဟု စိတ်ကတင်၍ ရှုကြလေ၏။

ဤသို့လျှင်၊ အနည်းနည်း အစားစား၊ နှစ်ကာလရှည်လျားစွာ၊ ကိုယ့်အလို စာတွေ့စိတ်ထင်များနှင့် ရှုကြလေရာ၊ အခါကလည်း မဟုတ်၍၊

နာမ်ရုပ်သဘောကိုမျှ စိတ်၌မထင်ဘဲနှင့်၊ပညတ်ပေါ် သို့သာတင်နေသ ဖြင့်၊မမြဲ၌,ဆင်းရဲ၌,အစိုးမရ၌ဟူသော-လက္ခဏာရေး ၃-ပါးသဘော ကို၊ဘယ်အခါမှ ဉာဏ်မဖြင့်ကြပေ။

ယခုအခါသည်ကား၊ ဝိပဿနာဘာဝနာဟူသော ဤကိုယ်တွေ့ကြီးကို ကောင်းစွာ ကြည့်ရှုသုံးသပ်ခြင်းငှာ ဤကိုယ်တွေ့ကြီးကို အားလျော်စွာ၊ပါရမီရှိကြ၍ ကလျာဏမိတ္တ အဖွဲရသူများမှာ၊ ပရမတ် ရုပ်နာမ်၊အစစ်အမှန်ကိုတွေ့နိုင်၍၊အနိစ္စအစစ်,ဒုက္ခအစစ်,အနတ္တအစစ် သဘောမှန်များကို၊ဉာဏ်ဖြင့်မြင်နိုင်ကြပေ၏။

ယခုအခါ၊လက္ခဏာ ၃-ပါး အစစ်အမှန်ကိုသိမြင်အောင် ပြရန်မှာ၊ ဒုက္ခလက္ခဏာသည်၊ဂန္ဓိရဏ္ဍ၌အကျယ်ပါရှိ၍၊အနတ္တလက္ခဏာသည်၊ နိဗ္ဗာန်မဂ္ဂ၌ အကျယ်ပါရှိပြီး၊ အနိစ္စလက္ခဏာနှင့် သဘောအကျယ်များ မှာ၊ဝိပဿနာဒီပနီ၌ပါရှိပြီးဖြစ်သဖြင့်၊ ဤမိုကာကျမ်း၌၊သဘောအဖြာ ကိုသာပြဆိုပေအံ့။

လက္ခဏာရေး ၃-ပါးသည်၊ပရမတ် ရုပ်နာမ်၌ထင်၏။ပရမတ် ရုပ် နာမ်ဟူသည်၊ သူ့အလိုလို ဖြစ်သောအတိုင်း၊ဟုတ်သောအတိုင်း မှန် သော်အတိုင်း၊ပေါ် ပေါက်လာသော သဘောဖြစ်၍၊ ယထာဘူတ မည့် ၏။ ယထာဘူတဖြစ်သော ရုပ်နာမ်ကိုသိခြင်းသည် ဝိပဿနာမည်၏။ ထိုလက္ခဏာရေး ၃-ပါးကိုသိသော ဝိပဿနာဉာဏ်ဖြစ်ရန်၊ ယထာ ဘူတဖြစ်သော ရုပ်နာမ်၌၊ သမာဓိကို ထူထောင်ပေးရ၏။သမာဓိဖြစ် လျှင်၊ ဝိပဿနာဉာဏ် အလိုလိုပေါ် လာတော့သည်။

သမာဓိံ ဘိက္ခဝေ ဘာဝေထ။ ပ။ သမာဟိတော ဘိက္ခဝေ ဘိက္ခု ယထာဘူတံ ပဇာနာတိ။ ။ဘိက္ခဝေ၊ရဟန်းတို့။သမာဓိံ၊သမာဓိကို။ ဘာဝေထ၊ ပွားစေလို၏။ ပ။ ဘိက္ခဝေ၊ရဟန်းတို့။ဘိက္ခု၊ရဟန်းသည်။ သမာဟိတော၊ သမာဓိဖြစ်သည်ရှိသော်။ ယထာဘူတံ၊ ဟုတ်တိုင်း။ ပဇာနာတိ သိ၏။

ဝိသုဒ္ဓိမဂ်စသော ကျမ်းဂန်တို့၌၊ အနိစ္စကို-သန္တိတိ ဖုံးလွှမ်းသည်။ ဒုက္ခကို-ဣရိယာပုထ် ဖုံးလွှမ်းသည်။ အနတ္တကို-ဃန ဖုံးလွှမ်းသည်။ အနိစ္စထင်အောင်၊အစဉ်သန္တတိကို ဖြတ်ရမည်။ ဒုက္ခထင်အောင်၊ ဣရိ ယာပုထ်ကို ခွါလှန်ရမည်။အနတ္တထင်အောင်ပေါင်းစည်းလုံးခဲနေသော ဃနကို ခွဲရမည်ဟု လာရှိပေ၏။ဤသို့လာရှိသောကျမ်းဂန်၏ အငြိုငြိုယ် အရ၊ဓာတ်တရစီခွဲ၍ ရှုကြလေသည်။

လက္ခဏာရေးသဘောသည်၊ သမ္မသနဉာဏ်သို့ ရောက်မှ ထင်လာ၏။ ၎င်းသမ္မသနဉာဏ်၌၊ကလာပ သမ္မသနံ သမ္မသတိ။ ။ကလာပ သမ္မသနံ၊ ရုပ်အပေါင်း, နာမ်အပေါင်း၊ ရုပ်အစု, နာမ်အစုအတိုင်း ရှုမှတ်သုံးသပ်ခြင်းကို။သမ္မသတိ၊ရှုမှတ်သုံးသပ်ရ၏။

၍သို့လာရှိသဖြင့်၊ရုပ်နာမ်တို့သည်၊တခုစီ တခုစီမခွဲဘဲ၊သူ့ကလာပ်စည်းအတိုင်း၊အပေါင်းလိုက် အစုလိုက်ဖြစ်ကြ၍၊သူဖြစ်သောအတိုင်း ပင်လျှင် ရှုမှတ်ရ၏။

ထိုသို့လျှင် ရုပ်တို့၏ တခုစီမခွဲဘဲ၊ အပေါင်းအစုလိုက်ဖြစ်၍၊ ခွဲမရကောင်းသဖြင့်၊ တပြိုင်နက်ဖြစ်သော-ပထဝီ, တေဇော, အာပေါ, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, သြဇာ ဟူသော ရုပ်ဂ-ခုကို၊အဝိနိဗ္ဘောဂရုပ်ဟု ခေါ်ဆိုပေသည်။

ရုပ်နာမ်သည် အာရုံဖြစ်၍၊ ဒွါရ၌သာ ထင်၏။ ဒွါရသည် စက္ခု၊ဒွါရ, သောတဒွါရ, ဃာနဒွါရ, ဇိဝှါဒွါရ, ကာယဒွါရ, မနောဒွါရဟု ၆-ဒွါရရှိပေ၏။ဒွါရ၌ထင်သောရုပ်သည်လည်း၊ရူပါရုံ,သဒ္ဒါရုံ,ဂန္ဓာရုံ,ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံဟု ၆-ပါးရှိရာ၊ ဝိညာဏ်မှာလည်း ၆-ပါးဖြစ်၍၊ ကိစ္စအတိုင်း ရှုမှတ်ရ၏။

ရှုမှတ်ပုံကား၊ မြင်ခိုက်, မြင်တယ်မှတ်။ မြင်တိုင်း, မြင်တိုင်း မြင်တယ်,မြင်တယ်,မြင်တယ်ဟုမှတ်။ ကြားခိုက်,နံခိုက်စသည်တို့၌လည်း၊ ထို့အတူပင် မှတ်ရ၏။

မြင်တိုင်း,ကြားတိုင်းမမှတ်လျှင်၊ရှေ့နောက်အာရုံစပ်နေ၍ အနိစ္စကို မမြင်ပေ။ ဆက်စပ်ပုံကား၊ မီးတောက်ကို မြင်သောအခါ၊ မမှတ်လျှင်၊ မီးတောက် ကြီးသည်,ငယ်သည်ဟူ၍၎င်း၊ မသေမချင်း တဆက်တည်း မီးတောက်နေသည် ဟူ၍၎င်း၊ ထင်မှတ်သဖြင့်၊ ပြောဆို သိရှိစွဲလမ်းပြီး ယူဆလျက်နေကြပေသည်။

၍ကဲ့သို့၊မီးအမြဲတောက်နေသည်ဟု၊အစဉ်အတန်း ထင်နေမှသည်၊ မီးလုံး ကြီးသည်,သေးသည်ဟုထင်နေသော သဏ္ဌာန်အထည် ရုံခံနေ၍ ဖြစ်၏။အစဉ်အတန်းထင်မှသည်၊သန္တတိ ညတ်မည်၏။အကြီးအသေး ထင်မှသည်၊ သဏ္ဌာနပညတ်မည်၏။ ထိုကြောင့် သန္တတိ-အစဉ်ပြတ်အောင်၊အထည်သဏ္ဌာန်ကို ဖျက်ရ၏။၎င်းသဏ္ဌာန်ကိုအဆင်းနှင့်ဖျက်ရလေသည်။

အဆင်းနှင့်ပျက်မှုမှာ၊ မြင်ခိုက်၌ မြင်တယ်ဟု မှတ်ခြင်းဖြစ်ပေ၏။ မြင်ခိုက် မြင်တယ်မှတ်လျှင်၊ ဒဿနကိစ္စတပ်သော စက္ခုဝိညာဏ်မြင်မှု၏ အဆင်းသာထင်၏။ အာရုံမြင်မှုသည် မီးခေါ်သော အမည်ကို မမြင်။ မီးလုံးဟူသော သဏ္ဌာန်ကို မမြင်။ အဆင်းမျှကိုသာ မြင်ပေ၏။ ထိုသို့လျှင် စက္ခုဒွါရ၌အဆင်းမျှထင်၍၊ အဆင်းမျှကိုမြင်သဖြင့်၊ အဆင်းမျှကို မြင်တယ်ဟု မှတ်သောအခါ၊ အဆင်းမျှကိုသာ သိ၍၊ မီးခေါ်သော-နာမပညတ်၊ မီးလုံးထင်သော-သဏ္ဌာနပညတ် ပျက်၍၊ အစဉ်ပြတ်လေ၏။

ယခုကဲ့သို့၊ မြင်တိုင်း, မြင်တိုင်း မှတ်လျှင်၊ မှတ်တိုင်း, မှတ်တိုင်း၊ အဆင်းမျှကိုသိရာ၊ ဘာဝိတာ ဇဟုလိကတာ-အရ၊ မှတ်မှုမျှားလာသော အခါ၊ ရှေ့ကမှတ်သောအဆင်းကတခု။ နောက်ကမှတ်သော အဆင်းကတခုထင်၍၊ တခါမြင်သောအဆင်းနှင့် တခါမြင်သောအဆင်း မစပ်ဘဲ၊ ထင်မှုသည်၊ အစဉ်သန္တတိ ပြတ်၍၊ အဆင်းရုပ်၏ မမြဲသော-အနိစ္စလက္ခဏာကို မြင်သည်မည်ပေ၏။

ရူပံ အနိစ္စတော ဇာနတော ပဿတော နိစ္စံ ပဇဟတိ။ ။ ရူပံ၊ အဆင်းရုပ်ကို။ အနိစ္စတော၊ မမြဲဟု။ ဇာနတော၊ သိသောသူအား။ ပဿတော၊ မြင်သောသူအား။ နိစ္စံ၊ အဆင်းရုပ် မြဲသည်ဟု ထင်မှတ်မှုကို။ ပဇဟတိ၊ ပယ်စွန့်လေ၏။

ဒုက္ခလက္ခဏာ၌လည်း၊ ဇာရိယာပုထိ ကြီးငယ်ဘို့ အမှတ်မပြုသောအခါ၊ တခုက တခုကို ဖုံးလွှမ်းထား၍၊ ဒုက္ခ မမြင်နိုင်ဆိုသဖြင့်၊ ဇာရိယာပုထုဇဉ်တိုင်း မှတ်လျှင်၊ ဆင်းရဲမှု ဒုက္ခထင်၍၊ ချမ်းသာထင်မှုကိုပယ်စွန့်လေတော့၏။

ရူပံ ဒုက္ခတော ဇာနတော ပဿတော သုခံ ပဇဟတိ။ ။ ရူပံ၊ ကွေးမှု ဆန့်မှုစသော ရုပ်ကို။ ဒုက္ခတော၊ ဆင်းရဲဟု။ ဇာနတော၊ သိသောသူအား။ ပဿတော၊ မြင်သောသူအား။ သုခံ၊ ချမ်းသာဟု ထင်မှုကို။ ပဇဟတိ၊ ပယ်စွန့်၏။

အနတ္တလက္ခဏာ၌မူကား။ အနိစ္စမြင်မှုကို ပြသောအတိုင်း၊ မြင်ခိုက် မြင်တယ်မှတ်လျှင်၊ အဆင်းကိုသာ သိ၏။ သို့သော် အဆင်းဝတ္ထုဖြစ်သောအခါ၊ ပထဝီစသောဓာတ်ကြီး ၄-ပါး၊ ဝတ္ထုစသောဓာတ်ငယ် ၄-ပါး။ ၎င်းဓာတ် ၈-ပါးတို့ ခွဲမရသော၊ အဝိနိဗ္ဘောဂသဘောဖြင့်အတူဖြစ်၏။ ကလာပ သမ္မသနံ သမ္မသတိ-ဟူသောအတိုင်း၊ အပေါင်းထိုက်

ရုပ်ကလာပ်ကို ရှုမှတ်ရာ. သွားအာရုံ, သွားဒွါရ, သွားကိစ္စတပ်သော၊ ဝတ္ထုဓာတ် တာရုထင်၍၊ ထင်တာကို မှတ်သဖြင့်၊ မှတ်သော ဝတ္ထုအဆင်း တရုသာ ဉာဏ်မှာဖြင်၍၊ပထဗီစသော ဓာတ် ၇-ပါးတို့ ကွဲသွားပေ၏။ ၍ကဲ့သို့၊ ဓာတ်ကွဲခြင်း သည်၊ အနတ္တလက္ခဏာ ထင် သည် မည် ၍၊ အတ္တထင်မှုကို ပယ်စွန့်လေတော့သည်။

ရူပံ အနတ္တော ဇာနတော ပဿတော အတ္တံ ပဇဟတိ။ ။

ရူပံ၊ အဆင်းရုပ်ကို။ အနတ္တတော၊ အနတ္တဟု။ ဇာနတော၊ သိသော သူအား။ ပဿတော၊ မြင်သောသူအား။ အတ္တံ၊ အစိုင်အခဲ ထင်သော အတ္တကို။ ပဇဟတိ၊ ပါယ်စွန့်၏။ ကြင်းသောအာရုံတို့ဒွါလည်း၊ ၍နည်း တူပင်လျှင်၊ ထင်ဖြင်သိရှိသင့်လှပေသတည်း။

လက္ခဏာရေး ၃-ပါးကို ထင်ရှားစွာပြဆိုခြင်း ပြီး၏၊

ဉာဏ် ၃-ပါးအရှန့်၊ကာလသုံးပါး သဘောကို ပိုင်းခြား၍ ပြဆိုခြင်း

၁၇-သုတ စိန္တံ၊ ဘာဝနံ၊ သုံးဉာဏ်ရှိသည်သာ။
၁၈-ပြောနည်းအစဉ်၊သဘောယှဉ်၊ကျင့်လျှင် ၃-မျိုးလာ။
၁၉-အတိတ် အနာဂန်၊ပစ္စုပ္ပန်၊ သုံးတန်ကာလမှာ၊
၂၀-အသစ်မကြုံ၊ ဟောင်းမပြန်၊ ပစ္စုပ္ပန်၌သာ။
၂၁-ပေဋ္ဌကော နေတ္တိ၊ ကျမ်းဂန်ရှိ၊ သတိချပ်လေပါ။

၍သံပေါက်လက်ဝများ၏ အဓိပ္ပါယ်မှာ၊ ဝိပဿနာအရာ၌ ဉာဏ် ဆိုသောသိခြင်း သဘောသည်၊သုတမယဉာဏ်, စိန္တာမယဉာဏ်, ဘာဝနာမယဉာဏ်ဟု ၃-ပါးရှိရာ။အပြော,သဘော,အကျင့်ဟု ၃-မျိုးတွင် အကျင့်ဘာဝနာဉာဏ်ကိုသာယူ၍ အတိတ်,အနာဂတ်,ပစ္စုပ္ပန် ၃-တန် သောကာလတွင်လည်း၊ ပစ္စုပ္ပန်ကိုသာယူရမည်ဟု ဆိုလိုပေ၏။

ထိုအဓိပ္ပါယ်များအရ၊စာဖြင့်ကျက်မှတ်၍ သိခြင်းသည့်-သုတမယ ဉာဏ်မည်၏။စာ၌ဆိုသောအရ၊ဖြစ်တတ်သောသဘောကို၊တွေးတော ကြံဆ၍ သိခြင်းသည်-စိန္တာမယဉာဏ် မည်၏။ နောက် ဘာဝနာ၏ သဘောကို ပြဆိုခဲ့သောအတိုင်း၊ သွားအလိုလို ဖြစ်သော ရုပ်နာမ်ကို၊ မှတ်မှုအကျင့်သည် ဘာဝနာမယဉာဏ်မည်၏။

၎င်း ၃-ပါးတို့တွင်၊ စာ၌၊ တစ်ခေါ်တွတ်-ပူသည့်, အေးသည်ဟု ဆိုသောအတိုင်း၊ သုတ အာသိကို၊ သိတေနဝိ ရုပ္ပတိ၊ ဥဉ္ဇေနဝိ ရုပ္ပတိ၊ ဆိုသောအရ။ သိတေနပိ၊အအေးကြောင့်လည်း။ ရုပ္ပတိ၊ဘောက်ပြန်၏။ ဥဉ္ဇေနဝိ၊ အပူကြောင့်လည်း။ ရုပ္ပတိ၊ ဘောက်ပြန်၏။ ဤသို့ အနက်ပေးကြပြီးလျှင်ကြံ၏။

သစ်ရွက်တခုကို မီးကင်ကြည့် ချက်ချင်းညှိုးနွမ်းသွား၏။ ဤသို့လတ်ဆတ်သော ရုပ်မှ၊ ခဏချင်းညှိုးနွမ်းမှု ဖြစ်ခြင်းသည်၊ မီးဟူသော အပူကြောင့်၊ ဘောက်ပြန်သွား၏။ ထို ဘောက်ပြန်မှုသည်၊ အမြဲ မတည်၍ အနိစ္စမည်၏ဟု ဉာဏ်ကြ၏။ ၎င်းအနိစ္စသည် တွေးတောကြံစည်၍ ပြုသော အိုးကွဲ,ပုဂံကွဲ၊အနိစ္စမျိုးဖြစ်၍၊စိန္တာမယဉာဏ်မည်၏။၎င်းကို ဘာဝနာမယဟုအထင်များကြ၏။

ယခု ပြဆိုခဲ့သောဉာဏ် ၃-ပါးတို့တွင်၊ ဝိပဿနာဂဗ္ဘောန်းဆရာများ၊စိန္တာမယဉာဏ်နှင့် ဘာဝနာမယဉာဏ်တို့၏ သဘောကို၊ကဲ့ပြားသိရှိသူလွန်စွာမှနည်းပါကြလေ၏။ အဘယ့်ကြောင့်နည်းဟူမူ၊ ရုပ်နာမ်ဖြစ်ရာ,ဉာဏ်ဖြစ်ရာ ကာလ ၃-ပါးတွင်၊ စိန္တာမယသည်၊ အတိတ်, အနာဂတ်ကို သိ၏။ ဘာဝနာယသည်၊ ပစ္စုပ္ပန်ကို သိ၏။ ထိုကာလကို မရိပင်းကြသောကြောင့်တည်း။

ဤနေရာ၌၊ ကျေးဇူးရှင် မင်းကွန်းဓေတဝန် ဆရာတော်ဘုရားကြီး မိန့်ကြားတော်မူသော၊ ဆောင်ပုဒ်လက်ာကို ပြဆိုရာ၏။ ။အသစ်ကို မကြိုနှင့်၊အဟောင်းကို မပြန်နှင့် ဖြစ်အောင်မပြုနှင့်၊ပျက်အောင်မပြုနှင့်၊ ဖြစ်တိုင်း, ပျက်တိုင်း မြင်အောင်ရှု။ ။ဖြစ်အောင်ပြု-လောဘ၊ ပျက်အောင်ပြု-ဒေါသ၊ ဖြစ်တိုင်း, ပျက်တိုင်း မြင်အောင် မရှု-မောဟ။ သတိပြုကြစေ။

ဘဓိပ္ပါယ်ကား။ ။မဖြစ်သေးသော အာရုံကို၊ ဖြစ်အောင်ကိုယ့်စိတ်နှင့်ကြံစည်နေခြင်းသည်၊ ဖြစ်လိုသောကြောင့်၊ လောဘကိလေသာဝင်သည် မည်၏။ ဖြစ်ပေါ်နေသောအာရုံကို၊ ပျက်အောင်ဖျက်နေခြင်းသည်၊ အလို မရှိသောကြောင့်-ဒေါသ ကိလေသာဝင်သည် မည်၏။ အလိုလို ဖြစ်ပျက်နေသော အာရုံကို မသိခြင်းသည်၊ မှေသောကြောင့်-မောဟ ကိလေသာ ဝင်သည် မည်၏။ ပဒသဓမ္မာ အစ္ဆိ ဝိပဿနာဆရာတို့သည်၊ တောတောင်သစ်ပင်ကိုငဲ့၊ မိမိကိုယ်ကိုငဲ့၊ အမှန်အတိုင်းထင်အောင် ကြံဆောင်ပြုလုပ်ခြင်း။ ဝိပ္ပလ္လာသကြောင့်၊ အမှန်အတိုင်း

ထင်သည်ကို၊ ပျောက်အောင်ဖျက်ခြင်း ပြုလုပ်ကြ၏။ ထိုဆရာမျိုးက အဖြစ်အပျက် ထင်အောင် ပြုသည်ဆိုကြ၏။ ၎င်းကပင်၊ ဥဒယဗ္ဗယ ဉာဏ်ဟု ပြောကြ၏။ ကျွန်ုပ်တို့ကား၊ ကိုယ့်စိတ်နှင့် ကြံစည် နှလုံးသွင်း၍၊ ကိလေသာ မကင်းသော ဓိန္နာဝမယဆို၏၊

ရှင်းလင်းရန်မှာ။ သိတေနဝိ ရုပ္ပတိ၊ ဥဣ္ဃေနဝိ ရုပ္ပတိ။ အနက် ပေးသည်ကစပြီး မှားခဲ့၍၊ အဓိပ္ပါယ်ယူလွဲ အားထုတ်မှု ချွတ်ယွင်းကြသဖြင့်၊ **"မှားစရာရှိလျှင်-မှားချင်ချင်တည်း"** စသော လင်္ကာ ကဲ့သို့ ဖြစ်နေသည်ဟု ဆိုလိုပေ၏။ ကျွန်ုပ်တို့ကား၊ သိတေနဝိ၊ အေးသဖြင့်လည်း။ ဝါ၊ အေးခြင်းသည်ပင်လျှင်။ ဥဣ္ဃေနဝိ၊ ပူသဖြင့်လည်း။ ဝါ၊ ပူခြင်းသည်ပင်လျှင်။ ရုပ္ပတိ၊ ဘောက်ပြန်၏ဟု အနက်ပေးလိုပေ၏။

အဘယ့်ကြောင့်နည်းဟူမူ။ အအေးကြောင့်ဟု အကြောင်း အနက် ပေးလျှင်၊ အကျိုးသဘောရှိရမည်။ ပဓာနမှာ၊ အအေးကြောင့် ဘောက်ပြန်၏ဟု အနက်ပေးက၊ဘာဘောက်ပြန်သနည်းမေးလျှင်၊ ဘောက်ပြန်သောအကျိုးကို ရှာမရ မရှိပေ။ ထို့ကြောင့် ကျွန်ုပ်တို့ အနက်ပေးနည်းမှာ၊ အကြောင်းအကျိုး လွတ်ကင်းသော၊ သူအလိုလို ဖြစ်ခြင်းသဘောမျှကို ရပေ၏။အဓိပ္ပါယ်ကား၊ အေးခြင်းသဘောသည်ပင်လျှင်၊ အပူမှ။ ပူခြင်းသဘောသည်ပင်လျှင်၊ အအေးမှ-ဘောက်ပြန်သည်မည်၏ဟု ဆိုလိုပေသည်။

ဤနေရာ၌၊ သဒ္ဒါ၏ စည်းကမ်းအရ၊ သကမ္မကဓာတ်, အကမ္မကဓာတ်တို့၏ သဘောကို ထောက်ဆသင့်ပေ၏။ ထောက်ဆရန်ကား၊ သကမ္မကဟေတ်သည်၊ ကံအနက်ရှိ၏။ အကမ္မကဓာတ်သည်၊ ကံအနက်မရှိ။ ကံရှိလျှင်၊ ပြုသူကတ္တား မကင်းရ။ ကံမရှိလျှင်၊ ပြုသူကတ္တား ကင်း၏။ ဥပမာကား၊ သစ်ပင်လဲ့သည်, သစ်ပင်လဲသည် ဟူသော စကား ၂-ပုဒ်၌၊ လဲ့သည်ဆိုလျှင်၊ ခုတ်သူရှိရမည်။ လဲသည်ဆိုလျှင်၊ ခုတ်သူ မရှိပေ။

ထိုစကားအရ၊ လဲ့သည်ဆိုရာ၌၊ ခုတ်သူဟူသော လုလ္လပယောဂ၊ ကံ,ကတ္တား ရှိ၍၊ လဲသည်ဆိုရာ၌၊ ခုတ်သူဟူသော လုလ္လံပယောဂ၊ ကံ,ကတ္တား မရှိသကဲ့သို့။အကြောင်းရှိက အကျိုးရှိရ၍၊အကြောင်းမရှိက အကျိုးကင်းရလေရာ။ ရုပနာမ်သဘောမျာလည်း၊ အကတ္တုကာအကမ္မုနာ ဆိုသည်အရ၊ ပြုလုပ်သူမရှိ ပကတိပင်ကို သူအလိုလို

ဖြစ်သော အနက်ရမှ၊ ယထာဘူတ သဘာဝကျသည်ဟု မှတ်အပ်ပေသတည်း။

ယခုကဲ့သို့ သဒ္ဒါအချက် အနက်မမှန်သဖြင့်၊ အဓိပ္ပါယ် ဘောက်ပြန်ယွင်းမှားလျက်၊ ထင်သလို တွေးတော ကြံစည်သော စိတ်များနှင့်၊ ကမ္မဋ္ဌာန်း တရားကို အားထုတ်ပါလျှင် ကာလ ၃-ပါးတွင်၊ ပန္နုပ္ပန် ကာလသို့ မသက်ဝင်ဘဲ၊ အတိတ်, အနာဂတ်ကာလ၌ တင်နေသဖြင့်၊ ပစ္စုပ္ပန် ကာလ၌ အလိုလို့ဖြစ်သော၊ ပရမတ် ရုပ်နာမ်ကို မြင်သည့်၊ ဝိပဿနာ ကမ္မဋ္ဌာန်းမျိုး မဟုတ်ဘဲ၊ အတိတ်, အနာဂတ်ကာလ၌ ကိုယ့်အလိုနှင့် ကြံယူသော၊ ပညတ် ရုပ်နာမ်ကို မြင်သည့်၊ သမထကမ္မဋ္ဌာန်းမျိုးဟု မှတ်ယူပါလေ။

၍ ဆိုအပ်ခဲ့ပြီးသော ဉာဏ် ၃-ပါးနှင့်၊ ကာလ ၃-ပါး တို့တွင်၊ ဝိပဿနာကံဖြစ်သော ဘာဝနာမယဉာဏ် ဖြစ်နိုင်ရန်၊ ပစ္စုပ္ပန်ကာလ တာပါး၌ ဖြစ်သော၊ ရုပ်နာမ်ကို ရှုမှတ်ရမည်ဆိုသော စကား၌၊ ပစ္စုပ္ပန် ကာလသည်၊ ခဏပစ္စုပ္ပန်, သန္တတိပစ္စုပ္ပန်, အဒ္ဓါနပစ္စုပ္ပန်ဟု ၃-မျိုး ရှိပေ၏။

ထို ၃-မျိုးတို့တွင်၊ ဝိထိအစဉ်၌၊ ဥပါဒ်, ဌိ, ဘင် ဟူသော-ခဏတ္တယ ကာလဖြင့်၊ ဓမ္မသဘာဝတို့ ဖြစ်သော သဘောသည်၊ ခဏပစ္စုပ္ပန် မည်၏။ ၎င်းပစ္စုပ္ပန်ကို-ဥပါဒ်ခဏ, ဌိခဏ, ဘင်ခဏဟု ခေါ် ဆိုပေသည်။

တပန် ဖြင်သောအခိုက်၌၊ ရှေးဦးစွာ စက္ခုဒ္ဒါရ ဝိထိကျ၍၊ နောက် မနောဒ္ဒါရ ဝိထိ ကျ၏။ ထို့နောက်၊ တဒနုဝတ္တိက မနောဒ္ဒါရဝိထိ၊ သုဒ္ဓ မနောဒ္ဒါရဝိထိ၊ ဤသို့ ၃-ဝိထိ, ၄-ဝိထိ အစဉ်ဆက်ကျမှ၊ ပညတ် သဘော, ပရမတ်သဘော တချက်ကို သိခြင်းသည်၊ သန္တာန်တိပစ္စုပ္ပန်, အဒ္ဓါနပစ္စုပ္ပန်ဟု ခေါ် ဆိုပေသည်။

ထိုမှတပါး၊ လောကလူများတို့ မှတ်သားပြောဆိုကြသော၊ နံနက်, နေ့လည်, ညနေဟူ၍ငင်း၊ ယနေ့ဟူ၍ငင်း သည်လ, သည်နှစ်ဟူ၍ငင်း၊ ခေါ် ဆိုကြသော ပစ္စုပ္ပန်သည်၊ အဒ္ဓါနပစ္စုပ္ပန်မည်၏။

၎င်းအဒ္ဓါနပစ္စုပ္ပန်သည်၊ ပညတ်ကာလဖြစ်၍၊ အကျင့်မှာလည်း၊ ပညတ်အကျင့်ဖြစ်ပေ၏။ ဝိနည်း၌လာသော ငါးလဘေးစုန်စသည်

ဖြင့်၊ကာလိက ၄-ပါးအကျင့်။ သုဘုန်၌ ပစ္စုပ္ပန္နေနယာပေးသျ၊ နဘ ဝေ လောလလောစနော။ ။ပစ္စုပ္ပန္နေန၊ ယခုဟူသော ပစ္စုပ္ပန်ကာလ ဖြင့်။ ယာပေးသျ၊မျှဘရာ၏။ လောလလောစနော၊ သဘက်, နက်ဖြန်ဟူ စိတ်ကြံ လှုံ့ဆော် လေ့လိုခြင်းသည်။ နဘဝေ၊ မဖြစ်ရာ။-ဟူသော ဂန္ဓာရ ရသေ့တို့၊ ဆားကို နက်ဖြန်,သဘက် အတွက် မထားရသော အကျင့်။ ဤသို့ အဋ္ဌကထာ ပစ္စုပ္ပန်ကာလ ပညတ်အကျင့်ကို သိအပ်ပေ၏။

တဖန်၊ ဥပါဒက္ခဏော၊ ဥပါဒ်ကာလ၌။ ဋ္ဌိတိက္ခဏော၊ ဋ္ဌိကာလ၌။ ဤသို့ လာသော ပစ္စုပ္ပန်ကာလ၌ မကျင့်ရ။ မြတ်စွာဘုရားရှင်တို့သာ သိအပ်သော သဘာဝဖြစ်ပေ၏။

အတီတံ နာန္နာဂမေယျ၊ နပဋိကင်္ခေ အနာဂတံ၊
ယဒတီတံ ပဟီနန္တံ၊ အပတ္တဉ္စ အနာဂတံ။
ပစ္စုပ္ပန္နဉ္စ ယံ ဓမ္မံ၊ တတ္ထ တတ္ထ ဝိပဿတိ။
အသံဟီရံ အသင်္ကုပ္ပံ၊ တံ ဝိဒ္ဒါ မနုဗြူဟယေ။

ပေဋကော်,နေတ္တိပါဠိတော်

အတီတံ၊အဘိတ်ကို။ နာန္နာဂမေယျ၊ မလိုက်ရာ။ အနာဂတံ၊အနာဂတ်ကို။ နပဋိကင်္ခေ၊အလိုမရှိရာ။ ယံ အတီတံ၊ အကြင်အတိတ်သည်။ အတ္ထိ၊ရှိ၏။ တံ အတီတံ၊ ထိုအတိတ်သည်။ ပဟိနံ၊ ကွယ်ပျောက်ခဲ့ပြီ။ ယံ အနာဂတံ၊ အကြင်အနာဂတ်သည်။ အတ္ထိ၊ရှိ၏။တံ၊ အနာဂတံ၊ထို အနာဂတ်သည်။ အပတ္တဉ္စ၊ ရောက်မှ မရောက်လာသေး။

တဉ္စတတ္ထ ခဏောခဏော၊ ထိုထို ခဏခဏာ၌။ ပစ္စုပ္ပန်း၊ ပစ္စုပ္ပန် ဖြစ်သော။ ယဉ္ဆမ္မံ အကြင်တရားကို။ ဝိဒ္ဒါ၊ ပညာရှိသည်။ ဝိပဿတိ၊ ရှုရ၏။ တံခဏံ၊ ထိုပစ္စုပ္ပန်ဖြစ်သောတရားကို။ အသံဟီရံ၊ မပြောင်း မရွေ့မီ။အသင်္ကုပ္ပံ မပျောက်ပျက်မီ။ဝိဒ္ဒါ၊ပညာရှိသည်။ အနုဗြူဟယေ၊ ပွားများရှုမှတ်ရာ၏။

ဤကား၊ သန္တာတိပစ္စုပ္ပန်ဖြစ်၍၊ ဝိပဿနာဖြင့်၊ ပရမတ်ရုပ်နာမ်ကို ကျင့်ရသည်၊ နောက်ကပြုခဲ့သော မြင်ခိုက်,ကြားခိုက်၌၊ မြင်တယ်, ကြားတယ် စသည်မှတ်သော၊ သန္တာတိပစ္စုပ္ပန်ကာလသို့ ကျအောင်၊ ရှုမှတ်အားထုတ်ကြရာသတည်း။

ဥဒ္ဒေသ်သုံးပါးနှင့် ကာလသုံးပါးကို ပြဆိုခြင်းပြီး၏။

ကိလေသာအရှင့် ဝိပ္ပလ္လာသဘောများကို ပုတ်သားရန်ပြဆိုခြင်း

၂၂-ကိလေသာကား မူလအား၊ ၃-ပါး၊ စဉ် အလာ။
၂၃-လွန်ကျူး၊ ဆူပွက်၊ မျိုးမပျက်၊ ၃-ချက် ကိလေသာ။
၂၄-အနာနှင့်ဆေး၊ သင့်အောင်ပေး၊ ပျောက်ရေးမခက်ပါ။
၂၅-သညာ စိတ္တ၊ ဒိဋ္ဌိပါ၊ သုံး၊ ဝ ဝိပ္ပလ္လာ။

၍ သံပေါက်လင်္ကာများ၏ အဓိပ္ပါယ်မှာ။ ကိလေသာသည်၊ မူလ အားဖြင့် အစဉ်အလာ ၃-ပါးဖြစ်၍၊ လွန်ကျူးခြင်း, ဆူပွက်ခြင်း, အစဉ်ကိန်းသော မျိုးမပျက်ခြင်းဟု၊ မူလကိလေသာ တပါးခု၊ အနက် သဘော ၃-မျိုးစီ ရှိလေရာ။ အနာနှင့်ဆေး သင့်အောင် ပေးလျှင်၊ လွယ်ကူစွာပင် ရောဂါပျောက်ကင်း သက်သွေ့သို့။ ကိလေသာကင်းရန်၊ အကျင့်မှန်လျှင်၊ အမြန်ပင် ပျောက်ငြိမ်းနိုင်ပေ၏။ ထိုကိလေသာတို့သည်။ အမှတ်များ, အသိများ, အယူများဟူသော၊ ဝိပ္ပလ္လာသတရား ၃-ပါးကြောင့်၊ ဖြစ်ပွားလာ၏ဟု ဆိုလိုပေသည်။

ထိုအဓိပ္ပါယ်များအရ။ လောဘ, ဒေါသ, မောဟ ဤသုံးပါးသည်၊ ကိလေသာတို့၏ အမြစ်နှင့်တူသောကြောင့်၊ မူလတရားမည်၏။ ၎င်း ကိလေသာမူလ ၃-ပါးတွင်၊ တပါးတပါးခု၊ ဝိတိက္ကမ ကိလေသာ, ပရိယုဋ္ဌာန ကိလေသာ, အနုသယ ကိလေသာဟု ၃-ပါးစီ,၃-ပါးစီရှိ၏။

ထို ၃-ပါးအရ၊ ကိုယ်ဖြင့်၎င်း၊ နှုတ်ဖြင့်၎င်း၊ ကျူးလွန်ခြင်းသည်၊ ဝိတိက္ကမကိလေသာမည်၏။ စိတ်ဖြင့် တွေးတောကြံစည်လျက်၊ဆူပွက် လှုပ်ရှား ထကြွခြင်းများသည်၊ ပရိယုဋ္ဌာနကိလေသာမည်၏။ ရုပ်နာမ် အာရုံဖြစ်ရာခု၊ အစဉ်ကိန်းဝပ်၍ ပါနေခြင်းသဘောသည်၊ အနုသယ ကိလေသာမည်၏။

ယခုပြဆိုခဲ့သော ကိလေသာသည်၊ မူလအားဖြင့် ၃-ပါး၊ တရား ကိုယ်အားဖြင့် ၁၀-ပါး၊ အလတ်အားဖြင့် ၁၀၀-ပါး၊ အကျယ်အားဖြင့် ၁၅၀၀-ရှိ၏။ ထိုကိလေသာတို့၏ သရုပ်အကျယ်သည်၊ ဂန္ထိရအဋ္ဌ ဝိပဿနာ ဒီပနီကျမ်းတို့၌ ပါရှိပြီး၍၊ ဤကျမ်း၌ သဘောမျှကိုသာ ရေးသားပေအံ့။

၍ ကိလေသာတို့သည်၊ အမှတ်မှားခြင်း-သညာဝိပ္ပလ္လာသ၊ အသိမှားခြင်း-စိတ္တဝိပ္ပလ္လာသ၊ အယူမှားခြင်း-ဒိဋ္ဌိဝိပ္ပလ္လာသ။ ၎င်းဝိပ္ပလ္လာသတရား ၃-ပါးတို့ကြောင့်ဖြစ်လေရာ၊ ထိုဝိပ္ပလ္လာသတရားတို့ မဖြစ်ပွားနိုင်စေခြင်းငှါ၊ ကိလေသာ ၃-ပါးတို့တွင် စိတိက္ကမ ကိလေသာကို ပယ်၍လည်း မငြိမ်း၊ ပရိယုဋ္ဌာန် ကိလေသာကို ပယ်၍လည်း မငြိမ်း၊ အနုသယကိလေသာကိုပယ်မှ၊ ဝိပ္ပလ္လာသတရားတို့ လွတ်ငြိမ်း နိုင်လေရာ၊ အနာနှင့်ဆေး လွဲသကဲ့သို့ ဖြစ်ကြလေ၏။

ပယ်သတ်နိုင်သော လက်နက်များမှာ၊ ဒါန, သီလသည်၊ စိတိက္ကမကိလေသာကိုပယ်၏။ သမထကမ္မဋ္ဌာန်း၊ ဗျာနဒေဘိညာဉ်လမ်းသည်၊ ပရိယုဋ္ဌာန ကိလေသာကိုပယ်၏။ ဝိပဿနာ ဘာဝနာ ကမ္မဋ္ဌာန်းသည်၊ အနုသယကိလေသာကိုပယ်၏။ ထို ၃-မျိုးတွင်၊ ယခုအခါ များစွာသော လူ ရဟန်းတို့သည်၊ ဝိတိက္ကမကိလေသာနှင့် ပရိယုဋ္ဌာန ကိလေသာကို မှ၊ ထိရောက်အောင်ပယ်နိုင်သူများ၊ အလွန်မှ နည်းပါးနေကြပေသည်။

ယခုအခါ၊ ဒါန, သီလ, သမထ, မျှနှင့် တင်းတိမ်အားရ၍ နေကြသော၊ အချို့ရှင်, လူ, ရဟန်းတို့၏ စွဲလမ်းအားထားသော ဒေသနာများမှာ၊ အောက်ပါအတိုင်းဖြစ်ပေ၏။

ဒါနံ အလောဘော ဟေတု၊
သီလံ အဒေါသော ဟေတု၊
ဘာဝနံ အမောဟော ဟေတု။

ဒါနံ၊ အလ္လူသည်။ အလောဟော ဟေတု၊ အလောဘ၏ အကြောင်းတည်း။ သီလံ၊ သီလသည်။ အဒေါသော ဟေတု၊ အဒေါသ၏ အကြောင်းတည်း။ ဘာဝနံ၊ ဘာဝနာသည်။ အမောဟော ဟေတု၊ အဟောဟ၏ အကြောင်းတည်း။ **။၍ ဒေသနာ၏ အဓိပ္ပါယ်အရကို အားကိုးဖွဲ့ကြလေသည်။**

ထိုဒေသနာ၏ အဓိပ္ပါယ်အရကို၊ ဒါန, သီလ, ဘာဝနာဟူ ဆိုကာမျှနှင့်၊ ယခုကာလ ပြုလုပ်ကြသော ကုသိုလ်မျိုးကို မယူရ၊ အလောဘ, အဒေါသ, အမောဟတို့၏ အကြောင်း၊ ဖြစ်နိုင်, မဖြစ်နိုင်များကို နွဲခြား၍ပြုလုပ်ရ၏။

နွဲခြားပုံမှာ ဒါနဒွ် သမ္ပယုတ်, ဝိပ္ပယုတ်ဟု နှစ်မျိုးနွဲ၍၊ ဉာဏ်နှင့်ယှဉ်သော သမ္ပယုတ်ဒါနမှာ၊ အလောဘဖြစ်၍၊ ဉာဏ်နှင့် မယှဉ်သော

ဝိပ္ပယုတ်ဒါနမှာ၊ လောဘဖြစ်နေပေဇ။ ဖြစ်ပုံကား၊ လူမြင်သော နေရာ၌၊ ဇရပ်, တန်ဆောင်း, ကျောင်းများ ဆောက်၍၊ ဂုဏ်ပကာသနကို အလိုရှိခြင်း။ ယခု သာသနာအကျိုး၊ မိမိဇ အကျိုးရတို့ကို မသိဘဲ၊ နောင်ဘဝ၌ မရေတွက်နိုင်သော လောကီကျိုးရရန်၊ ထက်သန်စွာစိတ်ထား ဆုတောင်းပြုကြ၍၊ လောဘကြီးဖြစ်ပေဇ။

ထို အလှူမျိုးကို ရည်၍၊ ညောင်ပင်ကြီးလောက် လှူသော်လဲ၊ ညောင်စေ့ကလေးလောက် အကျိုးရောက်သည်ဟု၊ ဒေသနာတော်လာသည့်အတိုင်း ပြောဆိုကြလေသည်။

လူမိုက်အလှူ၊ ပေးပါမူလည်း၊ ရွှေယ်ချူ ဖိုလ်မဂ်၊ မပန်ရက်၍၊ မှားဘက်သို့သာ၊ ဖြစ်လေရာဇ-ဟု၊ ရှေးဆရာကြီးများ မိန့်ကြားတော်မူကြလေကုန်ဇ။

သည်လိုမဟုတ်ဘဲ၊ လူသူနည်းပါး၍ မမြင်ရာအရပ်များ၌၊ ကိလေသာပယ်ရှားရန်၊ ဇရပ်, ကျောင်း,ဆောက်၍၊ သာသနာအကျိုး၊ မိမိဇ အကျိုး၊ ကိလေသာခေါင်းပါး ပယ်ချိုးရန်၊ ရည်သန်ပြုလုပ်ခြင်းသည်၊ ညာဏသမ္ပယုတ်ဒါနဖြစ်ဇ။

ထိုသဘောမျိုးကို ရည်၍၊ "တိလမတ္တံ ကတံ ပုညံ၊ ဉာဏေန သမ္ပယုတ္တကံ၊ နိဗ္ဗြောဓမိဝ ဇိဇကံ" စသည်ဖြင့်၊ ညောင်စေ့လောက် လှူရသော်လည်း၊ ညောင်ပင်ကြီးလောက် အကျိုးရောက်သည်ဟု၊ ဒေသနာတော်များ၌ လာရှိပေဇ။

သီလမှာလည်း၊ ဘုရားလက်ထက်က၊ ဝိသာခါ ကျောင်းအမကြီး အဖေါ်များ၊ လင်ဆု, သားဆု တောင်းသော သီလကဲ့သို့ဎင်း၊ ယခု အခါ ပျော်ပွဲစား သီလများ ကဲ့သို့ဎင်း၊ ဆောက်တည်၍ အဒေါသ မဖြစ်ဘဲ၊ ဒေါသကြီးပင် ဖြစ်နေပေဇ။

ဘာဝနာမှာလည်း၊ သမထ ပညတ်ကမ္မဋ္ဌာန်းမျိုးသည်၊ ပရိယုဋ္ဌာန် ကိလေသာများ အနည်းငယ် ငြိမ်ဝပ်ရုံမှဖြစ်၍၊ အနုသယ ကိလေသာကို မထိခိုက်ပေ။

ထို့ကြောင့်၊ ယထာဝိမုတ္တေ အနုပ္ပဒေ - စသည်ဖြင့်။ ဓမ္မပဒ၌ လာရှိပေဇ။

သစ်ပင်ကို အဖြစ်မဖြတ်ဘဲ၊ အကိုင်းအခက်များကို ခုတ်ပယ်လျှင်၊ သစ်ပင်မသေဘဲ၊တဖန်ပြန်၍အတက်ပေါက်ပြီး၊သာ၍စည်ပင်သကဲ့သို့။ သာယော-ဒါန, သီလ, သဃော မျှကိုပြု၍၊ အနုသယကို မပယ်လျှင်၊ သာ၍ပင် ကိလေသာ ပွါးစည်း၍၊ သံသရာဒုက္ခကြီးလေးသည်ဆိုပေ၏။ ထို့ကြောင့်၊ အနုသယကိုပယ်စေခြင်းငှါ၊ ဝိပဿနာ အလုပ်ကို ဗမားထုတ်ကြရာသတည်း။

ကိလေသာအရှင့် ဝိပွလ္လာသကို ပြဆိုခြင်းပြီး၏။

ကိလေသာဖြစ်ပုံ ပယ်ပုံအရ၊ အာဒိတ္တသုတ်ဖြင့်၊ ဥပုဝေါဇ်တို့ ဝတ္ထုကို ပြဆိုခြင်း

၂၆-ပကတိစိတ်ထား၊ ရှင်လူမျာ။ ဖြစ်ပွားကိလေသာ။
၂၇-ဝိပဿနာရူပြား၊ ယောဂီများ၊ ပယ်ရှားကိလေသာ။
၂၈-ပရိယာယ၊ အာဒိတ္တ၊ မှတ်ကြကျမ်းဂန်လာ။
၂၉-ဥပုဝေါဇ်၊ ကဿပ၊ ဟောပြဒေသနာ။
၃၀-၁၀၀၀ ရဟန်း၊ ဝဋ္ဋကုန်ခန်း၊ ကျွတ်တန်းဝင်ကြရာ။

၍သံပေါက်လင်္ကာမျာ၏ အဓိပ္ပါယ်မှာ၊ မိဘရိုးရာ ရှေးအစဉ်အလာဖြင့်၊ ဘာသာဘာဝ၊သာယောစိတ်ထား၍၊ ပကတိအတိုင်း နေကြသော ရဟန်း, ရှင်, လူတို့အား၊ကိလေသာ အမြဖြစ်ပွားနေ၍၊ဝိပဿနာအားထုတ်သူများမှ၊ ကိလေသာကို ပယ်နိုင်သဖြင့်၊ အာဒိတ္တ ပရိယာယသုတ်အရ၊ ဥပုဝေဇ္ဈကဿပ စသော ရှင်တထောင်တို့၊ ကိလေသာကို ခွါရှောင်ပယ်ရှား၍၊ ဝဋ်သုံးပါးတို့ လွတ်ငြိမ်း ကုန်ခန်းသော၊ ရဟန္တာကြီးများ ဖြစ်သွားပေသည်။

ထိုအဓိပ္ပါယ်များအရ၊ မိဘရိုးရာစိတ်ထားသော၊ ပကတိ ရဟန်း, ရှင်,လူဆိုသည်မှာ၊သာသနာတော် ၅-ပါးတွင်ငြိမ့်တွေ၌သောပရမတ်ရဝ်နာမ်တရားအလုပ်ကို၊ နှစ်, လများစွာ တိမ်မြှုပ်၍ ကွယ်ဝှက်နေပြီး၊ ယသတပန်၊ အခါတန်သဖြင့်၊ အခွင့်အားလျော်စွာ ပေါ်ပေါက်လာ၍၊ သိသူတို့မှာ သူထက်ငါလိုက်ပါကြသော်လည်း၊ မသိသူများကမူကား၊ ''အရင်ထို-လမ်းဆိုထိုက်'' ဆိုသည်ကို သဘောပိုက်

လျက်၊ ရိုးရိုးသွား ဆန်းဆန်းပြားပြား မလုပ်ကြနှင့်ဟု၊ ဗိတ်ပင်ကြ၏။ ''အရင်လို-လမ်းတိုလိုက်'' ဆိုသည်မျှားကို သတိမထားကြပေ။

ယခုကဲ့သို့ ပြောဆိုကြသည်မှာ၊ အပေါင်းနှင့်အသစ်၊ အရိုးနှင့် အဆန်းဟူသော စကားမျှကိုထောက်ဆ၍၊ အပေါင်းအရိုးမှ ကောင်းသည်၊ အသစ်အဆန်းဟူက မကောင်းဟု အမြဲမှတ်ထားသောကြောင့် ဖြစ်ပေ၏။ ထိုအယူမျိုးကိုရည်၍၊ ''အမှားကြာတော့ အမှန်ဖြစ်၊ အမှန် အစစ် အမှားထင်၊ ဘုရားရှင်ပင် ဟောလိုမရ'' ဟု၊ မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး မိန့်ကြားတော်မူခဲ့ပေ၏။

တဖန်၊ ၎င်းစကားအလားဘူပင်၊ ''အမေမှာတဲ့ ဆန်တခွဲ ၃-စိပ်နှင့် မလဲ'' ဟု၊ ရှေးဆရာကြီးများ ပြောကြားခဲ့ ပေသည်။ ထိုမှတပါး၊ လယ်တီ ဆရာတော်ဘုရားကြီးလည်း၊ အထက်က ပြဆိုခဲ့သော ပုဂ္ဂိုလ်တို့၏ စိတ်ထားကို ရည်ရွယ်မှန်းဆသျှက်၊ ''ယခုကြုံရ၊ ခေတ်ကာလ၌၊ ဒါန, သီလ၊ လက်စဖွါးဖွါး၊ ပြုလုပ်ငြား၍ နောက်ဘုရားမှ၊ အမျှားငါတို့ ပါကြစို့။ ။ဘုရားမဆုံး နောက်မဆုံး တန္ဓိုနိုးရှည်ကြာ သံသရာ'' ဟု စပ်ဆိုတော်မူခဲ့လေသည်၊ ၎င်းအချက်၌ သတိထားရန်ပေတည်း။

ထို့ကြောင့်၊ ရှေးကျ၍ အပေါင်းတိုင်းလည်း ကောင်းသည်မဟုတ်။ နောက်မှပေါ်သည့် အသစ်အဆန်းတိုင်းလည်း ဆိုးသည်မဟုတ်။ အခါနှင့်အလုပ်၊ အကျိုးယုတ်, အကျိုးမြတ်ကို ဉာဏ်သွား၊ မိရိုးဖလာကို ပယ်ရှားကြသော ဝတ္ထုများကို ထောက်ထား၍၊ အခါအားလျော်စွာ၊ အနုံသယ ကိလေသာကို ပယ်ခွါကြသည့်၊ ဥရုဝေဠု ကဿပ စသော ရဟန်းတို့ကဲ့သို့။ ဟုတ်မှန်သော နည်းလမ်းဖြင့်၊ ဝိပဿနာကမ္မဋ္ဌာန်းကို ကြိုးပမ်းယုတ် အားထုတ် ရှုမှတ်ကြရမည်ဟု ဆိုလိုပေသည်။

သင်္ခံ ဘိက္ခဝေ အာဒိတ္တံ၊ ကိဉ္စ ဘိက္ခဝေ သင်္ခံ အာဒိတ္တံ။

ဘိက္ခဝေ၊ ဥရုဝေဠု၊ ကဿပနှင့်၊ စသည်မြားမြောင်၊ ရှင်တထောင် တို့။ သင်္ခံ၊ အလုံးစုံ။ ဝါ၊ အစဉ်မပြတ်၊ အချင်းခပ်သိမ်း။ အာဒိတ္တံ၊ ရဲရဲ ပြောင်ပြောင်၊ မီးတောက်လောင်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ကိဉ္စ၊ အာဘယ်သို့လျှင်။ သင်္ခံ၊ အလုံးစုံ။ ဝါ၊ အစဉ်မပြတ်၊ အချင်းခပ်သိမ်း။ အာဒိတ္တံ၊ ရဲရဲပြောင်ပြောင်၊ မီးတောက်လောင် သနည်း။

၍သို့လျှင်၊ မီးအစဉ်မပြတ် တောက်လောင်နေကြောင်း သာမည ဟော၍၊ တဖန် ဝိသေသအားဖြင့်၊ လောင်သောအခါ, လောင်သောဌာန, လောင်သော အခြင်းအရာတို့ကို အကျယ်ဟောတော်မူပြန်လေ၏။

စက္ခုံ ဘိက္ခဝေ အာဒိတ္တံ၊ ရူပါ အာဒိတ္တာ၊ စက္ခုဝိညာဏံ အာဒိတ္တံ၊ စက္ခု သမ္ဖဿော အာဒိတ္တော။ ယမ္ပိဒံ စက္ခု သမ္ဖဿ ပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံဝါ ဒုက္ခံဝါ၊ အဒုက္ခ မသုခံဝါ တမ္ပိ အာဒိတ္တံ။

ဘိက္ခဝေ၊ရဟန်းတို့။ စက္ခုံ၊မျက်စိကို။ အာဒိတ္တံ၊ရဲရဲပြောင်ပြောင်၊ မီးတောက်လောင်၏။ ရူပါ၊အဆင်းတို့ကို။ အာဒိတ္တာ၊ရဲရဲပြောင်ပြောင်၊ မီးတောက်လောင်ကုန်၏။ စက္ခုဝိညာဏံ၊ မြင်ခြင်းကို။ အာဒိတ္တံ၊ ရဲရဲပြောင်ပြောင်၊ မီးတောက်လောင်၏။ စက္ခုသမ္ဖဿော၊ မျက်စိဖြင့် မြင်ခြင်း၏၊ အဆင်းနှင့် တွေ့ခြင်းကို။ အာဒိတ္တော၊ ရဲရဲပြောင်ပြောင်၊ မီးတောက်လောင်၏။ စက္ခုသမ္ဖဿ ပစ္စယာ၊ မျက်စိဖြင့် မြင်ခြင်း၏၊ အဆင်းနှင့် တွေ့ခြင်း ကြောင့်။ သုခံဝါ၊ ချမ်းသာသည်လည်းဖြစ်သော။ ဒုက္ခံဝါ၊ဆင်းရဲသည်လည်းဖြစ်သော။ အဒုက္ခ မသုခံဝါ၊ချမ်းသာလည်း မဟုတ် ဆင်းရဲလည်းမဟုတ်သော။ ယမ္ပိဒံဝေဒယိတံ၊ အကြောင် ခံစားခြင်းသည်။ ဥပ္ပဇ္ဇတိ၊ဖြစ်၏။ တမ္ပိ၊ထိုခံစားခြင်းကိုလည်း။ အာဒိတ္တံ၊ရဲရဲပြောင်ပြောင်၊ မီးတောက်လောင်၏။

အဓိပ္ပါယ်ကား။ မြင်သောအခါ၊မျက်စိကို မီးလောင်၏။ မျက်စိကို မီးလောင်လျှင်၊ အဆင်းတို့ကိုလည်း လောင်ကုန်၏။ မြင်ခြင်းကိုလည်း လောင်၏။အတွေ့ကိုလည်း လောင်၏။ဝေဒနာကိုလည်း လောင်၏ဟု ဟောတော်မူ၍၊ လောင်သော မီးမျိုးကို ဟောကြားတော်မူပြန်လေ၏။

ကေန အာဒိတ္တံ။ ရာဂဂ္ဂိနာ ဒေါသဂ္ဂိနာ မောဟဂ္ဂိနာတိ အာဒိတ္တံ။

ကေန၊အဘယ်မီးဖြင့်။ ဝါ၊အဘယ်မီးသည်။ အာဒိတ္တံ၊ ရဲရဲပြောင်ပြောင် တောက်လောင်ပါသနည်း။ ရာဂဂ္ဂိနာ၊ရာဂမီးဖြင့်။ ဒေါသဂ္ဂိနာ၊ ဒေါသမီးဖြင့်။ မောဟဂ္ဂိနာ၊မောဟမီးဖြင့်။ အာဒိတ္တံ၊ရဲရဲပြောင်ပြောင် တောက်လောင်နေ၏။

ဤသို့လျှင်၊ ရာဂမီး, ဒေါသမီး,မောဟမီး ဟူသော မီး ၃-ပါးတို့သည်၊ သတ္တဝါတို့အား အမြဲမပြတ် အစဉ်စပ်လျက်၊ အခါခပ်သိမ်း မငြိမ်းနိုင်ဘဲ၊ လောင်စွဲနေသည်မှာ၊ မြင်တိုင်း, ကြားတိုင်း, နံတိုင်း,

စားတိုင်း, ထိတိုင်း, သိတိုင်း မဆိုင်းမနားဘဲ၊ နွါရ ၆-ပါး,ဝိညာဏ် ၆-ပါး, ဖဿ ၆-ပါး, ဝေဒနာ ၆-ပါးတို့ကို တောက်လောင် နေရာ။ တဒါမြင်လျှင်၊ မျက်စိ,အဆင်း, မြင်ခြင်း, တွေ့ခြင်း,ခံစားခြင်းဟု ဒီးဖို ကြီး ၅-ခု၊တပြိုင်နက်တချက်တည်းဖြင့်၊ ညီးညီးပြောင်ပြောင် တောက် လောင်၍၊ ကြားမှ, နံ့မှ, စားမှ ထိမှ, သိမှ ဖြစ်သော အခါတို့၌လည်း၊ ထိုအတူ တောက်လောင်နေသော မီးတို့ကို၊ အရေးတကြီး သတ်ငြိမ်း သင့်ကြပေသတည်း။

သဗ္ဗံ ဘိက္ခဝေ အာဘိညေယျံ။
ကိဉ္စ ဘိက္ခဝေ သဗ္ဗံ အာဘိညေယျံ။

ဘိက္ခဝေ၊ ရဟန်းတို့။ သင်္ဂီ၊ အလုံးစုံ။ ဝါ၊ အစဉ်မပြတ်၊ အချင်း ခပ်သိမ်း။ အာဘိညေယျံ၊ အထူး သိအပ်၏။ ဝါ၊ ထူးသော ဉာဏ်ဖြင့် သိအပ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ကိဉ္စ၊ အာဘယ်သို့လျှင်။ သင်္ဂီ၊အလုံးစုံ။ ဝါ၊ အစဉ်မပြတ်၊ အချင်းခပ်သိမ်း။ အာဘိညေယျံ၊ အထူး သိအပ် သနည်း။ ဝါ၊ ထူးသောဉာဏ်ဖြင့် သိအပ်သနည်း။

ဤကား၊ မီးလောင်သည်ကို ငြိမ်းသတ်နိုင်ရန်၊ အလုံးစုံကို ကုန်စင်အောင် အထူးဉာဏ်ဖြင့် သိရမည်ဟု ဟောတော်မူ၏။

စက္ခုံ ဘိက္ခဝေ အာဘိညေယျံ၊ ရူပါ အာဘိညေယျာ၊ စက္ခုဝိညာဏံ အာဘိညေယျံ၊ စက္ခုသမ္ဖဿော အာဘိညေယျော၊ ယမ္ပိဒံ စက္ခုသမ္ဖဿ ပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံဝါ ဒုက္ခံဝါ အဒုက္ခ မသုခံဝါ တမ္ပိ အာဘိညေယျံ။

ဘိက္ခဝေ၊ ရဟန်းတို့။ စက္ခု၊ မျက်စိကို။ အာဘိညေယျံ၊ အထူး သိအပ်၏။ ဝါ၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။ ကိ အာဘိညေယျံ၊ မျက်စိ ကို ထူးသောဉာဏ်ဖြင့်၊ အဘယ်သို့သိအပ်သနည်း။ စက္ခု၌၊ မျက်စိ ကို မျက်စိဟူ၍၊ အဘိညေယျံ၊ ကိုယ့် အလိုဒို့, ကြံစည့်, နှုလုံးသွင်း၊ ငါပါခြင်းမရှိ၊ ငိုပသနာဉာဏ်ဖြင့်၊ ဟုတ်မှန်သောအတိုင်း သိအပ်၏။ ရူပါ၊ အဆင်းတို့ကို။ အာဘိညေယျာ၊ သိအပ်ကုန်၏။ စက္ခုဝိညာဏံ၊ မြင်ခြင်းကို။ အာဘိညေယျံ၊ သိအပ်၏။ စက္ခုသမ္ဖဿော၊ မျက်စိဖြင့် မြင်ခြင်း၏၊ အဆင်းနှင့် တွေ့သည်ကို။ အာဘိညေယျော၊ သိအပ်၏။ စက္ခုသမ္ဖဿပစ္စယာ၊ မျက်စိဖြင့် မြင်ခြင်း၏၊ အဆင်းနှင့် တွေ့ခြင်း

ကြောင့်။ သုခံဝါ၊ချမ်းသာသည်လည်းဖြစ်သော။ ဒုက္ခံဝါ၊ဆင်းရဲသည်လည်းဖြစ်သော။အဒုက္ခ မသုခံဝါ၊ချမ်းသာသည်လည်းမဟုတ်၊ဆင်းရဲသည်လည်းမဟုတ်သော။ယင်ဖွဲ့ဒံ ဝေဒယိတံ၊အကြင် ခံစားခြင်းသည်။ ဥပဒ္ဓတိ၊ဖြစ်၏။ တမ္ပိ၊ ထိုခံစားခြင်းကိုလည်း။ အာဘိညျေယျံ၊ အထူးသိအပ်၏။ ဝါ၊ထူးသောဉာဏ်ဖြင့် သိအပ်၏။

အဓိပ္ပါယ်ကား။ မိုးလောင်ပုံ ကဲ့သို့ပင်လျှင်၊ မျက်စိစသည်ကို အထူးသိရမည်ဟု ဟောတော်မူ၏။ ဤနေရာ၌ အထူးသိအပ်၏၊ထူးသောဉာဏ်ဖြင့် သိအပ်ခြင်းဆိုခြင်း၏ စသမားတို့၏ အလိုမှာ၊ မျက်စိ, မျက်စိ၊ အဆင်း,အဆင်း စသည်ဖြင့်၊ ဆင်ခြင်ရှုရမည် ဟူ၍ငင်း၊ မျက်စိက ဘယ်လို၊ ဘာနှင့်ယှဉ်သည်၊ အဆင်းကဘယ်လို၊ ဘာနှင့်ယှဉ်သည်၊ ၎င်းတို့ တွေ့တောသော အကြံမျိုးကို၊ အထူးသိခြင်း၊ထူးသော ဉာဏ်ဖြင့် သိခြင်းဟု ယူတတ်ကြလေသည်။

အထူး သိခြင်းဟူသည်၊ မျက်စိကို မျက်စိလို သိမှု၊ အဆင်းကို အဆင်းလို သိရမည်ဆို၏။ ထူးသောဉာဏ်ဖြင့် သိအပ်၏ဟူသည်၊ သင်ကြား၍ သိသောသုတ အကြံဉာဏ်၊ ငါ-ပါသော ပညတ်အသိဉာဏ်မျိုး မဟုတ်ဘဲ၊ ဝိပဿနာဉာဏ်ဖြင့် သိခြင်းမျိုးကိုသာ၊ထူးသောဉာဏ်ဟု မှတ်ယူအပ်ပေ၏။ ထို့ကြောင့်၊ အနက်ပေးရာ၌ပင်၊ အဓိပ္ပါယ်သဘောမှန်ကို သိမြင်နိုင်ကြစေရန်ဖြင့်၊ အနည်းငယ်ခွဲထွင်၍ ရေးထိုက်ပေ၏။ အထူးဂရုပိုက်ရန်ပေတည်း။

အဓိပ္ပါယ်ကား။ မိုးငြိမ်းသတ်ရန် ဟောတော်မူသော အဘိညျေယျသုတ်၌၊မျက်စိကို သိရမည်၊ အဆင်းကို သိရမည်၊ဤသို့ စသည်ဖြင့် တခုစီ သရုပ်ကိုထုတ်၍ ဟောရသည်မှာ၊ ဒေသနာနည်းဖြစ်၏။တခြားစီ၍ တခုစီကျင့်ရန် မဟုတ်ပေ။ ဥပမာ၊ ပဋိဉ္ဉသမပ္ပါဒ်၌၊ပဋိလောမကို အခွဲလေးမကဲ့သို့၊အစဉ်ပြသော်လည်း၊ဒေသနာနည်းမျှသာဖြစ်၏။ စင်စစ်မှာ၊ ချုပ်သောအခါ အစဉ်မရှိဘဲ၊ တပြိုင်နက် ချုပ်သကဲ့သို့ မှတ်ပါလေ။

ထို့ကြောင့်၊ မိုးငြိမ်းအောင် သတ်ပုံမှာ။ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဗာဟိယ ဘဝိဿတိ။ ။ဗာဟိယ၊ချစ်သား ဗာဟိယ။ဒိဋ္ဌေ၊မြင်ဆဲခဏ၌။ဒိဋ္ဌမတ္တံ၊ မြင်၏ဟု အမှတ်ပြုရုံမျှသည်။ ဘဝိဿတိ၊ဖြစ်ရာ၏။ ဤသို့ စသည်ဖြင့်၊

လာသော ဒေသနာအတိုင်း၊ ဖြင်ခိုက် ဖြင်တယ်၊ ဤသို့ စသည်ဖြင့်၊ သတိပဋ္ဌာန်းနည်း ၄-ပါး၊ အာရုံ ၆-ပါးကို မှတ်ရုံမျှ ဖြစ်ပေသည်။

ထိုသို့ မှတ်ရာ၌၊ မျက်စိစသော ၅-ပါးလုံးကို၊ သိခြင်းကိစ္စ တပ္ပိုင်နက် ပြီးစီး၍၊ တကြိမ်မှတ်လျှင်၊ အနုသယကိလေသာမီး ၅-ပုံတို့သည်၊ တပ္ပိုင်နက် တချက်တည်း၊ သေငြိမ်းခြင်းကိစ္စ ပြီးစီးကြလေတော့သည်။

ဥပမာကား။ မီးမွှေးရာ၌၊ မွှေးမည့်နေရာတွင်၊ ထင်း, လောင်စာ, မီးမွှတ်ခြင်းဟု၊ ငါးငွေနုမိမှ၊ မီးတောက်သော်လည်း၊ ငြိမ်းသတ်သောအခါမှာ၊ ရေနှင့်လောင်းရုံမျှဖြစ်စေ၊ ထင်းကို ခွဲဖယ်ရုံမျှဖြစ်စေ၊ မီးငြိမ်းလေသကဲ့သို့။ ကိလေသာမီး လောင်ရာ၌၊ ငါးငွေနု ဖြစ်သော်လည်း၊ ငြိမ်းသောအခါ၊ ဖြင်ခိုက် ကြားခိုက် စသည်ကို၊ မှတ်ရုံမျှနှင့် တခါတည်း ငြိမ်းကြလေတော့သည်။

ယခု ပြဆိုခဲ့သောသဘောသည်၊ အနုသယကိလေသာ မီးလောင်ပုံ ငြိမ်းပုံမျှားဖြစ်ပေ၏။ မြတ်စွာဘုရား ဟောကြားတော်မူသော၊ အာဒိတ္တပရိယာယ ဒေသနာသည်လည်း၊ ဤအဓိပ္ပါယ်ကို ပြဆိုခြင်းဖြစ်ပေ၏။ မြတ်စွာဘုရားက ပုထုဇန် သတ္တဝါတို့၏ သဏ္ဌာန်၌၊ ကိလေသာမီး အမြဲမပြတ်လောင်သည်ဟု ဟောတော်မူ၏။ လူမျှားကလည်း ပြောကြပေ၏။

သို့သော်လည်း၊ ပုထုဇန် ဖြစ်ကြသော လူ, ရှင်, ရဟန်း တို့သည်၊ မြတ်စွာဘုရားက အမြဲ လောင်သော အနုသယ ကိလေသာ မီးကို၊ ငြိမ်းသတ်ကြဟု ဟောတော်မူရာ။ ရုပနှံ့ရုံခါလောင်သော ဓိတိက္ကမ ကိလေသာ, ပရိယုဋ္ဌာန ကိလေသာမီးကို ငြိမ်းသတ်ကြလေ၏။

သဉ္ဇောမှာကား။ ကိုယ် နှုတ်တို့ဖြင့် ကြူးလွန်သော၊ ဓိတိက္ကမ ကိလေသာမျိုးသည်၊ လူဆိုးဖြစ်သော သူခိုး ဝေးမြဖြအလုပ်နှင့်၊ အသက်မွေးသူတို့ပင်လျှင်၊ အမြဲအစဉ်မဖြစ်ကတလှာ တခါလောက်ဖြစ်တတ်၍၊ လူကောင်း သူကောင်းခေါ်ရသော ရိုးရိုး အသက်မွေးကြသူများနှင့်၊ ဘုရားဒကာ, ကျောင်းဒကာ တို့လို၊ ပုဂ္ဂိုလ်များမှာ မူကား၊ တနှစ်မှ တကြိမ်လောက်မဖြစ်နိုင်ကြပေ။

ထို့အတူပင်လျှင်၊ ပရိယုဋ္ဌာန ကိလေသာသည်လည်း၊ ထက်မျက်လွန်ကဲသောအာရုံမျိုးနှင့် တွေ့ကြုံမှ၊ နှစ်သက်ခြင်း မနှစ်သက်ခြင်းဖြစ်၍၊

စိတ်ထဲ၌ အမျိုးမျိုးကြံစည်တွေးတောမှုဖြစ်လေရာ။အထက်ပါအတိုင်း လူဆိုးများ သည်ပင်လျှင်၊ အမြဲ အစဉ် မဖြစ် ကြဘဲ၊ တလမှ တခါ၊ ၁၅-ရက်မှတခါ စသည်ဖြင့် ဖြစ်တတ်လေရာ။ လူကောင်း သူကောင်းများမှာမူကား၊ တနှစ်မှ တခါ,နှစ်ခါထိ ဖြစ်တတ်သဖြင့်၊ ထိုဝိတိက္ကမ, ပရိယုဋ္ဌာန် ကိလေသာတို့မှာ ကြောက်စွယ်ဟုတ်သပေ။

အနုသယကိလေသာသည်ကား။ **ကေ ဆ္ဆ ရဂ္ဂဟ ဏော ကောဋိသတ သဟဿမတ္တာနိ စိတ္တာနိ ဥပ္ပန္နာနိ**။ ။ကေ ဆ္ဆ ရဂ္ဂဟ ဏော၊လက်ဖြစ် တတွက်မျှသောကာလ၌။ကောဋိသတသဟဿမတ္တာနိ ကုဋေတသိန်း မျှလောက်ကုန်သော။ စိတ္တာနိ၊ စိတ်တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏၊

ဤဒေသနာအရ၊ လက်ဖြစ်တတွက်မျှကာလ၌၊ စိတ်အကြိမ်ပေါင်း ကုဋေတသိန်း ဖြစ်ခဲ့လျှင်၊ ရုပ်တရားလည်း ထိုက်သည့် အားလျော်စွာ ပါရသဖြင့်။ပါပသ္မိံ ရမတိ မနော။မနော၊ကမ္မဋ္ဌာန်းနှင့်မဆုံးမ မပြုပြင်၊ ပကာဘိသောပုထုဇနတို့၏စိတ်သည်။ပါပသ္မိံ၊ မကောင်းမှု အကုသိုလ် ဖြစ်။ရမတိ၊မွေ့လျော်ပျော်ပါး ကျက်စား၍ နေတတ်၏။

ဤသို့စိတ်သည်အလွန်လျင်မြန်မျှားပြား၊ဖြစ်တိုင်းလည်း အကုသိုလ် ဖြစ် ပျော်ပိုက်လေရာ။ ၎ကဲ့သို့ ၎င်းပဒိုသည်ဖြိံ့ ဒေတိ။ စိတ်တချက်သည်၊ ပဒိုသန္ဓေကို ဖြစ်စေရန် တကြိမ်ပေး၍၊ အကုသိုလ် စိတ်တွင်လည်း၊ “ ပြိတ္တာတို့ဘောင် ဥဿာဆောင်”ဟူသည်အတိုင်း၊လောဘက ပြိတ္တာ၊ ဒေါသက ငရဲ၊ မောဟက တိရစ္ဆာန်ဆိုသဖြင့်၊ အပါယ်လားစေတတ်သော အကုသိုလ်စိတ်တွေချည်း ဖြစ်နေကြလေ၏။

ထိုစိတ်သည်။ နဒိသောတောဝိယ၊ မြစ်ရေအယဉ် ကဲ့သို့ဂင်း။ ဒိပဇာလံဝိယ၊ ဆင်မီးအလျှံကဲ့သို့ဂင်း။ အမြဲအစဉ် ဖြစ်နေသည်မှာ၊ မြင်မှု, ကြားမှုစသည်တို့ဖြစ်ကြပေ၏၊ ထိုသို့ မြင်မှု,ကြားမှုဖြစ်ရာ၌၊ ဝိတိက္ကမ, ပရိယုဋ္ဌာန်တို့မဖြစ်သော်လည်း။မြင်ခိုက် ကြားခိုက်၌၊အစဉ်လိုက်သော အနုသယ ကိလေသာ အမြဲပါနေ၏။ ပါပုံမှာ၊ မြင်ခိုက်၌ မမှတ်လျှင်၊ နှစ်သက်က-လောဘ၊မနှစ်သက်က–ဒေါသ၊မသိက-မောဟဖြစ်၏။

ထိုကဲ့သို့၊အာရုံ ငြင်တိုင်း,ကြားတိုင်း မမှတ်သောသူမှာ အပါယ်သို့ လားရန်၊ အကုသိုလ်စိတ်တို့ခ်ည်း ဖြစ်နေလေ၍၊ မြင်တိုင်း,ကြားတိုင်း မှတ်လျှင်၊ သာယာမှု မဖြစ်၍ လောဘမဝင်၊ မနှစ်သက်မှု မဖြစ်၍

ဒေါသမဝင်၊ ရုပ်နာမ်ကို သိ၍ မောဟမဝင်၊ အနုသယကိလေသာ စင်သဖြင့်၊ အဖြပင် အေးငြိမ်းရလေတော့ဏ်။

သို့ဖြစ်၍၊ ဥရုဝေဠ ကဿပစသော ဂုဏ်တထောင် တို့သည်၊ ဤဒေသနာအရ၊ အနုသယကိလေသာမီးကို ငြိမ်းသတ်ကြ၍၊ ရဟန္တာ ဖြစ်ကြလေသဖြင့်၊ အသင့်အတင့် နှလုံးသွင်းယုံကြည်ပြီး အသိးအသီး ရှုမှတ်ကြရာသတည်း။

အာဒိတ္တသုတ်ဖြင့်၊ ဥရုဝေဠာတ္ထုကို ပြဆိုခြင်း ပြီး၏။

ရုပ်နာမ်သဘော စသည်ကိုပြခြင်း၊ သဘဉ္ဇ ပဗ္ဗ ပြီး၏။

သတိပဋ္ဌာန်နည်း၊အာရုံဖြင့်၊ ရှုမှတ်ပုံကို ပြဆိုခြင်းအပိုင်း

၇-သတိပဋ္ဌာန ပဗ္ဗ

သတိပဋ္ဌာန်အကျိး ၇-ပါးနှင့်၊ သတိ ၄-ပါးအာရုံကို တိက္ခ, မန္ဒတို့ဖြင့် ပြဆိုခြင်း

၁-သတိပဋ္ဌာန၊နည်းအာရုံမှတ်ကြ၍သို့သာ။

၂-ကျိုးအာနိသံ၊ ခုနစ်တန်၊ ဗုဒ္ဓဟောခဲ့ပါ။

၃-ကာယ ဝေဒနာ၊စိတ် ဓမ္မာ၊ ၄-ဖြာနုပဿနာ။

၄-တိက္ခ မန္ဒ၊ စရိတ၊ ခွဲပြခဲ့လေးမျိုးလော။

၍သံပေါက်လက်ာများ၏ အဓိပ္ပါယ်မှာ၊ သတိပဋ္ဌာန်ပါဠိတော်၌ လာသောနည်းအာရုံဖြင့်၊ဝိပဿနာရှုမှတ်ပုံကို၊၍ဆိုလတံ့သောအတိုင်း သိ၍၊ သတိပဋ္ဌာန်၏အကျိး ၇-ပါးကို ဖြတ်စွာဘုရား ဟောကြားပြီး၊ ထိုသတိပဋ္ဌာန်ကို ကာယာနုပဿနာ,ဝေဒနာနုပဿနာ, စိတ္တာနုပဿနာ,ဓမ္မာနုပဿနာဟု ၄-ပါး ပြဆိုရသည်မှာ၊ တိက္ခ-မန္ဒတို့၏ စရိုဘအတွက် ခွဲပြသည်ဟု ဆိုလိုပေ၏။

ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ၊ သောက ပရိဒေဝါနံ သမတိက္ကမာယ၊ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ၊ ဉာယဿ အဓိဂမာယ၊ နိဗ္ဗာနဿ သစ္ဆိကိရိယာယ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ။ သတိပဋ္ဌာန်ပါဠိတော်

ဘိက္ခဝေ၊ရဟန်းတို့။ စတ္တာရော၊၄-ပါး၊ကုန်သော။ယဒိဒံ၊ယေဈမေ သတိပဋ္ဌာန၁၊ အကြင်သတိပဋ္ဌာန်တို့သည်။ သန္တိ၊ ရှိကုန်၏။ အယံ၊ ဤ သတိပဋ္ဌာန် ၄-ပါးသည်။ သတ္တာနံ၊ သတ္တဝါတို့၏။ ဝိသုဒ္ဓိယာ၊ကိလေသာတို့မှ စင်ကြယ်ခြင်းငှါ။ သောက ပရိဒေဝါနံ၊ စိုးရိမ်ခြင်း, ငိုကြွေးခြင်းတို့ကို။ သမတိက္ကမာယ၊ လွန်မြောက်ခြင်းငှါ။ ဒုက္ခ ဒေါမနဿာနံ၊ ကိုယ် ဆင်းရဲခြင်း, စိတ်ရဲခြင်းတို့၏။ အတ္ထင်္ဂမာယ၊ ချုပ်ခြင်းသို့ ရောက်ခြင်းငှါ။ ဉာယဿ၊ အရိယာမဂ်ကို။ အဓိဂမာယ၊ ရခြင်းငှါ။ နိဗ္ဗာနဿ၊ နိဗ္ဗာန်ကို။ သစ္ဆိကိရိယာယ၊ မျက်မှောက်ပြုခြင်းငှါ။ ၎ကော ယနော၊ တကြောင်းတည်းသော။ မဂ္ဂေါ၊ ခရီးပေတည်း။

အဓိပ္ပါယ်ကား။ ဤသတိပဋ္ဌာန် သေးပါးကို ပွါးများ ရှုမှတ်လျှင်၊ သတ္တဝါတို့၏ ရာဂ စသော ကိလေသာတို့မှ စင်ကြယ်ခြင်း အကျိုးတပါး၊ စိုးရိမ်ခြင်းကို လွန်မြောက်ခြင်း တပါး၊ ငိုကြွေးခြင်းကို လွန်မြောက်ခြင်း တပါး၊ ကိုယ်ဆင်းရဲ၏ချုပ်ခြင်း တပါး၊စိတ်ဆင်းရဲခြင်း၏ ချုပ်ခြင်း ကပါး၊ အရိယာမဂ်ကိုရခြင်း တပါး၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း တပါး၊ ဤ ၇-ပါးတို့ ဖြစ်ပေ၏။ထိုအဓိပ္ပါယ်အရဖြင့်၊ နည်းလမ်းမှန် အားထုတ်သောသူတို့မှ ဟောပြောသော်အားဖြင့်၊ မရွှေ့ခံစားရသော အကျိုးများဟု မှတ်သားအပ်ပေသည်။

မန္ဒဿ တဏ္ဍာ စရိတဿ ဩဠာရိကံ ကာယာနုပဿနာ သတိပဋ္ဌာနံ ဝိသုဒ္ဓိမဂ္ဂေါ။ တိက္ခဿ သုခုမံ ဝေဒနာနုပဿနာ သတိပဋ္ဌာနံ ဝိသုဒ္ဓိမဂ္ဂေါ။ ဒွိဒ္ဓိ စရိတဿပိ မန္ဒဿ နာတိပဟေဝ ဂတံ စိတ္တာနုပဿနာ သတိပဋ္ဌာနံ ဝိသုဒ္ဓိမဂ္ဂေါ။ တိက္ခဿ အတိပဟေဝဂတံ ဓမ္မာနုပဿနာ သတိပဋ္ဌာနံ ဝိသုဒ္ဓိမဂ္ဂေါ။ (အဋ္ဌကထာ)

မန္ဒဿ၊ နှေးသော ပညာရှိသော။ တဏ္ဍာစရိဿ၊ တဏ္ဍာစရိုက် ရှိသောသူအား။ ဩဠာရိကံ၊ ရုန့်ရင်းကြမ်းတန်းသော အာရုံရှိသော။ ကာယာနုပဿနာ သတိပဋ္ဌာနံ၊ ကာယာနုပဿနာ သတိပဋ္ဌာန်သည်။ ဝိသုဒ္ဓိမဂ္ဂေါ၊ ကိလေသာစင်ကြယ်ခြင်း၏ အကြောင်းသည်။ ဟောတိ၊ ဖြစ်၏။ တိက္ခဿ၊ထက်သော ပညာရှိသော။ တဏ္ဍာစရိတဿ၊တဏ္ဍာစရိုက်ရှိသော သူအား။ သုခုမံ၊ သိမ်မွေ့နူးညံ့သော အာရုံရှိသော။ ဝေဒနာနုပဿနာ သတိပဋ္ဌာနံ၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန်သည်။

ဝိသုဒ္ဓိမဂ္ဂေါ၊ကိလေသာစင်ကြယ်ခြင်း၏ အကြောင်းသည်။ ဟောတိ၊ ဖြစ်၏။

မန္ဒဿ၊ နဲနှံသော ပညာရှိသော။ ဒိဋ္ဌစရိတဿ၊ ဒိဋ္ဌစရိုက်ရှိသော သူအား။ နာတိပဟေဒဂတံ၊ အာရုံ အပြား မများလွန်းသော။ စိတ္တာနုပဿနာ သတိပဋ္ဌာနံ၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်သည်။ ဝိသုဒ္ဓိမဂ္ဂေါ၊ ကိလေသာစင်ကြယ်ခြင်း၏ အကြောင်းသည်။ ဟောတိ၊ဖြစ်၏။ တိက္ခဿ၊ထက်သော ပညာရှိသော၊ ဒိဋ္ဌစရိတဿ၊ဒိဋ္ဌစရိုက် ရှိသော သူအား။အတိပဟေဒဂတံ၊ အာရုံ အပြားများလွန်းသော။ ဓမ္မာနုပဿနာ သတိပဋ္ဌာနံ၊ ဓမ္မာနုပဿနာ သတိ ပဋ္ဌာန်သည်။ ဝိသုဒ္ဓိမဂ္ဂေါ၊ ကိလေသာစင်ကြယ်ခြင်း၏ အကြောင်းသည်။ ဟောတိ၊ ဖြစ်၏။

အဓိပ္ပါယ်ကား၊ ပညာနုန့်၍ တဏှာ စရိုက် ရှိသူအား၊ ချုန့်ချင်း ကြမ်းတန်းသော အာရုံရှိသော၊ ကာယာနုပဿနာ သတိပဋ္ဌာန်ကို ဟောဏ်။ ပညာထက်၍၊ တဏှာစရိုက်ရှိသူအား၊ သိမ်မွေ့ နူးညံ့သော အာရုံရှိသော၊ ဝေဒနာနုပဿနာသတိပဋ္ဌာန်ကို ဟောဏ်။ ပညာနုန့်၍ ဒိဋ္ဌစရိုက်ရှိသူအား၊ အာရုံအပြား မများလွန်းသော၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်ကို ဟောဏ်။ ပညာထက်၍ ဒိဋ္ဌစရိုက် ရှိသူအား၊ အာရုံ အပြား များလွန်းသော၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်ကို ဟောဏ် ဤသို့ ၄-ပါး ပြားသည်ကို ပုဂ္ဂိုလ်အားဖြင့် မှတ်သားအပ်ပေ၏။

တဖန် သမထယျာနိက ပုဂ္ဂိုလ်၊ ဝိပဿနာယျာနိက ပုဂ္ဂိုလ်ဟူ ၂-မျိုးရှိရာတွင်၊ တမျိုးတမျိုးဦးလည်း၊ တဏှာစရိုက်, ဒိဋ္ဌစရိုက်၊ ပညာ အနုန့်,အထက်အားလျော်စွာ၊ အစုံအစုံခွဲခြား၍ဟောတော်မူရသဖြင့်၊ အာရုံမှာ၊ သတိပဋ္ဌာန် ၄-ပါးဟု အပြားရှိနေပေ၏။ သို့သော် ရှုမှတ်မှု သတိမှာကား၊ တပါးတည်းဟု မှတ်ယူကြပါလေ။

ယသ္မာပန ကာယ ဝေဒနာ စိတ္တ ဓမ္မေသု ကိဉ္စိဓမ္မံ အနာမသိတ္ဝာ ဘာဝနာနာမန ဏ္ဍိ။ ။ပန၊မ့ချစင်စစ်သော်ကား။ကာယ,ဝေဒနာ,စိတ္တ, ဓမ္မေသု၊ကာယာနုပဿနာသတိပဋ္ဌာန်၊ဝေဒနာနုပဿနာသတိပဋ္ဌာန်၊ စိတ္တာနုပဿနာသတိပဋ္ဌာန်၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန်တို့တွင်။ ကိဉ္စိ ဓမ္မံ၊ တစုံတခုသော သတိပဋ္ဌာန် တရားကို။ အနာမသိတ္ဝာ၊ နှလုံး မသွင်း၊ ရှုမှတ်ခြင်း မရှိခဲ့သော်။ ဘာဝနာနာမ၊ ဝိပဿနာဘာဝနာ

မည်သည်။ ယသ္မာ၊ အကြောင်ကြောင့်။ နတ္ထိ၊ မရှိ။ တသ္မာ၊ ထို့ကြောင့်။ ကိုယ်စွဲမမှီ၊ တပါးပါးသော သတိပဋ္ဌာန်တရားကို။ မနသိကာတဗ္ဗံ၊ နှလုံးသွင်းအပ်၏။

ဤသို့လျှင်၊ နိဗ္ဗာန်သွားလမ်း သတိပဋ္ဌာန်နည်း တခုတည်းရှိပုံ၊ အကျိုး ၇-ပါးရှိပုံ၊ စရိုက်အားဖြင့် သတိပဋ္ဌာန် ၄-ပါးပြားပုံ၊ သတိပဋ္ဌာန်နှင့်ကင်းလျှင်၊ ဝိပဿနာ ဘာဝနာမဖြစ်ပုံများကို အထူးမှတ်သားရန် ဖြစ်ပေသတည်း။

သတိအကျိုး သတိ ၄-ပါးနှင့်၊ တိက္ခ မန္ဒတို့ကို ပြခြင်းပြီး၏။

အာနာပါနပဗ္ဗ၌ ရှုမှတ်ပုံ ကမ္မဋ္ဌာန်းအရှင့်
ဝိနိစ္ဆယကို ပြဆိုခြင်း

၅-လေထွက် လေဝင်၊ ဖြစ်ခိုက်တွင်၊ အစဉ်မှတ်ရပါ။

၆-ထွက်လျှင် ထွက်တယ်၊ ဝင်ဝင်တယ်။ အလွယ်မှတ်ရပါ။

ဤသံပေါက်လက်ာများ၏အဓိပ္ပါယ်မှာ၊ အာနာပါန ကမ္မဋ္ဌာန်း၌၊လေထွက်,လေဝင်များကို အစဉ်အတိုင်း၊ လေထွက်လျှင် - လေထွက်တယ်၊ လေဝင်လျှင်– ဝင်တယ်ဟူ၊ အလွယ်ပင် မှတ်ရသည် ဆိုလို၏။

အရှည်, အတိုဟူ၍ငင်း၊ အစ, အလယ်, အဆုံးဟူ၍ငင်း၊ တခုကစ၍၊ငါးခုရောက် တဝါရ။ တဖန် တခုကစ၍၊ ခြောက်ခုရောက် တဝါရ။ ဤသို့ စသည်ဖြင့်၊ အာနာပါန-ဟူသော လေထွက်လေဝင်ကို၊ ရေတွက်ခြင်းသည်။ပညတ်ဘက်-သမထဖြစ်၍၊ဂဏနာနည်းမည်၏။ ဝိပဿနာမှာ၊ ထွက်ခိုက်, ဝင်ခိုက်၌၊ ထွက်တယ်, ဝင်တယ်ဟူ၊ ဖြစ်တိုင်း ဖြစ်ဆဲတွင်၊ အစဉ်မပြတ် ရှုမှတ်ရသဖြင့်၊ အနုဗန္ဓနာနည်းမည်၏။

ယထာ ထမ္ဘော နိဗ္ဗေယျ၊ဝန္ဆံ ဒမံ နရော ဇဂူ၀။
ဗန္ဓေယျုံ သကံစိတ္တံ၊ သတိယာရမ္မဏေဒဠှံ။ ။
ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။

ဇာ၀လောကော၊ ဤလောကဌ။ ဝန္ဆံ၊ စိတ်နေကြမ်းတန်း၊ အရမ်းထွက်ပြေး၊ နွားမိုက်ငယ် ကလေးကို။ ဒမံ-ဒမေန္တော၊ ဆုံးမလိုသော။ နရော၊နွားရှင်သည်။ ထမ္ဘေ၊သိတိုင်ဌ။ ယွတ္တေန၊ကြိုးဖြင့်။ဒဠှံ၊ မြဲမြံစွာ။ နိဗ္ဗေယျယထာ၊ အရေပတပါး၊ နွား ထွက်မသွားအောင်၊ ဖွဲနှောင်တုပ်ချည်၍ ထားရလေသကဲ့သို့။ ဇဝံတထာ၊ နွားနှင့်ကြိုးမျှား၊ချည်တိုင်လားသို့၊ မခြားတမူ၊ ထို့ အတူသာလျှင်။ ဇာ၀သာသနေ၊ ဗုဒ္ဓဖြတ်စွာ၊

၍ ပဋိပတ္တိ သာသနာတော်ဖြတ်ကြီး၌။ သက်စိတ္တံ၊ မျောက်ရိုင်းပမာ၊ ကြမ်းတန်းစွာသည့်၊ လော်မာပြေးလွှား၊ မိမိ၏ စိတ်ဖိုက်များကို။ ဒမံ-ဒမန္တော၊ ယဉ်ကျေးစေရ၊ သိမ်မွေ့လှအောင်၊ ဆုံးမပြုပြင်၊ သွန်သင်လိုသော။ နရော၊ကမ္မဋ္ဌာန်းအလုပ်၊အားထုတ်ကြသူ၊ရှင်,လူမဆို၊ယောဂီပုဂ္ဂိုလ်သည်။ အာရဗ္ဘဏော၊ အာနာပါန၊ စသည်အပြား၊ သတိပဋ္ဌာန်၄-ပါးတည်းဟူသော အာရုံ၌။ သတိယာ၊ အမြဲမပြတ်၊ မလစ်လပ်အောင်၊ ရှုမှတ်ခြင်း သတိကြိုးဖြင့်။ ဒဠှံ၊ ကြပ်ကြပ်တဲတဲ မြဲမြံလှစွာ။ ဗန္ဓေယျ၊ အာရုံတပါး၊ စိတ်ထွက်မသွားအောင်၊ တုပ်နှောင်ဖွဲ့ချည်၍ ထားကြရာသတည်း။

ဤသို့လျှင်၊ အာနာပါန-ဟူသော၊ ကာယာနုပဿနာ ကမ္မဋ္ဌာန်းကို ရှုမှတ်ရ၏။ ထိုသို့ ရှုမှတ်သျှင်၊ လောဘ, ဒေါသကို ပယ်ဖျောက်၍၊ ချမ်းသာစွာ နေရပေ၏ဟု ဆိုလိုသည်။

ဇာဓ ဘိက္ခဝေ ဘိက္ခု၊ ကာဓေ ကာယာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ။

ဘိက္ခဝေ၊ရဟန်းတို့။ ဇာဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ အာတာပီ၊ ဂူပကာယကို၊ အာရုံပြု၍ ဖြစ်သော ကိလေသာကိုလွန်စွာ ပူပန် စေတတ်သော၊ သမ္မပ္ပဓာန် လုံ့လ ရှိသည် ဖြစ်၍။ ဝါ၊ အာတာပီ၊ ဖြစ်ခိုက် ကိုယ်အမှုအရာကို မမှတ်မိဘဲ၊ မေ့လျော့မည်ကို စိုးရိမ်ကြောင့်ကြသော၊ အာတာပခေါ်သည့် သမ္မပ္ပဓာန်လုံ့လရှိသည် ဖြစ်၍။ သမ္ပဇာနော၊ ဖြစ်ခိုက် ကိုယ်အမှုအရာကို သိသော သဘော ရှိသည်ဖြစ်၍။ သတိမာ၊ဖြစ်ခိုက် ကိုယ်အမှုအရာကို ရှုမှတ်ခြင်းရှိသည် ဖြစ်၍။လောကေ၊ရူပုပါဒါနက္ခန္ဓာ-ဟူသော ကိုယ်အမှုအရာလောက၌။ အဘိဇ္ဈာ ဒေါမနဿံ၊ ကိုယ်အမှုအရာ၌ နှစ်သက်ခြင်း-လောဘ, မနှစ်သက်ခြင်း-ဒေါသကို။ ဝိနေယျ၊ တဒင်္ဂ်,ဝိက္ခမ္ဘနအားဖြင့် ဖျောက်၍။ ကာယေ၊ကိုယ်အမှုအရာ၌။ ကာယာနုပဿီ၊ဖြစ်တိုင်းသော ကိုယ်အမှုအရာကို၊ အဖန်တလဲလဲ ရှုမှတ်သည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

ဝေဒနာ, စိတ္တ, ဓမ္မ-ဟူသော သတိပဋ္ဌာန်တို့၌လည်း၊ နည်းဟူပင် မှတ်ပါလေ။ အထူးကား၊ အာတိဓမ္မာတို့၌၊ ဝေဒနာ ၃-ပါး၊ ဝေဒနာ

၅-ပါးဟု ဖြစ်ဘော်သော သဘောများကို စွဲ၍ ပြဆိုကုန်၏။ သူတို့နှစ်ကား၊ အားထုတ်ရသော အလုပ်ကို ပြလိုသဖြင့်၊ သုခဝေဒနာ, ဒုက္ခဝေဒနာ ၂-ပါးသာ လာရှိပေ၏။ ဇာဋ္ဌာရုံကိုမှတ်လျှင်၊ ဇာဋ္ဌမဇ္ဈတ္တာရုံဖြစ်၍၊ အနိဋ္ဌာရုံကိုမှတ်လျှင်၊ အနိဋ္ဌမဇ္ဈတ္တာရုံဖြစ်ရာ၊ ၎င်းမဇ္ဈတ္တာရုံကို ဤအလုပ်သဘော၌၊ ဥပေက္ခာဝေဒနာဟု မှတ်ယူအပ်ပေသည်။

ဤ မဟာသတိပဋ္ဌာန်ပါဠိတော်၌ လာရှိသော ကမ္မဋ္ဌာန်းနည်းသည်၊ သမထ, ဝိပဿနာဟု ၂-မျိုးရှိလေရာ။ အာနာပါနဿတိ၊ ဂဏနာနည်းသည် သမထ၊ အနုဗန္ဓနာနည်းသည် ဝိပဿနာဖြစ်၏။ ပဒိုက္ကုလမနသိကာရ, ဓာတုမနသိကာရ, နဝ သိဝထိကတို့သည် သမထဖြစ်၍၊ ဇာရိယာပထ, သမ္ပဇည, ဝေဒနာ, စိတ္တ, နိဝရဏ, ခန္ဓ, အာယတန, ဗောဇ္ဈင်္ဂ, သစ္စ ပဉ္စတို့သည်၊ ဝိပဿနာဖြစ်၏။

တဖန်၊ ပဟာန်၌၊ ရုပ်နာမ်ဖြစ်တိုင်း ခဏခဏ၊ ကိလေသာပယ်သော တဒင်္ဂသည် ဝိပဿနာ၊ တာရှည်စွာ ကိလေသာကို တားဆီးသော၊ ဝိက္ခမ္ဘနသည် သမထ၊ အရည ရုက္ခမူလသည် သမထ၊ သုညာဂါရသည် ဝိပဿနာ၊ ပလ္လင်္ကံ အာဘုဇ်တွာ၊ ထက်ဝက်ဖွဲ့ခွေ၊ ထိုင်နေ ဟူသည် သမထ၊ ဂတော, ဋ္ဌိတောသည် ဝိပဿနာ၊ ဤသို့ ခွဲခြားရာ၏။ သို့သော်၊ ကမ္မဋ္ဌာန်းနှင့်အလျော်ဆုံးဌာန၊ ဇာရိယာပထတို့ကိုသာ၊ အရည စသော စကားကို ဆိုသည်ဟု တနည်းမှတ်ယူပါလေ။

ထိုကဲ့သို့ သမထ, ဝိပဿနာတို့ဖြင့်၊ ခွဲခြား၍ ပြရသည်မှာ၊ ယခုအခါများစွာသောရဟန်း, ဂျင်, လူတို့သည်၊ ကမ္မဋ္ဌာန်းဆိုလျှင်၊ မြို့ရွာမနီးသော တောကြီးထဲမှာ အားထုတ်ရသည်၊ ထိုင်၍ အားထုတ် ရသည်ဟု၊ ခုလပ် ပဝေဏီက ဆရာတို့ နည်းကို အစဉ်အမြဲမှီ၍၊ တမျိုးတည်း မှတ်ထင်ပြောဆို ပြုလုပ်ကြ၍၊ ရွာနီး ရွာထဲ၌ နေ၍၎င်း၊ သွား၍အိပ်၍ ၎င်း၊ အားထုတ်ရသည်ဆိုခြင်း၊ အားထုတ်ခြင်း တို့ကို၊ ဘယ့်နှယ် ကမ္မဋ္ဌာန်းလဲဟု၊ ကဲ့ရဲ့ပြောဆိုကြကုန်၏။

ယခု ကဲ့သို့၊ ကဲ့ရဲ့ ပြောဆို သည်မှာ၊ သမထနှင့် ဝိပဿနာကိုမှ ခြားနားစွာ နည်းမရ မသိကြ၍ ဖြစ်ပေရာ။ ဤသို့ အားထုတ်ရာ ဌာနနှင့် ဇာရိယာပထကိုမှ မသိကြသူတို့မှာ၊ ကမ္မဋ္ဌာန်းဆရာ လုပ်ခြင်း၊ ထိုဆရာများထံ၌ တပည့်ခံ၍ အားထုတ်ခြင်း၊ စာကိုကြည့်၍ မိမိ ဘာသာ

အားထုတ်ခြင်း ပြုကြပါလျှင်၊ ကမ္မဋ္ဌာန်းအားထုတ်နည်းကို သိရန်မှာ၊ လွန်စွာပင် ခဲယဉ်းလေတော့၏။

ဤကဲ့သို့ ဖြောင့်မှန်သော ဆရာ၏နည်းကို မရဘဲ၊ မိမိတို့မြဝဲခဲ့သော ဆရာ၏ နည်းအရဟု ဒိဋ္ဌာနုဂတိကို စွဲလမ်းကြပြီး၊ အရုမ်းကာရော ပြုလုပ်နေသူတို့မှာ၊ ရှေးအခါ ချုံထဲ၌ ဥပသ်ပြုသောရဟန်းတို့နှင့် တူလှလေတော့သည်။ တူပုံကား၊ ရှေးအခါ ဆရာတော်ကြီးသည်၊ မီးလောင်ထားသော သိမ်နေရာ၌ ချုံတက်နေသဖြင့်၊ ထိုသိမ်မှာ ဥပသ်ပြုရာ။ နောင်အခါ တပည့်ရဟန်းတို့က ချုံဟွေတိုင်း ဥပသ်ပြုကြ၍၊ သိသူက ပြောသော်လည်း၊ တို့ဆရာကြီး သည်ထိုဘဲပြုသည်ဟု အမှန်ကို မယုံကြည်မှု၍၊ အမှားကို စွဲယူကြလေသည်။

ရှေးဆရာ၏ အယူကို အစဉ်လိုက်သော၊ ဒိဋ္ဌာ နုဂတိ ဟူသည်၊ သိသာနုသိသ၊ ဆရာအစဉ် တပည့်အစဉ် အဆက်တို့၊ မှန်သော ဘက်၌ ယူလာကြသည်ကို ဆို၏။ဆရာ၏အယူဖြစ်တိုင်း ဒိဋ္ဌာနုဂတိသို့ လိုက်ရသည် မဟုတ်ပေ။ အဘယ့် ကြောင့် နည်း ဟူမူကား၊ ကဲ့ပြားခြင်းကို ပြုတတ်သော၊ ဘေဒကရဝတ္ထု၊ ၁၀-ပါးတို့တွင်၊ ဆရာ၏ အလေ့အကျင့် အယူဝါဒ ဟူသည်၊ ဆိုးကောင်းမရွေးလိုက်ရမည် ဆိုသော အယူဝါဒတာ၀ ပါ၌ပေ၏။ ထိုဝါဒကို မှားသည်ဟု ညွှန်ပြပြီး၊ အရှင်မဟာ ယသမထေရ် မြတ်သည်၊ သာသနာ သက္ကရာဇ် အနှစ် ၁၀၀-တွင်၊ ဒုတိယသင်္ဂါယနာ တင်ရလေ၏။

ထိုကဲ့သို့သော ဒိဋ္ဌာနုဂတိအယူမှားတို့၏ အစွဲအလမ်းများကြောင့်၊ ကမ္မဋ္ဌာန်းတရားကို အားထုတ်ကြရာ၌၊ အထိုင်ဟူသော ဝါဒမှာ၊ ယခု အခါပင် အသုံးပြုနေကြသဖြင့်၊ ကမ္မဋ္ဌာန်းထိုင်သည်၊ ကမ္မဋ္ဌာန်းမထိုင် ဘူးလား၊ ကမ္မဋ္ဌာန်းထိုင်ပါ စသည်ဖြင့်၊ စိတ်ဒွစွဲ၍ အမြဲလို ပြောဆို နေကြလေရာ။အချို့ဆရာတို့မှာကား၊ **ကမ္မဋ္ဌာန်း ထိုင်နည်း - နိသျည်း** ဟူသောအမည်ဖြင့်၊ စာအုပ်ပင်ရေးသားကြလေ၏။ ယခုကဲ့သို့ အယူမမှားကြစေရန်၊ သမထ, ဝိပဿနာကို ခွဲခြားပြလိုက်ပေသည်။

တဖန်သတိပဋ္ဌာန်ပါဠိတော်၌၊ ဘိက္ခဝေ,ဘိက္ခု-ဟူသောစကားတို့ များစွာပါနေ၍၊ ဆရာကောင်း နည်းကိုမရ၊ကျမ်းဂန်ကို မယူဆတတ် သဒ္ဒါမျှ မသိဘဲနှင့်၊ ပရိသတ်ထဲ၌ ဆရာပြုလိုသော သူတို့က၊ သတိ

ပဋ္ဌာန်တရားဟာ လူကျင့်ရန် မဟုတ်၊ ရဟန်းများင့်ကျရန်ဟု အလွဲအမှားကို ပြောကြားကြပေ၏။ ထိုကဲ့သို့သော၊ ဆရာညာ-ဆရာလိမ် တို့သည်။ ။သံသရေ ဘယကောင္ကု ကွတိတိ ဘိက္ခု။ ။သံသာရေ၊ သံသာ၌။ ဝါ၊ရုပ်,နာမ်,ခန္ဓာ, အာယတန, ဓာတ်တရားဌ။ ဘယတော၊ ဘေးဟု။ ဝါ၊ ကြောက်ဘွယ်ဟု။ ဇာကွတိ၊ ရှုတတ်၏။ ဇာတိတသ္မာ၊ ထို့ကြောင့်။ ဘိက္ခု၊ ဘိက္ခုမည်၏။

၍ ဝိဂြိုဟ်ကို၎င်း၊ သဘိပဋ္ဌာန်အဋ္ဌကထာကို၎င်း၊မတွေ့ဘူး,မကြည့်ဘူး၍၊ တွေ့ဘူး ကြည့်ဘူးသော်လည်း၊ အဓိပ္ပါယ်ကို မသိ သဖြင့်၊ သာသနာ၏ အနှစ်ရာယ်ဖြစ်သည်ကို ပြောမှားမိလေရာ၊ ထိုမျှသော ဉာဏ်ပညာကလေးနှင့်၊ ကမ္မဋ္ဌာန်းဆရာ အဘိဓမ္မာဆရာဟု၊ ဖြန်းသန်းကာ ညာလိုင်းနေသူတို့၏ စကားကို ပယ်ရှားကြရာသတည်း။

တဖန် အာနာပါန ကမ္မဋ္ဌာန်းကို ရှုမှတ်ကြရာ၌၊ ရှေး အစဉ်အလာအားဖြင့်၊နှာသီးဖျားဌ စိတ်ကိုထား၍၊အဆို့က ထွက်တယ်, ဝင်တယ်၊ အဆို့က ရှူတယ်, ရှိုက်တယ်၊ အဆို့က ထွက်လေ, ဝင်လေ၊ အဆို့က ရှူလေ, ရှိုက်လေဟု အမျိုးမျိုး ရှုမှတ်ကြ၏။ ထို ၄-မျိုးတို့တွင်၊ ရှေ့ ၂-မျိုး အာရုံမှန်၍၊ နောက် ၂-မျိုး အာရုံမှား၏။ ထိုမှန်သော အာရုံဌ၊ အဘယ်ကြောင့် ၂-မျိုး ဖြစ်သနည်းဟု မေးလျှင်၊အဆို့ဆရာလုပ်သူပင်၊ အဆို့က ကိုယ်အားထုတ်ချင်သလို အားထုတ်ရ၏ဟု ပြောကြား၏။ အမှားကြီးပေတည်း။

သဘောမှာကား၊ ကမ္မဋ္ဌာန်းဆိုတာ ကိုယ့်အလိုနှင့် အားထုတ်ရသည်မဟုတ်၊သူအလိုဟူသော တရားသဘောအတိုင်းသာ အားထုတ်ရပေ၏။ ထို့ကြောင့်၊ အာနာပါန ကမ္မဋ္ဌာန်း ၂-မျိုး ပြားသည်မှာ၊ အားထုတ်သူ၏ စိတ်ထင်များမတူ၊ ကွဲပြားသောသဘော ဖြစ်ပေ၏။ ကွဲပြားပုံမှာ၊ နှာသီးဖျားဌ ထိုရိုက်သောလေကို၊ အဆို့က ထွက်တယ်, ဝင်တယ်ထင်၍၊ အဆို့က ရှူတယ်, ရှိုက်တယ်ထင်၏။ ထင်သော အတိုင်းသာ ရှုမှတ်ရ၏။ ထို့ကြောင့်၊ ကွဲပြားသည်ဟု ထင်ရပေ၏။ အာရုံမှားဟု ဆိုခဲ့သည်မှာ၊ ထွက်လေ, ဝင်လေဟု မှတ်ရာဌ၊ လေဟူသော အဝိဇ္ဇမာနပညတ် ပါနေသောကြောင့်ဟု မှတ်ယူပါလေ။

တနည်းအားဖြင့် မှတ်သားရန်မှာ၊ အာနာပါနကမ္မဋ္ဌာန်းဌ၊ နှာသီးဖျားမှာစိတ်ထား၍၊ထွက်တယ်,ဝင်တယ်ဟူ၍၎င်း၊ ရှုတယ်,ရှိုက်တယ်

ဟူ၍၎င်း၊ အများတို့ရှုမှတ်ကြလေရာ။ မင်းကွန်းဂိုဏ်းမှာမူကား၊အ၌ဖို့ကမ္မာ စိတ်ထား၍၊ပူတယ်, ဝိန်တယ်ဟူ၍၎င်း၊ပေါင်းတယ်,ရှပ်တယ်ဟူ၍၎င်း၊ ရှုမှတ်ကြပြန်လေရာ။မသိသောသူတို့မှာ၊အံ့အားသင့်ကာဖြင့်၊ အာနာပါန ကမ္မဋ္ဌာန်းကို ဖို့ကမ္မာစိတ်ထားသည် ဟူ၍၎င်း၊ ပူတယ်, ဝိန်တယ်၊ ပေါင်းတယ်, ရှပ်တယ်ဟူ၍၎င်း၊ရှုမှတ်သည်ဟူ၍ ကျမ်းဂန်ဋ္ဌီလည်းမရှိ၊ ရှုမှတ်သော အရိုးအစဉ်လည်း မရှိပါဘဲနှင့် ထူးကဲလွန်းသည်ဟု၊ အများတို့က ပြောကြလေသည်။

ထိုသူများသည်ကား၊ ကျမ်းဂန်ဋ္ဌ တိုက်ရိုက် ထင်ရှားတွေ့ရှိခြင်း၊ ရှေးရိုးစဉ်လာ ဆရာသမားနှင့် အများတို့ ပြုလုပ်ကြသည် ကိုသာ မှတ်သားထား၍၊သဘာဝတရား၏အမှန်အမှားကိုကား၊ဉာဏ်မမြင်နိုင်ကြပေ။ သဘောမှာကား၊ လေတို့၏ ဖြစ်ရာဋ္ဌာနကို ပြဆိုရာဋ္ဌ၊ ထွက်လေ၏ အစ-ချက်၊ အလယ်-ရင်ချိုင့်၊ အဆုံး-နှာသီးဖျား၊ ဝင်လေ၏ အစ-နှာသီးဖျား၊ အလယ်-ရင်ချိုင့်၊ အဆုံး-ချက်ဟူ၊ ထွက်လေ၏ ဖြစ်ရာဋ္ဌာန ၃-မျိုး၊ ဝင်လေ၏ ဖြစ်ရာဋ္ဌာန ၃-မျိုး၊ ကျမ်းဂန်ဋ္ဌ လာရှိပေ၏။

ယခုကဲ့သို့ လာရှိသည်အရ၊ နှာသီးဖျားဋ္ဌ စိတ်ထား၍ ရှုမှတ်ခြင်းသည်၊ ထွက်လေ၏ အဆုံးဋ္ဌာနနှင့်၊ ဝင်လေ၏ အစဋ္ဌာနကို၊ နှိမိတ်ပြု၍ ရှုမှတ်ခြင်း ဖြစ်လေ၍။ ဖို့ကမ္မာ စိတ်ထား၍ ရှုမှတ်ခြင်း သည်ကား၊ ဝင်လေ၏ ဋ္ဌာနအဆုံးနှင့်၊ ထွက်လေ၏အစ ဋ္ဌာနကို၊ နှိမိတ်ပြု၍ ရှုမှတ်ခြင်းဖြစ်ပေ၏။ အဘယ့်ကြောင့်နည်းဟူမူ၊ ဝင်လေသည် ဝင်လာ၍၊ အဆုံးဋ္ဌာနဟူသော ချက်သို့ ရောက်သောအခါ၊ ဖို့ကသည် ပူလာ၍၊ ထွက်လေသည် ထွက်သွားသောအခါ၊ ဖို့ကသည် ဝိန်သွားလေသည်။

ဤသို့လျှင် ဖို့ကဋ္ဌ နှိမိတ်ပြု၍၊ စိတ်ထား ရှုမှတ်သူမှာ၊ ဝင်လေတိုးသောအခါ၊ ဖို့ကပူတယ်ထင်၍ ပူတယ်မှတ်၏။ ထွက်လေ သွားသော်ဘာ အခါ၊ ဖို့ကဝိန်တယ်ထင်၍ ဝိန်တယ်မှတ်ပေ၏။ ပေါင်းတယ်, ရှပ်တယ်ဟူ မှတ်ရာဋ္ဌီလည်း၊ သူ၏စိတ်ထင်ချက်အတိုင်း၊နှာသီးဖျားဋ္ဌ ထင်ချက်မတူသကဲ့သို့၊ ဖို့ကဋ္ဌီလည်း မတူခြင်းကြောင့်ဟု မှတ်အပ်ပေ၏။

တဖန်၊ ထိုကဲ့သို့ နှိမိတ်ဟူသော ဖြစ်ရာဋ္ဌာန၏၊ နှာသီးဖျားနှင့် ဖို့ကဟု ကွဲပြားသည်မှာလည်း၊ ဇာရိယာပုထ် ကွဲပြား ခြင်းကြောင့် ဖြစ်ပေ၏။ ဇာရိယာပုထ် ကွဲပြားသည်မှာ၊ နှာသီးဖျားဋ္ဌ စိတ်ထားခြင်း

သည်၊ ထိုင်သော ဇာ်ရိယာပုထ်၌ လွယ်ကူ၍၊ အိပ်သော ဇာ်ရိယာပုထ်၌ မလွယ်ကူပေ။ဝိပဿနာသည်၊အိပ်သောဇာ်ရိယာပုထ်၌ ဂျုမှတ်ရလေ၏။ ၎င်းအိပ်သော ဇာ်ရိယာပုထ်၌၊ နာသီးဖျားမှာစိတ်ထား၍၊အာနာပါနကို ဂျုမှတ် မရဘဲ၊ ဗိုက်မှာစိတ်ထား၍ ဂျုမှတ်လျှင်၊ အဆို့သူမှာ လွယ်ကူလေ၏။ သမထ, ဝိပဿနာ၊ ထိုင်ခိုက်, အိပ်ခိုက်၊ လေ၏ဖြစ်ရာဌာနအဆုံး,အစကို သဘော ကျပါက၊သဘာဝမွေ ဖြောင့်မှန် ကြောင်းကို၊ ကောင်းစွာသတိပြုရန် ပြဆိုလိုက်ပေသတည်း။

ထိုမှ တပါးလည်း။ ''ယထာ ထဏ္ဍေ နိဗ္ဗေယျ'' စသော ဂါထာ၌၊ ရိုင်းသောနွားငယ်ကို ယဉ်ကျေးအောင် ဆုံးမလိုသောသူသည်၊ ခိုင်ခံ့သော တိုင်၌၊ ခိုင်သောကြိုးဖြင့်၊ မြဲမြံစွာ ချည်နှောင်ရ လေသကဲ့သို့။ ရိုင်းသောစိတ်ကို ယဉ်ကျေးအောင် ဆုံးမလိုသောသူသည်၊ ကာယာနုပဿနာ သတိပဋ္ဌာန်စသောအာရုံ၌၊ သတိဟူသော ကြိုးဖြင့်၊ ခိုင်မြဲစွာ ဖွဲ့ချည်၍ထားရမည်ဟူသော စကားကို၊ အာနာပါနကမ္မဋ္ဌာန်းဟူသော အာရုံ၌၊ အမြဲဂျုမှတ်ရသည်ဟူသော အဓိပ္ပါယ်ကို ယူဆပြီး၊ပြောဟော ခြင်း၊ အားထုတ်ခြင်းပြုကြလေသည်။

ဤကဲ့သို့ ယူဆကြသည်မှာ၊ အာနာပါနအခက်းဦးပြသော ဥပမာစကားဖြစ်၍၊ ယူဆဟန်ရှိပေသည်။ အမှန်သော်ကား၊ အာနာပါနအခက်းဦး ပြသော်လည်း၊အာနာပါနတရတည်းအတွက်ယူရန် ပြသည်မဟုတ်၊သတိပဋ္ဌာန် ၄-ပါးရှိသည်တွင်၊ သတိပဋ္ဌာနပဉ္စတို့တွင်လည်း၊ အစပဉ္စက ပြဆိုသော ဥပမာစကားဖြစ်လေ၍၊ သတိပဋ္ဌာန် အားလုံးဆိုင်ခြင်း၊ အား လုံး ယူ စေ ခြင်း ကို ပြ ဆို သော၊ အာ ဒိ ဒိ ပ က နည်း၊ အဓိပ္ပါယ်ဟု ယူဆသင့်ပေ၏။ အဋ္ဌကထာဦးလည်း၊ ကာယာနုပဿနာကိုဂင်း၊ သတိပဋ္ဌာန် လေးပါးလုံးကိုဂင်း၊ အာရုံ၏ အရကို၊ ယူဆရန် ပြဆိုထားသဖြင့်၊ရှင်းလင်းခဲ့သော အဓိပ္ပါယ်မျှားကို၊ ဇကနမရ၍ပင်လျှင် ဖြောင့်မှန်သည်ဟု၊ ယုံကြည်စွဲမြဲစွာ မှတ်သားအပ်ပေသည်။

တဖန်၊ သတိယာရမ္မဏောဒဠ်။ ။စိတ်ကို ထွက်လေ, ဝင်လေအာရုံ၌၊ သတိဖြင့် မြဲစွာ ဖွဲ့ချည်ရမည် ဟူသော စကား၏ အဓိပ္ပါယ်အရ၊ အာနာပါန ကမ္မဋ္ဌာန်းကို အမြဲအားထုတ်ရမည်ဟု၊ လူ, ရှင်, ရဟန်း အမျှားတို့က မှတ်သားပြောကြား၍၊အားထုတ်ကြလေသည်။ ကျွန်ုပ်တို့သည်ကား၊ အာနာပါနကမ္မဋ္ဌာန်းကို အမြဲ အားထုတ်ရန် ပြဆိုသော

အဓိပ္ပါယ်မဟုတ်၊ အမြဲရှိနေသော ကမ္မဋ္ဌာန်းအာရုံ အဖြစ်ကို သိရန်မျှ ပြဆိုသော အဓိပ္ပါယ်ဟု ယူဆပေသည်၊

အဘယ့်ကြောင့်ဆိုသော်၊ အာနာပါနကမ္မဋ္ဌာန်းသည်၊ အမြဲရှိသော အာရုံအဖြစ် ထင်ရှားလေရာ၊ အာရုံသည် ပညတ်, ပရမတ် ၂-ပါး ဆက်ဆံ၍၊သမထ, ဝိပဿနာ ၂-မျိုးလုံး အားထုတ်နိုင်သဖြင့်၊ သမထ ဘက်လိုက်သူမှာ၊ မိမိလိုရာနိမိတ်၊ အချိန်ကာလ အပိုင်း အခြားဖြင့်၊ အားထုတ်ရ၍ အတန်ကြာမျှ အာရုံမြဲသည်ဟု ဆိုရသော်လည်း၊ ဝိပဿနာဘက်သို့ လိုက်သူမှာကား၊ အာနာပါနမျှမဟုတ်၊ ဘယ်အာရုံမျှကို အမြဲမထားရဘဲ သန္တတိ ဟူသော ပစ္စုပ္ပန် ခဏ ကာလ၌၊ ၎ င္ဒါရမ္မကျသောအာရုံ ၎-ပါးကို မှတ်ရသောကြောင့်ပေတည်း။

သဘောမှာကား၊ ဝိပဿနာကို အားထုတ်သော သူသည်၊ သတိပဋ္ဌာန် ၄-ပါး၊ အာရုံ ၎-ပါးကို မရပ်မနားဘဲ ရှုမှတ်ရလေရာ။ အစမှာ အခြား ကိုယ်လှုပ်ရှားမှု, အသံ စသည်တို့ ပျောက်နေ သည်ဟု ထင်သော်လည်း ထွက်လေ, ဝင်လေမှာ အမြဲရှိနေ၍၊ အာရုံပြတ်လပ်သည်ဟု ထင်သောအခါ၊ အမှတ်တန့်ရပ်ခြင်း မဖြစ်ရန်၊ အာနာပါနဟူသော ထွက်လေ,ပင်လေကိုမှတ်ရပေ၏။ အခြားအာရုံများပေါ်လျှင် အာနာပါနကို လွှတ်ရ၏။သို့ဖြစ်၍၊အာနာပါနသည် သိမ်မွေ့၍ ပညတ်များသဖြင့်၊ ဝိပဿနာ သမာဒိတ်အမြဲမမှတ်ရ။ ''သစ်မင်္ဂဗိ-ဝါးပေါင်းကွပ် ''ဟူသကဲ့သို့ အမှတ်မလစ်လပ်ရန်၊အလိုရှိသောအခါ ကြားညှပ်ပေးရန်၊ အမြဲမပြတ်တည်ရှိနေသော အာရုံဖြစ်၌ အဓိပ္ပါယ်ကို ပြသည်ဟု၊ ယုံကြည်စွာ မှတ်သားအပ်လှပေသတည်း။

အနာပါနရှုမှတ်ပုံနှင့် ဝိနိစ္ဆယကို ပြဆိုခြင်းပြီး၏။

ဣရိယာပထနှင့် သမ္မာညရှုမှတ်ရပုံကို အဋ္ဌကထာအလိုနှင့် ပြဆိုခြင်း

၇-သွား၊လျှင် သွား၊တယ်၊ ရပ် ရပ်တယ်၊ အလွယ် မှတ်ရပါ။
၈-ထိုင်လျှင် ထိုင်တယ်၊ အိပ် အိပ်တယ်၊ တကယ်မှတ်ရပါ။
၉-ကိုယ်ကာယဗိုင်း၊ ပြုပြင်တိုင်း၊ မဆိုင်းမှတ်ရပါ။
၁၀-ပြောင်းလဲတိုင်းပင်၊ မမှတ်လျှင်၊ အစဉ်ကိစ္စလသာ။

ဤသံပေါက်လက်ာများ၏ အဓိပ္ပါယ်မှာ၊ ဣရိယာပထပမ္ဘဒ်၊ သွားလျှင်-သွား၊တယ်၊ ရပ်လျှင်-ရပ်တယ်၊ ထိုင်လျှင်-ထိုင်တယ်၊ အိပ်လျှင်-အိပ်တယ်မှတ်။ ကိုယ်အမူအရာပြုပြင်

တိုင်းမနာ:မရှပ်ဘဲ အမြဲမှတ်၊ မမှတ်ပါလျှင် ကိုယ်အမူအရာ ပြောင်းလဲတိုင်းပင်၊ အစဉ် မပြတ် ကိုလေသာဝင်သည် မည်၏။

ပုနစပရံ ဘိက္ခဝေ ဘိက္ခု ဂန္ဆန္တောဝါ ဂန္ဆာမီတိ ပဇာနာတိ၊ ဋ္ဌိတောဝါ ဋ္ဌိတောမှိတိ ပဇာနာတိ၊ နိသိန္နောဝါ နိသိန္နောမှိတိ ပဇာနာတိ၊ သယာနောဝါ သယာနောမှိတိ ပဇာနာတိ။ ယထာ ယထာဝါ ပနဿ ကာယော ပဏိဟိတော်ဟောတိ တထာတထာ နံ ပဇာနာတိ။

ဘိက္ခဝေ၊ရဟန်းတို့။ ပုနစ၊တဖန်လည်း။ အပရံ၊တပါး၊တံ့။ဘိက္ခု၊ ရဟန်းသည်။ ဂန္ဆန္တောဝါ၊ သွားသော်လည်း။ ဝါ၊သွားစဉ်,သွားဆဲ, သွားခိုက်, သွားတုံး မူလည်း။ ဂန္ဆာမီတိ၊ သွား၏ ဟူ၍။ ပဇာနာတိ၊ သိ၏။ ဝါ၊သိအောင်မှတ်ရ၏။

ဋ္ဌိတောဝါ၊ ရပ်သော်မူလည်း။ ဋ္ဌိတော၊ ရပ်သည်။ အမှိ၊ ဖြစ်၏။ ဇာတိ၊ဤသို့။ ပဇာနာတိ၊ သိ၏။ဝါ၊သိအောင်မှတ်ရ၏။

နိသိန္နောဝါ၊ ထိုင်သော်မူလည်း။ နိသိန္နော၊ ထိုင်သည်။ အမှိ၊ ဖြစ်၏။ ဇာတိ၊ဤသို့။ ပဇာနာတိ၊သိ၏။ ဝါ၊သိအောင်မှတ်ရ၏။

သယာနောဝါ၊ အိပ်သော်မူလည်း။ သယာနော၊ အိပ်သည်။ အမှိ၊ ဖြစ်၏။ ဇာတိ၊ဤသို့။ ပဇာနာတိ၊သိ၏။ ဝါ၊သိအောင်မှတ်ရ၏။

ဝါပန၊ ဇာရိယာပထ်ကို ပဋ္ဌာန ပြုသည်မှ တပါး၊ ကိုယ်ကိုပဋ္ဌာန ပြုသည်ကို ပြဆိုဦးအံ့။ ယထာယထာ၊ အကြင်အကြင် အခြင်းအရာ အားဖြင့်။ အသ၊ထိုယောဂီ၏။ ကာယော၊ကိုယ်သည်။ ပဏိဟိတော၊ ထားအပ်သည်။ ဟောတိ၊ဖြစ်၏။ တထာတထာ၊ ထိုထို အခြင်းအရာ အားဖြင့်။ နံ၊ကဲ့ယံ၊ထိုကိုယ်ကို။ ပဇာနာတိ၊သိ၏။ ဝါ၊သိအောင်မှတ် ရ၏။

၍ ဒေသနာတော်အရဖြင့်၊ အထက်ပါရှုမှတ်ပုံနည်းကို ပြဆိုခဲ့ပေ၏။ ထို ဒေသနာတော် အရ သွား,ရပ်စသော ဇာရိယာပုထ် သာမည သိကာမျှဖြင့်၊ ခွေးသိ,ဝက်သိ, တိရစ္ဆာန်သိ ဟူ၍ငြင်း၊ စိတ္တဇဝါယော ဝတ် ပျံနှံ့ ရွက်ဆောင်၍၊ အရိုးစကြိုး ရှေသို့ ထောင်တက်သည်ကို သွား သည်မှတ် ဟူ၍ငြင်း၊ အဒ္ဓ ကထာ၌ ပွင့်ပြသည်ကို၊ အဿိက

ညာဏ်မသွားဘဲ၊ ယောင်မှားပြီး၊ သွားသိ, ရပ်သိ စသောနည်းဟာ၊ ခွေးသိ, ဝက်သိ တရားဟု ပြောတတ်ကုန်၏။ သို့သော် မှတ်၍ သိသည်ကို အဋ္ဌကထာက၊ ခွေးသိ, ဝက်သိမဆို၊ မမှတ်ဘဲ ပကတိ မွေးသည်ကစပြီး၊ မိရိုးဘလာ သိသည်ကို ဆိုပေ၏။ အဘယ့်ကြောင့် နည်းဟူမူ၊ မမှတ်ဘဲ သိသည်မှာ၊သတ္တသညာ မကွာ၊ကမ္မဋ္ဌာန်းမဖြစ်။ မှတ်၍ သိသည်မှာ၊ သတ္တသညာကွာ၍၊ ကမ္မဋ္ဌာန်း ဖြစ်သောကြောင့် ပေတည်း။

တဖန်၊ သွားခိုက်၌၊ ဓာတ်သဘောဆင်ခြင်မှုသည်၊ ဓာတ်ကိုနှလုံးသွင်းသော ဓာတု မနသိကာရ ကမ္မဋ္ဌာန်းမည်၏၊ သမထမျိုးပေတည်း။ သွားခိုက်၌ သွားတယ်ဟု မှတ်မှုသည်၊ သတိပဋ္ဌာန် ကမ္မဋ္ဌာန်းမည်၏၊ ဝိပဿနာ မျိုးပေတည်း။ အဘယ့် ကြောင့် နည်း ဟူမူ၊ ပါဠိတော်၌ ပစ္ဆုပ္ပန်ကာလကို ပြဆိုရာ၊ ဓာတ်ကမ္မဋ္ဌာန်းမှာ၊ အတိတ်, အနာဂတ် ဖြစ်နေ၍ သတိပဋ္ဌာန်ကမ္မဋ္ဌာန်းအမှတ်မှာ၊ ပစ္ဆုပ္ပန်ကာလ ဆတ်ဆတ် ဖြစ်သောကြောင့်ပေတည်း။

အမှတ်ဆိုသော စကား၌၊ အချို့က သညာစေတသိက်ဟု ထင်ကတ်၏၊ သတိစေတသိက်ဖြစ်ပေ၏။ ၎င်းကိုပဋိစ္စသမုပ္ပါဒ်အခေတ်း၌ အကျယ် ပြဆိုခဲ့၏။ သွား, ရပ်စသည်ဖြင့် မှတ်မှုသည်၊ ဝိပဿနာမဟုတ်၊ သမထ ဖြစ်သည်ဟု အချို့မှတ်တတ်ကြပေ၏။ မှတ်စဉ်၊ သတိပြဋ္ဌာန်း သတိ ထင်ရှား၍ သတိပဋ္ဌာနဟူသည့်အတိုင်း၊ ဝိပဿနာစစ် မဟုတ်သေး သော်လည်း၊ဝိပဿနာဖြစ်ရန် သတိထူထောင်သော၊ပရမတ်ကို အာရုံ ပြုသည့် ခဏိကသမာဓိ ဖြစ်ပေ၍၊ ဝိပဿနာ ရှုမှတ်သည်ဟူ၍ပင်ခေါ်ဆိုရပေ၏။

အဘယ့်ကြောင့်နည်းဟူမူ၊ပဇာနာတိ-ဟူသော ပုဒ်၌၊တိ-ဝိဘတ်က ပစ္ဆုပ္ပန်ကာလကို ဟော၍၊ ဉာဝတ်၏ သိခြင်းဟူသည်၊ သညာသိ, ဝိညာဏ်သိကို မယူဘဲ၊ပညာသိအနက်ကို ယူစေလို၍၊ပ ဟူသော ဥပသရပုဒ်ဖြင့် ဓာတ်၏ ရှေ့ကတွန်းပြပေ၏။ တဖန်၊ ၎င်းအနက်ကို သင်ရှိနိုင်ရန်၊ သတိပဋ္ဌာန်နည်းအရ၊ ဣရိယာပထပဗ္ဗဉ်၊ သွားခြင်းစသည့် တို့ဖြစ်ခိုက် သွားတယ်ဟု၊ ပစ္ဆုပ္ပန်ကာလ၌ မိအောင်မှတ်မှုသည်၊ သတိ ပြဋ္ဌာန်းသော်လည်း၊ ပညာကို အရကောက်ရမည်ဟု၊ မဟာဋီကာ၌ ဆိုးဖြတ်ချက် ချသောကြောင့်ပေတည်း။

အဘယ့်ကြောင့်နည်းဟူမူ၊ပဇာနာတိ-ဟူသော ပုဒ်၌၊တိ-ဝိဘတ်က ပစ္ဆုပ္ပန်ကာလကို ဟော၍၊ ဉာဝတ်၏ သိခြင်းဟူသည်၊ သညာသိ, ဝိညာဏ်သိကို မယူဘဲ၊ပညာသိအနက်ကို ယူစေလို၍၊ပ ဟူသော ဥပ သရပုဒ်ဖြင့် ဓာတ်၏ ရှေ့ကတွန်းပြပေ၏။ တဖန်၊ ၎င်းအနက်ကို သင်ရှိ နိုင်ရန်၊ သတိပဋ္ဌာန်နည်းအရ၊ ဣရိယာပထပဗ္ဗဉ်၊ သွားခြင်းစသည့် တို့ဖြစ်ခိုက် သွားတယ်ဟု၊ ပစ္ဆုပ္ပန်ကာလ၌ မိအောင်မှတ်မှုသည်၊ သတိ ပြဋ္ဌာန်းသော်လည်း၊ ပညာကို အရကောက်ရမည်ဟု၊ မဟာဋီကာ၌ ဆိုးဖြတ်ချက် ချသောကြောင့်ပေတည်း။

သတိပဋ္ဌာန်ပါဠိတော်၌ ပဇာနာတိ-ပုဒ်အရ၊ နိသျန်၌ထင်း၊ အများတို့ကဆင်း၊ သိ၏ဟူ၍ဆင်း၊ အပြားအားဖြင့် သိ၏ဟူ၍ဆင်း၊ အနက်ပေးရိုးပေးစဉ်ပြုကြရာ။ကျွန်ုပ်တို့သည်၊ကျေးဇူးရှင် မင်းကွန်းဓေတဝန် ဆရာတော်ဘုရားကြီး၏ နည်းအရ၊ပဇာနာတိ-ပုဒ်ကို သိအောင်မှတ်၍ ဟု အနက်ပေးလိုက်သဖြင့်၊ သဒ္ဒါသမား,စာသမားတို့က အနက်မှားသည်၊ သဒ္ဒါကို နားမလည်ဘဲ ထင်ရာကို အနက်ပေးသည်၊ ကျမ်းဂန်နှင့်မညီဟု မှတ်ထင်ပြောတတ်ကြလေ၏။

ကျွန်ုပ်တို့သည်၊ ဤနေရာ၌သာ မဟုတ်၊ အခြားသော နေရာများစွာတို့၌လည်း၊ပယဂ်ကဲ့သို့ သဒ္ဒါသမား,စာသမားတို့ယောင်မှားပြောကြားရန် ပါရှိနေလေရာ၊ သဒ္ဒါနက်မျှကိုသာ မယူစေ မသိစေဘဲ၊ အဓိပ္ပါယ်နက် သဘောနက်များကို ယူစေလိုသဖြင့်၊ သဒ္ဒါနည်းမျှကိုသာ အရေးယူသောသူတို့၏ အနက်ပေးပုံနှင့် အဓိပ္ပါယ်သဘောနည်း ထိအောင်၊ အနက်ပေးများ ခြားနားပေသည်။

အဘယ့်ကြောင့်ဟူမူ။ ''သမာဟိတော ဘိက္ခဝေ ယထာဘူတံ ဇာနာတိ ပဿတိ၊'' ဟူသောဒေသနာအရ သမာဓိအမှတ် စေ့စပ်တည်ကြည်သောအခါမှ၊ အမှန်ကို သိသောဉာဏ်ဖြစ်သည်ဆိုသဖြင့်၊ အသိဉာဏ်ပေါ်ရန်၊သတိဖြင့် မလစ်လပ်အောင်၊ ရှုမှတ်နိုင်မှ ဖြစ်လေသောကြောင့် ပေတည်း။ သို့ဖြစ်၍၊ သဒ္ဒါနည်း စာနည်းတွေကိုမလိုက်ဘဲ၊ ပါဠိတော်၌လာသောအတိုင်း၊ သွားခိုက်,ရပ်ခိုက်စသည်ကို၊ သွားတယ်,ရပ်တယ်စသည်ဖြင့်၊ သွားတိုင်း,ရပ်တိုင်း၊ မပြတ်အောင်ရှုမှတ်ကြရာ၊ ဤကားဗုဒ္ဓဝိယာပထ၌၊ ရှုမှတ်ရပုံကို အဋ္ဌကထာအလိုနှင့် ပြဆိုခြင်းပေတည်း။

၁၁-ခန္ဓာကိုယ်တွင်၊ပြောင်းလဲစဉ်၊မှတ်လျှင်ကိုလေကွာ။
၁၂-ကွေးစဉ်,ဆန့်စဉ်၊ လှုပ်ရှားစဉ်၊တွင်တွင်မှတ်ရပါ။
၁၃-စား၊စဉ်,ဝါး၊စဉ်၊ ယူဆောင်၊ မျိုစဉ်မှတ်ရပါ။
၁၄-ဤသို့ မှတ်ကြ၊ အကျဉ်းပြု၊ ကာယဒုနုပဿနာ။

ဤသံပေါက်လက်ဝများ၏ အဓိပ္ပါယ်မှာ၊ သမ္မဇညပမ္မဒ်၌၊ ရှေ့တက်လျှင် တက်တယ်၊ နောက်ဆုတ်လျှင် ဆုတ်တယ်၊ တဲ့တဲ့ ကြည့်လျှင် ကြည့်တယ်၊ တစ်စောင်း ကြည့်လျှင် ကြည့်တယ်၊ ခြေ,လက် ကွေးလျှင် ကွေးတယ်၊ ဆန့်လျှင် ဆန့်တယ်၊ သင်္ကန်း,သင်္ဃာတိ

စသည်ကို၊ ကိုင်လျှင် ကိုင်တယ်၊ စားလျှင် စားတယ်၊ သောက်လျှင် သောက်တယ်၊ ခဲ့လျှင် ခဲတယ်၊ လျှက်လျှင် လျှက်တယ်၊ ကျင်ကြီးကျင်ငယ် စွန့်လျှင် စွန့်တယ်၊ သွားလျှင် သွားတယ်၊ရပ်လျှင် ရပ်တယ်၊ ထိုင်လျှင် ထိုင်တယ်၊အိပ်လျှင် အိပ်တယ်၊နိုးလျှင် နိုးတယ်၊ စကားပြောလျှင် ပြောတယ်၊ ဆိတ်ဆိတ်နေလျှင် ဆိတ်ဆိတ်နေတယ်၊ ဤသို့ မှတ်ရှုမည်ဟု ဆိုလိုသည်။

ပုနစ ပရံ ဘိက္ခဝေ ဘိက္ခု၊ အာဘိက္ကန္တေ ပဋိက္ကန္တေ သမ္မဇာနကာရီ ဟောတိ၊အာလောကိတေ ဝိလောကိတေ သမ္မဇာနကာရီ ဟောတိ၊သမဉ္ဇိတေ ပသာရိတေ သမ္မဇာနကာရီ ဟောတိ၊သင်္ဃာဋိ ပတ္တစီဝရဓာရဏေ သမ္မဇာနကာရီ ဟောတိ၊အသိတေ ပိတေ ခါယိတေ သာယိတေ သမ္မဇာနကာရီ ဟောတိ၊ဥစ္စာရ ပဿာဝကမ္မေ သမ္မဇာနကာရီ ဟောတိ၊ဂတေ ဌိတေ နိသိန္နေ သုတ္တေ ဇာဂရိတေ ဘာသိတေ တုဏှီ ဘာဝေ သမ္မဇာနကာရီ ဟောတိ။

ဘိက္ခဝေ၊ရဟန်းတို့။ ပုနစ၊တဖန်လည်း။ အပရံ၊တပါး၊တံ့။ ဘိက္ခု၊ ရဟန်းသည်။ အာဘိက္ကန္တေ၊ ရှေ့သို့ တက်သည်ရှိသော်။ ပဋိက္ကန္တေ၊ နောက်သို့ ဆုတ်သည်ရှိသော်။ သမ္မဇာနကာရီ၊ မှတ်၍ ရှောတက်ခြင်း၊ နောက်ဆုတ်ခြင်းကို ပြုလေ့ရှိသည်။ဟောတိ၊ဖြစ်၏။ အာလောကိတေ၊ တဲ့တဲ့ကြည့်သည်ရှိသော်။ ဝိလောကိတေ၊တစောင်းကြည့်သည်ရှိသော်။ သမ္မဇာနကာရီ၊မှတ်၍ တဲ့တဲ့ကြည့်ခြင်း၊တစောင်းကြည့်ခြင်းကို ပြုလေ့ရှိသည်။ ဟောတိ၊ဖြစ်၏။ သမဉ္ဇိတေ၊ကွေးသည်ရှိသော်။ ပသာရိတေ၊ ဆန့်သည်ရှိသော်။ သမ္မဇာနကာရီ၊ မှတ်၍ ကွေးခြင်း, ဆန့်ခြင်းကို ပြုလေ့ရှိသည်။ ဟောတိ၊ဖြစ်၏။ သင်္ဃာဋိ ပတ္တ စီဝရ ဓာရဏေ၊ မှတ်၍ သင်္ကန်း,သပိတ် ကိုင်ခြင်းကို ပြုလေ့ရှိသည်။ ဟောတိ၊ဖြစ်၏။ အသိတေ စားသည်ရှိသော်။ပိတေ၊သောက်သည်ရှိသော်။ ခါယိတေ ခဲသည်ရှိသော်။ သာယိတေ၊ လျှက်သည်ရှိသော်။ သမ္မဇာနကာရီ၊ မှတ်၍ စားခြင်း, သောက်ခြင်း,ခဲခြင်း, လျှက်ခြင်းကို ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဥစ္စာရ ပဿာဝ ကမ္မေ၊ မှတ်၍ ကျင်ကြီး,ကျင်ငယ်ကို စွန့်လေ့ရှိသည်။ ဟောတိ၊ဖြစ်၏။ ဂတေ၊ သွားသည်ရှိသော်။ ဌိတေ၊ ရပ်သည်ရှိသော်။ နိသိန္နေ၊ ထိုင်သည်ရှိသော်။ သုတ္တေ၊ အိပ်သည် ရှိသော်။ ဇာဂရိတေ၊ နိုးသည်ရှိသော်။ ဘာသိတေ၊ စကားပြောသည် ရှိသော်။ တုဏှီဘာဝေ၊ ဆိတ်ဆိတ်နေသည်ရှိသော်။ သမ္မဇာနကာရီ၊ မှတ်၍

သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, အိပ်ခြင်း, နိုးခြင်း, စကားပြောခြင်း, ဆိတ်ဆိတ်နေခြင်းကို ပြုလေ့ရှိသည်။ ဟောတိ၊ဖြစ်၏။

ဤသမ္မတိပဉ္ဉတ်၊အဓိပ္ပါယ်အထူးများကို မှတ်သားရန်တို့မှာကား၊ ဂန္ဆန္တော၀ါ, အဘိက္ကန္တံ, ဂတော-ဟု သွားခြင်းဇ၊ ရိယာပုထ် ၃-မျိုး ရှိသည်တွင်၊ ခရီးရှည် ကြာကြာသွားခြင်းကို-ဂန္ဆာမိ၊ခရီးတိုအနည်း ငယ်သွားခြင်းကို-ဂတော၊ တဘ၀ါး စာမျှ မပြည့် အနည်းငယ် ရှေ့သို့ တိုးသည်ကို--အဘိက္ကန္တဟု မှတ်အပ်ပေ၏။ တဖန်၊ ထိုင်သောဇ ရိယာပုထ်၌၊ ရှေ့သို့ ကုန်းသည်ကို- အဘိက္ကန္တံ၊ နောက်သို့ လှန်သည်ကို-ပဋိက္ကန္တံ။အိပ်သောဇ ရိယာပုထ်၌၊အလျားမှောက်သည်ကို-အဘိက္ကန္တံ၊ ပက်လက်လှန်သည်ကို-ပဋိက္ကန္တံ၊ ရှေ့ဘက် စောင်းအိပ် သည်ကို-အဘိက္ကန္တံ၊ နောက်ဘက်စောင်းအိပ်သည်ကို-ပဋိက္ကန္တံဟု အထူးကို မှတ်သားအပ်သည်။

ဣရိယာပထပဗ္ဗကာ၊ ရပ်, ထိုင်,အိပ်နှင့်-သမ္မတိပဗ္ဗကာ၊ ရပ်,ထိုင်, အိပ်တို့သည်လည်း၊ နောက်က ပြဆိုခဲ့သော အတိုင်း၊အရှည်,အတိုပင် ဖြစ်ကြ၏။အိပ်သော ဣရိယာပုထ်၌ကား၊ တာရှည် လျောင်းနေသည်ကို၊ နိပ္ပန္နဟု၊ ၍ဝင်း၊ သပေါနေဟု၊ ၍ဝင်း ခေါ်ဆို၍၊ ပျော်အောင်အိပ်သည် ကို၊ သုတ္တဟု ခေါ် ဆိုပေသည်။

သဃ်ာဒို ပတ္တ စီ၀ရ ဝေရဇ္ဇော၌၊သင်္ဃတိ,သင်္ကန်းကို ဆောင်ခြင်းဟု အနက်ပေးသဖြင့်၊ အဿ ဆရာတို့က ရဟန်း ကျင့်ရန်သာ၊သတိပဋ္ဌာန် ကိုဟော၏။ လူကျင့်ရန်မဟုတ်၊ သင်္ဃတိ,သင်္ကန်းဆိုသည်ကို ကြည့်ပါ လားဟု ဗိမိလောက်မှ မသိသူတို့အား၊ စာတတ်လေဟန် သိလေဟန် ဖြင့်၊၀ါကြွား ပလွှားဓ၌ ပြောကြားတတ်ကြလေ၏။ ထို ဆရာတို့သည်၊ သတိပဋ္ဌာန် စာအုပ်အဆုံးနားက ယောဟိကောစိ ပုဒ်ကိုမှ၊ မတွေ့ မကြည့် မသိကြသည်မှာ၊ အံ့ဩဘွယ်ရာ ဖြစ်လေတော့သည်။

အသိတေ-စသော စားမှု၌၊ စားခြင်းကိစ္စ ဆုံးအောင်၊ ထင်သမျှ ဗိသမျှမှတ်ရ၏။ မှတ်ပုံအမြဲက်ကား၊ ထမင်းစားချင် စားချင်တယ်၊ လက်သွား သွားတယ်၊ ထမင်းယူ ယူတယ်၊ မြှေးက် မြှောက်တယ်၊ ပါးစပ်ဟ ဟတယ်၊နှံ့ နှံ့တယ်၊ ၀ါး၀ါးတယ်။ မျိုမျိုတယ်၊ ဤသို့ စသည်ဖြင့်၊ အစဉ် ထင်သမျှ ကြဲကြဲ နဲနဲမှတ်ရ၏။ နောက်အရှိန် ရလာ

သောအခါတွင်၊ "မုဆိုး စိုင်သင်" ဟူသော စကားကဲ့သို့၊ ဆရာက အထူးမပြောရ မိမိက အထူးမကြံရဘဲ၊ အလိုလိုထင်လာပေ၏။

ဆေးသောက်,ကွမ်းစား,ရေချိုး၊အမှုကြီးငယ်ပြု၊ ကျင်ကြီး,ကျင်ငယ်စွန့် စသည်တို့ဠ်ဌလည်း၊ နည်းတူပင်တည်း။ ဘာသိတော အရဖြင့်၊ သပ္ပါယဖြစ်၍၊ ကမ္မဋ္ဌာန်းတိုးမည့်စကားကိုသာပြောရပေ၏။ ၎င်းပြင်၊ သမ္မာနကာရိပုဒ်၌၊ သံ-ရှေး, ပ-ရှေးဂို့သော ဉာဝေတ်၏အရ၊ သဒ္ဒါနည်းအားဖြင့်၊ အပြားအားဖြင့်ဆင်ခြင်ဟု၊ အဋ္ဌကထာပြသော နိသျနက်ကို မယူဘဲ၊ အသိအမှတ်ဟု အနက်ပေး၏။

အဘယ့်ကြောင့်ဟူမူ။ သဒ္ဒါနက်အရ အပြားအားဖြင့် ဆင်ခြင်နေလျှင်၊ စိန္တာမယဉာဏ်ဖြစ်ပေ၏။ အားထုတ်နည်းသဘောနက်ပေးလျှင်၊ ဘာဝနာမယ ဉာဏ်ဖြစ်၏။ ဤနေရာ၌ ပဋိသန်ဓါနဒ်ကို၊ ပဋိသန်ဓါယ ဇာနိတွာ-ဟု ပါဠိ,အဋ္ဌကထာ,ဋီကာတို့ဠ်ဌဖွင့်ကြသော်လည်း၊ ပြည်ဆရာတော်ဘုရားကြီးက၊ ပဋိသန်ဓါ-ပဋိသန်ဓါယ ဇာနိတွာ-ဟူသော ၃-ပုဒ်ကို ပေါင်းဖြိုး သိ၍ဟု၊ အနက်ပေးတော်မူသောနည်းကို၊ အစဉ်မြဲးသောကြောင့်၊ သဘောအနက်ကိုသာ ပေးလိုက်ပေသည်။

ဤကား သမ္မဇည်ပဗ္ဗ၌၊ မှတ်ရပုံကို ပြဆိုခြင်းပေတည်း။

ဇာရိယာပထနှင့် သမ္မဇည ဂ္ဂါမ္ဘတ်ပုံကို ပြဆိုခြင်း ပြီး၏။

ဓဝဒနာနုပဿနာဒ်၊ ဂ္ဂါမ္ဘတ်ရာသဘောအရနှင့် သာမိသ နိရာမိသတို့ကို ပြဆိုခြင်း

၁၅-အာရုံခြောက်ခု၊ ချမ်းသာစု၊ခေါ်မှုသုခပါ။
၁၆-အာရုံခြောက်လျှင်၊ဆင်းရဲထင်၊ခေါ်တွင်ဒုက္ခသာ။
၁၇-သုခ,ဒုက္ခ၊မထင်က၊မှတ်ကြဉပေက္ခာ။
၁၈-ကောင်းဆိုးအစု၊ ထင်တိုင်းရှု၊ခေါ်မှုဝေဒနာ။
၁၉-နိရာမိသ၊သာမိသ၊ပွါးထနုပဿနာ။

ဤ သံပေါက် လက်ဝများ၏ အဓိပ္ပါယ်မှာ။ ဒီးဘုံ ၆-ပါးဠ် ချမ်းသာထင်မှုသည်-သုခဝေဒနာ။အားရုံ ၆-ပါးဠ် ဆင်ခြင်မှုသည်- ဒုက္ခဝေဒနာ။ ဗာဝရုံ ၆-ပါးဠ် ချမ်းသာဆင်းရဲမထင်မှုသည်-ဥပက္ခာဝေဒနာ။ ၎င်းချမ်းသာ,ဆင်းရဲ,အလောင်း, ဗဒေါဆိုးဗမျိုးမျိုးကို မှတ်ခြင်းသည်-ဝေဒနာ နုပဿနာသတိပဋ္ဌာန်၊၎င်းဝေဒနာများကို၊သာမိသ,နိရာမိသဟု ၂-မျိုးစီ ပွားရမည်ဆိုလို၏။

ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ။ ဣဓ ဘိက္ခဝေ ဘိက္ခု သုခံ ဝေဒနံ ဝေဒယမာနော သုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။ ဒုက္ခံ ဝါ ဝေဒနံ ဝေဒယမာနော ဒုက္ခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။ အဒုက္ခ မသုခံ ဝါ ဝေဒနံ ဝေဒယမာနော အဒုက္ခ မသုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။

ဘိက္ခဝေ၊ရဟန်းတို့။ ကထဉ္စပန'အသို့လျှင်။ ဘိက္ခု၊ရဟန်းသည်။ ဝေဒနာသု၊ဝေဒနာတို့၌။ ဝေဒနာနုပဿီ၊ ဝေဒနာကို အဖန်ဖန်ရှုမှတ်လေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေသနည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ အာဝ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ သုခံဝါ ဝေဒနံ၊ ကုဋ္ဌာရုံကို ခံစားခြင်း လက္ခဏာရှိသော သုခဝေဒနာကိုမူလည်း။ ဝေဒယမာနော၊ ခံစားသည်ရှိသော်။ သုခံဝေဒနံ၊ သုခဝေဒနာကို။ ဝေဒယာမီတိ၊ခံစား၏ဟူ၍။ ပဇာနာတိ၊သိအောင်မှတ်၏။ ဒုက္ခံဝါဝေဒနံ၊ အနိဋ္ဌာရုံကို ခံစားခြင်း လက္ခဏာရှိသော ဒုက္ခဝေဒနာ ကိုမူလည်း။ ဝေဒယမာနော၊ ခံစားသည်ရှိသော်။ ဒုက္ခံဝေဒနံ၊ ဒုက္ခဝေဒနာကို။ ဝေဒယာမီတိ၊ ခံစား၏ဟူ၍။ ပဇာနာတိ၊သိအောင်မှတ်၏။ အဒုက္ခ မသုခံဝါ ဝေဒနံ၊ဣဋ္ဌာရုံ, အနိဋ္ဌာရုံကို ခံစားခြင်း လက္ခဏာရှိသော သုခမှလည်းတပါး၊ ဒုက္ခမှလည်း တပါးသော။ ဣဋ္ဌ, အနိဋ္ဌ, မွန်းတွာရုံကို ခံစားခြင်း လက္ခဏာရှိသော၊ ဥပေက္ခာဝေဒနာကိုမူလည်း။ ဝေဒယမာနော၊ ခံစားသည်ရှိသော်။ အဒုက္ခ မသုခံဝေဒနံ၊ ဥပေက္ခာဝေဒနာကို။ ဝေဒယာမီတိ၊ ခံစား၏ဟူ၍။ ပဇာနာတိ၊သိ၏။

ဤ ဒေသနာတော်အရ။ ၆-ဖွါရနှစ် ဖြစ်သော အာရုံ ၆-ပါးတို့ကို၊ စိတ်၌ ထင်သောအတိုင်း မှတ်ရ၏။ ထိုသို့မှတ်ရာ၌၊ သာမည ပကတိသောသူတို့၏ အသိ အမှတ်မျိုးဖြင့်၊ ပက်လက် အိပ်တတ်ခါမျှသော သူငယ်ကလေးသည်ပင်၊ နို့စို့သောအခါတွင်၊ ချမ်းသာသည်ဟု ထင်၏။ ၎င်းအထင်သည် သတ္တသညာမကွာ၍၊ ကမ္မဋ္ဌာန်းမဖြစ်။ သတိပဋ္ဌာန် အမှတ်သည်၊ သတ္တသညာကွာ၍၊ သတိပဋ္ဌာန်နည်းလမ်း၊ ဝိပဿနာ ကမ္မဋ္ဌာန်းဖြစ်သည်ဟု အဋ္ဌကထာဋီကာ ဆို၏။

ထိုဝေဒနာ ၃-ပါးတို့တွင်၊ တပါးပါး၌၊ သာမိသဝေဒနာ, နိရာမိသဝေဒနာဟု ၂-မျိုးစီ ၂-မျိုးစီခွဲ၍ မှတ်သားအပ်ပေ၏။ ကာမဂုဏ်၌ မှီသော ဝေဒနာ၊ကာမဂုဏ်၌ မမှီသောဝေဒနာဟု ဆိုလိုသည်။ ပညာတ်ထင်သောဝေဒနာ၊ ပရမတ်ထင်သော ဝေဒနာတို့ပေတည်း။ သဘော မှာကား၊ ဝဏ္ဏလိသည်၊ဘုရား၏အဆင်း၊ကိုကြည်ညိုခြင်း၌၊ သာမိသသုခဝေဒနာ။ တရားသဘောထင်၍ ချမ်းသာခြင်း၌၊ နိရာမိသသုခဝေဒနာ။ အရှင်တိဿသည်၊ ခိုးသားတို့ယုံစေရန် ပေါင်ကိုရိုက်ချိုး၍ ဆင်းရဲခြင်း၌၊ သာမိသ ဒုက္ခဝေဒနာ။ တရားသဘော ထင်၍ ဆင်းရဲခြင်း၌၊ နိရာမိသဒုက္ခဝေဒနာ၊ ဤသို့ မှတ်အပ်ပေ၏။

ရှုမှတ်ပုံမှာကား။ ချမ်းသာလျှင် ချမ်းသာတယ်၊ သဘောကျလျှင် သဘောကျတယ်၊ ကောင်းလျှင် ကောင်းတယ်၊ နေရာကျလျှင် နေရာကျတယ်၊ဤသို့စသည်ဖြင့် သုခဝေဒနာကို မှတ်အပ်၏။ ဆင်းရဲလျှင် ဆင်းရဲတယ်၊ နာလျှင် နာတယ်၊ ကျင်လျှင် ကျင်တယ်၊ ကိုက်လျှင် ကိုက်တယ်၊ ခဲလျှင် ခဲတယ်၊ အောင့်လျှင် အောင့်တယ်၊ ထိုးလျှင် ထိုးတယ်၊ မူးလျှင် မူးတယ်၊ဝေလျှင် ဝေတယ်၊ အော့သျှင် အော့တယ်၊ အနှံလျှင်အနှံတယ်၊ချေလျှင်ချေတယ်၊သမ်းလျှင်သမ်းတယ်၊ချောင်းဆိုးလျှင် ချောင်းဆိုးတယ်၊ စိုးရိမ်လျှင် စိုးရိမ်တယ်၊ ငိုကြွေးလျှင် ငိုကြွေးတယ်၊ မျက်ရည် သုတ်လျှင် သုတ်တယ်၊ ညောင်းလျှင် ညောင်းတယ်၊ ညာလျှင် ညာတယ်၊ တောင့်လျှင် တောင့်တယ် တက်လျှင် တက်တယ်၊ လေးလျှင် လေးတယ်၊ ဤသို့ စသည်ဖြင့်၊ ဒုက္ခဝေဒနာကို မှတ်အပ်၏။

မသိသာလျှင် မသိသာဘူး၊ မထင်ရှားလျှင် မထင်ရှားဘူး၊ ယိမ်းတိုးယားတားနေလျှင် ယိမ်းတိုးယားတားနေတယ်၊ ယောင်တောင်တောင်နေလျှင် ယောင်တောင်တောင်နေတယ်၊ ဤသို့ စသည်ဖြင့် ဥပေက္ခာဝေဒနာကို မှတ်အပ်ပေ၏။ အထူးမှာ၊ အနာဝဋ်ကို မှတ်လျှင် ဇရာမစ္ဆာဘာဝံ။ အနိဋ္ဌာရုံကိုမှတ်လျှင်၊ အနိဋ္ဌမစ္ဆာဘာဝံ ဖြစ်သည်ဆိုသဖြင့်၊ မမှတ်သောစိတ်၌ သုခဝေဒနာ, ဒုက္ခဝေဒနာတို့သည်၊ ဇာဉ္ဇ, အနိဋ္ဌအာရုံအားလျော်စွာဖြစ်၍၊ မှတ်သောစိတ်၌ကား၊ ဥပေက္ခာ တရုတည်းသာဖြစ်သည်ဟု ယုံကြည်စွာ မှတ်ယူအပ်လှပေတော့သည်။

ယောဂီတို့သတိပြုရန်မှာ။ ဝဋ်ဆုံတောဘူမကံဒုက္ခံ။ ဘုံသုံးပါး၌ လည်၍ ဖြစ်သော တရားဟူသမျှ ဆင်းရဲ ဒုက္ခချည်းသာဟု ဆိုသည်ကိုငင်း၊

လက္ခဏာရေး ၃-ပါးခွဲ၊ အကျယ် ၄၀-ပွားရာ၊ အနုတ္တထင်ချက် ၅-ပါး၊ အနိစ္စထင်ချက် ၁၀-ပါး၊ ဒုက္ခထင်ချက် ၂၅-ပါး ဆိုသည်ကိုလည်း၊ ထောက်ထားပါလျှင်၊ ဝိပဿနာကို အားထုတ်သောအခါတွင်၊ ဒုက္ခထင်ချက်မျာ၊ ရောဂါဟောင်းရှိသူမှာ၊ ထို ရောဂါဟောင်းကစ၍ ဒုက္ခထင်တတ်ပေ၏။

ယခုကဲ့သို့ ဒုက္ခထင်ရာ၌၊ ရောဂါဟု မထွေးရ။ အနင်းအနှိပ်ခံလိုဆေးစားလိုချင်ဖြစ်သော်လည်း မပြုရ။ ''ရိုးကြောအရေ၊ ကြွင်းကျန်လေ၊ ကုန်စေသားအသွေး။ အသက်ကိုမှ၊ မညှာရ၊ သမ္မပ္ပဓာန်လေး'' ဟူသည်ကိုလည်း၊ ကာယေစ ဇိဝိတေစ အနပေက္ခော ဟောတိ။ ။ ကာယေစ၊ကိုယ်၌ဖြင့်း။ ဇိဝိတေစ၊အသက်၌ဖြင့်း။ အနပက္ခော၊ငဲ့ကွက်ခြင်း ကင်းရသည်။ ဟောတိ၊ ဖြစ်၏။ ဤသို့ အဂ္ဂဉ်သာရိပုတ္တရာ၏ ဩဝါဒကိုလည်း၊ သမဏာနတ်သားဝတ္ထုကိုလည်း ထောက်ရှု၍၊ သေလျှင်မြတ်၏ဟု စိတ်ထား၍ အားထုတ်ကြရာသတည်း။

ဇဝဒနုပဿနာ၌ ရှုမှတ်ရာကို ပြဆိုခြင်းပြီး၏။

စိတ္တာနုပဿနာ၌၊ ရှုမှတ်ရာနည်းလမ်းကို သဒ္ဒိုဟ်ကျမ်း အလိုနှင့် ခွဲခြမ်း၍ ပြဆိုခြင်း

၂၀-အာရုံခြောက်ဝ၊ နှစ်သက်ကခေါ်ကြ ရာဂသာ။
၂၁-အာရုံခြောက်လျှင်၊ အပြစ်မြင်၊ခေါ်တွင် ဒေါသပါ။
၂၂-အာရုံခြောက်ပါး၊ မိသိငြား၊ မှတ်သား၊မောဟပါ။
၂၃-သိခြင်း,မှဲ့ခြင်း၊ တွေးကြံခြင်း၊ စိတ်ရင်းဖြစ်ပေါ်လာ။
၂၄-သိလျှင်သိတယ်၊မှဲ့, မှဲ့တယ်၊ မှတ်ဘွယ်ထင်တိုင်းသာ။
၂၅-စိတ်ဖြစ်သမျှ၊ ရှုမှတ်ရ၊ စိတ္တာနုပဿနာ။

ဤသံပေါက်လက်ာများ၏ အဓိပ္ပါယ်မှာ၊ အာရုံ ၆-ပါးဌ နှစ်သက်လျှင်၊ ရာဂခေါ်သော လောဘ။အာရုံ ၆-ပါးဌ အပြစ်မြင်လျှင် ဒေါသ။ အာရုံ ၆-ပါးဌ မသိလျှင် မောဟ။ သိခြင်း, မှဲ့ခြင်း, တွေးခြင်း, ကြံခြင်းသည်၊ စိတ်ဖြစ်သော သဘောမည်၏။ ထို့ကြောင့်၊ သိလျှင် သိတယ်၊ မှဲ့လျှင် မှဲ့တယ်၊တွေးလျှင် တွေးတယ်၊ ကြံလျှင်ကြံတယ် မှတ်။ ဤသို့ မှတ်သည်ကို စိတ္တာနုပဿနာဟု ဆိုလို၏။

ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ။ ဣဓ ဘိက္ခဝေ ဘိက္ခု သရာဂံ ဝါ စိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ၊ ဝီတရာဂံ ဝါ စိတ္တံ ဝီတရာဂံ စိတ္တန္တိ ပဇာနာတိ၊ သဒေါသံ ဝါ စိတ္တံ သဒေါသံ စိတ္တန္တိ ပဇာနာတိ၊ ဝီတဒေါသံ ဝါ စိတ္တံ ဝီတဒေါသံ စိတ္တန္တိ ပဇာနာတိ၊ သမောဟံ ဝါ စိတ္တံ သမောဟံ စိတ္တန္တိ ပဇာနာတိ၊ ဝီတမောဟံ ဝါ စိတ္တံ ဝီတမောဟံ စိတ္တန္တိ ပဇာနာတိ။

ဘိက္ခဝေ၊ရဟာန်းတို့။ ကထဉ္စပန၊ အဘယ်သို့လျှင်။ စိတ္တေ၊စိတ်၌။ စိတ္တာနုပဿီ၊ အဖန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေသနည်း။ ဘိက္ခဝေ၊ရဟာန်းတို့။ ဤဝ၌သာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ သရာဂံ ဝါ၊ တပ်ခြင်းရာဂနှင့် တကွလည်းဖြစ်သော။ စိတ္တံ၊ လောဘမူစိတ်ကို။ သရာဂံစိတ္တန္တိ၊ တပ်ခြင်းရာဂနှင့် တကွဖြစ်သော စိတ်ဟူ၍။ ပဇာနာတိသိ၏။ ဝီတရာဂံ ဝါ၊ ရာဂကင်းသည် မူလည်း ဖြစ်သော။ စိတ္တံ၊ လောကီကုသိုလ် အဗျာကတစိတ်ကို။ ဝိတရာဂံစိတ္တန္တိ၊ ရာဂကင်းသော စိတ်ဟူ၍။ ပဇာနာတိသိ၏။ သဒေါသံ ဝါ၊ ဒေါသနှင့်တကွ မူလည်းဖြစ်သော။ စိတ္တံ၊ဒေါသမူ၊စိတ်ကို။ သဒေါသံစိတ္တန္တိ၊ ဒေါသနှင့်တကွ ဖြစ်သောစိတ်ဟူ၍။ ပဇာနာတိ၊သိ၏။ ဝီတဒေါသံ ဝါ၊ဒေါသကင်းသည် မူလည်းဖြစ်သော။ စိတ္တံ၊ လောကီ ကုသိုလ် အဗျာကတစိတ်ကို။ ဝိတဒေါသံစိတ္တန္တိ၊ဒေါသကင်းသော စိတ်ဟူ၍။ ပဇာနာတိ၊သိ၏။ သမောဟံ ဝါ၊မောဟနှင့် တကွမူလည်းဖြစ်သော။ စိတ္တံ၊မောဟမူစိတ်ကို။ သမောဟံစိတ္တန္တိ၊ မောဟနှင့်တကွ ဖြစ်သော စိတ်ဟူ၍။ ပဇာနာတိ၊သိ၏။ ဝီတမောဟံ ဝါ၊ မောဟကင်းသည်လည်းဖြစ်သော။ စိတ္တံ၊လောကီကုသိုလ်အဗျာကတစိတ်ကို။ ဝိတမောဟံစိတ္တန္တိ၊မောဟကင်းသော စိတ်ဟူ၍။ ပဇာနာတိ၊သိ၏။ ဝါ၊ သိအောင်မှတ်၏။

အဓိပ္ပါယ်ကား။ ရာဂနှင့် တကွဖြစ်သော စိတ်ကို၊ ရာဂနှင့် တကွဖြစ်သောစိတ်ဟု သိရမည်။ မှတ်ရမည်ဆိုရာ၌၊နို့သျှနက်အတိုင်း၊ ရာဂနှင့်တကွဖြစ်သောစိတ်ဟု သိရမည်၊ မှတ်ရမည်ကဲ့သို့ ဖြစ်နေပေ၏။ တပန် လောဘမူစိတ် ဂ-ခုကို ရာဂဟု ဆိုပြန်သဖြင့်၊ သောမနဿ, ဥပေက္ခာ ဟူ၍ဂင်း၊ သမ္ပယုတ်, ဝိပ္ပယုတ် ဟူ၍ဂင်း၊ အသင်္ခါရိက,

သသခ် ါရိကဟူ၍၎င်း၊ အမည်အမျိုးမျိုးရှိလေရာ။ သင်္ကြိဟ် စာနည်းကို လိုက်ပါသျှင်၊ ထိုအမည်ရှိတိုင်းပင် ခွဲခြား၍သိရမည်၊ မှတ်ရမည်ကဲ့သို့ ထင်ဘွယ်ရာ ဖြစ်နေပေ၏။ ၎င်းတို့သည်၊ ရာဂ, လောဘ စသည်ဖြင့် ခေါ် ဝေါ် မှာ်သားသော ပါဠိစကား ပါဠိဗျဉ်း စကား၊ စာစကား များသားဖြစ်ကြ၏။ ဝိပဿနာဒါးထုတ်ရသော သဘောများ မဟုတ် ပေ။

ဝိပဿနာ အားထုတ်ရန်မှာ၊ ရာဂသည် တပ်ခြင်း လက္ခဏာ၊ လောဘသည် လိုချင်ခြင်းလက္ခဏာ၊ ၎င်းလက္ခဏာသည် သဘောဖြစ်၍၊ သဘောသာလျှင်ထင်၏။ ထင်သောသဘောအဖိုင်းသာ အားထုတ်ရ၏။ သို့ဖြစ်၍ လိုချင် လိုချင်တယ်၊ နှစ်သက် နှစ်သက်တယ်၊ သာယာ သာယာတယ်၊ ဤသို့ စသည်ဖြင့် ထင်သော သဘောများကို ဖြန်မာ စကားအတိုင်း မှတ်ရ၏။ ထိုသို့ မှတ်ခြင်းသည်၊ သရုဝံဝါ စိတ္တံ သရုဝံ စိတ္တန္တိ ပဇာနာတိ-ဟူသော ပါဠိတော်အရ၊ ရာဂနှင့်တကွ ဖြစ်သောစိတ်ကို၊ ရာဂနှင့်ကင်းကွ ဖြစ်သောစိတ်ဟု သိအောင်မှတ်ခြင်း မည်၏။ ''သဘောဟုတ်မှ လောကုတ္တရာ'' ဟူသော ရှေးဆရာကြီး များ၏ စကားကို ထောက်ထားပါလေ။

တဖန်၊ သဒေါသစိတ်, သမောဟစိတ် ဟူသည်တို့၌လည်း၊ နည်းတူ ပင်ဖြစ်ကြပေသည်။ အထူးမှာကား၊ မောဟစိတ်သည် မေ့ခြင်းသဘော လက္ခဏာရှိ၍၊ မေ့လျှင် မေ့တယ်ဟု မှတ်ရ၏။ ၎င်းမေ့ခြင်း မောဟ သည်၊ ဖြစ်ခိုက်အာရုံကို မသိဘဲနေရာ၊ မှတ်သောအခါ ဖြစ်ခိုက်အာရုံ ကိုမမှတ်မိဘဲ၊ မေ့တဲ့သဘော ထင်လာ၏။ ထိုသို့ မေ့တယ်လို့ထင်မှ မေ့တယ်မှတ်ရ၏။ ထိုမေ့သောသဘောသည်၊ ပကတိ နေသူတို့အား၊ ဖြစ်ခိုက်အာရုံကို မေ့တယ်လို့မသိဘဲ၊ တသင်္ကလုံးမေ့နေပေ၏။ အမှတ် ပြုလာမှ မေ့ဘဲ့သဘောထင်၍၊ မေ့တယ်ဟု မှတ်နိုင်လေသည်။

ထိုမေ့ဘဲ့ သဘောထင်ပုံမှာ၊ ထမင်းစားခိုက်၌ လက်ကြွခြင်း, သွားခြင်း, ချခြင်း အာရုံ ၃-ချက် ဖြစ်ရာ၊ ကြွခြင်း, ချခြင်း၌ မှတ်မိ၍ သွားခြင်း ကို မမှတ်မိသဖြင့်၊ မေ့တယ် ထင်တတ်၏။ ထိုသို့ ထင်သောအခါ၊ မေ့တယ် မှတ်ရ၏။ တွေး. ကြံ ပြေး, လွှင့် စသော စိတ်များကိုလည်း၊ ထို့အတူ ထင်သော အတိုင်းပင် မှတ်ရ၏။ မမှတ်လျှင် မေ့၏။ ၎င်း အကြောင်းကို ''ပိတ်ရှစ်တောင်က-နွားတခြံ'' ဖြစ်အောင် တွေးသော၊

သဃ်ရက္ခိတာမထေရ်၏ လူထွက်ရန်တွေးကြံသောဝက္ကုကို သတိပြုအပ်ပေသည်။

ဤရဂ်မံ ကေစာရံ၊ အသရီရံ ဂုဟာသယံ။
ယေစိတ္တံ သံယမေသန္တိ၊ မောက္ခန္တိ မာရဗန္ဓနာ။ ။

ဤရဂ်မံ၊ ဝေးသော အရပ်၌ရှိသော အာရုံတို့ကို ကျက်စားပေထသော။ ကေစာရံ၊ တရုတ်ပြိုးမှ တရုဖြစ်ပေထသော။ အသရီရံ၊ ကိုယ်လည်းမဟုတ်ထသော။ ဂုဟာသယံ၊ မဟာဘုတ် ဝတ္ထု၊ ရုပ်လျှင်တည်ရာလိုက်ရှိပေထသော။ စိတ္တံ၊ စိတ်ကို။ ယော၊ အကြင်သူတို့သည်။ သံယမေသန္တိ၊ စောင့်ရှောက်နိုင်ကုန်၏။ တေ၊ ထိုသူဘို့သည်။ မာရဗန္ဓနာ၊ မာရ်မင်း၏ အနှောင်အဖွဲမှ။ မောက္ခန္တိ၊ လွတ်ရကုန် လတ္တံ့သတည်း။

စိတ္တာနုပဿနာကို ရှုနှတ်ရာ ပြဆိုခြင်း ပြီး၏။

ဓမ္မနုပဿနာ၌ ရှုမှတ်ရာသဘောများကို ငါးပါးသော ခန္ဓာတ်ဖြင့် ဝေဘန်ကာ ပြဆိုခြင်း

၂၆-ရုပ်နာမ်ဓမ္မ၊ သခ်ါရ၊ မျှားလှငါးခန္ဓာ။
၂၇-လက္ခဏာယဉ်၊ ၃-ပါးလျှင်၊ အမြင်ရှုရပါ။
၂၈-အနိစ္စ, ဒုက္ခ၊ အနတ္တ၊ မှတ်ကြသဘောလာ။
၂၉-လက္ခဏတွယ်၊ ထင်မြင်က၊ ဓမ္မနုပဿနာ။
၃၀-အမြဲသုခ၊ အစိုးရ၊ မျောကြသံ့သရာ။

ဤပေါက်လက်ာများ၏ အဓိပ္ပါယ်မှာ၊ ဓမ္မာနုပဿနာ၌ ရုပ်နာမ်သခ်ါရ ခန္ဓာစသည်ဖြင့်၊ အမည်များပြားပေ၏၊ ထိုသဘောများကို လက္ခဏာရေးသုံးပါးဖြင့်၊ အမြင်ရှုမှတ်ရသော သဘောများဖြစ်လေရာ။ ၎င်းလက္ခဏာရေးသုံးပါးကို ထင်မြင်သောအရာသည်၊ ဓမ္မာနုပဿနာမည်၏။ ထိုရုပ်နာမ်စသော သဘောများကို၊ မြဲသည်,ချမ်းသာသည်, အစိုးရသည်ဟု ထင်နေပါလျှင်၊ သံသရာတွင် မျောရမည်ဟု ဆိုလိုပေသည်။

ပုနစ ပရံ ဘိက္ခဝေ ဘိက္ခု၊ ဓမ္မေသု ဓမ္မာနုပ ဝိဟရတိ ပဉ္စသု ဥပါဒါနက္ခန္ဓေသု။ ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု၊ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ ပဉ္စသု ဥပါဒါနက္ခန္ဓေသု။ ဣဓ ဘိက္ခဝေ ဘိက္ခု၊

ဣတိ ရူပံ၊ ဣတိ ရူပဿ သမုဒယော၊ ဣတိ ရူပဿ အတ္ထင်္ဂမော။ ဣတိ ဝေဒနာ၊ ဣတိ ဝေဒနာယ သမုဒယော၊ ဣတိ ဝေဒနာယ အတ္ထင်္ဂမော။ ဣတိ သညာ၊ ဣတိသညာယ သမုဒယော၊ ဣတိ သညာယ အတ္ထင်္ဂမော။ဣတိ သင်္ခါရာ၊ ဣတိ သင်္ခါရာနံ သမုဒယော၊ ဣတိ သင်္ခါရာနံ အတ္ထင်္ဂမော၊ ဣတိ ဝိညာဏံ၊ ဣတိ ဝိညာဏဿ သမုဒယော၊ ဣတိ ဝိညာဏဿ အတ္ထင်္ဂမော။

ဘိက္ခဝေ၊ရဟာနိးတို့။ ပုနစ၊တပန်လည်း။အပရံ၊တပါးတံ့။ဘိက္ခု၊ ရဟာနိးသည်။ ပဉ္စသု၊ငါးပါးကုန်သော။ ဥပါဒါနက္ခန္ဓေသု၊ဥပါဒါန်၏ အာဝုံဖြစ်သော ခန္ဓာဟု ဆိုအပ်ကုန်သော။ ဝမ္မေသု၊တရားတို့၌။မွော နုပသိ၊ ဥပါဒါနက္ခန္ဓာတရားကို အပန်တလဲလဲ ရှုမှတ်သည် ဖြစ်၍။ ဝိဟာရတိ၊ နေ၏။ ဘိက္ခဝေ၊ ရဟာနိးတို့။ကထဉ္စပန၊ အသို့လျှင်။ ဘိက္ခု၊ ရဟာနိးသည်။ ပဉ္စသု၊ ငါးပါးကုန်သော။ ဥပါဒါနက္ခန္ဓေသု၊ ဥပါဒါန်၏ အာဝုံဖြစ်သော ခန္ဓာဟု ဆိုအပ်ကုန်သော။ ဝမ္မေသု၊ တရားတို့၌။ ဝမ္မာနုပသိ၊ဥပါဒါနက္ခန္ဓာတရားကို အပန်တလဲလဲ ရှုမှတ်သည် ဖြစ်၍။ ဝိဟာရတိ၊ နေသနည်း။

ဘိက္ခဝေ၊ရဟာနိးတို့။ ဣဓ၊ဤသာသနာတော်၌။ ဘိက္ခု၊ရဟာနိးသည်။ ရုပံ၊ ရူပက္ခန္ဓာကား။ ဇာတိဇော်ကံ - ဇာတိဇဝံဇာတိကံ၊ ဤမျှ နှစ်ဆယ့် ရှစ်ပါး၊ ဤသို့ ပေါက်ပြန်ခြင်း သဘောရှိ၏၊ ရူပသဒ္ဒါ၊ ရူပက္ခန္ဓာ၏။ သမုဒယော၊ ဖြစ်ကြောင်းကား။ ဇာတိဇော်ကော၊ ဤမျှ အဝိဇ္ဇာ,တဏှာ, ဥပါဒါန်, ကံ, အာဟာရဖြစ်ခြင်း လက္ခဏာအားဖြင့်၊ ငါးပါး အတိုင်း အရှည်ရှိ၏။ ရူပသဒ္ဒါ၊ ရူပက္ခန္ဓာ၏။ အတ္ထင်္ဂမော၊ ချုပ်ကြောင်းကား။ ဇာတိဇော်ကော၊ဤမျှ အဝိဇ္ဇာ,တဏှာ,ဥပါဒါန်,ကံ, အာဟာရ ချုပ်ခြင်း ပျက်ခြင်း လက္ခဏာအားဖြင့်၊ ငါးပါး အတိုင်းအရှည်ရှိ၏။

ဝေဒနာ၊ ဝေဒနက္ခန္ဓာကား။ ဇာတိဇော်ကာ-ဇာတိဇဝံဇာတိကား၊ ဤမျှ ၃-ပါး၊ ဤသို့ ခံစားခြင်း သဘောရှိ၏။ ဝေဒနာယ၊ ဝေဒနက္ခန္ဓာ၏။ သမုဒယော၊ ဖြစ်ကြောင်းကား။ ဇာတိဇော်ကော၊ ဤမျှ အဝိဇ္ဇာ,တဏှာ,ဥပါဒါန်,ကံ,ဟသဖြစ်ခြင်းလက္ခဏာအားဖြင့်၊ငါးပါး အတိုင်းအရှည်၏။ ဝေဒနာယ၊ ဝေဒနက္ခန္ဓာ၏။ အတ္ထင်္ဂမော၊ ချုပ်ကြောင်းကား။ ဇာတိဇော်ကော၊ဤမျှ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ,

ဖဿ ချုပ်ခြင်း ပျက်ခြင်း လက္ခဏာအားဖြင့်၊ ငါးပါး အတိုင်းအရှည် ရှိ၏။

သညာ၊ သညက္ခန္ဓာကား။ ဇာတိဒုက္ခကာ-ဇာတိဒုဝိဓာတိကာ၊ ဤမျှ ရူပသညာ စသောအားဖြင့် ၆-ပါး၊ ဤသို့ ရူပါဒိ စသည်ကိုမှတ်ခြင်း သဘောရှိ၏။ သညာယာ၊ သညက္ခန္ဓာ၏။ သမုဒယော ဖြစ်ကြောင်းကား။ ဇာတိဇွဲကော၊ ဤမျှ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, ဖဿ ဖြစ်ခြင်းလက္ခဏာ အားဖြင့်၊ ငါးပါး အတိုင်းအရှည်ရှိ၏။ သညာယ၊ သညက္ခန္ဓာ၏။ အတ္ထင်္ဂမော၊ ချုပ်ကြောင်းကား။ ဇာတိဇွဲကော၊ ဤမျှ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, ဖဿ ချုပ်ခြင်း ပျက်ခြင်း လက္ခဏာအားဖြင့်၊ ငါးပါး ဒုတိုင်းအရှည်ရှိ၏။

သင်္ခါရာ၊သင်္ခါရက္ခန္ဓာတို့ကား။ ဇာတိဇွဲကာ-ဇာတိဒုဝိဓာတိကာ၊ ဤမျှ ငါးဆယ်၊ ဤသို့ ပြုပြင်ခြင်း သဘောရှိကုန်၏။ သင်္ခါရာနှံ၊သင်္ခါရက္ခန္ဓာတို့၏။ သမုဒယော၊ ဖြစ်ကြောင်းကား။ ဇာတိဇွဲကော၊ ဤမျှ အဝိဇ္ဇာ,တဏှာ,ဥပါဒါန်,ကံ,ဖဿ ဖြစ်ခြင်းလက္ခဏာအားဖြင့်၊ငါးပါး အတိုင်းအရှည်ရှိကုန်၏။ သင်္ခါရာနှံ၊သင်္ခါရက္ခန္ဓာတို့၏။ အတ္ထင်္ဂမော၊ ချုပ်ကြောင်းကား။ ဇာတိဇွဲကော၊ ဤမျှ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, ဖဿ ချုပ်ခြင်း ပျက်ခြင်း လက္ခဏာအားဖြင့်၊ ငါးပါး အတိုင်း အရှည်ရှိကုန်၏။

ဝိညာဏံ၊ဝိညာဏက္ခန္ဓာကား။ ဇာတိဇွဲကံ-ဇာတိဒုဝိဓာတိကံ၊ ဤမျှ လောကီစိတ် ၈၁-ခု ဤသို့ ဆိခြင်းသဘောရှိ၏။ ဝိညာဏာသည်၊ ဝိညာဏက္ခန္ဓာ၏။ သမုဒယော၊ ဖြစ်ကြောင်းကား။ ဇာတိဇွဲကော၊ ဤမျှ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, နာမ်ရုပ်ဖြစ်ခြင်း လက္ခဏာအားဖြင့်၊ ငါးပါး အတိုင်းအရှည်ရှိ၏။ ဝိညာဏာသည်၊ ဝိညာဏက္ခန္ဓာ၏။ အတ္ထင်္ဂမော၊ချုပ်ကြောင်းကား။ ဇာတိဇွဲကော၊ ဤမျှ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, နာမ်ရုပ် ချုပ်ခြင်းပျက်ခြင်း လက္ခဏာအားဖြင့်၊ ငါးပါး အတိုင်း အရှည်ရှိ၏။

အဓိပ္ပါယ်ကား။ ခန္ဓာ ၅-ပါးတို့တွင်၊ ရူပက္ခန္ဓာ၌၊ ဇာတိ ရုပ်၊ ဇာတိ ရူပသည် သမုဒယော၊ ဇာတိ ရူပသည် အတ္ထင်္ဂမော ဟု ၃-မျိုးပြဆိုရာ။ ဇာတိရုပ်-ဟူသည်။ ရုပ်၏ အရေအတွက်နှင့် ရုပ်သဘောဖြစ်ခြင်း အကျိုးတရားထင်ရှားရှိသည်ကိုပြဆိုပေ၏။ ဇာတိရူပသည်သမုဒယော-ဟူသည်၊

အကျိုးရပ်ကို ဖြစ်စေတတ်သော အကြောင်းတရားများကို ပြဆိုပေ၏။ ဤတိရုပသဿအတ္ထဂ်မော-ဟူသည်၊ ရုပ်၏ အကြောင်း အရာများချုပ်သည်ကို ပြဆိုပေ၏။ ပကတိသဘောကို သိရန်ပေတည်း။

ယောဂိပုဂ္ဂိုလ် ဉာဏ်၌ကား၊ သွားတယ်, ရပ်တယ် စသည်ဖြင့် ရှုမှတ်ရာ၊ မှတ်စ နာမရုပ ပရိစ္ဆေဒဉာဏ်၌ အကျိုးဖြစ်သော ထင်ရှားသည့် ရုပ်သဘောကိုသာ သိ၏၊ သရုပ်အမည်တွေကို မသိပေ။ ပစ္စယပရိဂ္ဂဟဉာဏ်၌၊ ရုပ်၏ ဖြစ်ခြင်းအကြောင်းမျှကိုသာ သိ၏၊ သရုပ်အမည် တွေကို မသိပေ။ ဥဒယဗ္ဗယ ဉာဏ်၌၊ ရုပ် သဘော အ ကျိုး အကြောင်းတရားတို့၊ချုပ်ခြင်း ပျက်ခြင်းမျှကိုသာသိ၏၊ သရုပ်အမည် တွေကို မသိပေ။ မှတ်မှုကား အကျိုးသဘော၊ အကြောင်းချုပ်ခြင်း ၃ - မျိုးတွင်၊ စိတ်၌ ထင်သော သဘောကိုသာ ရှုမှတ် ရပေသည်။ ဝေဒနာကွန္ဒာစသည်တို့၌လည်း၊ ဤရုပကွန္ဓာနည်းကို အစဉ်မှီး၍၊အသိး အသိးသိရှိရာသတည်း၊

ဤတိ အစ္ဆတ္တံဝါ၊ဓမ္မသုဓမ္မာနုပဿီ ဝိဟရတိ၊ဗဟိဒ္ဓါဝါဓမ္မသု ဓမ္မာနုပဿီ ဝိဟရတိ၊အစ္ဆတ္တ ဗဟိဒ္ဓါဝါ ဓမ္မသု ဓမ္မာနုပဿီ ဝိဟရတိ။ သမုဒယဓမ္မာနုပဿီဝါ ဓမ္မသု ဝိဟရတိ၊ ဝယဓမ္မာနုပဿီဝါ ဓမ္မသု ဝိဟရတိ၊ သမုဒယ ဝယဓမ္မာနုပဿီဝါ ဓမ္မသု ဝိဟာရတိ၊ အတ္ထိဓမ္မာတိဝါပနဿ သတိပစ္စုပ္ဋ္ဌိတာဟောတိ၊ ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိမတ္တာယ၊ အနိဿိတော စ ဝိဟရတိ၊ နစ ကိဉ္စိလောကေ ဥပါဒိယတိ၊ ဧဝမ္ပိခေါ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီဝိဟရတိ၊ပဉ္စသု ဥပါဒါနက္ခန္ဓေသု။

ဤတိ၊ ဤသို့။ အစ္ဆတ္တံဝါ၊ မိမိသန္တာန်၌လည်း။ ဓမ္မေသု၊ဥပါဒါနက္ခန္ဓာတရားတို့၌။ ဓမ္မာနုပဿီ၊ ဥပါဒါနက္ခန္ဓာ တရားကို အဖန်တလဲလဲရှုမှတ်သည်ဖြစ်၍။ ဝိဟာရတိ၊နေ၏။ ဗဟိဒ္ဓါဝါ၊ အပသန္တာန်၌လည်း။ ဓမ္မေသု၊ ဥပါဒါနက္ခန္ဓာတရားတို့၌။ ဓမ္မာနုပဿီ၊ ဥပါဒါနက္ခန္ဓာတရားကို အဖန်တလဲလဲ ရှုမှတ်သည်ဖြစ်၍။ ဝိဟာရတိ၊ နေ၏။ အစ္ဆတ္တ ဗဟိဒ္ဓါဝါ၊ ရံခါအတွင်း မိမိသန္တာန်၊ ရံခါ အပသန္တာန်၌လည်း။ ဓမ္မေသု၊ဥပါဒါနက္ခန္ဓာတရားတို့၌။ ဓမ္မာနုပဿီ၊ ဥပါဒါနက္ခန္ဓာတရားကို အဖန်တလဲလဲ ရှုမှတ်သည်ဖြစ်၍။ ဝိဟာရတိ၊နေ၏။

ဓမ္မေသု ဥပါဒါနက္ခန္ဓာတရားတို့ဦ။ သမုဒယဓမ္မာနုပဿီဝါ၊အဝိဇ္ဇာ စသော ဖြစ်ကြောင်း သဘောကို အဖန်တလဲလဲ ဂ္ရာမ္မတ်သည် ဖြစ်၍ လည်း။ ဝိဟာရတိ၊နေ၏။ ဓမ္မေသု၊ဥပါဒါနက္ခန္ဓာတရားတို့ဦ။ ဝယဓမ္မာနုပဿီဝါ၊ အဝိဇ္ဇာ စသော ချုပ်ခြင်း, ပျက်ခြင်းသဘောကို အဖန်တလဲလဲ ဂ္ရာမ္မတ်သဲ့သည် ဖြစ်၍လည်း။ ဝိဟာရတိ၊ နေ၏။ ဓမ္မေသု၊ ဥပါဒါနက္ခန္ဓာတရား တို့ဦ။ သမုဒယဝယဓမ္မာနုပဿီဝါ၊ အဝိဇ္ဇာ စသည်၏ ဖြစ်ကြောင်းသဘော ပျက်ကြောင်းသဘောကို အဖန်တလဲလဲ ဂ္ရာမ္မတ် သည် ဖြစ်၍လည်း။ ဝိဟာရတိ၊ နေ၏။

ဓမ္မာ၊ ဥပါဒါနက္ခန္ဓာတရားတို့သည်သာလျှင်။ အတ္ထိသန္တိ၊ဂ်ိကုန်၏။ ဇာတိ၊ဤသို့။ အသာ၊ ထိုရဟန်း၏။ သဘိဝါပန၊ သတိသည်မူလည်း။ ပဗ္ဗုပဋ္ဌိတာ၊ ရှေးရှုထင်သည်။ ဟောတိ၊ဖြစ်၏။ သာ၊ ထိုဥပါဒါနက္ခန္ဓာကို ဂ္ရာမ္မတ်ခြင်းသတိသည်။ ယာဝဒေဝ၊အကြင်မျှလောက်သော။ ဉာဏာ မတ္တာယ၊အဆင့်ဆင့် ဓမ္မာနုပဿနာဉာဏ်၏ ပွားခြင်း အတိုင်းအရှည် အကျိုးငှါငင်း။ ပဋိသတိ မတ္တာယ၊ အဆင့်ဆင့် ဥပါဒါနက္ခန္ဓာကို ဂ္ရာမ္မတ်ခြင်း သတိ၏ ပွားခြင်း အတိုင်းအရှည် အကျိုးငှါငင်း။ ဟောတိ၊ ဖြစ်၏။

သော၊ထိုရဟန်းသည်။အနိဿိတော၊ဥပါဒါနက္ခန္ဓာကို တဏှာ အားဖြင့် မမှီမူ၍လည်း။ ဝိဟာရတိ၊နေ၏။ လောကေ၊ ဥပါဒါနက္ခန္ဓာ ဟူသော လောကဒ္ဓါ။ ကိဉ္စိ၊ တစုံတခုသော တရားကို။ အဇ္ဈာတ်ဝါ၊ ငါအစိုးရသော ကိုယ်ဟူ၍ ဒိဋ္ဌိ အားဖြင့်ဂင်း။ အဇ္ဈာနိယန္တိ၀ါ၊ ငါ၏ ဥစ္စာဟူ၍ တဏှာအားဖြင့်ဂင်း။ နစ ဥပါဒိယတိ၊ မစွဲလမ်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝံဖွိခေါ၊ဤသို့လည်း။ဘိက္ခု၊ရဟန်းသည်။ ပဋ္ဌသု၊ငါးပါး ကုန်သော။ ဥပါဒါနက္ခန္ဓေသု၊ ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာဟူ ဆိုအပ်ကုန်သော။ ဓမ္မေသု၊ တရားတို့ဦ။ ဓမ္မာနုပဿီ၊ ဥပါဒါနက္ခန္ဓာ တရားကို အဖန်တလဲလဲ ဂ္ရာမ္မတ်သည်ဖြစ်၍။ ဝိဟာရတိ၊ နေ၏။

အဓိပ္ပါယ်ကား။ ရုံခါ အတွင်း သဏ္ဌာန်၊ ရုံခါ အပ သဏ္ဌာန်၊ ရုံခါ အတွင်း,အပ သဏ္ဌာန်၌ ဂ္ရာမ္မတ်ရ၏။ ရုံခါ ဖြစ်ဘဲ့ သဘော၊ရုံခါ ပျက်တဲ့သဘော၊ ရုံခါ အဖြစ်,အပျက် သဘောကို ဂ္ရာမ္မတ်ရ၏၊ ဤသို့ ဂ္ရာမ္မတ်ရာ၌၊အလိုလို သူသဘောအတိုင်း ထင်လာသည်ကိုသာ ဂ္ရာမ္မတ် ရ၏။ မိမိက အတွင်းသဏ္ဌာန်ကို ဂ္ရာမ္မတ်ဦးမည်၊ အပသဏ္ဌာန်ကိုဂ္ရာမ္မတ် ဦးမည်၊ အဖြစ်ကို ဂ္ရာမ္မတ်ဦးမည်၊ အပျက်ကို ဂ္ရာမ္မတ်ဦးမည်ဟု စာ၌

လာသောအစဉ်ကို သိထားသည့်အတိုင်း၊ ကြံစည်တွေးတော၍ ရှုမှတ်ရသည် မဟုတ်၊

ထိုကဲ့သို့ ဗာဝိတာ ဗဟုသိကတာ-ဟူသောအရ၊ အဖန်ဖန် ရှုမှတ်လျှင်၊ ရှုမှတ်သောတရားသဘောအတိုင်းသာ အမှတ်စဉ်၍ သတိထင်နေ၏။ သတိထင်သောအခါ၊ သမာဓိဖြစ်၍၊ ဉာဏ်အဆင့်ဆင့်သိခြင်းအကျိုး၊ သတိအဆင့်ဆင့် ထင်ခြင်း အကျိုးဖြစ်၍၊ ရှုမှတ်သော အာရုံ၌ ငါ ဟူသော-ဒိဋ္ဌိ၊ ငါ၏ ဥစ္စာဟူသော-တဏှာ လွတ်ကင်းသဖြင့်၊ တစုံတခု ခန္ဓာ၌ စွဲလမ်းခြင်း-ဥပါဒါန မရှိဘဲ၊ မမြဲမှု, ဆင်းရဲမှု, သူ့အလိုလို ဖြစ်ပျက်မှုကိုသာ အမြဲမပြတ် ဆက်စပ်၍ ရှုမှတ်နိုင်၏။ ထိုသို့ ရှုမှတ်နိုင်မှုကို၊ မဂ္ဂင်္ဂပဿနာဟု ဆိုရလေသည်။

ရှုမှတ်သော ခန္ဓာငါးပါး၌၊ တသိမ်းတခြားအားဖြင့်၊ လွန်ကဲထင်ရှားရောကို မှတ်သားရန်မှာ၊ ကာယာနုပဿနာခေါ်း၌ မှတ်ပုံမျှားသည်၊ ရူပက္ခန္ဓာကို ရှုမှတ်သည်မည်၏။ ဝေဒနာနုပဿနာခေါ်း၌ မှတ်ပုံမျှားသည်၊ ဝေဒနက္ခန္ဓာကို ရှုမှတ်သည်မည်၏။ အာရုံ ၆-ပါး၌ မှတ်ပုံမျှားသည် သညက္ခန္ဓာကို ရှုမှတ်သည် မည်၏။ ရုပ်နာမ်၏ အကြောင်းထင်လာ၍၊ သွားချင်,ရပ်ချင်စသည်ဖြင့်၊ စေ့ဆော် အားထုတ် မှုကို မှတ်ပုံမျှားသည်၊ သင်္ခါရက္ခန္ဓာတို့ကို ရှုမှတ်သည်မည်ကုန်၏။ စိတ္တာနုပဿနာခေါ်း၌ မှတ်ပုံမျှားသည်၊ ဝိညာဏက္ခန္ဓာကို ရှုမှတ်သည်မည်၏။ ဤသို့ လွန်ကဲရာခန္ဓာတခုတခုယူပုံကို သိအပ်ပေ၏။

တဖန်၊ ခန္ဓာငါးပါးတို့၏ ကိစ္စ သဘောလက္ခဏာအားဖြင့်၊ ဝိပဿနာ ရှုမှတ်သော စိတ်တချက်၌၊ တပြိုင်နက် တချက်တည်း ပါဝင်ပြီးစီးပုံမျှားမှာ၊ လှမ်းရိုက်, လှမ်းတယ်ဟု မှတ်သော စိတ်၌၊ လှမ်းခြင်းသဘောသည်၊ ရူပက္ခန္ဓာမည်၏၊ လှမ်းလိုကောင်းတဲ့ သဘော,မကောင်းတဲ့သဘောသည်၊ ဝေဒနက္ခန္ဓာမည်၏။ လှမ်းတယ်ဟုမှတ်သောသဘောသည်၊ သညက္ခန္ဓာမည်၏၊ လှမ်းမယ်ဟု အားထုတ်တဲ့ သဘောတို့သည်၊ သင်္ခါရက္ခန္ဓာမည်ကုန်၏။ လှမ်းတယ်ဟု သိတဲ့ သဘောသည်၊ ဝိညာဏက္ခန္ဓာမည်၏။ ဤသို့ ပါဝင်ပုံကို သိအပ်၏။

အထက်ပါ အဓိပ္ပါယ်များအရ ဒေသနာမှာကား။ ရူပွနလက္ခဏံ ရူပံ၊ ဝေဒယိတလက္ခဏံ ဝေဒနံ၊ သဉ္ဇာနနလက္ခဏံ သညံ၊ အာယူဟနလက္ခဏာ သင်္ခါရာ၊ ဝိဇာနနလက္ခဏံ ဝိညာဏံ။

ရူပဿနလက္ခဏံ၊ ဝေါကိပြန်ခြင်း သဘောသည်။ ရူပံ၊ ရူပက္ခန္ဓာမည်၏။ ဝေဒယိတလက္ခဏံ၊ ခံစားခြင်းသဘောသည်။ ဝေဒနံ၊ ဝေဒနက္ခန္ဓာမည်၏။ သဉ္ဇာနနလက္ခဏံ၊မှတ်ခြင်းသဘောသည်။ သညံ၊ သညက္ခန္ဓာမည်၏။ အာယူဟနလက္ခဏာ၊အားထုတ်ခြင်းသဘောတို့သည်။ သင်္ခါရာ၊ သင်္ခါရက္ခန္ဓာမည်ကုန်၏။ ဝိဇာနနလက္ခဏံ၊ သိခြင်းသဘောသည်။ ဝိညာဏံ၊ ဝိညာဏက္ခန္ဓာ မည်၏။ ။ဤသို့ ခန္ဓာငါးပါး ကိစ္စတပြိုင်နက် ပြီးစီးလေတော့သည်။

ယခု ပြဆိုခဲ့သော ခန္ဓာငါးပါး သဘော တရားတို့၊ ဉာဏ်အားထင်ရှား သိမြင်လာသော အခါ ရူပက္ခန္ဓာ၏ သဘောသည်၊ **ရေမြုပ်**ဆိုင်ခဲ့ကြောင်းနှင့်တူ၏။ ဝေဒနက္ခန္ဓာ၏သဘောသည် **ရေပွက်**နှင့် တူ၏။ သညက္ခန္ဓာ၏ သဘောသည်၊ **တံလျှပ်** နှင့် တူ၏။ သင်္ခါရက္ခန္ဓာ၏ သကောဘူသည်၊**ငှက်ပျောတုံး** အပတ်တို့နှင့် တူကုန်၏။ဝိညာဏက္ခန္ဓာ၏ သဘောသည်၊ **မျက်လှည့်** နှင့်တူ၏။ ဤသို့ ခန္ဓာတို့သည်၊ ဥပမာဖြင့် ထင်ကုန်၏။

ဖေဏပိဏ္ဍူပမံ ရူပံ၊ ဝေဒနာ ပုဗ္ဗုလူပမာ။
မရီစိကူပမာ သညာ၊ သင်္ခါရာ ကဒလူပမာ။
မာယူပမဉ္စ ဝိညာဏံ၊ ဒေသေနာဒိစ္စ ဗန္ဓုနာ။ ။

ရူပံ ရူပက္ခန္ဓာ၏သဘောသည်။ ဖေဏပိဏ္ဍူပမံ၊ရေမြုပ်ဆိုင်ခဲ့ကြောင်းနှင့် ဥပမာတူလှ၍ပေ၏။ ဝေဒနာ၊ဝေဒနက္ခန္ဓာ၏ သဘောသည်။ ပုဗ္ဗုလူပမာ၊ရေပွက်နှင့်တူလှပေ၏။သညာ၊သညာက္ခန္ဓာ၏သဘောသည်။မရီစိကူပမာ၊ တံလျှပ်နှင့်တူလှပေ၏။သင်္ခါရာ သင်္ခါရက္ခန္ဓာတို့သည်။ကဒလူပမာ ငှက်ပျောတုံးနှင့် တူလှပေကုန်၏၊ ဝိညာဏံ၊ ဝိညာဏက္ခန္ဓာ၏ သဘောသည်။ မာယူပမဉ္စ၊မျက်လှည့်နှင့် တူလှပေ၏။ ဤသို့။ အာဒိစ္စဗန္ဓုနာ· နေမင်း၏ အဆွေဖြစ်တော်မူသော။ ဗုဒ္ဓေန၊ ဖြတ်စွာဘုရားသည်။ ဒေသိတာ၊ ဟောကြားတော်မူအပ်ပေ၏။

အဓိပ္ပါယ်ကား။ သဘာဝခန္ဓာအစဉ်ကို၊ ဟုတ်မှန်တိုင်းဝိပဿနာဉာဏ်ဖြင့်၍၊ ဥပမာ ထင်လာသည်မှာ၊ ရေမြုပ်ဆိုင်ခဲ၏ သဘောသည်၊ ပကတိ လူ,ရှင်တို့၏ မျက်စိအမြင်အားဖြင့်၊ ကြီးမားခိုင်မာသော အဆိုင်ကြီးဟု ထင်ရသော်လည်း၊လက်ဖြင့်စမ်းကြည့်သောအခါ အလုံးခိုင်အခဲ မရှိ ပကတိ ကြေ၍၊ ရေဖြစ် သွားလေ သကဲ့သို့။ ရူပက္ခန္ဓာ၏

သဘောသည်လည်း၊ ပကတိသော ရဟန်း,ဂျင်,လူတို့၏ မျက်စိအမြင်အားဖြင့်၊ မိန်းမကောင်ကြီး, ယောကျ်ားကောင်ကြီးဟု ထင်နေသော်လည်း၊ ဝိပဿနာဉာဏ်ဖြင့်၊ သွား, ရပ် စသော ဓာတုရိယာပုထ်၊ ဖြစ်ဆဲရုပ်တို့ကို ရှုမှတ်သောအခါ၊ မိန်းမ, ယောကျ်ား, ခြေ, လက်စသော သဏ္ဌာန်များမရှိ၊ ပကတိသဘောမျှ ထင်ရပေသည်။

ရေပွက်နှင့် ဝေဒနာဇန္ဓာ၏ သဘောသည်လည်း၊ နည်းတူဖြစ်၏။ တဖန်၊ တံလျှပ်၏ သဘောသည်၊ နေပူသဲသောင်ပြင်ကို အဝေးမှကြည့်လျှင်၊ ဆီးနှင်းခိုး ကဲ့သို့ ဖြင်၍၊ ရေရှိမည်ဟု ထင်ရသော်လည်း၊ သွား၍ကြည့်သောအခါ၊ ရေမရှိလေသကဲ့သို့။ သညာဇန္ဓာ၏ သဘောသည်၊ တနေ့အတွင်း နှံနက် နိုးသည်က စ၍၊ မှတ်ရသော သဘောတို့သည်၊ ဆိန်း,သန်းမက များလှသည်ဟု ထင်ရသော်လည်း၊ အမှတ်ကို ရပ်၍ ပြန်ကြည့်သောအခါ၊ တချမျှမရှိသော သဘောတို့ ထင်ရလေသည်။

ဌက်ပျောတုံးတို့၏ သဘောသည်၊ ပကတိ ရဟန်း, ဂျင်, လူတို့၏ မျက်စိအမြင် အားဖြင့်၊ အခြားတိုင် အသုံးပြုသော သစ်များကဲ့သို့၊ ခိုင်မာလိမ့်မည်ဟု ထင်ရသော်လည်း၊ ထိုးခုတ်သည်ကိုမခံ အပေါ်ယံအပတ်မှ အောက်ထပ်များကိုလှန်၍ ထိုးခုတ်ကြည့်သော်လည်း၊ပကတိ ဌက်ပျောပတ်တို့၏ သဘောဖြင့်၊ အခိုင်အမာ မရှိလေသကဲ့သို့။ သင်္ခါရက္ခန္ဓာတို့၏ စေတနာစသော သဘောတို့သည်လည်း၊ ပြုလုပ်ထိခြင်း ပြုလုပ်ခြင်း စသည်ဖြင့်၊ကိုယ်ပြုလျှင် ဖြစ်မည်၊ကိုယ်မပြုလျှင် ပျက်မည်ဟု ထင်နေကြသော်လည်း၊ ဝိပဿနာဉာဏ်ဖြင့် ရှုမှတ်သော အခါ၊ စေတနာစသော သင်္ခါရက္ခန္ဓာတရားတို့သည်၊ ဘာတချမှ မခိုင်မာဟု ထင်လာပေသည်။

မျက်လှည့်၏ သဘောသည်၊ ကြည့်ရှုနေကြသူတို့က ငွေဒင်္ဂါးဟု ထင်ရသော်လည်း၊ ပကတိသဘောမှာ စက္ကူသာ ဖြစ်လေသကဲ့သို့။ ဝိညာဏက္ခန္ဓာ၏ သဘောသည်၊ ပကတိသော ရဟန်း, လူ, ဂျင်တို့၏ စိတ်ဖြင့်၊ မိန်းမကို ငါဖြင်သည်၊ ယောကျ်ားကို ငါဖြင်သည်စသည်ဖြင့် ထင်နေကြသော်လည်း၊ဝိပဿနာဉာဏ်ဖြင့် ရှုမှတ်သောအခါ၊အဆင်းကို မျက်စိဖြင့် ဖြင်သည်ဟု ထင်လာလေ၏။ ဤသို့စသည်ဖြင့် ခန္ဓာ၏ သဘောကို ဉာဏ်ဖြင်၍၊ဥပမာထင်သည်ကို မှတ်အပ်ပေ၏၊

သဘောမှာမူကား၊ ဘုရားရဟန္တာဝတို့သည်၊ ဓမ္မသဘောအစဉ်ကို ညွှန်ပြခြင်း မြင်ကြပြီးမှ၊ ထိုဓမ္မသဘော အစဉ်ကို မြင်လွယ်ကြစေရန်၊ ဥပမာဖြင့် တင်၍ ဟောတော်မူ၏။ ထို့ကြောင့် ယောဂီတို့၏ ညွှန်ခြင်း မြင်သော ဓမ္မသဘော ဖြစ်နေပုံများသည်၊ ဥပမာအားဖြင့်၊ ရေမြုပ် ဆိုင်ခဲကြီးနှင့် တူလိုက်ထာ၊ရေပွက်ငွေ့နှင့် တူလိုက်ထာ၊ ဤသို့စသည် ဖြင့် တူပုံထင်သော သဘောဖြစ်၏။ ဆိုင်ရာဓမ္မသဘောကို မြင်လွယ် စေရန်၊ မီးစက်ဝိုင်းကြီးနှင့် တူတယ်၊ သဲကြောင်းကြီးနှင့် တူတယ်၊ စသည်ဖြင့် ဟောရာ၌လည်း ဥပမာမျှ ဖြစ်ပေသည်။

ဤကဲ့သို့ ဥပမာပြသည်ကို၊ သဘာဝကျအောင် မမြင်ကြသော ဓမ္မကထိကအများနှင့်၊ကမ္မဋ္ဌာန်းသမား ကမ္မဋ္ဌာန်းဆရာတို့သည်၊သဘာဝတရားကို ညွှန်မမြင်သေးဘဲ၊ ပညတ်ဖြစ်သော ဥပမာကိုသာ ဂ္ရုမှတ် သဖြင့်၊ သဘာဝတရားကို မမြင်နိုင်ဘဲ၊ ဥပမာပေါ် ၌သာတင်၍ နေလေရာ၊ မျက်စိ မြင်သော ရေမြုပ်, ရေပွက်, သဲကြောင်း စသော ဥပမာသို့၊ ဥပမေယျသဘောများဖြစ်သည်ဟု တွေးကြလေသည်။

ဥပမာ၊ ရူပက္ခန္ဓာသည်၊ ရေမြုပ်နှင့်တူ၏ ဆိုရာ၌၊ ရူပက္ခန္ဓာ၏ သဘောကို ညွှန်ပြခြင်းမျှ၊ ၎င်းရူပက္ခန္ဓာ၏ သဘောသည်၊ ရေမြုပ်နှင့်တူသည်ဟု ထင်လာသည်ကို၊ ဥပမာတင်ပြရန်မျှ ဖြစ်ပေ၏။ ယခုအခါ များစွာသော ဓမ္မကထိကနှင့် ကမ္မဋ္ဌာန်းဆရာတို့သည်၊ရူပက္ခန္ဓာ၏ သဘောကို ညွှန်မမြင်သေးဘဲ၊ မြင်အောင်မှာ၊ ရေမြုပ်ကိုတွေး၍ ဂ္ရုမှတ်သုံးသပ်သောအခါ၊ ရေမြုပ်သဏ္ဌာန်ကို စိတ်မြင်သည့် ဖြစ်စေ၊ မျက်စိဖြင့် မြင်သည်ဖြစ်စေ၊ ယခုမြင်သော ရေမြုပ်ကဲ့သို့ပင်၊ရူပက္ခန္ဓာ ဖြစ်သည်ဟု ဘွားထင်ခြင်းမျှဖြစ်၍၊ ရူပက္ခန္ဓာ၏ သဘောကို မမြင်ရဘဲ ရေမြုပ်ပေါ် ၌သာတင်၍ နေလေတော့သည်။

မီးစက်ကွင်းနှင့် တူသည်၊သဲကြောင်းနှင့် တူသည် ဆိုရာတို့၌လည်း၊ နည်းတူပင်၊ ဥပမာပေါ် ၌သာတင်၍ နေကြတတ်သည်များကို၊ အထူးပင် သတိထား၍၊ မမှားအောင် စဉ်းစားရန် ဖြစ်ပေသတည်း။

ဥပမာယမိုကေရွေ့၊ အည်ဆောနှိ့ ပဏ္ဍိတာ။ ။ဣဒ၊ ဤလောက၌။ ဇကေရွေ့၊ အချို့ကုန်သော။ ပဏ္ဍိတာ၊ ပညာရှိသူတို့သည်။ ဥပမာယ၊ မထင်ရှားသော သဘာဝတရားကို၊ မျက်မြင် ရေမြုပ်, ရေပွက် စသော

ဥပမာနှင့် တင်ကာပြသဖြင့်။ အတ္တံ၊ ဟုတ်မှန်သော အနက်သဘော ကို။ ဇာနန္တိ၊ အနုမာန ဉာဏ်မှန်းဆ၍ ဟုတ်တိုင်းကို ထိုနိုင်ကြလေ ကုန်သတည်း။

ဤကား၊ ဓမ္မာနုပဿနာ၌ ခန္ဓာ၅-ပါး၌မှတ်ပုံကို ပြဆိုခြင်းပေတည်း။

ယောဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တာဟံ၊ တဿ ဒွိန္နံ ဖလာနံ အညတရံ ပါဋိကင်္ခံ ဒိဋ္ဌေဝ ဓမ္မေ အညာ သတိဝါ ဥပါဒိသေသေ အနာဂါမိတာ။

ဘိက္ခဝေ၊ရဟန်းတို့။ ယောဟိ ကောစိ၊အကြင်မိန်းမ,ယောကျ်ား, လူ ရဟန်း မဟူ မည်သူမဆို၊ တစုံ တယောက်သော ပုဂ္ဂိုလ်သည်။ သတ္တာဟံ၊ ၇-ရက်တို့ ပတ်လုံး။ ဣမေ မေစတ္တာရော သတိပဋ္ဌာနေ၊ ဤသတိပဋ္ဌာန်လေးပါးတို့ကို။ ဧဝံ၊ ဤသို့ဟောတော်မူတိုင်း။ ဘာဝေယျ၊ အဖန်ဖန်ရှုမှတ်ငြားအံ့။တသ၊ထိုသူတို့အား။ ဒိဋ္ဌေဝဓမ္မေ၊မျက်မှောက် သောကိုယ်၏ အဖြစ်၌လျှင်။ အညာဝါ၊ အရဟတ္တဖိုလ်သည့် မူလည်း။ ဘဝိသတိ၊ ဖြစ်လတ္တံ့။ ဥပါဒိသေသေ ဥပါဒါန်တရားအကြွင်းသည်။ သတိ၊ ရှိသော်။ အနာဂါမိတာဝါ၊ အနာဂါမ်၏ အဖြစ်သည်မူလည်း။ ဘဝိသတိ၊ ဖြစ်လတ္တံ့။ ဇာတိ၊ ဤသို့။ ဒွိန္နံ၊ နှစ်ပါးကုန်သော။ ဖလာနံ၊ ဖိုလ်တို့တွင်။ အညတရံ၊ တပါးပါးသော။ ဖလံ၊ ဖိုလ်ကို။ ပါဋိကင်္ခံ၊ အလိုရှိအပ်၏။ ဝါ၊ရှိစေနိုင်၏။

အဓိပ္ပါယ်ကား။ မည်သူမဆို၊ သတိပဋ္ဌာန် ၄-ပါးကို၊ ၇-ရက် ပတ်လုံး ဟောတော်မူတိုင်း ရှုမှတ်လျှင်၊ ယခုမျက်မှောက်ဘဝ၌၊အရဟတ္တဖိုလ်ကိုလည်း၊ အနာဂါမိဖိုလ်ကိုလည်း၊ တပါးပါးသော ဖိုလ်ကို ရရှိစေနိုင်သည်ဟု ဆိုလိုပေ၏။ ဤနေရာ၌၊ ၇-နှစ်မှ စ၍ ၇-ရက်ထိ ဟောတော်မူသဖြင့်၊အကြာဆုံး ၇-နှစ်၊အပြန်ဆုံး ၇-ရက် ဖြစ်ပေ၏။ သို့သော် သတိပဋ္ဌာန် ပါဠိတော်၌၊ ၇-နှစ်မှ ၇-ရက်ထိ ကားလိုင်းခြား သည်မှာ၊ ဇာန်ဖြေ အလယ် အလတ်ရှိသော သူတို့အတွက် ဖြစ်၍၊ ဇာန်ဖြေ နုသူတို့မှာ ၇-ရက်ထက် ပို လွန်ကြာ ဖြင့် ခြင်း။ ဇာန်ဖြေ ရင့်သူတို့မှာ၊ ၇-ရက်မျှမကြာဘဲ၊ ၆-ရက်, ၅-ရက်, ၄-ရက်, ၃-ရက်, ၂-ရက်, ၁-ရက်, ၁-ရက်နှင့်လည်း ရနိုင်သဖြင့်၊ နံနက်၌ အာဒီးထုတ်၍ ညနေမင်္ဂဖိုလ်ရ

ညနေအားထုတ်၍ နံနက် မဂ်ဖိုလ်ရ၊ ဤမျှကျင့်၍ လျင်မြန်စွာ ရနိုင်သော၊ နေ့ချပုဂ္ဂိုလ်များလည်း ရှိသေးဏ်ဟု ဋီကာ၌ပြ၏။

အဓိပ္ပါးမှာ၊ ယောဟိကောစိ-ဟူသော ပါဠိတော်အရ၊ အဉ္ဉကထာ၌ ဖွင့်ပြချက်များကိုထောက်ဆ၍၊ မိန်းမ, ယောကျ်ား ရဟန်း, သာမဏေ၊ ရဿေ့, သီလရှင်၊ ဘယ်သူပင် အမှတ်မထားရဘဲ၊ အားထုတ်သူများမှာ၊ မဂ်ဖိုလ်တရားကို ရနိုင်၏ ဟူသော အဓိပ္ပါယ်ကိုပြသည်ဟု မှတ်လေ။

တဟန်၊ တသေ ဒိန္နံ ဖလာနံ-ဟူသော ပါဠိတော်အရ၊ အရဟတ္တဖိုလ်၊ အနာဂါမိဖိုလ် တပါးပါးကို ရနိုင်သည်ဆိုသဖြင့်၊ အချို့ဂိုဏ်းကမ္မဋ္ဌာန်းဆရာတို့က၊ သတိပဋ္ဌာန်၌လာသော ဣရိယာပထ, သမ္ပဇညတရားကို အားထုတ်လျှင်၊ မဂ်ဖိုလ်ကိုရနိုင်၏။ သို့သော် ဗဟုသုတနည်းပါးသူတို့ လေ့ကျင့်ရန်၊ အစက ပြရပေ၏။ ဗဟုသုတရှိသူများမှာ လေ့ကျင့်ရန် မလိုဘဲ၊ လက္ခဏာရေး သုံးပါးက စ၍ အားထုတ်ရသည်ဟု၊ စာဥာဏ် အတွေးသမားတို့ ပြောဆိုကြ၏။ ထိုသူတို့ ပညတ်သိမျှပေတည်း။

အချို့ဂိုဏ်း ကမ္မဋ္ဌာန်း ဆရာတို့ကမူကား၊ သတိပဋ္ဌာန်တရားဟာ၊ အနာဂါမ် ရဟန္တာဖြစ်ရန်ကျင့်ရသော ဒုက္ခပဋိပဒါဖြစ်၏။ တသေ ဒိန္နံ ဖလာနံ-ဆိုသည်ကို ကြည့်ပါ။ သောတာပန် သကဒါဂါမ်မျှဖြစ်ရန်မှာ ကျင့်နေရသည် မရှိ။ ခန္ဓာငါးပါး၌၊ မိန်းမ, ယောကျ်ား မဟုတ်ဟု အယူကိုစွန့်လျှင် ပြီး၏။ ဝိသာခါအနာထပိဏ်တို့ကိုကြည့်ပါဟု ယူကြကုန်၏။ ထိုသူတို့သည် ဥဿဒိတညစသော ပုဂ္ဂိုလ် ၄-မျိုးကိုမှမဆိုကြ၍၊ စာဥာဏ်မျှ မရှိသော အကြီးသမား များဟူ၍ မှတ်သင့်လှ ပေတော့သတည်း။

သတိဖြင့် ဤမှတ်ပုံကို ပြခြင်းအဝိုင်း သတိပဋ္ဌာနပဗ္ဗ ပြီး၏။

ဝိပဿနာဒီပကာကျမ်း ပဌမတွဲ ပြီးပြီ။

ဒီပညာနာဦးကာဒုတိယတွဲ

ကို

ဆက်လက်ကြည့်ရှုတော်မူပါ။

မင်းကွန်း

ဒီပညာဒီပနီ

မကြာမီပုံနှိပ်ထုတ်ဝေပါမည်

ဖျော်ပါကော့။